# အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) သို့
# လူထုလှုပ်ရှားမှု
# လမ်းညွှန်

အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ၏
ဘေးကင်းလုံခြုံရေးမူဝါဒကို သင်၏
လူ့အခွင့်အရေးများကာကွယ်ရန်
ဘယ်လို အသုံးချမလဲ




INTERNATIONAL ACCOUNTABILITY PROJECT

# အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) သို့ လူထု လှုပ်ရှား မှု လမ်းညွှန်

## အာရှဖွံ့ဖြိုးရေးဘဏ်  (အေဒီဘီ) ၏ ဘေးကင်းလုံခြုံရေးမူဝါဒကို သင်၏ လူ့အခွင့်အရေးများကာကွယ်ရန် ဘယ်လို အသုံးချမလဲ

ရေးသားသူ - ဂျက်ဖ ကွန်နန့် နှင့် ဂျွန်နာလီဗတ်
သရုပ်ဖော် - ဟဲရစ်စ အစ်ချဝန်
စီမံချက် စီမံခန့်ခွဲသူနှင့် ကြီးကြပ်တည်းဖြတ်သူ - အမ်မလီ ဂျိုင်နာ
အပြင်အဆင်နှင့်ဒီဇိုင်း - ဒီဇိုင်းအတ်ရှင်ကော်လက်တစ်ဗ်

ဘာသာပြန်သူ - စံသာအောင်၊ ပြည့်ပြည့်သန့်

၂၀၁၃ ခုနှစ်တွင် ထုတ်ဝေသည် (cc) (i) ($) (ↄ)

**နိုင်ငံတကာ နောက်ဆက်တွဲအကျိုးဆက်တာဝန်ခံမှု စီမံချက်**
2201 Broadway, #508
Oakland, CA 94612 USA
iap@accountabilityproject.org
www.accountabilityproject.org
+1 510 281 9024

# ကျေးဇူးတင်မှတ်တမ်းလွှာ

လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း အဖွဲ့ အစည်းလိုက်သော်လည်းကောင်း ကူညီပံ့ပိုးမှု၊ မျှဝေမှု တို့မှာ ဤလမ်းညွှန်စာအုပ်အတွက်များစွာ အကျိုး ဖြစ်ထွန်းစေခဲ့ပါသည်။

ဤလမ်းညွှန်တွင်ပါဝင်သော အချက်အလက်များ၊ ကို Makara Bun, Laofang, Bundidterdsakul, Maya Eralieva, Kris Genovese, Diana Goeltom, Urantsooj Gombosuren, Sabrina Gyorvary, Robie Halip, Souparna Lahiri, Ly Quoc Dang, Hasan Mehedi, Ranjan Panda, Phan Thi Ngoc Thuy, Ruengrit Pothiprom, Komala Ramachandra, Ryan Schlief, Titi Soentoro, Ahmed Swapan Mahmud, Ram Wangkheirakpam နှင့် Hemantha Withanage တို့မှ ပြန်လည်သုံးသပ်ပေးခဲ့ကြသည်။

ဤလမ်းညွှန်တွင်ပါဝင်သော အချက်အလက်များကို Arimbi Heroepoetri, Ranjan Panda, Kazi Zaved Khalid Pasha, Urantsooj Gomosuren, Hasan Mehedi နှင့် Ahmed Swapan Mahmud တို့မှ ကွင်းဆင်း စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

ဤလမ်းညွှန်စာအုပ်ကို ပထမဦးစွာ လက်တွေ့ ကွင်းဆင်း စမ်းသပ် အသုံးပြုမှု အဆင့်တွင် နှင့် ပြန်လည် စီစစ် သုံးသပ်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သည့် စီစဉ်မှုများကို Vener Macaspac မှ ကူညီဆောင်ရွက်ခဲ့သည်။ Tipakson Manpati ကလုပ်ငန်း နောက်ဆုံး အဆင့်အထိ နှင့် နောက်ဆက်တွဲ စီစဉ်ဆောင်ရွက်မှုများကို အစီအစဉ်အသေးစိတ် ပြုလုပ်မှုများအထိဆောင်ရွက်ပေးခဲ့ပါသည်။

စာမျက်နှာ ၆၈ နှင့် ၇၁ တွင် ပါရှိသော သရုပ်ဖော်ပုံများကို အသုံးပြုခွင့် ပေးသည့်အတွက် Equitable Cambodia နှင့် Our Books စာအုပ်ထုတ်ဝေဖြန့်ချိရေး လုပ်ငန်း ကို ကျေးဇူးတင်ရှိပါသည်။ စာမျက်နှာ ၉၅၊ ၉၇ နှင့် ၉၈ တွင် အသုံးပြုခွင့်ပေးထားသော သရုပ်ဖော်ပုံများအတွက် ဩစတေးလျ Oxfam ကို ကျေးဇူးတင်ပါသည်။

Oxfam Australia, Open Society Institute နှင့် McKnight Foundation တို့အား ၄င်းတို့၏ အားတက် သရော ကူညီထောက်ပံ့မှုအတွက် ကျွန်ုပ်တို့မှ ကျေးဇူးတင်ရှိပါသည်။

ဤလမ်းညွှန် အတွက် အစပျိုး ပြုလုပ်ခဲ့သည့် သုတေသနလုပ်ငန်းများ နှင့်  လမ်းညွှန်တွင် ပါရှိသည့် အကြောင်းအရာများကို ပြုစုစုဆောင်းခြင်းများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် Tracy Perkins, Nina Robertson, Anthony Fontes, Theresa Funke နှင့် Jocelyn Fong တို့ အားလည်း ကျေးဇူးတင်ရှိပါသည်။

လမ်းညွှန် စာအုပ်တွင် ပါဝင်သော လက်တွေ့လေ့ကျင့်ခန်းများ မှာ Earth Rights International, Hesperian Health Guides, Human Rights Education Association, Global Response, Movement Generation: Justice & Ecology Project, Oxfam, Trainning for Change, UNICEF, Equitable Cambodia, World Café မှ ထုတ်ဝေထားသော စာအုပ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ နှင့် အခြား အများပြည်သူ အခမဲ့ရယူအသုံးပြုနိုင်သည့် အချက်အလက် အရင်းအမြစ် များကို မှီငြမ်း ကိုးကား ထားသည်။ အများပြည်သူ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် အထက်ပါ အဖွဲ့အစည်းများ ၏ လုပ်ဆောင်မှုများကိုလည်း ကျွန်ုပ်တို့မှ အထူးပင် ကျေးဇူး တင် ရှိပါသည်။

ဤလမ်းညွှန်စာအုပ်များ မှာယူရန် ဤလိပ်စာသို့ စာရေးပါ။ iap@accountabilityproject.org

ဤလမ်းညွှန်အား အခမဲ့ဒေါင်းလုဒ် ရယူရန် ဤလိပ်စာသို့သွားပါ။ http://www.acountabilityproject.org

# မာတိကာ


## အဖွင့်မိတ်ဆက်

ဘာကြောင့် ဒီလမ်းညွှန် လိုအပ်တာလဲ ....... xii

ဒီလမ်းညွှန်ကိုဘယ်လို သုံးမလဲ ....... xii

## အပိုင်း (၁)၊ ဖွံ့ဖြိုးမှု နှင့် ကျွန်ုပ်တို့ ၏ လူ့အခွင့်အရေးများ

**၁.၁။ ဖွံ့ဖြိုးမှု ဆိုတာ ဘာလဲ** ....... 1

**လေ့ကျင့်ခန်း။။ဖွံ့ဖြိုးမှုဆိုတာ သင့်အတွက် ဘာကိုဆိုလိုတာလဲ** ....... 2

ဆင်းရဲမွဲတေမှု ဆိုတာ ဘာလဲ ....... 4

**ဖြစ်စဉ်။:** ။ ။ အာရှဖွံ့ ဖြိုးရေးဘဏ်၏ နီပေါနိုင်ငံရှိ စိုက်ပျိုးရေး စီမံကိန်း မှ ဌာနေ တိုင်းရင်းသား များ၏ ဓလေ့ထုံးတမ်းဆိုင်ရာအသိ များကို လျစ်လျူရှုခြင်း ....... 5

မဟာစီမံကိန်းများ၏ အကျိုးကျေးဇူးများ နှင့် ပြဿနာများ ....... 6

**လေ့ကျင့်ခန်း။။ ဖွံ့ ဖြိုးမှု၏ သက်ရောက်မှု နှင့် အကျိုးကျေးဇူး** ....... 8

မဟာမစီမံကိန်းများ၏ အန္တရာယ်ရှိသော အကျိုးဆက်များ ....... 9

**ဖြစ်စဉ်။။**ဆည်တည်ဆောက်ပြီးနောက် ဘန်းမိုင်ရွာ၏ ဒုက္ခ ....... 10

**၁.၂။ ။ လူ့အခွင့်အရေး ဆိုတာ ဘာတွေလဲ** ....... 11

လူ့အခွင့်အရေး ဘယ်ကလာသလဲ ....... 11

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း ....... 12

နိုင်ငံတကာ ဥပဒေပါ လူ့အခွင့်အရေး ....... 14

စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေး ....... 14

**လေ့ကျင့်ခန်း။။သင့်ရဲ့ လူ့အခွင့်အရေး အပူရှိန် ကို စစ်ဆေးပါ** ....... 16

**၁.၃။ ။ဖွံ့ ဖြိုးရေးကို လူ့အခွင့်အရေး အခြေခံဖြင့် ချဉ်းကပ်ခြင်း** ....... 17

လူ့အခွင့်အရေး အခြေခံတဲ့ ဖွံ့ ဖြိုးရေးဆိုတာ.... ....... 20

**လေ့ကျင့်ခန်း။။လူ့အခွင့်အရေး အခြေခံ တဲ့ ဖွံ့ ဖြိုးရေးဆိုတာ ဘာလဲ** ....... 21

## အပိုင်း(၂)။ အာရှဖွံ့ ဖြိုးရေးဘဏ် နှင့် ၄င်း၏မူဝါဒများကို နားလည်သဘောပေါက်ခြင်း

**၂.၁။ ။အာရှဖွံ့ ဖြိုးရေးဘဏ်ဟာ ဘဏ်တစ်ခုမျှသာမဟုတ် - နိုင်ငံတကာ ဖွံ့ ဖြိုးရေး အဖွဲ့ အစည်း တစ်ခု လည်းဖြစ်တယ်** . 26

အာရှဖွံ့ ဖြိုးရေးဘဏ်က အစိုးရတွေကို ငွေဘယ်လို ချေးပေးလဲ ....... 28

အာရှဖွံ့ ဖြိုးရေးဘဏ်နဲ့ အခြားဖွံ့ ဖြိုးရေးဘဏ်တွေ နိုင်ငံတွေကို ဘယ်လို အကြွေးများ တင်ကျန်စေသလဲ ....... 29

**ဖြစ်စဉ်။။** ဘင်္ဂလားဒေရှ့် နိုင်ငံ ၏ အဓိကကျသောဒေသ တွင် တူးဖော်ထား သော အန္တရာယ် ပေးနေသည့် ဖူးလ်ဘာရီ ကျောက်မီးသွေးတွင်း ....... 30

အာရှဖွံ့ ဖြိုးရေးဘဏ်ရဲ့ စီမံကိန်းများကို ဘယ်သူစီမံဆုံးဖြတ်လဲ ....... 32

**ဖြစ်ရပ်။။** ဘယ်ကိုမှ ခရီးမပေါက်တဲ့ သီရိလင်္ကာတောင်ပိုင်း က သယ်ယူ ပို့ဆောင်ရေး လမ်းကြောင်း စီမံကိန်း ....... 36

**လေ့ကျင့်ခန်း။။လူ့အခွင့်အရေး နဲ့ ပက်သက်တဲ့ အဖြစ်အပျက် အကြောင်းအရာ တွေက ဘာလဲ။** ....... 37

**၂.၂။ ။အာရှဖွံ့ ဖြိုးရေးဘဏ်၏ ဘေးကင်းလုံခြုံရေး မူဝါဒများ** ....... 38

အာရှဖွံ့ ဖြိုးရေးဘဏ်ရဲ့ ဘေးကင်းလုံခြုံရေး မူဝါဒတွေက ဘာတွေလဲ ....... 39

လုံခြုံရေးကြီး (၃)ခု ....... 39

လုံခြုံရေးမူဝါဒတွေကို အကောင်အထည်ဖော်ဖို့ ဘယ်သူ့တာဝန်လဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 42
လုံခြုံရေးမူဝါဒတွေကို သိရှိဖို့ ဘာကြောင့်အရေးကြီးလဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 44
**ဖြစ်ရပ်။** :။ကာဂျက်စတန် က ဘစ်ရှ်ကက် - တိုရုဂ့်ါတ် လမ်းမနှင့် ပြဿနာများ . . . . . . . . . . . . . . . . . . . . . . . . . . 45
**၂.၃။ ။လုံခြုံရေးမူဝါဒများနှင့် လူ့အခွင့်အရေး** . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 47
၁။ ကောင်းမွန် သန့်စွမ်းတဲ့ သဘာဝပါတ်ဝန်းကျင် ရရှိခွင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 48
သဘာဝပါတ်ဝန်းကျင် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်မှုများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 49
၂။ ပူးပေါင်းပါဝင်ဆုံးဖြတ်ပိုင်ခွင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 51
**ဖြစ်ရပ်။** ။ အင်ဒိုနီးရှားနိုင်ငံ ဆစ်ထရမ် ရေပေးဝေရေး စီမံကိန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 54
၃။ ဌာနေတိုင်းရင်းသားများ ၏ အခွင့်အရေး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 56
ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေငြာစာတမ်း . . . . . . . . . . . . . . . . . . . . . . . . . . . 57
လွတ်လပ်သော ကြိုတင်အသိပေးထားခြင်းခံရသော သဘောတူခွင့်ပြုမှု . . . . . . . . . . . . . . . . . . . . . . . . . . . . 59
ကြိုတင်အသိပေးထားခြင်း ခံရသော လွတ်လပ်သော ခွင့်ပြုမှုနှင့် အာရှဖွံ့ ဖြိုးရေးဘဏ် . . . . . . . . . . . . . . . . . 60
၄။ အစားအစာလုံလောက်စွာ ရရှိခွင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 64
**ဖြစ်ရပ်။** ။ကိုယ်ပိုင် ဉယျာဉ် မှ ခြံထွက် လက်ဆောင်များ ပေးခြင်း ဖြင့် ကန့်ကွက်ဆန္ဒပြခြင်း . . . . . . . . . . . . . . . 66
၅။ သင့်တင့်မျှတသော နေအိမ် ပိုင်ဆိုင်ခွင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 68
**ဖြစ်ရပ်။** ။ကမ္ဘောဒီးယားနိုင်ငံရှိ အမှတ်(၁) အဝေးပြေး လမ်းမကြီး ကြောင့် ပြည်သူများ ပိုမိုဆင်းရဲစေခြင်း . . . . . . 73
မပြောင်းရွှေ့လိုဘဲ ရွှေ့ပြောင်းကြရခြင်း၊ ဖိအားပေး နေရာမှ ဖယ်ထုတ်ခံရခြင်း နှင့် ပိုမိုဆင်းရဲစေခြင်း . . . . . . . . . 74
ရွှေ့ပြောင်းနေရာချထားမှု အစီအစဉ်ကို စောင့်ကြည့်အကဲဖြတ်ပါ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 77
**လေ့ကျင့်ခန်း။ ။ ငွေဖြင့် အရာအားလုံးကို မပြေလည်စေနိုင်ပါ** . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 79
၆။ အမျိုးသမီး အခွင့်အရေး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 81
**ဖြစ်ရပ်။** ။ အင်ဒိုနီးရှား ရှိ ဆစ်ထရမ်မြစ် စီမံကိန်း ပြည့်တန်ဆာများကို နေရာ ဖယ်ရှားမှု . . . . . . . . . . . . . . . . . 84
သတင်းအချက်အလက်များ ရရှိခွင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 86
လူထုဆက်ဆံရေး မူဝါဒ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 86
**လေ့ကျင့်ခန်း။ ။ ဖြေရှင်းနည်းကို ရှာဖွေရန် ပြဿနာကို အနီးကပ်ကြည့်ခြင်း** . . . . . . . . . . . . . . . . . . . . . . . . . 90
**၂.၄။ အာရှဖွံ့ ဖြိုးရေးဘဏ်၏ စီမံကိန်းလည်ပါတ်ပုံ** . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 93
**၂.၅။ မကျေနပ်ချက်များ ကို အာရှဖွံ့ဖြိုးရေးဘဏ်သို့ ဘယ်လို တရားဝင် တိုင်ကြား တောင်းဆို မှာလဲ** . . . . . . . . . . . . . . 100
အကျိုးဆက်အတွက် တာဝန်ယူမှု နည်းလမ်းစနစ်ကို အသုံးပြုခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 101
မကျေနပ်မှုများကို တိုင်ကြားစာရေးသားခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 104
နမူနာ တိုင်ကြားစာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 105
**ဖြစ်ရပ်။** ။ ထိုင်းနိုင်ငံရှိ စမုတ်ပရာကန် ညစ်ညမ်းရေ စီမံကွပ်ကဲရေး စီမံချက်အား ပယ်ဖျက်ရပ်တန့်ခြင်း . . . . . . . . . . 106

## အပိုင်း (၃)။ တရားမျှတမှု နှင့် လူ့အခွင့်အရေး အခြေခံသော ဖွံ့ဖြိုးတိုးတက်မှုအတွက် လူထုလှုပ်ရှားမှု


**၃.၁။ ဖွံ့ဖြိုးရေးတွင် တရားမျှတမှု** ........ 108

စက်ဝန်း (၃)ခု နည်းဗျူဟာ ဇယားပုံ ........ 109

**လေ့ကျင့်ခန်း။ စက်ဝန်း (၃)ခု နည်းဗျူဟာ** ........ 110

**လေ့ကျင့်ခန်း။ ဖွံ့ဖြိုးရေး စုံထောက်များ** ........ 112

**၃.၂။ လူထုလှုပ်ရှားမှုအတွက် ကိရိယာတန်ဆာများ** ........ 116

၁။ သင်၏ ပါတ်ဝန်းကျင်ရှိလူများအတွင်းတွင် စုစည်းလုပ်ဆောင်ပါ ........ 117

၂။ မဟာမိတ်ဖွဲ့ခြင်း ........ 119

**လေ့ကျင့်ခန်း။ အဖွဲ့မျိုးစုံ စုစည်းထားသော - မဟာမိတ်များ** ........ 121

၃။ ဥပဒေကြောင်းဆိုင်ရာ အကူအညီရယူခြင်း ........ 122

၄။ အာရှဖွံ့ ဖြိုးရေးဘဏ် (အေဒီဘီ) နှင့် အစိုးရ ဝန်ထမ်းများ နှင့် တွေ့ဆုံခြင်း ........ 124

တာဝန်ရှိသူတွေနဲ့ မတွေ့ ဆုံခင်မှာ ပြင်ဆင်သင့်တဲ့ အချက်တွေက ........ 124

အများပြည်သူနှင့်တွေ့ ဆုံပွဲ များတွင် မေးရန် မေးခွန်းများ ........ 126

**လေ့ကျင့်ခန်း။ သရုပ်ဖော်တင်ဆက်ခြင်း** ........ 127

၅။ လူထုတွင်အခြေခံသော သုတေသန ပြုလုပ်ပါ ........ 128

**လေ့ကျင့်ခန်း။ လူထုအခြေခံ သုတေသန ကွင်းဆင်းပြုလုပ်ခြင်း** ........ 129

**ဖြစ်ရပ်။** ကမ္ဘောဒီးယားတွင် နေရာရွှေ့ပြောင်းခြင်းခံခဲ့ရသော လူထုမှ အာရှဖွံ့ ဖြိုးရေးဘဏ် (အေဒီဘီ) ထံမှ တရားမျှတမှု ရရန် တိုက်ပွဲဝင်ခြင်း ........ 132

**လေ့ကျင့်ခန်း။ သင်၏ ပတ်ဝန်းကျင်လူထုကို ပုံဆွဲမှတ်သားခြင်း နှင့် သင်၏ငွေကြေးဆန်စစ်နိုင်အားကို ဇယားပြုလုပ်ခြင်း** ........ 134

၆။ မီဒီယာကို အသုံးပြုပါ ........ 135

မီဒီယာ အစီအစဉ်ကို ပြုလုပ်ခြင်း ........ 135

ဗီဒီယို နဲ့ ဓာတ်ပုံ ရိုက်ကူးခြင်း ........ 140

လူမှုကွန်ရက်မီဒီယာ ........ 141

၇။ တီထွင်ဖန်တီးမှုပါသော ဆန့်ကျင်ဆန္ဒပြခြင်းကို ပြုလုပ်ပါ ........ 141

**ဖြစ်ရပ်။** အာရှဖွံ့ ဖြိုးရေးဘဏ် (အေဒီဘီ) - ကျောက်မီးသွေး ချက်ချင်းရပ် ! ........ 142

အကြမ်းမဖက်အာဏာဖီဆန်ရေး မလုပ်ခင် စဉ်းစားသင့်တဲ့ မေးခွန်းများ ........ 144

၈။ အခြားအစားထိုးစရာများကို ဖေါ်ထုတ်ပါ ........ 146

**လေ့ကျင့်ခန်း။ကော်ဖီကမ္ဘာ (ကော်ဖီ စကားဝိုင်း)** ........ 148

**၃.၃။ နိဂုံး။ မျှတသော၊ ပြုပြင်ပြောင်းလဲခြင်းအခြေခံသော ဖွံ့ဖြိုးရေးဆီသို့** ........ 151

**နောက်ဆက်တွဲ ၁** ။ စကားလုံးများနှင့် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများ စာရင်း ........ 152

**နောက်ဆက်တွဲ ၂** ။ အာရှဖွံ့ ဖြိုးရေးဘဏ်၏ လုံခြုံရေးမူဝါဒ ကြေငြာချက်ကို သုံးပြီး သင့်လမ်းကြောင်းကို ဖေါ်ဆောင်ခြင်း.... 160

**နောက်ဆက်တွဲ ၃** ။ စီမံကိန်း စီစဉ်ရေးဆွဲသူတွေကို မေးရန်မေးခွန်းများ ........ 161

**နောက်ဆက်တွဲ ၄** ။ ရုပ်ပုံများ ........ 163

**နောက်ဆက်တွဲ ၅** ။ ဆက်သွယ်ရန်နေရာများ နှင့် အချက်အလက်များ ........ 185

# အဖွင့်မိတ်ဆက်

ဤလှုပ်ရှားမှု လမ်းညွှန်စာအုပ်သည် **လူ့ဂုဏ်သိက္ခာ** နှင့် ကမ္ဘာကြီးကို အလေးထားသော **ဖွံ့ဖြိုးမှု** ရရှိရေးအတွက် ဆောင်ရွက်နေသော လူထုအဖွဲ့အစည်းများ နှင့် ၄င်းတို့၏ **မဟာမိတ်များ** အတွက်ဖြစ်ပါသည်။

အာရှတိုက်တစ်ဝန်းရှိ အစိုးရများ နှင့် ကုမ္ပဏီများ သည် ကြီးမားသော၊ ဖျက်ဆီးစေတတ်သော စီမံကိန်းများကို "ဖွံ့ဖြိုးရေး" အမည်ခံ၍ လုပ်ဆောင်နေကြပါသည်။ သို့သော်လည်း လူထု အဖွဲ့အစည်းငယ် များမှာ ထို ဆည်များ၊ သတ္တုတွင်းများ နှင့် လျှပ်စစ်ဓါတ်အားပေး စက်ရုံများ စသော စီမံကိန်း လုပ်ငန်း များ သည် သဘာဝပါတ်ဝန်းကျင် အား များစွာ ထိခိုက် ပျက်စီး စေခြင်း၊ ကျေးရွာများ အင်အားသုံး **နေရာရွှေ့ပြောင်းခံရ မှု** တို့ ဖြစ်စေခြင်း၊ မိသားစုများကို ပိုမို ဆင်းရဲ အတိဒုက္ခရောက်စေခြင်း နှင့် လူအမြောက်အများ၏ **လူ့အခွင့်အရေး** ကို ခြိမ်းခြောက် ခံရခြင်း တို့ကို ဖြစ်စေသည်ကို အမြဲလို ခံစားကြရသည်။ လူထုအဖွဲ့အစည်း များမှ တနေ့ တခြား ပို၍ ပို၍ ထိုဖျက်ဆီးမှုလွန်ကဲသော စီမံကိန်းလုပ်ငန်းများအား ရပ်တန့်ရန် စုစည်း ဆောင်ရွက်လာကြပြီး ၄င်းတို့၏ လူထုအသံကို မြှင့်တင်၍ "အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှု ဆိုသည်မှာ လူ့အခွင့်အရေးကို မချိုးဖောက်ကြောင်း" ကျယ်ကျယ်လောင်လောင် ပြောကြားလာကြသည်။

အာရှတွင် အချို့သော ဖျက်ဆီးမှုကြီးမားသော စီမံကိန်းလုပ်ငန်းများ ကို အာရှဖွံ့ ဖြိုးရေးဘဏ် ဟုခေါ်သော အဖွဲ့အစည်းမှ ငွေအားဖြင့် ပံ့ပိုးကူညီ ပေးပါသည်။ ဤလမ်းညွှန်၏ ရည်ရွယ်ချက်တစ်ခုမှာ  လူထုအဖွဲ့အစည်းများမှ အာရှဖွံ့ဖြိုးရေးဘဏ် (AD-B)နှင့် ၄င်း၏ မူဝါဒများကို  ပိုမိုနားလည်သဘောပေါက်လာစေရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လူ့အခွင့်အရေးများကို လေးစားလိုက်နာလာရန် အတွက်ကြိုးစားရုန်းကန်မှုတွင် အေဒီဘီ ၏ လုံခြုံရေးမူဝါဒကို ထိထိရောက်ရောက် အသုံးချနိုင်ရန် ဖြစ်သည်။

ဤလမ်းညွှန် သည် အာရှဖွံ့ ဖြိုးရေးဘဏ် အကြောင်းကို အဓိကထားပြောဆို ထားသည်နှင့် တစ်ပြိုင်တည်းတွင် အာရှဖွံ့ ဖြိုးရေးဘဏ် နှင့် မသက်ဆိုင်စေကာမူ အခြား **ဖျက်ဆီးမှု ကြီးမားသော ဖွံ့ဖြိုးရေး** စီမံကိန်း အားလုံးကို ဆန့်ကျင် ရင်ဆိုင်ရာတွင် အသုံးပြုနိုင်မည့် သတင်းအချက်အလက်များ ပါဝင်ပါသည်။ ဤလမ်းညွှန်တွင် ပါဝင်သော လူ့အခွင့်အရေး၊ အခွင့်အရေးအခြေခံ ဖွံ့ဖြိုးတိုးတက်ရေး နှင့် လူထု လှုပ်ရှားမှု ဆိုင်ရာ အချက်အလက်များမှာ ယေဘုယျအားဖြင့် လူထုအဖွဲ့အစည်းများ ၏ စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းများ အားလုံးအတွက် အထောက်အကူ ဖြစ်စေပါသည်။

အာရှမှ လူပေါင်းများစွာ နှင့် အဖွဲ့အစည်းပေါင်းများစွာ က ဤစာအုပ် ဖြစ်ပေါ်လာရေးအတွက် ကူညီခဲ့ကြပါသည်။ ၄င်းတို့မှ မိမိတို့၏အကြံအစည်များ၊ နည်းလမ်းကျွမ်းကျင်မှုများ နှင့် ဖျက်စွမ်းအားကြီးမားသော စီမံကိန်းများကို ရပ်တန့်ရန် စုပေါင်း လှုပ်ရှားသော အတွေ့အကြုံများကို ဝေငှမှုများ ပြုလုပ်ခဲ့ကြသည်။
ဤစာအုပ်ကို အသုံးပြုရာတွင် သင့်အတွက် မည်သည့် အချက်အလက်များ ကအသုံးတည့်မည် ကို  သင်ကိုယ်တိုင် ဆုံးဖြတ်ဖြတ်နိုင်သည်။

ဤလမ်းညွှန်ကို သင်ဖတ်ရင်း မည်သည့် လုပ်ဆောင်ချက်များက သင်၏ လက်ရှိ အခြေအနေ နှင့် နိုင်ငံရေး ပကတိအနေအထား တို့ဖြင့် သင့်တော်မည်၊ လုံခြုံမှုရှိမည် ကို သင်ကိုယ်တိုင် ဆုံးဖြတ်နိုင်ပါသည်။

လူထုအဖွဲ့အစည်းတိုင်းသည် မတူညီကြပေ။ ထို့အတူ ကျွန်ုပ်တို့အားလုံး မတူညီသော မျက်မှောက်နိုင်ငံရေး နှင့်တည်ရှိနေကြရသည်။ လူသားဂုဏ်သိက္ခာ နှင့် လူ့အခွင့်အရေး တို့ကို မည်သည့် အစိုးရ၊ အဖွဲ့အစည်း ကမျှ ပေးထားခြင်းမဟုတ်။ ကျွန်ုပ်တို့ အားလုံးသည် လူသားဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးတို့နှင့် အတူမွေးဖွားလာခြင်း ဖြစ်သည်။ ထိုအရာများကို မည်သူမျှ ကျွန်ုပ်တို့ထံမှ ယူငင်မသွားနိုင်ချေ။ သို့သော် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်း ခံရနိုင်သည်။ မကြာခဏလည်း ဖြစ်ပွားလေ့ရှိသည်။ လူသား ဂုဏ်သိက္ခာ သည်လည်း ပြင်းထန်စွာ ရိုက်ချိုးခံရနိုင်သည်။ မကြာခဏလည်း ထိုသို့ ဖြစ်တတ်သည်။



လူ့အခွင့်အရေးကို မြှင့်တင် ကိုင်စွဲရန် အစိုးရများတွင် တာဝန်ရှိကြသည်။ ကော်ပိုရေးရှင်းများ နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ကဲ့သို့သော ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် လူ့အခွင့်အရေး ကို လေးစားလိုက်နာ ရမည်။ ကံမကောင်းစွာဖြင့် လူ့အခွင့်အရေးကို မကြာခဏ ချိုးဖောက် ခံနေရသော ကမ္ဘာတွင် ကျွန်ုပ်တို့သည် ထိုအဖွဲ့အစည်းများကို ၎င်းတို့၏ တာဝန်ဖြစ်သော လူ့အခွင့်အရေးကို မြှင့်တင်ရန်၊ ကာကွယ်ရန် နှင့် ကျွန်ုပ်တို့ အခွင့်အရေးကို လေးစားရန် မပြတ်သတိပေး နေကြရသည်။ ကျွန်ုပ်တို့သည် စုစည်းဆောင်ရွက်ပြီး **လူထုအင်အား** ကို အသုံးပြု၍ ၎င်းတို့ မှ ကျွန်ုပ်တို့ပြောသည်ကို သေသေချာချာ ကြားစေရန် မဖြစ်မနေ ဆောင်ရွက်နေရသည်ဟု ပြောနိုင်သည်။

ဤလမ်းညွှန်သည် သင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကမ္ဘာကြီးကို ကာကွယ်ရေး လုပ်ဆောင်မှုတွင် အသုံးဝင်မည်ဟု မျှော်လင့်မိပါသည်။ ဤလမ်းညွှန်ပါ ဖြစ်ရပ်များနှင့် အထူး အကြံပေးချက်များ ကြောင့် သင်သည် တစ်ဦးတစ်ယောက်တည်း မဟုတ်ဘဲ အာရှ နှင့် ကမ္ဘာ တစ်ဝန်းလုံး ရှိ လူများသည် ဖျက်ဆီးစွမ်းအားရှိသော စီမံကိန်းလုပ်ငန်းများ ကို ရပ်တန့်ရန် နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် တောင်းဆိုနေရသည်ကို သင်သိရှိစေရန် မျှော်လင့် ပါသည်။

## ဘာကြောင့်ဒီလမ်းညွှန် လိုအပ်တာလဲ

အာရှဖွံ့ ဖြိုးရေးဘဏ် ၏ **လုံခြုံရေးမူဝါဒများ** တွင် လူထုအဖွဲ့အစည်းများအတွက် ၎င်းတို့၏ သဘာဝပါတ်ဝန်းကျင် နှင့် လူ့အခွင့်အရေး ကို စောင့်ရှောက်ရန် အထောက်အကူ ဖြစ်စေသည့် စည်းမျဉ်းအချို့ ပါဝင်ပါသည်။ ထိုစည်းမျဉ်းများ ကို အာရှဖွံ့ ဖြိုးရေးဘဏ် (အေဒီဘီ) ၏ စီမံကိန်း လုပ်ငန်းများ နှင့် လုပ်ရပ်များ ကြောင့် လူ့အခွင့်အရေး နှင့် သဘာဝပါတ်ဝန်းကျင် ထိပါးချိုးဖောက်ခံရမှုကင်းဝေးစေရန် အတွက် ဘဏ်၏ မူဂါဒများ နှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်အောင် ပြုပြင်ရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့သည့် လူထုအသိုင်းအဂန်းများ နှင့် အဖွဲ့အစည်းများမှ အာရှဖွံ့ဖြိုးရေးဘဏ်၏ လုံခြုံရေးမူဂါဒများ နှင့် အခြားသော မူဂါဒများတွင် အသုံးဂင်သော စည်းမျဉ်းစည်းကမ်းများအချို့ပါဂင်သော်လည်း ထိုစည်းမျဉ်းစည်းကမ်းများမှာ နားလည်ရန် အလွန်ခက်ခဲပါသည်။အေဒီဘီ မှလည်း ဘဏ်၏လုံခြုံရေးမူဝါဒများကို လူအများသိရှိ စေရန် လည်းကောင်း နားလည်စေရန်လည်းကောင်း ကူညီခြင်း ပြုလေ့မရှိပါ။ ထိုအကြောင်းကြောင့် ဒေသခံလူထုအဖွဲ့အစည်းများမှ အေဒီဘီ အား ၎င်းတို့၏ မူဂါဒများအပေါ် **တာဂန်ခံမှု**ရှိလာအောင် လုပ်ဆောင်ရန် အခက်ခဲစေသည်။အေဒီဘီ ၏ စီမံကိန်း လုပ်ငန်း များ သည် ၎င်းမူဝါဒများကို လိုက်နာလေ့မရှိပါ။ ထိုအချက်ကြောင့် ပင် အေဒီဘီ ၏စီမံကိန်းလုပ်ငန်းများကြောင့် ထိခိုက်နစ်နာသွားသော ဒေသခံလူထုအဖွဲ့အစည်းများမှာ ဒုက္ခအခက်အခဲများ နှင့် မတရားမှုများကို ရင်ဆိုင်နေကြရသည်။

လူထုအသိုင်းအဂန်းများမှ အေဒီဘီ ၏ မူဂါဒများကို အလွယ်တကူ နားလည်နိုင်ရန် နှင့် ထိုမူဂါဒများကို တရားမျှတမှုရရှိရေး အတွက် အသုံးပြုနိုင်ရန် ရိုးရှင်းသော်လည်း ပြီးပြည့်စုံမှုရှိအောင် ဤလမ်းညွှန်စာအုပ် တွင် ကြိုးစားတင်ပြထားသည်။ဤစာအုပ်ကို လူပေါင်းများစွာမှ ပြန်လည်လေ့လာသုံးသပ် ခဲ့ကြပြီး တတ်နိုင်သမျှ နားလည်နိုင်စေရန် နှင့် အသုံးဝင် စေရန် အာရှနိုင်ငံများတွင် လက်တွေ့ကွင်းဆင်း အသုံးချ စမ်းသပ်မှုများ ပြုလုပ်ခဲ့ပါသည်။

ဤလမ်းညွှန်မှာ နည်းလမ်းများစွာ ရှိသည့် အထဲမှ လူထုအစုအဖွဲ့များ ၏ ရုန်းကန် လှုပ်ရှားမှုများ တွင် အသုံးပြုနိုင်သော နည်းလမ်း တစ်ခုမျှသာ ဖြစ်ပါသည်။ နောင်နှစ်များတွင် ဤစာအုပ်ကို အသုံးပြုသူများ၏ အတွေ့အကြုံများပေါ် အခြေခံပြီး ပိုမိုကောင်းမွန်သည့် တည်းဖြတ်ထုတ်ဂေမှုအသစ် ပြုလုပ်နိုင်ရန် နှင့်လူထုအဖွဲ့အစည်းများ အသုံးပြုရ လွယ်ကူစေရန် ဒေသခံ ဘာသာစကား များသို့ ပြန်ဆို ရန် စီစဉ်သူများက မျှော်လင့်ပါသည်။

## ဒီလမ်းညွှန်ကို ဘယ်လိုဘယ်လိုသုံးမလဲ

ဤစာအုပ်တွင် များပြားစွာသော ကွဲပြားသော အကြောင်းအရာ အချက်အလက်များ ပါဝင်ပါတယ်။ ၎င်းတို့မှာ -

- ↳ လူ့အခွင့်အရေး နှင့် လူ့အခွင့်အရေး အခြေခံ ဖွံ့ဖြိုးတိုးတက်မှု အကြောင်း၊
- ↳ အာရှဖွံ့ဖြိုးရေးဘဏ် နှင့် ၎င်း၏ ဘေးကင်းလုံခြုံရေး မူဂါဒများ နှင့် ပါတ်သက်သော သတင်းအချက်အလက်များ၊
- ↳ လူထုအခြေခံ အလုပ်ရုံဆွေးနွေးပွဲ များ အတွက် သင်ယူမှု ဆိုင်ရာ လက်တွေ့ လုပ်ငန်းများ၊
- ↳ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းခွင် များ ၏ **ဆိုးကျိုးများ** နှင့် အခြေခံ လူထု အစုအဖွဲ့ များ မှ ၎င်းတို့ ကိုယ်ကို ကာကွယ်သည့် နည်းလမ်းများ အကြောင်းဖြစ်ရပ်များ၊
- ↳ ဖျက်ဆီးနိုင်စွမ်းသော စီမံကိန်း လုပ်ငန်းများ ဆန့်ကျင်ရေး၊ အေဒီဘီ ၏ လုပ်ငန်းအစီအစဉ်များ ပြုပြင်ပြောင်းလဲရေး နှင့် **ဖွံ့ဖြိုးရေးတွင် တရားမျှတမှု** ရှိရန်အတွက် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရေး တွင် အသုံးဂင်သည့် ဆွေးနွေးညှိနှိုင်းမှုနည်းနာများ
- ↳ အခြေခံလူထု ၏ အခွင့်အရေးများကို နှစ်ပေါင်းများစွာ ကာကွယ်ခုခံ နေသော လူထု အတွက် လှုပ်ရှား တက်ကြွသူ တို့ထံမှ အထူး အကြံဉာဏ်ကောင်း များ စသည်တို့ ပါဝင်ပါသည်။

ဤလမ်းညွှန်တွင် အသုံးပြုထားသော စကားလုံး အများစုမှာ တွေ့နေကျ မဟုတ်သော စကားလုံး အသစ်အဆန်း များ ဖြစ်နိုင်ပါတယ်။ စကားလုံး များ စာရင်း ကို စာမျက်နှာ နံပါတ် (၁၅၂) တွင် စကားလုံး အဓိပ္ပါယ်ဖွင့်ဆိုချက် ပါရှိပါတယ်။ ထိုစာရင်းတွင် ရှာဖွေနိုင်သော စကားလုံးများကို ပထမဆုံးအကြိမ် ရိုက်နှိပ်ရာတွင် ရှာဖွေရ လွယ်ကူစေရန် နှင့် အလွယ်တကူ မှတ်မိစေရန် စာအုပ်၏ အပိုင်းအလိုက် **စာလုံးအမည်း** ဖြင့် **ဤသို့** ရိုက်နှိပ် ထား ပါတယ်။

ဤလမ်းညွှန်တွင် စည်းကမ်း တင်းကျပ်သော သင်ကြားရေး အစီအစဉ်မပါ ရှိပါ။ သို့သော် ကျွမ်းကျင်သော ကူညီပံ့ပိုးအားပေးသူ တစ်ယောက်အနေဖြင့် လူအုပ်စု၊ လူထုအစုအဖွဲ့၊ ဒေသဆိုင်ရာ နောက်ခံအကြောင်း တို့၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် သင်ကြားမှု အစီအစဉ်ကို ရေးဆွဲ နိုင်စေရန် ပြုလုပ်ပေးထားပါသည်။ ဤစာအုပ်အား ကျေးရွာ လူထုအတွက် သင်တန်း လက်စွဲစာအုပ် အဖြစ် သို့မဟုတ် အုပ်စုဖွဲ့လေ့လာသင်ယူမှုပြုလုပ်ရာတွင် အသုံးပြုရန် မှာ ကူညီပံ့ပိုးအားပေးသူ (facilitator) တစ်ယောက်သို့မဟုတ် အဖွဲ့ လိုအပ် ပါမည်။



ဤလမ်းညွှန်တွင် အဓိက အပိုင်း (၃)ပိုင်း ပါရှိပါသည်။ ၎င်းတို့မှာ

- **ဖွံ့ဖြိုးရေး** နှင့် **လူ့အခွင့်အရေး** အကြောင်း - ဖွံ့ဖြိုးရေး နှင့် လူ့အခွင့်အရေးဆိုင်ရာ အတွေးအမြင်များ၏ ဆိုလိုရင်း၊ ဘာအတွက်ကြောင့် ၎င်းတို့ကို သိရှိရန် အရေးကြီးသည်၊ ကျွန်ုပ်တို့၏ လူထုအစုအဖွဲ့ဝင်များ၏ ကောင်းမွန်စွာ ရှင်သန်ရပ်တည်မှုကို စိတ်ချရစေရန် ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးနှင့် ပါတ်သက်ပြီး ကျွန်ုပ်တို့ ဘာတွေ သိသင့်သည်။
- အပိုင်း (၂) တွင် အာရှဖွံ့ ဖြိုးရေးဘဏ် (အေဒီဘီ) အကြောင်း - အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ဆိုတာ ဘာလဲ၊ ဘယ်လို အလုပ်လုပ်သလဲ၊ ဘယ်လို စီမံကိန်းလုပ်ငန်းများ ကို ငွေထုတ်ပေးသလဲ၊ ဘေးကင်းလုံခြုံရေး မူဝါဒ ဆိုတာ ဘာတွေလဲ၊ ကျွန်ုပ်တို့၏ အခွင့်အရေး များကို ခုခံကာကွယ်ရန် ဒီမူဝါဒတွေကို ဘယ်လို အသုံးပြုနိုင်လဲ၊
- အပိုင်း (၃) မှာ အန္တရာယ် လျော့နည်းသွားရန်၊ အကျိုးဖြစ်ထွန်းဖို့ သေချာစေရန်၊ ကျွန်ုပ်တို့၏ အခွင့်အရေးများ ကို ထိထိရောက်ရောက် ထိန်းသိမ်းရန် အတွက် (အေဒီဘီ) မှ ငွေထောက်ပံ့ပေးသော စီမံကိန်းလုပ်ငန်းများ ကို ပြုပြင်ပြောင်းလဲပစ်ရန် သို့မဟုတ် ရပ်တန့်ပစ်ရန် လူထုလှုပ်ရှားမှုများ အကြောင်း

ဤစာအုပ်၏ နောက်ဆက်တွဲအပိုင်းများတွင်လူ့အခွင့်အရေး နှင့် တရားမျှတမှုအတွက် ခုခံ ကာကွယ်နေသော အဖွဲ့အစည်းများအတွက် အသုံးဝင်မည့် နောက်ဆက်တွဲ သတင်း အချက်အလက် များ၊ နောက်ထပ် ဗဟုသုတ အကြောင်းအရာများ ရရန် လင့်ခ် (စာမျက်နှာများ) နှင့် အဖွဲ့အစည်းများ အတွက် ဆက်သွယ်ရန် သတင်း အချက် အလက်များ စသည်တို့ ပါဝင်ပါသည်။

## ဤလမ်းညွှန်တွင်ပါဝင်သော ဖြစ်ရပ်များ



လမ်းညွှန်စာအုပ် ၏ ကဏ္ဍတိုင်းတွင် အာရှဖွံ့ ဖြိုးရေးဘဏ် စီမံကိန်း လုပ်ငန်းများ ၏ ဖြစ်ရပ်မှန် များ ကို ထောင့်ဝန်းပုံ အကွက်များအတွင်း ဖော်ပြထားပါသည်။ ဤဖြစ်ရပ်များကို ဖတ်ခြင်းဖြင့် စီမံကိန်းလုပ်ငန်းခွင်များ ကြောင့် ဖြစ်ပေါ်စေတတ်သော ကောင်းကျိုးများနှင့် အန္တရာယ်ရှိသော ဆိုးကျိုးများကို လည်းကောင်း၊ လူထုအဖွဲ့ဝင်များမှ ထို ဆိုးကျိုးများကို မည်သို့ ခုခံငြင်းဆန် ခဲ့သည်တို့ကို လည်းကောင်း နားလည်သဘောပေါက် စေပါမည်။ ဤ ဖြစ်ရပ်များ ကတဆင့် အမျိုးမျိုးသော အငြင်းပွားဖွယ်ရာ ကိစ္စရပ်များ၊ နိုင်ငံများအကြောင်း၊ စေ့စပ်ညှိနှိုင်းတောင်းဆို ရမည့် နည်းဗျူဟာများ ကို သင်ကြားလေ့ကျင့်ပေးရာတွင် အသုံးဝင်ရန် မျှော်လင့်လျက် ဖော်ပြရွေးချယ်ထားပါသည်။ အားပေးကူညီပံ့ပိုးသူ (facilitator) များ အနေဖြင့် ဤ ဖြစ်ရပ်များ ကို လိုအပ်သလို သင့်တော်အောင်ပြုပြင် ပြီး ကျေးရွာလူထု၏ ကိုယ်ပိုင်အတွေ့အကြုံများ မှ အခြားဥပမာများကို လည်း အသုံးပြုရန် တိုက်တွန်းပါသည်။

ဖြစ်ရပ်တိုင်း၏ အဆုံးပိုင်းတွင် တွေးတောရန် သို့မဟုတ် အုပ်စုဖွဲ့ ဆွေးနွေးကြရန် မေးခွန်းများ ပါရှိပါသည်။ စာမျက်နှာ နံပါတ် (၃၇) တွင် "လူ့အခွင့်အရေး နဲ့ ပက်သက်တဲ့ အဖြစ်အပျက် အကြောင်းအရာ တွေက ဘာလဲ။" ဆိုတဲ့ လေ့လာသင်ယူမှု လေ့ကျင့်ခန်း ရှိပါတယ်။ ဤလေ့ကျင့်ခန်း၏ အစိတ်အပိုင်းအဖြစ် ဖော်ပြထားတဲ့ ဖြစ်ရပ်များ နှင့် သင်တို့၏ ဖြစ်ရပ်များ အားလုံးကို (အေဒီဘီ) ရဲ့စီမံကိန်း မျက်နှာစာ ပေါ်မှာ လူထုအစုအဖွဲ့ အခွင့်အရေး တွေကို ဘယ်လို ကာကွယ်ကိုင်တွယ် ဖြေရှင်း ရမယ် ဆိုတာ နားလည်သဘောပေါက်နိုင်အောင်၊ ပေါင်းစပ်ပြီး ဆွေးနွေး နိုင်ပါတယ်။

## ဒီလမ်းညွှန်ထဲမှာပါတဲ့ လေ့လာရေးလုပ်ဆောင်မှုများ



ဤစာအုပ်တွင် ပါဝင်သော လေ့လာသင်ယူမှု လေ့ကျင့်ခန်းများ ကို ရှာဖွေရ လွယ်ကူစေရန် လေးထောင့်ကွက်များ အတွင်း ထည့်သွင်းပေးထားပါသည်။

လေ့ကျင့်ခန်း ပါ လေးထောင့်ကွက် တစ်ခုချင်းစီတွင် အောက်ပါတို့ကို တွေ့နိုင်ပါသည်။

- ↳ လေ့ကျင့်ခန်း ၏ ရည်ရွယ်ချက် - လူတွေကို ကျွန်ုပ်တို့ ဘာတွေသိရှိသွားဖို့ မျှော်လင့်လဲ
- ↳ လုပ်ငန်းစီစဉ် ပြုလုပ် ဆောင်ရွက်ရန် လိုအပ်သည့် ကြာချိန်
- ↳ လုပ်ငန်းအစီအစဉ် အတွက်လိုအပ်မည့် ပစ္စည်းများ
- ↳ လုပ်ငန်းအတွက် လိုအပ်သည့် သီးခြား အစိတ်အပိုင်းများ သို့မဟုတ် အဆင့်များ
- ↳ သင်ကြားမှု အထောက်အကူပြု လေ့ကျင့်ခန်းတော်တော်များများတွင် (Debrief) ဟုခေါ်သော ပါဝင်ဆွေးနွေးသူများ၏ လုပ်ဆောင်မှုများကို **အကျဉ်းချုပ်**ပြန်လည်တင်ပြပြီး ဆွေးနွေးသုံးသပ်မှုများပြုလုပ်ခြင်း တို့ကို ပြုလုပ်ရန် လိုအပ်ပြီး ၄င်းကို ကူညီအားပေး ထောက်ပံ့သူ (facilitator) မှ ပြုလုပ်ရန်လိုအပ်သည်။

ဤလမ်းညွှန်တွင် ပါဝင်သော လေ့ကျင့်ခန်းများ မှာ သမရိုးကျ၊ စာသင်ခန်းပုံစံ ပညာရေး နှင့် မတူပါ။ တပည့်များကို ဘာတွေတွေးခေါ်ရမည်ကို ပြောပြသည့် ဆရာတစ်ဦး ရှိသည် ထက် ပါဝင် ဆောင်ရွက်သူများကို ၄င်းတို့၏ အတွေ့အကြုံများကို မျှဝေပြောပြ နိုင်စေရန်၊ ၄င်းတို့၏ ခံစားမှု များကို အသိပေးစေနိုင်ရန် နှင့် ပါဝင်ဆောင်ရွက်သူအချင်းချင်း ရော အားပေးကူညီ ပံ့ပိုးသူ နှင့်ပါ တစ်ဦး နှင့် တစ်ဦး လေးစားစွာ အမြင်ချင်း ဖလှယ်ရင်း အသိပညာများ ပိုမို တိုးပွား လာစေရန် ဤ လေ့ကျင့်ခန်းများကို စီစဉ်ပြုလုပ်ထားပါသည်။ လေ့ကျင့်ခန်းလေ့လာမှု များ သည် လူထုအခြေခံ လှုပ်ရှားမှုများအတွက် အခွင့်အရေးများအကြောင်း၊ ဖွံ့ဖြိုးရေး အကြောင်း၊ အာရှဖွံ့ ဖြိုးရေးဘဏ် (အေဒီဘီ) အကြောင်း နှင့် **ခွဲခြမ်းစိတ်ဖြာ တွေးခေါ်ခြင်း၊** စုစည်း ဆောင်ရွက်ခြင်း နှင့် စုပေါင်းသင်ယူခြင်း တို့ကို သင်ပြရန်အတွက် ရည်ရွယ်ထားပါသည်။

၄င်းတို့မှာ **လူကြိုက်များထင်ရှားသော သင်ယူမှု** လေ့ကျင့်ခန်းများ ဖြစ်ကြခြင်းကြောင့် ၄င်းတို့ကို အသက်သွင်းရန် နှင့် အဖွဲ့များ ၏ လိုအပ်ချက်အလိုက် သင့်တော်သလို ပြုပြင်ရန် မှာ သင်ကြား လေ့ကျင့်ပေးသူ သို့မဟုတ် ကူညီပံ့ပိုးအားပေးသူ တို့အတွက် ဖြစ်ပါသည်။ ဤလေ့ကျင့်ခန်းများ ကို လေ့ကျင့်သင်ကြားပေးမည် ဆိုပါက လေ့ကျင့်ခန်းများကို မသင်မီက သေသေချာချာ ကြိုတင် လေ့လာ ပြီး လိုအပ်သည့် ပစ္စည်းပစ္စယ များကို ကြိုတင်စုဆောင်း ထားပါ။

သည်လမ်းညွှန်စာအုပ်ဟာ လူထုအဖွဲ့အစည်းများ ရဲ့ စေ့စပ်ညှိနှိုင်းတောင်းဆိုမှု တွေကို ကူညီပံ့ပိုးပေးမယ့် ဗဟုသုတ အကြောင်းအရာများ စုစည်းထားမှုတွေ ထဲက တစ်ခုဖြစ်စေရန် ရည်ရွယ်ပါတယ်။

သည်စာအုပ်ကို ဖတ်ရှုသူတွေ အသုံးပြုသူတွေ အနေနဲ့ ဤလမ်းညွှန်စာအုပ်ပါအကြောင်းအရာ အချက်အလက်တွေ နဲ့ အခြား အချက်အလက်အကြောင်းအရာများ တွေ့ရှိပါက မိမိတို့အား အသိပေးလိမ့်မည်ဟု မျှော်လင့်ပါတယ်။

သင်တို့ရဲ့ အမြင်များကို မျှဝေရန်၊ အကြံဉာဏ်ပေးရန် သို့မဟုတ် နောက်ဆက်တွဲ အကြောင်းအရာများကို ပေးပို့ရန် အောက်ပါ အီးမေးလ် သို့ စာရေးသားပေးပို့ နိုင်ကြပါတယ်။

iap@accountabilityproject.org

# အပိုင်း (၁)။ ဖွံ့ဖြိုးမှု နှင့် ကျွန်ုပ်တို့ ၏ လူ့အခွင့်အရေးများ

## ၁.၁။ ဖွံ့ဖြိုးရေးဆိုတာ ဘာလဲ။

ကျွန်ုပ်တို့၏ လူမှုဝန်းကျင်ရှိ လူနေမှု အခြေအနေများကို မြှင့်တင်ရန် နည်းလမ်းများစွာ ရှိပါသည်။ ဥပမာ -

- သင်၏လူထုအဖွဲ့အစည်း အတွင်းတွင် ပြည်သူများသည် ကျောင်းဆောင်သစ်များ၊ ပိုမိုကောင်းမွန်သော ဆေးပေးခန်းများကိုလိုချင်နေနိုင်ပါသည်။
- လမ်းများကို ပြုပြင်ရန် လိုအပ်နေခြင်း၊ ရေကောင်းရေသန့် ရရန် ပိုက်များ၊ ရေတွင်းများကို ပြုပြင်ရန် လိုအပ်နေခြင်းလည်းဖြစ်နိုင်ပါသည်။
- သင့် ပါတ်ဝန်းကျင်ရှိ လူထုအဖွဲ့အစည်း အတွင်းရှိ လူများသည် အလုပ်အကိုင် လေ့ကျင့်သင်ကြားရေး အစီအစဉ်များ သို့မဟုတ် ခြောက်သွေ့သော ရာသီတွင် တိရစ္ဆာန်များ နှင့် သီးပင်များကို ရေရရှိရန် ဆည်မြောင်းသွယ်ယူမှု စနစ် များကို လိုချင်ကောင်းလိုချင်နေပါမည်။
- အခြားသူများက ယခင်လက်ရှိ အသုံးပြုနေသော နည်းလမ်းများ ဖြစ်သည့် အလေ့ကျ စိုက်ပျိုးရေး စနစ် သို့မဟုတ် လူအနည်းငယ်သာ အသုံးပြုပြောဆို နိုင်တော့သည့် ဘာသာစကား တို့ ကို ပြန်လည်ရှင်သန်စေခြင်း စသည်တို့ကို အလိုရှိနေချိန်တွင် အချို့ သူများက လျှပ်စစ်မီး၊ ကွန်ပျူတာစသော ခေတ်မီ နည်းပညာ များကို လိုချင်နေနိုင်ပါသည်။

၎င်းတို့မှာ **ဖွံ့ဖြိုးမှု** ၏ ဥပမာများဖြစ်ပါသည်။ အထက်တွင် သင်ကိုယ်တိုင် တွေ့မြင်ခဲ့သကဲ့သို့ ဖွံ့ဖြိုးရေး ၏ အဓိပ္ပါယ်မြောက်များစွာ ရှိပါသည်။ ကမ္ဘာပေါ်တွင် မတူညီသည့် လူထုအခြေခံ အစုအဖွဲ့များ ရှိနေသည့် အလျောက် ဖွံ့ဖြိုးမှုကို နားလည်သဘောပေါက်သည့် အမြင်လည်း အမျိုးမျိုး ရှိနိုင်ပါသည်။ ထိုကဲ့သို့ ဖွံ့ဖြိုးမှုအကြောင်းကို မတူညီသည့် နားလည်သဘောပေါက်မှု များသည် လူများ၏ မတူညီသည့် ယုံကြည်ချက်များ နှင့် မတူညီသည့် အရေးပါမှုများပေါ် အခြေခံသည်။




အစိုးရ နှင့် ကုမ္ပဏီများသည် လမ်းမကြီးများ၊ သတ္တုတူးဖော်ရေး လုပ်ငန်းများ၊ ရေအားလျှပ်စစ် ဓါတ်အား ထုတ်လုပ်ပေးသည့် ဆည်များ သို့မဟုတ် ခေတ်မီ အဆောက်အဦများ သည် တစ်နိုင်ငံလုံး ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည် ဟု မကြာခဏ ဖွင့်ဟ ကြေငြာလေ့ ရှိကြသည်။

သို့သော် ထို စီမံကိန်းလုပ်ငန်းကြီး များသည် ပြည်သူတို့ အတွက်အမြဲတစေ ကောင်းမွန် ပါသလား။ ကျွန်ုပ်တို့ နိုင်ငံ နှင့် လူ့အသိုင်းအဝိုင်း ပါတ်ဝန်းကျင် အတွက် မည်ကဲ့သို့သော စီမံကိန်းများ၊ လုပ်ငန်းများနှင့် **မူဝါဒများ** က သင့်တော်သည်ဟု မည်သူက ဆုံးဖြတ် သင့်ပါသလဲ။ ဖွံ့ဖြိုးရေး၏ အန္တရာယ်ရှိသော **အကျိုးဆက်တွေ** ဆိုတာ ဘာတွေလဲ။ အကယ်၍ သင်က တင်ပြထားတဲ့ ဖွံ့ဖြိုးရေးစီမံကိန်း တစ်ခုကို သဘောမတူရင် ဘာဖြစ်မလဲ။ အခြားသော ဖြစ်နိုင်ခြေရှိတဲ့၊ ဖြစ်သင့်တဲ့ စီမံကိန်းတွေကို သင်ဘယ်လို ရှာဖွေတွေ့ရှိနိုင်မလဲ။

ကျွန်ုပ်တို့ အများစုဟာ သည်မေးခွန်းတွေကို မေးလေ့မရှိကြပါဘူး။ ဘာလို့လဲဆိုတော့ အဲဒီ အဖြေတွေအတွက် ဘာမှ လုပ်နိုင်တဲ့ စွမ်းအား မရှိဘူးလို့ ခံစားကြရလို့ ပါ။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်မှု ကနေ လူတွေ အားလုံးရဲ့ တကယ့် လိုအပ်ချက်တွေ ကို ရရှိစေဖို့ အတွက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း တွေ ကို စတင် စီမံကိန်းရေးဆွဲ တဲ့အခါမှာ အစိုးရနဲ့ အာရှဖွံ့ဖြိုးရေး ဘဏ် (အေဒီဘီ) တို့ချည်း စီမံကိန်းရေးဆွဲတာ မလုပ်သင့်ပါဘူး။ တကယ့် ပြည်သူတွေ အမှန်တကယ် ပါဝင်သင့်တာပါ။

## လေ့ကျင့်ခန်း

# ဖွံ့ဖြိုးတိုးတက်မှု ဆိုတာ သင့်အတွက် ဘာကိုဆိုလိုတာလဲ

**ရည်ရွယ်ချက်။** ဖွံ့ဖြိုးတိုးတက်မှု နဲ့ ပါတ်သက်တဲ့ အတွေးအခေါ်၊ အမြင် နဲ့ စံပြုထားတဲ့ ပုံစံ တွေကတော့ အမျိုးမျိုး ရှိကြပါတယ်။ ဒီလေ့ကျင့်ခန်းက လူတွေကို ဖွံ့ဖြိုးတိုးတက်ရေး ဆိုတာ သူတို့အတွက် ဘာကို ဆိုလိုသလဲ ဆိုတာကို တွေးဖို့ အထောက်အကူဖြစ်စေပါမယ်။

**လိုအပ်တဲ့ အချိန်။** အဖွဲ့အရွယ်အစားပေါ် မူတည်ပြီးတော့ ၆၀ - ၉၀ မိနစ်ခန့်။

**လိုအပ်တဲ့ ပစ္စည်းများ။** နံရံမှာ ကပ်ဖို့ စာရွက်အကြီးကြီး၊ ပုံဆွဲစက္ကူ နှင့် ဆော့ပင် အကြီးစားတွေ။




၁။ ပါဝင်ဆွေးနွေးသူများကို သူတို့၏ စိတ်အာရုံခံစားပုံဖော် မှုပြုရန်အတွက် မျက်စေ့များကို စေ့ရုံပိတ်ထားပြီး စိတ်ဖြေလျော့နေပါစေ။ သူတို့ စိတ်ဖြေလျော့နေတဲ့ အချိန်မှာ ဒီလို ပြောပေးပါ။ "ခင်ဗျားတို့ရဲ့ လူထုအဖွဲ့အစည်း အကြောင်း ၊မိသားစုတွေ၊ အိမ်နီးနားချင်းတွေ၊ ခင်ဗျားတို့ တရွာလုံးက ဒါမှမဟုတ် တမြို့လုံးက လူတွေအားလုံး အကြောင်း ကို စဉ်းစားပါ။ သူတို့ရဲ့ နေ့စဉ်ဘဝတွေ၊ သူတို့ရဲ့ မျှော်လင့်ချက်တွေ နဲ့ သူတို့ရဲ့ စိတ်ပူပန်မှုကို တွေးကြည့်ပါ။ အခု သင့်ရဲ့ အိမ်အကြောင်း၊ မြေအကြောင်း၊ သင့်အနားမှာ ရှိတဲ့ မြေယာ နဲ့ အဆောက်အဦ တွေအကြောင်း၊ ပြီးတော့ သင့်ပါတ်ဝန်းကျင်လူထု ကအသုံးပြုတဲ့ ပျော်ရွှင်နေတဲ့ နေရာတွေ အကြောင်း ကို တွေးကြည့်ပါ။

သူတို့ကို တွေးစရာ အကြောင်းတစ်ခုခု ပေးပါ။ သူတို့ ကို မျက်လုံးပိတ်ထား ဖို့ ပြောပါ။ ပြီးတော့ မေးခွန်းတွေ ကြားမှ တွေးဖို့ အချိန် ခဏ နားနားပြီး တွေးစရာမေးခွန်းတွေ ထပ်မေးပါ။

**မေး။** "ခင်ဗျားတို့ ရဲ့ ရပ်ရွာ ဒေသ မှာ နေတဲ့ လူတွေ ရဲ့ ဘဝတွေ တိုးတက်ကောင်းမွန်ဖို့ အထောက်အကူ ဖြစ်စေမယ့် ဖွံ့ဖြိုးရေး စီမံချက်တွေက ဘာတွေလဲ။ ဘယ်လို အရာတွေက လူတိုင်း ကို ပိုမို ကျန်းမာ ပျော်ရွှင် စေပြီး အခွင့်အလမ်းတွေ ပိုမို ရရှိစေမှာလဲ။"

**မေး။** "ဖွံ့ဖြိုးရေး စီမံကိန်း တွေ အတွက် ဖြစ်နိုင်တာတွေက အများကြီးဘဲ။ ခင်ဗျားတို့ ကလေးတွေအတွက် ပညာရေး သို့မဟုတ် အရွယ်ရောက်ပြီးသူတွေ အတွက် အလုပ်အကိုင် သင်တန်း တွေ ဒါမှမဟုတ် မိသားစုတွေ အတွက် ပိုကောင်းတဲ့ အစားအစာတွေ အကြောင်းကို စဉ်းစား နိုင်ပါတယ်။ လမ်းမအသစ်ကြီးတွေ၊ ဈေး တွေ ဒါမှ မဟုတ် ကျန်းမာရေးဆေးပေးခန်း တွေ အကြောင်းလည်း တွေးနိုင်တာဘဲ။ သို့မဟုတ် ခင်ဗျားမှာ ခင်ဗျားရဲ့ ပါတ်ဝန်းကျင် လူထုထဲမှာ စတင် လုပ်ကိုင်ချင်နေတဲ့ လုပ်ငန်းသစ် အကြောင်း တွေးထားတာတွေ လဲ ရှိချင်ရှိမှာဘဲ။ ခင်ဗျားတွေးတာက ခင်ဗျားနေထိုင်တဲ့ လူထုအဖွဲ့အစည်း အတွက်ချည်းဘဲ ဖြစ်ဖြစ် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖြစ်ဖြစ် ရပါတယ်။"

သူတို့ တွေးစရာ အချိန် ရရှိပြီးတဲ့အခါမှာ သူတို့ရဲ့ အတွေးတွေကို အချင်းချင်း ပြန်လည် ပြောပြခွင့် ရရှိပြီ ဖြစ်ကြောင်း ပြောပြပါ။

၂။ လူ ငါးယောက်ထက် မပိုသော အဖွဲ့ငယ်လေးများ ဖွဲ့ပါ။ အဖွဲ့တစ်ခု ချင်း သို့မဟုတ် တစ်ယောက်ချင်း အတွက် စာရွက်ရဲ့ အပေါ်နဲ့ အောက် ကို စာရွက် အလယ်မှာ မျဉ်းကြောင်းသား ပြီး နှစ်ခြမ်း ပိုင်းထားတဲ့ စာရွက်အကြီးကြီး တစ်ရွက်စီ ကို ပေးပါ။ စာရွက်ရဲ့ တစ်ဝက်မှာ လူထုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု အပေါ် သူတို့ ရဲ့ အမြင်ကို အကျဉ်းချုံး ပြောပြပြီး ပုံဖော်ခိုင်းပါ။ အချိန်ကို ၁၅ မိနစ်အတွင်း ပြီးအောင် ဆောင်ရွက်ပါ။ လူတိုင်း ပါဝင် ရေးဆွဲခွင့်၊ ပြောပြခွင့် ရတာ သေချာပါစေ။

၃။ လူအားလုံးကို တစ်စုတည်း ပြန်စုပါ ပြီးတော့ သူတို့ အားလုံးကို သူတို့ ဆွဲထားတဲ့ ပုံကို ပြခိုင်းပြီး သူတို့ရဲ့ ဖွံ့ဖြိုးရေး အတွက် အနာဂတ် မျှော်မှန်းချက်တွေကို ပြန်ပြောခိုင်းပါ။

၄။ လူတိုင်း ပြန်ပြောပြပြီးတဲ့အခါမှာ သူတို့ရဲ့ လူထုအစုအဖွဲ့၊ အဖွဲ့အစည်းတွေ၊ ဒေသတွေ မှာ အစိုးရ နဲ့ ကုမ္ပဏီတွေက ဘယ်လို ဖွံ့ဖြိုးရေးစီမံကိန်းတွေကို လုပ်ဖို့ ဆွဲဆောင်နေတယ် ဆိုတာကို ပြန်တွေးကြည့်ခိုင်းပါ။ ဒါကို တွေးဖို့ မိနစ်အနည်းငယ်ပေးပါ။

အရင် ဖွဲ့ထားပြီးသား အုပ်စုအသေးကလေးတွေ ပြန်ခွဲပါ။ ပြီးတော့ စာရွက်ရဲ့ ကျန်နေတဲ့ အောက်ပိုင်းမှာ အစိုးရနဲ့ ကုမ္ပဏီတွေက ပြုလုပ်ဖို့ ဆွဲဆောင်နေတဲ့ ဖွံ့ဖြိုးရေးစီမံကိန်း တွေ နဲ့ ပါတ်သက်တဲ့ သူတို့ရဲ့ အမြင်တွေကို ဆက်လက် ရေးဆွဲပါစေ။ အဲဒီ ထဲမှာ သူတို့ ကြိုက်တဲ့ ဖွံ့ဖြိုးရေး စီမံကိန်းရော မကြိုက်တဲ့ စီမံကိန်းပါ ထည့်ဆွဲဖို့ ပြောပါ။

၆။ လူတိုင်းကို သူတို့ ဆွဲထားတဲ့ ပုံတွေကို နံရံပေါ်မှာ ကပ်ခိုင်းပါ။ မူလကအတိုင်း လူတွေအားလုံးကို ပြန်ခေါ်လိုက်ပါ။ ပြီးတော့ လူတိုင်းကို သူတို့ ဆွဲထားတဲ့ ပုံတွေအကြောင်း အားလုံးကို ပြန်ရှင်းပြခိုင်းပါ။

၈။ လူတိုင်း ပြန်လည် ပြောပြပြီး တဲ့အခါမှာ ဖွံ့ဖြိုးမှုနဲ့ ပါတ်သက်တဲ့ အမြင် အမျိုးမျိုးကို ဆက်လက် ဆွေးနွေးပါ။ ဆွဲထားတဲ့ ပုံတွေအားလုံးဟာ ဖွံ့ဖြိုးတိုးတက်မှု ကို ကိုယ်စားပြုသလား၊ ဒါမှ မဟုတ် အချို့ကဘဲ ကိုယ်စားပြု တာလား။ အစိုးရနဲ့ ကုမ္ပဏီတွေက လုပ်ချင်နေတဲ့ ဖွံ့ဖြိုးရေး စီမံကိန်းတွေနဲ့ လူတွေရဲ့ အမြင်တွေက တူညီနေသလား။ ဘာတွေ မတူညီတာလဲ။ မတူညီရတဲ့ နောက်ခံအကြောင်းရင်းတွေက ဘာတွေလဲ။ လူထု အဖွဲ့အစည်း တစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှု ပုံစံက ဘယ်လိုဖြစ်သင့်တယ် လို့ ဘယ်သူက ဆုံးဖြတ်ပိုင်ခွင့် ရှိလဲ။

**ပြန်လည်စစ်ဆေးခြင်း။** ဝေမျှပြောပြပေးတဲ့ သူအားလုံးကို ကျေးဇူးတင်ပါတယ်။ အားလုံး ပြောခဲ့၊ ရေးဆွဲခဲ့ ကြသလိုဘဲ လူတွေမှာ ဖွံ့ဖြိုးရေးနဲ့ ပါတ်သက်ပြီး မတူတဲ့ အတွေးအခေါ် တွေ ရှိနေတယ်ဆိုတာ ကို ထောက်ပြပါ။ တစ်ယောက်နဲ့ တစ်ယောက် သဘောထား တိုက်ဆိုင်ဖို့ ဆိုတာ မဖြစ်နိုင် ပေမယ့်လည်း ကျွန်ုပ်တို့ တွေရဲ့ လူ့ အဖွဲ့အစည်း တွေ၊ နိုင်ငံတွေ မှာ ဘယ်လို ဖွံ့ဖြိုးမှုတွေ ဖြစ်လာမယ်ဆိုတာ ကို အစိုးရ နဲ့ ကုမ္ပဏီ ဝန်ထမ်း တွေ သာမက ဘဲ အားလုံး ပါဝင် ဆုံးဖြတ်ကြဖို့ အရေးကြီးပါတယ်။ လူတွေ အများကြီး အမှန်တကယ် ပါဝင် ငြင်းခုန်ကြ ပြီး ဆုံးဖြတ်ချက်တွေကို ပူးပေါင်း လုပ်ဆောင် ကြတဲ့အခါမှာ ဖွံ့ဖြိုးရေးဆိုတာ လူသားတိုင်းရဲ့ လိုအပ်ချက်တွေ ကို ဖြည့်ဆည်းပေးပြီး လူသားတိုင်းရဲ့ **လူ့အခွင့်အရေးတွေ** ကို ပိုမို ကောင်းမွန် လာစေမှာ ဖြစ်ပါတယ်။

## ဆင်းရဲမွဲတေမှု ဆိုတာ ဘာလဲ

အာရှဖွံ့ ဖြိုးရေးဘဏ် က ၄င်းရဲ့ လုပ်ဆောင်ချက်တွေ ဟာ ဆင်းရဲမွဲတေမှု ကို လျှော့ချဖို့ လို့ ဆိုပါတယ်။ ဒါပေမယ့် သူတို့ ဘာကို ပြောချင်တာလဲ။ ဆင်းရဲမွဲတေမှု ဆိုတဲ့ စကားလုံး ကိုကလည်း အဓိပ္ပါယ် သတ်မှတ်တဲ့ သူအပေါ် လိုက်ပြီး အများကြီး ကွဲပြားနိုင်ပါတယ်။




အာရှဖွံ့ ဖြိုးရေးဘဏ် နှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်နေတဲ့ အဖွဲ့ကြီးတွေက ဆင်းရဲပါတယ် လို့ သတ်မှတ်ခံထားရတဲ့ အချို့သူတွေဟာ သူတို့ကိုယ်သူတို့ ဆင်းရဲတယ်လို့ မယူဆကြပါဘူး။

အခြားသူတွေက သူတို့တွေ ဟာ အောက်ပါ အကြောင်းရင်းတွေကြောင့် ဆင်းရဲနေတယ်၊ ဆင်းရဲမွဲတေမှု နဲ့ ရုန်းကန် နေကြရတယ်လို့ အမှန်တကယ်ကို ထင်တတ်ကြ ပါတယ်။

- ➥ သူတို့တွေဟာ ပညာရေးအခွင့်အလမ်းမရရှိ ခဲ့ကြဘူး၊ ဒါမှ မဟုတ် သူတို့ရဲ့ ကလေးတွေ အတွက် ပညာရေး နဲ့ လက်လှမ်း မမီကြဘူး။
- ➥ သူတို့ရဲ့ မြေယာ နဲ့ အသက်မွေးဝမ်းကျောင်းမှု တွေ လုယက်ခံလိုက်ရတယ်။
- ➥ သူတို့ ကိုယ်တိုင် ဒါမှ မဟုတ် သူတို့ ရဲ့ မိသားစုဝင်တွေ နေမကောင်းဖြစ်တဲ့ အခါမှာ ကျန်းမာရေး စောင့်ရှောက်မှု တွေကို လက်လှမ်း မမီကြဘူး။
- ➥ သူတို့ဟာ ဖိနှိပ်ခံထားရတဲ့ လူစုမှာ ပါဝင်နေတယ်။ ဒါကြောင့် လူ့အခွင့်အရေးတွေ ကို မရရှိကြဘူး။

အရေးကြီးတဲ့ သတိမူစရာ အချက်ကတော့ ဆင်းရဲမွဲတေနေတဲ့ လူတွေဟာ နိုင်ငံရေး နဲ့ စီးပွားရေး မူဝါဒ တွေကြောင့် ပိုမို ဆင်းရဲအောင် လုပ်ခြင်းကို ခံနေရတယ်ဆိုတာဘဲ။

**ပိုမိုဆင်းရဲစေခြင်း** ဆိုတာက လူတွေ ကို အရင်က ရှိနေတဲ့ အခြေအနေ ထက်ပို ဆင်းရဲစေတာကို ပြောတာ။ **နစ်နာကြေး** မပေးဘဲ သို့မဟုတ် **ပြန်လည်ထူထောင်ရေး အစီအစဉ်** တွေကို မလုပ်ပေးဘဲ သူတို့ ပိုင်တဲ့ မြေယာ တွေကနေ ဖယ်ထုတ်ခံရတဲ့ လူထုအဖွဲ့အစည်းတွေ အများကြီး ရှိနေပါတယ်။ သူတို့ရဲ့ **နေရာကနေ ဖယ်ထုတ် ခံရတာ၊** နောက်ပြီး သူတို့ ရဲ့ အသက်မွေးဝမ်းကျောင်း အတွက် အစိုးရ ရဲ့ နစ်နာကြေးပေးဖို့ သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်တွေကို ဆောင်ရွက်ပေးဖို့ ပျက်ကွက်မှု တွေ ဟာ သူတို့ကို ပိုပြီးဆင်းရဲမွဲတေ မှု ဖြစ်ဖို့ **ထိခိုက်မှု ခံရရန် ပိုလွယ်** သွားပြီး ပိုဆင်းရဲစေ မှုကို ဖြစ်စေပါတယ်။



## ဖြစ်ရပ်၊ ၊အာရှဖွံ့ ဖြိုးရေးဘဏ်၏ နီပေါနိုင်ငံရှိစိုက်ပျိုးရေး စီမံကိန်း မှ ဌာနေ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု အသိပညာ ကို လျစ်လျူရှုခြင်း



နီပေါနိုင်ငံ အရှေ့ဘက်ပိုင်း တွင် အာရှဖွံ့ဖြိုးရေး ဘဏ်မှ စီးပွားဖြစ် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း ဖွံ့ဖြိုးရေး စီမံကိန်း (CADP) ကို ငွေကြေးထောက်ပံ့ ခဲ့စဉ်က စီမံကိန်း၏ ရည်ရွယ်ချက်မှာ နီပေါနိုင်ငံ အရှေ့ပိုင်းရှိ ကုန်းမြင့် ပေါ်ရှိ ခရိုင် ၅ ခု၊ မြေနိမ့်ဒေသရှိ ခရိုင် ၅ ခု နှင့် တောင်ပေါ် ရှိ ခရိုင် ၁ ခု တို့ကို ဆင်းရဲမွဲတေမှု လျှော့ချရန် ဖြစ်သည်။ ဒီစီမံကိန်းက ဟင်းခတ်အမွှေးအကြိုင်၊ လက်ဘက်၊ ဟင်းသီးဟင်းရွက် စတဲ့ တန်ဖိုးမြင့် သီးနှံ တွေ ထုတ်လုပ်ရေး၊ ဈေးကွက်တင်ပို့ရေး နှင့် ကုန်ချောပြုလုပ်ရေး တို့ကို ပိုမိုကောင်းမွန်အောင် လျာထားခဲ့တာပါ။ ဒီနေရာဟာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို ဟိုးယခင် လူတွေ မမှတ်မိနိုင်လောက်အောင် ကြာညောင်းတဲ့ ကာလ ကတည်းက အစဉ်အဆက် လုပ်ကိုင်ခဲ့ကြတဲ့ ဌာနေတိုင်းရင်းသားများနေထိုင်တဲ့ ဒေသဖြစ်ပါတယ်။ ဒါပေမယ့်လို့ **စီမံကိန်းရေးဆွဲဖန်တီးသူ** တွေက လုပ်တဲ့ **ကနဦး ဆင်းရဲမွဲတေမှုနဲ့ လူမှုရေး လေ့လာမှု (IPSA)** ကတော့ ဒီ စီမံကိန်းဆောင်ရွက်မှုကြောင့် **ဌာနေတိုင်းရင်းသားများ**ကို ဘယ်လိုအကျိုးသက်ရောက်မှု မှ မရှိလို့ သူတို့ကို ဘယ်လို အထူးပံ့ပိုးပေးဆပ်မှု မှ လုပ်ဖို့ မလိုပါဘူးလို့ ပြောခဲ့ပါတယ်။ (**စီမံကိန်းလုပ်ငန်းတွေကို စစ်ဆေးစမ်းသပ်မှု** အကြောင်းကို စာမျက်နှာ (**၉၆**) တွင် ကြည့်ပါ။)

ဒီဒေသမှာ ရှိတဲ့ လူတွေက ဒေသခံမျိုးရင်း မျိုးစေ့တွေ၊ သဘာဝမြေသြဇာတွေ နဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ ဖျက်ပိုး ရှင်းလင်းမှုတွေ ကို အမြဲသုံးခဲ့ကြတယ်။ သူတို့ရဲ့ စိုက်ပျိုးရေး လုပ်ငန်းတွေကို ပိုမို လွယ်ကူအကျိုးရှိစေဖို့ အတွက် စီးပွားဖြစ်စိုက်ပျိုးရေး ဖွံ့ဖြိုးရေး စီမံကိန်း က **စပ်မျိုးတွေ၊ စိုက်ပျိုးရေးသုံး ဓာတုဓာတ်မြေသြဇာတွေ၊** ဖျက်ပိုး သတ်ဆေးတွေ (pesticides) နဲ့ ပိုးကောင်သတ်ဆေးတွေ (insecticides) ကို သုံးဖို့ အားပေးခဲ့ပါတယ်။ ဒေသခံ လယ်သမားတွေ က ဒီ စိုက်ပျိုးရေးဓာတုဗေဒ ဆေး တွေဟာဆိုးရွားတဲ့ အန္တရာယ်တွေ ဖြစ်စေတတ်တာကို သတိထားမိ ပေမယ့် သူတို့ရဲ့ ထုတ်လုပ်မှု နဲ့ ဝင်ငွေကို တိုးစေချင်တာကြောင့် တိုက်တွန်းတဲ့ အတိုင်း လိုက်လုပ်ခဲ့ကြတယ်။

ဒီစီမံကိန်း စတင်ပြီး မကြာခင်မှာဘဲ လယ်သမားတွေဟာ ကျန်းမာရေးဆိုင်ရာ ပြဿနာ အသစ်တွေ ၊ သူတို့ လယ်ထဲက ငှက်တွေ၊ပိုးကောင်လေးတွေ သေဆုံးလာတာတွေကို ကြုံတွေ့လာကြတယ်။ ဒီစီမံကိန်း ရှိတဲ့ နေရာတွေထဲက ရိုင် လို့ခေါ်တဲ့ ဌာနေတိုင်းရင်းသား တစ်စုမှာ စိုက်ပျိုးရာသီအလိုက် အဘ်ဟူာလီ နဲ့ ဥဒ်ဟူာလီ လို့ ခေါ်တဲ့ ပွဲတွေကျင်းပတဲ့ အစဉ်အလာ ရှိတယ်။ အဲဒီပွဲတော်တွေ ကို နှစ်တိုင်း နှစ်တိုင်း သတ်မှတ်ထားတဲ့ စိုက်ပျိုးချိန် နဲ့ ရိတ်သိမ်းချိန်တွေ နဲ့ တိုက်ဆိုင်ပြီး ကျင်းပလေ့ ရှိကြတယ်။ ဒါပေမယ့် ပိုမိုလွယ်ကူအကျိုးရှိ မယ့် ထုတ်လုပ်မှု ရရှိဖို့ သူတို့ အခု စိုက်ပျိုးကြတဲ့ သီးနှံအသစ်တွေက အဲဒီပွဲတော်ချိန်တွေမှာ စိုက်ပျိုးတာ၊ ရိတ်သိမ်းတာတွေ လုပ်လို့ မရဘူး။ ဒါနဲ့ဘဲ အဲဒီပွဲတော်ကျင်းပ ပျော်ရွှင်တာ တွေလည်း အဓိပ္ပါယ်မရှိတော့ဘူး။

ဒီစီမံကိန်းမှာ ပါဝင်ကြတဲ့ အချို့လယ်သမားတွေ က ဝင်ငွေတွေ ပိုရရှိကြတယ်။ ဒါပေမယ့် သူတို့မှာ လူထုအဖွဲ့အစည်း နဲ့ ပိုမို နီးကပ်ယုက်နွယ်စေ ပြီး သူတို့ရဲ့ ကိုယ်ပိုင်အမှတ်သင်္ကေတ တွေ ကို ခိုင်မာစေတဲ့ သူတို့ရဲ့ ယဉ်ကျေးမှု ပွဲတော်တွေ နဲ့ သူတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာ စိုက်ပျိုးရေး နည်းလမ်းတွေ နဲ့ မူရင်းမျိုးစေ့ တွေပျောက်ဆုံး ကုန်ကြတယ်။

အခုတော့ ဒီစီမံကိန်းကနေ ဌာနေတိုင်းရင်းသားတွေ အပေါ်မှာ အကျိုးသက်ရောက်မှု မရှိဘူး ဆိုတာ မှားယွင်းကြောင်းကို သူတို့ သိနေကြပြီ။ ဒီစီမံကိန်းက သူတို့ရဲ့ မြေတွေကို မယူသွားဘူး၊ သူတို့ကိုလည်း နေရာကနေ အဓမ္မ ဖယ်ခိုင်းတာမျိုး မလုပ်ဘူး ဆိုပေမယ့် သူတို့ရဲ့ ဘဝရှင်သန်ရပ်တည်ရေးအတွက် အရေးကြီးဆုံးအစိတ်အပိုင်းတွေဖြစ်တဲ့ ရိုးရာစိုက်ပျိုးရေး လုပ်ငန်းခွင် အစီအစဉ် နဲ့ ပွဲတော်တွေ၊ စိုက်ပျိုးမြေက မြေဆီသြဇာကြွယ်ဝမှု အစရှိတာတွေကိုပြောင်းလဲပစ်ခဲ့တယ်။

## ဒီဖြစ်ရပ်ကနေ ဘာတွေ လေ့လာသင်ယူ ရရှိနိုင်လဲ

ဒီစီမံကိန်းလုပ်ငန်းဟာ ဝင်ငွေပိုမို ရရှိအောင် လုပ်ပြီး ဆင်းရဲမှုကို လျှော့ချဖို့ ရည်ရွယ်တယ်။ ဒါပေမယ့် လုပ်ခဲ့တာတွေ က စီမံကိန်းရဲ့အကျိုးဆက်တွေကို ခံစားခဲ့ရတဲ့ ဌာနေတိုင်းရင်းသားတွေရဲ့ လုပ်လေ့ရှိတဲ့ ရိုးရာအလေ့အထ တွေနဲ့ ကိုက်ညီမှု မရှိဘူး။ အဖျက်ပိုးတွေ၊ မျိုးစေ့တွေ နဲ့ မြေလွှာကို ထိန်းသိမ်းတဲ့ လုပ်ငန်းတွေ နည်းပညာတွေ၊ စတဲ့ လုပ်ကိုင် ဆောင်ရွက်မှု တွေက အကျိုးဆက်ခံစားရတဲ့ ဌာနေတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ တွေနဲ့ လိုက်လျောညီထွေမှု မရှိဘူး။ အဲဒါကြောင့်ဘဲ ဒီစီမံကိန်းက မမျှော်လင့်ထားတဲ့ ဆိုးကျိုး ကို ဖြစ်ပေါ်စေတာပေါ့။ ဒါပေမယ့်လည်း အကျိုးဆက်က ဒီဆိုးကျိုးတွေဟာ ဒေသခံလူထုတွေရဲ့ နေထိုင်မှုပုံစံနဲ့ ယဉ်ကျေးမှု လုပ်ပုံကိုင်ပုံတွေကို ပြောင်းလဲစေတာ ဆိုတော့ အလွန်စိုးရိမ်ဖွယ်ကောင်းလှပါတယ်။

## ဆွေးနွေးရန် မေးခွန်းများ



- လယ်ယာစိုက်ပျိုးရေး လုပ်ငန်း က ပိုက်ဆံအပြင် အခြားဘယ်လို တန်ဖိုးတွေ ကို ဖြစ်ပေါ်စေလဲ။
- လွယ်ကူသက်သာအကျိုး ရှိဖို့ နဲ့ အထွက်တိုးဖို့ တွေက စိုက်ပျိုးရေးလုပ်ငန်း ရဲ့ အကောင်းဆုံး သို့မဟုတ် အဓိက အကျဆုံး ရည်မှန်းချက် ဘဲလား။ စီးပွားဖြစ် စိုက်ပျိုးရေးက ဓလေ့ထုံးတမ်းစဉ်လာ စိုက်ပျိုးရေး နည်းလမ်းတွေထက် ပိုပြီး ရေရှည်တည်တံ့စေ တတ်သလား။
- ဒီအခြားတန်ဖိုးတွေဟာ ဌာနေတိုင်းရင်းသားများရဲ့ အတွေးအမြင်တွေ၊ အသက်မွေးဝမ်းကြောင်းပြုမှုတွေ နှင့်ကိုယ်ပိုင် ဂိုဏ်သသလက္ခဏာ တွေအတွက် ဘယ်လောက်အရေးကြီးပါသလဲ
- အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ရဲ့ ဝင်ငွေ ရရှိရေး အဓိကဦးတည်ချက်က အခြားသူတွေရဲ့ လိုအပ်ချက်နဲ့ နေထိုင်မှု နည်းလမ်းတွေ နဲ့ ဘယ်လို ထိပ်တိုက်တွေ့လဲ။
- ဒီစီမံကိန်းကနေ အကျိုးသက်ရောက်မှုကို ခံစားရမယ့် ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အမှန်တကယ် ဖြည့်ဆည်းပေး နိုင်ဖို့ ဘာတွေလုပ်သင့်သလဲ။




### ရေမစီမံကိန်းများ၏ အကျိုးကျေးဇူးများ နှင့်အခက်အခဲပြဿနာများ

အစိုးရတွေနဲ့ ဘဏ်ကြီးတွေက ဖွံ့ဖြိုးရေး မှာ ကြီးမားတဲ့ ဆည်ကြီးတွေ၊ တွင်းပေါက်ဝ အပွင့်ကျယ်တဲ့ သတ္တုတွင်း ကြီးတွေ၊ ဟတ်တာ တစ်သိန်း (၂၄၇၁၀၅.၄ ဧကနဲ့ ညီမျှတဲ့) ရှိတဲ့ ဆီအုန်းစိုက်ခင်းတွေ နဲ့ (၆) လမ်းသွား လမ်းမကျယ်ကြီးတွေ စတဲ့လုပ်ငန်းခွင်စီမံကိန်း အကြီးကြီးတွေ ပါကိုပါရမယ်လို့ ပြောကြတယ်။ သူတို့က ဒီ **မဟာစီမံကိန်းလုပ်ငန်းတွေ** က **စီးပွားရေး တိုးတက်မှု** ကို ဖန်တီးဖို့ အတွက် မရှိမဖြစ် လိုအပ်တယ် လို့ ပြောကြတယ်။ အစိုးရအမှုထမ်းတွေနဲ့ အာရှဖွံ့ ဖြိုးရေးဘဏ်က စီးပွားရေး ပညာရှင်တွေ အပါအဝင် ဘဏ်လုပ်ငန်းရှင်တွေ က စီးပွားရေး တိုးတက်လာမှု က လူတိုင်းကို၊ အထူးသဖြင့် ဆင်းရဲတဲ့သူတွေကို အကျိုးဖြစ်ထွန်းစေတယ် လို့ ပြောကြတယ်။




မဟာစီမံကိန်းကြီးတွေက တည်ဆောက်ရေး မှာ ပါဝင်တဲ့ ကုမ္ပဏီတွေရယ် ငွေထုတ်ပေးတဲ့ ဘဏ်တွေရယ် အတွက် အမြတ်အများကြီး ရရှိစေပါတယ်။ ဒါပေမယ့် ဒေသခံပြည်သူတွေ နဲ့ သဘာဝပါတ်ဝန်းကျင် ကတော့ ဆုံးရှုံးမှု အများဆုံး ဖြစ်လေ့ရှိတယ်။ ဒီကြီးမားတဲ့ စီမံကိန်းကြီးတွေက တစ်ရွာလုံး၊ သစ်တော တစ်ခုလုံး၊ မြစ်တစ်ခုလုံး နဲ့ မြို့ပြပါတ်ဝန်းကျင် တစ်ခုလုံးကို ဖျက်ဆီးပစ်လေ့ ရှိပါတယ်။

မဟာစီမံကိန်းကြီးတွေ အကောင်အထည်ဖော်ဖို့ အားပေးထောက်ခံလေ့ရှိတဲ့ အစိုးရအရာရှိတွေနဲ့ ဘဏ်လုပ်ငန်းရှင်တွေက တော့ ဒီ ပျက်စီး ဆုံးရှုံးမှုတွေ က ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် မရှိမဖြစ်လိုအပ် တယ်လို့ ပြောဆိုလေ့ ရှိတတ်ကြတယ်။ သူတို့က တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက် နိုင်စေဖို့အတွက် အချို့လူတွေက အနစ်နာခံစွန့်လွှတ်ဖို့ လိုအပ်တယ်လို့လည်းပြောမယ်။

ဥပမာပေးရရင် ဆည်တွေဆောက်တဲ့အခါ ကျေးရွာနေပြည်သူတွေကို အကျိုးမရှိစေဘဲ၊ နေရာ ရွှေ့ပြောင်းခိုင်းလေ့ ရှိတယ်။ ဆည်တွေ တည်ဆောက်တဲ့ အတွက် ကမ္ဘာတစ်ဝှမ်းရှိ သန်းပေါင်းများစွာသော ပြည်သူတွေကို သူတို့ နေတဲ့ နေရာကနေ အတင်းအကျပ် ရွှေ့ပြောင်းခဲ့ပြီးဖြစ်တယ်။ ဆည်တွေရဲ့ အောက်ပိုင်း မှာ နေကြတဲ့ အဲဒီထက်ပိုတဲ့ သန်းပေါင်းများစွာသော ပြည်သူတွေကတော့ ဆည်တွေ ကြောင့်ဖြစ်ပေါ်တဲ့ ဆိုးကျိုးတွေကြောင့် သူတို့ရဲ့ သယံဇာတတွေ၊ မိရိုးဖလာအသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေ လည်းပျောက်ဆုံး သွားကြတယ်။



ဆည်အကြီးစားတွေ ဟာ မဟာစီမံကိန်းကြီးတွေ ရဲ့ ဥပမာတစ်ခုဘဲ ဖြစ်တယ်။ အခြားစီမံကိန်းတွေကတော့ အများကြီးပေါ့။ ဥပမာအနေနဲ့ သတ္တုတွင်း တူးတာတွေ၊ သစ်ပင်ခုတ်လှဲတာတွေ ရယ် ရေနံ နဲ့ သဘာဝဓာတ်ငွေ့ တူးတာတွေဟာ ဒေသခံ လူထုအစုအဖွဲ့တွေ မှီခိုနေရတဲ့ သဘာဝသယံဇာတ တွေကို ဖယ်ရှားပစ်ပြီး သစ်တောတွေ၊ မြစ်ချောင်းတွေ နဲ့ သဘာဝ နေရာတွေ ကို ဖျက်ဆီး လေ့ရှိတယ်။

ရပိုင်ခွင့်တွေကို တိုးမြှင့်ပေးဖို့ ကြိုးစားကြတဲ့ ဒေသခံလူထု နဲ့ အဖွဲ့အစည်းတွေ ရဲ့ လုပ်ဆောင်မှု ကြောင့်သာ ဒီလိုဖွံ့ဖြိုးရေးစီမံကိန်းတွေ ကြောင့် ပျက်ဆီးဆုံးရှုံးသွားတဲ့ ဒေသခံတွေရဲ့ ပိုင်ဆိုင်မှုတွေအတွက် နစ်နာကြေး အချို့ ပြန်လည် ရရှိကြတယ်။ ဒါပေမယ့် ဘယ် နစ်နာကြေးပမာဏ ကမျှ သစ်တောတွေ၊ မြစ်ချောင်းတွေ နဲ့ အတူ ပျောက်ကွယ်သွားတဲ့ ယဉ်ကျေးမှု၊ အမွေအနှစ် နဲ့ အသက်မွေးမှု လုပ်ငန်း တွေကို ပြန်လည်ရှင်သန်လာစေမှာ မဟုတ်ပါဘူး။

တစ်ကမ္ဘာလုံးမှာ ရှိနေကြတဲ့ လူတွေက ဒီ ရေမ စီမံကိန်း လုပ်ငန်းကြီးတွေဟာ သူတို့ နိုင်ငံ သို့မဟုတ် သူတို့ရဲ့ လူထုအစုအဖွဲ့တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် တကယ်တော့ ဘာမှ အထောက်အကူ မဖြစ်ကြောင်းကို ပိုပိုပြီး ပြောလာကြပြီ။ ဒီလူတွေက ရေမစီမံကိန်းကြီးတွေကို အားပေးနေတာကို ရပ်ဖို့ အချိန်တန်နေပြီ၊ အဲဒီအစား လူတိုင်းရဲ့ လူ့အခွင့်ရေးကို လေးစားတဲ့၊ လူတိုင်းကို အကျိုးဖြစ်ထွန်းမှု ရှိစေမယ့် အခြားသင့်တော်တဲ့ လုပ်ငန်းတွေကို အားပေးသင့်ပြီ လို့ ပြောနေကြပြီ။



## လေ့ကျင့်ခန်း



# ဖွံ့ဖြိုးမှု၏ သက်ရောက်မှု နှင့် အကျိုးကျေးဇူး

**ရည်ရွယ်ချက်။** ဖွံ့ဖြိုးရေးစီမံကိန်း တစ်ခုကို ထောက်ခံရခြင်း နှင့် ဆန့်ကျင် ရခြင်း

အကြောင်းရင်းတွေကို ဖွင့်ဟ ဆွေးနွေးပြောဆိုရန်

**အချိန်။** (၃၀) မိနစ်

**လိုအပ်သည့်ပစ္စည်းများ။** နံရံကပ်လို့ ရတဲ့ စာရွက် အကြီးစားတွေ၊ ဆော့ပင်တွေ။

၁။ ခင်ဗျားတို့ လူထုအဖွဲ့အစည်း မှာ ရင်ဆိုင်နေရတဲ့ ဖွံ့ဖြိုးရေး စီမံကိန်းအကြောင်းကို ဆွေးနွေးပါ။ တကယ့် လက်ရှိ ကဘာလဲ၊ ရည်ရွယ်နေတာက ဘာလဲ။ လူတိုင်း ပြောဖို့ အခွင့်အရေး ရတဲ့ ဆွေးနွေးမှုကို တိုတိုတုပ်တုပ် လုပ်ပြီးတဲ့အခါ စီမံကိန်းကနေ ရလာမယ်လို့ အာမခံထားတဲ့ အကျိုးအမြတ် တွေရယ်၊ ရလာနိုင်တဲ့ ဆိုးကျိုး တွေရယ် ကို စာရွက် အကြီးကြီးပေါ်မှာ လိုက်မှတ်ပါ။

၂။ တစ်ဖွဲ့လုံးကို စီမံကိန်းကနေရလာမယ့် အကျိုးကျေးဇူး တွေကို ဖော်ပြပြီး စာရွက်ကြီး ပေါ်မှာ စာရင်းပြုစုဖို့ ပြောပါ။

၃။ တစ်ဖွဲ့လုံးကို နောက်ထပ်စာရွက် တစ်ရွက်ပေါ်မှာ ဒီစီမံကိန်းကြောင့် ဖြစ်လာမယ့် ဆိုးကျိုးတွေကို ဖော်ပြပြီး စာရင်းပြုစုခိုင်းပါ။

၄။ အရင် အကျိုးကျေးဇူးတွေ ရဲ့ စာရင်းကို ပြန်ကြည့်ပါ။ တစ်ခုချင်းကို ဖတ်ပြီး ဒီအကျိုးကျေးဇူးကို ဘယ်သူ ရမှာလဲ ဆိုတာမေးပါ။ အဲဒီအဖြေတွေကို စာရွက်အကြီး တစ်ရွက်ပေါ်မှာ ချရေးမှတ်ပါ။

၅။ ဆိုးကျိုးတွေ စာရင်းကို ပြန်ကြည့်ပါ။ တစ်ခုချင်းကို ဖတ်ပြီး ဒီ အန္တရာယ်တွေနဲ့ ဘယ်သူတွေ နေရမှာလဲ ဆိုတာ မေးပါ။ အဖြေတွေကို စာရွက်အကြီးကြီး တစ်ရွက်ပေါ်မှာ ရေးမှတ်ပါ။

**ပြန်စစ်မေးမြန်းခြင်း။** လူတစ်ဦးချင်းစီက ဆိုးကျိုးနဲ့ ကောင်းကျိုး နှိုင်းယှဉ်ပြီ ဘယ်လိုမြင်တယ်ဆိုတာ ကို မေးမြန်းပါ။ အကျိုးအမြတ်တွေကို တိုးလာပြီး ဆိုးကျိုးတွေ လျော့သွားအောင် ဘာလုပ်လို့ ရမယ်ဆိုတာ ဆွေးနွေးပါ။

↳ စီမံကိန်းက လူတွေ ကို အမှန်တကယ် အကျိုးကျေးဇူး တွေ ပေးနိုင်မှာလား။ ဒါမှ မဟုတ် ဒီလူစုကနေ စီမံကိန်းကို ရပ်တန့်ဖို့ အတူတကွ တောင်းဆိုဖို့ ပြင်ဆင်သင့်သလား။

↳ အခြား ဘယ်လို နည်းလမ်းတွေက အကျိုးအမြတ်တွေ ပိုရစေပြီး ဆိုးကျိုးတွေကို နည်းစေမလဲ။



## ရောမစီမံကိန်းများ၏ အန္တရာယ်ရှိသော အကျိုးဆက်များ

တခါတရံမှာ ဒေသခံလူထုက ဖွံ့ဖြိုးရေးစီမံကိန်း အကြီးကြီးတွေကို သူတို့ လတ်တလော လိုအပ်နေတဲ့ အလုပ်အကိုင် တွေ ရရှိတဲ့အတွက် ဝမ်းသာကြိုဆိုလေ့ရှိတယ်။ ဒီ ရောမစီမံကိန်းကို တည်ဆောက်တဲ့ သူတွေက ကျောင်းဆောက်ပေးဖို့၊ ရေပေးဝေရေး စနစ်တွေ လုပ်ပေးဖို့၊ ဒါမှ မဟုတ် အခြေခံလူထု လိုချင်ကြတဲ့ အခြား **အဆောက်အဦ**တွေ ပေးဖို့ ကတိကဝတ် တွေလည်း ပေးလေ့ရှိကြတယ်။ ဒါပေမယ့် အချိန်ကြာလာတာနဲ့ အမျှ အခြေခံလူထုက ကောင်းကျိုးထက် ဆိုးကျိုးတွေက ပို များတာကို သိရှိလာကြတယ်။ အဲဒီအခါ သူတို့ ရဲ့ မြေယာတွေ နဲ့ သယံဇာတတွေ ဆုံးရှုံးရတာကို နမြောစိတ်ဝင်လာကြတယ်။




## ရောမစီမံကိန်းကြီးတွေက အန္တရာယ်ရှိတဲ့ ဆိုးကျိုးပေါင်းစုံကို ဖြစ်ပေါ်စေတယ်။



နေအိမ်ဆုံးရှုံးမှု နှင့် မြေယာဆုံးရှုံးမှု



ညစ်ညမ်းမှု



ဆင်းရဲမွဲတေမှု



အသက်မွေးမှု လုပ်ငန်း ဆုံးရှုံးမှု



ယဉ်ကျေးမှုတွေ ပြိုကျပျက်စီးခြင်း

အာရှဖွံ့ဖြိုးရေးဘဏ် နဲ့ အလှူရှင်နိုင်ငံတွေက သူတို့ အလုပ်လုပ်နေကြတာ
ဖွံ့ဖြိုးဆဲနိုင်ငံတွေ အတွက် လို့ ထင်ချင်ထင်နေမယ်။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်မှု
ဆိုတာ စီးပွားရေးမှာ ကြီးထွားလာတာ တစ်ခုတည်းကို ပြောတာမဟုတ်ဘူး။
ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ လူ့အခွင့်အရေးတွေ နဲ့
သဘာဝပါတ်ဝန်းကျင် ကိုလည်း အကာအကွယ် ပေးကို ပေးရတယ်။





## ဖြစ်ရပ်။ ဆည်တည်ဆောက်ပြီးသောအခါ ဘန်းမိုင်ရွာ၏ ဒုက္ခ

ဘန်းမိုင်ရွာဆိုတာ လာအိုနိုင်ငံ အလယ်ပိုင်းက ဟင်ဘွန်း မြစ် ပေါ်မှာ ရှိပါတယ်။ ၁၉၉၈ ခုနစ်မှာ သွန်-ဟင်ဘွန်း ရေအားလျှပ်စစ် စီမံကိန်းကို တည်ဆောက်ဖို့ အာရှဖွံ့ဖြိုးရေးဘဏ်ကနေ ငွေထုတ်ပေးပြီး အကူအညီ ပေးခဲ့ပါတယ်။ ဒီစီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် သွန်မြစ်ပေါ်မှာ ဆည်တစ်ခုကို ဆောက် ပြီးတော့ ရေတွေကို တောင်ပေါ်ကနေ လွှတ်ချလိုက်ပြီး လျှပ်စစ်ဓါတ်အားကို ထုတ်လုပ်ပါတယ်။ အဲဒီရေတွေကို ပိုက်လိုင်းနဲ့ လွှဲပြောင်းသွယ်ယူပြီး နမ်းမိုင်မြစ် ထဲကို တစ်ခါ ပို့ပြီး နမ့်ဟင်ဘွန်းမြစ်ထဲကို စီးဝင်စေပါတယ်။

အခုအခါမှာ ဆိုရင် နမ့်ဟိုင် နဲ့ နမ့်ဟင်ဘွန်းမြစ် တွေမှာ ယခင် ဆည်မဆောက်မီ ကထက် ရေတွေ ပိုများနေပါတယ်။ အခုဆိုရင် ပိုပြီးရေစီးမြန်လာသလို ရွှံ့ညွှန်တွေနဲ့ ပိုနောက်ကျိနေပါပြီ။

မြစ်ထဲမှာ ရှိနေတဲ့ ဒီပြောင်းလဲမှုဟာ လူပေါင်းများစွာကို ထိခိုက်စေခဲ့ပါတယ်။ အရင်ကဆိုရင် ငါးဖမ်းလုပ်ငန်းကို သူတို့ရဲ့ အသက်မွေးဝမ်းကြောင်းအတွက် မှီခိုခဲ့တဲ့ ဘန်းမိုင် က ရွာသူရွာသား တွေက ဆည်မဆောက်ခင်က မြစ်ထဲမှာ ငါးတွေ အများကြီး ရှိခဲ့တယ်လို့ ပြောပါတယ်။ ခြောက်သွေ့တဲ့ ရာသီမှာတောင် ငါးတွေနေဖို့ မြစ်ချောင်းတစ်လျှောက်မှာ ရေကန်အနက်ကြီးတွေရှိပါတယ် ။ဒါပေမယ့် ဆည်ဆောက်ပြီးတဲ့အခါမှာ မြစ်ထဲမှာ ငါးတွေ နည်းသွားခဲ့ ပါတယ်။ အရင်ကငါးတွေ နေခဲ့ကြတဲ့ ရေကန်နက်နက်တွေမှာ အခုဆိုရင် အနည်ကျလာတဲ့ ရွှံ့တွေနဲ့ ပြည့်နေတော့တယ်။ အခုဆိုရင် ဘန်းမိုင်ရွာ နဲ့ မြစ်ပေါ်ရှိ အခြားရွာတွေ က လူတွေဟာ ငါးသေးသေးလေး တွေကို သာ ဖမ်းမိတော့တယ်။

ဆည်ကြောင့် ရေကြီးမှုကိုလည်း ပိုမိုဖြစ်စေပါတယ်။ ရေကြီးရေလျှံမှုကြောင့် မိသားစု အများအပြားဟာ မိုးရာသီတိုင်း သူတို့ရဲ့ စပါးပင်တွေကို ဆုံးရှုံးရတယ်။ ရေကြီးတာတွေကလည်း အရင်ကထက် အချိန်ပိုကြာကြာ နဲ့ မကြာမကြာ ဖြစ်လေ့ရှိတယ်။ ဆည်ဆောက်ပြီးကတည်းက နမ့်ဟင်ဘွန်းမြစ်၏ ကမ်းပါးများလည်း ပို၍ပို၍ တိုက်စားပြိုကျ လာခဲ့တယ်။အဲဒါဟာ မြစ်ထဲမှာ ရေတွေ ယခင်ထက် များပြားစွာ ရှိနေပြီး မကြာခဏ  ရေတက်လိုက်ကျလိုက် ဖြစ်နေခြင်းကြောင့် လို့ ရွာသားတွေက ပြောကြပါတယ်။ ရွာသူရွာသားတွေဟာ ယခင်ကလိုမျိုး မြစ်ကမ်းပါးဘေး တစ်လျှောက်မှာ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတာတွေကို မလုပ်နိုင်ကြတော့ပါဘူး။

သွန်-ဟင်ဘွန် ရေအားလျှပ်စစ် ထုတ်လုပ်ရေး စီမံကိန်းကို ပိုင်ဆိုင်တဲ့ ကုမ္ပဏီ ကတော့ ဘန်းမိုင် ရွာသူရွာသား တွေကို သူတို့ရဲ့ မြစ်နဲ့ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းမှုတွေ ဆုံးရှုံးတဲ့ အတွက် လျော်ကြေးငွေ အချို့ ပေးပြီးပါပြီ။ ဒါပေမယ့် အဲဒါက တကယ် ထိုက်တန် ကောင်းမွန်စွာ နေထိုင်ဖို့ လုံလောက်တဲ့ ပမာဏ မဟုတ်ပါဘူး။ လူတွေ အများကြီးဟာ ယခင်ထက် များစွာပိုမိုပြီး ဆင်းရဲလာကြပါတယ်။

## ဒီဖြစ်ရပ်ကနေ ဘာတွေ လေ့လာ တွေ့ရှိရလဲ

သွန်-ဟင်ဘွန် ရေအားလျှပ်စစ် စီမံကိန်း ကနေ ဒေသခံလူထုက သူတို့ရဲ့ အစာအာဟာရ နဲ့ အသက်မွေးဂမ်းကြောင်း အတွက် မှီခိုအားထားနေရတဲ့ သဘာဝပါတ်ဝန်းကျင် ကို အလွန်ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခဲ့ပါတယ်။ အဲဒီ စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်က ငွေထုတ်ချေးခဲ့တာပါ။ ဒေသခံတွေရဲ့ အသက်မွေး ဝမ်းကျောင်းမှုတွေ နဲ့ ဖြစ်ခဲ့တဲ့ ပျက်စီးဆုံးရှုံးမှု တွေကို အသစ် ပြန်လည် တည်ဆောက်ပေးဖို့ အာရှဖွံ့ဖြိုးရေးဘဏ်မှာ တာဝန်ရှိတယ်လို့ ဒေသခံ ပြည်သူလူထုက ယုံကြည်ပါတယ်။



## ဆွေးနွေးရန် မေးခွန်းများ

- ↳ ဒီဖြစ်ရပ်မှာ ဘယ်သူတွေရဲ့ အခွင့်အရေးတွေချိုးဖောက်ခြင်းခံခဲ့ရသလဲ။ ဘယ်လိုချိုးဖောက်ခြင်းခဲ့ရသလဲ။
- ↳ လျော်ကြေးရတာဟာ လူတွေရဲ့ အခွင့်အရေးတွေ ထိပါးဖျက်ဆီးခံရတာကို ပြန်လည် ကုစားနိုင်ပါသလား။
- ↳ ထိခိုက်ပျက်စီးမှု ပိုနည်းစေမယ့် အခြားနည်းလမ်းတွေက ဘာတွေ ဖြစ်နိုင်မလဲ။

## ၁.၂။ လူ့အခွင့်အရေးများ ဆိုတာ ဘာတွေလဲ

ကျွန်ုပ်တို့ လူသားတိုင်းမှာ လုံလောက်တဲ့ အစားအစာ၊ သန့်ရှင်းတဲ့ရေ၊ နေမကောင်းဖြစ်တဲ့အခါ ဆေးဝါးကုသခွင့် စတဲ့ အခြေခံ လိုအပ်ချက်တွေ ရှိကြတယ်။ အားလုံးမှာ သူတစ်ပါး၏ တိုက်ခိုက်မှုခံရခြင်းမှ ကင်းဝေးခြင်း၊ ကျွန်ုပ်တို့၏ သူငယ်ချင်းများ၊ မိသားစုများနှင့် အတူတကွ ရှိနေခွင့်၊ ယုံကြည်တာတွေ တွေးတောဆင်ခြင် တာတွေကို ထုတ်ဖော်ပြောဆိုခွင့်၊ လုံခြုံတဲ့ နေအိမ်ပိုင်ဆိုင်ခွင့် နဲ့ ကျွန်ုပ်တို့ရဲ့ ဘာသာတရားတွေကို ကျင့်သုံးခွင့် စတဲ့ အခြေခံ လွတ်လပ်မှုတွေလည်း ပိုင်ဆိုင်ကြတယ်။ လူသားတိုင်းမှာ လူသားတစ်ယောက် ဖြစ်ရခြင်းရဲ့ အနှစ်သာရနဲ့ အခြားသူများရဲ့ လေးစားမှုကို ထိုက်တန်ခြင်း ဆိုတဲ့ **လူ့ဂုဏ်သိက္ခာ** ရှိကြတယ်။




ကျွန်ုပ်တို့ရဲ့ အခြေခံ လိုအပ်ချက်တွေ ကို ရရှိပိုင်ခွင့်၊ အခြေခံ လွတ်လပ်မှုတွေကို ခံစားခွင့် နဲ့ လူ့ဂုဏ်သိက္ခာနဲ့ အညီ နေထိုင်ခွင့်တွေ အားလုံးဟာ **လူ့အခွင့်အရေးတွေ** ဖြစ်တယ်။

ယောက်ျား မိန်းမ၊ လူကြီး လူငယ်၊ ဆင်းရဲ ချမ်းသာ မရွေး ဘာသာ မရွေး၊ဘယ်လိုနေရာဒေသမှာဘဲ မွေးဖွားခဲ့ မွေးဖွားခဲ့ နေရာဒေသတိုင်းမှာ လူသားတိုင်းအတွက် လူ့အခွင့်အရေး ရှိတယ်။ ကျွန်ုပ်တို့ရဲ့ လူ့ဂုဏ်သိက္ခာ လိုဘဲ ကျွန်ုပ်တို့ရဲ့ အခွင့်အရေးတွေကို ဘယ်သူမှ ယူလို့မရဘဲ အမြဲလေးစားလိုက်နာကြရမယ်။

## လူ့အခွင့်အရေး ဘယ်ကလာသလဲ

မတူညီတဲ့ လူသားတွေနဲ့ ယဉ်ကျေးမှုတွေ မှာ ကွဲပြားခြားနားတဲ့ စံတန်ဖိုး တွေ ကမ္ဘာကြီး အပေါ်မှာ မတူညီတဲ့ နားလည်မှုတွေ ရှိတယ်။ လူအများစုက သူတို့နဲ့ သူတို့ ပါတ်ဝန်းကျင်က လူတွေမှာ မွေးရာပါ လူ့ဂုဏ်သိက္ခာ ရှိကြပြီး အဲဒါကို လေးစားကြရမယ်လို့ ယုံကြည်ကြတယ်။ လူ့အခွင့်အရေးဆိုတာ တစ်ကမ္ဘာလုံးက လူ့အဖွဲ့အစည်း အသီးသီးမှာ ရှိတဲ့ အဲဒီ အခြေခံ လေးစားမှု ပုံစံ တစ်ခု ဖြစ်တဲ့ ဘုံ ယုံကြည်မှုကနေ ဆင်းသက်လာတယ်။

ကံမကောင်းစွာဘဲ လူတွေဟာ အုပ်ချုပ်သူတွေ၊ စစ်တပ်တွေရဲ့ အာဏာ ထိန်းချုပ်နိုင်ရန် ကြိုးစားမှုတွေ ကြောင့် ဆိုးရွားတဲ့ ဒုက္ခတွေကို သမိုင်း တစ်လျှောက်လုံးမှာ ခံစားခဲ့ကြရတယ်။ ဉပမာ - ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား စတဲ့ အာရှက နိုင်ငံ အများစုမှာ ရက်စက်တဲ့ အာဏာရှင်တွေ နဲ့ နေလာခဲ့ကြရတယ်။ သူတို့ရဲ့ နိုင်ငံသားများဟာ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခံရခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်း၊ ဝင်ပြတ်ခြင်း နဲ့ သေလောက်အောင် အလုပ်လုပ်ရခြင်း တို့ကို ခံစားခဲ့ကြရတယ်။ ဒီလို အဖြစ်ဆိုးတွေကနေ ဒီလို အကြမ်းဖက်မှုတွေကို ကာကွယ်ဖို့ အတွက် ဒီဉပဒေ ရှိသင့်တယ်လို့ လူအများက ယုံကြည် လာစေခဲ့ပါတယ်။ အခုဆိုရင် အစိုးရတွေဟာ တိကျတဲ့ အခြေခံ ဉပဒေသတွေကို လိုက်နာပြီး သူတို့ရဲ့ နိုင်ငံ အတွင်းမှာ ရှိတဲ့ သူတိုင်း ရဲ့ လူ့အခွင့်အရေးတွေကို လေးစားဖို့နဲ့ ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ အဲဒီ ဉပဒေသတွေ တော့ **လူ့အခွင့်အရေး ဉပဒေ** ဘဲဖြစ်ပါတယ်။

လူ့အခွင့်အရေး ဆိုတာ လူတိုင်းရဲ့ မွေးရာပါ ရပိုင်ခွင့်ဖြစ်တယ်။ ဒါပေမယ့် အစိုးရတွေကို လူ့အခွင့်အရေး ဉပဒေကို ပြဋ္ဌာန်း လိုက်နာစေဖို့ အတွက် လူသားတွေ ရုန်းကန်ခဲ့ကြရတယ်။ နောက်ပြီး အစိုးရတွေ၊ ကော်ပိုရေးရှင်းကြီးတွေ နဲ့ အခြား အဖွဲ့အစည်းတွေက လူ့အခွင့်အရေးတွေကို လေးစားပြီး ကာကွယ်စောင့်ရှောက်စေဖို့ လူတွေက ဆက်လက် တိုက်ပွဲဝင်ဖို့ မဖြစ်မနေ လိုအပ်တယ်။








## ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း

ကမ္ဘာ့ကုလသမဂ္ဂ သည် ကမ္ဘာပေါ်ရှိ နိုင်ငံ အားလုံးနီးပါး ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာ အဖွဲ့အစည်း တစ်ခုဖြစ်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ ပဋိပက္ခများ ကို တားဆီးရန်၊ စီးပွားရေး **ဖွံ့ဖြိုးတိုးတက်မှု**ကို ကူညီပံ့ပိုးရန် နှင့် လူ့အခွင့်အရေးကို မြှင့်တင်ရန်ဖြစ်သည်။

ဒုတိယကမ္ဘာစစ် ကြီးအပြီးတွင် ကမ္ဘာ့နိုင်ငံများ ရှိ လူသန်းပေါင်း များစွာသည် ဆိုးရွားသော အခြေအနေ ဖြင့် သေကြေ ဒုက္ခရောက်ခဲ့ ကြသည်။ ထို့ ကြောင့် ကမ္ဘာ့ကုလသမဂ္ဂကို စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် နိုင်ငံများကထိုကဲ့သို့ ရက်စက်ရိုင်းစိုင်းမှု မျိုး နောက်ထပ် မဖြစ်ပေါ်ရန် တားဆီး ကာကွယ်ဖို့ သဘောတူညီကြသည်။ ၎င်းနိုင်ငံများ သည် တိကျသော အခြေခံ အခွင့်အရေးအချို့ ကို လိုက်နာကြရန် သဘောတူညီကြပြီး ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း ကို ရေးသားပြုစုခဲ့ကြသည်။ (စာမျက်နှာ **၁၈၉** တွင် ၎င်းကို ဖတ်ရှုနိုင်ပါသည်။)

ကမ္ဘာ့ လူ့အခွင့်အရေး ကြေငြာစာတမ်း သည် အလွန် အရေးကြီးသော စာတမ်းတစ်စောင် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ရဲ့ အခွင့်အရေးတွေကို စာရွက်ပေါ်မှာ မှတ်တမ်းတင်ထားရုံဖြင့် ဒီအခွင့်အရေးတွေကို ကာကွယ်ပေးမယ် ဆိုတာတော့ မသေချာပါဘူး။ ကြေငြာချက်ထုတ်ရုံ၊ ဥပဒေပြုရုံ လောက်နဲ့ တော့ အခွင့်အရေးတွေကို လေးစားတယ်လို့ မပြောနိုင်ပါဘူး။

ကမ္ဘာ့ လူ့အခွင့်အရေး ကြေငြာစာတမ်း မှာ ကျန်းမာရေးစောင့်ရှောက်မှု နဲ့ အသက်ရှင်နေထိုင်ခွင့် စတဲ့ အလွန်အခြေခံ ကျတဲ့ အခွင့်အရေးတွေကို ကာကွယ်ဖို့ ရေးသားဖေါ်ပြထားပါတယ်။ နိုင်ငံတိုင်း ဟာဒီအခြေခံ အခွင့်အရေးတွေကို ဥပဒေအရ လေးစား လိုက်နာကြရမယ်။

လူအများကို သတ်ဖြတ်ခြင်း နှင့် နှိပ်စက်ညှင်းပန်းခြင်း စတဲ့ အလွန်တရာကြမ်းတမ်း ရက်စက်မှုတွေဟာ **လူ့အခွင့်အရေး ချိုးဖောက်မှု** တစ်မျိုးဘဲဖြစ်တယ်။ ဒါကို အစိုးရတွေက မဖြစ်အောင် တားဆီးဖို့ တာဝန်ရှိတယ်။ အလွန်တရာ ရေနှင့်အစားအစာ ကို ဆာလောင် ငတ်မွတ်ခြင်း၊ **နေရာမှ ဖယ်ရှားခံရခြင်း** နှင့် ပညာသင်ကြားခွင့် မရရှိခြင်းဟာလည်း အကြမ်းဖက်မှုတွေပါဘဲ။ ဒီလိုပြဿနာတွေမဖြစ်လာအောင် တားဆီးပေးဖို့ အစိုးရမှာ တာဂန်ရှိပါတယ်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေငြာစာတမ်းကို ရေးသားပြုစုပြီး မကြာမီမှာပင် စောင့်ရှောက် ကာကွယ်မှု မပေးထားသေးသော အခွင့်အရေးများ များစွာ ကျန်ရှိနေသေးကြောင်းကို လူတိုင်း ရှင်းလင်းစွာ သိရှိလာကြသည်။ အထူး အကာကွယ်များ လိုအပ်နေသေးသော အမျိုးသမီး အခွင့်အရေးများ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ နှင့် အခြေခံ လိုအပ်ချက်များဖြစ်သော အစားအစာ နှင့် ရေ ရရှိရေး အတွက် အခွင့်အရေးများ စသည်တို့သည်လည်း မေးခွန်းထုတ်စရာ ဖြစ်လာသည်။ ၎င်းတို့သည်လည်း လူ့ဂုဏ်သိက္ခာ၏ အစိတ်အပိုင်းများဖြစ်ကြသည်။ သို့သော် ၎င်းတို့ကို  အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းတွင် ထည့်သွင်းစဉ်းစား ခဲ့ခြင်း မရှိပေ။

ထိုကဲ့သို့ စဉ်းစားတွေးခေါ်လာမှု  များကြောင့် **စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဓလေ့ထုံးတမ်းဆိုင်ရာယဉ်ကျေးမှု အခွင့်အရေးများ နှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ** စသည့် အခြား အခွင့်အရေးများကို ဥပဒေ ကြောင်းအရ လက်ခံကာကွယ်ပေးရန် တောင်းဆိုလှုပ်ရှားမှုများ ပေါ်လာသည်။ သာဓကအားဖြင့် ဆိုလျှင် နိုင်ငံသားများ နှင့် နိုင်ငံရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အခွင့်အရေး စံချိန်စံညွှန်းများ (ICCPR)၊ စီးပွားရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများ (ICESCR)၊ အမျိုးသမီးများအား ဖိနှိပ်ခွဲခြားဆက်ဆံခြင်း မှ ရပ်တန့်ရေး သဘောတူညီချက်များ (CEDAW-စီဒေါ်) စသည့်  သဘောတူညီမှု များ မှာ ထိုလှုပ်ရှားမှုများကြောင့်ဖြစ်လာခြင်းဖြစ်သည်။ (ထိုကဲ့သို့ သဘောတူညီချက် များကို ပိုမိုသိရှိလိုပါက စာမျက်နှာ **၁၈၉** ကို ကြည့်ပါ။)



## လူ့အခွင့်အရေး လှုပ်ရှားတောင်းဆိုမှု




နိုင်ငံရေးဆိုင်ရာ အခွင့်အရေး




လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး




စီးပွားရေးဆိုင်ရာ အခွင့်အရေး




သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး

## နိုင်ငံတကာ ဥပဒေပါ လူ့အခွင့်အရေးများ

ကမ္ဘာ့အဝှမ်းရှိ အစိုးရများသည် မည်သည့် လူ့အခွင့်အရေးကို အသိအမှတ်ပြုပြီး နိုင်ငံတကာဥပဒေတွင် ထည့်သွင်း စောင့်ရှောက်သင့်သင်ကို ယခုထိ အငြင်းပွားဆဲပင် ရှိနေကြသေးသည်။ တစ်ချိန်တည်းမှာပင် အကျိုးတူအသင်းအဖွဲ့ ပိုင်စီးပွားရေး လုပ်ငန်းကြီးများ နှင့် အခြား ပုဂ္ဂလိက အကျိုးစီးပွား အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကို အစိုးရများက ကူညီအားပေးလျက်ရှိနေသေးသည်။



ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း တွင် ဤ အခွင့်အရေးများ နှင့် လွတ်လပ်ခွင့် များကို လေးစား လိုက်နာရန် လူ့အဖွဲ့အစည်း၏ အင်္ဂါအစိတ်အပိုင်း အားလုံးက စွမ်းစွမ်းတမံ အားပေး ဆောင်ရွက်သွားမည် ဟု ပြောသည်။ အဲဒါက ဘယ်သူမှ လူ့အခွင့်အရေးကို ထိပါးခွင့် သို့မဟုတ် ချိုးဖောက်ခွင့် မရှိဘူးဆိုတာကို ပြတာပါ။ အစိုးရ (**နိုင်ငံတော်အဆင့် လုပ်ရှားဆောင်ရွက်သူတွေ** လို့ တစ်ခါတစ်ရံခေါ်ကြတယ်) ဟာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို လက်ကိုင်ထား စောင့်ထိန်းဖို့ တာဝန်ရှိပါတယ်။ စီးပွားရေးအရ အကျိုးတူအသင်းအဖွဲ့ တွေ၊ **အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ**၊ ဌာနေတိုင်းရင်းသားတွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဖွဲ့တွေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း နဲ့ တစ်သီးပုဂ္ဂလ အဖွဲ့တွေ (**အစိုးရမဟုတ်သော လုပ်ရှားဆောင်ရွက်သူများ**ဟု ရံဖန်ရံခါခေါ်ကြတယ်) ဟာ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ နဲ့ ညီညွတ်အောင် ကျင့်သုံးဖို့ တာဝန်ရှိတယ်။

ဘယ်အခွင့်အရေးတွေ က ကျွန်ုပ်တို့ရဲ့ အခြေခံလူထု နဲ့ မိသားစုတွေ အတွက် အရေးအကြီးဆုံးဖြစ်တယ်၊ ဒီအခွင့်အရေးတွေကိုဘယ်လို မြှင့်တင်သင့်တယ် ဆိုတာကို အစိုးရတွေကို ကျွန်ုပ်တို့က သင်ကြားပေးဖို့ လိုတယ်။ ဒီလိုလုပ်ခြင်း အားဖြင့် အချိန်ကြာလာတဲ့ အခါ ကျွန်ုပ်တို့ ရဲ့ အခွင့်အရေးတွေ ကို နားလည် ပြီးစောင့်ရှောက် ပေးဖို့ အစိုးရတွေ နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ အပေါ် ပြောဆိုပြောင်းလဲစေရာ မှာ ကျွန်ုပ်တို့ ကိုယ်တိုင် ပါဝင်လုပ်ကိုင်နိုင်လာမယ်။

၂၀၀၇ ခုနှစ်မှာ ကုလသမဂ္ဂဟာ ဌာနေတိုင်းရင်းသားများ ရဲ့အခွင့်အရေး ကြေငြာစာတမ်း ကို သဘောတူ လက်ခံ ခဲ့တယ်။ (စာမျက်နှာ **၅၇/** နှင့် **၁၈၉/**တွင်ကြည့်ပါ)။ အဲဒီကြေငြာချက်ကို လက်ခံကျင့်သုံးတဲ့ အစိုးရတွေ က အခုဆိုရင် ဌာနေ**တိုင်းရင်းသား**တွေနဲ့ သူတို့ရဲ့ ပိုင်နက် နယ်နမိတ် တွေ၊ ယဉ်ကျေးမှုတွေ ကို ယခင်ကနဲ့ မတူ စောင့်ရှောက် ထိန်းသိမ်း ပေးကြရပါမယ်။ ကံဆိုးစွာဘဲ ဒီသဘောတူညီချက်ကို စာရွက်ပေါ်မှာ လက်မှတ်ထိုးထားပေမယ့် အစိုးရတွေနဲ့ အကျိုးစီးပွားတူလုပ်ငန်း စုကြီးတွေ က ဒီ အခွင့်အရေးတွေကို ချိုးဖောက်နေဆဲဘဲ။

၂၀၁၀ ခုနှစ်မှာ ဆိုရင် လူသိများထင်ရှားတဲ့ နှစ်ရှည် ဖိအားပေးမှုတွေ ကြောင့် ကုလသမဂ္ဂကနေ ရေ နဲ့ တစ်ကိုယ်ရေသန့်ရှင်းမှု အတွက် လူ့အခွင့်အရေးကို ကြေငြာဖော်ထုတ်ခဲ့ရတယ်။ အဲဒါက ရေဆိုတာ လူတစ်ချို့ အတွက် ဖိမ်ခံပစ္စည်းမဟုတ်ဘူး၊ လူတိုင်းရဲ့ ရပိုင်ခွင့် အခွင့်အရေး တစ်ခု ဖြစ်ကြောင်း ကို ကုလသမဂ္ဂ ကနေ အသိအမှတ်ပြုပေးခဲ့ရတာ။ အခုဆိုရင် အစိုးရတိုင်းက လူတိုင်း သန့်ရှင်းတဲ့ရေ နဲ့ တစ်ကိုယ်ရေသန့်ရှင်းရေး ကို သေသေချာချာ လက်လှမ်းမီအောင် အင်တိုက်အားတိုက် ဆောင်ရွက်ကြရတယ်။ စိတ်မကောင်းစွာဘဲ သန်းထောင်ချီတဲ့ပြည်သူတွေ ဒီအခွင့်အရေးတွေကို ပြည့်ပြည့်ဝဝ ခံစားရရှိဖို့အတွက် ကတော့ အတားအဆီးများစွာ ရှိနေသေးတယ်။

လူ့အခွင့်အရေးကို စောင့်ရှောက်တဲ့ အစိတ်အပိုင်းတစ်ခု ကတော့ဒီအခွင့်အရေးတွေကို ဥပဒေတွေဖြစ်လာအောင်၊ ဖြစ်ပေါ်လာတဲ့ ဥပဒေတွေကိုလက်တွေ့ကျင့်သုံးလာအောင် နဲ့ ဒီအခွင့်အရေးနှင့်ဥပဒေတွေက ကျွန်ုပ်တို့ကို အမှန်တကယ်အကာအကွယ်ပေးလာ နိုင်အောင် ကြိုးစားလုပ်ဆောင်ဖို့လိုအပ်တယ်ဆိုတာကို သိရှိနားလည်ဖို့လိုအပ်ပါတယ်။

## စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေး

ကမ္ဘာ့ လူ့အခွင့်အရေး ကြေငြာစာတမ်း နဲ့ အခြား လူ့အခွင့်အရေး ဥပဒေတွေ မှာ အစိုးရက ပြည်သူတွေရဲ့ လူ့အခွင့်အရေး တွေကို လေးစားလိုက်နာရန်၊ ကျင့်သုံးရန်၊ စောင့်ရှောက်ရန် နှင့် ပေးအပ်ရန် တာဝန်ရှိတာ ကိုသာ အလေးထားကြတယ်။ ဘာဘဲဖြစ်ဖြစ် ဒီတာဝန်တွေကို ထမ်းဆောင်ရမှာက အစိုးရတစ်ခုတည်း မဟုတ်ဘူး။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေ၊ ဘဏ်တွေ နဲ့ စီးပွားရေးအကျိုးတူ စုပေါင်းဖွဲ့စည်းထားတဲ့ ကော်ပိုရေးရှင်းကြီးတွေ မှာလည်း သူတို့ရဲ့ အပြုအမူနဲ့ လုပ်ငန်းတွေ အားလုံးအတွက် လူ့အခွင့်အရေးကို လေးစားလိုက်နာဖို့ တာဝန်ရှိတယ်။

၂၀၀၅ ခုနှစ်မှာ ကုလသမဂ္ဂက ဂျွန်ရက်ဂေး လို့ခေါ်တဲ့ ပါမောက္ခ တစ်ယောက်ကို စီးပွားရေး နဲ့ လူ့အခွင့်အရေး ဆိုင်ရာ အထူး ကိုယ်စားလှယ် ရာထူးပေးခဲ့ ဘူးတယ်။ ဘာလုပ်ဖို့လဲဆိုတော့ စီးပွားရေးလုပ်ငန်းတွေ ရဲ့ လုပ်ကိုင်ဆောင်ရွက်မှု

တွေကြောင့်ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကနေ လူ့အခွင့်အရေးကို ထိခိုက်စေတာကို ကာကွယ်ပေးဖို့ အစိုးရတွေ နဲ့ စီးပွားရေးလုပ်ငန်းတွေ ရဲ့ တာဝန်ဝတ္တရားတွေကို သတ်မှတ်ဖော်ထုတ်ပေးဖို့ ဖြစ်တယ်။

ရက်ဂေးက စီးပွားရေးလုပ်ငန်းတွေ နဲ့ လူ့အခွင့်အရေး အခြေခံလုပ်ထုံးလုပ်နည်း တစ်ခုကို ပြုလုပ်ပေးခဲ့တယ်။ အဲဒါကို "ကာကွယ်ခြင်း၊ လေးစားခြင်း နှင့် ပြန်လည်ကုစားခြင်း" လို့လည်း သိကြတယ်။ ဒီအခြေခံ လုပ်ထုံးလုပ်နည်း က အစိုးရတွေ စီးပွားရေးလုပ်ငန်းတွေ နဲ့ သာမန်လူတွေ လူ့အခွင့်အရေးကို စောင့်ရှောက်ဖို့ လုပ်နိုင်တဲ့ လုပ်ရမယ့် အရာတွေကို သတ်မှတ်ဖော်ထုတ်ပေးတယ်။

- ↳ အစိုးရတွေ က လူတွေကို စီးပွားရေးအကျိုးတူ လုပ်ငန်းစုကြီးတွေ (ကော်ပိုရေးရှင်းကြီးတွေ) ရဲ့ **လူ့အခွင့်အရေး ချိုးဖောက်မှုတွေ**ကနေ ကာကွယ်ပေးရမယ်။




- ↳ စီးပွားရေးလုပ်ငန်းတွေက သူတို့ရဲ့ အပြုအမူဆောင်ရွက်ချက် အားလုံးမှာ လူတိုင်းရဲ့ အခွင့်အရေးတွေကို လေးစားလိုက်နာကျင့်သုံး ရမယ်။

- ↳ မိမိရဲ့အခွင့်အရေး ချိုးဖောက်ခြင်းခံရတယ်လို့ ခံစားရတဲ့ ပြည်သူတွေက ထိရောက်တဲ့ **ပြန်လည်ကုစားမှု**တွေ ကို သေချာပေါက် ရရှိနိုင်ရမယ်။ (ပြန်လည်ကုစားမှုဆိုတာ လူ့အခွင့်အရေးချိုးဖောက်မှုခံရတဲ့ ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့အခွင့်အရေးချိုးဖောက်ခံရမှုပြဿနာ ပြေလည်ရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခဲ့သည့် အစိုးရ (သို့) စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ် **တာဝန်ယူမှုနှင့် တာဝန်ခံမှု**များ ရှိလာစေရန်အတွက် တရားရုံး (သို့) **နစ်နာမှုများ တိုင်ကြားခြင်းစနစ်** မှတဆင့် တိုင်ကြားတောင်းဆိုခြင်းကို ဆိုလိုခြင်းဖြစ်တယ်။)

ကုသမဂ္ဂက ဒီ အခြေခံဘောင်ကို ၂၀၀၈ ခုနှစ်မှာ လက်ခံလိုက်နာခဲ့တယ်။ ပြီးတော့ စီးပွားရေးနဲ့ လူ့အခွင့်အရေး ဆိုင်ရာ အခြေခံ လမ်းညွှန်ချက်ကို ရေးဆွဲခဲ့တယ်။ ဒီအခြေခံ လမ်းညွှန်ချက်က စီးပွားရေးလုပ်ငန်းတွေ က သူတို့ရဲ့တာဝန်ဖြစ်တဲ့ လူ့အခွင့်အရေး ကို လေးစားလိုက်နာဖို့ ဘယ်လိုလုပ်ရမယ် ဆိုတာတွေကို ရှင်းပြထားပါတယ်။ ကုလသမဂ္ဂ အခြေခံလုပ်ထုံးလုပ်နည်း နဲ့ အခြေခံ လမ်းညွှန် တွေက ပုဂ္ဂလိကပိုင် စီးပွားရေးကဏ္ဍ က လူ့အခွင့်အရေးကို လိုက်နာဖို့ တာဝန်ဝတ္တရားတွေ အပေါ်နိုင်ငံတကာက သတ်မှတ်ထားတဲ့ စံနမူနာ ဖြစ်တယ်။

စိတ်မကောင်းစရာကတော့ ဒီစည်းမျဉ်းတွေကို ကုမ္ပဏီတွေကလိုက်နာလာအောင် ဆောင်ရွက်ဖို့ နည်းလမ်းမရှိသေးဘူး။ အနည်းဆုံးတော့ လူထုက ကုလသမဂ္ဂရဲ့ လုပ်ထုံးလုပ်နည်း တွေကို အသုံးပြုနိုင်မယ်။ သူတို့ရဲ့ လူ့အခွင့်အရေးအခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်မှု ရရန် ရင်ဆိုင်ကြိုးစားမှု တွေမှာ ကုမ္ပဏီတွေကို လူထုကသာ သူတို့ရဲ့ လူ့အခွင့်အရေး ကို လေးစားဖို့ လိုအပ်တယ်လို့ပြောကြတာမဟုတ်ဘူး ဆိုတာပြရာရောက်မယ်။ တကယ့်တကယ်ကတော့ ကမ္ဘာတစ်ဝန်းလုံးမှာ ရှိတဲ့ အစိုးရတိုင်းက ဒီစံချိန်စံညွှန်းတွေကို သဘောတူညီ ပြီးသားပါ။



## လေ့ကျင့်ခန်း

# သင့်ရဲ့ လူ့အခွင့်အရေး အပူချိန် ကို စစ်ဆေးပါ

**ရည်ရွယ်ချက်။** ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခု နဲ့ ပါတ်သက်တဲ့ မတူတဲ့ လူ့အဖွဲ့အစည်းတွေမှာ ရှိတဲ့ လူ့အခွင့်အရေး အခြေအနေတွေကို ဆွေးနွေးပြောဆိုရန်။

**အချိန်။** ၁ နာရီ

**လိုအပ်သည့်ပစ္စည်းများ။** နံရံမှာ ကပ်ဖို့ စာရွက်အကြီးကြီးတွေ၊ ပုံဆွဲစက္ကူ၊ ရောင်စုံ ဆော့ပင်တွေ

၁။ ကျောက်သင်ပုန်းမှာ ဖြစ်ဖြစ် စာရွက်အကြီးကြီး တစ်ရွက်ပေါ်မှာ ဖြစ်ဖြစ် အပူချိန်တိုင်းတဲ့ သာမိုမီတာပုံစံ ကို ၁ ကနေ ၁၀ အထိ အမှတ်အသား တွေ နဲ့ ဒီလို ရေးဆွဲပေးပါ။




ပါဝင်ဆွေးနွေးသူ တွေကို သူတို့ရဲ့ လူ့အဖွဲ့အစည်းတွေမှာ လူ့အခွင့်အရေးတွေ ဘယ်လောက် ရရှိနေလဲ ဆိုတာကို နံပါတ်တွေမှာ အရောင်နဲ့ ဝိုင်းပြခိုင်းပါ။ သုညက ဘာမှ မရဘူး၊ ၁၀ က အာလုံးရနေတယ် ဆိုတဲ့ အဓိပ္ပါယ်ပါ။ ပြီးတော့ လူတွေကို သူတို့ရဲ့ အဖြေကို ပြန်ရှင်းပြခိုင်းပါ။

သူတို့ကို ကောင်းကောင်း လေးစားလိုက်နာ တယ်လို့ သူတို့ ခံစားရတဲ့ အခွင့်အရေး ၂ ခု ၃ ခု နဲ့ မလေးစား မလိုက်နာဘူး လို့ ခံစားရတဲ့ အခွင့်အရေး ၂ ခု ၃ ခု ကို ပြောပြခိုင်းပါ။

၄။ လူ့အခွင့်အရေးဆိုတာ စာရွက်ပေါ်မှာသာ ရှိတာမဟုတ်ကြောင်းကို ထောက်ပြပါ။ လူ့အခွင့်အရေးကို လေ့လာသင်ယူ တာက ကျွန်ုပ်တို့ရဲ့ ဘဝ အတွေ့အကြုံတွေကို စစ်ဆေးနေတာသာဖြစ်တယ်။ လူ့အခွင့်အရေး ရဲ့ အဓိပ္ပါယ်ကို သတ်မှတ်တာလဲ လူတွေရဲ့ နေ့စဉ်ဘဝ အတွေ့အကြုံတွေကနေ တိုင်းတာ သတ်မှတ်တာပါ။

နောက်ထပ် အပူချိန်တိုင်း သာမိုမီတာ တစ်ခု ထပ်ဆွဲပါ။

၆။ ပါဝင်ဆွေးနွေးသူတွေကို သူတို့ ကြုံတွေ့နေတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ထိခိုက်ခံနေရတဲ့ လူ့အခွင့်အရေး ၂ ခု ကို ပိုကောင်းလာတာ ဖြစ်ဖြစ် ပိုဆိုးသွားတာ ဖြစ်ဖြစ် ဖေါ်ပြခိုင်းပါ။ ဉပမာ ကျောင်းအသစ်ကြောင့် မိန်းကလေးငယ် တွေ ကျောင်းပညာရေးကို ပိုရရှိစေတာက ပညာသင်ကြားခွင့် ရရှိမှု ကို အကာအကွယ် ပေးတယ်။ ဒါပေမယ့် ထိပ်ဝဖွင့်ထားတဲ့ သတ္တုတွင်း ကြောင့် အိမ်ယာနေထိုင်မှု၊ အစားအစာရရှိမှု နဲ့ ကောင်းမွန်တဲ့ သဘာဝပါတ်ဝန်းကျင် ရရှိမှု စတဲ့ အခွင့်အရေးတွေကို ချိုးဖောက်တယ်။ အခွင့်အရေးတစ်ခုစီ ကို ဘယ် အတိုင်းအတာ ထိ ဖြည့်ဆည်း ဆောင်ရွက်ပေးတယ်၊ ပစ်ပယ်တယ် ဆိုတာကို အဝိုင်းတွေ ဝိုင်းပြခိုင်းပါ။ ၀ က ဒီအခွင့်အရေးကို ငြင်းပါယ်တာ ဖြစ်ပြီး ၁၀ ဆိုရင် လုံးဝပြည့်စုံအောင် ဆောင်ရွက်ပေးတယ်လို့ အဓိပ္ပါယ်ရမယ်။

**လမ်းညွှန်။** ဒီအပိုင်းကို ချိုးဖောက်ခံရတဲ့ လူ့အခွင့်အရေး တွေကို **စီမံကိန်း ရေးဆွဲဆောင်ရွက်သူတွေ၊** အစိုးရတွေ နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် ADB ကို ဘယ်လို အသိပေးမယ် ဆိုတာကို ဆွေးနွေးပြီး နိဂုံးချုပ်ပါ။

- ↳ သူတို့ လုပ်ရပ်တွေက လူ့အခွင့်အရေးကို ချိုးဖောက်နေတယ် ဆိုတာကို အစိုးရတွေနဲ့ ဒီအဖွဲ့အစည်းတွေ နားလည်လာအောင် ဘာတွေ လုပ်နိုင်လဲ။
- ↳ သူတို့ကို ပြောင်းလဲရန် ဖိအားပေးဖို့ ဘာတွေ လုပ်မလဲ။

## ၁.၃။ ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေး အခြေခံဖြင့် ချဉ်းကပ်ခြင်း

ဖွံ့ဖြိုးရေးစီမံကိန်းတွေကို ငွေကြေးထောက်ပံ့ပေးနေတဲ့ ဘဏ်ကြီးတွေက **ဖွံ့ဖြိုးရေး** မှာ ငွေကြေးနှင့် တိုင်းတာလာတာ နှစ်ပေါင်း ၅၀ ကျော်ရှိပြီဖြစ်တယ်။သူတို့က ပိုက်ဆံအများကြီး မရှိတဲ့သူ မှန်သမျှကို ဆင်းရဲတယ်လို့ သတ်မှတ်တယ်။ ဒီနိုင်ငံတွေက ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ပစ်ဖို့ အတွက် ဒီလို ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း အကြီးကြီးတွေ လိုတယ်လို့လည်း ပြောခဲ့တယ်။ သူတို့က ဆည်အသစ် တစ်ခုဒါမှ မဟုတ် သတ္တုတူးဖေါ်ရေး လုပ်ငန်းတစ်ခုကနေ နိုင်ငံစီးပွားရေး အတွက် ငွေတွေ ပိုမို ရရှိစေပြီး အဲဒီဝင်ငွေကို အချို့သူတွေက ပြန်သုံးတဲ့အခါ (trickle down လို့ ခေါ်တယ်) ဆင်းရဲတဲ့ သူတွေဆီအထိ ပြန်လျှံကျလာလိမ့်မယ် အဲဒါကြောင့် လူတိုင်းကို အကျိုးရှိစေတယ်လို့ တို့တတွေကို ပြောဖို့ ကျိုးစားကြတယ်။

အဲဒီလိုဖြစ်ဖို့ နှစ်များစွာ စောင့်စားခဲ့ကြပြီးတဲ့အခါ မှာ ကမ္ဘာတစ်ဝန်းလုံး ရှိ လူအများဟာ အဲဒီ အရွယ်အစား ကြီးမားတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဖြစ်တဲ့ သတ္တုတွင်းကြီးတွေ၊ ရေနံပိုက်လိုင်းတွေ နဲ့ ဆည်တွေ ရဲ့ အဓိက ရလဒ်က ပိုမိုဆင်းရဲခြင်း နဲ့ ပါတ်ဝန်းကျင်ညစ်ညမ်းခြင်း ဘဲဖြစ်တယ်လို့ ယုံကြည်လာကြပြီ။

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေက အသက်မွေးမှုလုပ်ငန်းတွေ၊ ယဉ်ကျေးမှု နဲ့ သဘာဝပါတ်ဝန်းကျင် ကိုပါ ဖျက်ဆီးတာကို တွေ့ဖူးခဲ့ကြပြီ။ အဲဒါကြောင့် သူတို့က လူ့အခွင့်အရေး နဲ့ ကျွန်ုပ်တို့ ပါတ်ဝန်းကျင်က သဘာဝပါတ်ဝန်းကျင် ကိုပါ အခြေခံထားတဲ့ ဖွံ့ဖြိုးရေး အခြားပုံစံသစ်တစ်ခုကို တောင်းဆို နေကြတယ်။

ဖွံ့ဖြိုးတိုးတက်မှု ရရှိပိုင်ခွင့် ကြေငြာချက် ကို ကုလသမဂ္ဂကနေ ၁၉၈၆ ခုနှစ်မှာ လက်ခံပြဌာန်း ခဲ့ပါတယ်။ အဲဒီမှာ လူတိုင်းဟာ ဖွံ့ဖြိုးရေးကနေ အကျိုးကျေးဇူး ရပိုင်ခွင့် ရှိတယ်လို့ ဆိုထားပါတယ်။ ဒါပေမယ့် ကြေငြာစာတမ်းပါ ဖွံ့ဖြိုးရေး အဓိပ္ပါယ်ဖွင့်ဆိုချက်က အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ မတူပါဘူး။ ဖွံ့ဖြိုးတိုးတက်မှု ရရှိပိုင်ခွင့် ကြေငြာချက်က "ဖွံ့ဖြိုးတိုးတက်ရေး ရဲ့ အဓိကပင်မ ဇာတ်ကောင်က လူသားမျိုးနွယ်တွေ ဖြစ်တယ်၊ အဲဒါကြောင့် ဖွံ့ဖြိုးရေးမှာ လူသားတွေကဘဲ တက်တက်ကြွ ပါဝင်လုပ်ဆောင်ကြ ပြီး ဖွံ့ဖြိုးတိုးတက်မှု ရရှိပိုင်ခွင့် ရဲ့ အကျိုးကျေးဇူးကို ရရှိခံစားသူတွေ ဖြစ်စေရမယ်" လို့ ဖေါ်ပြထားပါတယ်။




ရှေ့လာမယ့် အခန်းတွေမှာ အာရှဖွံ့ ဖြိုးရေးဘဏ် က ကျွန်ုပ်တို့ နိုင်ငံတွေမှာ ဖြစ်ပေါ်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ ဩဇာလွှမ်းမိုးမှု များစွာရှိတာကို တွေ့ရမှာပါ။ အဲဒါကြောင့် အာရှဖွံ့ ဖြိုးရေးဘဏ် ကို ကျွန်ုပ်တို့ရဲ့ လူ့အခွင့်အရေးတွေ၊ သဘာဝပါတ်ဝန်းကျင်တွေ နဲ့ ကျွန်ုပ်တို့ရဲ့ နေ့စဉ်ဘဝတွေ ကို လေးစားလိုက်နာဖို့ တိုက်တွန်းရတာဖြစ်တယ်!

## လူသားတိုင်း၏ လူ့အခွင့်အရေးကို ဆောင်ရွက်ပေးသော ဖွံ့ဖြိုးရေး



ကျန်းမာရေး စောင့်ရှောက်ရေးဌာန



ကလေးပြစု ဌာန



အသေးစား လုပ်ငန်းများ အတွက် ချေးငွေများ



လယ်သမားတွေ အတွက် စိုက်ပျိုးရေး လုပ်ငန်းခွင် ကျောင်းတွေ



စာသင်ကျောင်းတွေ



အများပြည်သူပိုင် ပန်းခြံတွေ

## လူသားတိုင်း၏ လူ့အခွင့်အရေးကို ဆောင်ရွက်ပေးသော ဖွံ့ဖြိုးရေး



ရေ နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး



မသန်စွမ်းသူတွေ ရဲ့ ကိုယ်ပိုင်အခွင့်အရေးအတွက်
ဖြည့်ဆည်းပေးထားတဲ့ အခြေခံ အဆောက်အဦး တွေ



လုံခြုံဘေးကင်းစေဖို့ အတွက် တိုးတက်ပြုပြင်မှုတွေ



အမျိုးသမီးများ နှင့် မိန်းကလေးများ အား ပညာသင်ကြားပေးရေး




ဌာနေတိုင်းရင်းသားများအတွက် နယ်မြေများကို
ပြန်လည်သတ်မှတ်ပေးခြင်း




သန့်ရှင်းစွမ်းအင်

## လူ့အခွင့်အရေး အခြေခံတဲ့ ဖွံ့ဖြိုးရေးဆိုတာ....

အခွင့်အရေး အခြေခံတဲ့ ဖွံ့ဖြိုးရေးမှာ **လူ့အခွင့်အရေး**က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတိုင်း ရဲ့ အဓိကအခြေခံ အနှစ်သာရ လို့ ပြောထားတယ်။ ဖွံ့ဖြိုးတိုးတက်မှုကို လူ့အခွင့်အရေး အခြေခံတဲ့ ချဉ်းကပ်မှု ရဲ့ အဓိပ္ပါယ် ဆိုတာ-

↳ ၁။ လူတွေရဲ့ ကောင်းမွန်စွာ ရှင်သန်နေထိုင်မှု ကို ဖွံ့ဖြိုးရေးရဲ့ ဦးတည်ချက်အဖြစ် ထားရမယ်။ ဖွံ့ဖြိုးရေးကို တိုင်းတာရာမှာ နိုင်ငံစီးပွားရေး တိုးတက်လာသလား ဆိုတာကို တိုင်းတာမယ့်အစား လူတွေမှာ ကျန်းမာစေတဲ့ အစားအစာတွေ၊ ကျောင်းကောင်းကောင်းတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ နဲ့ သူတို့အပေါ် အကျိုးသက်ရောက်မှု ရှိစေမယ့် ဆုံးဖြတ်ချက်တွေ မှာ ပါဝင်ခွင့်တွေ ပိုမို ရရှိမှုတွေ နဲ့ တိုင်းတာတယ်။

↳ ၂။ ပြည်သူလူထုများ မိမိ၏အခွင့်အရေးများကို တောင်းဆိုလာနိုင်ရန် နှင့် အစိုးရများမှ ပြည်သူလူထုများ၏ အခွင့်အရေးများ ကာကွယ်လာနိုင်ရန်အတွက် စွမ်းရည်မြှင့်တင်ပေးခြင်း

↳ ၃။ လူတချို့ ရဲ့ သာယာဝပြောနေတဲ့ ဘဝတွေကို စတေးပြီး ကြီးကျယ်တဲ့ စီမံကိန်းတွေ ကို တိုက်တွန်းနေ မယ့် အစား အားလုံးအတွက် အကျိုးဖြစ်ထွန်းမယ့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်အောင် ကျွန်တော်တို့ လုပ်ရပါမယ်။ ဥပမာ လူတိုင်းလျှပ်စစ်မီးရဖို့ဆည်အကြီးကြီး ဆောက်ပြီး **လူတွေ ပြောင်းရွှေ့** ရမယ့် အစား လူတွေပြောင်းရွှေ့ စရာ မလိုဘဲ မီးလည်း အများကြီး ထွက်တဲ့ဆည်အသေးလေးတွေကိုပဲ တခုပြီးတခု ဆောက်သွားတာမျိုး၊ ဒါမှ မဟုတ် ဆေးရုံ အသစ် တခု ဆောက်ဖို့မိသားစုတွေ ပြောင်းရွှေ့ဖို့လိုတယ် ဆိုရင်လည်း အဲဒီလူတွေ ရဲ့ ရှိရင်းစွဲ လူ့အခွင့်အရေး ထက်ပိုကောင်းတဲ့အခြေအနေနဲ့ ဘဝအိုးအိမ် ဖြစ်အောင် ကျွန်တော်တို့ လုပ်နိုင်ပါတယ်။ အဲဒါကလည်း အဲဒီလူတွေ ရဲ ပဓာန ဖြစ်ချင်တာနဲ့ စိတ်ကူးစိတ်သန်း အတိုင်းပဲ လုပ်မှာပါ။

↳ ၄။ ဖွံ့ဖြိုးရေး ဖြစ်စဉ်က ပစ်ပယ်ခံရရန် သို့မဟုတ် ဖိနှိပ်ခွဲခြားဆက်ဆံခြင်း ခံရရန် ဖြစ်နိုင်ခြေ အများဆုံး လူများ သို့မဟုတ် အုပ်စုများ ရဲ့ လိုအပ်ချက်တွေကို ဦးစားပေးတဲ့ ပုံစံကို ဆောင်တယ်။ ဖွံ့ဖြိုးတိုးတက်မှု ဆိုတာကို ထိခိုက်ခံရရန် အလွယ်ကူဆုံး လူတွေ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းမှာ ဘယ်လောက် ကောင်းကောင်းမွန်မွန် နေရလဲ ဆိုတာနဲ့ တိုင်းတာတယ်။

လူ့အခွင့်အရေးကို လက်ကိုင်ထားဖို့ တာဝန်ဝတ္တရား ရှိတဲ့ အစိုးရတွေ အတွက်ကတော့ ကမ္ဘာ့လူ့အခွင့်အရေး ကြေငြာစာတမ်း ရဲ့ အခြေခံ စည်းမျဉ်းတွေ နဲ့ အခြား လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တွေ က ဖွံ့ဖြိုးရေးအတွက် အခြေခံ လမ်းစဉ်တွေ ဖြစ်လိမ့်မယ်။ အဲဒီအတွက် အစိုးရ နဲ့ လုပ်ငန်းရှင် ရဲ့ **လုပ်ငန်းနောက်ဆက်တွဲ တာဝန်ခံမှု** လည်း လိုပါတယ်။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ အတွက် အကယ်၍ ဖွံ့ဖြိုးရေးကို အကြောင်းပြပြီး အခွင့်အရေး ချိုးဖောက်မှုတွေ ဖြစ်ပွားခဲ့မယ် ဆိုရင်တောင်မှ အစိုးရက စီးပွားရေးလုပ်ငန်းစုတွေ၊ ဖွံ့ဖြိုးရေးဘဏ်တွေ နဲ့ **အခြားအစိုးရမဟုတ်တဲ့ တာဝန်ရှိသူတွေ**ကို သူတို့ လူ့အခွင့်အရေး ချိုးဖောက်ကြောင်း တာဝန်ယူဖြေရှင်းစေရမယ်။





# လူ့အခွင့်အရေး အခြေခံ တဲ့ ဖွံ့ဖြိုးရေးဆိုတာ ဘာလဲ

**ရည်ရွယ်ချက်။** အခွင့်အရေး အခြေခံ ဖွံ့ဖြိုးတိုးတက်မှု နှင့် **ဖျက်ဆီးနိုင်စွမ်းရှိသော ဖွံ့ဖြိုးရေး** တို့ ကွဲပြားခြားနားမှု များ ကို နားလည် ပုံဖေါ်ရန်။ ဒီလေ့ကျင့်ခန်းမှာ အဆင့်တွေ အများကြီး ရှိပါတယ်။ ရှေ့ကဖေါ်ပြပြီးသား လေ့ကျင့်ခန်း (စာမျက်နှာ ၂ ရှိ ဖွံ့ဖြိုးမှုဆိုတာ သင့်အပေါ် ဘယ်လို အဓိပ္ပါယ်သက်ရောက်လဲ) နဲ့ ဆက်စပ်မိမယ် ဆိုရင် ကောင်းကောင်း လုပ်နိုင်ပါလိမ့်မယ်။

**အချိန်။** ၂ နာရီခွဲ

**လိုအပ်သည့်ပစ္စည်းများ။** ပုံဆွဲစက္ကူ၊ ဆော့ပင်ရောင်စုံ အကြီးကြီးတွေ၊ ကြိုတင်ပြင်ထားတဲ့ ပုံတွေ၊ ကတ်ထူစက္ကူပုံးတွေ

# အပိုင်း (၁)။ ဖွံ့ဖြိုးရေး ဆိုတာဘာလဲ။

**အချိန်။** ၁နာရီ

**လိုအပ်သည့်ပစ္စည်းများ။** ပုံဆွဲစက္ကူ၊ ရောင်စုံဆော့ပင် ကြီးကြီးတွေ

အောက်မှာ ဖေါ်ပြထားတဲ့ ဒီလေ့ကျင့်ခန်းအပိုင်း (၁) ကို ကူညီအားပေးသူက စာမျက်နှာ ၂ မှာ ရှိတဲ့ "ဖွံ့ဖြိုးမှုဆိုတာ သင့်အပေါ် ဘယ်လို အဓိပ္ပါယ်သက်ရောက်လဲ" ဆိုတဲ့ လေ့ကျင့်ခန်းနဲ့ ဖလှယ်ပြီး အချိန်ပိုကြာကြာ လုပ်နိုင်ပါတယ်။ ဒီလေ့ကျင့်ခန်းကို မသုံးသေးဘူး ဒါမှမဟုတ် အချိန်တိုတိုဘဲ ရမယ်ဆိုရင်တော့ အောက်ပါ လမ်းညွှန်ချက်တွေကို ရိုးရိုး သုံးသွားပါ။

၁။ အဖွဲ့တစ်ခုလုံး ထဲမှာ ပါဝင်တဲ့ သူတွေနဲ့ ဖွံ့ဖြိုးရေး နဲ့ လူ့အခွင့်အရေး အကြောင်းကို ဆွေးနွေးပြောဆိုခြင်းဖြင့် စတင်ပါ။ ဒီလို စကားမျိုးတွေနဲ့ စတင်ပြောဆိုနိုင်ပါတယ်။ ကျွန်ုပ်တို့ ရဲ့ လူ့အခွင့်အရေးတွေကို အပြည့်အဝ လက်တွေ့ ခံစားနိုင်ခွင့်က ဖွံ့ဖြိုးရေးရဲ့ အတွေးအခေါ် တစ်ခုဖြစ်တယ်။ ခင်ဗျားတို့တွေရဲ့ လူထုအစုအဝေး၊ မိသားစု နဲ့ ခင်ဗျားတို့ကိုယ်တိုင် လူ့အခွင့်အရေးကို အပြည့်အဝ ကျင့်သုံး ရရှိနေကြတယ် လို့ မြင်ယောင်ကြည့်လိုက်ပါ။ ဘယ်လိုများ နေမှာပါလိမ့်။ ပါဝင်ဆွေးနွေးသူတွေကို လူ့အခွင့်အရေး တစ်ချို့ကို ဖေါ်ပြခိုင်းပါ။ ပြီးတော့ ဘယ်လို ဖွံ့ဖြိုးရေးက အဲဒီအခွင့်အရေးတွေ ကို ပံ့ပိုးကူညီမယ် ဆိုတာ မေးမြန်းပါ။ လူတွေ အများကြီး ပါဝင်ဆွေးနွေးလာနိုင်တဲ့ အထိ ဆက်လက်ဆွေးနွေးပြောဆိုပါ။

၂။ ပုံဆွဲစက္ကူ နဲ့ ရောင်စုံဆော့ပင်တွေ ကို ဝေငှပေးပါ။ လူတိုင်းကို စာရွက်ကို ၃ ပိုင်းခွဲလိုက်ပြီး ဖေါ်ပြပါ ပုံတွေကို ဆွဲဖို့ပြောပါ။

- က။ သင်တို့ရဲ့ လူထုအဖွဲ့အစည်း မှာ ယခု ရရှိသုံးစွဲနေကြတဲ့ အရာတွေ။
- ခ။ သင့်ကိုယ်ရေးကိုယ်တာ ဒါမှမဟုတ် လူထုအဖွဲ့အစည်းတစ်ရပ်လုံး အထိ ပြုပြင် ပြောင်းလဲ စေချင်တဲ့ အရာတွေ။ (သင်ပြောင်းလဲချင်တဲ့ အရာတွေ - ဥပမာ။ ။ သင့်အလုပ် အတွက် လစာ တိုးချင်တာ၊ မိသားစုကို အချိန်ပိုပေးချင်တာ၊ ညစ်ညမ်းမှု လျှော့နည်းစေချင်တာ၊ ကျောင်းသစ်တွေ၊ ကစားကွင်းတွေ၊ စိုက်ပျိုးရေး တိုးတက်ကောင်းမွန်မှုတွေ ဆောင်ရွက်ချင်တာ၊ လူတိုင်း ကုန်စည်ရောင်းချဖို့ စုဝေးနိုင်တဲ့ ဗဟိုဈေးကြီးတွေ တည်ဆောက်ချင်တာ၊ လမ်းတွေ ကောင်းစေချင်တာ စတာတွေပေါ့။)
- ဂ။ သင့်ဘဝ နဲ့ သင့်လူထုအဖွဲ့အစည်း ရဲ့ ကောင်းမွန်စွာ နေထိုင်မှုကို အနှောင့်အယှက် ဖြစ်စေမယ့် စီမံကိန်းလုပ်ငန်းခွင်တွေ

၃။ လူတိုင်း သူတို့ ဆွဲထားတဲ့ ပုံတွေကို ပြသပြီး ဘယ် လူ့အခွင့်အရေးတွေကို ဖော်ပြထားတယ် ပြီးတော့ ဘယ်လူ့အခွင့်အရေးတွေကို သူတို့ဆွဲထားတဲ့ ပုံထဲမှာ ချိုးဖောက်ခံထားရတယ် ဆိုတာကို ပြန် ပြောပြခိုင်းပါ။

၄။ ခင်ဗျားတို့ရဲ့ လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစား ပျော်ရွှင်နိုင်ဖို့ ဘာတွေ ဖြစ်ဖို့ လိုမလဲ ဆိုတဲ့ မေးခွန်းကို မေးပြီး ဆွေးနွေးမှုကို စတင်ပါ။

# အပိုင်း (၂)။ ဖြစ်စဉ်ရဲ့ အလယ်ပိုင်း ကို ဖြည့်စွက်ပါ။

**အချိန်။** ၁ နာရီ

**လိုအပ်သည့် ပစ္စည်းများ။** ကြိုတင်ပြင်ဆင်ထားတဲ့ ပုံတွေ

၁။ လာမယ့် စာမျက်နှာ ၂ မျက်နှာ ကျော်မှ ပုံများကို ပြပြီး ပုံထဲမှာ ဘာတွေကို ဆွဲပြထားတယ် ဆိုတာကို အဖွဲ့ကို ရှင်းရှင်းလင်းလင်း ပြောပြပါ။ ပထမပုံမှာ လူထုအစုအဖွဲ့ တစ်ခု မြို့လယ်က မြေနေရာမှာ နှစ်ပေါင်းများစွာ က တည်းက နေထိုင်နေကြတယ်။ ပုံအမည်ကို "ယခင်က" လို့ ပေးထားတယ်။ အခုတော့ အာဏာပိုင်တွေက သူတို့ကို ဖယ်ရှားပစ်ချင်နေကြတယ်။ ဒုတိယပုံမှာ ဖြစ်နိုင်တဲ့ ဖြစ်ရပ်တစ်ခုကို ရေးဆွဲထားတယ်။ နေထိုင်နေသူတွေကို နေရာရွှေ့ပြောင်းပစ်ဖို့ ဆုံးဖြတ်ပြီးသွားပြီ။ လူထုအဖွဲ့အစည်း မှာ ရွေးစရာမရှိဘူး။ ရွှေ့ကို ရွှေ့ပေးရတော့မယ်။ တတိယပုံကတော့ မတူတဲ့ ဖြစ်ရပ်တစ်ခုကို ဖော်ပြ ထားတယ်။ အာဏာပိုင်တွေက လူထုအဖွဲ့အစည်းနဲ့ တွေ့တယ်။ သူတို့ရဲ့ မြေယာပိုင်ဆိုင်ခွင့် နဲ့ ဒီနေရာကို ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ဖို့ ဆုံးဖြတ်ရာမှာ ပါဝင် နိုင်ခွင့်တွေကို အသိအမှတ်ပြုတယ်။ သူတို့ကို အတင်း ဖယ်ခိုင်းမယ့်အစား အာဏာပိုင်တွေက အဲဒီနေရာကို ပိုမို အန္တရာယ်ကင်းအောင်၊ သန့်ရှင်း လှပအောင်၊ ပြုပြင်တယ်။ ဒီဖြစ်ရပ်ကို သက်ဝင်ပုံပေါ် လာအောင် အသေးစိတ် အဖြစ်အပျက်တွေ ဖြည့်စွက်ပြီး ပြောပြပါ။ မြို့ကို နာမည်ပေးပါ။ ဘာကြောင့် အာဏာပိုင်တွေက ဒီလူစုကို နေရာဖယ်ထုတ်ချင် ရတယ် ဆိုတာကို ထည့်ပြောပါ။ ဒီမြေနေရာပေါ်မှာ ဘာတွေ လုပ်ချင်တယ် စတာတွေကို ပြောပြပါ။

၂။ ပုံ ၂ နဲ့ ၃ မှာ ပါတဲ့ မတူတဲ့ ရလဒ်ဖြစ်ရပ် တွေကို ဖြစ်ပေါ်လာစေဖို့ ဘာတွေ ဖြစ်ပျက်ခဲ့တယ် ဆိုတာ ဖြည့်စွက် ဇာတ်လမ်းဆင်ဖို့ အဖွဲ့ကိုလုပ်ခိုင်းပါ။ ပုံ ၂ မှာ ပါတဲ့ ဖြစ်ရပ်မှာ နေရာချထားခံရတဲ့ လူတွေဘာလုပ်ခဲ့ကြသလဲ။ လူတွေ အတင်းအကျပ် နေရာကနေ ဖယ်ထုတ်ခံရတဲ့ အခါ ဘာတွေ ဖြစ်နိုင်တယ်ဆိုတဲ့ ဖြစ်ရပ်ကို ပုံပေါ်လာတဲ့အထိ ခဏဆွေးနွေးပါ။ အဖွဲ့ကနေ သူတို့ ခန့်မှန်းပုံဖော်ပြီး ပြောပြမယ့် ဇာတ်လမ်းအပြည့်အစုံကို ရရှိပါမယ်။

၃။ ပုံ ၃ နဲ့ လည်း အဲဒီအတိုင်းလုပ်ပါ။ ဒီပုံမှာ ပါတဲ့ ဖြစ်ရပ်ကို ရရှိဖို့အတွက် နေရာရွှေ့ခိုင်းခံရတဲ့ သူတွေ ဘာတွေ လုပ်ခဲ့ကြသလဲ။



**ရုပ်ပုံ ၁။**
ဒီလူထုအဖွဲ့အစည်းဟာ မြို့လယ်က ဒီမြေပေါ်မှာ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြတယ်။ အစိုးရက ဒါကို တရားမဝင် နေထိုင်မှုလို့ ခေါ်တယ်။ အဲဒီနေရာမှာ နေတဲ့သူတွေ အတွက်ကတော့ ဒါက သူတို့ အိမ်ဖြစ်တယ်။ အစိုးရက ဒီနေရာကို ခမ်းနားတဲ့ ဟိုတယ် တစ်ခုဆောက်ဖို့ သူတို့ကို ဖယ်ပစ်ချင်တယ်။ သူတို့ကလည်း ဒီနေရာမှာဘဲ နေချင်တယ်။

## ယခင်စာမျက်နှာရှိ လေ့ကျင့်ခန်းမှ အဆက်



**ရုပ်ပုံ ၂။**
အစိုးရက ဒီမြေကို ရှင်းလင်းပစ်ပြီး သူတို့ကို အတင်းအကျပ် ရွှေ့ပြောင်းခိုင်းတယ်။ သူတို့က သူတို့ ဘယ်ကို သွားနေရမယ် မသိဘူး။.



**ရုပ်ပုံ ၃။**
အစိုးရက သူတို့ကို မြေပိုင်ဆိုင်ခွင့်ပေးဖို့ သဘောတူလိုက်တယ်။ လူထုအဖွဲ့အစည်းရဲ့ အစားထိုး ဖွံ့ဖြိုးရေး ပြုလုပ်ခွင့် တင်ပြတာကို ပံ့ပိုးပေးဖို့ သဘောတူလိုက်တယ်။ အဲဒါက ပိုမိုလုံခြုံတဲ့ နေအိမ်တွေ နဲ့ လူထုအဖွဲ့အစည်းက ပြည်သူတွေ ပိုင်ဆိုင်တဲ့ ဟိုတယ်နဲ့ စားသောက်ဆိုင် သေးသေးတွေ ကို ပေါ်ပေါက်လာစေပြီး လူထုအဖွဲ့အစည်းကို ခရီးသွားလုပ်ငန်းကနေ အကျိုးအမြတ်ရရှိစေပါမယ်။

### ယခင်စာမျက်နှာရှိ လေ့ကျင့်ခန်းမှ အဆက်

**ပြန်စစ်ဆေးခြင်း။** ပုံ ၃ မှာပါတဲ့ ဖြစ်ရပ်ကို ခန့်မှန်းပုံဖေါ် ဖို့ အတွက် လူအများစုမှာ အခက်အခဲ ရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလို ပျံ့ကျဲ နေထိုင်မှု နဲ့ နေထိုင်ရတဲ့သူတွေမှာ သူတို့ရဲ့ အခွင့်အရေးတွေကို လေးစားလိုက်နာ ခံရတာထက် ချိုးဖောက်ခံကြရတာက ပိုပြီး ကျင့်သားရအသားကျ နေကြလို့ပါ။ ဒါက ဒီလို နေထိုင်ကြတဲ့ လူထုအဖွဲ့အစည်းတွေ အတွက် အကောင်းဆုံးက ဘာလဲ၊ ပြီးတော့ သူတို့ရဲ့ ကြိုးစားရင်ဆိုင်မှုကို အောင်မြင်ဖို့ ဘာတွေ လုပ်နိုင်သလဲ ဆိုတာကို ခန့်မှန်းပုံဖေါ် တွေးခေါ်ဖို့ အခွင့်အရေး ရရှိစေပါတယ်။ တကယ်လို့ လူ့အခွင့်အရေးကို တကယ်တမ်း လေးစားလိုက်နာတယ် ဆိုရင် ဒီလိုနေထိုင်မှုက ဘယ်လိုပုံစံမျိုးဖြစ်မလဲ။ ဒီရလဒ်ကို ရရှိလာဖို့ နေထိုင်သူတွေက ဘယ်သူ့ကို ဖိအားပေးရမလဲ။ ဘယ်လိုဖိအားမျိုးတွေ ပေးဖို့ လိုမလဲ။ ကူညီအားပေးသူက ဒီစာအုပ်ရဲ့ အပိုင်း ၃ ကို ကြည့်ရှုနိုင်ပါတယ်။ ဒါမှ မဟုတ် အခွင့်အရေးအခြေခံ ဖွံ့ဖြိုးတိုးတက်မှု အတွက် အာဏာပိုင်နဲ့ ညှိနှိုင်းတောင်းဆိုမှု အကြောင်းကို သူ့ရဲ့ (သို့) သူမရဲ့ ကိုယ်တိုင်အတွေ့အကြုံ ကိုအခြေခံပြီးလည်း ပြောပြနိုင်ပါတယ်။

**နားလည်ခြင်း။ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန် ပြည်သူလူထု ၏ အသံကို နားထောင်ရမည်**

ဖွံ့ဖြိုးတိုးတက်ရေး ဆိုတာ လူတစ်ဦးချင်းစီ နဲ့ အဖွဲ့အစည်းတစ်ခု ချင်းစီ အတွက် အဓိပ္ပါယ် မတူညီတဲ့အရာပါ။ အစိုးရအဖွဲ့တွေ အတွက် တစ်မျိုးဖြစ်နိုင်ပြီး၊ ပုဂ္ဂလိကလုပ်ငန်းတွေအတွက် အခြားအဓိပ္ပါယ် သက်ရောက် နိုင်ပါတယ်။ ကျေးလက်ဒေသက လူထုအဖွဲ့အစည်းတွေ၊ မြို့ပြလူထုအဖွဲ့အစည်းတွေ၊ မိန်းမတွေ၊ ယောကျ်ားတွေ စတဲ့ မတူတဲ့သူတွေ အတွက်ကလည်း တစ်မျိုးစီဖြစ်နေနိုင်တာဘဲ။ ဒါကြောင့်မို့ ဖွံ့ဖြိုးရေးကို မတူတဲ့ နည်းလမ်း အမျိုးမျိုးနဲ့ ဆောင်ကျဉ်းပြီး လူအမျိုးမျိုးအပေါ်မှာ မတူတဲ့ **အကျိုးသက်ရောက်မှုတွေ** ကို ဖြစ်ပေါ်စေတာပေါ့။




ကမ္ဘာ့နိုင်ငံ အားလုံးနီးပါးမှာ အနည်းငယ်မျှသော လူများသာပါဝင်တဲ့ လူတစ်စုကသာ ဘယ်လို ဖွံ့ဖြိုးရေး စီမံချက်တွေကို ဆောင်ရွက်မယ် ဆိုတာကို ဆုံးဖြတ်လေ့ရှိကြတယ်။ အဲဒီလူတွေမှာ ငွေကြေး အမြောက်အမြား ရှိပြီး၊ နိုင်ငံရေးသြဇာလည်း ရှိတဲ့အခါကျတော့ သူတို့က သူတို့ရဲ့ အစီအစဉ်တွေကို လူများစုက သဘောမတူ သည့်တိုင်အောင် လူတိုင်းအပေါ်မှာ အင်အားသုံး တိုက်တွန်းနိုင်ကြတယ်။ သူတို့မှာ ကုမ္ပဏီအကြီးကြီးတွေ နဲ့ ချိတ်ဆက်မှု ရှိနေတတ်ကြပြီး အားလုံးထက် ဒီကုမ္ပဏီကြီးတွေ အတွက်ငွေရမယ့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ကို ဖြစ်စေချင်ကြတယ်။

ရလဒ်အနေနဲ့ကတော့ နိုင်ငံအားလုံးနီးပါးရဲ့ လက်ရှိ ဖွံ့ဖြိုးရေးလမ်းကြောင်း တွေက လူ့အခွင့်အရေး နဲ့ **လူ့ဂုဏ်သိက္ခာကို** ကာကွယ်ကျင့်သုံး ဖို့ မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းစုကြီးတွေရဲ့ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းဖို့ကို အဓိကထားနေကြတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုတွေက ဖွံ့ဖြိုးရေးအတွက် ဆုံးဖြတ်ချက် ချတဲ့အခါမှာ ပြည်သူတွေနဲ့ လူထုအဖွဲ့ အစည်းတွေကို မပါဝင်စေဘဲ သူတို့ရဲ့ လိုအပ်ချက်တွေ၊ မျှော်လင့်ချက်တွေ နဲ့ ယုံကြည်ချက်တွေ ကို မသိကျိုးကျွံပြုရုံမက သူတို့ရဲ့ လူ့အခွင့်အရေးတွေကို တောင်မှ ချိုးဖောက်လေ့ရှိတယ်။

တစတစနဲ့ ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူလူထုတွေက စစ်မှန်တဲ့ ဖွံ့ဖြိုးတိုးတက်မှု ဆိုတာ လူ့အခွင့်အရေးကို မချိုးဖောက်ဘူးလို့ တညီတညွတ်တည်း ပြောဆိုဖို့ ကြိုးစားလာကြပြီ။ လူ့ဂုဏ်သိက္ခာကို ပံ့ပိုးပေးဖို့၊ လူ့အခွင့်အရေးကို လေးစားလိုက်နာဖို့ နဲ့ လူတိုင်းရဲ့ အခြေခံလိုအပ်ချက် တွေကို ဖြည့်ဆည်းဖို့ အခြေခံအကျဆုံး တစ်ခုတည်းသော နည်းလမ်းကတော့ လူထုရဲ့အသံကို နားထောင်ပြီး စီးပွားရေးလုပ်ငန်းအုပ်စုကြီးတွေ နဲ့ စက်မှုလုပ်ငန်းတွေရဲ့ လိုချင်လောဘတွေထက် ပိုတန်ဖိုးထားဖို့ ဘဲဖြစ်တယ်။ လိုအပ်ချက်တွေ၊ လူတိုင်းရဲ့ အထူးသဖြင့် အပစ်ပယ်ခံရဖို့ သို့မဟုတ် ဖိနှိပ်ခံရဖို့ အန္တရာယ်ကို ကြုံတွေ့နေကြတဲ့ လူတွေရဲ့ မျှော်လင့်ချက်တွေ နဲ့ ယုံကြည်ချက်တွေ ကို ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုတွေရဲ့ အဓိကအခန်းကဏ္ဍမှာ ရှိစေရမှာဖြစ်တယ်။




**စစ်မှန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုက လူ့အခွင့်အရေးကို မချိုးဖောက်ဘူး။**

# အပိုင်း(၂)။။ အာရှဖွံ့ဖြိုးရေးဘဏ် နှင့် ၄င်း၏မူဝါဒများကို နားလည်သဘောပေါက်ခြင်း

## ၂.၁။။ အာရှဖွံ့ဖြိုးရေးဘဏ်ဟာ ဘဏ်တစ်ခုမျှသာမဟုတ် - နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ခုလည်းဖြစ်တယ်

အေဒီဘီ လို့ခေါ်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ်ဟာ အစိုးရတွေ နဲ့ စီးပွားရေးလုပ်ငန်း အုပ်စုကြီးတွေကို ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းတွေ အတွက် ငွေကြေးထုတ်ပေးတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဖြစ်တယ်။ အေဒီဘီ မှာ ဝန်ထမ်းပေါင်း ၃၀၀၀ လောက်ရှိ ပြီး နိုင်ငံပေါင်း ၅၀ ကျော်မှာ ရုံးတွေ ရှိတယ်။

၄င်းကို ဘဏ်လို့ခေါ်ကြတယ်။ ဒါပေမယ့် အေဒီဘီ ဟာ ဘဏ်တစ်ခုထက်တော့ ပိုပါတယ်။ အေဒီဘီ ကနေထိန်းချုပ်တဲ့ ငွေတွေက မြစ်ကြောင်းတွေပြောင်းပစ်တာတို့၊ နိုင်ငံတွေရဲ့ ဥပဒေတွေကို ပြန်လည် ပြင်ဆင်တာတို့၊ စတဲ့ သန်းပေါင်းများစွာသော ပြည်သူတွေ အပေါ်ကို အကျိုး သက်ရောက်စေမယ့် စီမံကိန်းတွေကို ဆောင်ရွက်ဖို့ အတွက် ပေးတာဖြစ်တယ်။




ADB ရဲ့ ဦးတည်ချက် ကတော့ အာရှမှာရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဆင်းရဲမွဲတေမှုကို လျှော့ချပြီး လူတွေရဲ့ ဘဝအရည်အသွေးတွေ တိုးတက်ကောင်းမွန်လာစေဖို့ ဖြစ်တယ်။ အေဒီဘီ က ရင်းနှီးမြှုပ်နှံမှုတွေက အာရှနဲ့ ပစိဖိတ်ဒေသမှာ ရှိတဲ့ နိုင်ငံတွေရဲ့ လူတွေရဲ့ ဘဝအရည်အသွေးကို တိုးတက်ကောင်းမွန် လာစေတယ်လို့ ၄င်းကပြောတယ်။ ဒါပေမယ့် အာရှတစ်ခွင်က လူထုအဖွဲ့အစည်း အမြောက်အမြားကတော့ အေဒီဘီ ရဲ့ စီမံကိန်းလုပ်ငန်းတွေက လူတွေရဲ့ ဘဝကို ဆုံးရှုံးပျက်စီးစေတဲ့ **အကျိုးသက်ရောက်မှု** ရှိစေတယ် လို့ ပြောကြတယ်။

အေဒီဘီ မှာ အဖွဲ့ဝင်နိုင်ငံတွေ ရှိတယ်။ အဲဒီ မှာ မြောက်ပိုင်း အမေရိက နိုင်ငံတွေ၊ ဥရောပနိုင်ငံတွေ နဲ့ ပစိဖိတ် ကျွန်းနိုင်ငံတွေ က အစိုးရတွေ အပါအဝင် အာရှနိုင်ငံအားလုံး ပါဝင်ပါတယ်။ အချို့ အဖွဲ့ဝင်နိုင်ငံတွေက အေဒီဘီ ကို ငွေထုတ်ချေးပေးတဲ့ သို့မဟုတ် အလှူငွေပေးတဲ့ အလှူရှင်နိုင်ငံတွေ ဖြစ်ကြပါတယ်။ အချို့ အဖွဲ့ဝင်နိုင်ငံတွေက အလှူရှင်နိုင်ငံတွေဆီက ချေးယူကြသည်။ အလှူရှင်နိုင်ငံများမှ ချေးသည့် အပြင် ကြွေးယူထားသည့် နိုင်ငံမှ ပြန်ဆပ်သည့် **အတိုး** ငွေ ကိုလည်း တချို့ က ချေးကြသည်။ များသောအားဖြင့် ထို အတိုးငွေ များမှာ နိုင်ငံသားများ ပေးဆောင်ထားသည့် အခွန်အခ များမှ လာခြင်းဖြစ်သည်။



## အေဒီဘီ က စီမံကိန်းလုပ်ငန်း အမျိုးမျိုးကို ငွေထောက်ပံ့ခြင်း

အေဒီဘီ က ရောမစီမံကိန်း လုပ်ငန်းကြီးတွေဖြစ်တဲ့ ဆည်တွေ၊ သတ္တုတွင်းတွေ၊ ရထားလမ်းတွေ သို့မဟုတ် လမ်းမကြီးတွေ နှင့် ပညာရေး၊ ကျန်းမာရေး နဲ့ အသေးစားချေးငွေ အပါအဝင် စီမံကိန်းလုပ်ငန်း အမျိုးအစားများစွာကို ငွေထောက်ပံ့တယ်။



ရထားလမ်းကြီးတွေ



ဆည်တွေ



လေယာဉ်ကွင်းတွေ



ဆည်မြောင်းရေ ပေးဝေမှုစနစ်တွေ




ကျန်းမာရေးဆေးပေးခန်းတွေနဲ့ ကျောင်းတွေ

အေဒီဘီ က အစိုးရတွေကို **နည်းပညာအကူအညီ** လည်းပြုလုပ်ပေးတယ်။ ဥပမာ အေဒီဘီရဲ့ ဝန်ထမ်းတွေက အစိုးရကို အကူအညီပေးဖို့ အေဒီဘီက စေလွှတ်ပေးတာ မျိုးများ။

- ↳ စီမံကိန်းလုပ်ငန်းတွေ ပုံစံချတာနဲ့ တည်ဆောက်ရာမှာ
- ↳ အစိုးရဝန်ထမ်းတွေကို လေ့ကျင့်ပေးတာ
- ↳ အချက်အလက်တွေ စုဆောင်းခြင်း နှင့် သုတေသနဆောင်ရွက်ရာမှာ
- ↳ အစိုးရအဖွဲ့ ကို အသစ်တည်ဆောက်ဖွဲ့စည်းတာ
- ↳ **မူဝါဒတွေ** နဲ့ ဥပဒေတွေ ပြုဖို့ ကူညီတာ

ဒီလို အကူအညီပေးတာတွေက ဆည်တွေ သတ္တုတွင်းတွေ တည်ဆောက်လိုက်သလိုမျိုး ထင်သာမြင်သာတဲ့ ဆိုးကျိုးတွေ မရှိပါဘူး။ ဒါပေမယ့် အဲဒါတွေက နိုင်ငံရဲ့ မူဝါဒတွေ နဲ့ ဥပဒေတွေ၊ လူတွေရဲ့ ဘဝတွေ အပေါ် ပြင်းထန်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေပါတယ်။



အေဒီဘီ က ချေးငွေတွေ မတည်ငွေတွေ က ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဆင်းရဲမွဲတေမှုကို လျှော့ချပြီး လူတွေရဲ့ ဘဝတွေကို ပိုမိုကောင်းမွန်စေတယ်လို့ ၎င်းက ပြောတယ်။ ဒါပေမယ့် အာရှက သန်းပေါင်းများစွာသော ပြည်သူလူထုရဲ့ အတွေ့အကြုံတွေအရ အေဒီဘီ ရဲ့ စီမံချက်ပေါင်းများစွာဟာ ဒီရည်မှန်းချက်တွေ တစ်ခုမှ မဆောင်ရွက်နိုင်ခဲ့ဘူး။




## အာရှဖွံ့ဖြိုးရေးဘဏ်က အစိုးရတွေကို ငွေဘယ်လို ချေးပေးလဲ

ဆည်တစ်ခု၊ ကျောင်းတစ်ကျောင်း သို့မဟုတ် သတ္တုတွင်းတစ်တွင်း တည်ဆောက်နေတဲ့ စီမံကိန်းလုပ်ငန်း တစ်ခုကို တွေ့ရင် အဲဒီမှာ ADB က တာဝန်ရှိတယ်ဆိုတဲ့ အသိပေးထားတဲ့ ဆိုင်းဘုတ် တစ်ခုတစ်လေတောင်မှ မရှိပါဘူး။ အဲဒါက အေဒီဘီ က ဒီစီမံကိန်းတွေ တည်ဆောက်တာ မဟုတ်လို့ပါ။ ဘဏ်ရဲ့ အလုပ်က စီမံကိန်းလုပ်ငန်းတွေကို တည်ဆောက်မယ့် အစိုးရနဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေကို ငွေထုတ်ချေးပေးတာ ဖြစ်တယ်။






## အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ အခြားဖွံ့ဖြိုးရေးဘဏ်တွေက နိုင်ငံတွေကို ဘယ်လို အကြွေးများ တင်ကျန်စေသလဲ

မဟာစီမံကိန်းတွေ ဖြစ်တဲ့ ဆည်တွေ၊ သတ္တုတွင်းတွေ၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေး စက်ရုံတွေ အပြင် အဝေးပြေးလမ်းမကြီးတွေ ကို တည်ဆောက်ဖို့ ဆိုတာ ကုန်ကျစားရိတ်အလွန်အမင်း ကြီးမားပါတယ်။ ဒီတော့ အစိုးရတွေနဲ့ ကုမ္ပဏီတွေက အဲဒီ စီမံကိန်းတွေကို လုပ်ဖို့ ငွေချေး ကြရပါတယ်။ အေဒီဘီက အဲဒီလို စီမံကိန်း လုပ်ငန်းကြီးမျိုးတွေကို ချေးငွေထုတ်ပေးတဲ့ အဖွဲ့အစည်းတွေထဲက တစ်ခု ဖြစ်ပါတယ်။

အဆိုတင်သွင်းပြီး ငွေတောင်းခံ ထားတဲ့ ရေအမစီမံကိန်း တစ်ခုကို အေဒီဘီ ကနေ ငွေထုတ်ပေးထောက်ပံ့ဖို့ သဘောတူလိုက်တာနဲ့ အေဒီဘီ ရဲ့ ပါဝင်ပတ်သက်မှုကြောင့် ဒီစီမံကိန်းအနေနဲ့ အခြား ပုဂ္ဂလိက ဘဏ်တွေထံမှ ထပ်ဆောင်း ချေးငွေ ရဖို့လည်း ပိုမိုလွယ်ကူသွားပါတယ်။ အခြားဘဏ်တွေက အေဒီဘီ ရဲ့ ပါဝင်ပါတ်သက်မှုကို တွေ့ မြင်ရရင် ဒီစီမံကိန်းကို သူတို့ရဲ့ ချေးငွေတွေကို ထုတ်ချေးဖို့ အတွက် ပိုမို လုံခြုံစိတ်ချရစေတယ်လို့ ရှုမြင် ကြ ပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေ ဖြစ်ကြတဲ့ ဂျပန်၊ ဂျာမဏီ၊ တရုတ်၊ အမေရိကန်ပြည်ထောင်စု နဲ့ အခြားနိုင်ငံ များက လည်း အစိုးရတွေကို စီမံကိန်းကြီးတွေ တည်ဆောက်ဖို့အတွက် ချေးငွေများထုတ်ပေးကြပါတယ်။

စီမံကိန်းလုပ်ငန်းတွေကို တည်ဆောက်ပြီးတဲ့အခါမှာ အစိုးရတွေက ဒီချေးငွေတွေကို ပြန်ပေးဆပ်ရပါတယ်။ အကယ်၍ စီမံကိန်းက ထင်သလောက် အကျိုးအမြတ်မရှိခဲ့ရင်တောင်မှ အစိုးရတွေက အကြွေးတွေကို ပြန်ဆပ်ကို ဆပ်ရတာပါဘဲ။

**ဒီဖွံ့ဖြိုးတိုးတက်ရေး** ပုံစံက နိုင်ငံအတော်များများ ကို ဒေါ်လာသန်းထောင်ပေါင်း များစွာ အထိ အကြွေးတင်စေခဲ့ ပါတယ်။ နိုင်ငံပိုင် ငွေတွေကို ကျန်းမာရေး၊ ပညာရေး နဲ့ အခြားအခြေခံ ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးဖို့ သုံးရမယ့်အစား ငွေချေးယူသူ အစိုးရတွေက ရေအမစီမံကိန်းကြီးတွေ တည်ဆောက်ဖို့အတွက် ကြီးမားတဲ့ဘဏ်ကြီးတွေဆီက ချေးယူမိထားတဲ့ငွေတွေကို ပြန်ဆပ်ဖို့ အတွက်အသုံးပြုနေကြရပါတယ်။




ကြီးမားတဲ့ ချေးငွေပမာဏကို ပြန်ဆပ်ဖို့အတွက် နှစ်တွေ အများကြီး ကြာပါတယ်။ အစိုးရတွေက ချေးငွေပြန်ဆပ်တိုင်းမှာ ချေးငွေအတွက် **အတိုး**ကိုပါပေးဆပ်ကြရပါတယ်။ အတိုးဆိုတာ ငွေချေးပေးတဲ့အတွက် ပေးရတဲ့ စားရိတ်စားကပါဘဲ။ အဲဒီစားရိတ်က အချိန်နဲ့ အမျှ မြင့်တက်နေပါတယ်။ ချေးငွေကို အတိုးရော အရင်းပါ ပြန်လည်ပေးဆပ်ပြီးတဲ့ အခါမှာ ဘဏ်တွေက သူတို့ မူလက ချေးပေးထားတဲ့ ငွေတွေထက် ပမာဏ အများကြီး ပိုမိုပြီး ရရှိပါတယ်။

## အာရှဖွံ့ဖြိုးရေးဘဏ်မှ ပုဂ္ဂလိက ကုမ္ပဏီများအားလည်း ငွေချေးပေးခြင်း

အေဒီဘီ က ပုဂ္ဂလိကပိုင် ဘဏ်များကိုလည်း ငွေချေးပေးလေ့ရှိသည်။ အကယ်၍ ကုမ္ပဏီမှာ ပိုက်ဆံတွေ ရှိရင် အလုပ်အကိုင်တွေ ဖန်တီးပေးပြီး ဆင်းရဲမှုလျော့ကျသွား စေမယ်လို့ ဘဏ်တွေက ယုံကြည်ကြပါတယ်။ ဒါပေမယ့် ADB ကချေးငွေနဲ့ မတည်ငွေတွေက ဒေသခံပြည်သူတွေ ပိုင်ဆိုင်တဲ့ အသေးစားစီးပွားရေး လုပ်ငန်းတွေကိုတော့ အကူအညီပေးလေ့မရှိပါဘူး။ အဲဒီအစား အေဒီဘီ က ပုဂ္ဂလိကပိုင် ကုမ္ပဏီတွေကို ပေးတဲ့ ငွေတွေအများစုက နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေနဲ့ ကုမ္ပဏီ အကြီးကြီးတွေကို ထောက်ပံ့ကူညီပေးတာဖြစ်တယ်။ အဲဒီကုမ္ပဏီကြီးတွေက အကျိုးသက်ရောက်မှုကို ခံစားရလေ့ရှိတဲ့ ဒေသခံပြည်သူတွေကို ငှားရမ်းအလုပ်အကိုင် ပေးတာမျိုးတွေ လုပ်လေ့မရှိဘူး။ သူတို့က စီမံကိန်းရှိရာဒေသ အတွက် လူငှားရရင်တောင်မှ စီမံကိန်းလုပ်ငန်း တည်ဆောက်နေစဉ် ကာလ အတောအတွင်းမှာ ကာလတိုအတွက်ယာယီဘဲ ငှားရမ်းလေ့ရှိတယ်။

ကုမ္ပဏီတွေက အေဒီဘီ ကနေ ချေးငွေတွေ လက်ခံတဲ့အခါမှာ အစိုးရတွေလိုဘဲ အေဒီဘီ ရဲ့ စည်းကမ်းချက်တွေကို လိုက်နာရပါတယ်။ ပုဂ္ဂလိက ကုမ္ပဏီတွေမှာလည်း နိုင်ငံတကာဥပဒေအရ **လူ့အခွင့်အရေး**ကို လေးစားလိုက်နာဖို့ လိုအပ်ပါတယ်။ (ဒီအကြောင်း အချက်အလက်တွေ ပိုသိချင်ရင် စာမျက်နှာ **၁၄** တွင်ကြည့်ပါ။)

အေဒီဘီက ငွေကြေးထောက်ပံ့ထားတဲ့ စီမံချက်တွေကို လုပ်ကိုင်ဆောင်ရွက်တဲ့ အစိုးရဘဲဖြစ်ဖြစ် ပုဂ္ဂလိက ကုမ္ပဏီဘဲဖြစ်ဖြစ် လူ့အခွင့်အရေးကို သေသေချာချာ လေးစားလိုက်နာစေဖို့ ကတော့ လူထုအဖွဲ့အစည်းနဲ့ ၎င်းတို့ရဲ့ **အကျိုးတူလက်တွဲဖော်တွေ** ရဲ့ အပေါ်မူတည်ပါတယ်။




### ဖြစ်ရပ်။ ဘင်္ဂလားဒေ့ရှ် အလယ်ပိုင်းတွင် နက်ရှိုင်း ကြမ်းတမ်းစွာ တူးဆွထားသော ဖူးလ်ဘာရီ ကျောက်မီးသွေးတွင်း မြိမ်းခြောက်မှု



ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အလယ်ပိုင်းက သူတို့နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေး အတွက် အဖြစ်ထွန်းဆုံး နေရာတွေထဲက တစ်ခုဖြစ်ပါတယ်။ Global Coal Management Resources လို့ခေါ်တဲ့ ကုမ္ပဏီတစ်ခုက ထိပ်ဝအပွင့် ကျောက်မီးသွေး ထုတ်လုပ်မယ့် ဖူးလ်ဘာရီ မိုင်းတွင်းကို တည်ချင်တယ်။ ဒီစီမံကိန်းကို ရေးဆွဲဖို့နဲ့ စီမံကိန်းအတွက် ပြင်ဆင်ဖို့အေဒီဘီ ကနေ ကုမ္ပဏီကို ၃ နှစ်တာ ကူညီပေးပြီး ငွေထုတ်ချေးပေးရန်လည်း စဉ်းစားခဲ့တယ်။ အေဒီဘီ ဘဏ်ကလည်း တကယ်လို့ ၎င်းသာ ဒီစီမံကိန်းမှာ ပါဝင်မယ်ဆိုရင် **လုံခြုံရေးမူဝါဒ** (safeguard policies) အရ ဒီစီမံကိန်းကို လူတွေအတွက်ပိုမို အန္တရာယ်ကင်းအောင် နဲ့ သဘာဝပါတ်ဝန်းကျင် အတွက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမယ်လို့ ထပ်မံ ပြောဆိုထားပါတယ်။

သို့သော်လည်း ဖူးလ်ဘာရီ ကျောက်မီးသွေးတွင်းက ကြီးမားတဲ့ အပျက်အစီးတွေကို ဖြစ်စေမှာပါ။ အကယ်၍ ကုမ္ပဏီဘက်က သာ ဘင်္ဂလားဒေ့ရှ်အစိုးရဆီကနေ လုပ်ငန်းစတင်ဖို့ ခွင့်ပြုချက်သာ ရခဲ့မယ်ဆိုရင် သူတို့က လူပေါင်း ၁၃၀၀၀၀ ကျော်ကို သူတို့ရဲ့ နေအိမ်တွေကနေ စွန့်ခွာပြီး ဒီမြေပေါ်က ထွက်သွားဖို့ အင်အားသုံးမှာပါ။ ကျောက်မီးသွေး ထုတ်ယူဖို့အတွက် ပေ ၁၀၀၀ နက်တဲ့ တွင်းကြီးကို လည်း တူးရဦးမှာ။ မိုင်ပေါင်းများစွာ သော အနီးအနားပါတ်ဝန်းကျင်မှ လေထုနဲ့ ရေထု ထဲကိုလည်း အဆိပ်သင့် ဖုန်မှုန့်တွေ ဝင်ပြီး ညစ်ညမ်းစေဦးမှာပါ။ နောက်ဆက်တွဲ အန္တရာယ်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့ ကျောက်မီးသွေးတွေကို လောင်စာအဖြစ် အသုံးပြုတဲ့အခါ ဖြစ်ပေါ်လာမဲ့ ညစ်ညမ်းမှုပါပဲ။

ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွက် လျှပ်စစ်ထုတ်လုပ်ဖို့ရာမှာ မလိုအပ်တဲ့ ကျောက်မီးသွေးတွေကို တော့ ကျောက်မီးသွေးသယ်တဲ့ ကုန်တင်သင်္ဘောတွေပေါ်တင်ပြီး အခြားနိုင်ငံတွေကို ပို့မှာပါ။ သယ်တဲ့အခါမှာ ကုန်သင်္ဘော တွေဟာ မြစ်ကြောင်းတစ်လျှောက် စုန်ချည်ဆန်ချည် နဲ့ အလွန်အရေးပါတဲ့ ဒီရေတောတွေကို ဖြတ်သန်းသွားမှာပါ။ နောက်ပြီး ဆီတွေဖိတ်ကျဖို့ နဲ့ မတော်တဆမှုတွေ ဖြစ်ဖို့ကလည်း ဖြစ်နိုင်ခြေ အလွန် များပါတယ်။

အဲဒီ ကျောက်မီးသွေးတွင်းကို တည်ဆောက်ပြီးခဲ့ရင် ရေတွေ တွင်းထဲကို မဝင်ရောက်လာနိုင်အောင် အလွန်ကြီးမားတဲ့ ရေစုပ်စက်တွေကို တစ်နေ့လုံး လည်ပါတ်ရမှာ နှစ်ပေါင်း ၃၀ တိုင်တိုင်ပါတဲ့။ မြေကြီးထဲကနေ ရေလီတာ သန်းပေါင်းများစွာကို စုပ်ထုတ်ရမှာပါ။ အဲဒီလိုလုပ်ခဲ့ရင် မိုင်ရာနဲ့ ချီတဲ့ ကျောက်မီးသွေးတွင်းရဲ့ ပါတ်ပါတ်လည် ကလယ်သမားတွေ အတွက် သူတို့ရဲ့ ရေတွင်းတွေထဲက ရေတွေကိုပါ ခမ်းခြောက်သွား စေပါမယ်။ ဒီဖြစ်ရပ်ကြောင့် လူဦးရေရဲ့ တစ်ဝက်လောက်က စားစရာ မလုံမလောက်ဖြစ်နေတဲ့ နိုင်ငံရဲ့ စားနပ်ရိက္ခာ လုံခြုံမှုကို ဖျက်ဆီးပစ်မှာပါ။

ကုမ္ပဏီမှ နေအိမ်များ နှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးရမည့် မိသားစု ထောင်ပေါင်းများစွာကို ငွေသားဖြင့် ပေးချေမည် ဖြစ်ကြောင်းပြောသည်။ သို့သော် ရွှေ့ပြောင်းရမည့် မိသားစုများကို ကုမ္ပဏီမှ မြေနေရာ ပြန်လည်ချထားမှု မပြုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော မြေနေရာ မရရှိနိုင်သောကြောင့်ဖြစ်သည်။ ဖူးလ်ဘာရီ ဒေသရှိ လူအများစုမှာ လယ်သမားများ ဖြစ်ကြသောကြောင့် သူတို့တွင် လယ်ယာမြေများ မရှိပါက အသက်မွေးမှု အတွက် လုပ်စရာဘာမျှ မရှိကြပေ။ ထိုစီမံကိန်းလုပ်ငန်းသည် ထောင်ပေါင်းများစွာသော မိသားစုများကို ပိုမို အတိဒုက္ခရောက် ဆင်းရဲစေမည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

ဖူးလ်ဘာရီ ကျောက်မီးသွေးတွင်း ကို တူးဖေါ်ရန် စတင်အဆိုတင်သွင်း စဉ်ကတည်းက ဒေသခံ ရွာသားများသည် ဤစီမံကိန်းကို ကန့်ကွတ်ရန် ကြီးမားသော ချီတက်ဆန္ဒပြမှုများကို ဆောင်ရွက်ခဲ့ကြသည်။ တခါတရံတွင် ဘင်္ဂလားဒေ့ရှ်အစိုးရမှ ပြင်းပြင်းထန်ထန် ပြန်လည်ဖိနှိပ်ဖြိုခွဲမှုများကို ကြုံတွေ့ခဲ့ကြရသည်။ ၂၀၀၆ ခုနှစ်တွင် လူပေါင်း ၈၀၀၀၀ ကျော်သည် ဖူးလ်ဘာရီတွင် ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆို ခဲ့ကြသည်။ အစိုးရဘက်မှ လက်နက်ကိုင် များ၏ ပစ်ခတ်မှု ကြောင့် အသက် ၁၄ နှစ်အရွယ် ယောက်ျားလေးတစ်ဦး အပါအဝင် ၃ ဦးသေဆုံးပြီး လူပေါင်းရာနဲ့ ချီကာ ဒဏ်ရာရရှိခဲ့သည်။

ထိုဆန္ဒပြပွဲအပြီးတွင် ဒေသခံ အာဏာပိုင်တစ်ဦးက Global Coal Management ကုမ္ပဏီကို နိုင်ငံမှ နှင်ထုတ်မည့် အကြောင်းနှင့် မိုးပြဒယ် ပုံစံ မိုင်းတွင်းများကို လည်းရပ်ဆိုင်းမည့် အကြောင်း ဆန္ဒပြသူများနှင့် သဘောတူညီမှု လက်မှတ်ထိုးခဲ့သည်။ နောက်နှစ်တွင် နိုင်ငံအာဏာပိုင်များက လူထုဆန္ဒပြတောင်းဆိုပွဲများ ကို တရားမဝင်ကြောင်း ကြေငြာခဲ့သည်။ မည်သို့ပင်ဆိုစေ ဒေသခံ လူထုကိုယ်စားလှယ်များသည် အေဒီဘီ ၏ ဥက္ကဌ နှင့် အမှုဆောင်ဒါရိုက်တာများ ဆီသို့ ဤစီမံကိန်းသည် ဆင်းရဲမွဲတေမှုကို ပိုဖြစ်စေပြီး သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ် များကို ဖြစ်ပွားစေသည့် အတွက် သူတို့က စီမံကိန်းကို မလိုလားကြောင်းစာရေးသား ပေးပို့ခဲ့ကြသည်။ ဒေသခံလူထုများက မြို့ကြီးများရှိ ကျောင်းသားများ နှင့် လူထုအဖွဲ့အစည်းများကို ကူညီပြီး ၎င်းတို့၏ ကိုယ်စားလှယ်ကို အေဒီဘီ ရှိ ဝန်ထမ်းများနှင့် တိုက်ရိုက်တွေ့ဆုံရန် စီစဉ်ပေးသည့် နိုင်ငံတကာ **အစိုးရ မဟုတ်သော အဖွဲ့အစည်းများ** အပါအဝင် အကျိုးစီးပွားချင်းတူသော လုပ်ဖေါ်ကိုင်ဖက်များနှင့်လည်းဆက်ဆံရေး တည်ဆောက်ခဲ့သည်။

အေဒီဘီ မှ ဝန်ထမ်းများက လူပေါင်းများစွာက ဤစီမံကိန်းကို ဆန့်ကျင်နေခဲ့ကြသည်ကို သိရှိအံ့သြခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကုမ္ပဏီမှ အေဒီဘီ သို့ စီမံကိန်းအတွက် လူတိုင်းနှင့် ဆွေးနွေးညှိနှိုင်း လက်ခံပြီးပြီ ဖြစ်ကြောင်း အစီရင်ခံထားပြီးသောကြောင့် ဖြစ်သည်။ အေဒီဘီ သို့ဦးတည် လုပ်ဆောင်ခဲ့သည့် ထို စည်းရုံး လှုံ့ ဆော် မှုကြောင့် ၂၀၀၈ ခုနှစ်တွင် ထိုစီမံကိန်းကို ငွေထုတ်ချေးတော့မည် မဟုတ်ကြောင်း အေဒီဘီ မှ သဘော တူခဲ့သည်။

ဖူးလ်ဘာရီ ကျောက်မီးသွေး တူးဖော်ရေး စီမံကိန်းကို ထောက်ခံသော လူအချို့က ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် စွမ်းအင် လိုအပ်ကြောင်း၊ ထိုစီမံကိန်းမှ ရရှိမည့် ဝင်ငွေကိုလည်း လိုအပ်ကြောင်း ပြောဆိုကြသည်။ စီမံကိန်းကို ဆန့်ကျင်သည့်သူများ ကမူ စီမံကိန်းကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပါတ်ဝန်းကျင်၊ လူမှုရေး နှင့် ယဉ်ကျေးမှု ပျက်စီးဆုံးရှုံးမှု ကို မည်သည့် ပမာဏရှိသည့် စွမ်းအင်၊ ငွေကြေးတို့နှင့်မျှ မလဲလှယ်နိုင်ကြောင်းပြောကြားခဲ့သည်။ သူတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအင်ကို လူများကို နေရာမှ မ**ရွှေ့ပြောင်းစေ**ဘဲ၊ လူ့အခွင့်အရေးကို မချိုးဖောက်ဘဲ အခြားနည်းလမ်းများစွာဖြင့် ရရှိနိုင်ကြောင်း ပြောသည်။

ယနေ့တိုင်အောင် စီမံကိန်းကို စတင်နိုင်ခြင်း မရှိသေးပေ။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရက စီမံကိန်းကို ဆက်လက် အသိအမှတ်ပြု စဉ်းစားဆဲပင် ရှိနေသေးသည်။

## ဒီဖြစ်ရပ်ကနေ ကျွန်ုပ်တို့ ဘာတွေ လေ့လာသိရှိနိုင်လဲ

ဖူးလ်ဘာရီ ဖြစ်စဉ်မှာ မိမိတို့ အကျိုးစီးပွားချမ်းသာ မည်ကို သိသည့် အတွက် ကုမ္ပဏီမှ ထို စီမံကိန်းကို လုပ်လိုရခြင်း ဖြစ်ကြောင်း ပြသသည့် အလွန်ကောင်းသည့် ဥပမာ တခုဖြစ်သည်။ လူထောင်ပေါင်းများစွာက စီမံကိန်းသည် ဖျက်ဆီးဆုံးရှုံးမှုများကိုသာယူဆောင်လာပြီး တိုးတက်ကောင်းမွန်မှုကို လုံးဝဆောင်ကျဉ်းပေးမည် မဟုတ်ကြောင်းကို ယုံကြည်ကြသည့်တိုင် သူတို့က ၎င်းကို ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဟုခေါ်ကြသည်။ ဤဖြစ်ရပ်က ကုမ္ပဏီတစ်ခုက ဒေသခံများ မလိုချင်သည့် စီမံကိန်းတစ်ခုကို အတင်းအကျပ် ဆောင်ရွက်ရန် မည်သည့်အတိုင်းအတာ အထိ လုပ်ဆောင်နိုင်သည်ကို ပြနေသည်။ တချိန်တည်းမှာ ပင် စီမံကိန်းများကို မလိုလားဘူး ဟု ငြင်းဆိုသည့် အတွက် ဒေသခံများ အနေဖြင့် တန်ဖိုးကြီးကြီး တခါတရံ တွင် ပေးရလေ့ရှိသည်ကိုလည်း ပြသနေသည်။(ဥပမာ - ပစ်ခတ်ခံရခြင်း)ဤဖူးလ်ဘာရီ ဥပမာက လူထုအဖွဲ့အစည်း နှင့် ၎င်းတို့ဘက်မှ ရပ်တည်သူ မိတ်ဆွေ များ အတူတကွ ဆောင်ရွက်ပြီး အေဒီဘီ အား တကယ့်လက်တွေ့တွင် ဘာတွေ ဖြစ်ပျက်နေသည်ကို သိရှိစေရန် လုပ်ဆောင်သင့်ကြောင်းကို ပြောပြနေသည်။ အဘယ့်ကြောင့်ဆိုသော် ကုမ္ပဏီများ အနေဖြင့် ဘဏ်မှ ငွေရရှိရေးတွက် အားလုံး အဆင်ပြေချောမွေ့နေသည် ဟု အေဒီဘီ ကို ပြောဆိုတတ်ကြသောကြောင့်ဖြစ်သည်။



## ဆွေးနွေးရန်မေးခွန်းများ

- အကယ်၍ စီမံကိန်း ကို ဆက်လက်ဆောင်ရွက်ပါက မည်သည့် အခွင့်အရေးများကို ချိုးဖောက်ခံရနိုင်သလဲ။
- စီမံကိန်း မစတင်မီကပင် မည်သည့်အခွင့်အရေးများ ချိုးဖောက်ခံခဲ့ရသလဲ။
- ဒေသခံလူထုများအနေဖြင့် သူတို့၏ အဖြစ်အပျက်များကို ADB ကို ပြောပြရန် ဘာကြောင့် အရေးကြီးသလဲ။
- အလားတူအခြေအနေမျိုးတွင် သင်နှင့် သင်တို့၏ လူထုအဖွဲ့အစည်းအနေဖြင့် ဘာ လုပ်မလဲ။

## အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ စီမံကိန်းများကို ဘယ်သူစီမံဆုံးဖြတ်လဲ

ADB ၏ စီမံကိန်းများတွင် များစွာသော အဖွဲ့များနှင့် ပါဝင်ဆောင်ရွက်သူ များ ပါဝင်လေ့ရှိသည်။ ထိုအုပ်စုများကို စုစည်းပေါင်းစပ်ပြီး အလုပ်လုပ်ကြလေ့ရှိသည်။

- နိုင်ငံတကာကုမ္ပဏီ တစ်ခု
- ဒေသတွင်းရှိ ကုမ္ပဏီတစ်ခု
- စီမံကိန်းဆောင်ရွက်သည့် နေရာရှိ အစိုးရအဖွဲ့အစည်း တစ်ခု
- ငွေထုတ်ပေးသူများ (ပုဂ္ဂလိကပိုင် ဘဏ်များ၊ အခြားနိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်များ နှင့် အေဒီဘီ)

အဖွဲ့ပေါင်းများစွာ ပါဝင်သောကြောင့် စီမံကိန်းနှင့် ပါတ်သက်၍ ဘယ်သူက ဦးဆောင် စီမံဆောင်ရွက်သူ အရေးကြီးသော ဆုံးဖြတ်ချက်များ အတွက် ဘယ်သူက ပြောရေးဆိုခွင့် ရှိသူ စသည်တို့ကို ခန့်မှန်းသိရှိရန် ခက်ခဲလေ့ ရှိသည်။ ဤအချက်က စီမံကိန်းများကို ပြောင်းလဲရန်၊ ရပ်တန့်စေရန် ပြောဆိုရာတွင် အကျိုးသက်ရောက်မှု ရှိရန် ခက်ခဲလေ့ ရှိသည်။ လူထုအဖွဲ့အစည်းများနှင့် လူစုအဖွဲ့ များ အနေဖြင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် စီမံကိန်း အစီအစဉ်များ ကို အောင်မြင်စွာ ပြောင်းလဲပစ်ရန် မည်သည့် ပါဝင်ဆောင်ရွက်သူကို ဖိအားပေးရမည်ကို သိရှိရန် လိုသည်။




ခင်ဗျားတို့ရဲ့ စီမံကိန်းကို ကျွန်တော်တို့ လက်ခံလိုက်ပြီ။
အခု အေဒီဘီ ကချေးငွေ ရပြီဆိုတော့ အခြားဘဏ်တွေကလည်း ငါတို့ကို ငွေချေးတော့မှာပေါ့။.
ADB
THE WORLD BANK
HSBC
GERMAN DEVELOPMENT BANK

**ငွေထုတ်ပေး**တဲ့ အခါမှာ၊ လုပ်ငန်း အကောင်အထည်ဖော်တဲ့ နေရာမှာ နဲ့ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကြီး တစ်ခုလုံးကို သဘောတူထောက်ခံဖို့ ရာမှာ ဖွဲ့အစည်းတွေ အများကြီး ပါဝင်ပါတယ်။ သို့သော်လည်း အေဒီဘီ တစ်ခုတည်းမှာသာ ထို Safegurad policies ဟုခေါ်သော လုံခြုံရေးမူဝါဒ (စာမျက်နှာ ..... တွင်ကြည့်ပါ)၊ ပြည်သူလူထုကို သတင်းအချက်အလက်များ ပေးရန် လိုအပ်မှုနှင့် ဝန်ထမ်းများမှ စီမံကိန်းလုပ်ငန်း၏ အကျိုးဆက်ကို **စောင့်ကြည့်လေ့လာဖို့** လိုအပ်ချက်တွေ ရှိပါတယ်။




ငါတို့ လုပ်နိုင်ပြီကွ! ဆည်ဆောက်တာကို ငါတို့ ရပ်ဆိုင်းလိုက်ပြီ! ဒါပေမယ့် သူတို့လုပ်သွားတာကို ကြည့်လိုက်ပါဦး!
ပြန်ပြုပြင်ပေးဖို့ တာဝန်က သူတို့ နဲ့ သက်ဆိုင်တယ်။ သူတို့ တာဝန်ယူရမယ်!!

## ဖြစ်ရပ်။ ။ သီရိလင်္ကာတောင်ပိုင်း သယ်ယူပို့ဆောင်မှု ဖွံ့ဖြိုးရေး စီမံကိန်းဟာ လမ်းပိတ်လမ်းသေ တစ်ခုဖြစ်ခြင်း



သီရိလင်္ကာနိုင်ငံရဲ့ တောင်ပိုင်း ပို့ဆောင်ဆက်သွယ်ရေး ဖွံ့ဖြိုးမှု စီမံကိန်းက ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေး ရပြီးကတည်းက သီရိလင်္ကာနိုင်ငံရဲ့ ပထမဆုံး အဓိကကျတဲ့ အမြန်လမ်းမကြီး ကို တည်ဆောက်ဖို့ ဖြစ်လာပါတယ်။ ဒီစီမံကိန်းကို ADB နဲ့ ဂျပန်နိုင်ငံတကာ စီးပွားရေး လုပ်ငန်းစုတွေ ရဲ့ ဘဏ်တို့ ကဘဲ ငွေထုတ်ပေးခဲ့တာပါ။ ဒီ အဝေးပြေးလမ်းမကြီး စီမံကိန်းရဲ့ ရည်မှန်းချက်ကို ဖော်ပြခဲ့တာကတော့ နိုင်ငံတောင်ပိုင်းဒေသ တွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နဲ့ လမ်းပေါ်က ယာဉ်မတော်တဆမှုတွေကို လျှော့ချဖို့ပါ။

ဒီစီမံကိန်းကို ၁၉၉၂ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ သို့သော်လည်း နောက်ထပ် နှစ် ၂၀ ကြာပြီးနောက်မှာတောင် ဒီစီမံကိန်းက မပြီးသေးပါဘူး။ ဘာလို့လဲဆိုတော့ ၄င်းစီမံကိန်းမှာ အငြင်းပွားဖွယ်ရာ ကိစ္စရပ်တွေကို မရပ်မနား ကြုံတွေ့ခဲ့ရလို့ပါ။ ဒီလမ်းမကြီး ဖြတ်သွားတဲ့ ခရိုင်တိုင်းမှာ ဒေသခံလူထုအဖွဲ့အစည်းတွေဟာ ဒီစီမံကိန်းရဲ့ ပုံစံဖော်ထားပုံ၊ **ပြန်လည်နေရာချထားရေး** နဲ့ **နစ်နာကြေးပေးမှု** မူဝါဒတွေ နဲ့ ဒေသတွင်း သဘာဝပါတ်ဝန်းကျင် ထိခိုက်မှုတွေကို ဆန့်ကျင်ဆန္ဒပြခဲ့ကြတယ်။

ဒီစီမံကိန်းကြောင့် ထိခိုက်ခံစားရတဲ့ ဒေသခံပြည်သူတွေက စီမံကိန်းမှာ သင့်တင့် လက်ခံနိုင်ဖွယ်ရာ ကောင်းတဲ့ ပိုင်ဆိုင်မှုနဲ့ မြေယာပိုင်ဆိုင်မှု တန်ဖိုးဖြတ်တာတွေ မရှိဘူးလို့ ပြောကြပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ ဆုံးရှုံးနစ်နာမှုတွေ အတွက် အလွန်နည်းပါးတဲ့ လျော်ကြေးကိုသာ ရရှိကြပါတယ်။ ဒီစီမံကိန်းမပေါ်ပေါက်ခင်က အဓိကဝင်ငွေ ရတဲ့ ရင်းမြစ်တွေ ဖြစ်တဲ့ သီးနှံတွေနဲ့ သစ်ပင်ကြီးတွေ အတွက်လည်း လူတွေကို လျော်ကြေးပေးခြင်း မရှိပါဘူး။ ပြန်လည်နေရာချထားပေး တဲ့ နေရာတွေမှာ သောက်သုံးရေ၊ ကောင်းမွန်တဲ့ ရေဆိုးစွန့်ထုတ်တဲ့ စနစ် နဲ့ ကလေးတွေပညာရေး အတွက် ကျောင်းတွေကို မရရှိကြဘူး။ ထိခိုက်ခံစားရတဲ့ ပြည်သူပေါင်းများစွာက သူတို့ ရရှိတဲ့ လျော်ကြေးငွေအနည်းငယ်ကိုအသုံးပြုပြီး နေစရာ အိမ်တွေ ပြန်လည်ဆောက်ခဲ့ကြရတယ်။ သူတို့ရဲ့ ဆက်လက်ရပ်တည်မှုအတွက် ငွေအနည်းငယ် သာကျန်ရှိပြီး ပိုမိုဆင်းရဲတွင်းနက်အောင် တွန်းပို့ခဲ့ကြတယ်။

အကျိုးဆက်ကို ခံစားကြရတဲ့ လူထုအဖွဲ့အစည်း တွေနဲ့ သူတို့ကို ကူညီအားပေးတဲ့သူတွေက ဒီအဖြစ်အပျက်တွေကို မှတ်တမ်းပြုစုပြီး ADB တွင် သူတို့ရဲ့ **မကျေနပ်မှုများကို တင်ပြတောင်းဆိုမှု**များ ပြုလုပ်ခဲ့ကြသည်။ ADB ရဲ့ **နောက်ဆက်တွဲဖြစ်ရပ်တာဝန်ခံမှု လုပ်ထုံးစနစ်** (Accountability Mechanism) ဆိုသည်မှာ စီမံကိန်းလုပ်ငန်းများအပေါ် မိမိတို့၏ မကျေနပ်ချက်များကို တင်ပြတောင်းဆိုနိုင်သည့် ရုံးတစ်ခုဖြစ်သည် (စာမျက်နှာ ၁၅၂ တွင်ကြည့်ပါ)ADB မှ ပေးပို့သော တောင်းဆိုမှုများကို ပြန်လည် လေ့လာကြည့်ရှုပြီး နစ်နာခဲ့သော ဒေသခံပြည်သူလူထု ၏ အခြေအနေကို ပိုမိုကောင်းလာစေရန် အနည်းငယ်မျှသာ ဆောင်ရွက်ပေးခဲ့သည်။ စီမံကိန်းစတင်ပြီး နှစ်ပေါင်း (၂၀) ဆယ်ကျော်ကြာ ပြီးနောက် အေဒီဘီ ၏ ဘေးကင်းလုံခြုံရေးမူဝါဒများ နှင့် အရေးကြီးဆုံးသော ရည်ရွယ်ချက်များ၊စည်းမျဉ်းစည်းကမ်းများကို ဆက်လိုက်လိုက်နာနိုင်ခြင်း မရှိတော့ပေ။

## ဤဖြစ်ရပ်မှ ဘာတွေကို လေ့လာသိရှိနိုင်သလဲ

ADB ၏ လုံခြုံရေးမူဝါဒများမှာ စီမံကိန်းကြောင့် ထိခိုက်ခံရသော ပြည်သူလူထု အတွက် အကျိုးကျေးဇူးခံစားခွင့် ရရှိမှုကို သေချာစေပြီး ဆိုးကျိုးများ မဖြစ်ပေါ်စေရန် ရည်ရွယ်ထားသည်။ သို့သော် နိုင်ငံအစိုးရများ နှင့် အဖွဲ့အစည်းများက ADB ၏ စီမံကိန်းများကို ဆောင်ရွက်ရာ၌ဤ မူဝါဒများကို လိုက်နာရန်ပျက်ကွက်သောအခါ ထိုချမှတ်ထားသော မူဝါဒများမှာ ဘာမှအသုံးမဝင်ပေ။ ပြည်သူများ ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ နှင့် ပုံမှန်နေထိုင်မှု ဘဝများ ကို အမှန်တကယ် ဆုံးရှုံးမှုနှင့် ကြုံတွေ့ရသော အခါတွင် အနည်းငယ်မျှသော လျော်ကြေးသည် ၄င်းတို့၏ ဘဝကို ပိုမိုကောင်းမွန်အောင် မပြုလုပ်နိုင်ပါ။



## ဆွေးနွေးရန်မေးခွန်းများ

- ↳ သီရိလင်္ကာနိုင်ငံရှိ အဝေးပြေးလမ်းသစ်ကြီး ကြောင့် ဆိုးကျိုးခံစားရသော ပြည်သူများကို လုံခြုံရေး မူဝါများက ဘာကြောင့်အကာအကွယ်မပေးနိုင်တာလဲ။
- ↳ ဘယ်အဖွဲ့အစည်း သို့မဟုတ် ဘယ်လို အဖွဲ့အစည်းအုပ်စုတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ ဆိုးကျိုးတွေ အတွက် တာဝန်ရှိသလဲ။
- ↳ အဝေးပြေးလမ်းမသစ်ကြီး ကို တည်ဆောက်ပြီးစီးသွားပါက ဆုံးရှုံးသွားရသော ပြည်သူတို့၏ ဘဝများ နှင့် ထိုက်တန်ပါမည်လား။

# လေ့ကျင့်ခန်း



## လူ့အခွင့်အရေး နဲ့ ပက်သက်တဲ့ အဖြစ်အပျက် အကြောင်းအရာ တွေက ဘာလဲ။

**ရည်ရွယ်ချက်။** ဤလေ့ကျင့်ခန်းတွင် ADB မှ ငွေအထောက်အပံ့ ပေးထားသော စီမံကိန်းလုပ်ငန်းတစ်ခုကို ၄င်း၏ အကျိုးသက်ရောက်မှုက လူထုအဖွဲ့ အစည်း၏ အခွင့်အရေးများ အပေါ် ကို မည်သို့ သက်ရောက်မှု ရှိနိုင်သည်ကို နားလည်သဘောပေါက်ရန် ဆွေးနွေးသွားမည် ဖြစ်သည်။ ဤ လေ့ကျင့်ခန်းက ပါဝင်ဆွေးနွေးသူများကို ADB ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်း နှင့်ပါတ်သက်သည့် အတွေးအခေါ်များနှင့် လူထုအဖွဲ့ အစည်းများ က ၄င်းတို့၏ အခွင့်အရေးများကို ကာကွယ်သည့် အတွေးအခေါ်များကို ချိန်ဆ တွေးခေါ်နိုင်ရန် အထောက်အကူဖြစ်စေပါမည်။

**ကြာချိန်။** ၁ နာရီ

**လိုအပ်သည့်ပစ္စည်းများ။** အကြွေစေ့ ၁ စေ့

၁။ အဖွဲ့ ကို စက်ဝိုင်းပုံဝိုင်းထိုင်ခိုင်း ပြီး "ADB က သူတို့ရဲ့ ရည်မှန်းချက်တွေက ဆင်းရဲမွဲတေမှုကို လျှော့ချဖို့ လို့ပြောတယ်။ သူတို့ ကဘာကိုဆိုလာတာလဲဆိုတဲ့မေးခွန်းကို အဖွဲ့ကိုမေးပါ။ အဖွဲ့ ကို ဒီမေးခွန်းရဲ့ အဖြေကို စဉ်းစားခိုင်းပါ။ ဒါပေမယ့် အဖြေကို မပေးခိုင်းပါနဲ့ဦး။

အကြွေစေ့ကို တစ်ဝိုင်းလုံးကို လက်ဆင့်ကမ်းလိုက်ပါ။ လူတိုင်း အကြွေစေ့ကို လက်ခံရတဲ့အခါမှသာ သူတို့ တစ်ဦးချင်း မေးခွန်းအတွက် သူတို့တတ်နိုင်သလောက် အကောင်းဆုံးအဖြေကို ပေးပါစေ (ဘယ်တော့မှ မှားတဲ့အဖြေ ရော မှန်တဲ့အဖြေရော မရှိပါဘူး)။ လူတိုင်းဖြေပြီးသွားတဲ့ အခါမှသာ အကြွေစေ့ကို နောက်တစ်ယောက် ဆီကို လက်ဆင့်ကမ်း ပေးခိုင်းပါ။ မှတ်တမ်းရေးသားသူကို လူတိုင်းရဲ့ အဖြေကို စာရွက်ကြီးပေါ်မှာ ရေးမှတ် ထားခိုင်းပါ။

တစ်ယောက်ယောက်ကို သူတို့ လူထုအဖွဲ့ အစည်း သို့မဟုတ် သူကိုယ်တိုင် ကို အကျိုးသက်ရောက်မှု ပြနေစေတဲ့ ADB ရဲ့ စီမံကိန်းတစ်ခုအကြောင်း မျှဝေပြောပြခိုင်းပါ။ ဒါမှ မဟုတ် ဒီစာအုပ်ထဲမှာ ပါတဲ့ ဖြစ်ရပ်တစ်ခုကို တစ်ဖွဲ့ လုံးကို ဖတ်ပြပါ။ကိုယ်တွေ့ ဖြစ်ရပ်တွေကို အားလုံးကို ပြန်ပြောပြခိုင်းတဲ့အခါ တိုတို နဲ့ လိုရင်းရောက်အောင် ပြောခိုင်းပါ။ (ကူညီဆောင်ရွက်ပေးသူက လူတိုင်းတစ်ဦးကို အချိန် ၃ မိနစ် သို့မဟုတ် ၄ မိနစ် ခန့်သာ ပြောရန်သတ်မှတ်ပေးပြီး အားလုံး နားလည် လိုက်နာနိုင်အောင် ကူညီပါ။)

၄။ လူတိုင်း ဖြစ်ရပ်ကို သေချာနားလည်အောင်ကူညီပေးပါ။ ပြီးသောအခါ တစ်ဖွဲ့ လုံးကို မေးခွန်းများ ကို ဖြေရန် ဆွေးနွေးဖို့ ပြောပါ။ အဖွဲ့ကို ဆွေးနွေးချိန်း လုံလုံလောက်လောက်ပေးပါ။

- ↳ စီမံကိန်းက ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးလား။ စီမံကိန်းက ပိုပြီး ဆင်းရဲတွင်း နက်စေသလား။ ဘယ်သူတွေ အတွက်လဲ။
- ↳ ဖြစ်ရပ်မှာ ဘယ် လူ့အခွင့်အရေးတွေကို ဖောက်ဖျက်ခံနေရလဲ။
- ↳ ဘယ်သူ့အတွက် အကျိုးရှိလဲ။ ဘယ်သူတွေ ဒုက္ခခံနေရလဲ။
- ↳ ဆင်းရဲမှုကို အမှန်တကယ်လျှော့ချပြီး လူထုအဖွဲ့ အစည်းကို ပိုမိုအားကောင်းစွမ်း ဆောင်နိုင်စေရန် စီမံကိန်းကို အခြားနည်းနဲ့ ဘယ်လို ဆောင်ရွက်သင့်သလဲ။
- ↳ ပြည်သူတွေရဲ့ လူ့အခွင့်အရေး ကို လေးစားလိုက်နာရန် စီမံကိန်းကို မတူတဲ့ နည်းလမ်းနဲ့ ဘယ်လို ဆောင်ရွက်နိုင် လဲ။

ဤလမ်းညွှန်ပါ ဖြစ်ရပ်တိုင်း၏ နောက်တွင် ဆွေးနွေးမှုများကို ချက်ချင်း လွယ်ကူစွာ ပြုလုပ်ရန် မေးခွန်းများ မေးထားသည်ကို သတိပြုပါ။

## ၂.၂။ အာရှဖွံ့ဖြိုးရေးဘဏ်၏ လုံခြုံရေး (မထိခိုက်စေရေး) မူဝါဒများ

**ADB ၏ လုံခြုံရေးမူဝါဒများ (Safeguard policies)** ဆိုသည်မှာ ADB က ငွေကြေးအကူအညီပေးသော စီမံကိန်းလုပ်ငန်းများကြောင့် ဒေသခံ ပြည်သူလူထုနှင့် သဘာဝပါတ်ဝန်းကျင် တို့ကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ပေးရန် မူဝါဒများ ဖြစ်သည်။ ထို လုံခြုံရေးမူဝါဒများ သည် ADB ၏ စီမံကိန်းလုပ်ငန်း များကြောင့် ထိခိုက်မှုကို ခံစားရမည့် ပြည်သူများကို နည်းလမ်းကျကျ အသိပေးခြင်း၊ ဆွေးနွေးခြင်း နှင့် **စီမံကိန်းများကို ကြိုတင်ရေးဆွဲရာတွင်** ၄င်းတို့အတွက် စီမံကိန်းမှ အကျိုးဖြစ်ထွန်းစေမည့် ပုံစံဖြစ်စေရန် ပါဝင်ဆောင်ရွက်ခွင့် များကို သေသေချာချာ ရရှိစေရန် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

**ကျွန်ုပ်တို့ ADB ၏ လုံခြုံရေးမူဝါဒများ အတွက် လိုအပ်သည်များကို နားလည်ပြီးသည့်အခါ ၄င်းတို့ကို ကျွန်ုပ်တို့၏ အခွင့်အရေးများကို ကာကွယ်ရန် အသုံးပြုနိုင်ပါသည်။**

ADB နှင့် ကမ္ဘာ့ဘဏ် ကဲ့သို့သော အခြားဘဏ်များသည် ဘဏ်မှ ငွေကြေးအကူအညီပေးသော လုပ်ငန်းများ ၏ ဆိုးရွားသော အကျိုးဆက်များကို တားဆီးရန် လူအများ၏ တောင်းဆိုချက်များ အား ဖြေရှင်းသည့်အနေဖြင့် လုံခြုံရေးမူဝါဒများကို ၁၉၈၀ ခုနှစ်များ နှင့် ၁၉၉၀ ခုနှစ်များ ကတည်းက အတည်ပြုကျင့်သုံးခဲ့ကြသည်။ နှစ်များစွာ ကြာသည့်တိုင် လူများနှင့် လူထုအခြေပြု အဖွဲ့အစည်းများက ADB ၏ စီမံကိန်းလုပ်ငန်းများမှာ ကောင်းကျိုးထက် ဆိုးကျိုးများကို ပိုပေးသည်ဟု ရှုမြင်လာကြသည်။ ၄င်းတို့၏ စိုးရိမ်ပူပန်မှုများမှာ

- ↳ ADB ၏ စီမံကိန်းများ နှင့် ပါတ်သက်သော အကြောင်းအရာ အချက်အလက်များကို ရရှိရန် ခက်ခဲခြင်း
- ↳ ဒေသခံပြည်သူလူထု နှင့် **လူမှုအဖွဲ့ အစည်း**အုပ်စုများ မှာ ADB မှ ထောက်ပံ့ကူညီနေသော စီမံကိန်းလုပ်ငန်းများ နှင့်ပါတ်သက်၍ ဆွေးနွေးအသိပေးခံရခြင်း မရှိပါ။ ဆွေးနွေးအသိပေးခံရလျှင်လည်း ဒေသခံများ၏ စိတ်ကူးများ၊ ထင်မြင်ယူဆချက်များ ကို ADB မှ လက်ခံနားထောင်ပေးခြင်းမရှိပါ။
- ↳ ADB သည် ၄င်း၏ စီမံကိန်းများ ကြောင့်ဖြစ်သော ဆိုးကျိုးများ အတွက် **တာဝန်ယူမှု** မရှိပါ။
- ↳ ADB သည် ပြည်သူများ နှင့် သဘာဝပါတ်ဝန်းကျင် အား ဆိုးကျိုးများ မဖြစ်အောင် ကာကွယ်ရာတွင် ကောင်းစွာ ဆောင်ရွက်ခြင်း မရှိပါ။
- ↳ ADB သည် ၄င်း၏ စီမံကိန်းများမှ ဆိုးရွားသော အန္တရာယ်ရှိသော ဆိုးကျိုးများ ဖြစ်စေမည်ကို ရှင်းရှင်းလင်းလင်း သိသည့်တိုင် စီမံကိန်းများကို ဖျက်သိမ်းလေ့မရှိပါ။
- ↳ ADB သည် ၄င်း၏ စီမံကိန်းလုပ်ငန်းများကြောင့် **ရွှေ့ပြောင်းခံရ**သည့် ပြည်သူများ အတွက်သင့်တင့် မျှတသော **လျော်ကြေးပေးမှု** နှင့် အကူအညီများ အမှန်တကယ် ရရှိစေရန် ဆောင်ရွက်ပေးရန် ပျက်ကွက်လေ့ရှိသည်။
- ↳ ADB သည် **စီးပွားရေး ပိုမိုကြီးထွားဖွံ့ဖြိုး** လာစေမည့် စီမံကိန်းလုပ်ငန်းများကို ငွေထုတ်ပေးလေ့ရှိသည် သို့သော် **လူ့အခွင့်အရေး**ကိုမူ မကြာခဏ မလေးမစား လုပ်လေ့ရှိသည်။

ဤသည်တို့မှာ ဆိုးရွားသော ပြဿနာများ ဖြစ်ပါတယ်။ အာရှနိုင်ငံများမှာ ADB ၏ စီမံကိန်းများကြောင့် သန်းနှင့်ချီသော ပြည်သူများမှာ ပြန်လည်နေရာချထားခံရခြင်း၊ ၄င်းတို့၏ အသက်မွေးလုပ်ငန်းများ ပျောက်ဆုံးခြင်း၊ ၄င်းတို့၏ သဘာဝပါတ်ဝန်းကျင် ကို ထိခိုက်ခံရခြင်း နှင့် ယဉ်ကျေးမှုများကို ဆုံးရှုံးခြင်းများ နှင့် ကြုံတွေ့ခဲ့ကြရတယ်။




နှစ်ပေါင်းများစွာကြာအောင် ကန့်ကွက်ဆန္ဒထုတ်ဖော်ကြပြီးတဲ့ အခါမှာ ဆိုးကျိုးများမှ ကာကွယ်ရန် ADB မှ လုံခြုံရေးမူဝါဒများကို ဖန်တီးခဲ့သည်။




လုံခြုံရေးမူဝါဒများမှာ လမ်းမှန်ကို သွားဖို့ ခြေလှမ်း တစ်လှမ်းဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ အခွင့်အရေးတွေကို ကာကွယ်ဖို့ရန် ဒီမူဝါဒတွေကို ကိရိယာများအဖြစ် အသုံးပြုနိုင်ပါတယ်။ ဒါပေမယ့် လူ့အခွင့်အရေးတွေကို အပြည့်အဝ လိုက်နာဖို့အတွက် မှာ မူ ADB သည် များစွာ လုပ်ဆောင်ရန် ကျန်နေသေးသော အဖွဲ့အစည်းဖြစ်ပါတယ်။

## အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ လုံခြုံရေးမူဝါဒတွေက ဘာတွေလဲ

ADB ၏ **လုံခြုံရေးမူဝါဒများ**မှာ ADB မှ မည်သည့်နိုင်ငံတွင် မဆို စီမံကိန်းများအတွက် ငွေထုတ်ပေးတိုင်းမှာ ကျင့်သုံးသော စည်းမျဉ်းများဖြစ်ကြပါတယ်။ စီမံကိန်းတစ်ခုကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း များတွင် ADB နှင့် အစိုးရတို့ မှ ဤမူဝါဒများကို လိုက်နာကျင့်သုံး ရပါမယ်။ အကယ်၍ ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုက စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ADB ၏ ငွေထောက်ပံ့မှုကို လက်ခံမည်ဆိုပါက ကုမ္ပဏီသည်လည်း ထို လုံခြုံရေးမူဝါဒများကို လိုက်နာရန် လိုအပ်တယ်။

***အကယ်၍ အစိုးရ သို့မဟုတ် ကုမ္ပဏီ မှ အေဒီဘီ ကငွေထုတ်ပေးထားသော စီမံကိန်းတစ်ခုတွင် ဘေးကင်းလုံခြုံရေး မူဝါဒများကို ဖောက်ဖျက်ပါက အေဒီဘီ က ၎င်းစီမံကိန်းမှ ထောက်ပံ့ပေးအပ်ထားသော ငွေများကို ပြန်လည်ရုတ်သိမ်း ရပါမယ်။***
ထိုအကြောင်းကြောင့် အစိုးရ နှင့် ကုမ္ပဏီတို့မှ ထိုလုံခြုံရေးမူဝါဒများကို ဂရုစိုက်ရပါတယ်။ အကယ်၍ ဂရုမစိုက်ခဲ့လျှင် ၎င်းတို့၏ ငွေများကို ဆုံးရှုံးရမှာ ဖြစ်တဲ့အတွက်ပါ။

လုံခြုံရေးမူဝါဒများမှာ အကြုံးဝင်တဲ့ နယ်ပယ် ၃ ကတော့ -

 **၁) သဘာဝပါတ်ဝန်းကျင်**

 **၂) သဘောမတူဘဲ နေရာရွှေ့ပြောင်းနေထိုင်ရခြင်း**

 **၃) ဌာနေတိုင်းရင်းသားများ**

လူထုဆက်ဆံရေး မူဝါဒ (PCP) ဟုခေါ်တဲ့ နောက်ထပ် စည်းကမ်းတစ်ခု ကတော့ လုံခြုံရေးမူဝါဒနဲ့ နီးစပ် ဆက်စပ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ၎င်းစည်းကမ်းမှာ ADB ကို လုံခြုံရေးမူဝါဒတွေကို ပြည်သူတွေ နားလည်သိရှိအောင် ကူညီပေးဖို့ လိုအပ်ကြောင်း ပါရှိတယ်။ PCP လူထုဆက်ဆံရေး မူဝါဒမှာ ဘဏ်ကနေ ၎င်းရဲ့ စီမံကိန်းတွေ နဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ အကြောင်း သတင်း အချက်အလက်တွေကို ဘယ်လို အသိပေး ဝေမျှရမယ် ဆိုတာ ရှင်းလင်းတဲ့ စည်းကမ်းချက်တွေ ပါတယ်။

ဒီ ဘေးကင်းလုံခြုံရေး မူဂါဒတွေတိုင်းရဲ့လိုအပ်ချက်တွေကတော့ -

- **လုပ်ငန်းလည်ပါတ်မှု**
  စကတည်းကပင် စီမံကိန်းကို ဆောင်ရွက်မည့်သူက ဖြစ်နိုင်သည့် အန္တရာယ်ရှိသော ဆိုးကျိုးများကို စောစီးစွာကြိုတင် ဖော်ပြထားရမည်။
- **စီမံကိန်းဆောင်ရွက်သူ**က ဆိုးကျိုးများကို ရှောင်လွှဲဖို့၊ အနည်းဆုံးဖြစ်ဖို့၊ ရင်ဆိုင်ဖြေရှင်းဖို့ သို့မဟုတ် ပြန်လည်ပေးလျှော်ဖို့ ကိုပါ ကြိုတင်စီမံရပါမယ်။










- **ADB နဲ့ စီမံကိန်း ကို**
  အကောင်အထည်ဖော် ဆောင်ရွက်သူတွေ ဟာ စီမံကိန်းမစတင်မီ နဲ့ စီမံကိန်း လုပ်ကိုင် လည်ပါတ်နေတဲ့ တောက်လျှောက်မှာ ထိခိုက်ခံ ပြည်သူတွေ ကို အသိပေးခြင်း နှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ရပါတယ်။ (စီမံကိန်း လုပ်ငန်းလည်ပါတ်မှုကို လေ့လာရန် စာမျက်နှာ **၉၃** တွင် ကြည့်ပါ။)

## လုံခြုံရေးကြီး (၃)ခု

ADB မှာ လုံခြုံရေးကြီး (၃)ခု ရှိပါတယ်။ သဘာဝပါတ်ဝန်းကျင် လုံခြုံရေး၊ **သဘောမတူဘဲ ပြောင်းရွှေ့ခံရခြင်း**မှ လုံခြုံရေး၊ **ဌာနေတိုင်းရင်းသားများ**အတွက် လုံခြုံရေး တို့ ဖြစ်ပါတယ်။ ထို လုံခြုံရေးတို့နှင့် ပါတ်သက်သော စည်းမျဉ်းများ မှာ ရည်လျားသည့် **လုံခြုံရေးမူဝါဒ ကြေငြာချက် (SPS)** ဟုခေါ်သော စာတမ်းတွင် ဖော်ပြထား ပါသည်။ (SPS ကို ရှာဖွေ ဖတ်ရှုရန် နှင့် ၎င်းကို မည်သို့ နားလည်ရမည်ကို စာမျက်နှာ **၁၀၆** တွင်ကြည့်ပါ။)

## သဘာဝပါတ်ဝန်းကျင်လုံခြုံရေး

သဘာဝပါတ်ဝန်းကျင် လုံခြုံရေး ၏ အဓိက ရည်ရွယ်ချက်မှာ - "စီမံကိန်း နှင့်ပါတ်သက်၍ သဘာဝပါတ်ဝန်းကျင် ၏ ဘေးကင်းမှု နှင့် ရေရှည်တည်တံ့မှု တို့ ကို သေချာစေရန်၊ စီမံကိန်း ဆုံးဖြတ်ချက်များကို ချမှတ် ဆောင်ရွက်သည့် ဖြစ်စဉ်တွင် သဘာဝပါတ်ဝန်းကျင် အား ထည့်သွင်းစဉ်းစား မှုကို အားပေးရန်" ဟု ADB မှ ဖော်ပြထားပါသည်။




## မပြောင်းရွှေ့လိုဘဲ နေရာရွှေ့ပြောင်းခံရခြင်းမှ လုံခြုံရေး

မပြောင်းရွှေ့လိုဘဲ နေရာမှ ရွှေ့ပြောင်းခံရခြင်းမှ လုံခြုံရေး ဆိုသည်မှာ - *"မပြောင်းရွှေ့လိုဘဲ နေရာမှ ရွှေ့ပြောင်းပစ်ခြင်းမှ ဖြစ်နိုင်သည့် နေရာတိုင်းတွင် ရှောင်ကျဉ်ရန်၊ မပြောင်းရွှေ့လိုဘဲ နေရာ ရွှေ့ပြောင်းခြင်းကို စီမံကိန်းအတွက် အခြား ဖြစ်နိုင်သည့် အစားထိုးနည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီး နည်းနိုင်သမျှ နည်းအောင်ပြုလုပ်ရန်၊ ပြောင်းရွှေ့ခံရသော သူများ ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို စီမံကိန်းမစတင် မီက အခြေအနေ အတိုင်း ထက်ပိုကောင်းအောင် သို့မဟုတ် ယခင်ကအတိုင်း ပြန်လည် ပြုလုပ်ရန်ပေးရန် နှင့်* ***ထိခိုက်နစ်နာရန် လွယ်ကူသော လူစုနှင့်*** *ပြောင်းရွှေ့ခံရသော ဆင်းရဲသားများ ၏ လူနေမှု အဆင့်အတန်းကို ပိုကောင်းစေရန် ပြုလုပ်ပေးခြင်း၊ စသည်တို့ကို ပြုလုပ်ပေးရမည်"* ဟု ADB က ဖော်ပြထားပါသည်။







## ဌာနေ တိုင်းရင်းသားများ၏ လုံခြုံရေး

ဌာနေတိုင်းရင်းသားများ ၏ လုံခြုံရေး ဆိုသည်မှာ - *"စီမံကိန်းများ ကို ပုံစံရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ခြင်း တို့ ပြုလုပ်ရာတွင် ဌာနေတိုင်းရင်းသားများ ၏ အမှတ်သင်္ကေတများ၊* ***လူ့ဂုဏ်သိက္ခာ၊*** *လူ့အခွင့်အရေး၊ အသက်မွေး ဝမ်းကျောင်းမှု အတွက် စံနစ် နှင့် ဌာနေတိုင်းရင်းသားများ က ၄င်းတို့ဘာသာ သတ်မှတ်ထားသော ထူးခြားသည့် ယဉ်ကျေးမှု များအား အပြည့်အဝ လေးစားမှု ရှိသည့်နည်းလမ်း ကို အားပေးရန်၊ ထို့ကြောင့် ၁) ယဉ်ကျေးမှုနှင့် သင့်လျော်သော လူမှုရေး နှင့် စီးပွားရေး အကျိုးကျေးဇူးများကို ရရှိနိုင်ရန်၊ ၂) စီမံကိန်း၏ ရလဒ်ကြောင့် ဆိုးရွားပြင်းထန်သော ဆိုးကျိုးများ ကို မခံစားရရန်၊ နှင့် ၃) ၄င်းတို့အား အကျိုးသက်ရောက် မည့် စီမံကိန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်"* ဟု ဖော်ပြထားပါသည်။







ကြိုတင်အသိပေးထားသော လွတ်လပ်တဲ့ သဘောတူ ခွင့်ပြုချက် အကြောင်းကို လေ့လာရန် စာမျက်နှာ ၅၉ တွင်ကြည့်ပါ။

## လူထုဆက်ဆံ ရေး မူဝါဒ (PCP)

လူထုဆက်ဆံ ရေး မူဝါဒ (PCP) ဆိုသည်မှာ - *"အချိန်ကာလနှင့် သင့်လျော်သော၊ ရှင်းလင်းသော၊ သက်ဆိုင်မှု ရှိသော သတင်းအချက်အလက်များကို ပေးအပ်ခြင်း၊ စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ခံရမည့် ပြည်သူများ မှ စီမံကိန်း ပုံစံ နှင့် ပါတ်သက်၍ အဓိပ္ပါယ်ရှိသော ဖြည့်စွက်မှုများကို ပြုလုပ်နိုင်ရန် လုံလောက်သည့်အချိန် ရရှိစေရန်နှင့် သတင်းအချက်အလက်များကို စောစီးစွာပေးရန် ဖြစ်သည်။ အများပြည်သူနှင့် ဆိုင်သော အဖွဲ့အစည်း တစ်ခု အဖြစ်ဖြင့် ADB သည် ပြည်သူတို့အပေါ် တာဝန်ခံမှု ရှိသင့်သည်။"* ဟု ADB မှ ဖော်ပြထားပါသည်။




## ADB ရဲ့ စီမံကိန်းတွေဟာ အိမ်ရှင် နိုင်ငံတွေရဲ့ ဥပဒေကို လေးစားလိုက်နာရမယ်

အေဒီဘီ ရဲ့ ဘေးကင်းလုံခြုံရေး မူဝါဒ ကြေငြာချက် (စာမျက်နှာ **၁၆၀**) မှာ ရှင်းလင်းစွာ ဖော်ပြထားတာက ADB မှ ငွေထုတ်ပေးတဲ့ စီမံကိန်းတွေဟာ နိုင်ငံရဲ့ ဥပဒေတွေကို လေးစားလိုက်နာရမည့် အပြင်၊ လုံခြုံရေးမူဝါဒများ ၏ စည်းမျဉ်းများကိုလည်း လက်ကိုင်ထားကျင့်သုံးရမည် ဖြစ်သည်။

အကယ်၍ အိမ်ရှင်နိုင်ငံ တွင် ၎င်းကိုယ်ပိုင် သဘာဝပါတ်ဝန်းကျင် ကာကွယ်ရေး၊ ဌာနေတိုင်းရင်းသားများ ၏ အခွင့်အရေးများ၊ ပြန်လည်နေရာချထားရေး နှင့် သတင်းအချက်အလက်များ ရရှိနိုင်ရေး စသည်တို့နှင့်ပါတ်သက် ၍ လမ်းညွှန်ချက်များပေးထားသည့် နိုင်ငံ၏ ဥပဒေများ ရှိပါက ၎င်းဥပဒေများကို ADB မှ ငွေထောက်ပံ့မှုပေးထား သည့် စီမံကိန်းက လိုက်နာရမည်။ အကယ်၍ ADB ၏ **မူဝါဒများ** နှင့် နိုင်ငံ၏ ဥပဒေများ ကွဲပြားနေပါက အစိုးရ နှင့် စီမံကိန်းဆောင်ရွက်သူ တို့က အဆင့်ပိုမြင့်သော အရာကို နှိုင်းယှဉ်လိုက်နာရမည်။ ADB မှ ငွေကြေး ထုတ်ပေးထားသည့် စီမံကိန်းများသည် ထိုနိုင်ငံက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ ဥပဒေကြောင်းဆိုင်ရာ သဘောတူညီချက်များ နှင့် စာချုပ်များ ကိုလည်း လိုက်နာရမည်။ အကယ်၍ စီမံကိန်းဆောင်ရွက်သူ က ဤ ဥပဒေများနှင့် မူဝါဒများကို ချိုးဖောက်ပါက ADB က စီမံကိန်းတွင် ၎င်း၏ ငွေကြေးထောက်ပံ့မှုကို ရုတ်သိမ်းလိမ့်မည် ဟုမှတ်ယူရမည်။

## လုံခြုံရေးမူဝါဒတွေက မကောင်းတဲ့စီမံကိန်းတွေကို ကောင်းမွန်လာစေမှာလား

လူထုအဖွဲ့အစည်း တွေနဲ့ **ပြည်သူ့လူ့အဖွဲ့အစည်း** အသင်းအဖွဲ့ တွေက လုံခြုံရေးမူဝါဒ တွေမှာ ဒေသခံ ပြည်သူတွေနဲ့ သဘာဝပါတ်ဝန်းကျင် ကို ကာကွယ်စောင့်ရှောက်ဖို့ အထောက်အကူဖြစ်မယ့် စည်းမျဉ်းတွေ ပါတယ်လို့ သဘောတူ လက်ခံကြပါတယ်။ဘာဘဲဖြစ်ဖြစ် မူဝါဒကောင်းတစ်ခု ကို ရေးသားပြီးသား ဖြစ်နေတာက ပထမခြေလှမ်းမျှသာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်က ဒီစည်းကမ်းချက်တွေကို တကယ့်လက်တွေ့ ဘဝမှာ အလုပ်ဖြစ်အောင် လုပ်ဖို့ ဘဲ။

ADB က ၎င်း၏ လုံခြုံရေးမူဝါဒများ က ၎င်းက ငွေကြေး ထောက်ပံ့ပေး ထားသော စီမံကိန်းများကို ပိုမိုကောင်းမွန်စေသည် ဟု ဆိုတယ်။ ADB က စီမံကိန်းတွေဟာ အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီများ မှ ငွေထုတ်ပေးထားသော စီမံကိန်းများထက် ပိုမို လုံခြုံစိတ်ချရမှု ရှိကာ ပိုပြီးတော့လည်း ရေရှည်တည်တံ့ တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။

ဒီအရာက တစ်ခါတစ်ရံမှာ မှန်နိုင်ပါတယ်။ ဒါပေမယ့် ဒေသခံ လူထုအဖွဲ့အစည်း တွေမှာ ADB က ဒေသခံ ပြည်သူတွေ က ရပ်တန့်ပစ်ဖို့ ပြောနေတဲ့ စီမံကိန်းတွေကို လည်း မကြာခဏ ငွေထုတ်ပေးတာကို သိရှိခံစားဖူးကြ ပါတယ်။ ADB က စီမံကိန်းမှာ ပါဝင်လာပြီးရင် ငွေထောက်ပံ့မယ့် အရင်းအမြစ် အသစ်တွေ ကလည်း စီမံကိန်းကို ပိုပြီးစိတ်ဝင်စား လာကြတဲ့ အတွက် ရပ်တန့်ပစ်ဖို့ ပိုပြီးခက်ခဲတာတွေကို တောင် တွေ့ကြုံလာရတယ်။






လူပေါင်းများစွာက ADB သည် မကောင်းသည့် စီမံကိန်းများ ကို ဖျက်ဆီးမှု အနည်းငယ် လျော့သွားစေဖို့ အတွက် ၎င်း၏ ထောက်ပံ့ငွေများကို မသုံးသင့်ပါဟု ယုံကြည်တယ်။ ထိုကဲ့သို့ ပြုမည့်အစား ADB က လူ့အခွင့်အရေး ကို ပိုမိုတိုးတက် ကောင်းမွန်စေသော စီမံကိန်းများကို ထောက်ပံ့ ကူညီသင့်သည် ဟု လူအများအပြားက ယုံကြည်ကြတယ်။




အကယ်၍ ပြည်သူများက အထက်က ဖော်ပြခဲ့တဲ့ ဥပမာထဲက ကျောက်မီးသွေးသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ လိုမျိုး စီမံကိန်းတစ်ခုကို လုံးဝ မပြုလုပ်စေချင်ခဲ့လျှင် အေဒီဘီ က ၎င်း၏ ဘေးကင်းလုံခြုံရေး မူဝါဒများကို လိုက်နာသည့်တိုင် ထိုစီမံကိန်းသည် ပြည်သူများ၏ ကိုယ်ပိုင် **ဖွံ့ဖြိုးတိုးတက်ရေး**အတွက် မိမိတို့ ကိုယ်ပိုင် စီမံဆုံးဖြတ်ပိုင်ခွင့် ဆိုင်ရာ အခွင့်အရေးကိုဖောက်ဖျက်ထားသည့် ဆိုးရွားသည့် စီမံကိန်းတစ်ခုသာ ဖြစ်သည်။

ထိုအကြောင်းကြောင့် အခွင့်အရေး အခြေခံ ဖွံ့ဖြိုးတိုးတက်ရေး ၏ အဓိကမဏ္ဍိုင် အတွေးအခေါ် မှာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် ပြည်သူလူထု ၏ ဦးစားပေးကိစ္စရပ်များကို ကူညီပံ့ပိုးပေးရန် ဖြစ်သည်။ ADB ကို လူ့အခွင့်အရေး အမှန်တကယ် လေးစားလိုက်နာရန် အတွက်မှာ လုံခြုံရေးမူဝါဒများကို သုံးပြီး ဆိုးရွားသည့် စီမံကိန်းများကို အနည်းငယ်ကြည့်ကောင်းအောင် လုပ်ရုံမျှနှင့် မလုံလောက်ပါ။ ထိုအစား ADB သည် ပြည်သူလူထု၏ ဦးစားပေးကိစ္စများ၊ လိုအပ်ချက်များ နှင့် လူ့အခွင့်အရေးကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ပေးမည့် စီမံကိန်း များ အတွက် အတွေးအခေါ် အမြင် များကို ကူညီပံ့ပိုးပေးရန် ပြည်သူလူထုနှင့် အတူတကွ ဆောင်ရွက်ရပါမည်။

## လုံခြုံရေးမူဝါဒတွေကို အကောင်အထည်ဖော်ဖို့ ဘယ်သူ့တာဝန်လဲ

ADB က ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုကို ချေးငွေ သို့ မဟုတ် မတည်ငွေ ထုတ်ပေးသောအခါ ထိုငွေသည် စီမံကိန်းကို ဆောင်ရွက် အကောင်အထည်ဖော်သူ (ပုဂ္ဂလိကပိုင် ကုမ္ပဏီ သို့မဟုတ် အစိုးရ အဖွဲ့အစည်း သို့မဟုတ် နှစ်ဦးစလုံးအတူတကွ အလုပ်လုပ်ရာ) သို့ ရောက်သွားသည်။ စီမံကိန်းဆောင်ရွက် အကောင်အထည်ဖော်သူ က ADB ထံမှ ငွေကို ရရှိသောအခါ ADB ၏ လုံခြုံရေးမူဝါဒများ အပါအဝင် အခြား စည်းကမ်းများကို လိုက်နာရန် သဘောတူ ကြသည်။ အကယ်၍ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သူ များက လုံခြုံရေးမူဝါဒများကို မလိုက်နာပါက ADB က စီမံကိန်း၏ ပြဿနာအားလုံးကို ဖြေရှင်းပြီးသည်အထိ ငွေကြေးထောက်ပံ့မှုကို ရပ်ဆိုင်းထားရမည် ဖြစ်သည်။




ADB တွင်ပါဝင်သော ထိုမူဝါဒများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းမှာ **သဘာဝပါတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း လုံခြုံရေး ဌာနစု (Environmental and Social Safeguard Division)** ဖြစ်ပါတယ်။ အကယ်၍ ထိုအဖွဲ့အစည်းက ပြဿနာများကို ဖြေရှင်းပေးခြင်းမရှိပါက လူထုအဖွဲ့အစည်းများက ADB အား ၎င်း၏ စည်းကမ်းချက်များကို လိုက်နာရန် ဖိအားပေးနိုင်သည့် အခြားနည်းလမ်းများ ရှိပါသေးတယ်။

## ဒီလုံခြုံရေးမူဝါဒတွေ အကြောင်းကို ADB က ဘာပြောထားလဲ



အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ၄င်း၏ လုံခြုံရေးမူဝါဒများက လူထုအဖွဲ့အစည်းများ နှင့် သဘာဝပါတ်ဝန်းကျင် တို့ကို ကာကွယ်ထိန်းသိမ်းရန် ၄င်း၏ တစိုက်မတ်မတ် ဦးစားပေး ဆောင်ရွက်နေကြောင်းကို ပြသနေတယ် လို့ပြောထားပါတယ်။ ADB က ဒီမူဝါဒတွေကြောင့် ၄င်းဘဏ်ဟာ **ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်ရေး** လမ်းကြောင်းပေါ်မှာ ဦးဆောင် ဦးရွက်ပြုနေတယ်လို့ ဆိုပါတယ်။ သူတို့က ဒီဘဏ်ရဲ့ မူဝါဒတွေကြောင့် စီမံကိန်းကို စီစဉ်ရေးဆွဲတဲ့အခါ ပြည်သူတွေ ပါဝင်နိုင်ပြီး သူတို့အတွက် စီမံကိန်းကနေ အကျိုးရှိစေဖို့ သူတို့လိုအပ်တဲ့ သတင်း အချက်အလက်တွေ ကို ရရှိတာ သေချာစေပါတယ် လို့ ပြောပါတယ်။

သူတို့က ဒီ ဘေးကင်းလုံခြုံရေး မူဂါဒတွေက အေဒီဘီ ကနေ စီမံကိန်းတွေကို ငွေထုတ်ပေးဖို့ ရွေးချယ်ရန် စဉ်းစားတဲ့အခါ အေဒီဘီ  ကနေ ဆောင်ကျဉ်းပေးတဲ့ အရေးကြီးတဲ့ တန်ဖိုးတွေ ဖြစ်ပါတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ အခြားဘဏ်တွေ နဲ့ ငွေကြေးအဖွဲ့အစည်းတွေက ဒီလို လုံခြုံရေးမူဝါဒတွေ မရှိလို့ပါတဲ့။




## လူထုက ဘာတွေ တွေ့ကြုံခံစားခဲ့ရလဲ

ပထမဆုံး ပြောချင်တာကတော့ ADB က လူထု မလိုလားတဲ့ စီမံကိန်းလုပ်ငန်းတွေကို မကြာခဏ ငွေထုတ်ပေးလေ့ ရှိတာဘဲ။ အဲဒီစီမံကိန်းတွေ စတင်ပြီးတဲ့ အခါမှာ လုံခြုံရေးမူဝါဒ တွေကို အကောင်အထည်ဖော် ကျင့်သုံးဖို့ မလုပ်တာလဲ မကြာခဏဘဲ။ ဥပမာပေးရရင် ကမ္ဘောဒီးယား နိုင်ငံမှာ အမှတ် (၁) အဝေးပြေး လမ်းမကြီး (စာမျက်နှာ ၇၃ တွင်ကြည့်ပါ) ကို တည်ဆောက်ခဲ့တယ်။ ADB ရဲ့ လုံခြုံရေးမူဝါဒပါ အချက်တွေကို မျက်ကွယ်ပြုပြီး နေရာက ရွှေ့ပြောင်းပေးရတဲ့ သူတွေကို မျှတတဲ့ နစ်နာကြေး မပေးခဲ့ဘူး။ ပိုဆိုးတာက ကျူးလွန်ခဲ့တဲ့ အပြစ်ကို ADB ကနေ ဝန်ခံဖို့ နှစ်ပေါင်းများစွာ ကြာခဲ့တာပါဘဲ။ ADB မှာ ၄င်း ငွေပေးထုတ်ပေးတဲ့ စီမံကိန်းတွေ နဲ့ ပါတ်သက်ပြီး **စောင့်ကြည့် အကဲဖြတ်ဖို့** တာဝန်ရှိတယ်။ ဒါပေမယ့် ADB ကဝန်ထမ်းတွေဟာ လက်ရှိမှာ ဘာတွေ အမှန်တကယ်ဖြစ်နေတယ် ဆိုတာကို ဘာမှမသိရှိခဲ့တာက များတာကို လူထုအဖွဲ့အစည်းတွေက သိရှိခဲ့ကြရတယ်။




အခြားတစ်ဖက်တွင် လူထုအဖွဲ့အစည်း အများအပြားက ၄င်းတို့ မျှတသည့် နစ်နာကြေး ရရန်၊ စီမံကိန်း စီစဉ်ရေးဆွဲမှုတွင် ပါဝင်ရန် နှင့် သူတို့ရဲ့ သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်ခံရခြင်းမှ ကာကွယ်တားဆီးရန် အေဒီဘီ ၏ ဘေးကင်းလုံခြုံရေး မူဂါဒများက အထောက်အကူဖြစ်သည် ဟု တွေ့ရှိခဲ့ကြသည်။ ထို လူထုအဖွဲ့အစည်းများက ADB ၏ လုံခြုံရေးမူဝါဒများ အကြောင်းကို သိရှိခဲ့ကြပြီး ADB နှင့် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သူတို့ က ထိုမူဝါဒများကို အကောင်အထည်ဖော် ကျင့်သုံးရန် တောင်းဆိုနိုင်ခဲ့ကြသည်။



## လုံခြုံရေးမူဝါဒတွေကို သိရှိဖို့ ဘာကြောင့်အရေးကြီးလဲ

လုံခြုံရေးမူဝါဒများတွင် ကျွန်ုပ်တို့၏ နေအိမ်များ၊ သဘာဝပါတ်ဝန်းကျင် နှင့် လူထုအဖွဲ့အစည်း တို့ကို စောင့်ရှောက် နိုင်မယ့် စည်းမျဉ်းတွေ ပါပါတယ်။ ဒါပေမယ့် အဲဒါတွေက ကျွန်ုပ်တို့ရဲ့ လူ့အခွင့်အရေးတွေကို တော့ အမြဲတမ်းအမှန်တကယ် မကာကွယ်ပေးနိုင်ပါဘူး။

ဒီ လုံခြုံရေးမူဝါဒတွေ ရဲ့ ရည်ရွယ်ချက်က ပြည်သူတွေ နဲ့ သူတို့ရဲ့ ပါတ်ဝန်းကျင်ကို ADB ရဲ့ စီမံကိန်းတွေက အန္တရာယ်ဖြစ်စေခြင်း မှ ကာကွယ် ပေးရန်ဖြစ်ပါတယ်။ သို့သော်လည်း ADB က ငွေကြေးထောက်ပံ့ပေးထားတဲ့ စီမံကိန်း အများအပြားက ဆက်လက် အန္တရာယ် ဖြစ်စေနေဆဲပါ။ မြေထု နဲ့ ရေထု ကို ညစ်ညမ်းစေတယ်၊ လူတွေကိုလည်း ဆက်လက် ရွှေ့ပြောင်းခံရဆဲဘဲ၊ ပြီးတော့ ကောင်းမွန်စွာ **ပြန်လည်နေရာချပေးတာ**တို့ သို့မဟုတ် **နစ်နာကြေးပေးတာ**တို့ လည်း မရှိဘူး။ ဒါကြောင့် လူနေထိုင်မှု အခြေအနေတွေ ကို မကြာခဏ ပိုဆိုးရွားသွားအောင် လုပ်နေကြဆဲပါ။

ADB ရဲ့ လုံခြုံရေးမူဝါဒတွေ က ဘယ်လို လုပ်ဆောင်ရတယ် ဆိုတာ သိဖို့ အရေးကြီးပါတယ်။ ဒါမှသာ လူထုအဖွဲ့အစည်း တွေက စီမံကိန်း အကောင်အထည်ဖော်သူတွေနဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရယ်ကို သူတို့ ဖြစ်စေတဲ့ နစ်နာဆုံးရှုံးမှု တွေအတွက် တာဝန်ရှိကြောင်း ဖော်ထုတ်ပြနိုင်မှာပါ။ အကယ်၍ ADB နှင့် အစိုးရတို့က စည်းမျဉ်းတွေကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့ပါက သူတို့က ဖြစ်ပေါ်စေခဲ့တဲ့ နစ်နာမှု တွေ အတွက် ပြန်လည် ပြင်ဆင်ပေးဖို့ တာဝန်ရှိတယ်လို့ ဆုံးဖြတ်ရမှာပါ။ ဒါက စီမံကိန်းကို ဆက်လက်ဆောင်ရွက်ခြင်း မှ သူတို့ ရပ်နားရမယ် လို့ အဓိပ္ပါယ်ရပါတယ်။ လုံခြုံရေးမူဝါဒတွေဟာ ပြည်သူတွေက အကောင်အထည်ဖော် ကျင့်သုံးဖို့ လှုပ်ရှား ဆောင်ရွက်ကြမှသာ အလုပ်ဖြစ်တာပါ။

### *လုံခြုံရေးမူဝါဒတွေနဲ့ ညီညွတ်မှုအကြောင်းကို ADB က ဘာတွေပြောလဲ*



ADB က ၎င်းရဲ့ လုံခြုံရေးမူဝါဒ မှာ ကြေငြာထားတာတွေနဲ့ မညီညွတ်တဲ့ စီမံကိန်းတွေကို ဖြစ်ဖြစ် နိုင်ငံတကာ ဥပဒေ အပါအဝင် အိမ်ရှင်နိုင်ငံရဲ့ လူမှုရေး နှင့် သဘာဝပါတ်ဝန်းကျင် ဥပဒေတွေ နဲ့ စည်းမျဉ်းတွေ နဲ့ မညီညွတ်တဲ့ စီမံကိန်းလုပ်ငန်းတွေကို ဖြစ်ဖြစ် ADB မှ ငွေကြေးထုတ်ပေးခြင်း မပြုပါ။

### *လူထုအဖွဲ့အစည်းတွေ ဘာတွေ ကြုံတွေ့ခဲ့ရလဲ*



ADB သည် ၎င်း၏ စီမံကိန်းများ တွင် အမြတ်ရရန်သာ အာရုံစိုက်ပုံရပါသည်။ ဤလုံခြုံရေး များကို မလိုက်နာပါ။ ADB က လုံခြုံရေးမူဝါဒများကို ပြည်သူများက ၎င်းတို့ကို စုစည်းတောင်းဆိုပြီး ဖိအားပေး ဆောင်ရွက်မှသာ ဂရုစိုက်လေ့ ရှိပါသည်။





## ဖြစ်ရပ်။ ကာဂျက်စတန် က ဘစ်ရှ်ကက် - တိုရုဂ္ဂါတ် လမ်းမနှင့် ပြဿနာများ

ရှေးရှေးက ပိုးလမ်းမကြီးက အာရှတိုက် အလယ်ပိုင်းရှိ နိုင်ငံပေါင်းများစွာကို ဖြတ်သန်းသွားပါတယ်။ အဲဒါက ကမ္ဘာပေါ်မှာ ရှေးအကျဆုံး ကုန်သွယ်ရေးလမ်းကြောင်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒီနေ့အခါမှာ ဒီအရေးကြီးတဲ့ လမ်းကြောင်းက အခြား အာရှအလယ်ပိုင်း အပါအဝင် ကာဂျစ်သမ္မတ နိုင်ငံနဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ရုရှား နိုင်ငံ နဲ့ ဥရောပကိုပါ ဆက်သွယ်ပေးထားတယ်။

သိပ်မကြာသေးခင် နှစ်များက ဒီလမ်းရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ကာဂျစ်စတန် ကို ဖြတ်သွားတဲ့ အပိုင်းက ကြီးမားတဲ့ ကုန်တင်ကားကြီးတွေ အမြဲမပြတ် ဖြတ်သန်းသွားမှုကြောင့်ရော ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားကတည်းက ပြင်ဆင်မှု မရှိတော့တာကြောင့်ရော ပျက်စီးသွားတယ်။ ဒီလမ်းကို ပြန်ပြင်ဖို့အတွက် ကာဂျစ် အစိုးရက အလှူရှင်အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေ နဲ့ ADB ထံကချေးငွေ နဲ့ မတည်ငွေတွေ ရယူပါတယ်။

ဒီလမ်းမကို ပြန်ပြင်တဲ့ လုပ်ငန်းခွင်ကို မြို့တော်ဖြစ်တဲ့ ဘစ်ရှ်ကတ် မြို့ကနေ စတင်လုပ်ဆောင်ပါတယ်။ ကာဂျစ်နိုင်ငံသား အများစုက ဒီလမ်းကို အဆင့်မြှင့်တင်တော့မှာ ဖြစ်လို့ ဝမ်းသာကြပါတယ်။ သူတို့က ဒီလမ်းကို ပိုမို လုံခြုံစိတ်ချရမယ်၊ သူတို့ရဲ့ ကားတွေ ပိုမို ကြာရှည်ခံဖို့ အထောက်အကူဖြစ် လာမယ်၊ ပြီးတော့ ဈေးကွက်ဖြစ်တဲ့ မြို့တော်နဲ့ ကျေးလက်ဒေသတွေ အကြားမှာ ခရီးသွားရင် ပိုမိုမြန်ဆန်လာမယ် လို့ မျှော်လင့်ခဲ့ကြတယ်။

ဒါပေမယ့် ဒီစီမံကိန်းကို ဆောင်ရွက်လုပ်ကိုင်နေကြတဲ့ နည်းလမ်း အပေါ်မှာလူတိုင်းကတော့ စိတ်မချမ်းသာကြပါဘူး။

မြို့တော်နဲ့ ဝေးတဲ့ နာရန် ဒေသမှာဆိုရင် ဒေသခံလူထုက ဒီလမ်းပြင်ဆင်မှုဟာ သူတို့ရဲ့ ဘဝအပေါ် ဘယ်လို အကျိုးသက်ရောက်မယ်ဆိုတာကို မသိခဲ့ကြဘူး။ ရွာတစ်ရွာမှာဆိုရင် ပိုးလမ်းမကြီးဘေး မှာ ရှိတဲ့ ဈေးဆိုင်လေး တစ်ဆိုင်ကို လုပ်ကိုင်စားနေကြတဲ့ အမျိုးသမီး နှစ်ယောက်ဟာ စီမံကိန်းဝန်ထမ်းတွေက သူတို့ဆိုင်ကို လာပြီး သူတို့ဆိုင်က လမ်းပြုပြင်မှု အတွက် အဟန့်အတားဖြစ်နေတယ် လို့ လာပြောမှဘဲ အဲဒါကို သိရှိနားလည် သွားခဲ့ရတယ်။ စီမံကိန်းဝန်ထမ်းတွေက သူတို့ရဲ့ဆိုင်ကို ဖယ်ပေးဖို့ အမိန့်ပေးတယ်။

ဒီဆိုင်က ဆိုင်ပိုင်ရှင်တွေက ပိုက်ဆံမပေးဘဲ ပြည်သူပိုင်နေရာမှာ တရားမဝင် တည်ဆောက်ထားခဲ့ တာပါ။ ဒါပေမယ့် ဆိုင်က အဲဒီနေရာမှာ ရှိနေတာ နှစ်ပေါင်းများစွာ ကြာနေပြီ။ ဒါကိုလည်း အစိုးရက သိနေခဲ့ပြီးသားပါ။ ဆိုင်ပိုင်ရှင် တွေထဲက တစ်ဦးက သူမရဲ့ စီးပွားရေးလုပ်ငန်း လည်ပါတ်ဖို့ ချေးငွေ (၃) ခုတောင် ထုတ်ယူခဲ့ပြီးပြီ။ ဒါပေမယ့် အစိုးရက ဆိုင်ရှင်တွေကို သူတို့ရဲ့ စီးပွားရေးလုပ်ငန်း ပျက်စီးဆုံးရှုံးမှု အတွက် နစ်နာကြေး မပေးခဲ့ပါဘူး။

ADB ရဲ့ လူမှုရေး နဲ့ သဘာဝပါတ်ဝန်းကျင် လုံခြုံရေး လေ့လာဆန်းစစ်မှု အစီရင်ခံစာက ဒီစီမံကိန်းက **မရွှေ့ပြောင်းလိုဘဲ ပြောင်းရွှေ့နေရာချထားမှု**တွေ လုံးဝ မရှိဘူးလို့ ပြောထားပါတယ်။ ဒါပေမယ့် ရွာ ၂ ရွာက လူပေါင်း (၄၀) ကျော်ဟာ ဒီစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကြောင့် ထိခိုက်ခံခဲ့ရပါတယ်။ သူတို့ရဲ့ သစ်ပင်တွေ၊ ခြံစည်းရိုးတွေ၊ အဆောက်အဦတွေ၊ လယ်ယာမြေ အသုံးပြုနိုင်မှု သို့မဟုတ် အခြားသော ဆုံးရှုံးမှု အကျိုးဆက်တွေ အတွက် လျော်ကြေး မရရှိခဲ့ကြပါဘူး။ အဲဒီအစား အစိုးရ အရာရှိတွေက သူတို့ကို ခြိမ်းခြောက်တာတွေ၊ အမြဲမပြတ်တောင်းဆိုမှုတွေ လုပ်ခဲ့ကြပါတယ်။

ဒေသခံ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း အဖွဲ့အစည်းတစ်ခုရဲ့ အကူအညီနဲ့ ထိခိုက်ခံရတဲ့ လူထုအဖွဲ့အစည်းက ကာဂျစ် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန ဆီကို ၄င်းတို့၏ မကျေနပ်ချက်များအကြောင်း **တိုင်ကြားစာများ** ပေးပို့ခဲ့ကြပါတယ်။ ဒါပေမယ့် အစိုးရက ADB နဲ့ အစိုးရကြားက သဘောတူညီထားချက် ထဲမှာပါတဲ့ လိုက်နာရန် လိုအပ်ချက်တွေ ကို မျက်ကွယ်ပြုပြီး ပြည်သူတို့ရဲ့ **ထိခိုက်နစ်နာမှုများ** ကို ပြန်လည်ဖြေရှင်းပေးဖို့ရာ ငြင်းဆိုလိုက်ပါတယ်။

နောက်ဆုံးမှာ ထိခိုက်ခံရတဲ့ ပြည်သူတွေက ADB ရဲ့ **နောက်ဆက်တွဲ အကျိုးဆက်အတွက် တာဝန်ခံမှု လုပ်ကိုင်ဆောင်ရွက်မှုနည်းစံနစ်** (ADB accountability mechanism) (စာမျက်နှာ ၁၅၂ တွင်ကြည့်ပါ) ထံကို မကျေနပ်ချက်များ အကြောင်းတိုင်ကြားစာရေးသားပေးပို့ခဲ့ကြတယ်။ သူတို့က ဒီစီမံကိန်းလုပ်ကိုင် ဆောင်ရွက်တဲ့ ပုံစံနဲ့ စီမံကိန်း အချက်အလက်များ အကြောင်းကို သိခွင့်မရတာ ရယ် ဒီစီမံကိန်းက ADB ရဲ့ မူဝါဒတွေကို ဘယ်လို ချိုးဖောက်ကျူးလွန်တယ် ဆိုတာရယ်ကို ဝေဖန်ပြစ်တင်ကြပါတယ်။ သူတို့က ဆုံးရှုံးသွားခဲ့တဲ့ ပစ္စည်းတွေ ဖြစ်တဲ့ ဆိုင်ခန်းတွေ၊ သစ်ပင်တွေ နဲ့ ခြံစည်းရိုးတွေ အပါအဝင် ဆုံးရှုံးသွားတဲ့ ဝင်ငွေတွေကို ပါ ပေးလျော်ဖို့ တောင်းဆို ခဲ့ကြတယ်။

ADB က သူတို့ရဲ့ တိုင်ကြားစာကိုလက်ခံခဲ့တယ်။ ပြီးတော့ စီမံကိန်းကို သဘာဝပါတ်ဝန်းကျင် နှင့် လူမှုရေး ဆိုးကျိုးများ မရှိဘူးဆိုတဲ့

အမျိုးအစားသတ်မှတ်ချက် (C) ကနေ သဘာဝပါတ်ဝန်းကျင် နှင့် လူမှုရေး အကျိုးဆက် အချို့ရှိမည် ဆိုတဲ့ အမျိုးအစားဖြစ်တဲ့ သတ်မှတ်ချက် (B) ကို ပြောင်းလဲပေးခဲ့ပါတယ်။ (အဓိပ္ပါယ်ကို လေ့လာ သိရှိနိုင်ရန် စာမျက်နှာ ၉၆ ကို ကြည့်ပါ။)

အစိုးရက ဒီလမ်းကြောင်းတစ်လျှောက် မှာရှိနေတဲ့ ပိုင်ဆိုင်မှုတွေကို ဘယ်လိုအကျိုးသက်ရောက်စေမယ် ဆိုတာကို ကော်မရှင်ဖွဲ့ပြီး လေ့လာခဲ့ပါတယ်။ ပြီးနောက်မှာ လွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ခုကို ငှားရမ်းပြီး အကျိုးသက်ရောက်မှုကို ခံကြရတဲ့ သူတစ်ဦးချင်းကို လျော်ကြေးငွေ ဘယ်လောက်ရသင့်တယ် ဆိုတာကို တွက်ချက်စေပါတယ်။ ရလာတဲ့ အစီရင်ခံစာအပေါ် မူတည်ပြီး အစိုးရက **ပြန်လည်နေရာချပေးရေး အစီအစဉ်** ကို အတည်ပြု ဆောင်ရွက်ပေးခဲ့ပါတယ်။ အစိုးရက ထိခိုက်နစ်နာမှုများအပေါ် ပြေလည်အောင် ဖြေရှင်းပေးဖို့အတွက် အပြန်အလှန် မေးမြန်းဆွေးနွေးမှုတွေကို ခရိုင်ရုံးတွေ မှာ ပြုလုပ်ပေးပြီး ဒေသခံ ရွာသူရွာသားတွေကို ပါဝင်ခွင့်ပေးခဲ့ပါတယ်။

ဒီ လိုက်နာရန် ငြင်းဆိုမှုကို အချက်အလက် စိစစ်စုဆောင်းပြီး နောက် တစ်နှစ်အကြာမှာ ဒီစီမံကိန်းက ADB ရဲ့ မူဝါဒတွေနဲ့ ညီညွတ်သွားပြီ ဖြစ်ပြီး ဆိုင်ရှင်တွေလည်း သူတို့ရဲ့ နစ်နာကြေးများကို ရရှိခဲ့ပြီးဖြစ်ပါတယ်။

အစိုးရ၊ ADB ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေ နဲ့ လူထုအဖွဲ့အစည်းတွေ အားလုံးလည်းဒီဖြစ်ရပ်မှတဆင့် သင်ခန်းစာများစွာ ရရှိခဲ့ကြပါတယ်။ နောက်ဆုံးမှာ ဒီလမ်းကို ပိုကောင်းအောင် ပြင်လိုက်ပါတယ်။ အဲဒါက လူအများကြီးကို အကျိုးရှိစေတယ်။ နောက်ပြီး ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ရတဲ့ သူတွေကိုလည်း ကောင်းကျိုးတွေ အများအပြား ခံစား ရရှိစေခဲ့ပါသေးတယ်။

## ဒီဖြစ်ရပ်ကနေ ဘာတွေ လေ့လာသိရှိရလဲ

အချို့သော စီမံကိန်းများနှင့် နိုင်ငံယှဉ်ပါက ဒီ စီမံကိန်းကြောင့် လူအနည်းငယ်သာ ထိခိုက်ဆုံးရှုံးတာပါ။ ADB အမှုထမ်းတွေကို လုံခြုံရေးမူဝါဒများအား ချိုးဖောက်ထားကြောင်း အကြောင်းကြားခြင်း အားဖြင့် စီမံကိန်း၏ လားရာကို ပြောင်းလဲလိုက်နိုင်ပါတယ်။ အစိုးရက လူထုအဖွဲ့အစည်းတွေကို ADB ရဲ့ နောက်ဆက်တွဲ အကျိုးဆက်များ တာဝန် ခံမှုလုပ်ကိုင်ဆောင်ရွက်မှု ပုံစံ (Accountability mechanism) ဆီက အကူအညီ တောင်းခံ ပြီး ADB ရဲ့ အာရုံစိုက်မှု မရမီအထိ နားထောင်လိုက်နာပေးခြင်း မရှိခဲ့ပါဘူး။ ဒီဖြစ်ရပ်တစ်ခုကတော့ ADB ရဲ့ အကျိုးဆက်တာဝန်ခံမှု လုပ်ကိုင်ဆောင်ရွက်မှု တွေက ပြည်သူတွေကို သူတို့အစိုးရကိုရော ADB ကိုပါ အကျိုးဆက်ကို တာဝန်ယူဖို့ ထောက်ပြပြောဆိုဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။ စီမံကိန်းကိုလည်း ကောင်းမွန်အောင် ပြုပြင်ဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## ဆွေးနွေးရန်မေးခွန်းများ

- ဘစ်ရှ်ကတ် - တိုရုဂရတ် လမ်းစီမံကိန်းကြောင့် ဘယ်သူတွေရဲ့ အခွင့်အရေးတွေ ချိုးဖောက်ခံခဲ့ရလဲ။
- ဘယ်အခွင့်အရေးတွေ ချိုးဖောက်ခံခဲ့ရလဲ။
- ဘယ်သူတွေက ဘာကြောင့် ဒီအခွင့်အရေးတွေကို ချိုးဖောက်တာလဲ။
- ဒီဖြစ်ရပ်က ADB ၊ အစိုးရနဲ့ ထိခိုက်ခံရတဲ့ ပြည်သူတွေအကြား ဆက်သွယ်ရေးအရေးကြီးပုံ နှင့်ပတ်သက်ပြီး ဘယ်လိုသင်ခန်းစာများ ရရှိစေခဲ့သလဲ။

## ၂.၃။ လုံခြုံရေးမူဝါဒများနှင့် လူ့အခွင့်အရေး

အေဒီဘီ ရဲ့ **ဘေးကင်းလုံခြုံရေး မူဝါဒတွေ** အတွက် လိုအပ်ချက်တွေကို ကျွန်ုပ်တို့ သိရှိနားလည်ပြီးတဲ့အခါ ကျွန်ုပ်တို့ရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ အဲဒါတွေကို ကျွန်ုပ်တို့ သုံးနိုင်ပါတယ်။

ဒီအပိုင်းမှာ ကျွန်ုပ်တို့ များစွာသော အရေးပါတဲ့ ဥပဒေကြောင်းအရ ကာကွယ်ပေးထားတဲ့ **လူ့အခွင့်အရေး** နဲ့ ADB ကငွေကြေးအကူအညီပေးတဲ့ စီမံကိန်းတွေက ဒီအခွင့်အရေးတွေကို ချိုးဖောက်ကျူးလွန်လေ့ရှိတဲ့ နည်းလမ်းကို ဆွေးနွေးသွားပါမယ်။ ကျွန်ုပ်တို့ အခွင့်အရေးတစ်ခုစီကို လုံခြုံရေးမူဝါဒ က စည်းကမ်းတစ်ခုချင်းစီကို သုံးပြီး ဘယ်လိုကာကွယ်လို့ ရနိုင်တယ် ဆိုတာကို လေ့လာကြပါမယ်။ ADB ရဲ့ မူဝါဒတွေက အခွင့်အရေး တစ်ခုချင်းစီကို ဘယ်လို ကာကွယ်လို့ ရနိုင်တယ် ဆိုတာကို ကျွန်ုပ်တို့ စဉ်းစားတွေးတောကြပါမယ်။






## ၁။ ကောင်းမွန် သန့်စွမ်း တဲ့ သဘာဝပါတ်ဝန်းကျင် ရရှိခွင့်

ကျွန်ုပ်တို့၏ လေထု နှင့် ရေထု အတွင်းရှိ အဆိပ်ဖြစ်စေသော ဓါတုဗေဒပစ္စည်းများမှ သည် သစ်တောများကို ပျက်စီးစေခြင်း၊ ကျွန်ုပ်တို့၏ မြို့ကြီးများ၊ မြို့ငယ်များ နှင့် ရေလမ်းကြောင်းများ ကို ပိတ်ဆို့ဝန်းရံနေသော အမှိုက်ပုံကြီးများ၊ သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်စေခြင်း တို့သည် ကျွန်ုပ်တို့ အားလုံးကို ထိခိုက်စေပါသည်။ ဒီအကြောင်း ကြောင့်သာလျှင် အနည်းဆုံး နိုင်ငံပေါင်း (၅၁) ခန့်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေများ နှင့် မြောက်မြားစွာသော နိုင်ငံတကာ သဘောတူညီချက်များ တွင် ကောင်းမွန်သော သဘာဝပါတ်ဝန်းကျင်ရရှိခွင့်ကို အသိအမှတ်ပြု ထည့်သွင်း ထားခြင်းဖြစ်သည်။ အချို့နိုင်ငံများတွင် ကောင်းမွန်သန့်ရှင်းသော သဘာဝပါတ်ဝန်းကျင် ရရှိခွင့်ကို သူတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းထားသည်။ အကယ်၍ သင်တို့၏ နိုင်ငံတွင် ထိုဥပဒေရှိပါက သင်တို့၏ လူထုအဖွဲ့အစည်းကို ကာကွယ်ထိန်းသိမ်းရန် ADB ကို ဖိအားပေးရာတွင် ကိုးကားပြောဆိုရန် အထောက်အကူပေးပါသည်။

ကောင်းမွန်သော သဘာဝပါတ်ဝန်းကျင် ရရှိခွင့်ကို အောက်ပါတို့အပါအဝင် နိုင်ငံတကာ သဘောတူညီချက် များစွာတွင် အသိအမှတ်ပြု ထားပါသည်။

↳ **ကမ္ဘာ့ လူ့အခွင့်အရေး ကြေငြာစာတမ်း**



လူတိုင်းတွင် သူတို့ နှင့် သူတို့၏မိသားစုဝင်များ ကျန်းမာရေး နှင့် ကောင်းမွန်စွာ နေထိုင်ရပ်တည်ရေး အတွက် လုံလောက်သော စားဝတ်နေရေး နှင့်သင့်တော်သော လူနေမှုအဆင့်အတန်း ကို ရယူခံစားခွင့် ရှိသည်။

↳ **သဘာဝပါတ်ဝန်းကျင် နှင့် ဖွံ့ဖြိုးတိုးတက်ရေး အပေါ် ရီရို ကြေငြာစာတမ်း**



**ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု** ကိုရရန်အတွက် သဘာဝပါတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး ကို ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်၏ မရှိမဖြစ်သော၊ အရေးကြီးသော အစိတ်အပိုင်းအဖြစ်သတ်မှတ်ပြီး၊ ၄င်းမှ သွေဖည် ခြင်းကို စဉ်းစား၍ မရနိုင်ပါ။

↳ **နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေး သဘောတူညီချက်**



လူသားတိုင်း သူတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် နဲ့ သူတို့ရဲ့ သဘာဝ ရဲ့ ကြွယ်ဝမှုနဲ့ သယံဇာတရင်းမြစ် တွေကို ဘယ် နိုင်ငံတကာ စီးပွားရေး လုပ်ငန်း အုပ်စုကြီးတွေ ရဲ့ ကြိုတင်ထင်မြင်ချက် ကို လိုက်နာစရာ မလိုအပ်ဘဲ လွတ်လပ်စွာ လိုအပ်သလို စီမံ သုံးစွဲ နိုင်တယ်။ မည်သူတဦးတယောက် ၏ ကိုယ်ပိုင် အသက်ရှင် နေထိုင်ခွင့် နည်းလမ်း များကို ပိတ်ပင်တားမြစ်ခြင်း မပြု ရ။

(ဒီ သဘောတူညီချက် အကြောင်း အသေးစိတ်သိချင်ရင် စာမျက်နှာ **၁၈၉** /တွင် ကြည့်ပါ။)

## သဘာဝပါတ်ဝန်းကျင် ကို ကာကွယ်ရန် ADB က ဘာလုပ်ရမလဲ

ADB မှငွေကြေးဖြင့် ထောက်ပံ့ထားသော စီမံကိန်းများသည် သဘာဝပါတ်ဝန်းကျင် ပျက်စီးစေမှု နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက် ရန် လိုအပ်သည်။ အမှန်မှာ **ဖွံ့ဖြိုးရေး** လုပ်ငန်းများမှာ အထူးသဖြင့် **ကြီးမားသောစီမံကိန်း ကြီးများ**ဖြစ်ကြသော ဆည်တည်ဆောက်ခြင်းများ၊ သတ္တုတွင်းများ နှင့် လျှပ်စစ် ဓါတ်အားပေး စက်ရုံများ ဖြစ်ကြပြီး အလွန်ပြင်းထန်သော သဘာဝပါတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို ဖြစ်စေလေ့ရှိသည်။ သဘာဝပါတ်ဝန်းကျင် လုံခြုံရေး (စာမျက်နှာ **၄၀** ) ၏ ဦးတည်ချက်မှာ ဤ ပျက်စီးစေမှုများကို လျှော့ချရန် ဖြစ်သည်။

အေဒီဘီ ၏ **ဘေးကင်းလုံခြုံရေး မူဝါဒများ**က ကျွန်ုပ်တို့၏ ကောင်းမွန်သန့်စွမ်းသော သဘာဝပါတ်ဝန်းကျင် ရရှိခွင့်ကို ကာကွယ်ပေးနိုင်သည့် အဓိက နည်းလမ်းမှာ **သဘာဝပါတ်ဝန်းကျင် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ခြင်း (EIA)** ပြုလုပ်ခြင်းအားဖြင့် ဖြစ်သည်။ စီမံကိန်းတစ်ခုကို ADB က သဘောတူလက်ခံခြင်း မပြုမီဖြစ်စေ၊ စီမံကိန်းတွင် ကြီးမားသော အပြောင်းအလဲများကို မပြုလုပ်မီဖြစ်စေ၊ စီမံကိန်းကို အကောင်အထည်ဖော် သူက **ကနဦး ဆင်းရဲမွဲတေမှု နှင့် လူမှုရေးအခြေအနေ လေ့လာဆန်းစစ်မှု (IPSA)** (စာမျက်နှာ **၉၅** တွင်ကြည့်ပါ) များ ပြုလုပ်ရသည်။ IPSA ကို စီမံကိန်း၏ ပုံစံကို ပုံဖော်**စစ်ဆေးစိစစ်**ပြီး သဘာဝပါတ်ဝန်းကျင်ကို မည်သည့် **အကျိုးဆက်များ** သက်ရောက်မည်ကို ဆုံးဖြတ်ရန် ပြုလုပ်ရခြင်း ဖြစ်သည် စာမျက်နှာ **၉၆** /တွင်ကြည့်ပါ။ အကယ်၍ စီမံကိန်းမှ သဘာဝပါတ်ကျင်အပေါ် အကျိုးသက်ရောက်မှု ရှိမည်ဆိုပါက **စီမံကိန်း ဆောင်ရွက် အကောင်အထည်ဖော်သူ** က သဘာဝပါတ်ဝန်းကျင်ကို စီမံကိန်းမှ ဆိုးကျိုးသက်ရောက်မည့် နည်းလမ်းကို လေ့လာသိရှိရန် **သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု အစီရင်ခံစာ EIA** ကို ပြုလုပ်ရသည်။ ထိုဆိုးကျိုးများကို မည်ကဲ့သို့ လျှော့ချမည် ဆိုသည့် နည်းလမ်းကို ပြသရန် စီမံကိန်း ဆောင်ရွက်သူက **သဘာဝပါတ်ဝန်းကျင် စီမံကွပ်ကဲမှု ကြိုတင်စီစဉ်မှု (EMP)** ကို ပြင်ဆင်ရန်လိုသည်။

# သဘာဝပါတ်ဝန်းကျင် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်မှုများ

သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု EIA က စီမံကိန်းတစ်ခုက ထိုနေရာအတွင်းရှိ လူများ၊ တိရစ္ဆာန်များ၊ မြေထု၊ ရေထု နှင့် လေထု အရည်အသွေး ကို မည်သို့ အကျိုးသက်ရောက်မှု ရှိမည်ကို ဖော်ပြသည်။ ၎င်းတွင် ဖြစ်နိုင်ခြေရှိသော **နေရာရွှေ့ပြောင်း ရခြင်း၊** ဓလေ့ထုံးစံ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ၊ သမိုင်းဝင် နေရာများ ကို ထိခိုက်မှုရှိစေခြင်း နှင့် စိတ်ဓါတ်တက်ကြွ ရှင်သန်မှု အတွက် အရေးပါသော နေရာများ ထိခိုက်ခြင်း ရှိမရှိစသော သဘာဝပါတ်ဝန်းကျင် ပျက်စီးမှု နှင့် ပါတ်သက်သော လူမှုရေးပြဿနာများ ကိုလည်း လေ့လာပါရှိရမည်။ အကယ်၍ စီမံကိန်းက နစ်နာစေမှု များရှိသည်ဟု သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း EIA တွင်တွေ့ရှိပါက စီမံကိန်းကို ဆောင်ရွက်လျှင် နစ်နာစေမှု ပိုနည်းသည့် နည်းလမ်းကို တင်ပြရပါမည် သို့မဟုတ် စီမံကိန်းကို ရပ်ဆိုင်းရန် လမ်းညွှန်ပြောဆို ရပါမည်။

သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု (EIA) ကို လူအများ အလွယ်တကူ ရရှိစေနိုင် ပြီး ဒေသခံဘာသာစကား သို့ ဘာသာပြန်ပေး ရပါမည်။ ထိုအကြောင်း များကြောင့် သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု (EIA) များသည် စီမံကိန်းအကြောင်းကို အကောင်းဆုံး သတင်းအချက်အလက် ရရှိရန် စဆောင်းပေးထားသော အကောင်းဆုံး အရင်းအမြစ် တစ်ခု ဖြစ်ပါသည်။ (မည်သို့ဆိုစေ အောက်တွင်ဆွေးနွေး ဖော်ပြထားသကဲ့သို့ သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု သည် တစ်ခါတစ်ရံတွင် ကြီးမားထူထဲသော နည်းပညာဆိုင်ရာ အသေးစိတ်များ ပါသော အစီရင်ခံစာ ဖြစ်ပြီး လူထုအဖွဲ့အစည်းသည် ထို သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း EIA ကို နားလည်နိုင်ရန် ကျောင်းသားများ၊ ရှေ့နေများ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အကူအညီတောင်းရသည်။)

သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု တွင် အခြေခံအကျဆုံး လုပ်ရှားရသည့် လုပ်ငန်းစဉ် (၂) ခု ပါဝင်ပါသည်။ ၎င်းတို့မှာ -

၁) စီမံကိန်း၏ အကျိုးသက်ရောက်မှု များကို လေ့လာခြင်း နှင့် ထိုအကျိုးဆက်များကို ဖော်ပြရေးသားထားသော အစီအရင်ခံစာ။ ၎င်းတို့ကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သူ က သို့မဟုတ် စီမံကိန်း အကောင်အထည်ဖော်သူ က ငှားထားသော **အတိုင်ပင်ခံ** က ပြုလုပ်ရမည်။

၂) ဆိုးကျိုးကို ခံစားရမည့် ပြည်သူများကို ၎င်းတို့၏ စီမံကိန်း ၏ အကျိုးဆက်များ နှင့်ပါတ်သက်သော ပြည်သူတို့ထံမှ အမြင် ကို စီမံကိန်း မစတင်မီနှင့် **စီမံကိန်း လုပ်ငန်းလည်ပတ်မှု (project cycle)** အဆင့်တိုင်းအတွက် မစတင်မီအချိန် တို့တွင် လူထုပါဝင်သည့် အစည်းအဝေး နှင့် လူထုမှ တုံ့ပြန်ပြောဆိုသည့် အချိန်ဟု ခေါ်သော အချိန်တစ်ခု ပေးရမည်။

သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု လုပ်ငန်းဖြစ်စဉ် တွင် လူထုအစည်းအဝေး များတွင် ပါဝင်ခြင်းသည် စီမံကိန်းအပေါ် လွှမ်းမိုးနိုင်ရန် အရေးပါသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ သင်တို့၏ လူထုအဖွဲ့အစည်းကို စုစည်းရန် နှင့် မျက်စေ့ဖွင့်ပေးရန် အခွင့်အလမ်း တစ်ခုလည်း ဖြစ်သည်။ အန္တရာယ်ရှိသော စီမံကိန်းတစ်ခုကို ရပ်တန့်ပစ်ရန် မဖြစ်နိုင်ဟု ထင်မြင် ယူဆရသော်လည်း သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု ပြုလုပ်သည့်အခါတွင် လူစုဝေးခြင်း နှင့် အသိပညာပေးခြင်း တို့ဖြင့် ဆုံးရှုံးနစ်နာမှုများကို လျော့ကျစေသည်။

သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု ကိုစီစဉ်နေသည့် အစောပိုင်းကာလများတွင် စီမံကိန်းဆောင်ရွက်သူက စီမံကိန်း၏ ဆိုးကျိုးကိုခံရသော ပြည်သူတို့၏ စီမံကိန်းကို ဆက်မလုပ်သင့် စသည့်အမြင်များအပါအဝင် လူထုယူဆချက်များကို ထည့်သွင်း သုံးသပ်ရန် လူထုနှင့် **တိုင်ပင်ဆွေးနွေးမှု များ**ကို ပြုလုပ်ရန် လိုသည်။ ထို့နောက်တွင် စီမံကိန်းဆောင်ရွက်သူ၊ အစိုးရ သို့မဟုတ် ADB မှ စီမံကိန်း၏ အကျိုးဆက်ကို ခံရမည့် ပြည်သူတို့ကို သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု မူကြမ်းကို မျှဝေပေးပြီး ဒုတိယ အကြိမ် တိုင်ပင်ဆွေးနွေး ညှိနှိုင်းမှုများကို ပြုလုပ်ရမည်။ ဒုတိယအကြိမ် တိုင်ပင်ဆွေးနွေးမှုများ ပြီးသော အခါတွင် သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု ကို ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ပြီး ADB ၏ အင်တာနတ် စာမျက်နှာပေါ်တွင် သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု (EIA) ကို စီမံကိန်းမစမီ (၄) လကြိုတင်ပြီး တင်ထားရမည်။

တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ရာတွင် ဆိုးကျိုးကို ခံစားရသော လူထုအဖွဲ့ဝင်များ ပါဝင်ရပါမည်။ သို့မဟုတ် ဆိုးကျိုးခံရသော လူထုအဖွဲ့အစည်းများ၏ မိတ်ဆွေ များဖြစ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် ရှေ့နေ တစ်ယောက်ကို ပါဝင်စေပြီး လူထု၏ စိုးရိမ်ပူပန်မှုများကို တင်ပြစေရမည်။ သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု ပြုလုပ်ရာတွင် လူထုကိုယ်စားလှယ်များ ပါဝင်ပါက သူတို့၏ လူထုအဖွဲ့အစည်း ကို ကုမ္ပဏီမှ ဘာတွေ စီစဉ်ပြင်ဆင်နေသည်ကို ပြန်လည်ပြောပြနိုင်ပါသည်။ ပါဝင်ဆွေးနွေးမှု ပြုလုပ်ခြင်းဖြင့် လူထုများမှ မိမိတို့၏ အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများကိုနားလည်လာစေရန် အကူအညီပေးပါသည်။ ထိုသို့ပြုလုပ်ခြင်းက စီမံကိန်းမှ ဆိုးရွားသော နစ်နာမှုများကို လျော့ချပေးသည် သို့မဟုတ်လျှင် စီမံကိန်းလုံးဝ ရပ်တန့်သွားအောင် ဆောင်ရွက်နိုင်သည်။




သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု အစီရင်ခံစာကို ပြင်ဆင်ခြင်းပြုရာတွင် အချိန် (၁) နှစ်အပြည့်မက လိုပါသည်။ အဘယ်ကြောင့်မှု မြစ်ကြောင်းစီးဆင်းမှု၊ အိမ်ရာရွှေ့ပြောင်း နေထိုင်ကြသူများ၏ သွားလာလုပ်ရှားမှုများ နှင့် တိရစ္ဆာန်နှင့် ငှက်များ၏ ရွှေ့ပြောင်းနေထိုင်မှုများ စသည့် ရာသီအလိုက် ပြောင်းလဲမှုဖြစ်စဉ်များ ကိုလည်း ထည့်သွင်း စဉ်းစား ရသောကြောင့်ဖြစ်သည်။ အေဒီဘီ ၏ ဘေးကင်းလုံခြုံရေး မူဝါဒများတွင် စီမံကိန်းကို ဆောင်ရွက်သူနှင့် ADB သည် အတူတကွ ပြည့်စုံသော သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု အစီရင်ခံစာကို စီမံကိန်းမစတင်မီ (၄) လအလိုတွင် ပြီးအောင် စီစဉ်ဆောင်ရွက်ရမည် ဖြစ်သည်။ထို(၄) လအတွင်းတွင် ပြည်သူများက သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု EIA ကို တုံ့ပြန်ပြောဆိုနိုင်သေးသည်။

## သဘာဝပါတ်ဝန်းကျင် လေ့လာဆန်းစစ်မှု တွင် ဘာတွေ ရှာဖွေကြည့်ရမလဲ

ဆိုးကျိုးကို ခံစားရမည့် ပြည်သူများ အားလုံးက သဘာဝပါတ်ဝန်းကျင်ကို မည်သို့ ထိခိုက်စေမည်ကို သေချာနားလည် သဘောပေါက်ခြင်း မရှိသေးမီမှာ ဘယ်စီမံကိန်းကိုမှ လက်ခံသဘောတူခြင်း မဖြစ်သင့်ပါ။ လူအများက အကျိုးဆက်ကို အားလုံး သိရှိပြီးမှသာ သူတို့ဘာသာ စီမံကိန်းက ဖြစ်ပေါ်လာမယ့် အကျိုးကျေးဇူး တွေက ထိခိုက်ဆုံးရှုံးမှုတွေ နဲ့ ကာမိမှာလား ဆိုတာကို ဆုံးဖြတ်ကြပါလိမ့်မယ်။

ဘေးကင်းလုံခြုံရေး မူဝါဒတွေမှာ သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ချက် အစီရင်ခံစာ (EIA) ကို ဖြန့်ဝေတဲ့အခါမှာ ဆိုးကျိုးကိုခံစားရမယ့် ဒေသခံ တွေနားလည်တဲ့ ဘာသာစကား နဲ့ ရေးသားဖြန့်ဝေ ဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် ဒီ စည်းမျဉ်းကို အများစုက လျစ်လျူရှုလေ့ ရှိပါတယ်။ သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု အစီရင်ခံစာ တွေ က အများအားဖြင့် ကြီးမားတဲ့ စာမျက်နှာ ရာချီထူထဲတဲ့ နည်းပညာဆိုင်ရာ ဘာသာစကားတွေ အများကြီး သုံးထားတဲ့ စာအုပ်ထူကြီးတွေ ဖြစ်နေလေ့ ရှိပါတယ်။ လူထုအဖွဲ့အစည်း အများစုကတော့ အဲဒီစာအုပ်တွေကနေ အဲဒီ ရေးသားထားတဲ့ အကြောင်းအရာတွေကို စိစစ်သုံးသပ်ရတာ နဲ့ အရေးအကြီးဆုံး အချက်တွေကို အဲဒီထဲမှာ ရှာဖွေရာမှာ အသုံးဝင်တယ်လို့ တွေ့ရှိကြပါတယ်။ လူထုအဖွဲ့အစည်းဟာ ဒီလိုအကူအညီတွေကို ကျောင်းသားတွေ၊ လူထုကို အခမဲ့ ကူညီချင်တဲ့ ရှေ့နေ တွေ ဒါမှမဟုတ် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ ထံကနေ ရရှိကြပါတယ်။




သဘာဝပါတ်ဝန်းကျင် လေ့လာဆန်းစစ်မှု မှာဖော်ပြထားတဲ့ ပြဿနာတွေ ရော လျစ်လျူရှုခံထားရတဲ့ ပြဿနာတွေရော ကို သတင်းမီဒီယာတွေ၊ အစိုးရ အရာရှိတွေ နဲ့ ပြည်သူတွေကို ဖြန့်ဝေပေးပို့ပြီး နစ်နာစေတဲ့ စီမံကိန်းတွေကို ပြောင်းလဲဖို့ ဒါမှမဟုတ် ရပ်တန့်ဖို့ အတွက် လူတွေကို စုစည်းဖို့လုပ်နိုင်ပါတယ်။

လေ့လာသိရှိဖို့ သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု ရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်းတွေက - (၁) တင်ပြခွင့်တောင်းထားတဲ့ စီမံကိန်းနဲ့ နှိုင်းယှဉ်ထားတဲ့ အခြား အစားထိုး လို့ရတဲ့ စီမံကိန်းများ ၊ (၂) မှန်းဆထားတဲ့ လူမှုရေးထိခိုက်မှုတွေ နဲ့ သဘာဝပါတ်ဝန်းကျင် အပေါ် ထိခိုက်မှုတွေ၊ (၃) ပေးဆပ်ရတဲ့ တန်ဖိုးနဲ့ အကျိုးအမြတ် နှိုင်းယှဉ်တွက်ချက်ခြင်း၊ (၄) ရင်ဆိုင်ဖြေရှင်းရန် ရနိုင်သည့် နည်းလမ်း နှင့် အတိုင်းအတာ ကို တင်ပြဆွေးနွေးပေးခြင်း၊ (၅) အကြံပြုချက် တို့ ဖြစ်ပါတယ်။ သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှု အစီရင်ခံစာတွေမှာ "လုံခြုံရေး စိန်ခေါ်ချက်များ"၊"လူမှုရေး စိန်ခေါ်မှုများ"၊ "ကျန်းမာရေး စိန်ခေါ်မှု" နှင့် "ပြန်လည်ရှင်းလင်း ပေးသည့် စရိတ်" စတဲ့ အပိုင်းတွေ ပါဝင်လေ့ ရှိပါတယ်။ ဒီအပိုင်းတွေက အရမ်းလည်း အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ စီမံကိန်း ကို ဆောင်ရွက် အကောင်အထည်ဖော် တဲ့ သူတွေက လူထုအစည်းအဝေးတွေမှာ မပြောပြမယ့် ပြဿနာတွေကို ဖော်ပြထားမှာ မို့လို့ပါဘဲ။ အဲဒီအပိုင်းတွေကို သေသေချာချာ လေ့လာပါ!

ADB ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွေးအခေါ်က မြေကြီးထဲကနေ သယံဇာတ အရင်းအမြစ်တွေကို ဖော်ထုတ်ယူတာဖြစ်တယ်။ **စီးပွားရေး ကြီးထွားလာမှု**ကို ဦးတည်ဆောင်ရွက်တဲ့ ဖွံ့ဖြိုးရေး စီမံကိန်းများက ကောင်းမွန်တဲ့ သဘာဝပါတ်ဝန်းကျင်ရရှိခွင့်ကို ချိုးဖျက်လေ့ ရှိတယ်။ ဥပမာပေးရရင် 'သဘာဝပါတ်ဝန်းကျင် နဲ့ လိုက်ဖက်ညီညွတ်တဲ့' သတ္တုတူးဖော်ရေး စီမံကိန်း တို့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး လုပ်ငန်း တို့ ဆိုတာ တစ်ခါမှ မရှိခဲ့ဖူးပါဘူး။



## ၂။ ပူးပေါင်းပါဝင်ဆုံးဖြတ်ပိုင်ခွင့်

လူတွေက သူတို့ရဲ့ မြေယာတွေ၊ သယံဇာတတွေ ကို ထိန်းချုပ်စီမံဖို့ နဲ့ သူတို့ရဲ့ အမှတ်သင်္ကေတ လက္ခဏာရပ်တွေ၊ ဘာသာစကားတွေ နဲ့ ဘဝနေထိုင်မှု နည်းလမ်းတွေကို ထိန်းသိမ်းထားဖို့ ရင်ဆိုင်ရုန်းကန်မှု ပြုကြတဲ့ အတွက် သူတို့အပေါ်မှာ အကျိုးသက်ရောက်မှု ရှိစေတဲ့ ဆုံးဖြတ်ချက်တွေကို သူတို့ ပါဝင်ဆုံးဖြတ်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။ တရားမျှတပြီး ဒီမိုကရေစီ ရှိတဲ့ လူ့အဖွဲ့အစည်း တိုင်းမှာ ဆုံးဖြတ်ချက်ချရာမှာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခွင့် ဆိုတာက မရှိမဖြစ်ပါ။ အဲဒါက အခြား**လူ့အခွင့်အရေးတွေ**ကို စောင့်ရှောက်ဖို့အတွက် အလွန်အရေးပါ ပါတယ်။

ဆုံးဖြတ်ချက်ချရာမှာ အထောက်အကူဖြစ်တဲ့ အကျိုးရှိတဲ့ ပါဝင်ဆောင်ရွက်မှုကို လိုအပ်ပါတယ်။ အဲဒါမှသာ လူထုရဲ့ ထင်မြင်ယူဆမှုတွေကို လျစ်လျူရှု မခံရဘဲ လူတွေက အစိုးရဌာနတွေ၊ ပြည်သူ့အဖွဲ့အစည်းတွေ နဲ့ ကော်ပိုရေးရှင်းကြီးတွေ နဲ့ အတူတကွ လုပ်ကိုင်ပြီး ပြုပြင်စီမံတာတွေကို လုပ်နိုင်မှာပါ။ လူတွေရဲ့ မြေယာနဲ့ သယံဇာတတွေကို ထိခိုက်မယ့် ကိစ္စရပ်တွေ အတွက် **အဓိပ္ပါယ်ရှိတဲ့ တိုင်ပင်ညှိနှိုင်းမှုတွေ**လည်း လိုအပ်ပါတယ်။ **ဓလေ့ထုံးတမ်းစဉ်လာ ဥပဒေ**တွေကို သာ လိုက်နာတဲ့ ဌာနေတိုင်းရင်းသားတွေ အတွက် ပါဝင်ဆောင်ရွက်ခွင့်ဆိုတာက နိုင်ငံအစိုးရနဲ့ ADB လို အဖွဲ့အစည်းတွေက သူတို့ရဲ့ ရိုးရာဓလေ့ထုံးစံ ဆုံးဖြတ်ချက်ချတဲ့ ပုံစံတွေနဲ့ သူတို့ဘာသာ အုပ်ချုပ်စီမံ ကြတဲ့ ပုံစံတွေ (စာမျက်နှာ **၅၆** တွင်ကြည့်ပါ) ကို လေးစားလိုက်နာရမှာပါ။

ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် ကို အောက်ပါတို့ အပါအဝင် များစွာသော နိုင်ငံတကာ စာချုပ်စာတမ်းများကလည်း အသိအမှတ်ပြုထားပါသည်။

- **ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း**
- **စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်း နှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ**
- **ဖွံ့ဖြိုးတိုးတက်မှု ရရှိခွင့် ကမ္ဘာ့ကုလသမဂ္ဂ ကြေငြာစာတမ်း**
- **သတင်းအချက်အလက်များကို လက်လှမ်းမီခွင့်၊ ဆုံးဖြတ်ချက်ချရာတွင် လူထုပါဝင်လှုပ်ရှားဆောင်ရွက်ခွင့် နှင့် သဘာဝပါတ်ဝန်းကျင် အမှုကိစ္စရပ်များတွင် တရားမျှတမှုကို လက်လှမ်းမီခွင့် အတွက် အားဟုစ် သဘောတူဆုံးဖြတ်ချက်**

(ဤသဘောတူညီချက်များကို စာမျက်နှာ **၁၈၉** တွင်ကြည့်ပါ။)

## ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် ကို အကာအကွယ် ပေးရန် ADB ကဘာလုပ်ရမလဲ

ပြည်သူများ၏ အသံ နှင့် ထင်မြင်ယူဆချက်များ အားလုံး ကို နားထောင်ပြီး စီမံကိန်းများကို အကောင်အထည်ဖော်သည့် အခါတွင် ပြောင်းလဲမှုများ ပြုလုပ်နိုင်မှသာ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု က အဓိပ္ပါယ်ရှိမှာ ဖြစ်တယ်။အဓိပ္ပါယ်မှာ ADB အတွက်အစည်းအဝေးများ နှင့် **တွေ့ဆုံဆွေးနွေးမှုများ** ပြုလုပ်ရုံမျှ နှင့် မလုံလောက်တော့ပါ။ စီမံကိန်းမှ အကျိုးဆက်များကို ခံစားရမည့် ပြည်သူများကို အနည်းငယ်မျှသာ အစည်းအဝေးများသို့ ဖိတ်ကြားခြင်း၊ ၎င်းတို့ကို ဆုံးဖြတ်ချက်များပြုလုပ်ရန် အခွင့်အရေး၊ လုပ်ပိုင်ခွင့် စသည်တို့ မပေးအပ်ခြင်းသည် မှားယွင်းသော ပူးပေါင်းပါဝင်မှုဖြစ်သည်။



## *ပူးပေါင်း ပါဝင် ဆောင်ရွက်မှု နဲ့ ပါတ်သက်တဲ့ ADB ရဲ့ အပြော*



ADB ရဲ့ ဝန်ထမ်းတွေဟာ လူထုအဖွဲ့အစည်းတွေ ရဲ့ ထောက်ခံအကြံပေးမှုတွေ နဲ့ စိုးရိမ်ပူပန်မှုတွေကို မဖြစ်မနေ လိုက်နာကျင့်ကြံ ကြရတယ်။ **အကျိုးဆက်**ကို ခံစားကြရမယ့် လူထုအဖွဲ့အစည်းက သတင်းအချက်အလက်တွေ နဲ့ အခြားဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းတွေတွေ အပါအဝင် စီမံကိန်းရဲ့ ကောင်းကျိုး နဲ့ ဆိုးကျိုးကို ဒေသခံတွေ လေ့လာသိရှိအောင် ဖတ်ပြီးတာ သေချာအောင်ဆောင်ရွက်ကြရတယ်။

## *လူထုအဖွဲ့အစည်းတွေ ရဲ့ အတွေ့အကြုံ*

ပူးပေါင်းပါဝင်ဆောင်ရွက်မှု က အဓိပ္ပါယ်ရှိဖို့ ဆိုရင် လူထုအဖွဲ့အစည်းမှာ ပါဝင်တဲ့သူတွေက စီမံကိန်းကို အကောင်အထည်ဖော်တဲ့ သူတွေက ပြောဆိုတင်ပြလာတဲ့ အစီအမံတွေနဲ့ ကွဲပြားတဲ့ အစီမံတွေကို လူတိုင်းရဲ့ လူ့အခွင့်အရေးကို တကယ်လေးစားတဲ့ စီမံကိန်းဖြစ်ဖို့ အတွက် တင်ပြပြောဆိုနိုင်ဖို့ အခွင့်အရေး ရှိရမယ်။ လုံခြုံရေးမူဝါဒ အရ ကျွန်ုပ်တို့ဘက်က စီမံကိန်းကို ပျက်စီးဆုံးရှုံးမှုတွေ လျော့နည်းစေပြီး လူတွေရဲ့ ဘဝကို ပိုမိုကောင်းမွန်စေတဲ့ အစီအမံတွေကို တင်ပြနိုင်ခဲ့ရင် **စီမံကိန်းဆောင်ရွက်သူတွေ**က ကျွန်ုပ်တို့ပြောတာကို နားထောင်ပြီး အစီအမံတွေကို ပြောင်းလဲပေးရမှာပါ!



### ပူးပေါင်းပါဝင်ဆောင်ရွက်မှု အကြောင်းကို ADB ရဲ့ လုံခြုံရေးမူဝါဒတွေက ဘာပြောထားလဲ

အေဒီဘီ ၏ **ဘေးကင်းလုံခြုံရေး မူဝါဒများ**က အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှု နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှုများ ကို လိုအပ်သည်။ အဲဒါက စီမံကိန်းဆောင်ရွက်သူက ထိခိုက်ခံရတဲ့သူတွေကို သူတို့စီမံကိန်းကနေ ဘာတွေလိုချင်လဲ ဆိုတာမေးရမယ်။ ပြီးတော့ ထိခိုက်ခံရမယ့်သူတွေ ကို ဒီစီမံကိန်းကို ပိုကောင်းအောင် လုပ်ဖို့ သူတို့ရဲ့ ထင်မြင်ယူဆချက်တွေ၊ အတွေးအခေါ်တွေ နဲ့ အကြံပြုချက်တွေ ကို ပေးဖို့ လွယ်ကူအောင် လုပ်ပေးရမယ် သို့မဟုတ် စီမံကိန်းကို လုံးဝရပ်ဖို့ လုပ်ရမယ်။

ADB ၏ ကိုယ်ပိုင်စည်းကမ်းချက်များအရ တွေ့ဆုံဆွေးနွေးမှု နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု များသည် -

- **စီမံကိန်းကို ကြိုတင်ပြင်ဆင်နေသည့်အဆင့်** အစောပိုင်းကာလများ တွင်စတင်ပြီး စီမံကိန်းကာလ တစ်လျှောက်လုံးတွင် ဆက်လက်ဆောင်ရွက်ရမည်။
- မေးမြန်းလာပါက လူတိုင်းကို သတင်းအချက်အလက်များ ကို နားလည်နိုင်အောင် ထုတ်ပြန်ပေးပြီး လူတိုင်းလည်း ရရှိစေရမည်။
- သတင်းအချက်အလက်များ ကို *ခြိမ်းခြောက်ခြင်း သို့မဟုတ်* **အတင်းအဓမ္မဖိအားပေးခြင်း***မရှိဘဲ* ပေးရမည်။
- သတင်းအချက်အလက်များကို ပေးရာတွင် **ပစ်ပယ်ခံရရန် သို့မဟုတ် ဖိနှိပ်ခွဲခြားဆက်ဆံ ခံရရန် ဖြစ်နိုင်ခြေများသော** (အေဒီဘီမှ သတ်မှတ်ထားသော **ထိခိုက်ခံရရန် လွယ်ကူသော အုပ်စုများ**ကို ရည်ညွှန်းသည်) ဖြစ်ကြသော အမျိုးသမီးများအပါအဝင်၊ဌာနေတိုင်းရင်းသားများ၊ အသက်ကြီးသူများ နှင့် မသန်စွမ်းသူများ အတွက် ပါ နားလည်လွယ်ပြီး အသုံးဝင်နိုင်စေသော နည်းလမ်းဖြစ်ရန် ပြုလုပ် ပေးရမည်။
- အကျိုးသက်ရောက်မှုကို ခံစားကြရမည့် ပြည်သူများကို ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင်၊ ကြိုတင်ပြင်ဆင်ရေးဆွဲရာတွင်၊ စီမံကိန်း၏ အကျိုးအမြတ်ကို အကောင်းဆုံးဖြစ်အောင် မည်သို့ ခွဲဝေမည် စသည်တို့ကို ပါဝင်ဆုံးဖြတ်ပေးရန် အတွက် လွယ်ကူစေရန် ပြုလုပ်ပေးရမည်။







စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သူက ဆိုးကျိုးခံစားရမည့် သူများကို ၄င်းတို့၏ **ခံစားရရှိပိုင်ခွင့်များ** (တိကျတဲ့ အရာတွေ ဖြစ်တဲ့ မူဝါဒက လိုအပ်တဲ့ **နစ်နာကြေး** နှင့် အစားထိုး ပေးထားတဲ့ အိမ်ယာတွေ စတဲ့) အကြောင်းကို သူတို့ နားလည်မယ့် နည်းနဲ့ အသိပေးရပါမယ်။

## ADB ကတွေ့ဆုံဆွေးနွေးမှု နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအကြောင်းကို ဘာပြောလဲ



တွေ့ဆုံဆွေးနွေးမှု နဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတွေ ဟာ ဘေးကင်းလုံခြုံရေးလုံခြုံရေးမူဝါဒတွေ အားလုံးမှာ အကျုံးဝင်ပါတယ်။အေဒီဘီ ကပြောတာကတော့ **"အရပ်ဘက်အဖွဲ့အစည်းတွေ** ကို မူဝါဒချမှတ်တဲ့နေရာမှာ၊ နိုင်ငံလုံးဆိုင်ရာမဟာဗျူဟာတွေ ချမှတ်တဲ့ နေရာမှာ နဲ့ စီမံကိန်းအခြေအနေအထိမှာ အားလုံး အကျိုးတူပူးပေါင်းကြရပါမယ်။" ADB ရဲ့ ဆိုလိုရင်းက ဒီလို အဓိပ္ပါယ် ရပါတယ်-

- ↳ စီမံကိန်းကို ဆောင်ရွက်နေတဲ့ သူတွေက အရပ်ဘက်ပြည်သူလူထု နဲ့ ဒေသခံလူထု ကို အခြေခံတဲ့ အဖွဲ့အစည်းတွေ ကို တက်တက်ကြွကြွ ဆွေးနွေးညှိနှိုင်းပြီး ADB ရဲ့ **မူဝါဒတွေ**ကို ပြန်လည် ဆန်းစစ် ရပါမယ်။
- ↳ စီမံကိန်းကို ဆောင်ရွက်သူက ပြည်သူ့လူ့အဖွဲ့အစည်းတွေ နဲ့ ဒေသခံလူထုအခြေခံ တဲ့ အဖွဲ့အစည်းတွေကို မူဝါဒတွေကို ပြုလုပ်ဖို့ နဲ့ နည်းလမ်းဗျူဟာတွေကို ပြုလုပ်တဲ့ နေရာမှာ ပါဝင်ဖို့ သင့်တော်တဲ့ အခွင့်အရေးတွေကို ပေးရပါမယ်။
- ↳ ပြည်သူ့လူ့အဖွဲ့အစည်း နဲ့ ဒေသခံလူထုအခြေခံ တဲ့ အဖွဲ့အစည်းတွေက ADB ရဲ့ စီမံကိန်းလုပ်ငန်းတွေမှာ သတင်းအချက်အလက်တွေ ပေးပို့တာ သို့မဟုတ် စနစ်ကျတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ မှာ ပါဝင်တာက စလို့ စီမံကိန်းအတွက် ဆွေးနွေးတိုင်ပင် အကြံပေးသူတွေ အဖြစ်လုပ်ကိုင်တာ၊ အတူတကွ လုပ်ငန်းပူးပေါင်းလုပ်တာ သို့မဟုတ် အကဲဖြတ်သူတွေ စတဲ့ နည်းလမ်းမျိုးစုံနဲ့ ပါဝင်နိုင်ပါတယ်။

## ဒေသခံတွေရဲ့ အတွေ့အကြုံ



ADB က "ပြည်သူ့လူ့အဖွဲ့အစည်းတွေကအရေးပါတဲ့ စီမံကိန်းရဲ့ အဓိက အတွင်းပိုင်းနှင့် အပြင်ပိုင်းမှ **လုပ်ငန်းနဲ့ သက်ဆိုင်သူများ**ထဲက အဓိကကျတဲ့ အုပ်စုတစ်စုဖြစ်ပါတယ်။ ဆိုလိုတာက လူထုအဖွဲ့အစည်းတွေ၊ အမျိုးသမီးတွေ၊ ဌာနေတိုင်းရင်းသားတွေ ရဲ့အမြင်တွေ နဲ့ သဘာဝပတ်ဝန်းကျင် ရဲ့ လိုအပ်ချက်တွေ အားလုံးကို ထည့်သွင်းစဉ်းစား မယ်ဆိုရင် ဒီသူတို့ရဲ့ အမြင်နှင့် လိုအပ်ချက်တွေဟာ စီးပွားရေးလုပ်ငန်းစုကြီးတွေ၊ စက်မှုလုပ်ငန်းတွေ နဲ့ အစိုးရရဲ့ အကျိုးစီးပွား နဲ့ တန်းတူအရေးကြီးတယ်လို့ သတ်မှတ်ထားတယ်။

ဘာလို့လဲဆိုတော့ ကော်ပိုရေးရှင်းကြီးတွေ၊ စက်ရုံလုပ်ငန်းစုကြီးတွေ နဲ့ အစိုးရက လူတွေထက် အများကြီးပိုပြီး အင်အားရှိပါတယ်။ သူတို့က ဒီပါဝင်ဆောင်ရွက်မှုက ဘယ်ကို ဦးတည်နေလဲဆိုတာကို ကောင်းကောင်း သိပါတယ်။ အဲဒါက ကျွန်ုပ်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အတွက် ADB က လက်မခံတဲ့ နည်းလမ်းနဲ့ ပါဝင်ဆောင်ရွက် နေကြခြင်းအားဖြင့် ကျွန်ုပ်တို့ အားလုံး ပါဝင်တဲ့ "ပြည်သူ့လူ့အဖွဲ့အစည်း" က ADB ကို စိန်ခေါ်ဖို့ အတူတကွ ပူးပေါင်း အလုပ်လုပ်ကြရတဲ့ အကြောင်းရင်းပါဘဲ။



**ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုတာ တစ်ဖက်ဖက်က အခြားတစ်ဖက်ထက် ပိုပြီး အင်အားကြီးနေမယ် ဆိုရင် အဓိပ္ပါယ်မရှိပါ။**

## ဖြစ်ရပ်။ အင်ဒိုနီးရှားနိုင်ငံ ဆစ်ထရမ် ရေပေးဝေရေး စီမံကိန်း



အနောက်ဂျာဗား မှာ ရှိတဲ့ ဆစ်ထရမ်မြစ် ဆိုတာ အင်ဒိုနီးရှားနိုင်ငံ ရဲ့ အရေးအကြီးဆုံး မြစ်တွေထဲမှာ ပါဝင်ပါတယ်။ ဆစ်ထရမ်မြစ်ဝှမ်းမှာ လူပေါင်း (၉) သန်းလောက် နေထိုင်ကြတယ်။ မြို့တော် ဂျကာတာ ကိုပေးဝေနေတဲ့ ရေရဲ့ (၈၀) ရာခိုင်နှုန်းက ဒီမြစ်ကပါ။ ၄င်းမြစ်ကနေ စိုက်ပျိုးရေသွယ်ယူ ရရှိဖို့ နဲ့ လူသန်းပေါင်းများစွာ အတွက် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ပေးနေ မှုအတွက်လည်း အသုံးပြုနေရတာပါ။

ဒါပေမယ့် ဆစ်ထရမ်မြစ်ဝှမ်းဟာ ဆိုးရွားစွာ ညစ်ညမ်းနေပါတယ်။ ယခုအခါမှာ သန့်ရှင်းတဲ့ ရေကိုရရှိဖို့ လူအများစုတတ်နိုင်တဲ့ ပမာဏထက် ပိုကုန်ကျစားရိတ်များနေပါတယ်။ ဒီပြဿနာကို ပြေလည်ဖို့ အတွက် ADB က ဆစ်ထရမ် ရေအရင်းအမြစ် အလုံးစုံ စီမံကွပ်ကဲရေး (ICWRM) စီမံကိန်း ကို ပြောဆိုတင်ပြလာခဲ့တယ်။ ရေပေးဝေမှုကို ပိုကောင်းမွန်အောင် လုပ်ဖို့ ၁၅ နှစ်ကြာမယ့် အစီအမံဖြစ်တဲ့ ICWRM (Integrated Citarum Water Resource Management) စီမံကိန်းကို ၂၀၀၇ ခုနှစ်မှာ စတင်ခဲ့တယ်။ ဒီစီမံကိန်းက အမေရိကန် ဒေါ်လာသန်း (၅၀၀) လောက်ကုန်ကျမယ်လို့ ခန့်မှန်းထားခဲ့ပြီး စီမံကိန်းမစမီ ကြိုတင် ပြင်ဆင်တဲ့ အပိုင်းအတွက်ကို အမေရိကန်ဒေါ်လာ (၁.၇) သန်း မတည်ငွေနဲ့ စတင်ခဲ့တယ်။




ဒီလိုကြီးမားတဲ့ စီမံကိန်း ကြောင့် ဒေသခံတွေရဲ့ စိုးရိမ်ပူပန်မှုတွေ မြင့်တက်ခဲ့ရတယ်။ ဆစ်ထရမ်အတွက် မိတ်ဆွေ ပြည်သူများ ဆိုတဲ့ အဖွဲ့ကို ၂၀၀၇ ခုနှစ်မှာ ဖွဲ့စည်းပြီး အင်ဒိုနီးရှား ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ အတိုင်း မြစ်ကို ပြည်သူတွေရဲ့ အကျိုးအတွက် သုံးနိုင်အောင် လုပ်ပါတယ်။ ဒီအဖွဲ့ က ADB ရဲ့ စီမံကိန်း အစီအစဉ်နဲ့ ပါတ်သက်တဲ့ စာရွက်စာတမ်းတွေကို လေ့လာသုံးသပ်ပြီး လူထုရဲ့ အခွင့်အရေးတွေကို လက်ကိုင်ထား ကျင့်သုံးဖို့ အတွက် လူထုအဖွဲ့အစည်းတွေကို အစည်းအဝေးခေါ်ယူခဲ့တယ်။

စီမံကိန်းရဲ့ ပထမအဆင့်က လယ်ယာမြေရေပေးဝေတဲ့၊ စက်မှုလုပ်ငန်းသုံးတဲ့ ပြီးတော့ ကူးသန်းရောင်းဝယ်ရေး မြို့တော် ဂျကာတာ နဲ့ ပါတ်ဝန်းကျင်နေရာတွေက ပြည်သူတွေ အတွက် လိုအပ်တဲ့ အိမ်သုံးရေပေးတဲ့ ဆည်မြောင်းတွေကို ပြန်လည်ပြင်ဆင်ဖို့ ဖြစ်တယ်။ ဒီဆည်မြောင်းက လူထောင်ပေါင်းများစွာ နေထိုင်တဲ့ ခရိုင် (၃) ခုကို ဖြတ်သန်းသွားပါတယ်။ စီထရမ်အတွက် မိတ်ဆွေပြည်သူများအဖွဲ့ က စီမံကိန်းရဲ့အစီအစဉ်တွေကို ကြည့်ရှု တဲ့အခါမှာ **နေရာရွှေ့ပြောင်းချထားမှု အစီအစဉ်** မှာ မိသားစုပေါင်း (၈၇၂) ခု **ရွှေ့ပြောင်းခံ**ကြရမှာကို တွေ့ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီအစီအစဉ်မှာ လူတွေကို မိသားစုလိုက် မဟုတ်ဘဲ တစ်ဦးချင်းရေတွက်သင့်ပေမယ့် မရေတွက်ဘဲ နဲ့ အမှန်တကယ်ကတော့ လူထောင်ပေါင်းများစွာ ရွှေ့ပြောင်းရမှာပါဆိုတာကို ပါသိခဲ့ကြပါတယ်။ ဒီစီမံကိန်းနဲ့ ပါတ်သက်တဲ့ စာရွက်စာတမ်း အထောက်အထားတွေ မှာ ဒီပြဿနာကို မဖြေရှင်းထားပါဘူး။

ပြန်လည်နေရာချထားရေး အစီအစဉ်တွေကို ပြုလုပ်ကြတဲ့အခါမှာလည်း ဒီရွှေ့ပြောင်းခံရမယ့် မိသားစုတွေ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မရှိကြောင်းကိုလည်း သိလာခဲ့ပါတယ်။ ဒီအစီအစဉ်မှာ ပြည်သူတွေရဲ့ အသက်မွေးမှု လုပ်ငန်းတွေကို ပြန်လည်ရရှိစေမယ်လို့ အာမခံထားခြင်း၊ လျော်ကြေးပေးရန် စီစဉ်ထားခြင်း သို့မဟုတ် စီမံကိန်းကို ဘယ်လို အကောင်အထည်ဖော်မယ်ဆိုတာ အသိပေးထား တွေ မရှိပါဘူး။ ပြန်လည်နေရာချထားရေး အစီအစဉ် အပါအဝင် စီမံကိန်းရဲ့ အရေးကြီးတဲ့ အချက်အလက်တွေကို ဒေသခံ အုပ်ချုပ်သူတွေကတောင် မသိကြပါဘူး။ ဒီပြဿနာတွေက စီမံကိန်းမှာ မပြောင်းရွှေ့လိုဘဲ ပြောင်းရွှေ့နေထိုင်ရခြင်း (စာမျက်နှာ ၁၅၃၊ ၁၅၄ တွင်ကြည့်ပါ။) နှင့် လူထု နှင့် ဆက်ဆံရေး မူဝါဒ အပါအဝင် ADB ရဲ့ စည်းမျဉ်းတွေကို ချိုးဖောက် ထားကြောင်းပြသရာ ရောက်ပါတယ်။ ADB ကနေချေးငွေ ရရှိဖို့ အင်ဒိုနီးရှားအစိုးရက ပြန်လည်နေရာချထားရေး အစီအစဉ်ကို ပြန်လည် စစ်ဆေးမယ်လို့ ယူဆရတယ်လို့ လည်းသူတို့ သိထားကြပါတယ်။

ဆစ်ထရမ်အတွက် မိတ်ဆွေပြည်သူများ အဖွဲ့က ပြန်လည်နေရာချထားရေး အစီအစဉ်နဲ့ ပါတ်သက်လို့ သူတို့ရဲ့ ဝေဖန်ထောက်ပြမှုတွေကို ADB ရဲ့ အမှုဆောင်အဖွဲ့ နဲ့ ADB ရဲ့ ဒါရိုက်တာအဖွဲ့ဆီကို တင်ပြလိုက်ပါတယ်။ တုန့်ပြန်သောအားဖြင့် ADB က စီမံကိန်းမှာပါဝင်မယ့် သူတွေ အတွက် "အကျိုးကျေးဇူး ရရှိမှု နှင့် ပါတ်သက်ပြီး တွေ့ဆုံနွေးမှုများ" ပြုလုပ်ပြီးပြီ ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။ သူတို့က ဒီအစည်းအဝေးကို ဘယ်သူတွေ တက်ရောက်ခဲ့တယ် ဆိုတာကို မေးမြန်းခဲ့တဲ့ အခါ လူအနည်းငယ်သာ အစည်းအဝေးကို တက်ရောက်ခဲ့တယ်ဆိုတာ ကို တွေ့ရှိခဲ့ပါတယ်။ အဖွဲ့ဝင်တွေ က ပါဝင်တဲ့သူတွေကို ဘယ်လိုရွေးချယ်ခဲ့တယ် ဆိုတာကို မေးမြန်းခဲ့တဲ့အခါ ဘယ်သူမှ ကောင်းကောင်း မဖြေနိုင်ခဲ့ပါဘူး။ ပိုဆိုးတာက ဆစ်ထရမ်အတွက် မိတ်ဆွေပြည်သူများ အဖွဲ့က အစည်းအဝေးရဲ့ တက်ရောက်သူစာရင်း ကို ကြည့်တဲ့အခါမှာ လက်မှတ် အတုတွေကို ရှာဖွေ တွေ့ရှိခဲ့တာပါ။ အဲဒါက စီမံကိန်းရဲ့ အမှုထမ်းတွေ လိမ်လည်နေတာကို ရှင်းရှင်းလင်းလင်း ပြတာပါ။

ADB ရဲ့ လူထုနဲ့ ဆက်ဆံရေး မူဝါဒက "ADB က ၎င်းရဲ့ အလုပ်တွေကို စီမံကိန်းအတူတကွ ပါဝင်ကြသူတွေ နဲ့ ပြည်သူအများကြီးကို ဖြန့်ဝေဖို့ ဦးဆောင်ဦးရွက်ပြု စီစဉ်မယ်" ဆိုတာပြောထားပါတယ်။ ဆစ်ထရမ်အတွက် မိတ်ဆွေပြည်သူများ အဖွဲ့ က စီမံကိန်း က ဒီမူဝါဒကို ချိုးဖောက်ထားကြောင်းသိကြပါတယ်။ အများကြီးရှာဖွေပြီးတဲ့အခါမှာ ဒီအဖွဲ့ က စီမံကိန်းအကြောင်း ရေးသားထားတာတွေကို အင်တာနတ်ပေါ်မှာ ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ ဒါပေမယ့် ဘယ်စာရွက်စာတမ်း တစ်ခုတစ်လေမှ ဆိုးကျိုးခံစားရတဲ့ ပြည်သူတွေကို အပြည့်အစုံ တိုက်ရိုက် ဖြန့်ဝေပေးထားတာ မရှိပါဘူး။ ဒီအင်တာနတ်ပေါ် ကနေရတဲ့ စာရွက်စာတမ်းတွေမှာလည်း အခြေခံမေးခွန်းတွေ ဖြစ်တဲ့ ဘယ်သူတွေက အကျိုးရှိမယ်၊ အဓိကမြစ်ပေါ်မှာ ဘာတွေ လုပ်မယ်၊ စီမံကိန်းကို ဘယ်လို စီမံခန့်ခွဲမယ်၊ ဒီစီမံကိန်းအတွက် ဘယ်သူ့မှာ တာဝန်ရှိတယ် ဆိုတာတွေကို ဖြေရှင်းမပေးထားပါဘူး။

ဆစ်ထရမ်အတွက် မိတ်ဆွေ ပြည်သူများ အဖွဲ့ နဲ့ ADB စီမံကိန်း ရုံးအဖွဲ့နဲ့ အစည်းအဝေးမှာ ADB က ကိုယ်ပိုင်အဖြစ် သိမ်းဆည်းထားတဲ့ စာရွက်စာတမ်း များစွာကို ဝေမျှပေးဖို့ ကတိကဝတ်ပြုပါတယ်။ အဲဒီစာရွက်စာတမ်းတွေ ထဲက တစ်ခုက ပြန်လည်နေရာချထားရေးကို ၂၀၁၁ မှာ ပြုလုပ်မယ် လို့ပြောထားပါတယ်။ ဒါပေမယ့် အဖွဲ့က နေရာရွှေ့ပြောင်း ဖယ်ထုတ်မှု ကို လုပ်ထားတာ ၂၀၀၉ မှာတင် ၃ နေရာပြုလုပ်ပြီးပြီဆိုတာကို သိထားပါတယ်။ သည်အဖွဲ့ က **တိုင်ကြားစာ**ကို **အထူးစီမံကိန်းများ ကူညီပံ့ပိုးသည့်ရုံး (Office of the Special Project Facilitator)** (စာမျက်နှာ **၁၀၁** တွင်ကြည့်ပါ) သို့ စုစည်းတင်ပြ ပေးပို့ ခဲ့သည်။ သို့သော်လည်း ပြဿနာကို ဖြေရှင်းရန် ဘာမျှ ပြုလုပ်ပေးခြင်း မရှိခဲ့ပါ။ စီမံကိန်း ၏ ကြီးမားသော ပြဿနာ ဖြစ်သော်လည်း ဆိုးကျိုးခံစားရသည့် ဒေသခံ ပြည်သူလူထုမှာ သူတို့လိုအပ်သော သတင်းအချက်အလက်များကို မရရှိကြသေးပေ။

## ဒီဖြစ်ရပ်ကနေ ဘာတွေ လေ့လာသိရှိနိုင်သလဲ

စီမံကိန်းက သန့်ရှင်းသည့်သောက်သုံးရေ ပေးနိုင်ရန် စသည့် အလွန်ကောင်းမွန်သည့် ရည်ရွယ်ချက် ရှိနေသော်လည်း ထိခိုက်ခံရမည့် ပြည်သူများကို ထိရောက်စွာ ပါဝင်ခွင့် အပြည့်အဝ မပေးဘဲ ဆောင်ရွက်ပါက ဆိုးကျိုးများကို ဖြစ်ပေါ်စေမည် ဖြစ်သည်။ ဤဖြစ်ရပ်က လူထုအဖွဲ့အစည်းများကို စီမံကိန်း၏ ထောင့်ပေါင်းစုံကို **စောင့်ကြည့်လေ့လာရန်** လိုအပ်ပြီး ADB မှ ပြောသမျှကို အမှန်ဟု လက်မခံကြရန် လိုအပ်ကြောင်း ပြသ နေပေသည်။



## ဆွေးနွေးရန် မေးခွန်းများ

- ↳ ဆစ်ထရမ် ရေစီမံကိန်းတွင် ADB ရဲ့ ဘယ်မူဝါဒတွေကို ချိုးဖောက်ထားလဲ။
- ↳ ဘယ်အခွင့်အရေးတွေကို ချိုးဖောက်ခံထားရလဲ။
- ↳ ADB ရဲ့ စီမံကိန်းဆောင်ရွက်သူ တွေကို ဆစ်ထရမ် မြစ်ဝှမ်းက လူထုအဖွဲ့အစည်းတွေက ဖြစ်ပေါ်လာမယ့် **နောက်ဆက်တွဲ အကျိုးဆက်တွေ တာဝန်ယူဖို့** ဘာတွေ ဆက်လက်လုပ်နိုင်သလဲ။

## ဌာနေတိုင်းရင်းသားများ ၏ အခွင့်အရေး

အာရှတွင်ရော ကမ္ဘာတစ်ဝန်းလုံးတွင်ပါ သဘာဝသယံဇာတများ၊ ဇီဝမျိုးကွဲများ နှင့် ထိခိုက်ဆုံးရှုံးမှု မရှိသေးသည့် သဘာဝပါတ်ဝန်းကျင်၊ စသည်တို့ အများဆုံး ကျန်ရှိနေသည်မှာ **ဌာနေတိုင်းရင်းသားများ**၏ နေရာပိုင်နက် နယ်နမိတ်များအတွင်းတွင် ဖြစ်သည်။ ထိုနေရာများတွင် ရှာဖွေ တွေ့ရှိရသော **သယံဇာတများကို အလွန်အကျွံ ထုတ်ယူသော လုပ်ငန်းစုများ**က ထုတ်ယူအသုံးချရန် ရှာဖွေ နေသည့်အတွက် ထို သယံဇာတများမှာ ပို၍ပို၍ ခြိမ်းခြောက်ခံနေရကြောင်း ကိုတွေ့ရသည်။

အေဒီဘီ တွင် ၎င်း၏ စီမံကိန်းများကြောင့် ထိခိုက်ခံရနိုင်သည့် ဌာနေတိုင်းရင်းသားများ အတွက် ဘေးကင်းလုံခြုံရေးမူဝါဒ (စာမျက်နှာ ၄၀ တွင်ကြည့်ပါ) ရှိသည်။ ဘာကြောင့် ဌာနေတိုင်းရင်းသားတွေမှာ သူတို့ရဲ့ ဘေးကင်းလုံခြုံရေး မူဝါဒတွေကရှိနေတာလဲ။ သူတို့မှာ လူတွေ နဲ့ နယ်မြေဒေသတွေကို **သူတို့ကိုယ်ပိုင် စောင့်ရှောက်အုပ်ထိန်းတဲ့** စနစ်တွေ ကိုပိုင်ဆိုင်ပြီး အထူး အခွင့်အရေးတွေ နဲ့ အုပ်ချုပ်စီမံပိုင်ခွင့် တွေ ရှိနေတယ်။ ဌာနေတိုင်းရင်းသားတွေမှာ နှိမ့်ချဆက်ဆံခံရတာ နဲ့ အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိတယ်။ အထူးသဖြင့် အစိုးရ နဲ့ ကုမ္ပဏီတွေက သူတို့ရဲ့ မြေယာတွေ၊ သဘာဝ သယံဇာတတွေ နဲ့ ဗဟုသုတအသိပညာတွေ ကို ယူသွားခြင်းအားဖြင့် ကျူးလွန်ကြတယ်။

ဌာနေတိုင်းရင်းသားတွေ မှာ သူတို့ရဲ့ စုပေါင်း စီမံကွပ်ကဲကြတဲ့ နယ်နမိတ်မြေတွေ ကို ပုဂ္ဂလိက မြေပိုင်ဆိုင်မှုထက် သူတို့ဘာသာ သဘောပေါက် နားလည်မှု တွေ ရှိကြတယ်။ အဲဒါက ဌာနေတိုင်းရင်းသားတွေ နေတဲ့ နယ်နမိတ် ပိုင်နက်တွေ ကို စီမံကိန်းထဲမှာ ထည့်သွင်းပါဝင်လာတော့မယ် ဆိုရင် အဲဒီနယ်မြေဒေသတွေ ကို ပုဂ္ဂလိကပိုင် သို့မဟုတ် အစိုးရပိုင် မြေတွေလို တူညီတဲ့ စည်းမျဉ်းတွေ အောက်မှာ မရှိဘူးလို့ ဆိုလိုတာပါ။

ဌာနေတိုင်းရင်းသားတွေ က တစ်ကမ္ဘာလုံးမှာ သူတို့ရဲ့ အခွင့်အရေးတွေ ကို လေးစားလိုက်နာဖို့ နဲ့ သူတို့ကို ကာကွယ် စောင့်ရှောက်မယ့် **မူဝါဒတွေ**ကို ဖန်တီးဖို့ စုစည်းဆောင်ရွက် နေကြတယ်။ ဌာနေတိုင်းရင်းသားတွေရဲ့ အဖွဲ့အစည်းတွေက ADB နဲ့ အခြား ဘဏ်တွေကို **လုံခြုံရေး မူဝါဒတွေ** ဖန်တီးပြဌာန်းဖို့ ပြုလုပ်ရာမှာ အလွန် အရေးပါပါတယ်။

အခြားလူများက သူတို့ရဲ့ နိုင်ငံ အစိုးရ နဲ့ ကုလသမဂ္ဂ ရဲ့ အကာအကွယ်ပေးမှု အောက်မှာ ရှိနေတဲ့ အချိန်မှာ ဌာနေတိုင်းရင်းသား အများအပြားကတော့ သူတို့ကိုယ်သူတို့ သူတို့ နိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုလို့ မမြင်ကြပါဘူး။ သို့မဟုတ် သူတို့ နိုင်ငံက အခြားနိုင်ငံသားများ ရရှိနေတဲ့ လေးစားမှုတွေနဲ့ အခွင့်အရေးတွေ ကို မပေးထားကြဘူး။ ဒါကြောင့်မို့ ဌာနေတိုင်းရင်းသားများရဲ့ နှစ်ကာလများစွာ ကြာအောင် ရင်ဆိုင်ကြိုးစားကြပြီးတဲ့ အခါမှာ ကုလသမဂ္ဂက သူတို့ရဲ့ အခွင့်အရေးတွေ အတွက် အထူးထည့်သွင်းစဉ်းစားမှု နဲ့ ကာကွယ်မှုတွေ လိုအပ်ကြောင်းတို့ ကို ရှင်းလင်းအောင် ပြုလုပ်ပေးပါတယ်။



## ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကမ္ဘာ့ကုလသမဂ္ဂ ကြေငြာစာတမ်း

နှစ်များစွာကြာအောင် ဌာနေတိုင်းရင်းသားတွေ က ကုလသမဂ္ဂ ကို သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေကို သိစေဖို့ ပြုလုပ်ခဲ့ကြရပါတယ်။ ဒီ ညှိနှိုင်းတောင်းဆိုမှုက အောက်ပါ နိုင်ငံတကာ ကြေငြာချက်များစွာ နဲ့ သဘောတူညီမှု စာချုပ်တွေ ကို လွှမ်းမိုး နိုင်ခဲ့ပါတယ်။

- ↳ ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေငြာစာတမ်း
- ↳ စီးပွားရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများ
- ↳ ဇီဝမျိုးကွဲများ ဆိုင်ရာ လုပ်ထုံးလုပ်နည်း ကုလသမဂ္ဂ သဘောတူညီချက်

(UNDRIP ခေါ်သော) ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကုလသမဂ္ဂ ကြေငြာစာတမ်း က ယဉ်ကျေးမှုအတွက် အခွင့်အရေး၊ လူမျိုးကိုယ်ပိုင် အမှတ်သင်္ကေတ များ၊ ဘာသာစကား၊ အလုပ်အကိုင်၊ ကျန်းမာရေး၊ ပညာရေး နှင့် အခြားအခွင့်အရေးများ ပါဝင်သော ဌာနေတိုင်းရင်းသားများ၏ **တစ်ဦးချင်းစီ နှင့် စုပေါင်းဘုံ အခွင့်အရေး များ**ကို ကာကွယ်ပေးထားသည်။ ၎င်းက "ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင် အစည်အလာအဖွဲ့ အစည်းများ၊ ယဉ်ကျေးမှုများ နှင့် ဓလေ့ထုံးစံများ၊ နှင့် ၎င်းတို့၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များကို ထည့်သွင်းပါဝင်မှုရှိသော **ဖွံ့ဖြိုးတိုးတက်မှု**ကို ရယူခွင့် တို့ ကို ဆက်လက် တည်ရှိခွင့် နှင့် ၎င်းအဖွဲ့အစည်းများကို ပိုမိုတောင့်တင်းအောင် ဖွဲ့စည်းခွင့် ကိုလည်း အထူးထပ်မံ ပြောကြားထားသည်။" ထိုကြေငြာချက်က ဌာနေတိုင်းရင်းသားများကို နှိမ်ချဆက်ဆံခြင်း ကိုလည်း တားမြစ်ထားပြီး ၎င်းတို့ ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု ကို ရယူရန် ကိုယ်ပိုင် ရွေ့ရေးအမြင်ဖြင့် ရယူခွင့် နှင့် သူတို့၏ အခွင့်အရေးများ နှင့်ပါတ်သက်၍ စိတ်ပူပန်စေသော အရာများ အားလုံးတွင် ပူးပေါင်းပါဝင်မှု ထိရောက်စွာ နှင့် အပြည့်အဝ ရရှိခွင့်ကို အားပေးထားသည်။

**၂၀၀၇** ခုနှစ် တွင် ကုလသမဂ္ဂက ဌာနေတိုင်းရင်းသားများ ၏ အခွင့်အရေးများကြေငြာချက် ကို လက်ခံခဲ့သောကြောင့် ADB ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း လေးစားလိုက်နာ ကြဖို့ မျှော်လင့်ထားကြသည်။ ကံမကောင်းစွာဘဲ သူတို့ ဒီအခွင့်အရေးတွေကို လေးစားလိုက်နာကြဖို့ မလိုအပ်ဘူး။ ပြီးတော့ မလိုက်နာရင် ပေးမယ့် ပစ်ဒဏ်ခတ်မှုတွေ လည်း တစ်ခုမှ မရှိဘူး။

သို့သော်လည်း ကုလသမဂ္ဂရဲ့ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေငြာစာတမ်းက အရေးပါပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အာရှမှာ ရှိနေတဲ့ ဌာနေတိုင်းရင်းသား တွေရဲ့ အဖွဲ့အစည်းတွေ အင်အားကောင်းတာ ကြောင့် အေဒီဘီဟာ သူ့ရဲ့ ဘေးကင်းလုံခြုံရေး မူဝါဒမှာ ဒီကြေငြာချက် ကို ထည့်သွင်းရည်ညွှန်း ရတဲ့ ပထမဆုံး နိုင်ငံတကာ ဘဏ် ဖြစ်လာပါတယ်။ ယခုဆိုရင် ဌာနေတိုင်းရင်းသား လူထုအဖွဲ့အစည်းတွေ နဲ့ သူတို့ကို ကူညီဆောင်ရွက်ကြတဲ့သူတို့ရဲ့ **မိတ်ဆွေ** တွေဟာ သူတို့ရဲ့ အခွင့်အရေးတွေကို မူဝါဒတွေမှာ ထည့်သွင်းဖော်ပြလာခြင်း ဆိုတဲ့ ပထမဆုံး ခြေလှမ်းကို အောင်မြင်စွာ ရရှိသွားခဲ့ပါပြီ။ ADB က ဒီ အခွင့်အရေးတွေကို လေးစားလိုက်နာဖို့ **တာဝန်ခံဖို့** ကို ကျွန်ုပ်တို့ ဆက်လက် ဆောင်ရွက်ကြရမှာပါ။

**အစိုးရတွေက ဌာနေတိုင်းရင်းသားတွေကို ချဉ်းကပ်တဲ့ မတူညီတဲ့ နည်းလမ်းများ**



## ADB ရဲ့ စီမံကိန်းတွေက ဌာနေတိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ဘယ်လို ချိုးဖောက်လဲ

အာရှတစ်ခွင်နဲ့ ကမ္ဘာတစ်ဝန်းမှာ ရှိနေကြတဲ့ ဌာနေတိုင်းရင်းသားတွေ မှာ **ကြီးမားတဲ့ စီမံကိန်းကြီးတွေ နဲ့ ဖျက်ဆီးမှု ပြုလုပ်တဲ့ ဖွံ့ဖြိုးရေး စီမံကိန်းတွေ**ကြောင့် သူတို့ရဲ့ **လူ့အခွင့်အရေးတွေကို ချိုးဖောက်ခံရမှု** ဆိုးရွားပြင်းထန်စွာ ဖြစ်ပေါ်နေပါတယ်။ ဌာနေတိုင်းရင်းသားတွေက သူတို့ရဲ့ မြေ နဲ့ ဂေဟာစံနစ် တွေကို သူတို့ရဲ့ အသက်မွေးမှု အလုပ်အကိုင်တွေ၊ လူမျိုးအမှတ်သင်္ကေတတွေ၊ လွတ်လပ်စွာကိုးကွယ် ခွင့်တွေ နဲ့ ယဉ်ကျေးမှု ဆက်လက်ရှင်သန်ရေး တို့အတွက် မှီခိုအားထားလေ့ ရှိပါတယ်။ အကယ်၍ ADB ကငွေထုတ်ကူညီထားတဲ့ စီမံကိန်းတစ်ခုက သူတို့ရဲ့ မြေတွေ၊ ဂေဟာစံနစ် တွေကို ဌာနေတိုင်းရင်းသားတွေ ဆုံးရှုံးခဲ့ရရင် လူ့အခွင့်အရေး အပေါ် အကျိုးဆက်တွေက အလွန်ပြင်းထန်စွာ ပျက်စီးသွားမှာပါ။

## ADB က ဌာနေတိုင်းရင်းသားတွေ ရဲ့ အခွင့်အရေးတွေ မပျက်စီးစေဖို့ ဘာလုပ်ရမလဲ

တကယ်လို့ စီမံကိန်းတစ်ခုရဲ့ **ကနဦး ဆင်းရဲမွဲတေမှု နဲ့ လူမှုရေး လေ့လာဆန်းစစ်မှု** (စာမျက်နှာ ၉၅ တွင်ကြည့်ပါ) က ဌာနေတိုင်းရင်းသားတွေ အပေါ်ကို အကျိုးသက်ရောက်မှု တွေ ရှိစေမယ် ဆိုတာကို ဖော်ပြထားလျှင် **စီမံကိန်း ပြုလုပ် အကောင်အထည်ဖော်သူက ဌာနေတိုင်းရင်းသားတွေ အတွက် အစီအမံ (IPP)** ကို ပြုလုပ်ပြင်ဆင် ပေးရပါမယ်။

ဌာနေတိုင်းရင်းသားတွေ အတွက် အစီအမံ တွေမှာ အောက်ပါ အစိတ်အပိုင်းတွေ ပါဝင်ရမှာ ဖြစ်ပါတယ်။

- ↳ စီမံကိန်း ကာလ အတောအတွင်းမှာ ထိခိုက်ခံစားရတဲ့ ဌာနေတိုင်းရင်းသားတွေနဲ့ ဆက်တိုက် **တွေ့ဆုံ ဆွေးနွေးမှု**တွေ ပြုလုပ်ဖို့ လုပ်ကိုင်မယ့်ပုံစံတွေ၊
- ↳ ဌာနေတိုင်းရင်းသားတွေ ကို သူတို့ ယဉ်ကျေးမှုနဲ့ လိုက်လျောညီထွေ ရှိတဲ့ အကျိုးကျေးဇူးတွေ ရရှိတာ သေချာစေမယ့် နည်းလမ်းတွေ၊
- ↳ ဆုံးရှုံးနစ်နာမှု ဆိုးကျိုးတွေအားလုံး ကို ရှောင်ရှားဖို့၊ အနည်းဆုံးဖြစ်ဖို့၊ ရင်ဆိုင်ဖြေရှင်းဖို့ သို့မဟုတ် နစ်နာကြေး ပေးလျော်ဖို့ နည်းလမ်းတွေ၊
- ↳ ယဉ်ကျေးမှုနဲ့ လိုက်လျောညီထွေ ရှိတဲ့ **ငြင်းဆိုရင်ဆိုင်မှု** နည်းလမ်းအဆင့်ဆင့် နဲ့ **စောင့်ကြည့်မှု** နဲ့ အကဲဖြတ်ခြင်း အစီအစဉ်တွေ
- ↳ စီမံထားတဲ့ နည်းလမ်းတွေ ကို အကောင်အထည်ဖော်ဖို့ ငွေနဲ့ အချိန်ကိုက် လျာပ်ရှားမှုတွေ။



## *ADB က ဌာနေတိုင်းရင်းသား တွေအတွက် အစီအမံ နဲ့ ပါတ်သက်ပြီး ဘာပြောလဲ*

**အဓိပ္ပါယ်ရှိတဲ့ တွေ့ဆုံဆွေးနွေးမှု** နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု က ADB ရဲ့ ဌာနေတိုင်းရင်းသားများ လုံခြုံရေးမှာ အဓိကကျတဲ့ လိုအပ်ချက်ပါ။ တွေ့ဆုံဆွေးနွေးမှု နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တွေက ကနဦး ဆင်းရဲမွဲတေမှု နှင့် လူမှုရေး လေ့လာဆန်းစစ်မှု ကို ပြုလုပ်ချိန်ကတည်းက စတင်ပြီး စီမံကိန်း ပုံစံရေးဆွဲခြင်း၊ အကြမ်းလေ့လာစစ်ဆေးခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် ပြီးဆုံးသည့် အချိန်အထိ ဆက်လက် လုပ်ဆောင်သွားရမည်။



## *ဒေသခံတွေရဲ့ အတွေ့အကြုံ*

ဌာနေတိုင်းရင်းသားများ အတွက် အစီအမံများ (IPP) ဟာ တိကျသေချာပြီး ပြည့်စုံရှင်းလင်း သင့်ပါတယ်။ ဒါပေမယ့် ဖြစ်ရပ်အများစုမှာ ဒီလို မဟုတ်ပါဘူး။ တခါတလေမှာ ဆိုရင် တွေ့ဆုံဆွေးနွေးမှု မရှိဘဲ အဲဒါက သဘာဝပါတ်ဝန်းကျင် **လေ့လာဆန်းစစ်မှု အစီရင်ခံစာ** (EIA) တွေ အထဲမှာ မှတ်စုတိုတိုလေး တစ်ခုအဖြစ် တိမ်မြုပ်နေလေ့ ရှိပါတယ်။ ADB က ဒီ ဌာနေတိုင်းရင်းသား အတွက် အစီအစဉ်ကို စီစဉ်လုပ်ဆောင်တဲ့အခါ လူထုအဖွဲ့အစည်းတွေရဲ့ သဘောတူခွင့်ပြုချက်တွေကို ရရှိအောင် ဆောင်ရွက်ပြီး၊ ဆိုးကျိုးကို ခံစားကြရမယ့် ဌာနေတိုင်းရင်းသားတွေနဲ့ ပြည့်ပြည့်စုံစုံ တွေ့ဆုံ ဆွေးနွေးဖို့ မဖြစ်မနေ လိုအပ်ပါတယ်။

## လွတ်လပ်သော ကြိုတင်အသိပေးထားခြင်းခံရသော သဘောတူခွင့်ပြုမှု

နိုင်ငံတကာ အခွင့်အရေးထဲမှာ ဌာနေတိုင်းရင်းသား အခွင့်အရေးအတွက် အရေးကြီးတဲ့ အပိုင်းကတော့ လွတ်လပ်သော **ကြိုတင်အသိပေးထားခြင်းခံရတဲ့ သဘောတူ ခွင့်ပြုမှု (FPIC)** ဘဲဖြစ်ပါတယ်။ ဒီအခွင့်အရေးက ဌာနေတိုင်းရင်းသားတွေမှာ သူတို့ရဲ့ မြေတွေ၊ ပိုင်နက်နယ်နမိတ်တွေ၊ သဘာဝသယံဇာတတွေ၊ အသိပညာ ဗဟုသုတတွေ သို့မဟုတ် ယဉ်ကျေးမှုတွေကို ထိခိုက်မယ့် စီမံကိန်းတွေကို "လက်ခံတယ်" သို့မဟုတ် "လက်မခံဘူး" ဆိုတာကို ပြောဆိုခွင့် ရှိပါတယ်။ အထူးသဖြင့် ဌာနေတိုင်းရင်းသားအဖွဲ့များ ဖြစ်တဲ့ အဖွဲ့အများစုဟာ လွတ်လပ်သော ကြိုတင်အသိပေးခွင့်ပြုသဘောတူညီထားမှု ကို နိုင်ငံတကာ အသိအမှတ်ပြုတဲ့ အခွင့်အရေးတစ်ခု ဖြစ်အောင် ကျိုးစားလုပ်ကိုင်ခဲ့ကြပါတယ် ပါတယ်။

လူတွေမှာ သူတို့ရဲ့ ရွေးချယ်မှုက သူတို့ကို ဘယ်လို အကျိုးဆက်တွေ ဖြစ်စေမယ် ဆိုတာကို သေသေချာချာ ပြည့်ပြည့်စုံစုံ နားလည်ထားမယ် ဆိုရင် သူတို့က ပညာသားပါတဲ့ ရွေးချယ်မှုမျိုးကို လုပ်ဖို့များပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးရေးနဲ့ ပါတ်သက်တဲ့ ဆုံးဖြတ်ချက်တွေကို ကော်ပိုရေးရှင်းတွေ၊ အစိုးရတွေ နဲ့ ADB လို အဖွဲ့အစည်းတွေက ဒီစီမံကိန်းတွေ နဲ့ ဆုံးဖြတ်ချက်တွေ ရဲ့ အကျိုးဆက်ကို ခံစားရမယ့် ပြည်သူတွေ ပါဝင်မှု မရှိဘဲ ပြုလုပ်ကြတဲ့အခါ ပြည်သူတွေရဲ့ လူ့အခွင့်အရေးတွေ၊ သူတို့ရဲ့ နယ်နမိတ်တွေ အပေါ် စီမံအုပ်ချုပ်ခန့်ခွဲပိုင်ခွင့်တွေ နဲ့ သူတို့ရဲ့ ဘဝတွေ နဲ့ အသက်မွေးမှု လုပ်ငန်းတွေကို ထိန်းကွပ်နိုင်မှု စွမ်းရည်တွေကို နှောင့်ယှက် ချိုးဖျက်ပစ်ပါတယ်။




လွတ်လပ်တဲ့ ကြိုတင်အသိပေးထားခြင်း ခံရသော သဘောတူခွင့်ပြုမှု ဆိုတာက အခွင့်အရေး တစ်ခု၊ ဖြစ်စဉ်တစ်ခု၊ နောက်ပြီး ဆောင်ရွက်တဲ့ စံနစ်တစ်ခု ပါ။ အခွင့်အရေးတစ်ခု အနေနဲ့ လွတ်လပ်သော တင်ကြိုအသိပေးထားသော သဘောတူခွင့်ပြုမှု က နိုင်ငံတကာ ဥပဒေ မှာ ဌာနေတိုင်းရင်းသားတွေ ရဲ့ **ကိုယ်ပိုင် ဆုံးဖြတ်ရွေးချယ်မှု** အတွက် အရေးကြီးတဲ့ အစိတ်အပိုင်း တစ်ခု အဖြစ် သို့မဟုတ် သူတို့ရဲ့ မြေကြီးပေါ် မှာ၊ သယံဇာတတွေ နဲ့ ရိုးရာ အသိပညာတွေမှာ ဘာတွေ ဖြစ်မယ် ဆိုတာကို ထိန်းချုပ် ကွပ်ကဲပိုင်ခွင့် အဖြစ် အသိအမှတ်ပြုထားပါတယ်။

ဖြစ်စဉ်တစ်ခု နဲ့ လုပ်ဆောင်မှု စံနစ် တစ်ခု အဖြစ် လွတ်လပ်သော ကြိုတင်အသိပေးထားခြင်းခံရသော သဘောတူခွင့်ပြုမှု မှာ ဌာနေတိုင်းရင်းသားတွေ က သူတို့ကို အကျိုးသက်ရောက်စေတဲ့ အရာတွေမှာ သူတို့ရဲ့ စုပေါင်းပြုလုပ်တဲ့ ဆုံးဖြတ်ချက်တွေကို လွတ်လပ်စွာ ပြုလုပ်နိုင်တဲ့ နည်းလမ်းတွေကို ဖော်ပြထားပါတယ်။ လူထု အဖွဲ့အစည်းတိုင်း က လွတ်လပ်သော ကြိုတင်အသိပေး ထားခြင်း ခံရသော သဘောတူခွင့်ပြုမှု ဆိုတာ သူတို့အတွက် ဘယ်လို အဓိပ္ပါယ် တိတိကျကျ သက်ရောက်စေမယ် ဆိုတာကို ဆုံးဖြတ်နိုင်ပါတယ်။ ပြင်ပအဖွဲ့အစည်း တစ်ခုကနေ စီမံကိန်းတစ်ခုအတွက် ဒေသခံပြည်သူတွေ ဆီက သဘောတူခွင့်ပြုချက် ရယူချင်တယ်ဆိုရင် လိုက်နာကျင့်ကြံ ရမယ့် တိကျတဲ့ လုပ်ငန်း အဆင့်ဆင့် နဲ့ ဖြစ်စဉ်တွေကို လည်း သတ်မှတ် ဆုံးဖြတ်နိုင်ပါတယ်။

လွတ်လပ်သော ကြိုတင်အသိပေးထားခြင်းခံရသော သဘောတူ ခွင့်ပြုမှု အတွက် ဖြစ်စဉ် အတိအကျကတော့ မတူညီတဲ့ လူထုအဖွဲ့အစည်းတွေမှာ ကွဲပြားနေနိုင်ပါတယ်။ ဒါပေမယ့် လူထုအဖွဲ့အစည်းတွေက သဘောတူထားကြတဲ့ အချို့ တူညီတဲ့ဘုံ အစိတ်အပိုင်းတွေက -

လွတ်လပ်ခြင်း ဆိုသည်မှာ ခြိမ်းခြောက်အင်အားသုံးခြင်း၊ **အဓမ္မသိမ်းသွင်းခြင်း၊** ခြိမ်းခြောက်ခြင်း သို့မဟုတ် တစ်မျိုးမျိုးဖြင့် လာဘ်ပေးခြင်း စသည့် များ မှ ကင်းလွတ်ခြင်းဖြစ်သည်။ ဒါက သတင်း အချက်အလက်တွေကို လွတ်လပ်စွာ ရရှိပြီး၊ မည်သူကမျှ သင့်ကို မည်သည့်အတွက်မျှ အင်အားသုံးပြီး လက်မှတ်ထိုးစေခြင်း သို့မဟုတ် သဘောတူလက်ခံစေခြင်း မရှိစေရဟု အဓိပ္ပါယ်ရပါတယ်။

ကြိုတင်၍ ဆိုသည်မှာ "မစတင်မီ" ဟု အဓိပ္ပါယ်ရပါတယ်။ စီမံကိန်းတစ်ခုရဲ့ အကျိုးဆက်တွေကို ခံစားရမယ့် ပြည်သူတွေက သူတို့ရဲ့ သဘောတူညီမှုကို စီမံကိန်းမစတင်မီမှာ ပေးရမှာပါ။ ဒီလိုမှမဟုတ်ရင် စီမံကိန်းကို ဆက်လုပ်လို့ မရပါဘူး။ ဒါက အကျိုးဆက်ကို ခံစားရမယ့် သူတွေက ရှေးအစဦးပိုင်း စီမံမှုတွေ ပြုလုပ်တဲ့ ဖြစ်စဉ်မှာ၊ စီမံကိန်းဆိုတာ အတွေးစဖြစ်တဲ့ အချိန် ကတည်းက ပါဝင်ရမှာ ဖြစ်ပါတယ်။ အစီအမံတွေကို လုပ်ပြီးတဲ့ အချိန်မှ ပါဝင်တာကို ပြောတာမဟုတ်ပါဘူး။ စုပေါင်း ဆုံးဖြတ်မှုတွေ ပြုလုပ်ခြင်းက အချိန်ကြာကြာ လိုအပ်တဲ့ အတွက်ကြောင့် စီမံကိန်း ဆောင်ရွက် အကောင်အထည်ဖော်သူတွေက စီမံကိန်းကြောင့် ထိခိုက်မယ့် လူထုအဖွဲ့အစည်း ကို ဆုံးဖြတ်ချက် တစ်ခုချပြီး ပြန်ပြောနိုင်တဲ့ အချိန်အထိ ဘယ်လောက်ကြာကြာ စောင့်ဆိုင်းရမှာပါ။

ကြိုတင်အသိပေးထားသော ဆိုတာက အရေးကြီးတဲ့ အချက်အလက်တွေ အားလုံးကို စီမံကိန်းကြောင့် အကျိုးဆက်ကို ခံစားရမယ့် လူတိုင်းကနေ နားလည်ပြီးသား ဖြစ်ရပါမယ်။ စီမံကိန်းကနေ ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာ၊ ဆိုးကျိုး သို့မဟုတ် အန္တရာယ်စိန်ခေါ်မှု တစ်စုံတစ်ရာကိုမျှ ဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ ဖုံးကွယ်ထားခြင်း မရှိစေရပါ။ စီမံကိန်း ဆောင်ရွက်သူထံကနေသာ မဟုတ်ဘဲ ဆိုးကျိုးကို ခံရမယ့် လူထုအဖွဲ့အစည်းက စီမံကိန်း ဆောင်ရွက်သူတွေ ပေးတဲ့ အချက်အလက်တွေကို တိုက်ဆိုင်စစ်ဆေးဖို့ အတွက် အခြားရရှိမယ့် အရင်းအမြစ်တွေကနေလည်း သတင်းအချက်အလက်တွေကို စုဆောင်းရရှိ နိုင်ရပါမယ်။

သဘောတူခွင့်ပြုချက် ဆိုတာက စုပေါင်း ပြီးတော့ ပြုလုပ်ထားတဲ့ အမြဲတစေ သဘောတူညီမှု သို့မဟုတ် ခွင့်ပြုမှုပါ။ အဲဒါက ခွင့်ပြုချက်ရရှိထား တဲ့ လူထုအဖွဲ့အစည်း ကိုယ်စားလှယ်တွေ၊ တကယ့် လူထုအဖွဲ့အစည်း ရဲ့ ခေါင်းဆောင်တွေ၊ က ဒီဆုံးဖြတ်ချက် အကြောင်းကို ပြောဆိုဆက်သွယ် ရမှာပါ။ ဘယ်ပြင်ပ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ တစ်ခုခုထံကမျှ ငွေရရှိထားတဲ့ သူတွေကမျှ လက်ခံတယ် ပြောလို့ မရပါဘူး။ အဲဒါတောင်မှ ထိခိုက်ခံရမယ့် လူထုအဖွဲ့အစည်းဝင်တွေက ဒီဆုံးဖြတ်ချက်ကို သူတို့ကိုယ်စားပြုပြီး လွတ်လပ်စွာ ပြုလုပ်ထားခြင်း ဖြစ်ကြောင်း အတည်ပြုရမှာပါ။




## ကြိုတင်အသိပေးထားခြင်း ခံရသော လွတ်လပ်သော ခွင့်ပြုမှုနှင့် အာရှဖွံ့ဖြိုးရေးဘဏ်

၂၀၀၉ ခုနှစ်တွင် ADB က ကြိုတင်အသိပေးထားခြင်း ခံရသော လွတ်လပ်သော သဘောတူ ခွင့်ပြုမှု (FPIC) ကို ၎င်း၏ ဌာနေတိုင်းရင်းသားများ ၏ ဘေးကင်းလုံခြုံရေး မူဝါဒတွင် ထည့်သွင်း အသိအမှတ်ပြုရန် လက်ခံခဲ့သည်။ ဤအချက်မှာ ADB သည် လွတ်လပ်သော ကြိုတင်အသိပေးထားခြင်းခံရသော သဘောတူခွင့်ပြုမှု ကို ၎င်း၏ မူဝါဒများတွင်ထည့်သွင်းထားသော ပထမဆုံး နိုင်ငံတကာ ဖွံ့ဖြိုးရေး ဘဏ် ဖြစ်သည့် အတွက် အလွန်အရေးကြီးသော အဆင့်ဖြစ်သည်။ ADB က ဤကဲ့သို့ ပြုလုပ်ရန် သဘောတူ ခဲ့ရခြင်းမှာ အာရှတစ်ခွင်ရှိ ဌာနေတိုင်းရင်းသားများ ၏ အဖွဲ့အစည်းများက ၎င်းတို့ဘဏ်ကို နှစ်ပေါင်းများစွာ ဖိအားပေးခဲ့သောကြောင့် ဖြစ်သည်။

ADB မူဝါဒ တွင် လွတ်လပ်သော တင်ကြိုအသိပေးထားခြင်းခံရသော သဘောတူခွင့်ပြုမှု ကို အသိအမှတ်ပြု ခြင်းမှာ အပေါင်းလက္ခဏာဆောင်သော အဆင့်တစ်ခု ဖြစ်နေသော်လည်း FICP ကို အဓိပ္ပါယ်ဖွင့်ထားသော မူဝါဒက ၎င်းလိုအပ်ချက် ကို ဌာနေတိုင်းရင်းသားများ က အတိုက်အခံပြု တောင်းဆို ခဲ့သည့် အဓိပ္ပါယ် သတ်မှတ်ထားသည့် ပုံစံနှင့် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေငြာစာတမ်း အပါအဝင် နိုင်ငံတကာဥပဒေတွင် လက်ရှိအသိအမှတ်ပြုထားသည့် ပုံစံထက် များစွာ ပိုမို ပျော့ပြောင်းအောင် ပြုလုပ်ထားသည်။




ADB က လွတ်လပ်သော ကြိုတင်အသိပေးထားခြင်းခံရသည့် သဘောတူခွင့်ပြုချက် ကို သူ့ရဲ့ မူဝါဒထဲမှာ ထည့်သွင်းဖော်ပြထားတာက ကျွန်ုပ်တို့ ၏ ကြိုးစားရင်ဆိုင် ရုန်းကန်မှုများ အတွက် အလွန် အကျိုးရှိနေပါသေးတယ်။ ADB ကို နိုင်ငံတကာဥပဒေ နဲ့ ဌာနေတိုင်းရင်းသားများ ၏ အခွင့်အရေးနဲ့ ထပ်တူညီညွတ်အောင် ၎င်းရဲ့ မူဝါဒကို လက်တွေ့အကောင်အထည်ဖော်ဖို့ တိုက်တွန်းလို့ ရပါတယ်။ ဒီလိုလုပ်ဖို့ ကျွန်ုပ်တို့ စိတ်ထဲမှာ စွဲမြဲနေစေဖို့ နဲ့ ADB ကို နားလည်ပြီး လေးစားလိုက်နာဖို့ အရမ်းအရေးကြီးတဲ့ အချက်များစွာ ရှိနေပါတယ်။

### ↳ လွတ်လပ်သော ကြိုတင်အသိပေးထားခြင်းခံရသော သဘောတူခွင့်ပြုမှု ဆိုတာ ဘုံအခွင့်အရေးတစ်ရပ်ပါ

စီမံကိန်းတစ်ခုကို ဆက်လက်လုပ်ဆောင်ဖို့ အတွက်၊ လူထုအဖွဲ့အစည်းတွေက ဆုံးဖြတ်ချက်တစ်ခုကို ၎င်းတို့ရဲ့ ထုံးတမ်းစဉ်လာအရ ကျင့်သုံးလာတဲ့ စုပေါင်းဆုံးဖြတ်ချက်ချမှတ်ခြင်း နည်းနာအတိုင်း ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အကယ်၍ ဒီဆုံးဖြတ်ချက် လုပ်တဲ့ လုပ်ငန်းအဆင့်တွေက လူထုအဖွဲ့အစည်းကို စီမံကိန်းကို ငြင်းပယ်ဖို့ ဦးတည်သွားခဲ့တယ် ဆိုရင်လည်း စီမံကိန်းဆောင်ရွက် အကောင်အထည်ဖော်သူ၊ အစိုးရနဲ့ ADB တို့က ဒီဆုံးဖြတ်ချက်ကို လိုက်နာရမှာပါ။

### ↳ အကယ်၍ စီမံကိန်းက အရှုပ်အထွေးပြဿနာ တွေကို ဖြစ်စေရင်၊ သဘောတူခွင့်ပြုမှု မရှိပါဘူး

ဖြစ်ရပ်အများအပြားမှာ လူထုအဖွဲ့အစည်းထဲက အခြားသူတွေက ကန့်ကွက်နေတဲ့ အချိန်မှာ အချို့သူတွေက စီမံကိန်းကို အားပေးပါတယ်။ စီမံကိန်း ဆောင်ရွက် အကောင်အထည်ဖော်တဲ့ သူတွေက လူထုအဖွဲ့အစည်းကို "လက်ခံ"တဲ့ သူနဲ့ "အတိုက်အခံ"ပြုသူရယ်လို့ ခွဲခြားထားလေ့ ရှိပါတယ်။ ဒီလိုလုပ်တာက စီမံကိန်း အတွက် အဆုံးအဖြတ်နဲ့ လူထုအဖွဲ့အစည်းရဲ့ စုပေါင်း ဆုံးဖြတ်မှု ပြုနိုင်စွမ်း ကို ကျဆင်းသွားစေပါတယ်။ နောက်ပြီး ဆိုးရွားတဲ့ ပြဿနာတွေကိုလည်း ဖြစ်စေပါတယ်။

လူထုအဖွဲ့အစည်းတွေ အများကြီး က စီမံကိန်းကြီးရဲ့ ဆိုးကျိုးတွေကို ခံစားကြရမှာ ဖြစ်သော်လည်း တစ်ခုသော လူထုအဖွဲ့အစည်း မှာ ဆိုးကျိုးများကို အခြားသူများထက် ပို၍ များများ ခံစားကြရမယ် ဆိုတာလည်း ဖြစ်တတ်ပါတယ်။ ဒီလိုဖြစ်ခဲ့မယ် ဆိုရင် အခြားဒေသခံလူထုအဖွဲ့အစည်းများ နှင့် ပူးပေါင်းပြီး ဆိုးဆိုးရွားရွား ထိခိုက်ခံထားရသည့် လူထုကို ပိုမို၍ ဦးစားပေး ပြောဆိုနိုင်အောင် ပြုလုပ်ပေးရန် အားလုံးပူးပေါင်း ကူညီကြသည့် အားလုံးတူညီသည့် ဘုံနည်းလမ်းဖြင့် ချဉ်းကပ်ရန် စီစဉ်ထားရပါမည်။




## ↳ ဆက်ဆံပြောဆိုတာက သဘောတူလက်ခံမှု မဟုတ်ပါ

စီမံကိန်း တစ်ခုကို စောင့်ကြည့်နေစဉ်တွင် လုပ်ကိုင်ဆောင်ရွက်သူ နှင့် ADB အမှုထမ်းများကို စကားပြောရန် အရေးကြီးပါတယ်။ ဒါပေမယ့် စီမံကိန်းဆောင်ရွက်သူများ နှင့် စကားပြောဆိုတာဟာ စီမံကိန်းကို သင သဘောတူတယ် လို့ မဆိုလို ပါဘူး။ သင်က သင့်ရဲ့ သတင်းအချက်အလက်များကို ရယူပိုင်ခွင့် ကို ရိုးရိုးတောင်းဆိုတာပါဘဲ။ သင်နဲ့ စကားပြောတဲ့ သူကို သင်ဒီအချက်ကို သိရှိတယ်ဆိုတာ သေသေချာချာ သိပါစေ။

## ↳ ကြိုတင်အသိပေးထားသော သဘောတူမှုသာ အစစ်အမှန် သဘောတူလက်ခံမှု ဖြစ်တယ်

ဆုံးဖြတ်ချက်တစ်ခုကို ဖြစ်နိုင်သော အနာဂတ် အကျိုးဆက်များကို မသိရှိဘဲ ပြုလုပ်လိုက်ပါက ကျွန်ုပ်တို့ ပြုလုပ်လိုက်သော ဆုံးဖြတ်ချက်သည် ဆိုးရွားသည့် ဆုံးဖြတ်ချက်တစ်ခု ဖြစ်သွားနိုင်ပါတယ်။ ကြီးမားသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ တွင်မူ ဖြစ်နိုင်သလောက် ရရှိနိုင်သမျှ သတင်းအချက်အလက်များကို မပေးထားဘဲ မည်သည့် သဘောတူလက်ခံမှုမျှ ပြုလုပ်ရန် မဖြစ်နိုင်ပါ။ ထိုသတင်းအချက်အလက်များကို ရရှိနိုင်ရန် ပြုလုပ်ပေးရမည်မှာ စီမံကိန်းဆောင်ရွက်သူ၏ တာဝန်ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာဘဲ ကုမ္ပဏီနှင့် စီမံကိန်းကိုဆောင်ရွက်သူတို့ကပေးထားသော သတင်းအချက်အလက် အပြင် အခြားနေရာများမှ ရရှိသည့် လွတ်လပ်သော သတင်းအချက်အလက်များကိုလည်း လူထုအဖွဲ့အစည်းများက  ရှာဖွေ ရရှိနိုင်ခွင့် ရှိနိုင်ရပါမည်။

## ↳ သဘောတူခွင့်ပြုချက် ကို စုပေါင်းလုပ်ဆောင်ရမှာပါ ဒါပေမယ့် လူတိုင်းအားလုံး ပါဝင်ဖို့ မလိုပါ

ဘုံအကျိုးစီးပွားအတွက်နဲ့ ရပ်ရွာလူထု သာယာဂပြောရေးတို့ ကို ကာကွယ်ထိန်းသိမ်းဖို့  ဆိုရင် အများသဘောဆန္ဒအတိုင်း လုပ်ဆောင်ဖို့ ကိုပဲ  ဌာနေတိုင်းရင်းသား အုပ်စု အတော်များများက ရိုးရာ အစဉ်အလာ အတိုင်း ဆုံးဖြတ်လေ့ရှိသည်။လူ အချို့တွင် ဆန့် ကျင်ဘက် အမြင်တချို့ ရှိနိုင်သော်လည်း ထိုလူများ က အများ၏ သဘောထား ဆန္ဒအတိုင်း လိုက်နာ နေသမျှ ၄င်းကို အများသဘော အတိုင်း ဆုံးဖြတ် ချက်ချ မှု ဟု မှတ်ယူနိုင်သည်။ ရပ်ရွာလူထု၏ ဘုံအကျိုးစီးပွား၊ သဘောထား အမြင်များ နှင့် ဆန္ဒ တို့ ကို ဆက်လက် ကာကွယ်ထိန်းသိမ်းထားရန် ထို အများသဘောတူဆန္ဒအတိုင်း ထဲတွင် ပါဂင်သည်။ ထိုကဲ့သို့  သဘောတူ ခွင့်ပြုချက်ကို မည်သို့ ရရှိအောင်လုပ်မည် နှင့် သဘောတူညီမှုကို မည်ကဲ့သို့ အဓိပ္ပယ်ဖွင့် မည်ကို လူထု အသိုင်းအဝိုင်း တခုချင်းစီက ၄င်းတို့ ဘာသာ ဆုံးဖြတ်ကြသည်။

## ↳ သဘောတူခွင့်ပြုချက်အစဉ်အမြဲလိုအပ်ခြင်း

လွတ်လပ်သော ကြိုတင်အသိပေးထားခြင်းခံရသည့် သဘောတူခွင့်ပြုချက် က တစ်ကြိမ်တည်းပြီးသွားမယ့် အလုပ်မဟုတ်ဘူး။ အမြဲတမ်းဆက်လုပ်သွားမယ့် ဖြစ်စဉ်တစ်ခုဖြစ်တယ်။ ဒါကြောင့် စီမံကိန်းတောက်လျှောက်မှာ သူ့ကို လေးစားလိုက်နာရမယ်။ အစောပိုင်းအဆင့်များတွင် လူထုအဖွဲ့အစည်းက စီမံကိန်းကို သဘောတူညီပြီးသည့်တိုင်အောင် စီမံကိန်းဆောင်ရွက်သူက အဆင့်တိုင်းတွင် ဒေသခံများ၏ သဘောတူလက်ခံမှု ရှိနေသေးသလား ဆိုတာကို အမြဲမပြတ် သေချာအောင် ပြုလုပ်ရမည်။ အဆင့်တစ်ခုခုတွင် ဒေသခံလူထုအဖွဲ့အစည်းတွေက "မလုပ်ရဘူး" လို့ပြောခဲ့ရင် ဆက်မလုပ်ရပါဘူး။

FPIC အကြောင်းကို ပိုမိုသိရှိရန် စာမျက်နှာ **၁၈၇** ရှိ အချက်အလက်တွေကို ကြည့်ပါ။




### *လွတ်လပ်သည့် ကြိုတင်အသိပေးထားခြင်း ခံရသော သဘောတူခွင့်ပြုချက် ကို ADB ကဘာပြောလဲ*



လွတ်လပ်သည့် ကြိုတင်အသိပေးထားခြင်းခံရသော သဘောတူခွင့်ပြုမှု ဆိုတာက အကျိုးသက်ရောက်မှုကို ခံရတဲ့ ဌာနေတိုင်းရင်းသားတွေ၊ တစ်ဦးချင်း နှင့် သို့မဟုတ် သူတို့အသိအမှတ်ပြုထားတဲ့ ကိုယ်စားလှယ်တွေ ရဲ့ မှတဆင့် စီမံကိန်းလုပ်ငန်းစဉ်များအပေါ် ဒေသခံလူထုများမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံကြောင်း စုပေါင်းဖွင့်ဟထုတ်ဖော်ပြောဆိုခြင်း ဖြစ်တယ်။

## လူထုအဖွဲ့အစည်းတွေ ဘယ်လို ခံစားရလဲ

“"ကျယ်ပြန့်တဲ့ လူထုထောက်ခံမှု” ဆိုတာက "သဘောတူခွင့်ပြုချက်” နဲ့ မတူဘူး ဆိုတာADB ကလည်းသိပါတယ်။ တကယ်လို့ လွတ်လပ်တဲ့ ကြိုတင်အသိပေးထားပြီးသော သဘောတူခွင့်ပြုချက် ကို လေးစားလိုက်နာပြီး ကျင့်သုံးကြမယ်ဆိုရင် ဌာနေတိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေ နဲ့ နယ်နမိတ်ပိုင်နက် တွေကို ပိုပြီးလေးစားတာကို မြင်သိခံစားကြရမှာပါ။ ADB နဲ့ အခြားသောအဖွဲ့အစည်းတွေက လွတ်လပ်သည့် ကြိုတင်အသိပေးထားခြင်းခံရသော သဘောတူခွင့်ပြုမှု FPIC ကို လူထုအဖွဲ့အစည်းတွေက တောင်းခံလာမှသာ လိုက်နာကြတာ။




### လူထုအဖွဲ့အစည်း အတွက် အထူးအကြံပေးချက်။ လွတ်လပ်သော ကြိုတင်အသိပေးခံထားရသော ခွင့်ပြုမှု

လွတ်လပ်သည့် ကြိုတင်အသိပေးထားခြင်း ခံရသော သဘောတူခွင့်ပြုချက် ဆိုတာ ထိခိုက်မှုကြီးမားတဲ့ စီမံကိန်းကြီးတွေကို ရပ်တန့်ဖို့ အင်အားကြီးတဲ့ ကိရိယာတစ်ခုပါ။ ဒါကြောင့် စီမံကိန်းဆောင်ရွက်သူတွေက ဒီစည်းကမ်းတွေကို ရိုက်ချိုးဖို့ သူတို့ တတ်နိုင်သမျှ လုပ်ကြတာပေ့ါ။ မကြာခဏ ဆိုသလို သူတို့က ဖြစ်နိုင်ခြေရှိတဲ့ ဆိုးရွားတဲ့ အကျိုးဆက်တွေကို ဖုံးကွယ်ငြင်းဆို ထားပြီး အကောင်းဘက်ကို မြင်တဲ့ သတင်းအချက်အလက်တွေကိုသာ ပေးလေ့ရှိတယ်။ အစိုးရနဲ့ ကုမ္ပဏီကနေ ခင်ဗျားတို့ရဲ့ လူထု အဖွဲ့အစည်း ကို အလိမ်အညာတွေ၊ လှည့်ကွက်တွေနဲ့ သွေးကွဲအောင် လုပ်မှာကို ကြိုတင်ပြင်ဆင်ထားကြပါ။




စီမံကိန်းဆောင်ရွက်သူတွေက သင်တို့ လူထုအဖွဲ့အစည်းမှာ ရှိတဲ့ လူတွေကို တံစိုးလက်ဆောင်တွေ ပေးဖို့ ကြိုးစားလာနိုင်တယ်။စည်းလုံးကြပါ!

ဘယ်သူက သင်တို့ရဲ့ လူထုအဖွဲ့အစည်းအတွက် သဘောတူခွင့်ပြုမှုကို ပြုလုပ်နိုင်တယ် ဆိုတာ သေချာရှင်းလင်းပါစေ။ ကုမ္ပဏီတွေက လူတစ်ယောက်ကို ပေးကမ်းပြီး အဲဒီသူကို လူထုအဖွဲ့အစည်း တစ်ခုလုံးအတွက် ပြောရေးဆိုခွင့် ရှိသူအဖြစ် သတ်မှတ်တာမျိုး မကြာခဏလုပ်လေ့ရှိတယ်။ သင်တို့ရဲ့ တရားဝင် အခွင့်အာဏာ ပေးအပ်ထားတဲ့ ရွေးချယ်တင်မြှောက်ထားတဲ့ ခေါင်းဆောင်၊ လူထု အစုအဝေး၊ သက်ကြီးဝါကြီး အမှုဆောင်တွေ၊ သို့မဟုတ် ဘယ်သူဘဲဖြစ်ဖြစ် ကို ဘယ်သူဆိုတာ လူထုသိအောင် ကျယ်ကျယ်လောင်လောင် ပြောထားပါ။ အဲဒါကို ကုမ္ပဏီဘက်က သိရှိပြီး လေးစားမှု ရှိတာသေချာပါစေ။

တစ်ခါတစ်ရံမှာ ကုမ္ပဏီတွေက တွေ့ဆုံဆွေးနွေးမှုတွေကို လူထုအဖွဲ့အစည်းတွေနဲ့ အဝေးကြီးမှာ ပြုလုပ်လေ့ ရှိပါတယ် ပြီးတော့ စီမံကိန်းကို ထောက်ခံတဲ့ ပုဂ္ဂိုလ်များကိုသာ ဖိတ်ပါတယ်။ ကုမ္ပဏီက ဘယ်နေရာတွေမှာ တွေ့ဆုံဆွေးနွေးမှုတွေကို ပြုလုပ်နေတယ် ဆိုတာကို သိအောင်လုပ်ပါ။ သိရင် သင်တို့ရဲ့ အသံတွေကို ကြားသွားတာ သေချာအောင် ကိုယ်စားလှယ်တွေကို စေလွှတ်ပါ။

သင်တို့ရဲ့ ကိုယ်ပိုင် သတင်းအချက်အလက်တွေ နဲ့ သက်သေတွေကို ရှာဖွေစုဆောင်းဖို့ ပြင်ဆင်ထားပါ။ ADB က စီမံကိန်းအတွက် “ကျယ်ပြန့်တဲ့ လူထုထောက်ခံမှု” ရရှိထားကြောင်း ပြသဖို့ ကြိုးစားပါလိမ့်မယ်။ သူတို့ကို အဲဒါမှားကြောင်း သက်သေပြဖို့ သင်တို့ရဲ့ သဘောထား လက်ခံထားတာတွေ နဲ့ ကွင်းဆင်း လေ့လာထားတဲ့ အလုပ်ဖြစ်စဉ် တွေကို စုစည်းတင်ပြပါ။ စီမံကိန်းကို လူဘယ်နှစ်ယောက်က ဆန့်ကျင်နေလဲဆိုတာကို ပြပါ။

ADB က စီမံကိန်း ဆောင်ရွက် အကောင်အထည်ဖော်သူတွေကို သူတို့ လူထုအဖွဲ့အစည်းတွေဆီက ထောက်ခံမှုကို ဘယ်လို ရရှိခဲ့တယ် ဆိုတာကို မှတ်တမ်းတင်ဖို့ လိုအပ်ကြောင်းပြောထားပါတယ်။ အဖြစ်အပျက် အလုံးစုံကို ဓါတ်ပုံတွေ၊ ဗွီဒီယိုတွေနဲ့ မှတ်တမ်းတင်ရမှာပါ။ အကယ်၍ ရဲတွေ၊ စစ်သားတွေနဲ့ ခြိမ်းခြောက်တာတွေ ရှိခဲ့ရင် သူတို့ ရှိနေတာနဲ့ လုပ်ကိုင်ပုံတွေကို မှတ်တမ်းတင်ထားပါ။ ဒါမှ သာ တရားဝင် သဘောတူခွင့်ပြုတာ မဟုတ်ကြောင်းကို သင်တို့ ပြသနိုင်မှာပါ။




ကုမ္ပဏီဘက် ကဖြစ်စေ အစိုးရကဘက်က ဖြစ်စေ တစ်စုံတစ်ယောက်က သင်တို့ လူထုအဖွဲ့အစည်းမှာ ရှိနေတဲ့ လူတွေရဲ့ နာမည်ကို စာရင်းနဲ့ ချရေးခိုင်းရင် အလွန်သတိထားပါ။ တခါတရံမှာ သူတို့က ဒီစာရင်းကို အဲဒီထဲမှာ ပါတဲ့ လူတွေက သူတို့ကို သဘောတူခွင့်ပြုချက် ပေးထားပြီးကြောင်း ပြောရန် အသုံးပြုလေ့ ရှိပါတယ်။




သင့်ရဲ့ ဒေသခံလူထုကို သူတို့က ဆန္ဒရှိတယ်ဆိုရင် “မလုပ်နဲ့” ဆိုတာကို ပြောဖို့ သူတို့မှာ အခွင့်အရေးရှိကြောင်း ပြန်သတိရအောင် ပြောပြပါ။ အဲဒီလိုလုပ်ရတာက ကြောက်ဖို့ကောင်းနေနိုင်ပါတယ်။ ဒါကြောင့် ဒီအခွင့်အရေးကို နိုင်ငံတကာဥပဒေ အဖြစ် အကာအကွယ်ပေးထားကြောင်း သတိရပါ။ ဒီလိုလုပ်ဖို့ ပြည်သူတွေ အတူတကွ သို့မဟုတ် အဖွဲ့အစုလိုက် လုပ်ရတာ ပိုလုံခြုံလေ့ရှိပါတယ်။ စီမံကိန်းကို ဆန့်ကျင်ရင်ဆိုင်ရာမှာ လူအများကို အထီးကျန်နေတယ်လို့ မခံစားရအောင် စုစည်းဆောင်ရွက်ပါ။



# အစားအစာလုံလောက်စွာ ရရှိခွင့်

ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ မရှိဘဲ မည်သူမျှ အသက်မရှင်နိုင်။ အစားအစာအတွက် ရပိုင်ခွင့် ဆိုသည်မှာ လူသားတိုင်း မိမိတို့ကိုယ်ကို **လူ့ဂုဏ်သိက္ခာနှင့်အညီ** စားသောက်နိုင်ပြီး ငတ်မွတ်ဆာလောင်ခြင်း၊ အစားအစာ မလောက်ငှခြင်း နှင့် အာဟာရချို့တဲ့ခြင်း မှ ကင်းဝေးရမည်။



အစားအစာအတွက် ရပိုင်ခွင့်ကို ကာကွယ်ခြင်းဆိုသည်မှာ အစိုးရက လူအများ၏ ဆာလောင်ငတ်မွတ်မှု၊ အစားအစာ မလုံလောက်မှု နှင့် အစာအာဟာရချို့တဲ့မှု တို့ကို တိုးပွားလာအောင် တစ်စုံတစ်ရာ ဘာမျှပြုလုပ်ခြင်း မရှိစေရ။ အဓိပ္ပါယ်မှာ အစိုးရက အစားအစာရရှိခွင့်ကို အနှောင့်အယှက်ပြုနိုင်သော အင်အားကြီးမားသည့် လုပ်ကိုင်သူများဖြစ်သော ADB နှင့် ကုမ္ပဏီကြီးများ မှလည်း အကာအကွယ်အပေးရမည်။





**အစားအစာလုံလောက်စွာ ရရှိခွင့် ကို ဤ နိုင်ငံတကာအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည် -**

- **နိုင်ငံတကာ လူ့အခွင့်အရေး ကြေငြာ စာတမ်း**
- **စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်း**

(ဤသဘောတူညီချက်များအကြောင်းကို ပိုမို နားလည်လိုပါက စာမျက်နှာ ၁၅၄၊ ၁၅၅ တွင်ပါရှိသည့် အချက်အလက်အကြောင်းအရာများကို ဖတ်ရှုပါ။)

## ADB ၏ စီမံကိန်းများက အစားအစာ ရပိုင်ခွင့်ကို ဘယ်လို ချိုးဖောက်လဲ

အချို့သော ဖြစ်လေ့ရှိသည့် ကြီးမားသည့် **ဖွံ့ဖြိုးရေး** စီမံကိန်းကြီးများ ၏ **အကျိုးဆက်များ**မှာ အစားအစာ စိုက်ပျိုးထုတ်လုပ်သည့် မြေယာများကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း၊ ရေလမ်းကြောင်းများကို ခမ်းခြောက်စေခြင်း သို့ဟုတ် ညစ်ညမ်းစေခြင်း တို့ဖြစ်ပေါ်သည်နှင့် လူထုအဖွဲ့အစည်းများ၏ အစားအသောက် ထုတ်လုပ်မှုကို အနှောင့်အယှက်ဖြစ်စေသည်။ ဤအကျိုးဆက်များ အားလုံးသည် ပြည်သူများ၏ အသက်မွေးမှု လုပ်ငန်းများ၊ နေအိမ်များ သို့မဟုတ် မြေယာများ စသည်တို့ ကို အကျိုးသက်ရောက်စေပြီး ၄င်းတို့၏ အစားအစာ ရရှိပိုင်ခွင့်ကို ချိုးဖောက်သည်။



**ဆည်တွေက ငါးဖမ်းလုပ်ငန်းတွေ ပျက်ဆီးစေတော့ ငတ်မွတ် စေတယ်။**



**သတ္တုတွင်းတွေကြောင့် လယ်မြေတွေ ပျက်စီးသွားတော့ ငတ်မွတ်စေတယ်။**

## ကျွန်ုပ်တို့၏ အစားအစာအတွက် အခွင့်အရေး ကိုကာကွယ်ဖို့ ဘေးကင်းလုံခြုံရေး မူဝါဒတွေကို ဘယ်လိုသုံးမလဲ

ADB မှရရှိနိုင်သော သတင်းအချက်အလက်များကို အသုံးပြု၍ လူထုအဖွဲ့အစည်း လှုပ်ရှားတက်ကြွသူများက **စီမံကိန်းလုပ်ငန်းခွင် လည်ပတ်မှု** (စာမျက်နှာ ၉၃ /တွင်ကြည့်) အဆင့်ဆင့်တွင် တစ်ဆင့်ခြင်းစီကို လေ့လာပြီး အစားအစာရရှိမှု နှင့် အသက်မွေးမှု လုပ်ငန်းများကို ထိခိုက်မှုရှိမရှိ ဆက်စပ်စဉ်းစား ရပါမယ်။ နောက်ပြီး ADB ရဲ့စီမံကိန်းတိုင်း အတွက်လည်း စီမံကိန်းကြောင့် လူတွေရဲ့ အစားအစာ ရရှိနိုင်မှုကို ဘယ်လို အကျိုးသက်ရောက်မှု ရှိမယ် ဆိုတာကို ဖော်ပြထားတဲ့ **သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်မှု** (စာမျက်နှာ ၄၉ /တွင်ကြည့်ပါ) ကိုပြုလုပ်ပေးရမှာပါ။

အကယ်၍ ADB က ငွေထောက်ပံ့ပေးထားတဲ့ စီမံကိန်းကနေ လူတွေကို သူတို့ရဲ့ အသက်မွေးလုပ်ငန်းတွေ သို့မဟုတ် သူတို့မှီခိုနေရတဲ့ သဘာဝ အရင်းအမြစ်တွေ ကို ပျောက်ဆုံးစေခဲ့မယ်ဆိုရင် **စီမံကိန်းဆောင်ရွက်သူ**က မရွှေ့ပြောင်းလိုဘဲ ပြောင်းရွှေ့ရမှု မူဝါဒကို အသုံးပြုရန် လိုအပ်ပါတယ်။ ADB ရဲ့ မရွှေ့ပြောင်းလိုဘဲ ပြောင်းရွှေ့ရမှု မူဝါဒက **ရုပ်ဝတ္ထုအလိုက် ရွှေ့ပြောင်းရမှု** နှင့် **ဖယ်ထုတ်ခံရမှု** ကိုသာမက လူတွေ ကို သူတို့ရဲ့ အသက်မွေးမှု လုပ်ငန်းတွေနဲ့ အခြေခံအရင်းအမြစ်တွေ ကို ပျောက်ဆုံးသွားစေခြင်းဖြစ်တဲ့ **စီးပွားရေးဆိုင်ရာ ရွှေ့ပြောင်းရမှု** ကိုပါ အကာအကွယ်ပေးပါတယ်။

အကယ်၍ သင့်မှာ ဒီ အကျိုးသက်ရောက်မှုတွေ ကို တွေ့ကြုံနေရတယ် သို့မဟုတ် တွေ့ကြုံမယ်လို့ ပူပန်နေရတယ် ဆိုရင် စီမံကိန်းဆောင်ရွက်သူကို **ပြန်လည်နေရာချထားရေး အစီအမံ**ကို ပြုလုပ်ဖို့ သင်တို့က တောင်းဆိုနိုင်ပါတယ်။ ဒီစာရွက်စာတမ်းတွေကို ဆိုးကျိုးကို ခံစားရမည့်သူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု နဲ့ သာ ရေးဆွဲပြင်ဆင် ပြီး ပုံဖော်ရမှာပါ။ ပြီးတော့ ဘယ်သူ့ကိုမှ **ပိုမို ဆင်းရဲဒုက္ခရောက်စေခြင်း** မရှိအောင် လူတွေရဲ့ အသက်မွေးလုပ်ငန်းတွေကို ဘယ်လို အကာအကွယ်ပေးမယ်၊ ပြန်ရယူပေးမယ်၊ ပိုမိုကောင်းမွန်စေမယ် ဆိုတာတွေကို သေချာရှင်းလင်းစွာ ပါဝင်ရပါမယ်။

### လူထုအဖွဲ့အစည်းအတွက် အကြံပြုချက်။ ။ အစားအစာ ရပိုင်ခွင့်အတွက် ကာကွယ်တိုက်ခိုက်ခြင်း

စီမံကိန်းတစ်ခုကို ရပ်တန့်ဖို့ သင်တို့ ညှိနှိုင်းစေ့စပ်ပြီး တောင်းဆိုကြတဲ့အခါ ပြည်သူတွေ သူတို့ရဲ့ အစားအစာ ရရှိစေတဲ့ အရင်းအမြစ်တွေကို ဘယ်လို ဆုံးရှုံးရမယ် ဆိုတာကို ပြပါ။ အကြောင်းမှာ အဲဒါက လူတွေကို ဘယ်လောက် အန္တရာယ်ဖြစ်စေလဲ ဆိုတာကို လူတိုင်းမြင်နိုင်ပါတယ်။ ဥပမာ - မဲခေါင်မြစ်ပေါ်က ကြီးမားတဲ့ ဆည်ကြီးတွေကို တားဆီးမယ့် လူထုလှုပ်ရှားတောင်းဆိုမှု တွေမှာ သုံးခဲ့တဲ့ ဆောင်ပုဒ်ဆိုရင် "မဲခေါင်ကို ကာကွယ်ပါ! ငါတို့မြစ်က သန်းပေါင်းများစွာကို အစာကျွေးထားတယ်"လို့ဖြစ်တယ်။ ဒါက အလွန်ကို ထိရောက်တဲ့ အကျိုးသက်ရောက်မှု ဖြစ်ခဲ့ပါတယ်။

လူထုအဖွဲ့အစည်းအခြေပြု သုတေသန (စာမျက်နှာ **၁၂၈** / တွင်ကြည့်ပါ) က ရွာသူရွာသားတွေ သူတို့ရဲ့ မြစ်ချောင်း တွေ နဲ့ မြေကြီးကနေ အစားအသောက်တွေ ဘယ်လောက် ရရှိနိုင်တယ်၊ သဘာဝနဲ့ လူထုအဖွဲ့အစည်း ရဲ့ ကြွယ်ဝမှု ကို စီမံကိန်းကို ဆက်လုပ်ခဲ့ရင် ဘယ်လို ပျောက်ဆုံးသွားစေမယ် ဆိုတာကို ပါဖော်ပြနိုင်ပါတယ်။

လယ်ယာစိုက်ပျိုးတဲ့ လူထုအတွက် မြေတွေ ဆုံးရှုံးရတာ လူတွေ ငတ်သွားတယ် လို့ အဓိပ္ပါယ်ဆောင်ပါတယ်။ ADB ရဲ့ ပြန်လည်နေရာချထားရေး မူဝါဒ (စာမျက်နှာ **၇၆ ,၇၇** တွင်ကြည့်ပါ) မှာ မြေကြီးကို အခြေခံပြီး လုပ်ကိုင် စားသောက်ကြရတဲ့ လူတွေအတွက် ပြန်လည်နေရာပေးတဲ့အခါမှာ ဘဏ်က မြေကြီးကိုပါ အစားပြန်ပေးဖို့ လိုအပ်ပါတယ်။ ဒီအချက်ကိုပါ ထည့်သွင်း တောင်းဆိုပြီး သူတို့ကို **တာဝန်ခံမှုရှိ** အောင် လုပ်ရမှာပါ။

တကယ်လို့ သင့်ရဲ့ အသက်မွေးမှု လုပ်ငန်း သို့မဟုတ် သင်မှီခိုနေတဲ့ အရင်းအမြစ် ကို ADB ရဲ့ စီမံကိန်းလုပ်ငန်း ကြောင့် ဆုံးရှုံးခဲ့ရရင် ADB နဲ့ စီမံကိန်းဆောင်ရွက်သူကို ပြန်လည်နေရာချထားရေး အစီအမံကို ပြင်ဆင်ပေးဖို့နဲ့ ပြင်ဆင်တဲ့အခါမှာ သင်တို့တွေ ပါဝင်ရေးဆွဲပုံစံချ ဖို့တောင်းဆိုပါ။




## ဖြစ်ရပ်။ ကိုယ်ပိုင် ဥယျာဉ် မှ ခြံထွက် လက်ဆောင်များ ပေးခြင်း ဖြင့် ကန့်ကွက်ဆန္ဒပြခြင်း

အိန္ဒိယနိုင်ငံ မန်ဂလိုးမြို့ကြီး ရဲ့ အပြင်က စိုက်ပျိုးရေးလုပ်ငန်း လုပ်ကြတဲ့ နေရာမှာ အစိုးရက ရေဆိုးသန့်စင်တဲ့ စက်ရုံ၊ ရေနံနဲ့ ဓာတုဗေဒပစ္စည်း စက်ရုံ နှင့် အခြား ကြီးမားတဲ့ စက်ရုံအလုပ်ရုံတွေ ပါ ဆောက်လုပ်မယ့် အလွန်ကြီးမားတဲ့ "အထူးစီးပွားရေး ဇုံ" (SEZ) တစ်ခုကို ပြုလုပ်ချင်ပါတယ်။ သို့သော်လည်း အဲဒီနေရာက လယ်သမားရွာတွေမှာ နေထိုင်ကြတဲ့ လူတွေက သူတို့ရဲ့ လှပပြီး နေချင့်စဖွယ်ကောင်းတဲ့ နေအိမ်တွေ၊ လယ်ယာတွေ၊ သစ်တောတွေ နဲ့ ဘုရားရှိခိုးကျောင်းတွေကို စက်ရုံတွေရဲ့ အမှိုက်ပုံကြီး အဖြစ် မပြောင်းလဲလိုကြ ပါဘူး။

အိန္ဒိယနိုင်ငံရဲ့ ဥပဒေမှာ အထူးစီးပွားရေးဇုံတွေကို ဖုန်းဆိုးမြေ(စိုက်ပျိုးလို့ မရတဲ့မြေပလပ်မြေ) မှာသာ ပြုလုပ်ခွင့်ရှိတယ်၊ စပါးစိုက်လယ်တွေ၊ ယာခင်းတွေ၊ သစ်တောတွေ၊ ရေကန်တွေ၊ မြစ်ချောင်းတွေ၊ ရေတွင်းတွေ ရှိတဲ့နေရာ သို့မဟုတ် အထွက်ကောင်းတဲ့ ဥယျာဉ်ခြံတွေ ရှိတဲ့နေရာတွေမှာ ပြုလုပ်လို့မရဘူး ဆိုတာပါရှိတယ်။ ဒီနေရာက မန်ဂလိုးတစ်ခုလုံးရဲ့ အထွက်အကောင်းဆုံး စိုက်ပျိုးမြေတွေထဲက တစ်ခုပေမယ့် လာဘ်စားတဲ့ အစိုးရဝန်ထမ်းတွေ က အဲဒီနေရာကို ဖုန်းဆိုးမြေ လို့ ကြေငြာလိုက်ပါတယ်။

ဒေသခံရွာသူရွာသားတွေ က အစိုးရနဲ့ သတင်းဌာနတွေကို ဒီနေရာဟာ ဖုန်းဆိုးမြေမဟုတ်ကြောင်းကို ပြောခဲ့ ပေမယ့် ဘယ်သူမှ နားမထောင်ခဲ့ကြပါဘူး။နောက်ဆုံးမှာ သူတို့ဟာ ဖုန်းဆိုးမြေပေါ်မှာ နေတာ မဟုတ်ကြောင်း၊ ဒါကြောင့် အထူးစီးပွားရေးဇုံ ပြုလုပ်ဖို့ လက်ခံလိုက်ခြင်းဟာ တရားမဝင်ကြောင်း ပြသဖို့ အစီအစဉ် တစ်ခု ဆွဲလိုက်ကြတယ်။ သူတို့ရဲ့ အစီအမံက အစိုးရ အဖွဲ့ရော မန်ဂလောမြို့မှာ ရှိနေကြတဲ့ မြို့ကြီးက အိမ်နီးနားချင်း တွေထဲမှာပါ သူတို့နဲ့ မိတ်ဆွေများ နှင့် **အကျိုးတူမဟာမိတ်များ**တိုးပွား ရရှိလာစေဖို့ ပုံစံတည်ဆောက် ထားပါတယ်။

ရွာသူရွာသားတွေက ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒပြကြဖို့ စုဝေးလုပ်ဆောင်ကြပါတယ်။ လူတိုင်းမှာ သူတို့ခြံ သို့မဟုတ် လယ်ထဲ ကထွက်တဲ့ သီးနှံတွေ၊ ပန်းတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ဆန်စပါး နှင့် အခြားပစ္စည်းတွေကို လက်ဆောင်တွေ အဖြစ် လက်မှာ ကိုင်ဆောင်လာပြီး ပါဝင်လမ်းလျှောက်ကြမှာပါ။ ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြကြတဲ့ လူပ်ရှားမှုကိုလည်း သူတို့ရဲ့ လယ်မြေတွေရဲ့ အထွက်ကောင်းမှု ကို လှပစွာဖော်ထုတ်တင်ပြကြတာပါ။ ပြီးတော့ မန်ဂလိုးမြို့ကြီးမှာ ရှိတဲ့ အစိုးရရုံးဆီကို လမ်းလျှောက်ချီတက်ကြပြီး မြေတွေကို ဖုန်းဆိုးမြေလို့ သတ်မှတ်မှု မှာ တာဝန်ရှိတဲ့ အစိုးရအရာရှိရဲ့ စားပွဲပေါ်မှာ လက်ဆောင်တွေကို ထားခဲ့မှာပါ။

သူတို့ လမ်းလျှောက်ဆန္ဒပြမှုကို မပြုလုပ်ခင်မှာ မန်ဂလိုးမှာ ရှိတဲ့ သတင်းစာဆရာတွေ၊ သတင်းထောက်တွေ နဲ့ သတင်းဌာနစိတ်တွေကို တောင်းဆိုဖိတ်ခေါ် ခဲ့ကြတယ်။ သူတို့က ချီတက်ဆန္ဒပြမှုမှာ သတင်းဌာနစိတ် အားလုံးကို ဖိတ်ခေါ်ပြီး သတင်းထောက်တွေကိုလည်း သူတို့က အခြားစာစောင်တွေကိုပါ ဖိတ်ခေါ်ထားကြောင်း ပြောပြပါတယ်။ သတင်းဌာနစိတ်တိုင်းကိုလည်း "မင်္ဂလာပါ၊ မနက်ဖြန် ကျွန်တော်/ကျွန်မ တို့ရဲ့ ချီတက်ပွဲကို လာမှာပါလား၊ ဒီဆန်ဟားလ်ဒ် (Deccan Herald) နဲ့ အခြားဦးဆောင် သတင်းထောက်များကိုလည်း ဖိတ်ထားပါတယ်၊ သူတို့လည်းလာကြမှာပါ" လို့ပြောထားပါတယ်။ အဲဒါက သတင်းထောက်တွေ၊ ဌာနစိတ်တွေ အကြားမှာ ပြိုင်ဆိုင်မှုကို ဖန်တီးပေးပြီး သတင်းစာတိုင်းက သူတို့ရဲ့ သတင်းထောက်တွေကို သေသေချာချာ ပို့ကြပါတယ်။

ချီတက်ဆန္ဒပြခဲ့တာ အောင်မြင်ခဲ့ပါတယ်။ သတင်းမီဒီယာက သူတို့ရဲ့ မြေကထွက်တဲ့ ခြံထွက် လက်ဆောင်တွေ ကို သယ်ဆောင်လာတဲ့ ချီတက်ဆန္ဒပြသူတွေ နဲ့ ပန်းတွေ၊ သစ်သီးတွေ နဲ့ ဟင်းသီးဟင်းရွက်တွေ တစ်ပုံကြီး ဖြစ်နေတဲ့ အစိုးရ အရာရှိတွေ ရဲ့ ပုံတွေကို ဓါတ်ပုံအမြောက်အမြား ရိုက်ယူခဲ့ပါတယ်။ တစ်ဦးတစ်ယောက်မျှ အဖမ်းမခံရခဲ့ဘူး၊ ချီတက်ဆန္ဒပြမှု က ရုပ်ပုံတွေကို တစ်နိုင်ငံလုံးမှာ ရှိတဲ့ သတင်းစာတွေမှာ ရိုက်နှိပ်ဖော်ပြခံခဲ့ ရပါတယ်။

လုပ်ရှားမှုက ငြိမ်းချမ်းပြီး ရွာသားတွေရဲ့ ပျော်ရွှင်မှုနဲ့ ရက်ရောမှုတွေ အပါအဝင် သူတို့ မြေတွေရဲ့ ကြွယ်ဝမှု တွေကိုပါ ပြသခဲ့ပါတယ်။ဒီဖြစ်စဉ်ဟာ သူတို့ရဲ့ဆန့်ကျင်လှုပ်ရှားမှုကြီးကို ပိုမိုအားကောင်းလာစေသည့်အပြင် မြို့ကြီးက လူတွေက ဒီမြေကြီးရဲ့ ကြွယ်ဝမှုတွေကို မြင်ကြရတဲ့အခါ သူတို့ရဲ့ အတွေးမှာ "ဒီနိုင်ငံရဲ့ ဒီနေရာဒေသမှာ ရှိနေတဲ့ ကြွယ်ဝမှုတွေကို ငါတို့ထိမ်းသိမ်းရမယ်!" လို့ဖြစ်လာပါတယ်။




## ဒီဖြစ်ရပ်ကနေ ဘာတွေကို လေ့လာသိရှိရလဲ

အကြမ်းမဖက်တဲ့ နည်းလမ်း၊ လှုပမှုနဲ့ တီထွင်ဖန်တီးမှုတွေကို ကျွန်ုပ်တို့ရဲ့ လှုပ်ရှားမှုမှာ အသုံးပြုပြီဆိုရင် လူတွေဆီက ထောက်ခံအားပေးမှုတွေ တည်ဆောက်ရရှိပြီး အမြဲလိုဘဲ ဆုံးဖြတ်ချက်ပြုချတဲ့ သူတွေရဲ့ စိတ်ကိုလည်း ပြောင်းလဲစေတယ်။ ဒီလှုပ်ရှားမှုက ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ ဆန့်ကျင်တိုက်ခိုက် နေတဲ့ အကြောင်းချည်းဘဲ ရိုးရိုးသာမန် ရှေ့တန်းတင်ထားတာမျိုး မလုပ်ဘဲ ကျွန်ုပ်တို့က ကာကွယ်ဖို့ အတွက် တိုက်ခိုက်နေရတဲ့ အရာတွေရဲ့ ကောင်းမွန်ကြွယ်ဝမှု တွေကိုသာ ရှေ့တန်းတင်ထားရင် ဘယ်လောက် စွမ်းအားရှိတယ်ဆိုတာကို သတိရစေပါတယ်။ ဒီလိုနည်းနဲ့ လူတွေက ကမ္ဘာမြေကြီးပေါ်က ဇီဝသက်ရှိတွေရဲ့ ကြွယ်ဝမှုတွေကို ကာကွယ်ပေးဖို့ ကျွန်ုပ်တို့တွေရဲ့ ကျိုးစားမှုမှာ လက်တွဲဖို့ စိတ်အားတက်ကြွစွာ ပါလာကြမှာပါ။

## သင့်တော်မျှတသော အိမ်ယာပိုင်ဆိုင်ခွင့်

အိမ်ယာတည်ထောင်နေထိုင်ခြင်းဖြင့် အမိုးအကာအောက်မှာလုံလုံခြုံခြုံ နေနိုင်မှု၊မိသားစုနဲ့ အတူမျှဝေနေနိုင်မှု ၊ ပတ်ဝန်းကျင်မှ အနှောင့်အယှက်ကင်းမှု နဲ့ ကိုယ်ရဲ့ လုပ်ရည်ကိုင်ရည်ကိုသုံးပြီး ဘဝ တခု တည်ဆောက်ဖို့ အခြေခံကျတဲ့ နေရာတခု အဖြစ် ပံ့ပိုး ကူညီ ပေးနိုင်ပါတယ်။ နိုင်ငံတကာလူ့အခွင့်အရေး ကြေငြာစာတမ်းက မှာ ပြောထားတာကတော့

"လူတိုင်းမှာ ၄င်းတို့အတွက်၊ မိသားစုအတွက် အစားအစာ၊ အဝတ်အထည်၊ နေရာအိမ် နှင့် ဆေးဝါးကုသမှု နှင့် လိုအပ်သော လူမှုရေး ဝန်ဆောင်မှုများ အပါအဝင်ကျန်းမာစွာနေထိုင်ရေး နှင့် ကောင်းမွန်စွာအသက်ရှင်ရေး တို့အတွက် လုံလောက်သော နေထိုင်မှု အဆင့်အတန်း အတွက် အခွင့်အရေး ရှိသည်။ ထို့အပြင် အလုပ်အကိုင် မရှိသောအခါတွင်၊ မကျန်းမာသောအခါတွင်၊ မသန်စွမ်းသောအခါတွင်၊ အိမ်ထောင်ဖက်သေဆုံးသောအခါတွင်၊ အသက်ကြီးရင့်သောအခါ သို့မဟုတ် အခြား သူ့ဘာသာ ထိန်းချုပ်၍ မရသော အသက်မွေးဝမ်းကျောင်းမှု မရှိသည့် အချိန်များတွင်လုံခြုံစွာရှိနေခွင့် ရှိသည်။"

**စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်း များ** (စာမျက်နှာ **၁၈၉** /တွင်ကြည့်ပါ) တွင်လည်း သင့်တင့်လျောက်ပတ်သော အိမ်ယာပိုင်ဆိုင်ခွင့် အခွင့်အရေးကို အသိအမှတ်ပြုထားပါသည်။

နိုင်ငံတကာဥပဒေက **သင့်တင့်မျှတသော အိမ်ရာနေထိုင်မှု** အတွက် အသိအမှတ်ပြု ထားသည်မှာ အမိုးနှင့်အကာ ဆိုသည်ထက် ပိုမိုပါသည်။ လုံလောက်သော အိမ်နေထိုင်မှု အခွင့်အရေး အတွက် ပါဝင်သည့် အကြောင်းအရာများမှာ -



**အိမ်သည် လုံလောက်သော အကျယ်အဝန်း၊ သီးသန့်လုံခြုံမှု နှင့် အကာအကွယ်တို့ ရှိရမည်။**



**အိမ်နေထိုင်မှုအတွက် ကုန်ကျစားရိတ် အလွန်အမင်း ဈေးကြီးမြင့်မှု မဖြစ်စေရ။**



**အင်အားသုံး နေရာမှ ဖယ်ရှားခံရခြင်းမှ ဆန့်ကျင် ကာကွယ်နိုင်ရန် လူတိုင်း မြေယာပိုင်ဆိုင်မှု အတွက် လုံခြုံမှု ရှိစေရမည်။**



**အိမ်ယာ တည်ဆောက် နေထိုင်မှုကို တိုင်းရင်းသားလူမျိုး ဖြစ်မှု သို့မဟုတ် အခြား မည်သည့်အကြောင်း ကြောင့်မျှ ခွဲခြားနှိမ့်ချခြင်း မပြုရ။**



**အိမ်သည် အခြေခံ ဝန်ဆောင်မှုများကို ရရှိနိုင်မှု ရှိရမည်။**



**အိမ်သည် သင့်တော်သော နေရာဒေသတွင် တည်ရှိရမည်။**



**အိမ်ကို လူများ၏ ရိုးရာဓလေ့ထုံးစံ နှင့် ယဉ်ကျေးမှု ကို လေးစားလိုက်နာသည့် ပုံစံ နှင့် နည်းလမ်း တို့ဖြင့် တည်ဆောက်ထား ရမည်။**

**အရွယ်အစား ကြီးမားသော ဖွံ့ဖြိုးရေး လုပ်ငန်းများ** ၏ အဆိုးရွားဆုံး **အကျိုးဆက်မှာ အဓမ္မ နေရာရွှေ့ပြောင်းမှု** ဖြစ်တယ်။ အဲဒါက စီမံကိန်းတွေကို လုပ်ဖို့ နေရာ ရဖို့အတွက် လူတွေကို သူတို့ရဲ့ နေအိမ်တွေကနေ ထွက်သွားဖို့ ဖယ်ထုတ်လိုက်တဲ့ အခါမှာ ဖြစ်တယ်။ ကမ္ဘာတစ်ဝန်းလုံးရှိ လူအများအပြားဟာ ဒီ အဓမ္မ နေရာရွှေ့ပြောင်းမှုကြောင့် **ပိုမိုဆင်းရဲဒုက္ခရောက်ကြ**တယ်။

တခါတရံမှာ ဆိုရင် စီမံကိန်း လုပ်ဖို့အတွက် ပြည်သူတွေဟာ သူတို့ရဲ့ နေအိမ်တွေ သို့မဟုတ် မြေတွေ ကနေ တိုက်ရိုက် နှင်ထုတ်တာကို ခံကြရတယ်။ အချို့ဖြစ်ရပ်တွေမှာ ဆိုရင် ညစ်ညမ်းမှုတွေ နှင့် စီမံကိန်းရဲ့ ဆိုးကျိုးတွေက ဆိုးရွားလွန်းတော့ ပြည်သူတွေက အသက်ရှင်ဖို့အတွက် သူတို့ရဲ့ အိမ်တွေ နဲ့ မြေယာတွေကနေ ထွက်ခွာကြရတယ်။ အဲဒီလို ဖယ်ထုတ်ခံရတာ နှစ်မျိုးလုံးက အိမ်ယာပိုင်ဆိုင်မှု အခွင့်အရေးကို ချိုးဖောက် ခံရတာပါ။



ပြည်သူတွေက သူတို့ရဲ့ နေအိမ်တွေကို ဆုံးရှုံးတဲ့အခါမှာ -

- သစ်တောတွေ ကို ထင်းစုဆောင်းဖို့၊ တိရစ္ဆာန်တွေကို ကျောင်းဖို့ နဲ့ ဆေးဝါးတွေ ရရှိဖို့ အသုံးပြုတာ၊ မြစ်တွေကို ငါးဖမ်းဖို့ သုံးတာ စတဲ့ သယံဇာတတွေကို အသုံးပြုနိုင်မှု၊
- ကျောင်း နဲ့ ကျန်းမာရေးဆေးပေးခန်း တွေ စတဲ့ ဝန်ဆောင်မှုတွေကို အသုံးပြုနိုင်ခွင့်
- အစားအစာ နဲ့ အသက်မွေးလုပ်ငန်းတွေ အတွက် မှီခိုနေရတဲ့ မြေစတာတွေကိုပါ ဆုံးရှုံးတတ်ပါတယ်။

အဓမ္မနေရာရွှေ့ပြောင်းမှု သည် သီးခြားစီကွဲထွက်သွားခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်း နှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံ နှင့် ပါတ်သက်သော အသိပညာဗဟုသုတများကို ဆုံးရှုံးရခြင်း နှင့် ထူးခြားသည့် ကိုယ်ပိုင် အမှတ် သင်္ကေတ များ ဆုံးရှုံးရခြင်းတို့ကို ဖြစ်စေသောကြောင့် လူထုအဖွဲ့အစည်းများ နှင့် လူမှုရေး အထောက်ပံ့ကောင်းများ ကို ပြိုကွဲ ကြေမွ စေတတ်သည်။

သင့်တင့်လျောက်ပတ်သော အိမ်ရာနေထိုင်မှု အခွင့်အရေးကို ချိုးဖောက်ခံရပါက အခြားအခွင့်အရေးများကို ချိုးဖောက်ခံရခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။ ဥပမာ - အိမ် သို့မဟုတ် မြေ မရှိသော လူများမှာ အလွန်အမင်း ဆင်းရဲမွဲတေမှု၊ အရည်အသွေး ကျဆင်းနေသော ပြန်လည် ကုစားပေးခြင်း၊ အမြတ်ထုတ်ခံရခြင်း နှင့် အခြေအနေကြောင့် အထင်အမြင်လွဲမှား ဖမ်းဆီးခံကြရခြင်း များကို ကြုံတွေ့ကြရလေ့ ရှိသည်။





**ဖြစ်ရပ်။ ကမ္ဘောဒီးယားနိုင်ငံရှိ အမှတ်(၁) အဝေးပြေး လမ်းမကြီး ကြောင့် ပြည်သူများ ပိုမိုဆင်းရဲစေခြင်း**

၁၉၉၈ ခုနှစ်က အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ မြို့တော် ဖနွမ်းပင် နှင့် ဗီယက်နမ် နယ်စပ်ကို ဆက်စပ် ပြီး ကားလမ်းဖောက်ရန် ကမ္ဘောဒီးယားအစိုးရကို အမေရိကန်ဒေါ်လာ သန်း ၄၀ ချေးခဲ့သည်။ အမှတ် (၁) အဝေးပြေး လမ်းမကြီးဟု ADB က ခေါ်သော ထိုလမ်းမကြီးကို ဗီယက်နမ်နှင့် ဖနွမ်းပင် တို့ကို ကူးသန်းသွားလာကြသော ပြည်သူများ ပိုမို၍ လွယ်ကူ၊ ဈေးနှုန်းသက်သာ၊ မြန်ဆန်ပြီး အန္တရာယ်ကင်းစေရန် ဟုပြောခဲ့သည်။ ၄င်းတို့က အဝေးပြေးလမ်းမကြီး တစ်လျှောက်တွင် ရှိနေကြသော လူထုအဖွဲ့အစည်းသို့ စီးပွားရေးလုပ်ငန်းများ ပိုမိုရောက်ရှိ လာမည် ဟု ၄င်းတို့ဘက်က ပြောခဲ့သည်။ ကုန်သွယ်ရေးကို ပိုမိုတိုးတက်စေမည် ဖြစ်သောကြောင့် နိုင်ငံအတွက် ကောင်းသည်ဟုလည်း ပြောခဲ့ကြသည်။

ဒေသခံပြည်သူများက အမှတ် (၁) အဝေးပြေးလမ်းမကြီးကို တည်ဆောက်ရန် လိုလားကြသည်။ သူတို့က ပိုမိုလုံခြုံအန္တရာယ်ကင်းမှု၊ ခရီးသွားရာတွင် မြန်ဆန်မှု တို့ရှိခြင်းမှာ ကောင်းမည်၊ ကုန်သွယ်ရေး နှင့် စီးပွားရေးတို့အတွက် ပိုမိုအခွင့်အလမ်းများ ရရှိမည် ဟုလည်း တွေးထင်ခဲ့ကြသည်။ သို့သော်  လမ်းတည်ဆောက်မှု စတင်ပြီးသောအခါတွင်မှ အမြန်လမ်းမကြီးကို လူတိုင်းအတွက် ကောင်းမည့် နည်းလမ်းဖြင့် တည်ဆောက်ခြင်းမဟုတ်ကြောင်း ပေါ်ထွက်လာခဲ့သည်။

အမြန်လမ်းမကြီးအတွက် မြေနေရာများစွာ လိုအပ်သောကြောင့် ကမ္ဘောဒီးယားလူမျိုး ရွာသား (၆၀၀၀) ခန့် ၄င်းတို့၏ နေအိမ်နှင့် စိုက်ပျိုးမြေများမှ ရွှေ့ပြောင်းပေးခဲ့ကြရသည်။ သူတို့မှာ အိမ်ယာမဲ့၊ မြေယာမဲ့ များ ဖြစ်လာ ခဲ့ကြသည်။ ၄င်းတို့မှာ လယ်သမားများ ဖြစ်သောကြောင့် မြေယာများဆုံးရှုံးသွား သည်မှာ ၄င်းတို့၏ အသက်မွေးမှု လုပ်ငန်းများကို ဆုံးရှုံးရခြင်းပင် ဖြစ်သည်။ အခြေအနေကို ပိုမို၍ ဆိုးရွားစေသည်မှာ ဘဝကို ပြန်လည် အစပြုရန် အတွက် စီမံကိန်းက ၄င်းတို့ကို နေစရာ နေရာအသစ်ပြန်ပေးခြင်း (**ပြန်လည်နေရာချပေးခြင်း**)၊ ၄င်းတို့၏ အသက်မွေးမှု လုပ်ငန်းများကို ပြန်လည် ပေးအပ်ခြင်း (**ပြန်လည်ထူထောင်ပေးခြင်း**)၊ သို့မဟုတ် ၄င်းတို့ကို ငွေပေးခြင်း (**လျော်ကြေးပေးခြင်း**) မရှိခဲ့ခြင်းပင်။

အသက် ရှင်သန်နိုင် ရေးအတွက် လယ်သမားအများစုမှာ ငွေများချေးငှားယူခဲ့ကြရသည်။ သို့သော် ငွေများမှာ **အတိုး**နှုန်းများစွာ ဖြင့် ချေးယူခဲ့ကြခြင်းဖြစ်သည်။ ၄င်းတို့မှာ ပြန်လည်မပေးဆပ်နိုင်သော **ကြွေးမြီ**များဖြင့် အဆုံးသတ် ကြရသည်။

အချို့ ဒေသခံပြည်သူများက စီမံကိန်းကြောင့် ၄င်းတို့ ပျက်စီးဆုံးရှုံးခဲ့ရသော အိမ်ယာများ အတွက် နစ်နာကြေး ပေးရန် တောင်းဆိုမှုများ စုပေါင်းဆောင်ရွက်လာကြသည်။ ဒေသခံလူထုအဖွဲ့အစည်းဝင်များ သည် ADB အကြောင်းကို လေ့လာကြပြီး **ကန့်ကွက်တောင်းဆိုမှု**များကို စုဆောင်း တင်ပြခဲ့ကြသည်။ ထို့ကြောင့် ADB ကို စုံစမ်းစစ်ဆေးရန် တိုက်တွန်းခဲ့သည်။ ပြီးနောက် လျော်ကြေးငွေများပေးအပ်ရန် ကမ္ဘောဒီးယားအစိုးရကို ဖိအားပေးတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ယခုကာလအထိ လူတိုင်း လျော်ကြေးမရကြ သေးပေ။ လူအမြောက်အမြားမှာ ယခင်ကထက် ပိုမို ဆင်းရဲသွားကြသည်။

ယနေ့တွက်အကယ်၍ ဗီယက်နမ် နှင့် ဖနွမ်းပင်ကို အမှတ်(၁) အဝေးပြေးလမ်းမကြီးဖြင့် သင်သွားမည် ဆိုပါက ယခင်လမ်းအဟောင်းထက် များစွာ ကောင်းမွန်အောင်ပြုပြင် ထားသည်ဟု သင်ခံစားရနိုင်ပါသည်။ သို့သော်လည်း ဤလမ်းကို ဖောက်လုပ်ဖို့ ထောင်ပေါင်းများစွာသော လယ်သမားများမှာ ၄င်းတို့၏ လယ်ယာမြေများကို ဆုံးရှုံးခဲ့ကြသည်။

## ဒီဖြစ်ရပ်မှ ဘာတွေ လေ့လာသင်ယူနိုင်လဲ

လူပေါင်းများစွာကို ပိုမိုဆင်းရဲစေခဲ့ပြီး ၄င်းတို့၏ အသက်မွေးမှု လုပ်ငန်းများ နှင့် နေအိမ်များကို ထိခိုက် ပျက်စီးစေသော စီမံကိန်းကို ခွင့်ပြုခဲ့ခြင်းအားဖြင့် အမှတ် (၁) အဝေးပြေးလမ်းကြီးသည် စီမံကိန်းဧရိယာအတွင်း ပါဝင်မည့်သူများကိုဘေးမဖြစ်စေရန် ရည်ရွယ်ရေးဆွဲထားသည့် ဘေးကင်းလုံခြုံရေး မူဝါဒများ နှင့် လိုက်လျောညီထွေ မှု မရှိခဲ့ပေ။ တကယ့်လက်တွေ့ တွင် လူပေါင်းများစွာကို ပိုမိုဆင်းရဲစေခဲ့သောကြောင့် အမှတ်(၁) အဝေးပြေး လမ်းမ စီမံကိန်းကြီးသည် သည် ADB ၏ "ဆင်းရဲမွဲတေမှုလျော့ချရေး" ရည်မှန်းချက် ကို အောင်မြင်အောင် မလုပ်နိုင်ခဲ့ပေ။



## ဆွေးနွေးရန် မေးခွန်းများ

↳ အမှတ်(၂) အဝေးပြေးလမ်းမကြီး စီမံကိန်းက ဘယ်အခွင့်အရေးတွေကို ချိုးဖောက်လဲ။

↳ ADB ရဲ့ သဘောဆန္ဒမပါဘဲ ပြန်လည် နေရာချထားမှု မူဝါဒကို ဒီ ပြဿနာမှာ ဘယ်လိုချိုးဖောက်ထားလဲ။

↳ အကယ်၍ နေရာရွှေ့ပြောင်းခံရသော ပြည်သူများက အမြန်လမ်းမကြီး စီမံကိန်းက ၎င်းတို့၏ မြေယာများ၊ နေအိမ်များ ကို ဆုံးရှုံးစေမည်ကို ကြိုတင်သိရှိခဲ့ပါက ၎င်းကို တားဆီးရန် သူတို့ ဘာတွေ လုပ်နိုင်လဲ။

↳ အကယ်၍ ADB က **လူ့အခွင့်အရေး**ကို စီးပွားရေးဖွံ့ဖြိုးမှု နှင့် ထပ်တူ အရေးကြီးသည်ဟု ခံယူပါက ဤအမြန်လမ်းမကြီး စီမံကိန်းမှာ ယခုနှင့် ဘယ်လိုကွာခြားသွားမလဲ။

ပြည်သူတွေကို တရားနည်းလမ်းတကျ ဖယ်မထုတ်လိုက်ပေမယ့် သူတို့မှာလည်း သူတို့ရဲ့ သင့်တင့်လျောက်ပတ်သော အိမ်ယာနေထိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်ခံရမှုတွေ ခံစားရလေ့ရှိပါတယ်။ ADB က ငွေကြေး ထောက်ပံ့ပေးထားတဲ့ စီမံကိန်းတစ်ခုရဲ့ အကျိုးဆက်က လူတွေကို သူတို့ရဲ့ အသက်မွေးမှုလုပ်ငန်းတွေ နဲ့ သူတို့ မှီခိုနေရတဲ့ သယံဇာတ အရင်းအမြစ်တွေကို ဆုံးရှုံးစေမယ်ဆိုရင် စီမံကိန်းကို အကောင်အထည်ဖော်တဲ့သူက မရွှေ့ပြောင်းချင်ဘဲ နေရာရွှေ့ပြောင်းရမှု မူဝါဒတွေကို အသုံးပြုဖို့ လိုအပ်ပါတယ်။

အဓိပ္ပါယ်က စီမံကိန်းကို အကောင်အထည်ဖော်တဲ့သူက ပြန်လည်နေရာချထားရေး အစီအမံတွေကို ဆိုးကျိုးခံ ပြည်သူတွေနဲ့ အတူတူ သူတို့ရဲ့ အသက်မွေးလုပ်ငန်းတွေကို ကာကွယ်ဖို့၊ ပြန်လည်ကောင်းမွန်ဖို့ နဲ့ ပိုမို ကောင်းမွန်တိုးတက်စေဖို့ ပြုလုပ်ပေးရမှာပါ။

## မပြောင်းရွှေ့လိုဘဲ ရွှေ့ပြောင်းကြရခြင်း၊ ဖိအားပေး နေရာမှ ဖယ်ထုတ်ခံရခြင်း နှင့် ပိုမိုဆင်းရဲစေခြင်း

လူများကို နေရာမှာ အင်အားသုံး ဖယ်ထုတ်ခံရသောအခါတွင် အများဆုံးတွေ့ရသော ဖြစ်လေ့ရှိသည့် မတရားမှုမှာ ထိုသူများ ပိုမိုဆင်းရဲသွားကြခြင်းပင် ဖြစ်သည်။ ကော်ပိုရေးရှင်းများ နှင့် အစိုးရအဖွဲ့အစည်းများက အိမ်အသစ်များ၊ အသက်မွေးမှု လုပ်ငန်းများအတွက် အထောက်အပံ့များ နှင့် အခြားအကူအညီများ အပါအဝင် ပြန်လည်ထူထောင်ရေး နှင့် နစ်နာကြေးများကို လူတိုင်း ရရှိကြမည်ဟု ကတိကဝတ်များ ပေးလေ့ရှိကြသည်။ သို့သော်လည်း ထိုကတိကဝတ်များကို မစောင့်ထိန်းကြပါ။

ပြဿနာပေါင်းများစွာတွင် ပြည်သူများမှာ လျော်ကြေးမရခြင်း သို့မဟုတ် အနည်းငယ်သော လျော်ကြေးကိုသာ ရရှိခြင်းများ ဖြစ်လေ့ရှိကြပါသည်။ တခါတရံတွင် နစ်နာကြေးပေးရန် နှင့် ပြန်လည်ထူထောင်ရေး ပြုလုပ်ပေးရန် တာဝန်ရှိကြသော အဖွဲ့အစည်းများသည် ကတိကဝတ် ပြုထားသည့်အတိုင်း နေအိမ်အသစ်များ ပြန်ဆောက်ပေး ရန် အလွယ်တကူပျက်ကွက် တတ်ကြပါသည်။ မကြာခဏဖြစ်လေ့ ရှိသည်မှာ ပြန်လည်နေရာချထားပေးသော နေရာများသည် ညံ့ဖျင်းစွာ တည်ဆောက်ထားသော၊ လူထုအဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့် သင့်တော်မှု မရှိသော၊ ထို့အပြင် ရေစီးရေလာကောင်းသောနေရာနှင့် ဝေးသော၊ လျှပ်စစ်မီး၊ ကျောင်း၊ အလုပ် စသည်တို့နှင့် ဝေးသော နေရာများ ဖြစ်ကြသည်။

ကြီးမားသော စီမံကိန်းကြီးများ ကို စီစဉ်ရန်၊ လက်ခံအတည်ပြုရန် နှင့် တည်ဆောက်ရန် အချိန်များစွာ ကြာလေ့ ရှိကြသည်။ တခါတရံတွင် နှစ်ပေါင်း (၁၀) နှစ်၊ အနှစ် (၂၀) ကြာလေ့ ရှိကြသည်။ အများအားဖြင့်လည်း ပြန်လည် ထူထောင်ရေး အစီအမံကို စီမံကိန်း အစပိုင်းတွင် ပြုလုပ်ထားလေ့ ရှိပြီး နောင်နှစ်များစွာ ကြာသည့်တိုင် လူများကို ပြန်လည် နေရာချထားပေးခြင်း မရှိတတ်ချေ။ တစ်ချိန်တည်းမှာပင် ကလေးများမှာ အရွယ်ရောက် လာကြပြီး ၎င်းတို့၏ မျိုးဆက်များကိုပင် မွေးဖွားသွားပြီးတတ်ကြပြီး ပြန်လည်ထူထောင်ရေး နှင့် နစ်နာကြေး ပေးရန် အစီအစဉ်များမှာ ၎င်းတို့၏ လိုအပ်ချက်များ နှင့် ကိုက်ညီမှု မရှိတော့ပေ။



## *ဆန္ဒမပါဘဲ နေရာရွှေ့ပြောင်းမှု ကို ADB ဘာပြောလဲ*



စီမံကိန်းတစ်ခုကြောင့် ပြည်သူတွေကို အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းမယ်ဆိုရင် ADB ရဲ့ လုံခြုံရေးမူဝါဒတွေက သူတို့ကို ထိခိုက်ဆုံးရှုံးမှု လျော့ကျစေဖို့အတွက် အဲဒီလူတွေနဲ့ တွေ့ဆုံဆွေးနွေးရမယ်။ ပြီးတော့ သူတို့ကို **ပြန်လည်နေရာချထား**ပေး (အိမ်ရာအဆောက်အဦသစ်တွေပေး) ရမယ်။ ဒါက ဆိုးကျိုးခံစားရမယ့် သူအားလုံး ကို ပြန်လည်နေရာချထားမှုက အမြဲ သို့မဟုတ် ယာယီ ဆိုတာတွေ၊ ရုပ်ပိုင်းအရ သို့မဟုတ် စီးပွားရေးဆိုင်ရာ စတာတွေကို မကြည့်ဘဲ အတူတူထား လုပ်ဆောင်ပေးရမှာပါ။

## *လူထုအဖွဲ့အစည်းတွေ ရဲ့ အတွေ့အကြုံ*



များစွာသော လူထုအဖွဲ့အစည်းများမှာ ၎င်းတို့၏ ဆန္ဒနှင့် ဆန့်ကျင်၍ နေရာရွှေ့ပြောင်း ခဲ့ကြရတယ်။ နောက်ပြီး ADB က နစ်နာကြေးပေးဖို့ ကတိပေးခဲ့ကြပေမယ့် လူထုအဖွဲ့အစည်းတွေမှာ အဲဒီငွေကို လုံးဝ ဘယ်တော့မှ မရရှိကြတဲ့ ပြဿနာတွေက အများကြီးပါ။ လူတွေအများကြီးကို သူတို့ ဘယ်နေရာမှာ ပြန်အခြေချရမယ်၊ သူတို့ရဲက အသက်မွေးလုပ်ငန်းတွေကို ဆုံးရှုံးရမှာလား၊ အဲဒီနေရာမှာ သူတို့ရဲ့ ကလေးတွေအတွက် ကျောင်းရှိမရှိ၊ သူတို့ နေရာသစ်မှာ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြတဲ့ အခါ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဘယ်လို ပြန်တည်ဆောက်ရမယ် ဆိုတာတွေကို ဘယ်တော့မှ ကြိုတင်ပြောထား မခံရတာ မျိုးလည်း ဖြစ်တတ်ပါတယ်။






## ရုပ်ပိုင်းဆိုင်ရာ နှင့် စီးပွားရေးအရ နေရာရွှေ့ပြောင်းကြရခြင်း

ပြည်သူတွေဟာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အရ သို့မဟုတ် စီးပွားရေးအရ ၎င်းတို့၏ နေအိမ်များမှ ဖယ်ထုတ်ခံရမှု များ ဖြစ်တတ်ကြပါတယ်။ ADB ရဲ့ လုံခြုံရေးမူဝါဒတွေက ဒီ ဖယ်ထုတ်မှု နှစ်မျိုးလုံးကို သက်ဆိုင်ပါတယ်။

**ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အရ နေရာရွှေ့ပြောင်းခံရမှု** ဆိုသည်မှာ သင်တို့ အိမ်ဟုခေါ်သော မြေနေရာ သို့မဟုတ် အမိုးအကာပါ နေစရာကို ဆုံးရှုံးရခြင်းဖြစ်တယ်။ ဒါကို **နေရာမှဖယ်ထုတ်လိုက်ခြင်း** သို့မဟုတ် အလိုဆန္ဒမပါဘဲ နေရာရွှေ့ပြောင်း နေထိုင်ရမှု လို့ ခေါ်ပါတယ်။

**စီးပွားရေးအရ နေရာရွှေ့ပြောင်းခံရခြင်း** ဆိုတာက သင်တို့ရဲ့ ကျွန်းသစ်မဟုတ်သော သစ်တောထွက် ပစ္စည်းတွေ၊ ငါးတွေ နှင့် သားရိုင်းတွေနဲ့ ငှက်တွေကို အမဲလိုက်တာတွေ၊ ရေ၊ စိုက်ပျိုးမြေ နဲ့ သီးနှံပင်တွေ စတဲ့ အသက်ရှင် နေထိုင်မှု အတွက် လိုအပ်တဲ့ သယံဇာတ အရင်းအမြစ်တွေကို အသုံးပြုနိုင်ခြင်းမှ ဆုံးရှုံးတာတွေ ဖြစ်လာတဲ့အခါမှာ ဖြစ်ပါတယ်။ အဲဒါက သင်တို့မှာ ဝင်ငွေရပေါက်ရလမ်း၊ သို့မဟုတ် အသက်မွေးမှု လုပ်ငန်းတွေ (လယ်ယာလုပ်ငန်း၊ အမဲလိုက်လုပ်ငန်း၊ သို့မဟုတ် သစ်တောထွက် ပစ္စည်းနဲ့ သဘာဝသယံဇာတ ပစ္စည်းတွေ ရှာဖွေ စုဆောင်းတာတွေ စတဲ့) သို့မဟုတ် သင်တို့ရဲ့ ထုတ်ကုန်တွေကို ရောင်းချဖို့ ဈေးကွက်ကို အသုံးပြုနိုင်ခြင်းမှ ဆုံးရှုံးသွားတာကို ဆိုလိုတာပါ။




**ရုပ်ဝတ္ထုဆိုင်ရာ သို့မဟုတ် စီးပွားရေး အရ နေရာရွှေ့ပြောင်းနေထိုင်ရ သူတွေကို မတူတဲ့ စည်းကမ်း ဥပဒေတွေ ကျင့်သုံးကြတယ်။ ဒါပေမယ့် ဒီ ရွှေ့ပြောင်းနေထိုင်ကြရမှု တွေရဲ့ ရလဒ်ကတော့ အမြဲလို အတူတူပါဘဲ။**

## လုံခြုံရေးမူဝါဒတွေက သင့်တင့်မျှတတဲ့ အိမ်ပိုင်ဆိုင်ခွင့် အခွင့်အရေးကို ဘယ်လို အကာအကွယ်ပေးလဲ

သဘောဆန္ဒမပါဘဲ နေရာမှ ရွှေ့ပြောင်းနေထိုင်ရခြင်း (စာမျက်နှာ ၄၀ /တွင်ကြည့်ပါ) အတွက် အေဒီဘီ ၏ ဘေးကင်းလုံခြုံရေး မူဝါဒက သင့်တင့်လျောက်ပတ်တဲ့ အိမ်ပိုင်ဆိုင်ခွင့် အခွင့်အရေးကို အကာအကွယ်ပေးပြီး လူတွေကို မရွှေ့ပြောင်းရတာ သေချာစေရမှာလို့ ယူဆလို့ရပါတယ်။ သို့မဟုတ် သူတို့ ကို ရွှေ့ပြောင်းရမယ် ဆိုရင် သူတို့ရဲ့ဆုံးရှုံးမှုတွေအတွက် လုံခြုံမှုရှိတဲ့ အိမ်ယာပိုင်ဆိုင်ခွင့်ကို အစားထိုပြန်လည်ရရှိခွင့် ရှိရမှာဖြစ်တယ်။

တွေ့ ကြုံခဲ့ရသည့် အဖြစ်အပျက်များက ဒီဘေးကင်းလုံခြုံရေး မူဂါဒကို ကျင့်သုံးရမယ့် ပုံစံအတိုင်း မကျင့်သုံးကြောင်း ပြသနေပါတယ်။ တခါတရံမှာ လူထုအစုအဖွဲ့တွေဟာ သူတို့ရဲ့ နေအိမ်တွေကနေ လွယ်လွယ်ကူကူ ဖယ်ထုတ် ခံလိုက်ရပြီး ပြန်လည်နေရာချဖို့ လျော်ကြေးတွေ နဲ့ အကူအညီတွေကိုလည်း မရရှိခဲ့ကြပါဘူး။ မကြာခဏဆိုသလို လည်း လူထုအဖွဲ့အစည်းက ပြန်လည်နေရာချထားပေးတဲ့ နေရာကို ရွှေ့လာပြီးသော်လည်း စီမံကိန်းကို ဆောင်ရွက်တဲ့ သူဘက်က သောက်သုံးရေ၊ လျှပ်စစ်မီး၊ ကျောင်း သို့မဟုတ် ကျန်းမာရေး ဆေးပေးခန်း စသည်များကို ပြုလုပ်ပေးရန် ပျက်ကွက်နေခြင်းများ လည်း ဖြစ်တတ်တယ်။

ပြန်လည် တည်ဆောက်ရန် အခက်ခဲဆုံး အရာမှာ လူများ၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများဖြစ်သည်။ တခါတရံတွင် ပြန်လည်နေရာချထားသည့် နေရာများ မှာ တည်ဆောက်ပြီးစီး ပြီးသော်လည်း မိသားစုများမှာ ထိုနေရာများတွင် အသက်မွေးရန် ဘာလုပ်ငန်းကိုမျှ လုပ်ကိုင်၍ မရသောကြောင့် မနေထိုင်နိုင်ကြချေ။

အဓမ္မအင်အားသုံး နေရာပြောင်းရွှေ့ခံရသော လူထုအဖွဲ့အစည်းများ နှင့် အလိုဆန္ဒမပါဘဲ နေရာပြောင်းရွှေ့နေထိုင် ကြရခြင်းနှင့် ရင်ဆိုင်ကြုံတွေ့ကြရသော လူထုအဖွဲ့အစည်းများက ADB ကို ဒီ လုံခြုံရေး ကို အကောင်အထည်ဖော်ဖို့ လူထုလှုပ်ရှားမှု နည်းနဲ့ ဖိအားပေး တောင်းဆိုကြတဲ့အခါမှာ နိုင်ငံတကာဥပဒေပါ သင့်တင့်လျောက်ပတ်တဲ့ နေအိမ်ပိုင်ဆိုင်ခွင့် အခွင့်အရေး ကို အသုံးပြုနိုင်ပါတယ်။



## ရွှေ့ပြောင်းနေရာချထားမှု အစီအစဉ်ကို စောင့်ကြည့်အကဲဖြတ်ပါ

အကယ်၍ **ကနဦး ဆင်းရဲမှု နဲ့ လူမှုရေး လေ့လာဆန်းစစ်မှု** (စာမျက်နှာ ၉၅ တွင်ကြည့်ပါ) မှာ လက်ရှိနေရာကနေ ဖယ်ထုတ်ခြင်းကို ခံကြမယ့် သူတွေ ရှိကြောင်း တွေ့ရှိရပြီ ဆိုတာနဲ့ အစိုးရနဲ့ စီမံကိန်းကို ဆောင်ရွက်နေတဲ့ သူတွေက ပြန်လည်နေရာချထားမှု အစီအစဉ်ကို ပြင်ဆင်ကြရပါမယ်။ ဒီအစီအစဉ်က "အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ နှင့် လူနေမှု အဆင့် ပိုမိုကောင်းမွန်သွားတယ် ဆိုတာ သေသေချာချာ အာမခံမှု" ရှိရပါမယ်။ ပြီးတော့-

- ➥ ပြန်လည်နေရာချထားမှု၊ ပြန်လည်ထူထောင်မှု နဲ့ နစ်နာမှုအတွက် ပေးလျော်ဖို့ ရွေးချယ်စရာတွေ၊
- ➥ ဆိုးကျိုးထိခိုက်ခံရသူတွေ **အားလုံးနဲ့ အဓိပ္ပါယ်ရှိတဲ့၊** ထိရောက်မှု ရှိတဲ့ **တွေ့ဆုံဆွေးနွေးမှု**တွေ၊
- ➥ ဘယ်နေရာ၊ ဘယ်အချိန် သို့မဟုတ် ဘယ်လို နေရာပြောင်းရွှေ့ကြရမယ် ဆိုတာကို ဆုံးဖြတ်ကြရာမှာ ထိရောက်သော ပူးပေါင်းပါဝင်ဆောင်ရွက်မှု တွေ၊လည်းဘဲ ပါဝင်ရပါမယ်။

အကယ်၍ ပြန်လည် နေရာချထားရေး ကို လမ်းညွှန်ထားသော နိုင်ငံ၏ ပြည်တွင်းဥပဒေများ ရှိနေပါက ထိုဥပဒေများကို လိုက်နာရမှာ ဖြစ်တယ်။ အကယ်၍ နိုင်ငံ၏ ဥပဒေနဲ့ ADB ရဲ့ **မူဝါဒတွေ** ကွာခြားမှု ရှိနေခဲ့လျှင် အစိုးရနဲ့ စီမံကိန်းကို အကောင်အထည်ဖော် နေတဲ့ သူတွေက အဲဒီ နှစ်ခုထဲက အဆင့်ပိုမြင့်တဲ့ မူကို ကျင့်သုံးရမှာ ဖြစ်တယ်။ နောက်ပြီး ဒီဥပဒေတွေ၊ မူဝါဒတွေနဲ့ အညီ လိုက်နာကျင့်သုံးတာကို အထိခိုက်ခံပြည်သူတွေ ရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီမှု ရှိတာ သေချာအောင် သူတို့နဲ့ အတူတူ လုပ်ကိုင်ဆောင်ရွက်ရပါမယ်။ တကယ်လို့ စီမံကိန်းကို ဆောင်ရွက်နေတဲ့ သူတွေက ဒီ ဥပဒေတွေ နဲ့ မူဝါဒတွေကို ချိုးဖောက်ခဲ့လျှင် ဆိုးကျိုးခံစားရတဲ့ ပြည်သူတွေက **မတရားမှု အဖြစ် တိုင်တန်း** မှု ပြုနိုင်ပါတယ်။

ADB က ငွေချေးတာကို မပြုလုပ်မီမှာ စီမံကိန်းကို ဆောင်ရွက် အကောင်အထည်ဖော်တဲ့ သူတွေက ဆိုးကျိုးကို ခံရမယ့် ပြည်သူတွေက သူတို့ရဲ့ စီစဉ်မှုတွေကို ဘယ်လိုထင်သလဲဆိုတာကို မေးပြီး အခြားဖြစ်နိုင်တဲ့ အစားထိုး နည်းလမ်းတွေ အကြောင်းကို အကြောင်းကြားထားရပါမယ်။ တကယ်လို့ တခြား အစားထိုးစရာ နည်းလမ်းတွေ မရှိခဲ့လျှင် ဘယ်နေရာမှာ အိမ်အသစ်တွေ ပြန်တည်ဆောက်ပေးဖို့ စီစဉ်ထားတယ် စတဲ့  ပြန်လည်နေရာချထားမှု အကြောင်း သတင်းအချက်အလက်တွေကို ပေးရပါမယ်။ ပြီးတော့ လူတိုင်းကိုလည်း သူတို့ရဲ့ ကမ်းလှမ်းချက် တွေကို လက်ခံခွင့် သို့မဟုတ် ငြင်းပါယ်ခွင့် ပေးရမှာဖြစ်တယ်။

ပြန်လည်နေရာချထားမှု အတွက် ကုန်ကျစားရိတ် အားလုံးဟာ စီမံကိန်းအတွက် ကုန်ကျစားရိတ် ထဲက အစိတ်အပိုင်း သာ ဖြစ်ပြီး ADB နဲ့ စီမံကိန်းရဲ့ အခြားငွေထုတ်ပေးသူတွေ က ပေးရမှာပါ။ အကယ်၍ ထိခိုက်ခံရတဲ့ ပြည်သူတွေ ကို ပြန်လည်နေရာချထားမှု အတွက် ကုန်ကျစားရိတ်ကို အတင်းပေးခိုင်း တယ်ဆိုရင် ဒါဟာ မတရားမှု ဖြစ်ကြောင်း တိုင်တန်း တင်ပြနိုင်ပြီး ADB ကနေ သူတို့ကို ဒီစရိတ်တွေ ပြန်ပေးဖို့ တောင်းဆိုသင့် ပါတယ်။

ADB ရဲ့ စည်းကမ်းချက်တွေက စီမံကိန်းတစ်ခုဟာ "အလွန်ရှုပ်ထွေးပြီး ထိခိုက်ဖို့ လွယ်ကူတဲ့ အနေအထား" ဖြစ်မယ် ဆိုရင် အစိုးရ နဲ့ စီမံကိန်းကို ဆောင်ရွက်နေတဲ့သူတွေက ပြန်လည်နေရာချထားရေး အစီအမံကို **စောင့်ကြည့် အကဲဖြတ်မယ့်** လွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ခုနဲ့ အတူလက်တွဲ အလုပ်လုပ် ရပါမယ်။ လူထုအဖွဲ့အစည်းတွေရဲ့ အတွေ့အကြုံတွေအရ လူတွေကို နေရာပြောင်းရွှေ့နေထိုင်မှု ဖြစ်စေတဲ့ စီမံကိန်း အားလုံးဟာ "အကဲဆတ်" တဲ့အတွက် ဒီလိုကိစ္စရပ်တွေမှာ လွတ်လပ်တဲ့ စောင့်ကြည့်အကဲဖြတ်ရေး အဖွဲ့အစည်းတွေ အမြဲ ထားရှိသင့်ပါတယ်။

အကယ်၍ အဲဒီလို အဖွဲ့အစည်းမျိုး မရှိဘူးဆိုရင် လူထုအဖွဲ့အစည်းက ADB နဲ့ အစိုးရကို အဲဒီလို အဖွဲ့အစည်းမျိုး တစ်ခု ထားရှိပေးဖို့ တောင်းဆိုနိုင်ပါတယ်။ လူထုအဖွဲ့အစည်းတွေက အဲဒီအဖွဲ့အစည်းကို ရွေးချယ်ရာမှာ ပါဝင်ရွေးချယ်ခွင့် ရှိဖို့ တောင်ဆိုနိုင်ပြီး အဲဒီအဖွဲ့အစည်းက ပြန်လည်နေရာချထားမှုကို စောင့်ကြည့် အကဲဖြတ်ဖို့ ဆိုးကျိုးကိုခံရတဲ့ ပြည်သူတွေနဲ့ နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်ဖို့ သေချာအောင် လုပ်ရမှာပါ။

ပြန်လည်နေရာချထားရေး အစီအစဉ်ရဲ့ အစိတ်အပိုင်း တစ်ခုအဖြစ် အစိုးရ နဲ့ စီမံကိန်းကို ဆောင်ရွက်တဲ့ သူတွေက ပြန်လည်နေရာချထားမှု ဘယ်လို အခြေအနေ ရှိနေတယ် ဆိုတာကို ဖော်ပြပြီး အစီရင်ခံစာ တစ်စောင်ကို တစ်နှစ်မှာ နှစ်ကြိမ် ထုတ်ဝေရပါမယ်။ ဒီအစီရင်ခံစာထဲမှာ ပြန်လည်နေရာချထားရေးအစီအစဉ် နှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသမျှ ပြဿနာတွေ နဲ့ **မကျေနပ်မှုဆိုင်ရာ တိုင်ကြားချက်တွေ** အားလုံးကိုပါ ထည့်သွင်းဖော်ပြရမှာ ဖြစ်ပါတယ်။ ဒေသခံလူထုများမှ ထိုအစီရင်ခံစာများ ရေးသားခြင်းလုပ်ငန်းစဉ်တွင် မိမိတို့ ပူးပေါင်းပါဝင်ခွင့်ရရှိရန် တောင်းဆိုခြင်းအားဖြင့် မိမိတို့ရဲ့ အသံကို ဖော်ထုတ်နိုင်ဖို့ရန် အခွင့်အလမ်းသစ် တစ်ခု ရရှိနိုင်ပါတယ်။  ဒီအစီရင်ခံစာတွေကို မီဒီယာအားဖြင့် လှုပ်ရှားတောင်းဆိုမှု (စာမျက်နှာ **၁၃၅** တွင်ကြည့်ပါ) တွေမှာလည်း အသုံးပြုနိုင် ပါတယ်။ အထူးသဖြင့် အစီရင်ခံမှာ ဖော်ပြထားတာနဲ့ မြေပေါ်မှာ တစ်ကယ်ဖြစ်နေတာ တွေက အများကြီး ကွဲပြားခြားနားနေခဲ့တဲ့ အခါမျိုးမှာ ဖြစ်ပါတယ်။

## လူထုအဖွဲ့အစည်း အတွက် အကြံဉာဏ် ။ သင့်တင့်မျှတတဲ့ အိမ်ပိုင်ဆိုင်ခွင့် အခွင့်အရေး အတွက် ခုခံကာကွယ်ခြင်း



ဥပဒေများသည် အလွန်ရှုပ်ထွေး သိမ်မွေ့ မှုရှိတတ်ပြီး နားလည်ရန် ခက်ခဲသည်။ သင့်ရဲ့ လူထုအဖွဲ့အစည်းမှာ သင်တို့ကို ပါတ်သက်ဆက်စပ်မှု ရှိတဲ့ နိုင်ငံရဲ့ ဥပဒေတွေကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ဖို့ရာမှာ ကူညီပေးမယ့် ရှေ့နေတစ်ယောက်၊ ကျောင်းသား သို့မဟုတ် အစိုးရမဟုတ်သော **အရပ်ဘက်အဖွဲ့အစည်း** တစ်ခု နှင့် ယုံကြည်ရသော ဆက်ဆံရေး ရှိနေပါက အထောက်အကူဖြစ်ပါတယ်။

အကယ်၍ နေရာက ဖယ်ထုတ်ခံရရန် သင်တို့ကို ခြိမ်းခြောက်မှု ခံနေရပါက၊ သင်တို့ရဲ့ အိမ် နဲ့ ခြံမြေ နဲ့ပါတ်သက် သမျှကို မှတ်တမ်းတင်ထားပါ။ သင်တို့ရဲ့ သစ်သီးပင်တွေ၊ သင်တို့ရဲ့ ငါးမွေးကန်တွေ၊ သင်တို့ရဲ့ အိမ်နီးနား ပါတ်ဝန်းကျင်တွေ၊ အားလုံးအကြောင်းပါ။ ဓါတ်ပုံတွေ၊ ဗွီဒီယိုတွေ၊ မြေပုံတွေ၊ ပြီးတော့ ဘာကြောင့် သင့်ရဲ့မြေကို ကာကွယ်ထားရမယ် ဆိုတာကိုလဲ စာရင်းပြုစုပါ။ တကယ်လို့ နေရာရွှေ့ပြောင်းဖယ်ထုတ်မှု ဖြစ်ပေါ်လာပြီ ဆိုရင် သင်က ဒီမှတ်တမ်းတွေကို အသုံးပြုပြီး ဘာတွေကို အစားထိုးပေးပြီး ဘာတွေကို ပြန်တည်ဆောက်ပေးရမယ် ဆိုတာကို ပြသပါ။ (စာမျက်နှာ **၁၂၈** ရှိ ဒေသခံသုတေသနများ ကို ကြည့်ပါ။)

သင်တို့ရဲ့ ကျေးရွာပုံစံကို ဓါတ်ပုံ နှင့် မြေပုံများဖြင့် မှတ်တမ်းပြုစုပါ။ ထို့ကြောင့် အသစ်ပြန်နေရာ ချထားသော နေရာ တွင် ဤပုံစံကို ပြန်ရရန် သင် ညှိနှိုင်းတောင်းဆို နိုင်ပါမယ်။ ဒီလိုမှ မဟုတ်ရင် ADB နဲ့ အစိုးရက သင်တို့ကို သေတ္တာပုံစံ အိမ်တွေ နဲ့ တိုက်ခန်းကျဉ်း တွေစတဲ့ အဆောက်အဦတွေမှာ ထိုးထည့်ဖို့ ကြိုးစားပါလိမ့်မယ်။

ပြန်လည်နေရာချထားရေး ကို ပုံစံရေးဆွဲ ခြင်းနှင့် စီမံရေးဆွဲခြင်း တွက် ပါဝင်ရဖို့ တောင်းဆိုပါ။ ပထမဦးစွာ စာရွက်စာတမ်းတွေကို ရအောင် တောင်းပါ။ ထို့နောက်မှာ ပြန်လည်နေရာချထားရေး အစီအစဉ်ကို ပြုလုပ်ရာတွင် ပါဝင်ရဖို့ တောင်းဆိုပါ။




သင်တို့ကို ပြန်လည်နေရာချထားမည် ဆိုပါက ထိုပြန်လည်နေရာချထားမှု နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စီမံကိန်းမစတင်မီ လုံးဝ ပြီးစီးပါစေ။

တခါတရံမှာ ဆိုးကျိုးတွေကို ခံစားရတဲ့ လူတွေက ပြန်လည်နေရာချထားခံရဖို့ နဲ့ သူတို့ကို ကတိပေး ထားတဲ့ အကူအညီတွေကို ရရှိဖို့ နှစ်ပေါင်းများစွာ ကြာအောင် စောင့်ဆိုင်းကြရတယ်။ တကယ်လို့ ပြန်လည် နေရာချထားပေးတဲ့ အစီအစဉ်က အချိန်အကြာကြီး ကြာ နေတယ်ဆိုရင် ပြန်လည် ကြည့်ရှုစစ်ဆေး ပေးပြီး နစ်နာမှုအတွက် လျော်ကြေးနဲ့ ပြန်လည်ထူထောင်ရေး အစီအစဉ်တွေကိုပါ အချိန်နဲ့ ကိုက်ညီအောင် ပြန်ပြင်ပေးဖို့ တောင်းဆိုပါ။ အစိုးရ သဘောတူလက်ခံဖို့ ဖိအားပေးရန် ဆန့်ကျင်ဆန္ဒပြပြီး လိုအပ်ပါက တိုက်ရိုက် လှုပ်ရှားမှု (စာမျက်နှာ **၁၄၁** /တွင် ကြည့်ပါ) ကို ပြုပါ။ (ဤလှုပ်ရှားမှုများကို ပြုလုပ်နေစဉ်တွင် လုံခြုံစွာ ရှိနေစေရန် အတွက် အကြံပြုချက်များကို စာမျက်နှာ **၁၈၆** တွင်ကြည့်ပါ။)

စီမံကိန်းက အမျိုးသမီးတွေ နဲ့ အမျိုးသမီးတွေ ဦးဆောင်တဲ့ မိသားစုတွေကို အထူးအလေးပေးဂရုပြုမှုသေချာအောင် လုပ်ပါ။ အမျိုးသမီးများကို မြေယာပိုင်ဆိုင်မှု ၊ နစ်နာမှုအတွက် လျော်ကြေး ပေးခြင်း နှင့် ဆုံးဖြတ်ချက် ပြုလုပ်ခြင်းတို့မှာ မကြာခဏဆိုသလို ဘေးဖယ်ခံကြရပါတယ်။

အိမ်ပိုင်ဆိုင်ခွင့် အခွင့်အရေး ဆိုတာ အိမ်တစ်လုံး ပိုင်ဆိုင်ခြင်းထက်များစွာ ပိုတဲ့အကြောင်းကို သင့်ရဲ့ လူထုအဖွဲ့အစည်းကို ပညာပေးပါ။ သင့်မှာ ယဉ်ကျေးမှုနှင့် သင့်တော်တဲ့၊ အခြေခံ ဝန်ဆောင်မှုတွေ ဖြစ်ကြတဲ့ ရေနဲ့ လျှပ်စစ်မီးပါတဲ့၊ ကျောင်းတွေ နဲ့ ကျန်းမာရေးဆေးပေးခန်းတွေ နဲ့ ဒီထက်ပိုတဲ့ အခြားအရာတွေ ကို ရရှိနိုင်တဲ့ အိမ်နဲ့ နေထိုင်ပိုင်ခွင့်ရှိပါတယ်။ သင့်ရဲ့ အခွင့်အရေးကို သိပြီး အဲဒီ အခွင့်အရေးကို တောင်းဆိုပါ။





# ငွေဖြင့် အရာအားလုံးကို မပြေလည်စေနိုင်ပါ

**ရည်ရွယ်ချက်။** မကြာခဏ ဆိုသလိုပင် ကြီးမားသည့် စီမံကိန်းတစ်ခုကြောင့် နေရာရွှေ့ပြောင်းခံရမည့် ခြိမ်းခြောက်မှု များရှိသည်ကို ကြားသည်နှင့် လူများက ၎င်းတို့ စီမံကိန်းကို ရပ်တန့်ပစ်ရန် မစွမ်းနိုင်ဟု ယုံကြည်ပြီး လျော်ကြေးအတွက်ကို စဉ်းစားတွေးတောကြသည်။ တို့တွေရဲ့ အိမ်ကနေ ထွက်သွားဖို့ ပိုက်ဆံဘယ်လောက် ရမှာလဲ။ အချို့သူများက ငွေကို လက်ခံရယူရန် စိတ်လှုပ်ရှားပျော်ရွှင် ၍ပင် နေကြသေးသည်။ သို့သော် ဤအချက်က သူတို့ကို များစွာသော အရာတို့သည် ငွေထက် အများကြီးတန်ဖိုး ပိုမို ကြီးမားကြောင်း၊ ပို၍ ကြာရှည်ခံကြောင်း၊ နှင့် ၎င်းတို့ ပျောက်ဆုံးသွားပါက ပြန်လည်ရရှိရန် များစွာ ပိုမိုခက်ခဲကြောင်းကို မေ့လျော့ စေသည်။

ဒီကစားနည်းဟာ လူတွေကို သူတို့ ရရှိတဲ့ လျော်ကြေးပိုက်ဆံဟာ ဘာတွေ ဖြစ်သွား ဆိုတာကို တွေးတော ဆင်ခြင်နိုင် ဖို့ရာအတွက် အထောက်အကူပြုမယ့် သရုပ်ပြကစားနည်းတစ်ခုဖြစ်ပါတယ်။

**ကြာချိန်။** (၃၀) မိနစ်။

**ပစ္စည်းများ။** ငွေအတု (လေ့ကျင့်ခန်း မစမီတွင် စာရွက်များကို လှီးဖြတ်ပြီး ပြုလုပ်ထားပါ)၊ ပုံဖော်တွေးခြင်း

၁။ မိသားစု တစ်ခုအနေဖြင့် ပုံဖော် ကစားရန် လူ (၃) ယောက်ကို ရွေးပါ။ ယောကျ်ား တစ်ယောက်၊ မိန်းမ တစ်ယောက် နှင့် ကလေး တစ်ယောက်။ ကျန်ပါဝင်သူ အားလုံးက ရောင်းချသူများ နှင့် အကြွေးတောင်းသူများ အဖြစ်ပါဝင် ကစားကြမည်။

၂။ ကူညီပံ့ပိုးအားပေးသူက မိသားစုကို ၎င်းတို့၏ မြေကို သိမ်းယူလိုက်ကြောင်း ပြောပါ။ ပြီးနောက် ငွေအိတ် တစ်ခု ပေးလိုက်ပြီး "ဒါပေမယ့် စိတ်မပူပါနဲ့။ အခုဆိုရင် ခင်ဗျားတို့ ချမ်းသာသွားပြီ! ဒီငွေတွေကို ခင်ဗျားတို့ ကြိုက်သလို သုံးလို့ရပြီ! ခင်ဗျားတို့ရဲ့ အနာဂတ်ကို ရှာဖွေကြပေတော့" ဟု ပြောပါ။

၃။ အရောင်း ကိုယ်စားလှယ်များ နှင့် အကြွေးတောင်းသူများ က တန်းစီနေပြီး မိသားစုက သူတို့၏ အနာဂတ်ကို ရှာဖွေရင်း တန်းစီနေသည့် လမ်းကြောင်း အတိုင်း လျှောက်လာပါ။ တန်းစီနေသူများ မှ တစ်ဦးစီက ၎င်းတို့ နေထိုင်ရေးအတွက် လိုအပ်သည့် အရာများကို ရောင်းချရန် ပြသပါ။ လူတိုင်းက ဒီပစ္စည်းများကို သူတို့၏ ပုံဖော်စိတ်ကူးမှု ကို အသုံးပြုပြီး ဖန်တီးနိုင်သည်။ အရေးကြီးသည့် အချက်မှာ အရောင်းကိုယ်စားလှယ် တိုင်းက ဝန်ဆောင်မှု တစ်ခုချင်းစီအတွက် သူတို့ပေးရမည့် ငွေပမာဏကို ပေးရန် ပြောပြီး မိသားစုထံမှ ငွေ တစ်ဆုပ် တစ်ဆုပ် ယူထားရန် ပြောထားပါ။ ထိုသို့ဖြင့် နောက်ဆုံးတွင် သူတို့ထံတွင် ငွေ အနည်းငယ်သာ ကျန်မည် သို့မဟုတ် လုံးဝမကျန်တော့ချေ။ သူတို့ ပေးချေရမည့် အရာများတွင် ပါဝင်သည်များမှာ -

↳ မြေယာအသစ်။။ အရောင်းပုဂ္ဂိုလ်က ပြော - "ခင်ဗျားတို့ မြေအသစ်လိုတယ်။ ကျွန်တော် ခင်ဗျားတို့ကို ဒီမြေကို ရောင်းမယ်။ ဒါပေမယ့် ဒါက ဈေးမပေါဘူးနော်။"

↳ အိမ်အသစ်ဆောက်ခြင်း။။ အရောင်းကိုယ်စားလှယ်ပြော - "ခင်ဗျားတို့ အိမ်တစ်ဆောင် ဆောက်ဖို့ လိုတယ်။ခင်ဗျားတို့ အရင်နေရာက အိမ်ကို ဆောက်တုန်းကလိုတော့ သစ်တွေကို ခုတ်လို့ မရတော့ဘူး။ ဒါပေမယ့် ကျွန်တော် ခင်ဗျားတို့ကို သစ် ရောင်းပေးပါမယ်လေ။"

↳ အစားအစာနှင့် ထုတ်ကုန်များ။။ ကိုယ်စားလှယ်ပြော - "ခင်ဗျားတို့ရဲ့ ဥယျာဉ်ခြံကို ပြန်စိုက်ဖို့ နှစ်အနည်းငယ်တော့ ကြာဦးမယ်။ အဲဒီအချိန်အတွင်းမှာ ခင်ဗျားတို့ လိုအပ်တဲ့ အစားအသောက် အားလုံး ကို ကျွန်တော့် ဈေးမှာ လာဝယ်လို့ ရပါတယ်။"

↳ ဆေး။။ အရောင်းကိုယ်စားလှယ်ပြော - "အရင်က ဆေးဖက်ဝင်အပင်တွေကို ခင်ဗျားတို့ တောထဲမှာ၊ ဥယျာဉ်မှာ ခူးဆွတ် စားသုံးနိုင်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော့်ဆေးဆိုင်မှာ ခေတ်မီဆေးဝါးတွေ ရှိတယ်လေ။ ကလေးနေမကောင်း ဖြစ်ခဲ့ရင် အတော် ရှက်စရာကောင်းတယ်!"

↳ ငါး။။ ငါးရောင်းသူက ပြော- "ခင်ဗျားတို့ မြစ်ဘေးမှာ နေခဲ့ကြတုန်းက ခင်ဗျားတို့ ဘာသာ ငါးဖမ်းစားခဲ့ကြတယ်။ ဒါပေမယ့် အဲဒီနေ့တွေက ပြီးသွားခဲ့ပါပြီ။ သူငယ်ချင်းတို့ ငါမင်းတို့ကို ငါးရောင်းပါမယ်။"

## ယခင်စာမျက်နှာရှိ လေ့ကျင့်ခန်းမှ အဆက်

- ဘတ်စ်ကားစီးစဉ်။ ။ ကားမောင်းသမားပြော - "အခုတော့ ခင်ဗျားအလုပ်နဲ့ အဝေးကြီးမှာ နေနေပြီပေါ့။ ခင်ဗျား နေ့တိုင်း ဘတ်စ်ကားကို စီးသွားရတော့မယ်။ ဒါပေမယ့် နားထောင်ပါ၊ ခင်ဗျားက တစ်လလုံးစာကို တစ်ခါတည်း ပေးစီးမယ် ဆိုရင်တော့ ကျွန်တော် ခင်ဗျားအတွက် အကောင်းဆုံးစျေးနှုန်း နဲ့ အကောင်းဆုံးခုံကို ပေးပါမယ်။"

- ကြွေး။ ။ တန်းစီထားသည့် လူတန်း၏ နောက်ဆုံးမှ ပုဂ္ဂိုလ်မှာ ကြွေးတောင်းသူ ဖြစ်ရမည်။ သူကဒီလိုမျိုး ပြောရန် - "ခင်ဗျားကလေးရဲ့ ကျောင်းလခတွေ၊ ကျန်းမာရေး စောင့်ရှောက်မှု ခံယူတာတွေ၊ နဲ့ အခွန်အခတွေ အတွက် ခင်ဗျားမှာ အကြွေးတင်နေတယ်။ အခုပေးတော့!" သူက ကျန်နေသမျှ ငွေများကို ယူသွားသည်။ ငွေ မကျန်တော့ပါက သူက ရဲကို ခေါ်လိုက်ရန် ခြိမ်းခြောက်မည်။

၄။ လေ့ကျင့်ခန်း အပြီးတွင် ဘာတွေ ဖြစ်ခဲ့ပြီး ငွေများ ဘာကြောင့် အလျှင်အမြန် ပျောက်ဆုံးကုန်ကြောင်း ကို ပြောပါ။ ထိုလူများ အားလုံးကို ငွေပေးရတာ ဘယ်လိုများခံစားခဲ့ရပါသလဲ။ အဲဒီမိသားစု အခြား ဘာတွေ ကို လုပ်နိုင်ခဲ့သလဲ။ အဲဒီမိသားစု ဘယ်က အကူအညီတွေကို ရှာဖွေနိုင်သလဲ။




**ပြန်လည် စစ်ဆေး မေးမြန်းခြင်း** ပြန်လည် နေရာချထားရေးမှာ ADB ရဲ့ အရေးအကြီးဆုံး တာဝန်ကတော့ ပြည်သူတွေကို ပိုမို ဆင်းရဲဒုက္ခ မရောက်သွားစေရန် သေချာအောင်ဆောင်ရွက်ဖို့ပါ။ ပြန်လည်နေရာချထားရေး အစီအမံ (စာမျက်နှာ ၇၇ တွင်ကြည့်ပါ) ဟာ နိုင်ငံရဲ့ ဥပဒေတွေ နဲ့ နိုင်ငံတကာ လူ့အခွင့်အရေး ရဲ့ အဆင့်အတန်းတွေ နဲ့ ညီညွှတ်ရပါမယ်။ လူတွေကို နေရာကနေ ဖယ်ထုတ်တဲ့အခါ ADB ရော အစိုးရရော က ငွေကြေးလျော်ကြေး ထက်ပိုတဲ့ ကူညီထောက်ပံ့မှု အမျိုးမျိုးကို ပေးအပ်ဖို့ လိုအပ်ပါတယ်။ အဲဒါတွေက -

- သူတို့ကိုယ်တိုင်နဲ့ ပိုင်ဆိုင်မှုတွေကို နေအိမ်အသစ်ကို ရွှေ့ပြောင်းဖို့ အကူအညီ

- သူတို့တွေဟာ ယခုပြောင်းရွှေ့နေထိုင်မည့် မြေနေရာသစ်ကို ပိုင်ဆိုင်သူများဖြစ်ကြောင်း သက်သေအထောက်အထား

- ဖြစ်စေမည့် မြေယာပိုင်ဆိုင်ခွင့်စာချုပ်ပေးအပ်ခြင်း။ သို့မှသာ ထိုမြေနေရာများ ပြန်လည်သိမ်းဆည်းခံရခြင်းမှ ကာကွယ်နိုင်မည်။ ၄င်းတို့ ဆုံးရှုံးသွားသော ပိုင်ဆိုင်မှုများ နှင့် အများဘုံ ပိုင်ဆိုင်ကြသော အရာများ ကို ပြန်လည် အစားထိုးပေးခြင်း

- အသက်မွေးမှု လုပ်ငန်း အတွက် အခွင့်အရေးများ နှင့် လုပ်ငန်းခွင် သင်တန်းများစသည်တို့ ဖြစ်တယ်။

သုတေသနများ နှင့် ပြည်သူများ၏ အတွေ့အကြုံများက လူများမှာ လျော်ကြေးငွေ တစ်ခုတည်းကို ရရှိပါက သူတို့ နေရာမှ ထွက်သွားပေးပြီး မကြာခင်တွင် အလွန် ဆင်းရဲသွားကြကြောင်း ကို ပြသပြီး ဖြစ်ပါတယ်။ လူများကို ၄င်းတို့ ရရှိသော လျော်ကြေးငွေ အပြင် အခြား အကူအညီ အထောက်အပံ့များကို ရရှိသောအခါ ၄င်းအကူအညီများက လူများကို ကောင်းမွန်သော လူနေမှု အဆင့်နှင့် နေထိုင်နိုင်ရန် အမှန်တကယ် အကူအညီဖြစ်ပါတယ်။ အဲဒီ အကူအညီတွေက ပြောင်းရွှေ့ဖို့ ကူညီပေးခြင်း၊ အိမ်နှင့် မြေ အစားပြန်ပေးခြင်း၊ အလုပ် အစီအစဉ်ပေးခြင်း၊ စီမံကိန်းမှ အကျိုးအမြတ်များပေးခြင်း၊ နှင့် အခြားအရာများ ဖြစ်ပါတယ်။

## အမျိုးသမီး အခွင့်အရေး

အမျိုးသမီးများမှာ **ဖွံ့ဖြိုးရေး** စီမံကိန်းများတွင် ဆုံးဖြတ်ချက်များ ပြုလုပ်ခြင်းမှာ ချန်လှပ်ခံရလေ့ ရှိပါသည်။ သို့သော် အမျိုးသမီးများ၏ ထင်မြင် ယူဆချက်များ နှင့် အမျိုးသမီးများ၏ အခွင့်အရေးများမှာ အခြားအခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရာတွင် အဓိက ကျပါသည်။ အမျိုးသမီးများ ကိုယ်တိုင် အတွက်သာမက အားလုံးအတွက် ဖြစ်ပါသည်။ အမျိုးသမီး အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းက ကလေးများကို ကာကွယ်ခြင်း နှင့် အတူတူပင် ဖြစ်သည်။ နောက်ပြီး ၄င်းက လူထုအဖွဲ့အစည်း တစ်ခုလုံး အတွက် ကျန်းမာရေး နှင့် ကောင်းမွန် ချမ်းမြေ့စွာ နေထိုင်နိုင်မှုကို ပိုမို ကောင်းမွန်စေသည်။

အမျိုးသမီးများ နှင့် အမျိုးသားများ တွင် တူညီသော အခွင့်အရေးများ ရှိပြီး၊ ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်မှုတွင် အတူတကွ ပါဝင်ဆောင်ရွက်နိုင်သော အခါတွင် ကလေးများကို ကောင်းမွန်စွာ နှင့် တစ်ရှိထိုး ကြီးပြင်းစေပြီး အားလုံးအတွက် ပိုမို ကျန်းမာရေးကောင်းသော အနာဂတ်ကို ပိုင်ဆိုင်စေပါသည်။ အမျိုးသမီးအခွင့်အရေးများ နှင့် ကျား/မ တန်းတူညီမှု မှာ အခွင့်အရေးများ နှင့် ကျွန်ုပ်တို့ လူထုအဖွဲ့အစည်းများ တစ်ခုလုံး၏ ကောင်းမွန် ချမ်းမြေ့စွာ နေထိုင်နိုင်ရေးအတွက် များစွာ အရေးကြီးပါသည်။

**အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု အားလုံး ပပျောက်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံ** မှ သဘောတူညီချက် အပါအဝင် နိုင်ငံအတော်များများ၏ ဥပဒေများ တွင် အမျိုးသမီး အခွင့် အရေးများကို ထည့်သွင်း အသိအမှတ် ပြုထားကြသည်။




## အမျိုးသမီးများ၏ အသံများက ဘာကြောင့် အရေးကြီးလဲ

အမျိုးသမီးများသည် အကြမ်းဖက်မှု များ နှင့် ဖွံ့ဖြိုးရေး အတွက် ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် ထည့်သွင်း စဉ်းစားမှု မခံရခြင်း စသည်တို့ကို ခံရရန် အခွင့်အလမ်းပိုများလေ့ ရှိသည်။ အကယ်၍ အမျိုးသမီးများမှ ထုတ်ဖော် ပြောကြားရန် လုံခြုံမှု မရှိပါက၊ လူထုအဖွဲ့အစည်းတစ်ခုလုံး ၏ လုံးဝတူညီသော အဖွဲ့ဝင်များ အဖြစ် သတ်မှတ်ခြင်း မခံရပါက ၄င်းတို့၏ လိုအပ်ချက်များ နှင့် ပါဝင်ကူညီ ပံ့ပိုးမှုတို့ကို မသိကျိုးကျွံပြုခံကြရပြီး ၄င်းတို့ ကိုယ်တိုင်လည်း သူတို့၏ **လူ့အခွင့်အရေးများ**ကို ကျင့်သုံးရန် တတ်နိုင်မည် မဟုတ်ပါ။ အမျိုးသမီး များ၏ အတွေးအမြင်များ၊ ပါဝင်ကူညီပံ့ပိုးမှု နှင့် အလုပ် တို့သည် လူထုအဖွဲ့အစည်း ရှင်သန်မှု အတွက် အလွန် အရေးပါပါသည်။ ထို့ကြောင့် ၄င်းတို့ကို ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ အဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစား သင့်ပါသည်။ ADB ၏ စည်းကမ်းများတွင် စီမံကိန်းအတွက် ဆုံးဖြတ်ချက်ပြုလုပ်မှု အဆင့်တိုင်းတွင် အမျိုးသမီးများ အပြည့်အဝ ပါဝင်နိုင်စေရမည်။

## အမျိုးသမီးအခွင့် အရေးသည် လူ့အခွင့်အရေး !



## ADB စီမံကိန်းများက အမျိုးသမီး အခွင့်အရေးကို ဘယ်လို ချိုးဖောက်လဲ

ADB နှင့် အခြား ဖွံ့ဖြိုးရေး အဖွဲ့အစည်းများသည် အမျိုးသမီး အခွင့်အရေးများကို ကာကွယ်ပြီး အမျိုးသမီးများ ၏ ဘဝကို ပိုမိုကောင်းမွန်စေ မည်ဟု ထင်ရသည်။ သို့သော်လည်း အချို့သော ဖွံ့ဖြိုးရေး စီမံကိန်းများမှာ အမျိုးသမီးများ ၏ ဘဝကို ပိုမိုလွယ်ကူစေသည်ထက် ပိုမိုခက်ခဲစေလေ့ ရှိသည်။ အထူးသဖြင့် **ရောမစီမံကိန်း ကြီးများ**မှာ သဘာဝပါတ်ဝန်းကျင် နှင့် လူများ၏ နေအိမ်များ၊ အသက်မွေးမှု လုပ်ငန်းများကို **ကြီးမားသော အကျိုးသက်ရောက်မှုများ** ဖြစ်စေတတ်သည်။ ဤဆိုးကျိုးများ သည် အမျိုးသမီးများ ၏ ဘဝကိုလည်း အောက်ပါ နည်းလမ်းများဖြင့် သက်ရောက်မှု ပြုလေ့ရှိသည် -

- အရက်စွဲသောက်မှု တိုးခြင်း၊ အမျိုးသားများ တွင် ဖိအားပိုများလာခြင်း နှင့် လူထုအဖွဲ့အစည်း အတွင်း စိတ်ဖိစီးမှု နှင့်အကြမ်းဖက်မှု ပိုများလာခြင်းတို့ကြောင့် အိမ်တွင်း အကြမ်းဖက်မှုများကို ပိုမို ဖြစ်ပေါ်စေခြင်း၊
- အမျိုးသမီးများ ပြင်ပတွင် အလုပ်လုပ်ရန် ပိုမို ဖိအားဖြစ်ပေါ်စေခြင်းကြောင့် ပြင်ပအလုပ်ကို မိသားစုအား ကြည့်ရှု ပံ့ပိုးပေးနေရသည့် တာဝန် နှင့် ထပ်ပေါင်းထည့် လိုက်သောကြောင့် အမျိုးသမီးများ၏ "ဝန်ထုပ်ဝန်ပိုးကို နှစ်ဆ" တိုးလာစေခြင်း၊
- ကျောင်းများနှင့် ဝေးရာသို့ မိသားစုများကို ပြောင်းရွှေ့ရန် ပြုလုပ်ခံရသောအခါတွင် ပညာသင်ကြားရန် နှင့် အလုပ်ခွင်ဘဝ တိုးတက်မှု အတွက် အခွင့်အရေးများ ပိုနည်းပါးသွားခြင်း၊
- အဓိကအားဖြင့် မျိုးဆက်ပွားကျန်းမာရေး နှင့် ကျန်းမာရေး ဝန်ဆောင်မှု များကို အသုံးပြုနိုင်ရန် အခွင့်အလမ်းများ နည်းပါးသွားခြင်း၊
- လိင်မှုဆိုင်ရာ အမြတ်ထုတ် အသုံးချခံရခြင်းနှင့် အကြမ်းဖက်ခံရခြင်းတို့ ကို ခံရရန် အခွင့်အလမ်း များ ပိုများလာခြင်း
- အမျိုးသမီးများကို လုပ်အားခ နည်းပါးသော အလုပ်အကိုင်များကို လုပ်ကိုင်ရန် ဖိအားဖြစ်လာခြင်း၊
- အမျိုးသမီးများကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် ချန်လှပ်ထားခြင်း

## အမျိုးသမီး အခွင့်အရေးတွေကို မထိခိုက်ဖို့ ADB ကဘာလုပ်သင့်သလဲ

**စီမံကိန်းလုပ်ငန်းစဉ် လည်ပါတ်မှု** (စာမျက်နှာ ၉၃ တွင်ကြည့်ပါ) အစပိုင်းတွင် ADB က **ကနဦးဆင်းရဲမွဲတေမှု နှင့် လူမှုရေး လေ့လာဆန်းစစ်မှု (IPSA)** ကို ပြုလုပ်သောအခါတွင် အမျိုးသမီးများအပေါ်တွင် ဖြစ်လာနိုင်သော အကျိုးသက်ရောက်မှု များကိုလည်း ၎င်းတို့က လေ့လာရမည် ဖြစ်သည်။ အကယ်၍ အကျိုးသက်ရောက်မှု များ ရှိသည် ဆိုပါက စီမံကိန်းတွက် အမျိုးသမီးများကိုလည်း တွေ့ဆုံဆွေးနွေး ပြောဆိုမှုများ ပြုလုပ်ပြီး စီမံကိန်း၏ အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်မှုရှိကြောင်း သေချာစေရန် စီမံကိန်းတွင် (**Gender Plan**) ဟုခေါ်သော **ကျား၊မတန်းတူရေးအတွက် အစီအစဉ်** ထည့်သွင်း ရေးဆွဲထားခြင်း ပြုရမည်။ ဤအစီအစဉ်ကို ပြုလုပ်ခြင်း နှင့် အကောင်အထည်ဖော်ခြင်း တို့ အတွက် ကုန်ကျစားရိတ်များကို စီမံကိန်းကုန်ကျစားရိတ် ၏ တစ်စိတ် တစ်ဒေသ အဖြစ်သတ်မှတ်ရမည်။ စီမံကိန်းကို ADB ၏ ဥက္ကဋ္ဌထံ သို့ အဆိုပြုထောက်ခံသော အခါ (စာမျက်နှာ ၇၉ တွင် ကြည့်ပါ) တွင် ကျား၊မ တန်းတူရေး အစီအစဉ် ကိုပါ ထည့်သွင်းတင်ပြရသည်။ ကျား၊မ တန်းတူရေး အစီအစဉ်ကို ဆက်လက် ဆောင်ရွက်ရန် နှင့် **စောင့်ကြည့်လေ့လာရန် စီမံကိန်း ဆောင်ရွက်သူ**တွင် တာဝန် ရှိသည်။



### *အမျိုးသမီးများကို စီမံကိန်း ၏ အဆင့်တိုင်းတွင် ထည့်သွင်းပါဝင်မှု ရှိရမည် ဟု ADB က ပြောတယ်*

ADB ၏ စည်းကမ်းများက အမျိုးသမီးများအပေါ် စီမံကိန်း၏ အကျိုးသက်ရောက်မှုကို အထူးသတိပြုရမယ်၊ ပြီးတော့ ဆုံးဖြတ်ချက်တွေ ချမှတ် တဲ့ နေရာမှာ အမျိုးသမီးတွေ ရဲ့ ပါဝင်ဆောင်ရွက်မှု ကိုလည်း ပေးဖို့ လိုအပ်ပါတယ်။ ADB ရဲ့ ကိုယ်ပိုင်မူအရ

- အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှု အချို့ကိစ္စရပ်များကို **သဘာဝပါတ်ဝန်းကျင် ဆိုင်ရာ အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ချက် (EIA)** (စာမျက်နှာ ၄၉ တွင်ကြည့်ပါ) ပြုလုပ်စဉ်ကတည်းက ထည့်သွင်း စဉ်းစားထားရမည်။
- ကျား/မ တန်းတူရေးကို ပြန်လည်နေရာချထားပေးမှု အစီအစဉ် (အိမ်ယာနေထိုင်မှု အခွင့်အရေး၊ စာမျက်နှာ **၆၈** တွင် ကြည့်ပါ) ကို ပြုလုပ်စဉ် တွင် ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ **အလိုဆန္ဒမပါဘဲ နေရာရွှေ့ပြောင်း ပေးရခြင်း** အတွက် အမျိုးသမီးများ အပါအဝင် **ရွှေ့ပြောင်း** ပြည်သူလူထု နှင့် ပစ်ပယ်ခံထားမှု နှင့် ဖိနှိပ်ခွဲခြားဆက်ဆံ ခံရရန် လွယ်ကူသည့် သူများကိုလည်း အခြေအနေများ ဖန်တီးပေးရန်လိုအပ်ပါတယ်။ **ပြန်လည်နေရာချထားရေး အစီအစဉ်**တွင် ပါဝင်သော **ဝင်ငွေ ပြန်လည်ရရှိစေသည့် အစီအစဉ်** ကို အမျိုးသမီးများ နှင့် အမျိုးသမီး အဖွဲ့များ နှင့် ဆွေးနွေးညှိနှိုင်းပြီး ရေးဆွဲရမှာပါ။ အမျိုးသမီး ဦးစားပေး ဝင်ငွေ ရရှိရေး လှုပ်ရှားမှုများကို တည်ထောင်ပေးပြီး **အစိုးရမဟုတ်သော အရပ်ဘက် အဖွဲ့ (NGOs) များ၊** အမျိုးသမီးအဖွဲ့များ နှင့် အခြား လူထုအခြေပြု အဖွဲ့အစည်းများကိုလည်း ထည့်သွင်း ထားဖို့လိုတယ်။
- **ဌာနေတိုင်းရင်းသားများ** နဲ့ ပါတ်သက်တဲ့ မူဝါဒ အတွက် စီမံကိန်းမှ အကျိုးကျေးဇူးများကို အမျိုးသမီးများပါ ပါဝင်ရရှိ စေရမည်။ (စာမျက်နှာ **၅၆** ရှိ ဌာနေတိုင်းရင်းသားများ ၏ အခွင့်အရေး တွင်ကြည့်ပါ။)

အမျိုးသမီးအခွင့်အရေး နှင့်ပါတ်သက်၍ မည်သည့် ဘေးကင်းလုံခြုံရေး မူဝါဒမျှ တိတိကျကျ မရှိပါ။ သို့သော် (**ဘေးကင်းလုံခြုံရေး မူဝါဒများ** ၏ တရားဝင် ရေးသားဖော်ပြထားချက် ဖြစ်သော) **လုံခြုံရေးမူဝါဒ ကြေငြာချက်** (safeguard policy statement) တွင်မူ အမျိုးသမီးများကို စီမံကိန်း အကျိုးဆက်များ နှင့် စိန်ခေါ်မှုများ မှ ကာကွယ်မှု ပေးမည်၊ **တွေ့ဆုံဆွေးနွေးမှု များ**တွင် အမျိုးသမီးများ ပါဝင်မှု ရှိစေမည်၊ ထို့အပြင် **ငွေးဆိုမှု ပြုခြင်း ယန္တရား** (စာမျက်နှာ ၉၇ /တွင် ကြည့်ပါ) သည် အမျိုးသမီးများ ၏ လိုအပ်ချက်များ နှင့် အကျိုးစီးပွားများကို တုံ့ပြန်မှု ပေးရမည်၊ ဟု ထည့်သွင်း ပြောကြားထားပါသည်။



## ဖြစ်ရပ်။ အင်ဒိုနီးရှား ရှိ ဆစ်ထရမ်မြစ် စီမံကိန်း ပြည့်တန်ဆာများကို နေရာ ဖယ်ရှားမှု

အင်ဒိုနီးရှားနိုင်ငံ ဆစ်ထရမ်မြစ် ကမ်းဘေးရှိ ကာရာဝန်မြို့တွင် ADB က ရေ စီမံခန့်ခွဲ အသုံးချရေး စီမံကိန်း (စာမျက်နှာ ၅၄ ရှိဖြစ်ရပ်ကို ကြည့်ပါ။) တစ်ခုကို ငွေကြေးထောက်ပံ့မှု ပေးခဲ့သည်။ ထိုနေရာ တစ်ဝိုက်မှာ ပြည့်တန်ဆာများ အသုံးပြုကြသော ကော်ဖီဆိုင်ငယ်ကလေးများ ရှိသည်။ ADB စီမံကိန်းကို လက်ခံခွင့်ပြုစဉ်က အခါတွင် ထိုအမျိုးသမီးများကို ပြန်လည်နေရာချထားပေးရေး အစီအစဉ် မပါဝင်ခဲ့ပေ။ မည်သို့ပင်ဆိုစေ ကြိုတင်သတိပေးမှု၊ **နစ်နာကြေးပေးလျော်မှု** သို့မဟုတ် ကူညီပံ့ပိုးမှု တစ်စုံတစ်ရာ မရှိဘဲ ၄င်းတို့ကို ထိုနေရာမှ ရွှေ့ပြောင်းစေခဲ့ပြီး ၄င်းတို့၏ ဘဝကို ပြန်လည်တည်ဆောက်စေခဲ့ သည်။

ပြည့်တန်ဆာအဖြစ် အသက်မွေးသော အမျိုးသမီးများ၏ **လူသားဂုဏ်သိက္ခာ** နှင့် လူ့အခွင့်အရေး မှာလည်း အခြားသူများ အားလုံးအတွက် လိုအပ်သည့် နည်းတူ အရေးပါသည်။ သို့သော် လူ့အသိုင်းအဝိုင်းရှိ လူများစုက လေးစားခြင်း မရှိသော ဖယ်ကျဉ်ထားခြင်းခံရသော အသက်မွေးမှု လုပ်ငန်းကို လုပ်ကိုင်သော အမျိုးသမီးများ အတွက်မူ စီမံကိန်းလုပ်ငန်းများ ၏ ထိခိုက်နစ်နာဆုံးရှုံးစေသော အကျိုးဆက်များကို တွေ့ကြုံရလျှင် ၄င်းတို့ကို  ထိခိုက်ရန် ပိုမို လွယ်ကူနေလေ့ ရှိသည်။ ADB ၏ လုံခြုံရေးမူဝါဒက စီမံကိန်းကို ဆောင်ရွက်သူသည် ဖိနှိပ်ချုပ်ချယ်ခံရရန် နှင့် ပစ်ပယ်ခံရခြင်းများ ဖြစ်ရန် လွယ်ကူသော အုပ်စုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အထူးဂရုစိုက် ဆောင်ရွက် ရန် ပြဌာန်းထားသည် (ADB မှ သတ်မှတ်ထားသော **ထိခိုက်ခံရရန် လွယ်ကူသော အုပ်စုများ**ကို ကိုးကားသည်)။

ADB စီမံကိန်းအားလုံးတွင် နေရာရွှေ့ပြောင်းခံ ပြည်သူများ အားလုံး ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ နေအိမ်များ နှင့် အခြား အခြေခံ လိုအပ်ချက်များ ကို ပြန်လည် ရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်သည်။

ADB နှင့် အင်ဒိုနီးရှားအစိုးရက ထိုအမျိုးသမီးများကို နေရာမှ ဖယ်ရှားပစ်ရန် ဆစ်ထရမ်မြစ် စီမံကိန်းကို အခွင့်ကောင်းယူခဲ့ကြသည်။ ပြန်လည်နေရာချထားရေး အစီအမံကို ပြုလုပ်ဖန်တီးပေးရန် ပျက်ကွက်ခြင်း အားဖြင့် ADB နှင့် စီမံကိန်းကို ဆောင်ရွက်သူတို့က ထိုအမျိုးသမီးများ၏ လူ့အခွင့်အရေးကို အရှက်အကြောက်မဲ့ ရဲတင်းစွာ ချိုးဖောက်ခဲ့ကြသည်။



## လူထုအဖွဲ့အစည်းများ အတွက် အကြံပြုချက်။ အမျိုးသမီး အခွင့်အရေးများကို ခုခံကာကွယ်ခြင်း

အာရှတစ်ခွင်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နှင့် ဓလေ့ထုံးစံများမှာ အလွန်ကွဲပြားခြားနားသော မူကွဲများ ရှိကြသည်။ အချို့နိုင်ငံများတွင် အမျိုးသမီးများမှာ ခေါင်းဆောင်များ ဖြစ်ကြပြီး လူထုရှေ့တွင်ပင် စကားပြောဆိုနိုင်ကြသည်။ အချို့ အသိုင်းအဝိုင်းများတွင်မူ မိမိတို့၏ အိမ်တွင်သာ မိသားစုကို ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် ကူညီရန်သာ စကားပြောဆိုကြပြီး အများရှေ့တွင် လင်ယောကျ်ားများ နှင့် အကို၊ မောင် စသည့် သားချင်းများကသာ စကားပြောဆိုသည်။ သို့သော် လူထုအဖွဲ့အစည်းက လူ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရန် စုစည်းဆောင်ရွက်နေသော နေရာတိုင်းတွင် အမျိုးသမီးများက တက်တက် ကြွကြွ ပါဝင်လေ့ ရှိကြသည်။

အမျိုးသမီးများသည် ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် အကောင်းဆုံးနည်းလမ်းကို ဆုံးဖြတ်ရန် နှင့် ဆုံးဖြတ်ချက် ပြုလုပ်ရာတွင် ဦးဆောင်ရန် အတူတကွ စုရုံးနိုင်ကြသည်။ အကယ်၍ သင်တို့ လူထုအဖွဲ့အစည်းတွင် အမျိုးသမီး အများစုသည် နေ့ဘက်တွင် အလုပ်များပြီး ညနေပိုင်းတွင် အချိန်ရပါက စီမံကိန်း ဆောင်ရွက်သည့်သူကို အစည်းအဝေးများ ကို ညနေပိုင်းတွင်သာ ကျင်းပရန် တောင်းဆိုပါ။ အကယ်၍ ရွာတွင် နေထိုင်ကြသော အမျိုးသမီးများ အတွက် ADB ၏ အမျိုးသား အမှုထမ်းများနှင့် စကားပြောဆိုရန် အတွက် အဆင်မပြေပါက ADB စီမံကိန်းမှာ အမျိုးသမီး ဝန်ထမ်းထားပေးရန် ပြောပါ။

စီမံကိန်းများက ပြန်လည်နေရာချထားမှု ကို ဖြစ်စေသော နေရာတွင် အမျိုးသမီးများသည် ပြန်လည်နေရာချထား ရန် နေရာများ ကို ပုံစံပြုလုပ်ရာတွင် ဦးဆောင်သည့် အခန်းကဏ္ဍ နှင့် ဝင်ငွေ ဖြစ်ပေါ်စေရေး နှင့် အလုပ်နေရာ ဖန်တီးရေး အတွက် အစီအစဉ်များကို ရေးဆွဲရာ တို့တွင် ပါဝင်ဦးဆောင်နိုင်ကြသည်။

လူထုအဖွဲ့အစည်း လှုပ်ရှားတောင်းဆိုသူ များသည် အမျိုးသမီးများ၏ လိုအပ်မှုများကို အလွယ်တကူ သိရှိနိုင်ရမည်။ အမျိုးသမီးများကို ၎င်းတို့ သက်တောင့်သက်သာ ရှိစေရန် နှင့် တက်ကြွစွာ ပြောဆိုရန် ခွန်အား ရှိစေရန် အစည်းအဝေးများကို မည်ကဲ့သို့သော နည်းလမ်းများဖြင့် ပြုလုပ်သင့်သည်ကို မေးမြန်းပါ။ ဥပမာ - အမျိုးသမီး အတော် များများသည် လူများစွာ ပါဝင်သော တရားဝင်ပြုလုပ်သည့် အစည်းအဝေး များထက် လူအနည်းငယ်သာ ပါဝင်သော အလွတ်သဘောတွေ့ဆုံသည့် အုပ်စုများ အတွင်းတွင် စကားပြောဆိုရသည်ကို ပို၍ နှစ်သက်ကြသည်။ ၎င်းတို့သည် သေချာပုံစံတကျ ကျင်းပပြုလုပ်သည့် အစည်းအဝေးမဟုတ်သော်လည်းထို ဆွေးနွေးမှုများကို အလေးအနက် ထားပြီး သင့်တော်မှန်ကန်စွာ မှတ်တမ်းယူသင့် သည်။ အစည်းအဝေးများကို ကူညီအားပေးသော ပုဂ္ဂိုလ်က ကျား၊မ တန်းတူရေးကိစ္စရပ်များကို သိမြင်ခံစားလွယ်သူ ဖြစ်စေရန် သေချာပါစေ သို့မှသာ အမျိုးသမီးများ၏ ပြောဆိုခံစားရမှုများကို ကြားသိပြီး လေးစားလိုက်နာနိုင်ပေမည်။

အမျိုးသမီးများထံမှ အကြံပြုချက်များ နှင့် အတွေးအမြင်များကို စုဆောင်းရန် အမျိုးသမီးများ အလုပ်လုပ်ရာ လယ်ကွင်းများ၊ မီးဖိုချောင်များ၊ ကျောင်းများ၊ အလုပ်ရုံများ နှင့် နေအိမ်များ စသော နေရာများ သို့ သွားပြီး သူတို့နဲ့ အတူတူ အချိန်ပေးဆွေးနွေးပြောဆိုပါ။

အမျိုးသမီးများ၏ အုပ်စုများ အတွင်းတွင်ပင် သက်ကြီး နှင့် သက်ငယ်၊ ဇာတ်နိမ့် နှင့် ဇာတ်မြင့်၊ ရေပေါ်ဆီ နှင့် သာမန်၊ စသော ဆက်ဆံရေးဆိုင်ရာ အင်အားပြိုင်မှု များ ရှိသည်။ အမျိုးသမီးများကို ဦးဆောင်ရန် အားပေးထောက်ခံ နေစဉ်တွင်ပင် ထို ဆက်ဆံရေး အားပြိုင်မှုများကို ထည့်သွင်း တွက်ချက်ပြီး အုပ်စုဖွဲ့ခြင်း ၏ ဘက်လိုက်မှုများ နှင့် မညီမျှမှုများကို သတိပြုပါ။

အကယ်၍ အချို့ အမျိုးသားများက အမျိုးသမီးများကို ဖွင့်ဟပြောဆိုရန် အားမပေးပါက ကျွန်ုပ်တို့ အောင် မြင်ရန် ကျွန်ုပ်တို့၏ လူထု အဖွဲ့အစည်းဝင် သက်ရှိလူသားများ အားလုံးက အားတက်သရော ပါဝင်ဆောင်ရွက်ကြပြီး ဦးဆောင်ကြရမည် ဆိုတာကို ပြန်လည်သတိပေးပြောကြားပါ။




**အာရှ နှင့် ကမ္ဘာ တစ်ခွင် တွင် ဖွံ့ဖြိုးတိုးတက်ရေး က လူ့အခွင့်အရေးကို လေးစားမှု ရှိစေရန် ပြုလုပ်သော လှုပ်ရှားမှုတွင် အမျိုးသမီးများသည် ခေါင်းဆောင်များ ဖြစ်သည်။**

## သတင်းအချက်အလက်များ ရရှိခွင့်




ကျွန်ုပ်တို့ လူထုအဖွဲ့အစည်းတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်တဲ့ ဆုံးဖြတ်ချက်တွေကို ပြုလုပ်နိုင်ဖို့ အတွက် ကျွန်ုပ်တို့တွေမှာ သတင်းအချက်အလက်တွေ လိုအပ်ပါတယ်။ သတင်းအချက်အလက်များ ရပိုင်ခွင့်က ပြည်သူတွေကို သူတို့ရဲ့ အခွင့်အရေးတွေ မှာ အန္တရာယ်ရှိလာတဲ့အခါ သိရှိစေဖို့ နဲ့ သူတို့ရဲ့ အခွင့်အရေးတွေကို ထိပါးမှု တွေ ဖြစ်လာတဲ့အခါ ဘာလုပ်ရမလဲ ဆိုတာကို သိရှိစေပါတယ်။ ဒါကြောင့်ဘဲ နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာ ကြေငြာစာတမ်း က "သတင်းအချက်အလက်များ လွတ်လပ်ခွင့် ဆိုတာ အခြေခံလူ့အခွင့်အရေး ဖြစ်ပြီး အားလုံးသော လွတ်လပ်ခွင့်များအတွက် လိုအပ်တဲ့ အဆင့်ဖြစ်တယ်" လို့ပြောထားတာပါ။

သတင်းအချက်အလက် ကို အစိုးရ သို့မဟုတ် အခြားဘယ်အဖွဲ့အစည်းက မှ မပိုင်ဆိုင်ပါဘူး။ လူတိုင်းက ပိုင်ဆိုင်တာပါ။ သတင်းအချက်အလက် မရရှိခြင်းက ပြည်သူတွေကို သူတို့ရဲ့ အမြင့်ဆုံးစွမ်းဆောင်နိုင်မှု အထိရောက်အောင် ဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အရေးကို ပိတ်ဆို့စေပါတယ်။ ထို့ကြောင့် သတင်းအချက်အလက် ရရှိခွင့် ဆိုတာ ကောင်းမွန်သန့်စင်မ်းတဲ့ သဘာဝပါတ်ဝန်းကျင်ကို ရရှိခွင့် နဲ့ ပူးပေါင်းပါဝင်ဆောင် ရွက်နိုင်ခွင့် စတဲ့ အခြားအခွင့်အရေးတွေ ကို ကာကွယ်စောင့်ရှောက်ဖို့ အတွက် မရှိမဖြစ် လိုတာပါ။

## သတင်းအချက်အလက် ရယူပိုင်ခွင့် ကို ကာကွယ်ဖို့ ADB က ဘာလုပ်ရမလဲ




ADB မှ ငွေထောက်ပံ့ပေးထားသော စီမံကိန်းများ က **စီမံကိန်းဆောင်ရွက်သူများ**အား ဆိုးကျိုးကို ခံစားရသော လူများ မှ လူတိုင်းနားလည် နိုင်သည့် သတင်းအချက်အလက်များကို ပြုလုပ်ထုတ်ဝေပေးပြီး **အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှု** များဆောင်ရွက်ခွင့်ပြု ပေးရန် လိုအပ်သည်။ ADB **က ထိုသို့ ဆောင်ရွက်ကြောင်းကို** သေချာစေရန် ဆိုးကျိုးကို ခံစားရသော ပြည်သူများက ADB ၏ ပြည်သူလူထု ဆက်ဆံရေး မူဝါဒ (စာမျက်နှာ ၄၁ တွင် ကြည့်ပါ) နှင့် **နောက်ဆက်တွဲ အကျိုးဆက် တာဝန်ခံမှု ဖြစ်စဉ် ယန္တရား** (စာမျက်နှာ ၁၀၀ တွင်ကြည့်ပါ) ကို တောင်းဆိုပြောကြားနိုင်သည်။ ထို့နောက် သူတို့၏ အခွင့်အရေး ဖြစ်သော **လွတ်လပ်သော ကြိုတင် အသိပေးအကြောင်းကြား ထားခြင်း ခံရသည့် သဘောတူခွင့်ပြုမှု** (စာမျက်နှာ ၅၉ / တွင်ကြည့်ပါ) ကို တောင်းဆိုနိုင်သည်။

ADB က ဆိုးကျိုးခံစားရသော ပြည်သူများကို သတင်းအချက်အလက်များ ကို သိရရန် အတွက် ခက်ခဲစေရန် ပြုလုပ်ထားပါက ၄င်းကိုယ်တိုင်က သတင်းအချက်အလက် ရယူခွင့် ကို ချိုးဖောက်ခြင်း ဖြစ်သည်။

## လူထုဆက်ဆံရေး မူဝါဒ

ADB ၏ လူထုနှင့် ဆက်ဆံရေး မူဝါဒ သည် **လုံခြုံရေးမူဝါဒများ** အမှန်တကယ် အလုပ်ဖြစ်စေရန် အရေးကြီးသည့် ကိရိယာ တစ်ခုဖြစ်သည်။ ဤ မူဝါဒအရ ADB ၏ ဝန်ထမ်းများသည် ထိခိုက်ခံရသော ပြည်သူများ နှင့် ပြည်သူလူထုအား သတင်းအချက်အလက်များကို ပွင့်လင်းစွာ နှင့် တိုက်ရိုက် ဖြန့်ဝေပေးရမည် ဖြစ်သည်။

### *သတင်းအချက်အလက် ထုတ်ပြန်ပေးရေး အကြောင်း ADB ရဲ့အပြော*



"ADB က သတင်းအချက်အလက်တွေ ကို အချိန်နဲ့ အညီ၊ ရှင်းရှင်းလင်းလင်း၊ လိုက်လျောညီထွေ ရှိတဲ့ နည်းလမ်းနဲ့ ဆိုးကျိုးခံစားရမယ့် သူတွေကို စောစီးစွာ ရရှိအောင် ရဖို့ ပြုလုပ်ပေးရပါမယ်။ သို့မှသာ ၄င်းတို့က စီမံကိန်း၏ ပုံစံ ကိုပြုလုပ်ရာတွင် အဓိပ္ပါယ်ရှိသော အကြံပြုချက်များကို ဖြည့်ပေးနိုင်ရန် အချိန်ရမည်။ အများပိုင် အဖွဲ့အစည်းတစ်ခု ဖြစ်တဲ့အတွက် ADB က လူထုတစ်ရပ်လုံးကို တာဝန်ခံမှု ရှိရပါမယ်။" – ADB ရဲ့ လူထုနဲ့ ဆက်ဆံရေး မူဝါဒ မှာဖော်ပြထားတာပါ။

### *လူထုအဖွဲ့အစည်းတွေ ရဲ့ အတွေ့အကြုံ*



ADB က သတင်းအချက်အလက်တွေကို တို့တွေ နားလည်တဲ့ပုံစံ နဲ့ တို့တွေ လိုအပ်တဲ့ အချိန်မှာ တို့တွေ ဘယ်လို လုပ်ရှားဆောင်ရွက် ရမယ် ဆိုတာကို သိဖို့ အထောက်အကူဖြစ်အောင် ပြုလုပ်ထုတ်ပြန်ပေးတာ ရှားပါး ဖြစ်စဉ်ပါ။

## စီမံကိန်းရဲ့ စာရွက်စာတမ်းတွေ ရယူပါ

လူထုဆက်ဆံရေး မူဝါဒအောက်မှာ ADB က ၄င်းတို့ ငွေထုတ်ပေးထားသော စီမံကိန်း တိုင်းရဲ့ အကြောင်းကို ရိုက်နှိပ်ထုတ်ဝေရမှာပါ။ အရေးအကြီးဆုံးကတော့ စီမံကိန်းရဲ့ **သတင်းအချက်အလက်များကို ရေးသား ဖော်ပြထားတဲ့ စာရွက်စာတမ်း (PID)** ဘဲဖြစ်ပါတယ်။ ဒီစာရွက်စာတမ်းတွေက စီမံကိန်းရဲ့ နည်းပညာ အသေးစိတ် ကို ရှင်းလင်းဖော်ထားပါတယ်။ **စီမံကိန်းကို အစီအစဉ်ဆွဲစဉ်** ကတည်းက ဒီဟာတွေကို လုပ်ပေးပြီး ADB က (၃) လ တစ်ခါ နောက်ဆုံးအခြေအနေကို ပြောပြရမှာပါ။

စီမံကိန်းရဲ့ သတင်းအချက်အလက်တွေ ရေးသားဖော်ပြချက်ကို စီမံကိန်းအစပိုင်းမှာ ရရှိဖို့ နဲ့ ဘယ်အချိန်မှာ နောက်ထပ်အသစ်ထွက်လာတယ် ဆိုတာကို သိဖို့အတွက် သင်တို့က စီမံကိန်းရဲ့ အမည်အတိအကျ နဲ့ အမှတ်စဉ်ကို သိဖို့လိုပါတယ်။**အန်ဂျီအို** တွေက ဖြစ်ဖြစ် ကျောင်းသူကျောင်းသား တွေကဖြစ်ဖြစ် အဲဒီလို အင်တာနက်ကနေရှာတဲ့ အလုပ် အတွက် ကူညီလေ့ရှိပါတယ်။ ဒါမှ မဟုတ်ရင်လည်း ကိုယ်ကိုယ်တိုင် အေဒီဘီ ရဲ့ ဂဘ်ဆိုဒ်ထဲမှာ စီမံကိန်းမှတ်တမ်း(PID) ကို ရှာတာပဲဖြစ်ဖြစ် စီမံကိန်းလုပ်နေတဲ့ဒေသက အေဒီဘီ ဂန်ထမ်းတွေကို ဒါမှမဟုတ် အကောင်အထည်ဖော်နေတဲ့ အေဂျင်စီ တွေကို မေးတာမျိုးလုပ်နိုင်ပါတယ်။

ADB စီမံကိန်းတစ်ခု ၏ **လုပ်ငန်း လည်ပါတ်ဆောင်ရွက်ပုံ** မှာ စီမံကိန်း၏ အဆင့်များစွာကို **လေ့လာစောင့်ကြည့်**ဖို့ အခြားစာရွက်စာတမ်းတွေမှာ ဒါတွေ ပါတယ်။

- **ကနဦး ဆင်းရဲမွဲတေမှု နှင့် လူမှုရေး လေ့လာဆန်းစစ်ချက် (IPSA)**
- **နည်းပညာ ဆိုင်ရာ အထောက်အကူပြု အစီရင်ခံစာ (TAR)**
- လူမှုရေး နှင့် သဘာဝပါတ်ဝန်းကျင် လေ့လာစောင့်ကြည့်ရေး အစီရင်ခံစာ (SEMR)
- **သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက် လေ့လာဆန်းစစ်မှု အစီရင်ခံစာ (EIA)**
- ပြန်လည်နေရာချထားရေး စီမံမှု စာရွက်စာတမ်းများ (RPD)
- ဌာနေတိုင်းရင်းသားများ စီမံမှု စာရွက်စာတမ်းများ (IPP)
- **စီမံကိန်း ကြိုတင်ပြင်ဆင်မှု နည်းပညာနှင့် အထောက်အကူ စာရွက်စာတမ်းများ (PPTA)**
- **စီမံကိန်း စီမံအုပ်ချုပ်ကွပ်ကဲမှု မှတ်တမ်းမှတ်စုများ (PAM)**
- **ဥက္ကဌ ၏ အစီရင်ခံစာ နှင့် ထောက်ခံလမ်းညွှန်ချက် (RRP)**

ဤစာရွက်စာတမ်းများကို အင်တာနတ်ပေါ် တွင် ရှာဖွေရန် အောက်ပါလင့်သို့ သွားပါ။

http://www.adb.org



## စီမံကိန်း လေ့လာအကဲဖြတ်မှု

ADB က ၄င်း၏ စီမံကိန်းများ အားလုံးကို ဆောင်ရွက်စဉ် တောက်လျှောက်မှာ အကဲဖြတ်ဆုံးဖြတ်တယ်။ ဘဏ်က စီမံကိန်း လေ့လာသုံးသပ်အကဲဖြတ်မှု ပြုလုပ်ထားတဲ့ စာရင်းကို ၄င်းရဲ့ အင်တာနတ် စာမျက်နှာပေါ်မှာ နှစ်တိုင်းနှစ်တိုင်း ဒီဇင်ဘာလမှာ လာမယ့် နှစ်အတွက် ကြိုတင် ထုတ်ပြန်ထားတယ်။ ADB က ဒီ **လေ့လာ အကဲဖြတ်မှု** တွေကို ပြုလုပ်ဆောင်ရွက် တဲ့အခါမှာ ဘဏ်ရဲ့ အမှုထမ်းတွေ နဲ့ စီမံကိန်းဆောင်ရွက်သူတွေကို ဆက်သွယ်ပြီး စီမံကိန်းရဲ့ ဆိုးကျိုးတွေကို သူတို့ စိတ်ဝင်စားမှု ရှိအောင် သူတို့ကိုဆွဲဆောင်ပါ။

စီမံကိန်း နဲ့ ပါတ်သက်တဲ့ သတင်းအချက်အလက် စာရွက်စာတမ်းတွေ၊ အစီရင်ခံစာတွေ နဲ့ စောင့်ကြည့် အကဲဖြတ်မှုတွေ ကို ရရှိရန် -

- ↳ စီမံကိန်းအတွက် ဘယ်အစိုးရဌာနက တာဝန်ရှိတယ် ဆိုတာကိုသိလျှင် သူတို့ကို တိုက်ရိုက်မေးမြန်းပါ သို့မဟုတ် စီမံကိန်းရဲ့ လုပ်ငန်းအမှုဆောင် အဖွဲ့ ကို စာရေးသားပေးပို့ပါ။
- ↳ သင့်နိုင်ငံမှာ ရှိတဲ့ ADB ရဲ့ ဌာနေ လုပ်ငန်းဆောင်ရွက်မှု ရုံးကို စာဖြင့် သို့မဟုတ် တိုက်ရိုက် မေးမြန်းမှု ပြုပါ။ လိပ်စာကို ADB ရဲ့ အင်တာနတ်စာမျက်နှာ ပေါ်မှာ နိုင်ငံရဲ့ နာမည်ကို နှိပ်ပြီး ရှာဖွေနိုင်ပါတယ်။ (စာမျက်နှာ **၁၈၅** တွင်ကြည့်ပါ။)
- ↳ အကယ်၍ စီမံကိန်းနဲ့ ဆိုင်တဲ့ စာရွက်စာတမ်း နံပါတ်ကို သင်သိပြီး အင်တာနတ်ကို ဘယ်လို အသုံးပြုရတယ် ဆိုတာကို သင်သိရင် စီမံကိန်းကို အင်တာနတ်စာမျက်နှာပေါ်ကနေ ခြေရာခံပြီး စီမံကိန်း ဝန်ထမ်း သို့မဟုတ် တာဝန်ရှိတဲ့ ADB ရဲ့ ဝန်ထမ်းရဲ့ အီးမေးလ် လိပ်စာကို စစ်ဆေးပါ။ ဒါကိုလည်း  အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း နဲ့ ကျောင်းသားတွေ က အကူအညီပေးနိုင်ပါတယ်။
- ↳ သင်က ADB ရဲ့ ရုံးချုပ် သို့မဟုတ် သင့်နိုင်ငံရဲ့ ဌာနေ လုပ်ငန်းဆောင်ရွက်မှု ရုံး မှဝန်ထမ်းတွေ ထံကို စာရေးသား နိုင်ပါတယ်။ သင့် အီးမေးလ် ရဲ့ မိတ္တူ တစ်စောင်ကို ADB ရဲ့ ပြည်သူလူထုထံ သတင်း ပေး ဖွင့်ဟပြောဆိုမှု ဌာနစိတ် (InfoUnit) ကို disclosure@adb.org ဆိုတဲ့ အီးမေလ်း လိပ်စာထံသို့ တစ်စောင် အမြဲ ပို့ပေးပါ။
- ↳ သင်က သင့်နိုင်ငံမှာ ရှိတဲ့ ADB ရုံး နဲ့ ပြည်သူလူထုထံ သတင်း ပေး ဖွင့်ဟပြောဆိုမှု ဌာနစိတ် ကိုလည်း အောက်ပါလိပ်စာနဲ့ တောင်းဆို မေးမြန်းနိုင်ပါတယ်။

**လူထုထံ သတင်းပေးခြင်း နှင့် ဖွင့်ဟပြောဆိုမှု ဌာနစိတ် (InfoUnit)**
ပြင်ပဆက်ဆံရေးဌာန
အာရှဖွံ့ဖြိုးရေးဘဏ်
6 ADB Avenue
Mandaluyong City 1550
Metro Manila, Philippines
Email: disclosure@adb.org




သင့်ရဲ့ တောင်းဆိုမေးမြန်းမှု ကို ပြန်လည် မဖြေကြားခဲ့ရင်၊ သင်က အဲဒီအဖြေကို မကျေနပ်ခဲ့ရင် သို့မဟုတ် သင့်ရဲ့ မေးမြန်းမှုကို ပယ်ချခဲ့ရင် ရက် (၉၀) အတွင်းမှာ သင်က ဒီလိပ်စာကို စာရေးသားပေးပို့ နိုင်ပါတယ်။

**လူထုထံ ဖွင့်ဟပြောဆိုမှု အကြံပေးကော်မတီ (PDAC)**
ပြင်ပဆက်ဆံရေး ဌာန
အာရှဖွံ့ဖြိုးရေးဘဏ်
6 ADB Avenue
Mandaluyong City
1550 Metro Manila, Philippines
Email: pdac@adb.org
Fax: +63 2 636 2649.

လူထုထံ ဖွင့်ဟပြောဆိုမှု အကြံပေးကော်မတီ PDAC ကို ဆက်သွယ်ပေးပို့တဲ့ ဆက်ဆံမှု တွေကို ၄င်းရဲ့ အမြဲတမ်းရုံး ထံကိုလည်း ဒီ အီးမေးလ် လိပ်စာက တစ်ဆင့် ပေးပို့သင့်ပါတယ်။ disclosure@adb.org

လူထုထံ ဖွင့်ဟပြောဆိုမှု အကြံပေးကော်မတီ က အလုပ်လုပ်ရက် (၅) ရက်အတွင်းမှာ အကြောင်းပြန်ပြီး ရက်ပေါင်း (၂၀) အတွင်းမှာ တရားဝင် အဖြေပေးရပါမယ်။

တကယ်လို့ PDAC ရဲ့ ဆုံးဖြတ်ချက်ကို သင မကျေနပ်ရင် ရက်ပေါင်း (၉၀) အတွင်းမှာ လွတ်လပ်သော အယူခံမှု ကြီးကြပ်ရေးဌာန သို့ သင်တို့၏ စုပေါင်းလက်မှတ် ရေးထိုးတောင်းဆိုမှုကို ပေးပို့ နိုင်သည်။

**လွတ်လပ်သော အယူခံခွင့် ကြီးကြပ်မှု ဌာန (IAP)**
အာရှဖွံ့ဖြိုးရေးဘဏ်
6 ADB Avenue
Mandaluyong City
1550 Metro Manila, Philippines
Email: iap secretariat@adb.org
Fax to +63 2 636 2481

အယူခံစာ အားလုံးတွင် အောက်ပါတို့ ပါဝင်ရမည်။

- ↳ မူလက တောင်းဆိုမှုတွင် ပါဝင်သော သတင်းအချက်အလက်များ အသေးစိတ်ဖော်ပြချက်
- ↳ **သတင်းအချက်အလက်များ** ရရှိနိုင်မှုကို ကန့်သတ်ခြင်းအားဖြင့် ADB က ၎င်း၏ **မူဝါဒများ**ကို ချိုးဖောက် ထားကြောင်း အချက်အလက်များ ပါဝင်သည့် ဖော်ပြချက်

အဖွဲ့ က အလုပ်လုပ်ရက် (၅) ရက်အတောအတွင်း အကြောင်းပြန်ကြားပြီး ရက်ပေါင်း (၂၀) အတွင်းတွင် တရားဝင် အဖြေပေး ရမည်။

## လူထုအဖွဲ့အစည်းအတွက် အကြံပြုချက်။ ။ သတင်းအချက်အလက် ရယူခြင်း

ADB က စာရွက်စာတမ်းများ အားလုံးကို သင်တို့၏ ဒေသခံ ဘာသာစကားဖြင့် ပြုလုပ်ပေးအပ် ရမည်။ အကယ်၍ ထိုသို့ မပြုလုပ်ခဲ့ပါက နောက်ဆက်တွဲ အကျိုးဆက် တာဝန်ခံမှု ဖြစ်စဉ် ယန္တရား (စာမျက်နှာ **၁၀၀** တွင်ကြည့်ပါ) ထံသို့ **တိုင်တန်း**နိုင်ပါသည်။



အစိုးရထံမှ သတင်းအချက်အလက်များကို ရရှိရန် အတွက် ယုံကြည်ရသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် တွဲဖက်ဆောင်ရွက်ပါက အကူအညီရပါသည်။ ထို့အပြင် ADB မှ စာရွက်စာတမ်းများသည် အလွန်တရာ နည်းပညာ ဆန်ပြီး နားလည်ရခက်ပါသည်။ စာရွက်စာတမ်းများကို အဓိပ္ပါယ်ဖွင့် ပြောပြရန် **မိတ်ဆွေများ** ထံမှ ကူညီထောက်ပံ့မှုကို တောင်းခံပါ။

ADB မှ သတင်းအချက်အလက်များကို ရယူလိုပြီး စီမံကိန်း၏ အကြီးအကဲ အရာရှိ အမည်ကို သင်သိရှိပါက အီးမေးလ် လိပ်စာမှာ အများအားဖြင့် နံမည် ၏ ပထမဆုံးစာလုံး အက္ခရာ နှင့် နောက်ဆုံးစာလုံး (မျိုးရိုးနာမည်)၊ ထို့နောက်တွင် "@adb.org" ဟု ဖြစ်ပါမယ်။ ဥပမာ - အရာရှိ၏ နာမည်မှာ Christopher Tanaka ဖြစ်ပါက အီးမေးလ် လိပ်စာမှာ - ctanaka@adb.org ဟု ဖြစ်ပါမည်။

မှတ်တမ်းများ တောင်းဆိုရာတွင် အဘယ်ကြောင့် အချို့ မှတ်တမ်းများမှာ လူထုကို အသိပေး သင့်သည် ဖြစ်ကြောင်း ရှင်းလင်းချက် နှင့် အတူ စီမံကိန်း အကြောင်း အသေးစိတ် ဖွင့်ဆိုထားမှု ကို တောင်း သင့်ပါတယ်။ စာတွင် ADB ကသူကိုယ်တိုင် ချမှတ်ထားသည့် မူဝါဒများ နှင့် ဒေသခံလူထု၏ အခွင့်အရေးများကို မည်သို့ ချိုးဖောက်ခဲ့သည် ကိုပါ ထည့်သွင်း ဖော်ပြသင့်သည်။

မည်သည့်အစိုးရ အဖွဲ့က စီမံကိန်းကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်ကို ရှာဖွေစုံစမ်းပါ။ ပြီးလျှင် ထိုအဖွဲ့အစည်းထံမှာ သတင်းအချက်အလက်များ ရရှိရန် ကြိုးစားပါ။ အချို့နိုင်ငံများတွင် သတင်းအချက်အလက် များ ရရှိခွင့်ကို ဥပဒေပုဒ်မ ပြဋ္ဌာန်းထားသည်။ သင်တို့၏ အစိုးရကို စီမံကိန်းအကြောင်း သတင်း အချက်အလက် ကို ဖွင့်ဟအသိပေးရန် ဖိအားပေးဖို့ ထိုဥပဒေများကို အသုံးပြုပါ။ (အကယ်၍ သင့်မှာ သတင်းအချက်အလက်များ ကို သိရှိခွင့် ဥပဒေပုဒ်မ တစ်ခုမျှသင်တို့နိုင်ငံမှာ မရှိပါက တစ်ခုလောက်သင်တို့ နိုင်ငံမှာ ရရှိအောင် စုစည်းဆောင်ရွက်ပါ။)

ပုဂ္ဂလိက ကုမ္ပဏီများထံမှ သတင်းအချက်အလက်များ ရယူရသည်မှာ အမြဲလို ခက်ခဲလေ့ရှိသည်။ သို့သော် တခါတရံတွင် သင်တို့က အမျိုးသား **လူ့အခွင့်အရေး** ကော်မရှင် စသော အစိုးရအဖွဲ့အစည်း ကို သင်တို့အတွက် သတင်းအချက်အလက် ရယူပေးရန် တွန်းအားပေးနိုင်သည်။

## အခြားအသုံးဝင်သော သတင်းအချက်အလက်များ ရရှိခြင်း

တကယ့်လက်တွေ့တွင် ADB က သတင်းအချက်အလက်များကို ပေးစေကာမူ စီမံကိန်းအပေါ် အမြင်လုပ်စေမည့် သတင်းအချက်အလက်များ ကိုသာပေးလေ့ ရှိသည်။ အမှန်တရားတစ်ခုလုံးကို ပြောပြရန် အတွက် ဘဏ်အရာရှိ များကို အားမကိုးပါနှင့်။ ADB နှင့် စီမံကိန်းကို ဆောင်ရွက်သူတို့ က ကျေးလက်လူထု နားလည်နိုင်သော နည်းလမ်းဖြင့် ဖြန့်ဝေပေးသော သတင်းအချက်အလက်များ ကို ရရှိသည့် အပြင် သင်ကိုယ်တိုင်လည်း




- ↳ ကုမ္ပဏီအကြောင်းကို လေ့လာစုံစမ်းပါ။ ယခင်က သူတို့ ပြုလုပ်ထားသော အလားတူစီမံကိန်းများ နှင့် ပါတ်သက်သော အကြောင်းအရာများကို သင် အင်တာနက်ပေါ်တွင် တွေ့ရှိနိုင်ပါသလား။ ထိုလေ့လာစုံစမ်းမှု ကို ပြုလုပ်ရန် ကျောင်းသားများ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီရယူပါ။ (လေ့လာစုံစမ်းရန် အကြံဉာဏ်များ ကို စာမျက်နှာ **၁၂၈** တွင်ကြည့်ပါ။)
- ↳ ဤကဲ့သို့သော စီမံကိန်းများ ကြောင့် မကြာခဏ ဖြစ်တတ်သော အကျိုးသက်ရောက်မှုများကို လေ့လာပါ။ ဉပမာ- သတ္တုတူးဖော်ရေး လုပ်ငန်းတစ်ခုဖြစ်ပါက ထိုကဲ့သို့သော သတ္တုတူးဖော်ခြင်းကြောင့် ဖြစ်လေ့ရှိသည့် အကျိုးဆက် တွေက ဘာတွေလဲ။ ဒီစီမံကိန်းက အဲဒါတွေနဲ့ မတူဘူးလို့ တွေးထင်လို့ ရမည့် အကြောင်းရင်း တစ်ခုခုများ ရှိသလား။
- ↳ သင်တို့ဒေသမှာ စီမံထားတဲ့ စီမံကိန်း အကြောင်း သတင်းစာစောင်တွေ သို့မဟုတ် သတင်းမီဒီယာ ဆောင်းပါးတွေ ကို စောင့်ကြည့်ပါ။ တစ်ခါတစ်ရံမှာ မည်သူကမျှ စီမံကိန်းများကို ရေးဆွဲပြင်ဆင်နေသည့် အကြောင်း ကို ကျွန်ုပ်တို့ကို မပြောပြဘဲလည်း ကျွန်ုပ်တို့ဘာသာ စုံစမ်းတွေ့ရှိရတာ မျိုးလည်း ရှိတတ်တယ်။
- ↳ သတင်းစာဆရာတွေ နဲ့ သူငယ်ချင်းလုပ်ပြီး သူတို့ကို စီမံကိန်းအကြောင်း လေ့လာစုံစမ်းစစ်ဆေးမှု (စာမျက်နှာ **၁၃၅** တွင်ကြည့်ပါ) တွေ ပြုလုပ်ဖို့ အကူအညီတောင်းပါ။
- ↳ အလားတူကိစ္စရပ်မျိုးကို ကြုံတွေ့နေရသော လူထုအဖွဲ့အစည်းများကို သွားလာ စကားပြောဆိုကြည့်ပါ။ (သတင်းအချက်အလက်ရင်းမြစ် ၊ စာမျက်နှာ **၁၁၉** တွင်ကြည့်ပါ။)

## လေ့ကျင့်ခန်း

### ဖြေရှင်းနည်းကို ရှာဖွေရန် ပြဿနာကို အနီးကပ်ကြည့်ခြင်း



**ရည်ရွယ်ချက်။** အချို့သော ADB စီမံကိန်းများ ၏ အမှားအယွင်းများကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာဆွေးနွေး ပြုလုပ်ရန် နှင့် ဖြေရှင်းချက်များ ကို ရရှိရန် မည်သို့ အလုပ်လုပ်ကြရန် ပြည်သူများ၏ အတွေးအမြင်များကို စုဆောင်းသော ဆွေးနွေးမှု တစ်ခုပြုလုပ်ရန်။

**ကြာချိန်။** (၆၀ - ၉၀) မိနစ်ခန့်

**လိုအပ်သည့် ပစ္စည်းများ။** ဤစာမျက်နှာပေါ်ရှိ ရုပ်ပုံ နှင့် သင်တို့၏ အတူတကွ ပုံဖော်ထားသော စိတ်ကူးများ

ADB ၏ **လုံခြုံရေးမူဝါဒများ**ကို လေ့လာ သိရှိပြီးသောအခါတွင် ဤစာမျက်နှာ (၂) မျက်နှာပေါ်တွင် ဆွဲထားသော ပုံများကို ကြည့်၍ ထိုပုံများ အကြောင်းကို အဖွဲ့အတွင်းတွင် ပြောဆိုပါ။ အဖွဲ့က ထိုရုပ်ပုံများ အကြောင်းကို အလွတ်သဘောဆွေးနွေးလိုက ဆွေးနွေးနိုင်ပါသည်။ သို့မဟုတ် အောက်တွင်ပေးထားသော ဆွေးနွေးရန် မေးခွန်းများကိုလည်း အသုံးပြုနိုင်ပါသည်။

သို့မဟုတ် ပို၍ စိန်ခေါ်မှု ကောင်းသော လေ့ကျင့်ခန်းတစ်ခု ဖြစ်စေရန် စာမျက်နှာ **၄၇** တွင်ဖော်ပြထားသော **လုံခြုံရေးများ** နှင့် အခွင့်အရေးများ ၏ အမည်များ ကိုလည်း အသုံးပြုပြီးလည်း စမ်းကြည့်နိုင်ပါသည်။ ပုံတွင် ပါရှိသည့် ပြဿနာများ ကို ချိုးဖောက်ခံထားရသည့် တိကျသော လုံခြုံရေး နှင့် အခွင့်အရေး များ နှင့် တွဲဖက် ပေးပါ။

### ဆွေးနွေးရန်မေးခွန်းများ

- ↳ ဒီလူထု အသိုင်းအဝိုင်းထဲမှာ ADB က ငွေထောက်ပံ့ထားတဲ့ စီမံကိန်းကိုတည်ဆောက်နေတယ်။ ဒီပုံမှာ ဘာတွေဖြစ်နေလဲ။
- ↳ သင်တို့ ဘာပြဿနာတွေ မြင်ရလဲ။ သဘာဝပါတ်ဝန်းကျင်၊ ပြည်သူတွေရဲ့ ကျန်းမာရေး နဲ့ လုံခြုံရေးတွေ၊ ပြီးတော့ လူထုအဖွဲ့အစည်းတွေ အတွက် ပြဿနာတွေ ရှိနေလား။
- ↳ သင်တို့မြင်ကြရတဲ့ ဘယ်ပြဿနာတွေက အေဒီဘီ ရဲ့ ဘေးကင်းလုံခြုံရေး မူဝါဒတွေကို ချိုးဖောက်နေလဲ။ ဘယ်လို နည်းလမ်း တွေ နဲ့လဲ။?
- ↳ ဘယ်လုံခြုံရေး တွေကို ချိုးဖောက်ခံနေရလဲ။
- ↳ ဘယ်အခွင့်အရေးတွေ ချိုးဖောက်ခံရလဲ။
- ↳ ပုံထဲတွင် သင်မမြင်နိုင်သော အခြားဘယ်လို ပြဿနာတွေ ရှိနေနိုင်လဲ။
- ↳ ဤ ထိပါးချိုးဖောက်မှုများကို တားဆီးရန် နှင့် ADB ကို တာဝန်ခံမှု ပြုခိုင်းရန် ဘာတွေ လုပ်နိုင်မလဲ။





# ၂.၄။ အာရှဖွံ့ဖြိုးရေးဘဏ်၏ စီမံကိန်းလည်ပါတ်ပုံ

ADB စီမံကိန်းများသည် စီမံရေးဆွဲရန် နှင့် တည်ဆောက်ရန် နှစ်ပေါင်းများစွာ ကြာသည်။ စီမံကိန်း တစ်ခု အတွင်းတွင် ဘာတွေကို မျှော်လင့်ထားရမည်ကို သိရှိရန် စီမံကိန်းမစမီက မှ စီမံကိန်းပြီးဆုံးပြီးသွားသည် အထိ မတူညီသော အဆင့်များကို နားလည်ထားရန် လိုအပ်သည်။ ဤအရာကို **စီမံကိန်း လုပ်ငန်းစွင်လည်ပါတ်ပုံ** ဟုခေါ်သည်။ ဤစီမံကိန်း လည်ပါတ်မှု အဆင့်တိုင်းတွင် လူထုအဖွဲ့အစည်းများက ADB ကို **တာဝန်ယူမှု** ရှိစေရန် လှုပ်ရှားမှုများကို လုပ်နိုင်သည်။

စီမံကိန်း တစ်ခုလုံးကို ဆောင်ရွက်နေစဉ် ကာလအတွင်းတွင် ADB၊ အစိုးရနှင့် **စီမံကိန်းကို အကောင်အထည် ဖော်သူ**တို့သည် လူထုအဖွဲ့အစည်းများကို **အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု** စည်းကမ်းချက်များ အောက်တွင် လွယ်ကူစွာ ပူးပေါင်းပါဝင်ဆောင်ရွက် နိုင်စေရန်အတွက် သတင်း အချက်အလက်များကို ပေးအပ်ရမည်။ အဓိပ္ပါယ်မှာ သတင်း အချက်အလက်များမှာ အောက်ပါ နည်းလမ်းများ နှင့် ညီညွတ်စွာ ပေးအပ်ရမည်။




- ↳ အချိန်မီ စောစီးစွာ
- ↳ လူထုအဖွဲ့အစည်း အတွက် နားလည်ရန် လွယ်ကူစွာ
- ↳ ဖြားယောင်းစည်းရုံး သိမ်းသွင်းမှု သို့မဟုတ် **ခြိမ်းခြောက်မှု** ကင်းစွာ
- ↳ အမျိုးသမီးများကိုလည်း ထည့်သွင်းစဉ်းစားပြီး အမျိုးသမီးများ ၏ လိုအပ်ချက်များကိုလည်း တုန့်ပြန်မှု လွယ်ကူစွာ
- ↳ ခွဲခြားနှိမ့်ချ ဆက်ဆံခံရခြင်း နှင့် ဝိုင်းပယ်ခံထားရနိုင်သည့် အန္တရာယ်ကို ရင်ဆိုင်နေရသူများ ၏ လိုအပ်ချက်များ နှင့် စွမ်းဆောင်ရည်များကို လည်း နားလည်စာနာစွာ (ADB မှ သတ်မှတ်ထားသော **ထိခိုက်ခံရရန် လွယ်ကူသည့် အုပ်စုများ**ကို ကိုးကားသည်)
- ↳ ထိခိုက်ခြင်းခံရသော ပြည်သူများအားလုံး၏ ထိရောက်ပြည့်ဝသော ပါဝင်မှုကိုလည်း ကူညီပံ့ပိုးမှု ဖြစ်စေရမည်။

စီမံကိန်းလည်ပါတ်မှု ၏ အဆင့်အများစုတွင် ADB နှင့် စီမံကိန်းကို အကောင်အထည်ဖော်သူ တို့က လူထု အဖွဲ့အစည်းများ ကို ထိခိုက်စေနိုင်သော အကြောင်းအရာများ အားလုံးကို ဖွင့်ဟအသိပေးရမည်။ စိတ်မကောင်းစရာ ကတော့ ADB က အဲဒီလို လုပ်ဖို့ရာ မကြာခဏ ပျက်ကွက်လေ့ ရှိတယ်။ ပြီးတော့ စီမံကိန်းရဲ့ ဆိုးကျိုးတွေကို ခံကြရတဲ့ လူထုအဖွဲ့အစည်းတွေက သတင်းအချက်အလက်တွေ ရရှိဖို့နဲ့ စီမံကိန်းရဲ့ ဆုံးဖြတ်ချက်တွေ ပြုလုပ်ရာမှာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခွင့် ရရှိဖို့ကို သူတို့ဘာသာ တာဝန်ယူရလေ့ ရှိတယ်။

အကယ်၍ ADB က လိုအပ်သည့် သတင်းအချက်အလက်များ ကို မပေးခဲ့လျှင် ဘဏ်၏ ကိုယ်ပိုင် စည်းကမ်းချက် များကို အသုံးပြု၍ လူထုအဖွဲ့အစည်းများက **မကျေနပ်ချက်များအပေါ် တိုင်ကြားစာများကို နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ယူမှု ယန္တရား** (စာမျက်နှာ **၁၀၀** တွင်ကြည့်ပါ။) သို့ စုဆောင်း တင်ပြနိုင်သည်။ လူထုအဖွဲ့အစည်း များက ထိခိုက်နစ်နာဆုံးရှုံးမှုများ ကို လျော့နည်းစေရန်၊ အခွင့်အရေးများကို မြှင့်တင်ရန် နှင့် ၄င်းတို့ အမှန်တကယ် လိုလားသော **ဖွံ့ဖြိုးတိုးတက်မှု** ကို ရရှိနိုင်ရန် လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်မှုများ ကို လည်း
ပြုလုပ်သင့်သည်။

စီမံကိန်းလည်ပါတ်ပုံမှာ အဆင့် (၅) ဆင့် ရှိပါသည်။ အဆင့် တစ်ခုတိုင်းစီတွင် ထိခိုက်နစ်နာမှုကို ကာကွယ်ရန် နှင့် ADB မှ **လူ့အခွင့်အရေး**ကို လေးစားလိုက်နာစေရန် နှင့် သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်မှု မပြုစေရန် ဒေသခံပြည်သူများက တုန့်ပြန်ဆောင်ရွက်ခြင်း ပြုလုပ်နိုင်သည်။ ရှေ့တွင် ရေးသားထားသည့် စာမျက်နှာများတွင် စီမံကိန်း လည်ပါတ်မှု အဆင့် တစ်ခုချင်းစီတွင် မည်သို့ ဆောင်ရွက်ဖြစ်ပေါ်သည်၊ ဆောင်ရွက်မှု အဆင့်တိုင်းတွင် ၄င်းတို့၏ အခွင့်အရေးကို ကာကွယ်ရန်နှင့် အခွင့်အရေးအတွက် ခုခံနိုင်ရန် ဒေသခံပြည်သူများမှ မည်သို့ ဆောင်ရွက်နိုင်သည် စသည်တို့ကို ဖော်ပြသွားပါမည်။.



**အဆင့် ၁။ နိုင်ငံအလိုက် ဗျူဟာ နှင့် အစီအစဉ်**

မည်သည့် စီမံကိန်းကိုမဆို မစတင်မီတွင် ADB နှင့် နိုင်ငံအစိုးရတို့သည် **နိုင်ငံအလိုက် မိတ်ဆွေဖွဲ့ ပူးပေါင်းမှု နည်းဗျူဟာ (CPS)** ကို အတူရေးဆွဲကြသည်။ ဤစီစဉ်မှုက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးမှုအဆင့် များ နှင့် နိုင်ငံအတွင်းတွင် ADB မှ ငွေထောက်ပံ့ပေးသော စီမံကိန်းများ ၏ ရည်မှန်းချက်များ ကို စီမံခြင်းဖြစ်သည်။



ဘဏ်က မည်သည့် စီမံကိန်းများကိုငွေကြေးထောက်ပံ့သွားမည် ကို ဆုံးဖြတ်ရန် အစိုးရ အရာရှိများနှင့် **ပြည်သူ့ အဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊** ပုဂ္ဂလိက ကုမ္ပဏီများ နှင့် အခြား ADB အဖွဲ့ဝင် အစိုးရများ အပါအဝင် အခြားအဖွဲ့ များကိုပါ တွေ့ဆုံမည်ဟု ယူဆရသည်။

၎င်းတို့က စီမံကိန်းတစ်ခုကို စတင် ပုံစံတည်ဆောက်သော အခါတွင် ၎င်းစီမံကိန်းတည်ဆောက်မှု ကို ငွေထောက်ပံ့ရန် **ချေးငွေ သဘောတူညီမှု** ကိုလည်း ပြုလုပ်ရသည်။ ဤအဆင့်တွင် ADB က စီစဉ်ထားသည် များကို ၎င်း၏ အင်တာနက် စာမျက်နှာပေါ်တွင် တင်ထားပြီး စီမံကိန်းတွင် ပါဝင်မည့်သူများ သို့မဟုတ် ဆိုးကျိုးကို ခံစားကြရမည့်သူများ (တခါတရံတွင် **စီမံကိန်း၏ ပိုင်ရှင်များ၊ ပါဝင်ပါတ်သက်သူများ** ဟုလည်း ခေါ်သည်) အားလုံး ၏ မှတ်ချက်များကို စုဆောင်းရမည်။

**အခြေခံလူထု၏ လှုပ်ရှားမှုများ**

နိုင်ငံအလိုက် မိတ်ဆွေဖွဲ့ ပူးပေါင်းမှု နည်းဗျူဟာ သည် နိုင်ငံအဆင့်တွင် ပြုလုပ်သောကြောင့် ဒေသခံ ပြည်သူများ မှာ ထိုအကြောင်း သတင်းအချက်အလက်များကို ရရှိရန် ခက်ခဲသည်။ သို့သော် ဤအဆင့်တွင်ပင် ADB က အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုများ နှင့် သတင်းအချက်အလက် ဖွင့်ဟအသိပေးမှုများ ကိုဆောင်ရွက်ရန် နှင့် စီမံကိန်း၏ ဆိုးကျိုးများကို ခံစားရနိုင်သည့် မည်သည့် လူထုအဖွဲ့ အစည်းကို မဆို ထိရောက် ပြည့်စုံစွာ ပါဝင်မှု ရှိနိုင်ရန် ပြုလုပ်ပေးရန် လိုသည်။

ရှေ့တွင် တွေ့ကြုံရမည့် ပြဿနာများကို ကြိုတင်ပြင်ဆင်ရန် လူထုအဖွဲ့ အစည်းများက ဒေသခံ အရာရှိများနှင့် ဒေသခံ အုပ်ချုပ်သူ များကို နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် နှင့် ၎င်းက လူထုအဖွဲ့ အစည်းကို မည်သို့ အကျိုးသက်ရောက်မည် စသည့် သတင်းအချက်အလက် များကို ရှာဖွေပေးရန် တောင်းဆိုသင့်သည်။ အနာဂတ်တွင် ပြုလုပ်ရမည့် ဆွေးနွေးညှိနှိုင်း တောင်းဆိုမှုများ (advocacy) လုပ်နိုင်ရန် အတွက် အကူအညီများ ရှာဖွေရန် အတွက် အစိုးရမဟုတ် သော အဖွဲ့ အစည်းများ၊ ပြည်သူ့ အခြေခံ အဖွဲ့ အစည်းများ နှင့် အခြားအဖွဲ့ အစည်းများ နှင့် အတူတကွ အလုပ်လုပ်နိုင်သော လူထုအခြေခံသည့် အဖွဲ့ အစည်းများကို ကြိုတင်၍ ပုံစံဖော်ဖွဲ့စည်း ထားရမည်။ ဒေသခံ လူထုအဖွဲ့ အစည်းများက မိမိတို့ ဘာသာ လူ့အခွင့်အရေးနှင့် ဖြစ်ပွားလာနိုင် သော စီမံကိန်းများ၏ အကျိုးသက်ရောက်မှု များအကြောင်းကို လေ့လာထားရမည်။

မိမိတို့ ဖြစ်ချင်သော အနာဂတ် အတွက် ရှင်းလင်းပြတ်သား ခိုင်မာစွာ ပုံဖော် ထားနိုင်သော လူထုအဖွဲ့ အစည်းများ သည် **အဖျက်စွမ်းအားရှိသော ဖွံ့ဖြိုးရေး** စီမံကိန်းများကို တွန်းလှန် ခုခံနိုင်စွမ်း ရှိသည်။



## စီမံကိန်း မစတင်မီအကြိုပြင်ဆင်မှု ပုံစံ

စီမံကိန်းတစ်ခုကို ကြိုတင်ပြင်ဆင်ရန် အတွက်က ADB က အစိုးရကို **စီမံကိန်း ကြိုတင်ပြင်ဆင်မှု နည်းပညာဆိုင်ရာ အထောက်အပံ့ (PPTA)** ဟုခေါ်သော သဘောတူညီချက် ဖြင့် ငွေချေးပေးသည်။ ADB က စီမံကိန်း အကြောင်းဖော်ပြချက် နှင့် သက်ဆိုင်သော အချက်အလက် စာရွက်စာတမ်း များအားလုံးကို ၎င်း၏ အင်တာနတ် စာမျက်နှာပေါ်တွင် ထုတ်ပြန်ထားသည်။ ဤအရာကို **စီမံကိန်း ရာဇဝင်** သို့မဟုတ် **စီမံကိန်း သတင်း အချက်အလက် ရေးသားဖော်ပြချက်** ဟု ခေါ်သည်။



PTTA ၏ အစောပိုင်း အဆင့်များတွင် **ဘဏ်က ကနဦး ဆင်းရဲမှု နှင့် လူမှုရေး လေ့လာဆန်းစစ်မှု (IPSA)** ကို ပြုလုပ်ပြီး စီမံကိန်းကြောင့် ပြည်သူများ နှင့် သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်မှုကို ဖော်ထုတ်သတ်မှတ်သည်။ **အချက်အလက် ရှာဖွေသည့် လုပ်ဆောင်မှု (fact-finding mission)** အတွက် ဘဏ်က ပြင်ပ **အတိုင်ပင်ခံ**များကို အများအားဖြင့် ငှားရမ်းလေ့ ရှိသည်။ ဤ လုပ်ငန်း များကို ဆောင်ရွက်ရာတွင် အစိုးရနှင့် အခြားပါဝင်သော အဖွဲ့များ အားလုံးကိုပါ တိုင်ပင်ရသည်။ ၎င်းတို့၏ ရည်မှန်းချက်မှာ စီမံကိန်း၏ ရှုထောင့်ပေါင်းစုံ နှင့် ၎င်းမှ ပေးနိုင်သော အကျိုးဆက်များကို စစ်ဆေးရန် ဖြစ်သည်။ ထို့နောက် ၎င်းတို့က **နည်းပညာဆိုင်ရာ ပံ့ပိုးမှု အထောက်အပံ့ အစီအရင်ခံစာ (technical assistance report)** ကို ရေးသားသည်။

အကယ်၍ နည်းပညာဆိုင်ရာ ပံ့ပိုးမှု အစီရင်ခံစာ က စီမံကိန်းကြောင့် ပြည်သူများ ကို **နေရာရွှေ့ပြောင်းမှု**များ၊ သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်မှုများ သို့မဟုတ် **ဌာနေတိုင်းရင်းသားများ**ကို ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေမည်ဟု ဖော်ပြထားပါက ADB က **လုံခြုံရေး လေ့လာဆန်းစစ်မှု များ** ကို ပြင်ဆင်ပြီး စီမံကိန်းကို အဆင့် A, B, C သို့မဟုတ် F1 (စာမျက်နှာ **၉၆** တွင် ကြည့်ပါ) သတ်မှတ်မည် ကို ဆုံးဖြတ်ရသည်။ ဤ လေ့လာဆန်းစစ်မှု များကို ဆိုးကျိုးသက်ရောက်ခံကြရသည့် ပြည်သူများ ကို စီမံကိန်း မစတင်မီ နှင့် စီမံကိန်း ပြီးဆုံးပြီးနောက်တွင် ပါ မျှဝေပေးရသည်။

ADB နှင့် အစိုးရက စီမံကိန်း ကို ဆောင်ရွက်အကောင်အထည်ဖော်မည့်သူ (**စီမံကိန်း ပိုင်ရှင်၊ လုပ်ကိုင်ဆောင်ရွက် သည့် အဖွဲ့** သို့မဟုတ် **အကောင်အထည်ဖော်သည့် အဖွဲ့အစည်း** ဟုလည်း ခေါ်သည်) နှင့် သဘောတူညီမှု ပြုလုပ်ရသည်။ စီမံကိန်းဆောင်ရွက်သူက ချေးငွေ တောင်းဆိုရန် အစီရင်ခံစာကို ပြင်ဆင်ပြီး ညှိနှိုင်းရန်အတွက် ချေးငွေ သဘောတူညီမှု မူကြမ်းရေးဆွဲ ရသည်။

## လူထုအဖွဲ့အစည်း လုပ်ဆောင်ချက်

*ဤအဆင့်မှာ ဆုံးရှုံးနစ်နာမှု များကို တားဆီးရန် အတွက် တန်ပြန်လှုပ်ရှားရန် အရေးအကြီးဆုံး အဆင့် ဖြစ်ပါသည်။* လူထုအဖွဲ့အစည်းများက လူမှုရေး နှင့် သဘာဝပါတ်ဝန်းကျင် အကျိုးဆက်များကို သတ်မှတ် ဖော်ထုတ်ရန် လူထုအခြေခံ ကွင်းဆင်းလေ့လာမှု (စာမျက်နှာ **၁၂၈** တွင်ကြည့်ပါ) များ စသည့် လှုပ်ရှားမှု များတွင် ပါဝင်ခြင်းဖြင့် ဦးဆောင်သင့်သည်။



အကျိုးသက်ရောက်ခံရသော ဒေသခံများက ကနဦးဆင်းရဲမှု နှင့် လူမှုရေး လေ့လာဆန်းစစ်မှု တွင် အတိုင်ပင်ခံ ပညာရှင်များနှင့် တိုက်ရိုက် ပြောဆို ခြင်းအားဖြင့် ပါဝင်ဆောင်ရွက်သင့်သည်။ ထို့အပြင် စီမံကိန်း ဆောင်ရွက်သူ ကို ADB ၏ စည်းကမ်းများ အားလုံးကို လိုက်နာပြီး ပြည်သူများ အခွင့်အရေးများကို လေးစားလိုက်နာစေရန် ဒေသခံလူထုက ဖိအားပေးသင့်ပါသည်။

စီမံကိန်း ဆောင်ရွက်သူက သတင်းအချက်အလက်များ အားလုံးကို လူထုမှ နားလည်နိုင်သော နည်းလမ်း ဖြင့် ဖြန့်ဝေပေးပြီး ဆိုးကျိုးကို ခံစားရမည့်သူများ အားလုံး ထိရောက်ပြည့်စုံစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် သေချာအောင် လုပ်ဆောင်ပေးရမည်။ လူထုအဖွဲ့အစည်းများက စီမံကိန်း၏ ပုံစံတွင် မကျေနပ်ချက်များ ကို တုံ့ ပြန်ဖြေရှင်းသည့် ပုံသေနည်းလမ်း တစ်ခု ပါဝင်ရန် တောင်းဆိုသင့်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီဖြင့် စီမံကိန်း အကောင်အထည်ဖော်သူ အကြောင်းကို ရှာဖွေလေ့လာပါ။ အခြားမည်သည့် စီမံကိန်းများတွင် ပါဝင်ခဲ့ဖူးသည်၊ **အကျင့်ပျက်လာဘ်စားမှု**များ သို့မဟုတ် ကောလာဟလများ ရှိမရှိ၊ ဤကုမ္ပဏီအား တရားဥပဒေကြောင်းအရ တိုင်တန်းခံထားရပြီး မဖြေရှင်း ရသေးသော ပြဿနာများ အကြောင်းကို ရေးသားဖော်ထုတ်ထားသည့် သတင်းထောက်များ၊ သတင်းမီဒီယာဌာနများ ရှိ၊မရှိ စသည်တို့ကို ရှာဖွေပါ။ အကယ်၍ ရှိပါက ထိုအရာများသည် သတင်းမီဒီယာဖြင့် လှုံ့ဆော်မှု (စာမျက်နှာ **၁၃၅** တွင်ကြည့်ပါ) ပြုရန် အသုံးဝင် သည်။

လုံခြုံရေး လေ့လာဆန်းစစ်မှုများကို ပြုလုပ်နေသော ADB အရာရှိကို ဆက်သွယ်ပါ။ နေရာရွှေ့ပြောင်းမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ သဘာဝ သယံဇာတ နှင့် မြေယာဆုံးရှုံးရမှု နှင့် ဌာနေတိုင်းရင်းသားများ အပေါ် အကျိုးသက်ရောက်မှု စသော မည်သည့် စိုးရိမ်ပူပန်မှု မျိုးကိုမဆို ၎င်းတို့ သိရှိစေရန် ပြုလုပ်ပါ။

စီမံကိန်းတစ်ခု နှင့်ပါတ်သက်၍ သင်တို့ စိုးရိမ်ပူပန် နေသည်ဆိုပါက စီမံကိန်းလုပ်ငန်းအစီအစဉ်အကြောင်းကို လေ့လာစုံစမ်းမှု ပြုလုပ်ရန် နှင့် စိန်ခေါ်မှုများပြုလုပ်ရန် သင်၏ လူထုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုပြုပါ။ ယခုအချိန်သည် လူထုအဖွဲ့အစည်း လှုပ်ရှား တောင်းဆိုမှု ကိရိယာတန်ဆာပလာများ (စာမျက်နှာ ၁၁၆ တွင်ကြည့်ပါ) တွင်ပါသော ဖြစ်နိုင်သမျှသော နည်းလမ်းများကို အသုံးပြုရမည့် အချိန်ဖြစ်သည်။

## စီမံကိန်းအကျိုးဆက်များကို အဆင့်ခွဲခြားသတ်မှတ်ခြင်း

ကနဦး ဆင်းရဲမွဲတေမှု နှင့် လူမှုရေး လေ့လာမှု စစ်တမ်း (IPSA) က စီမံကိန်းများကို အမျိုးအစား၊ နေရာဒေသ၊ အရွယ်အစား၊ ခံစားထိရှနိုင်စွမ်း နှင့် ဖြစ်နိုင်သော သဘာဝပါတ်ဝန်းကျင် အကျိုးသက်ရောက်မှု စသည်တို့ အပေါ် မူတည်ပြီး စစ်ဆေးသည်။ စီမံကိန်းများကို A, B, C သို့မဟုတ် FI ဟု အညွှန်းစာပေး သတ်မှတ်လေ့ ရှိသည်။ စီမံကိန်း တစ်ခုကို **စစ်ဆေး**ထားသည့် နည်းလမ်းက စီမံကိန်းဆောင်ရွက်မှု လည်ပါတ်ပုံ၏ နောက်ထပ် လာမည့် အဆင့် တွင် ဘာဖြစ်မည်ကို သတ်မှတ်သည်။

ဤသည်တို့မှာ စီမံကိန်း အညွှန်းစာ များ၏ အဓိပ္ပါယ်များ ဖြစ်ကြပါသည်။

**အမျိုးအစား A စီမံကိန်း။။** ဒီစီမံကိန်းက သဘာဝပါတ်ဝန်းကျင်ကို ပြင်းထန် အန္တရာယ်ရှိသော အကျိုးသက်ရောက်မှုများ၊ **အလိုဆန္ဒမပါဘဲ နေရာရွှေ့ပြောင်းရမှုများ၊** သို့မဟုတ် ဌာနေတိုင်းရင်းသားများအား တိုက်ရိုက် အကျိုးသက်ရောက်မှု ရှိခြင်း စသည်တို့ ဖြစ်နိုင်ချေ များသည်။ စီမံကိန်း "A" သည် **သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှု (EIA)**၊ နှင့် **သဘာဝ ပါတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (EMP)** တို့ကို လိုအပ်သည်။ အကယ်၍ ပြည်သူများကို ရွှေ့ပြောင်းနေရာချ ရမည် ဆိုပါက **ပြန်လည်နေရာချထားရေး အစီအမံများ** (စာမျက်နှာ ၇၇ တွင်ကြည့်ပါ) လိုအပ်ပါသည်။ အကယ်၍ စီမံကိန်းတွင် ဌာနေတိုင်းရင်းသားများကို ထိခိုက်မည်ဆိုပါက **ဌာနေတိုင်းရင်းသားများ အစီအစဉ်** (စာမျက်နှာ ၅၈ တွင်ကြည့်ပါ) မရှိမဖြစ် ရှိရပါမည်။

**အမျိုးအစား B စီမံကိန်း။။** ဒီစီမံကိန်းက သဘာဝပါတ်ဝန်းကျင် နှင့် ဌာနေတိုင်းရင်းသားများ အပေါ် တွင် အကျိုးသက်ရောက်မှု ပိုမိုနည်းပါး မည် သို့မဟုတ် အလိုဆန္ဒမပါဘဲ နေရာရွှေ့ပြောင်းရခြင်း အချို့ ရှိမည်။ "B" အဆင့် စီမံကိန်းများသည် ကနဦး သဘာဝ ပါတ်ဝန်းကျင် စစ်ဆေးမှု (IEE) နှင့် **သဘာဝပါတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအမံ (EMP)** တို့လိုအပ်ပါမည်။ အကယ်၍ လူများကို နေရာရွှေ့ပြောင်းရမည် ဆိုပါက ပြန်လည်နေရာချထားရေး အစီအစဉ် (စာမျက်နှာ ၇၇ တွင်ကြည့်ပါ) ပါရှိရပါမည်။ ဌာနေတိုင်းရင်းသားများကို ထိခိုက်မှု ရှိမည်ဆိုပါက ဌာနေတိုင်းရင်းသားများ အတွက် အစီအစဉ်များ (စာမျက်နှာ **၅၈** တွင်ကြည့်ပါ) ပါမှ ဖြစ်ပါမည်။

**အမျိုးအစား C စီမံကိန်း။။** ဒီစီမံကိန်းက အန္တရာယ်ရှိသော သဘာဝပါတ်ဝန်းကျင် အကျိုးဆက် မရှိပေ သို့မဟုတ် အနည်းငယ်သာ ရှိမည်။ ဤစီမံကိန်းအတွက် သဘာဝပါတ်ဝန်းကျင် အပေါ် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်မှု (EIA) ရော ကနဦး သဘာဝပါတ်ဝန်းကျင် စစ်ဆေးမှု (IEE) ပါ မလိုအပ်ပါ။

**FI စီမံကိန်း။။** FI စီမံကိန်းကို ပုဂ္ဂလိက ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတခုက လုပ်ဆောင်သွားမည်။ထိုအမျိုးအစား စီမံကိန်းကြောင့် ဖြစ်သော လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ထိခိုက်မှု များကို သက်ဆိုင်ရာ ကုမ္ပဏီနှင့်အဖွဲ့ အစည်းများက တာဝန်ယူစီမံ ရမည်ဟု အေဒီဘီ က သတ်မှတ်ထားသည်။ FI စီမံကိန်းများသည် စီမံကိန်း အဆင့် A, B နှင့် C တို့ထက် စောင့်ကြည့် လေ့လာရန် ခက်ခဲသည်။ (မှတ်ချက်-ပုဂ္ဂလိက ငွေဖြင့်ရင်းနှီးမတည်ထားသော စီမံကိန်းများ အားလုံး FI စီမံကိန်းများ အမျိုးအစား ဖြစ်သည်ဟု မဆိုလိုပါ။)



### *ADB က စီမံကိန်း အမျိုးအစားခွဲခြားမှုနဲ့ ပါတ်သက်လို့ ဘာပြောလဲ*

ဘဏ်က ခွင့်ပြုချက် တင်ပြတောင်းခံ လာတဲ့ စီမံကိန်းအားလုံးကို ဖြစ်နိုင်ခြေရှိတဲ့ သဘာဝပါတ်ဝန်းကျင် နဲ့ လူမှုရေး အကျိုးသက်ရောက်မှု တွေ ကို သတ်မှတ်ဖော်ထုတ်ပေးဖို့ စစ်ဆေးပါတယ်။ သဘာဝပါတ်ဝန်းကျင် အကျိုးသက်ရောက်မှု၊ ပြန်လည်နေရာချထားမှု တွေရဲ့ အကျိုးသက်ရောက်မှု နှင့် ဌာနေတိုင်းရင်းသားများအပေါ် ဆိုးကျိုးများ အတွက် စီမံကိန်းရဲ့ ရှုဒေါင့်ပေါင်းစုံကို ကျွန်ုပ်တို့ သေသေချာချာ ဆန်းစစ်လေ့လာပြီး စီမံကိန်းက ဘယ် အမျိုးအစားဖြစ်သင့်လဲ ဆိုတာကို သတ်မှတ်ပါတယ်။ အမျိုးအစား A စီမံကိန်းတွေက ဆိုးကျိုးဖြစ်နိုင်ချေ အများဆုံး ရှိတဲ့ စီမံကိန်းတွေ ဖြစ်ပြီး ၄င်းတို့မှာ အခိုင်မာဆုံး **လုံခြုံရေးအစီအမံတွေ** လိုအပ်ပါတယ်။



### *လူထုအဖွဲ့အစည်းတွေ ရဲ့အတွေ့အကြုံ*

တခါတရံမှာ ADB ကစီမံကိန်းကို အမှန်တကယ်က ဆိုးရွားပြင်းထန်တဲ့ ဆိုးကျိုးတွေ ဖြစ်နိုင်တဲ့ အန္တရာယ် ရှိပြီး၊ စီမံကိန်းကို အမျိုးအစား A လို့ သတ်မှတ် ပြုလုပ်သင့်ပေမယ့် အမျိုးအစား B လို့ သတ်မှတ်ပါတယ်။ အကယ်၍ သင်တို့ကိုယ်တိုင် သက်သေ အထောက်အထားတွေ နဲ့ အဓိက သော့ချက်ဖြစ်တဲ့ အကြောင်းအရာတွေကို စုဆောင်းထားပါကADB နဲ့ စီမံကိန်းတည်ဆောက်သူတွေကို သက်သေပြငြင်း ချက်ထုတ်ဖို့ စိန်ခေါ်ပြီး စီမံကိန်းရဲ့ အမျိုးအစားကို ပြောင်းခိုင်းပြီး ပိုမိုကောင်းမွန်တဲ့ လုံခြုံရေးတွေကို ရရှိနိုင်ပါတယ်။



## အဆင့် ၃။ စီမံကိန်း ပုံစံဒီဇိုင်း

စီမံကိန်းကို ရေးဆွဲဆောင်ရွက်သူတွေက ချေးငွေ သဘောတူညီချက် မူကြမ်း နဲ့ **စီမံကိန်း တင်ပြခွင့်ပြုချက် တောင်းခံလွှာ**ကို ပြင်ဆင်ပြီး အစိုးရထံကို ပြန်လည် စစ်ဆေးကြည့်ရှုရန် တင်ပြပါတယ်။ အဲဒီအခါ အစိုးရက ဘဏ်နဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်ဖို့ ဝင်ရောက်လာပါတယ်။ အကယ်၍ **ADB** က ချေးငွေကို သဘောတူလက်ခံဖို့ ဆုံးဖြတ်ခဲ့လျှင် ၄င်းကို ဘဏ်ရဲ့ ဒါရိုက်တာအဖွဲ့ကို တင်ပြပါတယ်။ **ADB** ဒါရိုက်တာ အဖွဲ့က စီမံကိန်းကို သဘောတူ မတူ ဆုံးဖြတ်ဖို့ မဲပေးဆုံးဖြတ်ရန် ပြင်ဆင်နေချိန်မှာ လှုပ်ရှားတောင်းဆိုမှုတွေကို ပြုလုပ်ရန် အချိန်အခါကောင်း ဖြစ်ပါတယ်။

ADB က စီမံကိန်းကို ဖိလစ်ပိုင်မှာ မဲပေးစံနစ် နဲ့ ရွေးချယ်တဲ့အခါမှာ တို့တွေက သိနေခဲ့တယ်။ အဲဒါကြောင့် မဲပေးမယ့်နေ့ မနက်မှာ ADB ရုံးရဲ့ အပြင်မှာ တို့တွေက ဆန္ဒပြဆန့်ကျင်ခဲ့ကြတယ်။ ဒီတော့ ADB က ဒါရိုက်တာ အဖွဲ့ဝင် အားလုံးက ဒီစီမံကိန်းကို တို့တွေ ကန့်ကွက်ကြောင်း သိရှိသွားခဲ့တယ်။.



တကယ်လို့ သင်တို့ လူကိုယ်တိုင် မသွားရောက်နိုင်ခဲ့သည့်တိုင် သင်တို့၏ ခံစားမှု ကြွေးကြော်သံများကို ကြားစေနိုင်တဲ့ နည်းလမ်းမျိုးစုံရှိပါတယ်။ ဆောင်းပါးများကို သတင်းမီဒီယာတွင် ပါအောင် လုပ်ပါ။ မဲပေးရမည့် နေ့ မတိုင်မီနဲ့ မဲပေးရမည့် နေ့မှာလည်း ဘုတ်အဖွဲ့ဝင် တွေကို ဖုံးခေါ်ပါ။ သူတို့ဆီကို စာတွေပို့ပါ။ ပါဝင်လှုပ်ရှားဖို့ နည်းလမ်းတွေ အများကြီး ရှိနေပါတယ်။



ဘုတ်အဖွဲ့ က **ဥက္ကဋ္ဌ ရဲ့ အစီရင်ခံစာနဲ့ ညွှန်ကြားမှု မှတ်ချက် (RRP)** ကိုရေးသားပြီး ချေးငွေ သဘောတူညီချက် ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ဥပဒေနဲ့ ညီညွတ်တဲ့ သဘောတူညီချက်ကို ADB ရဲ့ အင်တာနတ် စာမျက်နှာ ပေါ်မှာ တင်ပေးပါတယ်။ နောက်ပြီးမှ သဘောတူညီချက်ကို ADB ရဲ့ ဥက္ကဋ္ဌ နဲ့ အစိုးရရဲ့ ကိုယ်စားလှယ်တွေ က လက်မှတ်ထိုး ကြပါတယ်။

ဥပဒေကြောင်းဆိုင်ရာ လိုအပ်ချက်တွေ ပြည့်စုံသွားတာနဲ့ တစ်ပြိုင်နက် ချေးငွေကို လက်ခံ အတည်ပြု ပါတယ်။ နောက်ထပ် ရက်ပေါင်း (၉၀) အကြာမှာ ဘဏ်က စီမံကိန်းကို စတင်ဖို့ စတင်ငွေကို ပို့လွှတ် ပေးပါတယ်။

## လူထုအဖွဲ့အစည်း လှုပ်ရှားမှု

ဒေသခံများက စီမံကိန်းတည်ဆောက်သူတွေက သဘာဝပါတ်ဝန်းကျင် နှင့် လူမှုရေး အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်တဲ့ အခါမှာ ပါဝင် ဆောင်ရွက်ပြီး မိမိတို့ရဲ့ စိတ်ပူပန်မှုများကို အဲဒီအချိန်မှာ မေးခွန်းထုတ်သင့် ပါတယ်။ လူထုအဖွဲ့အစည်းရဲ့ ပါဝင်အကြံပြုချက်တွေကို ဥက္ကဋ္ဌ ရဲ့ အစီရင်ခံစာနဲ့ ညွှန်ကြားမှု မှတ်ချက် RRP မှာ ထည့်သွင်း ရေးသား ပြီးရဲ့လား။ စီမံကိန်းဆောင်ရွက်သူက လိုအပ်တဲ့ လူ့အခွင့်အရေး အကျိုးသက်ရောက်မှု လေ့လာ ဆန်းစစ်ချက်တွေ လုပ်ပြီးပြီလား။ **မိမိတို့ရဲ့ မကျေနပ်ချက်များကို တရားဝင် တိုင်ကြားလို့ရတဲ့ စနစ်**ရော ရှိသလား။ ပြန်လည် နေရာချထားရေး အစီအမံ ရှိသလား။ ပြီးတော့ ဆိုးကျိုးကို ခံစားရတဲ့ သူတွေက အဲဒီ အစီအမံ ပြုလုပ်ရာမှာ ပါဝင်ဆောင်ရွက်မှု ပေးနိုင်ခဲ့သလား။ လူထုအခြေခံ သုတေသန က တစ်ဆင့် စီမံကိန်းအကြောင်းကို ဆက်လက်




မှတ်တမ်းရေးသားပြုစုပါ။

လူထုအဖွဲ့အစည်းက ဒေသခံ အရာရှိတွေကို မိမိတို့ရဲ့ ထိခိုက်နစ်နာမှုများ နှင့် မကျေနပ်ချက်များကို ဖြေရှင်းပေးနိုင်ဖို့ရန်အတွက် ဒေသခံရုံးများဖွင့်လှစ်ဖို့ နှင့် ဒေသခံရုံးသို့ အမျိုးသားဂန်ထမ်းများ နှင့် အမျိုးသမီးဂန်ထမ်းများ (အဲဒါမှ အမျိုးသမီးတွေ ကပါ အဲဒီမှာ ပါဝင် ပြောဆိုဖို့ သက်တောင့်သက်သာဖြစ်မည်) ခန့်အပ်ထားဖို့ တောင်းဆိုနိုင်ပါတယ်။ ဖြစ်လေ့ရှိတဲ့ အတိုင်း ဒေသခံတွေရဲ့ထိခိုက်နစ်နာမှု နှင့် မကျေနပ်ချက်များကို ဒေသခံရုံးက ကောင်းမွန်စွာ မကိုင်တွယ်ခဲ့ဘူး ဆိုရင် ADB ရဲ့ နောက်ဆက်တွဲ ဖြစ်ရပ်များအား တာဝန်ခံမှု လုပ်ဆောင်မှု ယန္တယား (စာမျက်နှာ ... တွင်ကြည့်ပါ) ကို အသုံးပြုဖို့ စဉ်းစားပါ။ သို့မဟုတ် ADB ရဲ့ ကိုယ်ပိုင် စည်းကမ်းတွေကို ကျော်လွန်ပြီး လှုပ်ရှားတုံ့ပြန်မှုတွေ ပြုလုပ်ပါ (အပိုင်း ၃ ကို ကြည့်ပါ)။

ဒီအဆင့်မှာ ဒေသခံတွေက **အကျိုးအမြတ်ခွဲဝေမှု သဘောတူညီချက်** ကိုလည်း စီမံကိန်းဆောင်ရွက်သူ နဲ့ ညှိနှိုင်းဆွေးနွေး နိုင်ပါတယ်။ ဆိုးကျိုးခံရတဲ့ ပြည်သူတွေက စီမံကိန်းလုပ်ကိုင်သူတွေက ပေးတဲ့ ဘယ်အကျိုး အမြတ်ကို လက်ခံမယ် ဘယ်အကျိုးအမြတ်ကို လက်မခံဘူး စတဲ့ သဘောတူညီချက်တွေကို လက်စသတ်ပေးရ ပါမယ်။



## အဆင့် ၄။ စီမံကိန်း အကောင်အထည်ဖော်ခြင်း

ဤအဆင့်တွင် စီမံကိန်းလုပ်ဆောင်မည့်အချိန်ဇယား နှင့် မျှော်လင့်ထားသည့်ရလဒ် အသေးစိတ် တို့ ကို **စီမံကိန်း ခန့်ခွဲအုပ်ချုပ်မှု သဘောတူနားလည်မှုစာချွန်လွှာ** စတင် ရေးသား ဖော်ပြသည်။ ပြီးသည် နှင့် အေဒီဘီ က စီမံကိန်း အတွက် ငွေချပေး သည်။ ထိုငွေဖြင့် စက်ယန္တယားများ နှင့် ကိရိယာများ ကို ဝယ်ယူ ပြီး စီမံကိန်းကို စတင် အကောင် အထည်ဖော်တော့သည်။

အစိုးရက မြေများဝယ်ယူခြင်း နှင့် ပြန်လည်နေရာချထားရေး အစီအစဉ် များကို မပြုလုပ်ရသေးပါက ယခု စတင်နေပြီဖြစ်သည်။



စီမံကိန်းအမျိုးအစားကို လိုက်၍ အများစုမှာ စီမံကိန်းကို တည်ဆောက်ရာတွင် (၂) နှစ်မှ (၅) နှစ် အတွင်း ကြာတတ်သည်။ ADB မှ အရာရှိက စီမံကိန်းနေရာသို့ စီမံကိန်း တည်ဆောက်နေစဉ် ကာလအတွင်း တိုးတက်မှု များကို စောင့်ကြည့်ရန် အနည်းဆုံးတစ်နှစ်လျှင် နှစ်ကြိမ် လာရောက်သည်။ သဘာဝပါတ်ဝန်းကျင် နှင့် လူမှုရေး အကျိုးဆက် များ အတွက် စီမံကိန်းလုပ်ကိုင်သူက ပုံမှန် အစီရင်ခံစာများ ထုတ်ပြန်ပေးရန် ADB က တောင်းဆို သည်။

## လူထုအဖွဲ့အစည်း လှုပ်ရှားမှု

ဆိုးကျိုးခံရသော ဒေသခံလူထု အကြား ဆက်လက် စုစည်းဆောင်ရွက်ပါ။ ဆိုးကျိုးခံစားရသော ပြည်သူများကို သူတို့ ကတိပြုထားတဲ့ အလုပ်တွေ ရပြီးကြပြီလား။ အလုပ်သမားတွေနဲ့ စီမံကိန်း မန်နေဂျာက ဒေသခံတွေရဲ့ အခွင့်အရေးတွေကို လေးစားလိုက်နာမှု ရှိကြရဲ့လား။ ဒေသခံ အကျိုးကျေးဇူး သဘောတူညီမှု ရှိရဲ့လား။ အဲဒါကို လေးစားမှု ရှိရဲ့လား။

စီမံကိန်းက လုံခြုံရေးမူဝါဒ၊ နိုင်ငံရဲ့ ဥပဒေ နဲ့ နိုင်ငံတကာဥပဒေ တွေနဲ့ ညီညွတ်ကြောင်းကို သေချာစေဖို့ ဒေသခံ လူထုက ဥပဒေဆိုင်ရာ အကူအညီရရှိသင့်ပါတယ်။ ပြီးတော့ မိမိတို့ဘာသာ လေ့လာစူးစမ်းမှု (စာမျက်နာ ၁၂၂ /ရှိ လူထုအခြေခံ သုတေသန မှာ ကြည့်ပါ။) ပြုစေချင်တယ်။ **ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု** နှင့် ထိရောက်သော၊ ပြည့်ဝသော ပါဝင်ဆောင်ရွက်မှုကို တောင်းဆိုပါ။ ညစ်ညမ်းမှု၊ မတော်တဆမှုများ နှင့် မြေယာအသုံးပြုမှုများကို သဘာဝပါတ်ဝန်းကျင်နှင့် လူမှုရေး စီမံကွပ်ကဲမှု အစီအစဉ်တွေ နဲ့ ညီညွတ်လား မညီညွတ်ဘူးလား ဆိုတာကို စောင့်ကြည့်လေ့လာပါ။ ဖြစ်ပေါ်လာတဲ့ မတော်တဆမှုတွေ၊ ညစ်ညမ်းမှုတွေ သို့မဟုတ် ပြည်သူတွေ နှင့် သဘာဝပါတ်ဝန်းကျင် ကို ထိခိုက်မှု ဖြစ်ပွားတာတွေ အားလုံးကို အထောက်အထားနဲ့ ရေးသားမှတ်တမ်းတင်ပါ။ ပြီးတော့ သတင်းမီဒီယာတွေနဲ့ ဆက်ဆံရေး ကောင်းအောင်ထားပြီး အစိုးရမဟုတ်သော အဖွဲ့တွေကို မိတ်ဆွေဖွဲ့ ပူးပေါင်းပြီး ဒီပြဿနာတွေကို နိုင်ငံတကာကို သိအောင် သတင်းဖြန့်ပါ။

အကယ်၍ စီမံကိန်းကို အကောင်အထည်ဖော်သူက စီမံကိန်း ဖြစ်စဉ်ရဲ့ အစောပိုင်း အဆင့်တွေက လိုအပ်ချက် တွေကို လိုက်နာခြင်း မရှိသေးပါက ရပ်ရွာလူထုက တိုင်ကြားစာများပေးပို့ပါ။ ဒေသခံများမှ မိမိတို့၏ မကျေနပ်ချက်များကို တိုင်ကြားမှုပြုလုပ်နိုင်ရန်အတွက် တိုင်ကြားချက်များကို ကိုင်တွယ် ဖြေရှင်းပေး သည့်ရုံးများ ဖွင့်လှစ်ထားသင့်တယ်။ မိမိတို့**မကျေနပ်သည့်အကြောင်း အရာများ**ကို စုဆောင်း တင်ပြ ရန်အတွက် နောက်ဆက်တွဲ အကျိုးဆက် တာဝန်ယူမှု ဆောင်ရွက်သည့် ယန္တယား (စာမျက်နာ ၁၀၀ တွင်ကြည့်ပါ) ကိုအသုံးပြုပါ။

အကယ်၍ စီမံကိန်း အကြောင်း အချက်အလက် စာရွက်စာတမ်းများ က မိမိတို့၏ တိုင်ကြားချက်များကို မဖြေရှင်းပေးပါက လူထုအဖွဲ့အစည်းက ဤအဆင့်တွင် အမျိုးမျိုးသော **အကြမ်းမဖက်သည့် ထိပ်တိုက် ပြောဆိုလှုပ်ရှားမှုများ**ကို ဆောင်ရွက်ရန် စဉ်းစားပါလိမ့်မည်။ လူထုက ဆန္ဒပြဆန့်ကျင်မှု များ ပြုလုပ်ခြင်း နှင့် မိမိတို့ ဒေသ ခံလူထုများ၊ အလားအလာရှိသော **မိတ်ဖက်များ** နှင့် သာမန်ပြည်သူများကို လူ့အခွင့်အရေး၊ ကျန်းမာရေး အခွင့်အရေး၊ အသက်မွေး ဝမ်းကျောင်းမှု အခွင့်အရေး နှင့် သဘာဝပါတ်ဝန်းကျင်အပေါ် အကျိုး သက်ရောက် မှုများ အကြောင်းတို့ကို အသိပညာပေးခြင်းများ ပြုလုပ်ပါ။



## အဆင့် ၅။ စီမံကိန်း လက်စသပ် ပြီးဆုံးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း နှင့် သုံးသပ်ဝေဖန်ခြင်း

စီမံကိန်းကို လုပ်ကိုင်ပြီးစီးပြီး (၁၂) လမှ (၂၄) လအတွင်းတွင် ADB က နောက်ဆုံးအစီအရင်ခံစာ ကို ပြင်ဆင်သည်။ အစီအရင်ခံစာက စီမံကိန်း ၏ အကျိုးဆက်များ အပေါ် ရှုဒေါင့်အမြင်ပေါင်းစုံ ကို ခြုံငုံမိအောင် ထည့်သွင်းဖော်ပြရသည်။ ဌာနစိတ် ကူညီထောက်ပံ့မှု အစီအစဉ် **လေ့လာဆန်းစစ်မှုများ၊** အထူးလေ့လာ သုံးသပ်မှုများ နှင့် စီမံကိန်း/အစီအစဉ် ဆောင်ရွက်မှု လေ့လာသုံးသပ်ဝေဖန်မှုများ အပါအဝင် အခြားသော အစီအရင်ခံစာ အမျိုးမျိုးကိုလည်း သည်အချိန်တွင် ရေးသားရသည်။

## ဒေသခံလူထု လှုပ်ရှားမှုများ

ဒေသခံလူထုက စီမံကိန်း၏ ရလဒ်များကို ဆက်လက်စောင့်ကြည့် လေ့လာပြီး မှတ်တမ်းတင် ရေးသားမှုများ ပြုလုပ်သင့်သည်။ သဘောတူညီမှု ရရှိ ထားသော အကျိုးအမြတ်များ၊ **လျော်ကြေးငွေ၊** ပြန်လည်နေရာချထားရေး သို့မဟုတ် အသက်မွေးဂမ်းကြောင်းလုပ်ငန်းများ **ပြန်လည်ထူထောင်ရေး** စသည်တို့ကို မရရှိသေးသည့် လူပုဂ္ဂိုလ်များ၊ အသိုင်းအဝန်းများ ကျန်ရှိနေခြင်းရှိမရှိ စစ်ဆေးပါ။ နောက်ဆက်တွဲဖြစ်ရပ် တာဝန်ယူမှု ဆောင်ရွက်သည့်ယန္တယား (စာမျက်နှာ ၁၀၁ တွင်ကြည့်ပါ) ကို အသုံးပြုပြီး **တရားဝင်တိုင်ကြားမှုများ** ပြုလုပ်ပါ။

အကယ်၍ စီမံကိန်းက နစ်နာထိခိုက်မှုများကို ဖြစ်ပေါ်စေပါက မိမိနိုင်ငံနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ယန္တရားများမှတဆင့် တရားမျှတမှုရရှိရန် ဆက်လက်ကြိုးစားဆောင်ရွက်သွားပါ။ ဤလမ်းညွှန်စာအုပ်ပါ လူထုလှုပ်ရှားမှု နည်းလမ်းကိရိယာများကို ဆက်လက်အသုံးပြုပါ။



## ၂.၅။ မကျေနပ်ချက်များ ကို အာရှဖွံ့ဖြိုးရေးဘဏ်သို့ ဘယ်လို တရားဝင် တိုင်ကြား တောင်းဆို မှာလဲ

ထိခိုက်ခံရသော ပြည်သူများက **ADB ကို တာဝန်ခံမှု** ပြုရန် တောင်းဆို နိုင်သည့် နည်းလမ်းတစ်ခုမှာ ၎င်းတို့၏ ပစ်တင်ဝေဖန်ထောက်ပြမှု များကို **နောက်ဆက်တွဲဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တရား** (Accountability Mechanism, AM ဟုလည်း ခေါ်သည်) ထံပေးပို့ခြင်း ဖြစ်သည်။ ၎င်းမှာ ဘေးကင်းလုံခြုံရေး မူဝါဒ များ အား ချိုးဖောက်ကြောင်း တိုင်ကြားချက်များ လက်ခံပြီး ဖြေရှင်းပေးရန် အေဒီဘီ ဖွဲ့ ထားပေးသည့် သီးခြားလွတ်လပ်သည့် ရုံးစနစ်တခု ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းကို **တောင်းဆိုမှုများကိုတိုင်တန်း**ရန် စုစည်းတင်ပြခြင်း ဟုခေါ်သည်။

သင်တို့၏ **မကျေနပ်ချက်များ** ကို ဒေသတွင်ရှိ စီမံကိန်းရုံးများတွင်လည်း တိုင်ကြားမှုများ ပြုလုပ် နိုင်သည်။ သို့သော် တခါတရံ ထိုကဲ့သို့သော တိုင်ကြားမှုများပြုလုပ်ခြင်းသည် သင့်အတွက် အန္တရာယ် ရှိလာနိုင်သည်။ ဥပမာအားဖြင့် ဒေသတွင်းရှိ စီမံကိန်းအရာရှိကြီးများက သင်၏လုံခြုံရေးကို ခြိမ်းခြောက်ခြင်း များပြုလုပ်လာနိုင်သည်။

ဒေသတွင်းရှိ စီမံကိန်းရုံးသို့ သင်တို့၏ မကျေနပ်ချက်များကို တင်ပြခဲ့သည်ဖြစ်စေ မတင်ပြခဲ့သည်ဖြစ် သင်တို့ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများကို ADB ၏ စီမံကွပ်ကဲရေးအဖွဲ့သို့ တိုက်ရိုက်ဆက်သွယ်ပြီး အသိပေးတင်ပြရန် လိုအပ်သည်။ ADB ၏ စီမံကွပ်ကဲရေးအဖွဲ့ကို မနီလာမြို့ရှိ ADB  ဗဟိုရုံးချုပ် (သို့) ဒေသဆိုင်ရာADB ရုံး (သို့) သင့်နိုင်ငံမြို့တော်ရှိ ADB ရုံး မှတဆင့် တိုက်ရိုက်ဆက်သွယ်နိုင်သည်။

ADB စီမံခန့် ခွဲရေးရုံးသို့ တိုင်တန်းမှု ပြုလုပ်ခြင်းကြောင့် ADB  ဝန်ထမ်းတစ်ယောက်မှ စီမံကိန်း နေရာ သို့မဟုတ် စီမံကိန်းရှိသည့် လူထုအဖွဲ့ အစည်း ထံသို့ လာရောက်လည်ပတ်မှု ပြုလုပ်လာနိုင်သည်။ ထိုကဲ့သို့ လာရောက် လည်ပါတ်မှု နှင့် နောက်ပိုင်းတွင် နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား (စာမျက်နှာ  တွင်ကြည့်ပါ) မှ ဝန်ထမ်းများ ရောက်ရှိလာပါက ၎င်းတို့နှင့် တွေ့ဆုံ ဆွေးနွေး မှုများပြုလုပ်နိုင်ရန် နှင့် မိမိတို့၏ ပြဿနာများကို တင်ပြနိုင်ရန်ဒေသခံ လူထု ကို အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားပါ။

ဖြစ်ရပ်အများစုတွင် ADB စီမံကွပ်ကဲကြီးကြပ်မှု မှ စီမံကိန်းကို အမှန်တကယ် ပြောင်းလဲမှု များကို မပြုလုပ်ပေးပါ။ သို့သော် ၎င်းတို့က အချို့ သေးငယ်သော အဆင့်များ ကို ပြုလုပ်ပြီး တိုင်တန်းမှုကို ပြေလည်အောင် ဆောင်ရွက်ပြီးပြီ ဟု ပြောဆိုတတ်ကြသေးသည်။ အကယ်၍ တိုင်တန်းရသည့် အကြောင်းရင်းများကို မဖြေရှင်းပေးသေးပါက သင်တို့ ဆောင်ရွက်ရန်ကျိုးစားသမျှ နှင့် တာဝန်ရှိသူများ လာရောက် လည်ပတ်မှု ကိုအသေးစိတ် မှတ်တမ်းတင်ထားပါ။ နောက်ပြီး နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား ကို ဆက်လက် အသုံးပြုပါ။

**အရေးကြီးသည်။။** သင်တို့၏ မကျေနပ်ချက်မှုများကို ADB ၏ ဂန်ထမ်းများထံသို့ တိုင်ကြားစာ ပေးပို့ပြီး မှသာလျှင် နောက်ဆက်တွဲဖြစ်ရပ်များ တာဂန်ခံဆောင်ရွက်မှုယန္တရားကို အသုံးပြုနိုင်သည်။ သင်တို့က ပြဿနာကို ဖြေရှင်းရန် ပထမဦးစွာ စီမံကိန်း အကောင်အထည်ဖော်သည့် အဖွဲ့ နှင့် ADB ဝန်ထမ်းများ နှင့် အတူ ပြုလုပ်ရန် ကြိုးစားပြီးကြောင်းကို ပြသရမည်။ အေဒီဘီ ၏ နောက်ဆက်တွဲဖြစ်ရပ်များ တာဝန်ခံမှု ယန္တယား ထံသို့ ပေးပို့ သော တိုင်ကြားစာ အများစုမှာ ထို အချက်ကို မလုပ်ခဲ့ သဖြင့် ပယ်ချ ခံခဲ့ရသည်။

သင်ကြိုးစားပြီးကြောင်းကို သက်သေပြရန် အတွက် အောက်ပါ လုပ်ဆောင်ချက်များကို မှတ်တမ်းတင်သိမ်းဆည်းထားပါ....

↳ - ADB ဝန်ထမ်းများထံ ပေးပို့သည့် အီးမေးလ်များအားလုံး

↳ - သင်ခေါ်ခဲ့သည့် ဖုန်းခေါ်ဆိုမှု များအား မှတ်သားထားသည့် မှတ်စုများ

↳ - ဘဏ်မှ တုန့်ပြန်မှုများအားလုံး

↳ - အကယ်၍ ADB သို့မဟုတ် **စီမံကိန်း ဆောင်ရွက်သူ**က အကြောင်းမပြန်ခဲ့ ခြင်းစသည်တို့ ဖြစ်သည်။




**သင်တို့၏ လူထုအဖွဲ့ အစည်းထံသို့ ADB ဝန်ထမ်း တရားဝင် လာရောက်ဖို့ကို ပြင်ဆင်ပါ။ သင်တို့ မေးမည့် မေးခွန်းများ နှင့် သူ့ကို သင်တို့ ပြသမည့် နေရာကို ကြိုတင် ပြင်ဆင်ထားပါ။ လာရောက်သည့် ကာလအတွင်း  မှတ်တမ်းများကို အသေးစိတ်ရေးမှတ်ထားပါ။**

## နောက်ဆက်တွဲ အကျိုးဆက်အတွက် တာဝန်ခံသည့် ယန္တယားကို အသုံးပြုခြင်း

နောက်ဆက်တွဲ အကျိုးဆက်အတွက် တာဝန်ခံသည့် ယန္တယားဆိုသည်မှာ ADB အတွင်းတွင် စီမံကိန်းဆောင်ရွက်အကောင်အထည်ဖေါ်သူများ နှင့် ဒေသခံများ အကြားရှိ ပြိုင်ဆိုင်ငြင်းခုံမှု များကို ကူညီဖြေရှင်းပေး ပြီး ADB မှ ပြဿနာများကို ပပျောက်သွားအောင် အမှန်တကယ် ဆောင်ရွက်နိုင်မှု ရှိမရှိ စုံစမ်းစစ်ဆေးပေးရန် ဖွဲ့စည်းထားသည့် ဖြစ်စဉ်တစ်ခု ဖြစ်သည်။

အကယ်၍ သင်တို့က ADB ၏ စီမံအုပ်ချုပ်ကွပ်ကဲမှု ကို မကျေနပ်သည့် အကြောင်းရင်း များကို စုဆောင်းတင်ပြလာလျှင် ဖြစ်စေ၊ သင်တို့ လက်ခံကျေနပ်နိုင်သည့် တုံ့ပြန်မှုကို မရရှိသေးလျှင် ဖြစ်စေ၊ သင်တို့က **ဝေဖန်ထောက်ပြ တိုင်ကြားမှု ကို ဝေဖန်အကြံပြုလွှာများ လက်ခံသည့် အရာရှိ (CRO)** ထံသို့ တင်ပြနိုင်သည်။ သင်တို့က နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား ကို အသုံးပြုပြီး ADB မှ စီမံကိန်း အတွက် နောက်ဆုံး ငွေပမာဏကို ထုတ်ပေးပြီး (၂) နှစ်အကြာအထိ ကာလအတွင်းတွင် ဝေဖန်ပစ်တင် တိုင်ကြားမှု များကို ပြုလုပ်နိုင်သည်။

နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား က ADB ၏ စီမံကိန်းများကြောင့် ဖြစ်ပွားသော တိုက်ရိုက်နစ်နာမှုများ သို့မဟုတ် အရာဝတ္ထုပစ္စည်း စသည် ဆုံးရှုံးမှု များကိုသာ တိုင်ကြားဝေဖန် မှု ပြုပါက ဖြေရှင်းပေးသည်။ သို့သော် ပစ်တင်တိုင်ကြားမှု ပြုမည် ဆိုပါက နစ်နာမှုသည် တိုက်ရိုက်ဟုတ်သည် မဟုတ် သည်ကို စဉ်းစားမနေဘဲ ပစ်တင်ဝေဖန်စရာ ရှိသည့် အချက်များကိုသာ ဦးတည် စုဆောင်းပါ။ ထို့နောက် ထိုအကျိုးသက်ရောက်မှုသည် ဘာကြောင့် ADB မှ **ငွေထုတ်ပေးသည့်** အတွက်ကြောင့် ဖြစ်ပေါ်ရသည်ကိုသာ ပြသပြောဆိုပါ။

**တိုင်ကြားမှုများ ပြေလည်မှု ရှိမရှိ သုံးသပ်သည့် အဖွဲ့** (စာမျက်နှာ ၁၀၃ တွင်ကြည့်ပါ) မှ ကိုင်တွယ် ဖြေရှင်းသည့် ကိစ္စများမှာ ADB က ကိုယ်တိုင် ရေးဆွဲထားသည့် မူဝါဒများ နှင့် **ဘေးကင်းလုံခြုံရေးအစီအမံ** များကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ ဖြစ်သည်။ သို့သော် တိုင်ကြားမှုများကို ပြန်လည်စစ်ဆေးသည့်ရုံး (CRO) သို့ မည်သည့် ထိခိုက်မှု ဖြစ်စေခဲ့မှု များကိုမဆို တိုင်ကြား နိုင်သည်။ နောက်တရုံးဖြစ်သည့် **အထူးစီမံကိန်းများ ကူညီပံ့ပိုးပေးရေးရုံး (SPF)** က တော့ "အေဒီဘီ ၏ လုပ်ငန်းပိုင်းဆိုင်ရာ မူဝါဒများ နှင့်အဆင့်များအတိုင်း လိုက်လျှောညီထွေ ဖြစ်အောင် လုပ်ဆောင်သည်ပင် ဖြစ်စေ" တိုင်ကြားစာ များကို လက်ခံ ဖြေရှင်းပေးသည်။

တစ်ချိန်တွင် သင့်ကို မည်သည့် ADB ၏ စီမံကိန်းကြောင့် မဆို ထိခိုက်နစ်လာမည်ကို စိုးရိမ်လာခဲ့ပါက သင်လည်း ဝေဖန်အကြံပြု တိုင်ကြားမှု ကို အချက်အလက် စုဆောင်း တင်ပြသင့်ပါသည်။ မည်သို့ဆိုစေ ဤ တိုင်ကြားမှု များကို နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား က မည်သို့ ပြုလုပ်ပေးမည်ကို မေးခွန်းများ ရှိနေသည်။ အထူးသဖြင့် ထိခိုက်မှုဖြစ်ပွားကြောင်းကို သက်သေပြနိုင်ခြင်း မရှိသေးသော အခြေအနေတွင် ဖြစ်သည်။ ဤအရာသည် ၎င်းတို့၏ မူဝါဒများကို ချိုးဖောက်ထားစေကာမူ သူတို့က ပြဿနာကို မဖြေရှင်းပေးနိုင်မီ သင်တို့ကို ထိခိုက်နစ်နာမှု ဖြစ်ပွားပြီးသည့် အချိန် အထိစောင့်ဆိုင်းရန် လိုကြောင်း၊ ပြီးမှသာ ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြား နိုင်သည်။



### *ADB က တိုင်တန်းမှု တွေကို ဖြေရှင်းတဲ့အကြောင်းကို ဘာပြောလဲ*

စီမံကိန်း ကာလအတွင်း နှင့် **ပြန်လည်နေရာချထားသည့်** ကာလအတွင်း တွင် ADB လုပ်ငန်းဖြစ်စဉ် များက သင်တို့ အတွက် ပူပန်မှုများကို အလွယ်တကူ ထုတ်ဖော်ပြသနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပြီး ထိုစိုးရိမ်ပူပန်မှုများကို ပြေလည်အောင် ဖြေရှင်းပေးရမည်ဖြစ်သည်။ စီမံကိန်းကို ဆောင်ရွက်သည့်သူက မကျေနပ်ချက်များ အားလုံးကို ချရေးထားရပါမည်။ နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား က လူထုအဖွဲ့အစည်းများ အတွက် ၎င်းတို့ မှားယွင်းခဲ့ပါက သင့်လျော်သော ပြန်လည်ကုစားမှု နှင့် တရားမျှတမှု ကို ရရှိစေမည့် နေရာ တစ်ခုဖြစ်ပါသည်။



### *လူထုအဖွဲ့အစည်းတွေ ရဲ့ အတွေ့အကြုံ*

လက်တွေ့မှာမူ ADB ၏ ရှုပ်ထွေးသော အဖွဲ့အစည်းများ နှင့် စီမံကိန်း ဆောင်ရွက်သူများကြောင့် လူထုအဖွဲ့ အစည်းများ ၏ တိုင်တန်းမှုများကို ကြားနိုင်ရန်အတွက် အလွန်ခက်ခဲပါသည်။ ဒေသတွင်းရှိ **ဝေဖန်တိုင်ကြားမှုများကို လက်ခံသည့်ယန္တရား**ကို ပြဿနာများကို မဖြေရှင်းလိုသူများ၊ ကုမ္ပဏီအတွက် အလုပ်လုပ်သူများ၊ သို့ မဟုတ် ပက်သက်သူများ  သို့မဟုတ် အစိုးရနှင့် နီးစပ်သူများ က ထိန်းချုပ်ထား ခြင်းများ ဖြစ်တတ်သည်။  ယခင်က နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား မှ ဝန်ထမ်းများ သည် မိတ်ဆွေမဆန်၊ ဆက်ဆံရ ခက်ခဲခြင်း၊ လေးစားမှု မရှိခြင်း၊ နှင့် အကူအညီမပေးခြင်း များ ဖြစ်ခဲ့ပါသည်။ ဤစိန်ခေါ်မှုများ ကို လွန်ဆန်၍ အချို့ လူထုအဖွဲ့အစည်းများက နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား ကို အသုံးပြုပြီး ၎င်းတို့၏ **လူ့အခွင့်အရေးများ**ကို ကာကွယ်စောင့်ရှောက်ရန် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ ကြပါသည်။



## ဘယ်သူတွေက အကျိုးဆက်အတွက်တာဝန်ယူမှု စနစ်ကို သုံး၍ မကျေနပ်ချက်များကို တရားဝင် တိုင်ကြားနိုင်ပါသလဲ

မကျေနပ်သည်များကို ထောက်ပြတိုင်ကြားမှု တစ်ခုကို ADB မှ အထောက်အပံ့ပေးထားသော နိုင်ငံတစ်ခုတည်း အတွင်းတွင်ဖြစ်စေ၊ အိမ်နီးနားချင်း နိုင်ငံတွင်ဖြစ်စေ မည်သည့် စီမံကိန်း ကြောင့်မဆို ထိခိုက်ခံရသည့်သူ လူနှစ်ဦးထက်ပိုသော မည်သည့်အဖွဲ့ မဆို ပြုလုပ်နိုင်သည်။ **တိုင်ကြားသူများ**က (တိုင်ကြားပိတ်ပင်မှု အတွက် အထောက်အထား ရာဖွေ စုဆောင်းသူများ) လုံခြုံမှု မရှိဟု ခံစားရပါက ၎င်းတို့၏ ကိုယ်စား အထောက်အထား စုဆောင်းတင်ပြမည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ကိုယ်စားလှယ်လွှဲအပ်နိုင်သည်။ (ဂေဖန်တိုင်ကြားသူများက အမည်မဖော်ဘဲ လျှို့ဝှက်ထားနိုင်သည်။ သို့သော် နောက်ဆက်တွဲဖြစ်ရပ်များ တာဝန်ခံမှု ယန္တယား က ကိုယ်စားလှယ်များ၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာ အကြောင်းအရာ များကို လျှို့ဝှက်ထားခြင်း မပြုနိုင်ဟု ပြောဆိုသည်။) အကယ်၍ စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများထဲတွင် ဂေဖန်တိုင်ကြားမှုများကို ကိုယ်စားပြုမည့်သူတစ်ဦးမျှ မရှိပါက ထိုဂေဖန်တိုင်ကြားမှုကို ကိုယ်စားပြုလုပ်မည့်သူသည် အခြားပြင်ပ မှ သူလည်း ဖြစ်နိုင်ပါသည်။

## ဘယ်အကြောင်းအရာတွေကို မကျေနပ်ချက်များအဖြစ် တိုင်ကြားမှုပြုလုပ်နိုင်ပြီး ဘယ်အကြောင်းအရာတွေကို တိုင်ကြား၍ မရနိုင်သလဲ

ADB က ၎င်း၏ မူဝါဒများအကြောင်း၊ ဝန်ထမ်းတစ်ဦးတစ်ယောက်အကြောင်း၊ အလွဲသုံးစားမှုများ (သို့) **လာဘ်စားမှုများ**အကြောင်းတို့နှင့် ပတ်သက်သည့် တိုင်ကြားစာများကို လက်ခံမည်မဟုတ်ပေ။ ADB ၏ လုပ်ကိုင်ဆောင်ရွက်မှု နှင့် မသက်ဆိုင်သော သို့မဟုတ် ငွေကြေး လုပ်ငန်းများ နှင့် အုပ်ချုပ်ကြီးကြပ်ရေး စသည့်အခြေခံလုပ်ဆောင်ချက်များကို ဂေဖန်တိုင်ကြား ကန့်ကွက်မှု များကိုလည်း လက်ခံမည် မဟုတ်။ ADB ၏ သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးဖြေရှင်းခြင်းမပြုလုပ်ရသေးမကျေနပ်ချက်များ နှင့် ချေးငွေအထောက်အပံ့ ပြီးဆုံးပြီး ၂ နှစ်ကျော်ကြာမှ တင်ပြလာသည့် မကျေနပ်ချက်များဆိုင်ရာ တိုင်ကြားချက်များကို လက်ခံမည် မဟုတ်ပေ။ ပြဿနာကို ပြေလည်စေရန် ကြိုးစားမှုက ဆီလျော်သော ADB ၏ လုပ်ငန်းဆောင်ရွက်မှု ဌာနစိတ်သို့ ဖြေရှင်းစေရန် ပြုလုပ်ခြင်း မဟုတ်လျှင်ဖြစ်စေ နောက်ဆုံး ချေးငွေ အထောက်အပံ့ ပြီးဆုံးပြီး (၂) နှစ်ကျော်ကြာမှ ဂေဖန်တိုင်ကြားမှု ပြုလုပ်ခြင်း တို့ကို ဖြစ်စေ လက်ခံမည် မဟုတ်ပေ။

ADB က နောက်ဆက်တွဲ ဖြစ်ရပ် တာဝန်ယူမှု ဆောင်ရွက်တဲ့ ယန္တယား အတွက် သင်တို့ရဲ့ ဂေဖန်တိုင်ကြားမှု တွေက မဆီလျော်ဘူးလို့ ပြောခဲ့လျှင်လည်း ပြောဆိုကန့်ကွက်နေမှု တွေကို ဆက်လက်တိုးမြှင့်ပါ!



သင်တို့က ADB ရဲ့ ကိုယ်ပိုင် ဆောင်ရွက်မှု ယန္တယားတွေကို သုံးသုံး မသုံးသုံး သင်တို့က ဘဏ်ကို **တာဝန်ခံမှု ရှိအောင်** ပြုလုပ်နိုင်ခွင့် ရှိတယ်!



## ဂေဖန်ကန့်ကွက် တိုင်ကြားမှုများကို လက်ခံရယူသည့်ရုံးသို့ မကျေနပ်သည်များကို ဘယ်လိုစုဆောင်းတင်ပြမလဲ

တရားဝင် ကန့်ကွက်ဝေဖန်မှု တစ်ခုဖြစ်ရန်အတွက် ADB က ငွေကြေးထောက်ပံ့ထားသည့် စီမံကိန်းကြောင့် ဖြစ်ပေါ်သော တိုက်ရိုက် အကျိုးဆက် ရှိကြောင်းကို သင်တို့က သက်သေ ပြနိုင်ရမည်။ သင်တို့၏ ဝေဖန်တိုင်ကြား သည့် အမှုကို ဖန်တီးရန် အောက်ပါ မေးခွန်းများကို ဖြေပါ။

- ပြဿနာက ADB မှ ငွေကြေးအားဖြင့် ထောက်ပံ့သော စီမံကိန်းကြောင့် ဖြစ်တာလား။
- ထိခိုက်မှု အကျိုးသက်ရောက် ခံရတဲ့ လူဘယ်နှစ်ဦးရှိလဲ။
- ကျွန်ုပ်တို့၏ ဘဝ၊ အသက်မွေးလုပ်ငန်းများ၊ လူထုအဖွဲ့အစည်း နှင့် သဘာဝပါတ်ဝန်းကျင် ရှင်သန်မှုတို့ အပေါ် တိုက်ရိုက် ဆိုးကျိုးသက်ရောက်မှု သို့မဟုတ် ထိခိုက်ဆုံးရှုံးမှုကို ဘယ်လိုနည်းလမ်းနဲ့ ဖြစ်ပေါ်နေလဲ။
- ဒီပြဿနာကို ပြေလည်စေဖို့ ကျွန်ုပ်တို့ ဘာတွေ ကို ပြီးမြောက်အောင် ဆောင်ရွက်စေချင်သလဲ လုပ်ပြီး သွားပြီလဲ။ အဖွဲ့သားအားလုံးက ဘာလုပ်သင့် တယ် ဆိုတာကို သဘောတူညီကြသလား။ နောက်ဆက်တွဲ အကျိုးဆက်တာဝန်ယူမှု ဆောင်ရွက်သည့် ယန္တယား အတွင်းမှာ **ပြဿနာဖြေရှင်းခြင်း (အငြင်းပွားမှု ဖြန်ဖြေခြင်း** ဟုလည်းခေါ်သည်) နှင့် **ပြစ်တင်ဝေဖန် တိုင်တန်းမှု ပြန်လည် စစ်ဆေးကြည့်ရှုခြင်း** (အောက်ပါ လေးထောင့်ကွက်တွင် ကြည့်ပါ) ဆိုပြီး သင်တို့မှာ ရွေးစရာ နှစ်ခုရှိတယ်။ သင်တို့ရဲ့ အဖွဲ့က ဘယ်တစ်ခုဖြစ်ဖြစ် ရွေးလို့ ရတယ် ဒါပေမယ့် တစ်ကြိမ်မှာ တစ်ခုဘဲ ရွေးလို့ ရမယ်။တကယ်လို့ သင်တို့က ပြဿနာဖြေရှင်းပေးဖို့ကို ရွေးခဲ့မယ် ဆိုရင် ဝေဖန် တိုင်တန်းမှုကို စစ်ဆေးသုံးသပ်ပေးဖို့ ကို နောက်မှပဲတောင်းဆိုလို့ရမယ်။ တကယ်လို့ ဝေဖန် တိုင်တန်းမှုကို စစ်ဆေးသုံးသပ်ပေးဖို့ အရင် ရွေးခဲ့မယ်ဆိုရင် ပြဿနာ ဖြေရှင်းပေးဖို့ ကို ထပ်တောင်းလို့ မရတော့ဘူး။

ကိုယ့်အုပ်စုထဲ ပါတဲ့ လူအားလုံးအနေနဲ့ တိုင်တန်းစာကို လက်မှတ်ထားလို့ ရသလို အုပ်စုကို ကိုယ်စားပြုပြီး တယောက် မဟုတ် တယောက်ထက်ပိုတဲ့ လူတွေကလည်း လက်မှတ်ထိုးဖို့ လုပ်နိုင်ပါတယ်။ကိုယ့်အုပ်စု အပြင်က တယောက်ယောက် သို့ မဟုတ် အဖွဲ့အစည်း တခုခုကို ကိုယ့်အုပ်စု ကိုယ်စားပြု လုပ်ပေးဖို့ လည်း တောင်းဆို နိုင်ပါတယ်။ကိုယ့်ဒေသခံထဲက ကိုယ်စားပြုလုပ်ကိုင်ဖို့လူ ရှာမရဘူးဆိုရင်လည်း အပြင်က လူတယောက်ယောက် သို့ မဟုတ် **အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)** တွေ တခြားအုပ်စု တွေကို ကိုယ့်အတွက်ကိုယ်စား ပြုပေးဖို့ တောင်းဆိုနိုင်ပါတယ်။ ဒါပေမယ့် ကိုယ့်ရပ်ရွာထဲမှာ လုပ်နိုင်မယ့်သူ မရှိဘူးဆိုတာကိုတော့ ပြသနိုင်ရပါမယ်။.

ထိခိုက်ခံရတဲ့ လူတွေ ကို ကိုယ်စားပြုပြီး အဲဒီ ကိုယ်စားလှယ်တွေ အလုပ်လုပ်နေခြင်းဖြစ်ကြောင်း ပြသရန် အတွက် လုပ်ပိုင်ခွင့်လွှဲပေးစာ ကို သူတို့ အတွက် ရပ်ရွာက လုပ်ပေးရပါမယ်။ဖြစ်နိုင်မယ်ဆိုရင် အန္တရယ်လည်း မဖြစ်ဘူးဆိုရင် ဒီကိုယ်စားလှယ်တွေကို ကိုယ့်ဒေသထဲက စီမံကိန်း အရာရှိနဲ့ အရင်တွေ့ ဆုံပြီး ကိုယ်တွေရဲ့ ဂေဖန်တိုင်တားမှု အကြောင်း ဆွေးနွေးပါ။ နောက်ပြီးတော့ သူတို့ ကို အေဒီဘီ စီမံခန့် ခွဲရေး ဌာနက စီမံကိန်း အရာရှိ ဆီကို ထပ်ပြီး တိုင်တန်းလွှာ ပို့ ခိုင်းပါ။ အဲဒါတောင်မှ ပြဿနာက မပြေလည် သေးရင် အေဒီဘီ တာဂန်ခံမှု ယန္တရား ဆီကို တိုင်တန်းစာ ထပ်ပို့ ပါ။

**ပြဿနာဖြေရှင်းခြင်း သို့မဟုတ် မူဂါဒ နှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက် မှု ရှိမရှိ ပြန်လည်သုံးသပ်ခြင်း**

သင်ရဲ့ တိုင်ကြားစာ ကို နည်းလမ်းနှစ်သွယ်နဲ့ အရေးတယူပြုနိုင်ပါတယ်။ ပထမတခုကတော့ ပြဿနာကိုဖြေရှင်း ပေးတဲ့ နည်းနဲ့ဒုတိယကတော့ (စီမံကိန်းတွေက)မူဂါဒ နှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက် ရှိမရှိကို ပြန်လည်သုံးသပ်ပေးတဲ့နည်းပါ။ ဂေဖန်တိုင်ကြားလွှာတစောင်ကို တင်သွင်းပြီဆိုရင် ကိုယ်က အဲဒီ အဲဒီ နှစ်ချက်ထဲက ဘယ်အချက်ကို ရည်ညွှန်း ပြောနေသလဲဆိုတာကို ဖော်ပြနိုင်ဖို့ အရေးကြီးပါတယ်။ နှစ်ခုလုံး ကိုလည်း တောင်းဆိုနိုင်ပေမယ့်ပြဿနာဖြေ ရှင်းဖို့ တောင်းဆိုမှုကို မူဂါဒ နှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာ ဆောင်ရွက်သုံးသပ်မှု အရင် လုပ်ပါမယ်။တကယ်လို့ လိုက်လျောညီထွေမှု ရှိမရှိ သုံးသပ်ဖို့ ကို အရင် တောင်းဆိုလိုက်ရင် စုံစမ်းစစ်ဆေးရေးေတွ စလုပ်ပြီဆိုတာနဲ့ပြ ပဿနာဖြေရှင်းမှုကို တောင်းဆိုလို့ မရတော့ဘူးဆိုတာကိုတော့ သတိပြုပါ။

၁ - ပြဿနာ ဖြေရှင်းခြင်း နည်းလမ်းမှာ သင်နဲ့ စီမံကိန်းအကောင်အထည်ဖော်သူ အကြား မကျေနပ်မှုများကိုဖြေရှင်းရန် အတွက် ဆွေးနွေးကြခြင်းဖြစ်သည်။ ဒီဖြစ်စဉ်ကို စီမံကိန်းများ အတွက် အထူးကြားဂင် ဆောင်ရွက်ပေးတဲ့ရုံးက ( office of the special project facilitator - OSPF) နေပြီးတော့ လုပ်ပေးပါတယ်။ ဒီရုံးကနေပြီးတော့ ဘက်မလိုက်တဲ့ ပုဂ္ဂိုလ် တဦးကို ကိုယ်ရဲ့တိုင်တန်းမှုတွေကို ပြောကြား နိုင်ဖို့ နဲ့ အဖြေတခုခု ရဖို့ ဆွေးနွေးမှု တွေ အတွက် ခန့် ထားပါမယ်။ ကိုယ်ရဲ့ တောင်းဆိုချက်ချက် က စီမံကိန်း အကြောင်း သတင်းအချက်အလက် ပိုသိရဖို့၊ စီမံကိန်းရဲ့ ထိခိုက်မှု အပေါ် သီးခြားလွတ်လပ်တဲ့လေ့လာမှုတွေ၊ **ပြန်လည် ထူထောင်ရေး** နဲ့ ထိခိုက်နစ်နာခဲ့ရမှု များကို ကုစားပေးရေး တွေ၊ နောက်ထပ်ဖြစ်လာနိုင်တဲ့ အန္တရယ်တွေကို ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ၊စီမံကိန်း ပုံစံကို ပြောင်းလဲဖို့ စသဖြင့် များစွာ ဖြစ်နိုင် ပါတယ်။

ပြဿနာဖြေရှင်းဖို့ ကို တောင်းဆိုမယ်ဆိုရင် ကိုယ့်ရဲ့ တိုင်ကြားလွှာက အေဒီဘီရဲ့ မူဂါဒတွေကို ချိုးဖောက် ကျူးလွန်တဲ့အကြောင်းတွေကို အခြေခံပြီး သွားပြောဖို့မလိုအပ်ပါဘူး။ နောက်ပြီးတော့ စီမံကိန်း  အကောင်အထည် ဖော်သူနဲ့ရေရှည် ဆွေးနွေးပွဲတွေ ထိုင်နိုင်ဖို့ လိုပါတယ်။ ကောက်ချက်တခု ချဖို့ လတွေ အတော်ကြာနိုင်ပါတယ်။ တချို့ ကိစ္စတွေမှာ ဆိုရင် နှစ်ဖက်လုံးက အဖြေကို မရှာနိုင်တာ ရှိပါတယ်။

ပြဿနာဖြေရှင်းဖို့ ဆိုတာကလည်း သက်ဆိုင်သူတွေအားလုံးက ပါဂင်ဖို့ သဘောတူမှ လုပ်နိုင်တာပါ။ စီမံကိန်း အကောင်အထည် ဖော်သူတွေက ပါဂင်ဖို့ ငြင်းကောင်းငြင်းနိုင်ပါတယ်။တကယ်လို့ ဒီဖြစ်စဉ်က ကိုယ်မျှော်ထင့် ထားတဲ့ အတိုင်းဖြစ်မလာခဲ့ရင် အချိန်မရွေ့ နောက်ဆုတ်နိုင်ပြီး လိုက်လျောညီထွေ ရှိမရှိကို ပြန်လည် သုံးသပ် ခိုင်းတဲ့နည်း(အောက်တွင်ကြည့်ပါ)ကို တောင်းဆိုနိုင်ပါတယ်။ ဒါပေမယ့် အဖြေရှာတဲ့ နည်းလမ်းကို ရပ်တန့် လိုက်ရင် အဲဒါကို နောက်တခေါက် ပြန်စဖို့ မရနိုင်တော့ပါဘူး။

အေဒီဘီ ရဲ့ တာဂန်ခံမှု ယန္တရား ရဲ့ အကူအညီ နဲ့ ရပ်ရွာလူထုနဲ့ စီမံကိန်း အကောင်အထည် ဖော်သူတို့ ဟာ ညှိနှိုင်း ဆွေးနွေးပွဲ အတွက် စည်းမျဉ်းတချို့ ကို ချကြပါတယ်။ စီမံကိန်း အကောင်အထည် ဖော်တဲ့သူ မှ အဆိုတင်သွင်းလာတဲ့ စည်းကမ်းတိုင်းကို နားလည်ဖို့ ကြိုးစားပါ၊ဒါမှမဟုတ် နားလည်ဖို့ လိုအပ်ရင် အကူအညီတောင်းပါ။ အစည်းအဝေး တွင်းမှာ ကိုယ့်ရဲ့ ထောက်ခံသူတွေ ဥပမာ - ရှေ့နေတွေ၊ အရပ်ဘက်အဖွဲ့အစည်း တွေ၊ အစိုးရတာဂန်ရှိသူတွေ၊ ရပ်ရွာ ကိုယ်စားလှယ်တွေ၊ **လူထုအဖွဲ့ အစည်းတွေ**၊ အစိုးရ အရာရှိတွေ ကို တက်ရောက်ဖို့ ပဲဖြစ်ဖြစ် စကားပြောပေးဖို့ ပဲဖြစ်ဖြစ် အကူအညီတောင်းနိုင် ပါတယ်။ ပြင်ပမှ လူများပါဂင် လာမည်ကို စီမံကိန်းအကောင်အထည် ဖော်သူများက များသောအားဖြင့် ငြင်းဆို လေ့ရှိ ပါတယ်။ မိမိအနေနဲ့ ပြင်ပမှလူများ ပါဂင်မည့်အရေးကို အစောပိုင်းကတည်းက သေသေချာချာ ဖော်ပြခဲ့ရ မည် ဖြစ်သည်။

၂ - မူဂါဒ နှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှုရှိမရှိကို ပြန်လည်သုံးသပ်ပေးတဲ့နည်း ကတော့ အေဒီဘီ က သူထုတ်ထားတဲ့ မူဂါဒတွေ နဲ့ နည်းနာ တွေကို လိုက်နာခြင်းရှိမရှိ ရှာဖွေစုံစမ်းစစ်ဆေးဖော်ထုတ်နဲ့ နည်းပါပဲ။ မူဂါဒ နှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှုရှိမရှိကို ပြန်လည်သုံးသပ်ပေးတဲ့ အဖွဲ့ (**The office of the compliance review panel -OCRP)** က ဒီစုံစမ်း စစ်ဆေးမှုကို ပြုလုပ်ပါတယ်။ ဒီစစ်ဆေးမှုက အေဒီဘီရဲ့ မူဂါဒ အပိုင်း ကိုပဲ ကြည့်ရှုမှာ ဖြစ်တဲ့ အတွက် ကိုယ်ရဲ့ တိုင်တန်းလွှာမှာ ဘယ်မူဂါဒတွေကို ချိုးဖောက်တယ်လို့ ယူဆကြောင်း စာရင်းနဲ့  တကွ တင်ပြနိုင်ရင် အကောင်းဆုံးပါ။ သက်သေတွေ ရှိခဲ့ရင်လည်း တခါတည်း တွဲတင်ဖို့ အရေးကြီးပါတယ်။

တကယ်လို့ စုံစမ်းစစ်ဆေးမှု ရုံးက ကိုယ့်ရဲ့ တိုင်ကြားလွှာကို သုံးသပ်ပြီးလို့ လက်ခံလိုက်ရင် စုံစမ်းစစ်ဆေးမှု စပါ လိမ့်မယ်။ စစ်ဆေးမှုထဲမှာ ဆိုရင် တိုင်တန်းသူတွေ၊အေဒီဘီ ဂန်ထမ်းတွေနဲ့ စီမံကိန်း အကောင်အထည် ဖော်သူတွေ ကို

အင်တာဗျူးလုပ်တာ၊စီမံကိန်း နေရာကို သွားလေ့လာတာ၊ သင်အရေးကြီးတယ် ထင်တဲ့ တွေ့  သင့်တွေ့ ထိုက်တဲ့ သူတွေနဲ တွေ့ဆုံတာတွေပါတယ်။ပြီးရင် သူတို့ ရဲ့ တွေ့ ရှိချက်တွေကို အစီရင်ခံစာ တစောင် ထုတ်ပါမယ်။ သင့် အနေနဲ့ အစီရင်ခံစာ မူကြမ်းမှာ ကိုယ်ရဲ့ သဘောထားကို ပေးခွင့်ရှိ ပေမယ့် ဒီ ရုံးအဖွဲ့ မှာပဲ ဒီအစီရင်ခံစာထဲမှာ ဘာတွေပါမယ်ဆိုတာကို ဆုံးဖြတ်ပါလိမ့်မယ်။

ထို့ နောက် အစီရင်ခံစာထဲတွင် ပါသည့် ပြဿနာနာ များကို ကိုင်တွယ် ဖြေရှင်းရန် အတွက် အေဒီဘီမှ လုပ်ဆောင်မည့် အဆင့်အချို့ကို ထုတ်ပြန်မည်ဖြစ်သည်။ ထိုအဆင့်များ အကောင်အထည် ဖော်ခြင်းကို အေဒီဘီ  တာဝန်ခံမှုယန္တရား မှ အနီးကပ် **လေ့လာ စောင့်ကြည့်** မည်ဖြစ်သည်။ စုံစမ်းစစ်ဆေးနေစဉ် အတွင်း အေဒီဘီ ရုံး အဖွဲ့ မှ သင့်နဲ့ ဆွေးနွေးတိုင်ပင် တာတွေ လုပ်နိုင်ပေမယ့် သင့်အနေနဲ့ ထွက်လာမယ့် ရလဒ်ပေါ် မှာတော့ သိပ် လွှမ်းမိုးနိုင်မှာ မဟုတ်ပါဘူး။ နောက်ဆုံးထွက်လာတဲ့အစီရင်ခံစာက ကိုယ်မျှော်လင့်ထားတာတွေနဲ့ မကိုက်ခဲ့ ရင် ကိုယ်ပိုင် တုံ့ပြန်မယ့် နည်းလမ်းတခုကို



အေဒီဘီ အနေနဲ့ သင့်ရဲ့ ရပ်ရွာလူထုကို ကူညီဖို့ ကြိုးစားနေပြီး စီမံကိန်းအကောင်အထည်ဖော်သူ တွေကလည်း ပြဿနာ ကို ပြေလည်အောင် ဖြေရှင်းဖို့ ဆုံးဖြတ်ချက်တခု ကျသွားခြင်းကို ပြဿနာဖြေရှင်းခြင်း လို့ ခေါ်ပါတယ်။



အေဒီဘီ က သူ့ရဲ့ကိုယ်ပိုင်စံတွေ နဲ့မူဝါဒ တွေကို လိုက်နာခြင်း ရှိမရှိ စုံစမ်းစစ်ဆေးတာကို မူဝါဒ နှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှု ရှိမရှိ ပြန်လည်သုံးသပ်ခြင်း လို့ ခေါ်ပါတယ်။

**ဝေဖန်ကန့်ကွက်စာ ရေးသားခြင်း**

ဝေဖန် ကန့် ကွက်လွှာ သို့ မဟုတ် တိုင်ကြားလွှာ ကို ပို့တဲ့အခါမှာ ကိုယ်ပြောချင်တဲ့ ကြောင်း တိတိကျကျ ပါဖို့  အရေးကြီး ပါတယ်။ ဝေဖန်ကန့် ကွက်စာ တစောင်မှာ အောက်ပါ အချက်တွေ ပါသင့်ပါတယ်။

- စာကို ကိုယ်ရဲ့အမျိုးသား ဘာသာစကား သို့ မဟုတ် အင်္ဂလိပ် လို ရေးပါ။
- ကိုယ့် အုပ်စုရဲ့ အမည်နဲ့ ကိုယ်စားပြု ဆက်သွယ်နိုင်သူတွေရဲ့ အမည်နဲ့ လိပ်စာကို ရေးပါ။ ကိုယ့်အုပ်စု ကို ကိုယ်စားပြု ဆောင်ရွက်သူကို လုပ်ပိုင်ခွင့်ပေးတဲ့ စာကိုလည်း ပေးပါ။ ကိုယ့်နာမည်ကို မဖော်ပြစေချင် ရင် အကြောင်းရင်းကို ရှင်းပြပြီး လျှို့ဝှက်ထားပေးဖို့တောင်းဆိုပါ။ ( မှတ်ချက် - ကိုယ်က မဖော်ပြစေချင်ဘူးဆိုပေမယ့် အေဒီဘီ ရဲ့ဝန်ထမ်းတွေမှာက တော့ နာမည်တွေက ရှိနေမှာ ဖြစ်ပြီး သူတို့ က တခြားလူတွေကို ပြန်မပေးပါဘူး)
- အန္တရာယ်ဖြစ်စေခဲ့တဲ့ စီမံကိန်း အမည်နဲ့ နေရာကို ဖော်ပြပါ။
- ထိခိုက်ခဲ့ရတဲ လူတွေရဲ့ မကျေနပ်ချက်များကိုတတ်နိုင်သမျှ ရှင်းရှင်းလင်းလင်း ရေးပါ။ အဲဒါက စာ ရဲ့ အဓိက ကျတဲ့အပိုင်းပါပဲ။
- အေဒီဘီ စီမံခန့် ခွဲရေးဌာန ကို ဆက်သွယ်ပြီး ပြဿနာ တွေဖြေရှင်းဖို့ မိမိတို့ ကြိုးစားအားထုတ် ခဲ့သမျှကို ဖော်ပြပါ။ ဒေသဆိုင်ရာ စီမံကိန်း အရာရှိတွေနဲ့ လည်း ဆက်သွယ်ခဲ့ရင် အဲဒါကို ထည့်ပါ။
- မိမိအနေနဲ့ လိုအပ်တဲ့ သတင်းအချက်အလက်များ အပြည့်အစုံ မဖော်ပြနိုင်ခဲ့လျှင် ဘာကြောင့် ထိုအချက်အလက်များ မဖော်ပြနိုင်သလဲဆိုတာကို ရှင်းပြပါ။
- အထောက်အကူပြုမယ့် စာရွက်တွေ ဥပမာ မဟာမိတ်အုပ်စုတွေဆီက စာတွေ၊ သတင်းစာ ဖြတ်ပိုင်းတွေ၊ ဓာတ်ပုံ တွေ နဲ့ပြဿနာကို ရှင်းပြနိုင်မယ့် ဘယ်လို အချက်အလက်မဆို ကိုယ့်မှာ ရှိခဲ့ရင် စာနဲ့ အတူ တွဲတင်ပါ။
- ပြဿနာဖြေရှင်းနည်း သို့မဟုတ် မူဝါဒ နှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှုရှိမရှိကို  သုံးသပ်နည်း (စာမျက်နှာ ၁ဂ၃ ကိုကြည့်ပါ) ဘယ်နည်းကိုသုံးပြီး ဖြေရှင်းစေချင်တယ်ဆိုတာကိုဖော်ပြပါ။ တကယ်လို့ သင်တို့က ဒါတွေကို ရှင်းရှင်းလင်းလင်း မပြောထားခဲ့ရင် တိုင်ကြားစာများကို လက်ခံသည့်အရာရှိက တိုင်တန်းမှုကို ပြန်ပို့ပေးပြီး သင်တို့ ဘယ်နည်းလမ်းကို အသုံးပြုစေချင်တယ် ဆိုတာကို မေးပါလိမ့်မယ်။ အဲဒီလို ဖြစ်တာကြောင့် ဖြစ်စဉ်တစ်ခုလုံးကို ပိုပြီး အချိန်ကာလကြာရှည် စေပါတယ်။

↳ ကိုယ်ပိုင် မှတ်တမ်း အတွက် စာ ကို မိတ္တူစောင်ရေ အတော်များများ ကူးထားပါ။ စာကို သက်ဆိုင်ရာ ဒေသခံရုံးသို့ ဖြစ်စေ၊ ဒေသတွင်းဆိုင်ရာ အေဒီဘီ ရုံးသို့ ဖြစ်စေ ပေးပို့ နိုင်သည်။ သို့ မဟုတ် အောက်ပါ လိပ်စာသို့ တိုက်ရိုက် ပေးပို့ နိုင်သည်။

**တိုင်ကြားမှုများကို လက်ခံရသည့် အရာရှိ**
**(Complaints Receiving Officer)**
Asian Development Bank
6 ADB Avenue, Mandaluyong City
1550 Metro Manila, Philippines
Email: amcro@adb.org, crp@adb.org

**အထူးစီမံကိန်းများကို ကူညီပံ့ပိုးပေးသည့်ဌာန**
**(Special Project Facilitator)**
Asian Development Bank
6 ADB Avenue, Mandaluyong City
1550 Metro Manila, Philippines
Email: ospf@adb.org

## ဝေဖန်ကန့်ကွက် တိုင်ကြားစာ နမူနာ

ဒီစာကတော့ ထိခိုက်ခံရတဲ့ လူထုအဖွဲ့အစည်းက ADB ကို အမှန်တကယ် ရေးသားပေးပို့ထားတဲ့ စာ နမူနာပါ။

*ဝေဖန်အကြံပြုချက် လက်ခံသည့် အရာရှိ*
*အာရှဖွံ့ဖြိုးရေးဘဏ်*
*အမှတ် ၆ ADB ရိပ်သာ ၁၅၅၀ မန်ဒလူရောင်း မြို့*
*မနီလာမြို့တော်၊ ဖိလစ်ပိုင်။*

*ချစ်ခင်ရပါသော ဝေဖန်အကြံပြုမှု လက်ခံသည့် တာဝန်ရှိသူ -*

*ကာရာဂျက် ပြည်ထောင်စုနိုင်ငံ သားများ ဖြစ်ကြသော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်စားလှယ် ကို ကျွန်ုပ်တို့၏ ကိုယ်စား ဤ ဝေဖန်အကြံပြုစာကို မှတ်တမ်းစုဆောင်း ရေးသားပြုစု တင်ပြရန် တရားဝင်ခွင့်ပြုချက် ပေးထားကြောင်း ကျွန်ုပ်တို့ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး အတည်ပြုကြပါသည်။.*

*၁။ ယခုလက်ရှိအချိန်တွင် ကျွန်ုပ်တို့သည် ကာရာဂျက်စတန် ပြည်ထောင်စု ရှိ ဘစ်ရှ်နစ် ရေအီယွန်၊နာရန် အိုဘလက်စ်၊ ကာရာ ဘူလွန် အီးလ် တွင် အကောင်အထည်ဖော်နေသော နိုဝင်ဘာလ (၁၈) ရက်နေ့ ၂၀၀၉ ခုနှစ်တွင် ADB မှ အကူအညီ ပေးထားသော စီမံကိန်းအမှတ်စဉ် ၄၂၃၉၉-၀၁ ၊ ချေးငွေ ၂၅၃၃/ငွေပမာဏ ၀၁၅၃ - KGZ ၊ စီမံကိန်း ၂-CAREC သယ်ယူပို့ဆောင်ရေး လမ်းကြောင်းမကြီး (၁) (ဘစ်ရှ်ကတ် - တိုရုဂရတ် လမ်းမ) ကြောင့် ပြဿနာကြုံတွေ့နေကြပါသည်။*

*၂။ ကျွန်ုပ်တို့ကို ဖြစ်ပေါ်စေခဲ့သော တိုက်ရိုက် ထိခိုက်ဆုံးရှုံးမှုများ မှာ အောက်ပါ အတိုင်းဖြစ်ပါတယ်။*

*၂၀၁၀ ဂျူလိုင်လတွင် နာရန်အိုဘလတ် လမ်း ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်မှု ရုံးက ကျွန်ုပ်တို့ကို ကားမှတ်တိုင်တွင် ရှိနေသော ဆိုင်တစ်ဆိုင်ကို နစ်နာကြေးအလျော်မပေးဘဲ ဖြိုဖျက်ရန် အကြောင်းကြားခဲ့ပါသည်။ ၂၀၁၀ နွေရာသီတွင် ကျွန်ုပ်တို့က ဖြိုဖျက်ရမည့် ဆိုင်၏ အနောက်တွင် ကပ်လျက် ပြန်လည် ဆောက်လုပ် ပြုပြင် ခဲ့ပါသည်။ ကျွန်ုပ်တို့ ဖြိုဖျက် ပေးလိုက်ရသော အဆောက်အဦ ၏ ခန့်မှန်းတန်ဖိုးမှာ စွမ်ငွေ ၁၂၀၀၀ (တစ်သိန်း နှစ်သောင်း) ဖြစ်ပါသည်။*

*၃။ အထူးစီမံကိန်း ကူညီပံ့ပိုးပေးသူ ထံမှ အောက်ပါ အကူအညီ အတိုင်းအတာမျိုးကို ရရှိစေရန် ကျွန်ုပ်တို့ ရည်ရွယ်ထားပါသည်။*

*ပထမဦးစွာ ဖြိုဖျက်ပေးလိုက်ရသော အဆောက်အဦ အတွက် နစ်နာကြေးပေးလျော်စေချင်ပါသည်။*

*ဒုတိယအနေနှင့် ဆိုင်အသစ် အဆောက်အဦ အတွက် ခွင့်ပြုချက်အသစ် ရရှိအောင် ဆောင်ရွက်ပေးပြီး ဆိုင်သစ်ဆောက်လုပ်ခွင့် ရရှိအောင် မှတ်ပုံတင် ပြုလုပ်ခြင်းအတွက် ကုန်ကျစားရိတ်ကို ပြေစာဖြတ်ပိုင်းများ နှင့် အမှာစာများနှင့်တကွ တင်ပြပေးသည့် ကုန်ကျစားရိတ် အတိုင်း ပေးလျော်စေချင်ပါသည်။*

*၄။ ကျွန်ုပ်တို့ က ဤ ပြဿနာကို ADB ၏ လုပ်ငန်းဆောင်ရွက် လည်ပါတ်မှု နှင့် သက်ဆိုင်သော အောက်ပါ ဌာနများကို ဖြေရှင်းပေးရန် ရည်ရွယ်၍ကြိုးစားခဲ့ကြပြီး ဖြစ်ပါသည်။*

*၂၀၁၀ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျွန်ုပ်တို့ ကာရာဂျက် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန သို့ လည်းကောင်း ADB ၏ အာရှအလယ်ပိုင်းနှင့် အနောက်အာရှ ရုံးများသို့ လည်းကောင်း တရားဝင် စာရေးသား မေးမြန်းစုံစမ်း ခဲ့ပါသည်။*

*ပြန်လည်ဖြေရှင်းပေးမှုများကို ကျွန်ုပ်တို့ ကျေနပ်ခြင်း မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ ယခု တိုင်ကြားမှုကို ပြုလုပ်တင်ပြရခြင်း ဖြစ်ပါသည်။*

*ADB တွင်လည်း ပစ်တင်ဝေဖန် အကြံပြုစာ ရေးသားသည့် ပုံစံ နမူနာကို အောက်ပါ နေရာတွင် ရရှိနိုင်ပါသည်။*
*http://www.adb.org/SPF/information-guide.pdf.*

## တိုင်တန်းရသည့် အကြောင်းရင်း များ (grivence) ကို စုဆောင်း တင်ပြပြီးတဲ့အခါ ဘာတွေ ဖြစ်လဲ

နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ဆောင်ရွက်သည့် ယန္တယား က သင်တို့ကို သင်တို့ထံမှ စာရရှိပြီး (၂) ရက်အတွင်းမှာ ပြန်စာပေးပို့ ရပါမယ်။ နောက်ပြီး သင်တို့ရဲ့ တိုင်တန်းစာကို ရရှိထားကြောင်းကို သူတို့ရဲ့ အင်တာနတ် စာမျက်နှာပေါ်မှာ စာရင်းရေးသွင်းထားရပါမယ်။ (၄၉) ရက်အတွက်းမှာ (ပြဿနာဖြေရှင်းရန်) နှင့် ရက်ပေါင်း (၇၀) ခန့်လောက်မှာ (တိုင်တန်းရသည့်အကြောင်းရင်းကို ပြန်လည် စစ်ဆေးကြည့်ရှုခြင်း အတွက်) သင်တို့ရဲ့ တိုင်တန်းမှုက တရားဝင် တုံ့ပြန်မှု ရရန် သင့်တော်သည် မတော်သည် ကို သူတို့က ဆုံးဖြတ်မှု ပြုပါလိမ့်မယ်။ အကယ်၍ သူတို့က သင်တို့ရဲ့ တိုင်တန်းမှုကို အကြောင်းရင်း ပြန်လည် စစ်ဆေးကြည့်ရှုခံရဖို့ သင့်တော်တယ် လို့ ဆုံးဖြတ်ပါက သူတို့က လာရောက်ကြည့်ရှုပြီး စုံစမ်းစစ်ဆေးမှု တွေကို (သင်တို့ရဲ့ အစိုးရက သဘောတူ ခွင့်ပြုခဲ့ရင်) ပြုလုပ်ပါလိမ့်မယ်။ သင်တို့ရဲ့ ဝေဖန်ထောက်ပြကန့်ကွက်မှု တွေကို ရရှိတဲ့ အချိန်ကတည်းက တိုင်တန်းရတဲ့အကြောင်းရင်း တွေကို ပြန်လည်စစ်ဆေးတာ ပြီးဆုံးတဲ့ အထိကို ရက်ပေါင်း (၂၀၀) ခန့်အတွင်းမှာ အပြီး လက်စသတ်ရပါမယ်။




စုံစမ်းစစ်ဆေးမှု ကို ဆောင်ရွက်ပြီးတဲ့ အခါမှာ ADB ကသင့်ကို သူတို့ရဲ့ ထောက်ခံ အကြံပြုမှု မူကြမ်း (**ပြန်လည် ကုစားပေးတဲ့ ဆောင်ရွက်ချက်** လို့လည်း သိကြပါတယ်) ကို ပေးပို့ ပါလိမ့်မယ်။ အဲဒါကို သင်ရပြီဆိုရင် သင်တို့ရဲ့ လူထုအဖွဲ့အစည်းနဲ့ ဆွေးနွေးတိုင်ပင်ပါ။ အဲဒါမှသာ လူတိုင်းက ဘာဏ်ရဲ့ ဆုံးဖြတ်ချက်ကို သိကြမှာပါ။ အဲဒီ ထောက်ခံ အကြံပြုချက် ကို သင်တို့က မှတ်ချက်တွေ ပြုနိုင်ပါတယ်။ ဒါပေမယ့် လူထုတွေက ထောက်ခံ အကြံပြုချက်တွေကို သဘောမတူနိုင်ရင်တောင် မှ ကန့်ကွက်ရတဲ့ အကြောင်းရင်းတွေကို ပြန်လည် ကြည့်ရှု စစ်ဆေးနေတာ ကိုတော့ ရပ်လို့ မရဘူး။



## ဖြစ်ရပ်။ ထိုင်းနိုင်ငံရှိ စမုတ်ပရာကန် ညစ်ညမ်းရေ ပြန်လည်သန့်စင်သည့် စီမံချက်အား ပယ်ဖျက်ရပ်တန့်ခြင်း

ထိုင်းနိုင်ငံ ရှိ ကလောင်ဒန်း ဟုခေါ်သော ရွာသည် ဘန်ကောက်မြို့အနီးတွင် ပင်လယ်ကမ်းနား အစပ် တွင် တည်ရှိသည်။ ကလောင်ဒန်းရှိ လူများက သယံဇာတကြွယ်ဝသော ပင်လယ်ကမ်းနား နှင့် ဒီရေတောများတွင် ငါးဖမ်းခြင်းနှင့် ခရုများကောက်ခြင်းဖြင့် အသက်မွေးကြသည်။ ၁၉၉၈ ခုနှစ်၏ နေ့တစ်နေ့တွင် ဆောက်လုပ်ရေး ပစ္စည်းများကို သူတို့ရွာထဲသို့ ရွှေ့ယူလာသည်ကို ကလောင်ဒန်းရွာသူရွာသားများ တွေ့မြင်ခဲ့ရသည်။ ထိုအဖြစ်က ၎င်းတို့ကို တပ်လှန့်စေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က မည်သည့် ဆောက်လုပ်ရေးစီမံကိန်းကို ဆောက်လုပ်မည် ဆိုသည့် အစီအစဉ် ရှိသည်ကို မသိခဲ့ကြသောကြောင့် ဖြစ်သည်။ ရွာသူရွာသားများက အလုပ်သမားများကို မေးခဲ့သည် သို့သော်လည်း အလုပ်သမားများက စီမံကိန်းအကြောင်းကို မည်သည့် စီမံကိန်းဖြစ်ကြောင်း သေသေချာချာ မသိကြချေ။ ၎င်းတို့ သိကြသည်မှာ အဆောက်အဉီ တစ်ခုအတွက် မြေရှင်းရန် သူတို့ သစ်ပင်များကို ရှင်းလင်းခုတ်ထွင်ရမည် ဟု ဖြစ်သည်။

ရွာတွင်နေထိုင်ကြသော အမျိုးသားများမှာ တစ်နေ့တာလုံး ငါးဖမ်းခြင်းနှင့် အလုပ်များ နေကြသည်။ ထို့ကြောင့် ရွာရှိအမျိုးသမီးများက ပြဿနာ၏ အကြောင်းရင်းကို ဦးဆောင် စုံစမ်းလေ့လာကြပြီး ၎င်းတို့၏ လူထုအဖွဲ့အစည်း ကို စည်းရုံးလှုပ်ရှားမှု ပြုကြသည်။ထိုင်းအစိုးရ၏ ညစ်ညမ်းမှု လျှော့ချရေး ဌာနက ၎င်းတို့ရွာအစွန်တွင် အနီးအနားမှ စမုဒ်ပရာကန် ခရိုင်ရှိ စက်ရုံများမှ ရေဆိုးများကို သန့်စင်ရန် ကြီးမားသော ဝန်ဆောင်မှုပေးမည့် အဆောက်အဉီ တစ်ခုကို တည်ဆောက်မည် ဖြစ်ကြောင်းကို သိရှိလာကြသည်။ ရွာသားများက ဤစက်ရုံမှာ တောင်အာရှရှိ အကြီးမားဆုံး ရေဆိုးသန့်စင်စက်များ တွင် တစ်ခုအပါအဝင် ဖြစ်ကြောင်းကို သိရှိလာကြသည်။ သူတို့ ရှာဖွေတွေ့ရှိလာကြသည်မှာ စီမံကိန်းတန်ဖိုးမှာ ADB မှ ထုတ်ချေးထားသော အမေရိကန်ဒေါ်လာ သန်း ၁၅၀ အပါအဝင် အမေရိကန် ဒေါ်လာ ၆၈၇ သန်းဖြစ်သည်။ ဤငွေပမာဏမှာ ရွာရှိ ရွာသူရွာသားများ တစ်ဦးတစ်ယောက်မျှ မမှန်းဆနိုင်သော ငွေပမာဏ ဖြစ်သည်။

ရွာသူရွာသားများ နားလည်လိုက်သည်မှာ ဤစီမံကိန်းသည် ၎င်းတို့၏ နေအိမ်ကို လုံးဝပြောင်းလဲပစ်တော့မည် ကိုသိရှိစိုးရိမ်လာကြသည်။ မကြာမီတွင် သူတို့ ထပ်မံ သိရှိလာကြသည်မှာ အစိုးရက စီမံကိန်းကို ၎င်းတို့ကို ပြောပြ အသိပေးခြင်း မရှိဘဲ လွန်ခဲ့သည့် (၃) ခန့်က စတင်စီမံခဲ့ခြင်းဖြစ်သည်။ နောက်ထပ်လည်း စက်ရုံ အဆောက်အဉီမှာ စက်ရုံများမှ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ နှင့် သတ္တုအလေးစားများ (ခဲ၊သံဓါတ်မျိုးကွဲ စသည်) တို့ပါဝင်သည့် အဆိပ်သင့်ရေဆိုးများကို သန့်စင်နိုင်လောက်အောင် ပြည့်စုံစွာ တပ်ဆင်ထားမှု မရှိပေ။ အဆိပ်သင့်ရေများကို ပင်လယ်ထဲသို့ စွန့်ထုတ်ပစ်မည် ဖြစ်ပြီး ဒေသခံ ငါးဖမ်းလုပ်ငန်းကို ပျက်စီးသွားနိုင်မည် ဖြစ်သည်။

စက်ရုံကို ကမ်းခြေတွင်ပင် တည်ဆောက်ပြီး မြေပျော့ပေါ်တွင် ရေတာက်ခြင်းနှင့် ကမ်းပါးပြိုကျခြင်းတို့ မှ လွယ်ကူစွာ အကျိုးသက်ရောက်မှု ကို ခံရမည် ဖြစ်သည်။ ထိုနေရာတွင် အများပြည်သူပိုင် မြေနှင့် တူးမြောင်းများ ရှိပြီး ရောင်းချရန် မဟုတ်ပေ။ ပိုဆိုးသည်မှာ မြေနေရာအတွက် ဒေသခံ နိုင်ငံရေးသမား တစ်ယောက်က ၎င်း၏ အိမ်နီးနားချင်း များကို မည်သူ့ကိုမျှ မပြောပြဘဲ ရောင်းချလိုက်ခြင်း ဖြစ်တယ်။ စီမံကိန်းကို ငွေချေးပေးရန်အတွက် ADB က **သဘာဝပါတ်ဝန်းကျင် ဆိုင်ရာ အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်မှု** (စာမျက်နှာ ၄၉ တွင်ကြည့်ပါ) ပြုလုပ်ရန် လိုသည်။ သို့သော် ကုမ္ပဏီက သဘာဝပါတ်ဝန်းကျင် လေ့လာမှုများကို ကလောင်ဒန်းမဟုတ်သော အခြားနေရာတွင်သာ ပြုလုပ်ခဲ့ခြင်းဖြင့် စည်းကမ်းများကို ချိုးဖောက်ခဲ့တယ်။ဗ

ကလောင်ဒန်းသို့ ဘဏ်အရာရှိများ လာရောက်သော အခါတွင် ရွာသားများက စုဝေးပြီး စီမံကိန်းကို ၄င်းတို့ မလိုလားကြောင်း ပြောခဲ့တယ်။ သို့သော် အရာရှိများက ၄င်းတို့ ဘာမျှ မလုပ်နိုင်ကြောင်းပြောခဲ့သည်။ ထိုအခါ ရွာသားများက ADB ၏ နောက်ဆက်တွဲဖြစ်ရပ် တာဝန်ခံမှု ပြုရေးဆောင်ရွက်သည့် ယန္တယား (စာမျက်နှာ ၁၀၁ တွင်ကြည့်ပါ) ကို အသုံးပြုပြီး ရုံးသို့ တရားဝင်အသိအမှတ်ပြု ပစ်တင်ဝေဖန်မှုကို အချက်အလက် စုဆောင်းတင်ပြ နိုင်ကြောင်း သိရှိသွားကြပြီး ၄င်းကို ဆောင်ရွက်ခဲ့ကြတယ်။ ထိုအခါ အခြား ADB အရာရှိများက ကလောင်ဒန်းရွာ သို့ လာရောက်ကြပြီး ပြဿနာများစွာ ရှိကြောင်း နှင့် ADB က ၄င်း၏ မူဝါဒကို ၄င်းဘာသာ ချိုးဖောက်ကျူးလွန်ခဲ့ ကြောင်းကို ဝန်ခံခဲ့ကြသည်။ သို့သော် စီမံကိန်းကို ဖျက်သိမ်းရမည့်အစား သူတို့က ရွာသူရွာသားများကို နစ်နာမှုအတွက် **လျော်ကြေးပေး**ရန် ကမ်းလှမ်းခဲ့ကြတယ်။

ထိုအခါရွာသားများက စီမံကိန်းကို ရပ်တန့်ပစ်ရန် စတင် ဆန့်ကျင် တောင်းဆိုခဲ့ကြသည်။ ဒေသခံ ခေါင်းဆောင်များ၊ အထူးသဖြင့် အမျိုးသမီးများ က စီမံကိန်းကို ပေါ်ပေါ်ထင်ထင် ဆန့်ကျင်ပြောဆို ခဲ့ကြသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခု၏ အကူအညီဖြင့် ရွာသားများက နိုင်ငံတကာ အစည်းအဝေး တစ်ခုကို သွားရောက်ခဲ့ပြီး အဲဒီမှာ ADB ရဲ့ အဖွဲ့ဝင်နိုင်ငံများ အားလုံးရဲ့ အရှေ့မှာ ပြောဆိုခဲ့တယ်။ အဲဒါကြောင့် စီမံကိန်းရဲ့ မကောင်းကြောင်းတွေ အပေါ်မှာ သတင်းမီဒီယာတွေက အာရုံစိုက်မှုကို ရရှိခဲ့တယ်။

ထိုင်းအစိုးရမှာ မဖြစ်မနေ တုံ့ပြန်ဖြေရှင်းရမယ့် ဖိအားတွေ များလာခဲ့တယ်။ ထိုင်းနိုင်ငံရဲ့ ဝန်ကြီးချုပ်အသစ် က ကလောင်ဒန်း စက်ရုံ အပါအဝင် အခြား **ကြီးမားတဲ့ အဆောက်အဦ တည်ဆောက်ရေး** လုပ်ငန်းများ အားလုံးကို ပြန်လည် ကြည့်ရှု စစ်ဆေးပေးရန် ကတိပြုလိုက်တယ်။ ဝန်ကြီးချုပ်က ကလောင်ဒန်းကို လာရောက်ကြည့်ရှုပြီး "ဒီစီမံကိန်းက ပွင့်လင်းမြင်သာမှု မရှိတဲ့အတွက်ကြောင့် စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ဖို့ လိုအပ်တယ်" လို့ပြောခဲ့တယ်။

အဲဒီနောက်မှာ အရာရှိတွေက စီမံကိန်းရဲ့ အစီအစဉ်တွေကို လေ့လာတဲ့အခါမှာ သူတို့ အကျင့်ပျက် လာဘ်စားမှု အပါအဝင် ပြဿနာများစွာကို တွေ့ရှိ ခဲ့ပြီး စီမံကိန်းကို ရပ်တန့်ဖို့ အမိန့်ပေးခဲ့တယ်။ အစိုးရက အဲဒီအခါမှာ ပုဂ္ဂလိက ကုမ္ပဏီ (၁၉) ခုနဲ့ လူပုဂ္ဂိုလ်များကို ဥပဒေချိုးဖောက်မှုကြောင့် အရေးယူခဲ့တယ်။ အရေးယူအပစ်ပေး ခံရတဲ့သူတွေ ထဲက တစ်ယောက်ကတော့ မြေကို တရားမဝင် ဝယ်ယူရောင်းချမှု နဲ့ ဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်က ယခင် ပြည်ထဲရေး ဒုဝန်ကြီးဟောင်း တစ်ယောက်ဖြစ်တဲ့ အတွက် ဒီကိစ္စက သတင်းမီဒီယာတွေက ပိုမို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်ခဲ့တယ်။ ဒီအငြင်းပွားဖွယ်ရာ ဖြစ်ရပ်တွေ အားလုံးပြီးသွားတဲ့ အခါမှာ ဘဏ်က ၄င်းရဲ့ ထောက်ပံ့ငွေတွေကို ပြန်ရုတ်သိမ်းသွားခဲ့တယ်။ စမုဒ်ပရာကန် ရေဆိုး စီမံခန့်ခွဲမှု စီမံကိန်းကလည်း လုံးဝ ပိတ်ပစ်ခဲ့ရတယ်။

ဒီနေ့အခါမှာ တကယ်လို့ သင် ကလောင်ဒန်းက ရေမြောင်းတွေထဲမှာ သွားလာခဲ့မယ်ဆိုရင် တစ်ချိန်က စီမံကိန်း တည်ဆောက်မှုကြောင့် ခုတ်ထွင်ခံခဲ့ရတဲ့ ဒီရေတောတွေ ဘယ်လို မြန်မြန်ဆန်ဆန် ပြန်ရှင်သန်လာတယ် ဆိုတာကို သင်အံ့သြဖွယ် တွေ့မြင်ရမှာပါ။ သဘာဝက ကလောင်ဒန်းကို အကောင်းဆုံး ဖွံ့ဖြိုးတိုးတက် စေတဲ့ နည်းလမ်းကို သိရှိနေသကဲ့သို့ပါဘဲ။

## ဒီဖြစ်ရပ်က ဘာတွေ သိရှိရလဲ

စမုဒ်ပရာကန် ကိစ္စရပ်ဟာ လူထုအဖွဲ့အစည်းတွေက ADB ရဲ့ နောက်ဆက်တွဲဖြစ်ရပ် တာဝန်ခံမှု ဆောင်ရွက်ချက် ယန္တယားကို အသုံးပြုပြီး စီမံကိန်းတစ်ခုကို ရပ်တန့်စေတာ ပထမဆုံး အကြိမ်ဖြစ်တယ်။ ဒီဖြစ်ရပ် က သူတို့ကို ထိခိုက်စေမယ့် ဆုံးဖြတ်ချက်တွေကို ပြန်လည် ထိန်းချုပ်နိုင်တဲ့ သာမန်ပြည်သူတွေရဲ့ အင်အားကို ပြသပါတယ်။ ဘာကြောင့်လဲဆိုတော့ သာမန်လူတွေ ကနေ အရေးယူမှုတွေ ပြုလုပ်ဖို့ နဲ့ သူတို့ရဲ့ ပူပန်မှုတွေ ကို ပေါ်ပေါ်ထင်ထင် ပြောခဲ့ကြ ပြီး အစိုးရက သိရှိနားထောင်ခဲ့တယ်။ ပြီးတော့ စီမံကိန်းကိုလည်း ရပ်ပေးခဲ့တယ်။

## ဆွေးနွေးရန် မေးခွန်းများ



- ↳ တကယ်လို့ စီမံကိန်းကို ရှေ့ဆက်တိုး ဆောင်ရွက်ခဲ့လျှင် ဘယ်အခွင့်အရေးတွေကို ဆုံးရှုံးသွားမလဲ။
- ↳ စီမံကိန်းမစတင်မီမှာ ကတည်းက ဘယ်အခွင့်အရေးတွေ ဆုံးရှုံးပြီးပြီလဲ။
- ↳ ကလောင်ဒန်းမှာ ရှိတဲ့ အမျိုးသမီးတွေက စီမံကနံးကို ရပ်တန့်ပစ်ဖို့ လှုပ်ရှားမှုမှာ ခေါင်းဆောင်ခဲ့ကြတဲ့ သူတွေ ဖြစ်တယ်။ သင်တို့ လူထုအဖွဲ့အစည်းမှာ ရှိတဲ့ အမျိုးသမီးတွေက လူ့အခွင့်အရေးကို ခုခံကာကွယ်ဖို့ လှုပ်ရှားဆောင်ရွက်ကြသလား။ ဘယ်လို ဆောင်ရွက်ကြတာလဲ။
- ↳ ရွာသူရွာသားတွေက စီမံကိန်းကို ရပ်တန့်ပစ်ဖို့ ဘယ်လို **နည်းဗျူဟာတွေ**ကို သုံးခဲ့ကြလဲ။
- ↳ စီမံကိန်းကို ရပ်တန့်ပစ်ဖို့ သူတို့ စုပေါင်းဆောင်ရွက်ကြတဲ့ အခါမှာ သူတို့ ဘယ်အခွင့်အရေးတွေကို အသုံးပြုကျင့်သုံး ခဲ့ကြသလဲ။

# အခန်း ၃ တရားမျှတမှု နှင့် ရပိုင်ခွင့်အခြေခံဖွံ့ ဖြိုးတိုးတက်ရေး အတွက် လူထု၏လှုပ်ရှားမှု

## ၃(၁) ဖွံ့ ဖြိုးရေးလုပ်ငန်းဆိုင်ရာ တရားမျှတမှု

အေဒီဘီ ၏ **ဘေးကင်းလုံခြုံရေးမူဝါဒများ**ကို အသုံးချပြီး ဒေသခံလူထု အနေဖြင့် ၎င်းတို့ ၏ အခွင့်အရေး များ ကို မည်သို့ ကာကွယ် နိုင်သည်ကို အခန်း(၂) တွင် ပြသခဲ့ပြီး ဖြစ်သည်။သို့သော် လူထုက ကိုယ်တိုင် ပါဝင်လှုပ်ရှားမှ ရမည် ဖြစ်သည်။ အခန်း(၃) တွင် မိမိတို့ ၏ အခွင့်အရေးများကို ကာကွယ်ရန် နှင့် **ဖွံ့ ဖြိုးရေး** ဆိုင်ရာ ဆုံးဖြတ်ချက် များ အပေါ်တွင် ဒေသခံလူထုက လွှမ်းမိုးနိုင်ရန် သုံးခဲ့သော အချို့ **နည်းဗျူဟာများ**ကို တင်ပြ ထားပါသည်။

မည်သည့် စီမံကိန်းများကို လုပ်ဆောင်မည် ဟူသော အေဒီဘီ ၏ ဖွံ့ ဖြိုးရေးဆိုင်ရာ ဆုံးဖြတ်ချက် များကို ကော်ပိုရေးရှင်းများ၊ကမ္ဘာ့ စီးပွားရေး အခြေအနေ၊ အစိုးရများ ၏ လိုအပ်ချက်၊ဒေသဆိုင်ရာအာဏာပိုင်များ၏ စိတ်ဝင်စားမှု စသည်တို့ က လွှမ်းမိုးခြယ်လှယ် နေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများတွင် သြဇာ အာဏာ များစွာ နှင့် လွှမ်းမိုးနိုင်စွမ်း ရှိသဖြင့် ဖြစ်သည်။ အေဒီဘီ သည် ဒေသခံများ ထက် ထိုသူများကို ပိုမို တုံ့ ပြန် ဆက်ဆံလေ့ ရှိသည်။

သို့ သော်လည်း **လူထုအဖွဲ့ အစည်း** အနေဖြင့် အေဒီဘီ၊ အစိုးရနှင့် ကော်ပိုရေးရှင်းများ မှ ၎င်းတို့ အပေါ်တွင် တုံ့ပြန်ဆက်ဆံလာစေရန် စည်းလုံးညီညွတ်မှု (မရှိမဖြစ် လိုအပ်သည်) ဖြင့် လုပ်ဆောင်နိုင်သည် ဖြစ်သည်။ အေဒီဘီ အနေဖြင့် ဒေသခံများ၏ အခွင့်အရေးကို လေးစားရန် အရပ်ဘက်လူ့ အဖွဲ့ အစည်း များအနေဖြင် အတိအလင်း တောင်းဆိုရမည် ဖြစ်ပြီး လူထုက တကယ်လိုအပ်သော စီမံကိန်းများတွင် သာ အေဒီဘီ နှင့် အခြားဖွံ့ ဖြိုးရေးဘဏ်များက ဝင်ရောက် လုပ်ကိုင်ရန် ဖိအားပေးရမည် ဖြစ်သည်။

အေဒီဘီနှင့်အခြားဖွံ့ ဖြိုးရေးဘဏ်များအနေဖြင့် လူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် လူထုကိုယ်နှိုက်က မိမိတို့၏ လိုအပ်ချက်များကို ဦးစွာ ပထမ သိရှိဆုံးဖြတ်ရမည်ဖြစ်သည်။ သို ့ မ ဟုတ် ပါက ဒေသခံလူထု အနေဖြင့် မိမိတို့ ဆန္ဒမရှိသော အရာများအပေါ်တွင် ဆန့် ကျင်ကာကွယ် နေခြင်းဖြင့်သာ အချိန်ကုန် နေမည် ဖြစ်ပြီး **လူ့ အခွင့်အရေး**ကို အမှန်တကယ် ကာကွယ်စောင့်ရှောက်သော လုပ်ငန်းများကို လုပ်နိုင်လိမ့်မည် မဟုတ်ပေ။



## မဟာဗျူဟာစက်ပိုင်း သုံးခု ပုံစံ

ယခု ပြထားသော ပုံ နှင့် နောက်ဆက်တွဲ လေ့ကျင့်ခန်း များက မည်ကဲ့သို့သော အဖျက် သဘော ဆောင်သည့် လုပ်ငန်းများက ကြံ့ကြံ့ခံရပ်တည်နိုင်မှု အရှိဆုံးနှင့် လူ့အခွင့်အရေး အခြေခံသည့် ဖွံ့ ဖြိုးတိုးတက်မှု ဖြစ်ပေါ် လာရေးအတွက် လိုအပ်သည့်အရာများကို ပုံဖေါ်မှန်းဆ ကြည့်နိုင်ရန် အထောက်အကူ ပြုမည်ဖြစ်သည်။

တခါတရံ တွင် အေဒီဘီ မှ ကမ်းလှမ်းချက် နှင့် ဒေသခံလူထု ၏ လိုအပ်ချက်တို့ မှာ ထပ်တူကျကောင်း ကျ နိုင်သည်။ သို့သော်လည်း အေဒီဘီ က လုပ်နေသော လုပ်ငန်းအများစုတို့ မှာ ဒေသခံတို့ ၏ လိုအပ်ချက် အစစ်အမှန်နှင့် မကိုက်ညီ သည့် အပြင် အကောင်းထက် အဆိုးဘက်ကို ပို ဖြစ်စေသည်။

စက်ပိုင်းများအတွင်း တခုနှင့်တခု ထပ်နေသော နေရာ တို့ ကို ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့ မလိုလားသော စီမံကိန်း များကို မည်သို့ရပ်တန့် သွားရန် လုပ်နိုင်မည်ကို ကြိုတင်မှန်းဆ နိုင်ရန် အထောက်အကူ ပြုမည် ဖြစ်သည်။ ထို့ အပြင် ကျွန်ုပ်တို့လိုလားသော ဖွံ့ ဖြိုးတိုးတက်ရေးပုံစံ ကို ရရှိရန် အတွက်လည်း အထောက်အပံ့ ဖြစ်မည် ဖြစ်သည်။

အေဒီဘီ နှင့် အစိုးရများ က ကျွန်နုပ်တို့ တကယ်လိုအပ်နေသည်များကို လုပ်ပေးရန် ကျွန်ုပ်တို့ မစွမ်းသာ သည့် အခြေအနေရှိသည့်တိုင် အေဒီဘီ ၏ လက်ရှိလုပ်ဆောင်နေမှု များက ကျွန်ုပ်တို့ နှင့် ဒေသခံ လူထုအတွက် လိုလားသော ဖွံ့ ဖြိုး တိုးတက်ရေးပုံစံအပေါ် ကျွနုပ်တို့ ဘာသာအမြင်အာရုံဖော် ကြည့်ခြင်းအပေါ် မည်သို့ မှ အကန့် အသတ် မဖြစ်စေရပါ။ စက်ပိုင်းသုံးခုပုံစံ မဟာဗျူဟာ၏ ရည်ရွယ်ချက် မှာ အောက်ဆုံးစက်ပိုင်း( အဖျက်သဘောဆောင်သည့် ဖွံ့ ဖြိုးရေးလုပ်ငန်း)ကို (သေးငယ်သွားရန်) ချုံ့ ပစ်ရန် နှင့် အပေါ်ဆုံးစက်ပိုင်း (ရပိုင်ခွင့်အခြေခံ ဖွံ့ ဖြိုးတိုးတက်မှု )ကို ကြီးသထက်ကြီးစေရန် မဟာဗျူဟာ နည်းလမ်းရှာရန်ဖြစ်သည်။ ထို မဟာဗျူဟာ နည်းလမ်း များကို စက်ပိုင်းသုံးခုအတွင်း တခုနှင့်တခုထပ်နေသော နေရာများအတွင်းမှ လုပ်ဆောင်ရင်း ရှာရန်ဖြစ်သည်။

ဤ စက်ပိုင်းပုံစံ ၏ အဓိက အစိတ်အပိုင်း တခုမှာ ရပိုင်ခွင့်အခြေခံဖွံ့ ဖြိုးတိုးတက်ရေး သည် **အဖျက်သဘောဆောင်သည့်ဖွံ့ဖြိုးတိုးတက်ရေး** နှင့် ဘယ်သောအခါမှ ထပ်တူ မဖြစ်ခြင်းဟူသည့် အခြေခံ အချက်ကို ကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်း မြင်မိစေခြင်းပင်ဖြစ်သည်။



# လေ့ကျင့်ခန်း



## စက်ဝိုင်းသုံးခု မဟာဗျူဟာ

**ရည်ရွယ်ချက်။** အဖျက်သဘောဆောင်သည့်ဖွံ့ ဖြိုးရေးလုပ်ငန်းများမှ အန္တရယ်ပြုနိုင်သည်တို့ကို လျှော့ချခြင်း နှင့် လူ့ အခွင့်အရေးနှင့်တရားမျှတမှုကို အားပေးသော စီမံကိန်းများအား တောင်းဆိုခြင်း တို့ အကြား ကွဲပြားခြားနားချက်ကို သိရှိနားလည်ရန် နှင့် တကယ့်လိုအပ်ချက် အစစ်အမှန်ကို ရအောင် မဟာဗျူဟာများ ရေးဆွဲရန်။

**သုံးစွဲမည့် ပစ္စည်းများ။** သံ သို့ မဟုတ် ပလတ်စတစ် အဝိုင်း၊ ကြိုး ၊ စာရွက် သို့ မဟုတ် ကတ္တူပြား အလွတ်

**ပေးထားချိန် ။** မိနစ် ၆၀ မှ ၉၀

၁ ပေးထားသော ကြိုး သို့ မဟုတ် အဝိုင်းခွေ တို့ ကို အသုံးချပြီး လူစု အနီးတွင် စက်ဝိုင်း နှစ်ခုကို ပြုလုပ်ပါ။ တခုနှင့် တခုကို မထိအောင် ခပ်ခွာခွာ ထားပါ။ (တတိယ စက်ဝိုင်းကို မလိုသေးချေ)

၂ လူစုမှာ များနေပါက အုပ်စုအငယ်လေးများအဖြစ် ခွဲထုတ်လိုက်ပါ။ အုပ်စု သေးနေပါက အတူတကွ ထား လိုက်ပါ။ ထို့နောက်စာရွက် အလွတ် များကို ဝေပေးပါ။ ။နေ့ စဉ်လိုအပ်ချက်များ၊လူ့ အခွင့်အရေး နှင့် မိမိဘာသာ ရွေးချယ်ထားသော ဘ၀ တို့ ကို ကာကွယ်ပေးမည့် စီမံကိန်းတခု အစီအစဉ် များကို မိမိတို့ စိတ်ကူးရှိ သလို စာရွက်ပေါ် တွင် ချရေးပါ။ ထိုလိုအပ်ချက်များကို ချက်ချင်းလက်ငင်း တောင်းဆိုရန် လက်တွေ့ ကျခြင်း မကျခြင်းက အရေးမကြီးသေးပါ။ အရေးကြီးသည်မှာ ထိုအရာများမှာ တကယ်လိုအပ်ချက်များ ဖြစ်ပြီး ၊တတ်နိုင်သမျှတိတိကျကျ ချရေးရန်သာဖြစ်သည်။ဥပမာ- စာသင်ကျောင်းများ၊ ရေရရှိရေး၊ အတိုးမဲ့ ချေးငွေများ၊ မြေ သို့ မဟုတ် လယ်ယာ စသဖြင့် ဖြစ်သည်။ ၎င်းတို့ မှာ ကောင်းလွန်းလို့ လုပ်ဖို့ ခက်သည့် အချက်များ ပါသည့် ကဒ်များ ဖြစ်သည်။ အားလုံးချရေးပြီးပါက ၎င်းတို့ ကို ထိပ်ဆုံးရှိ စက်ဝိုင်းထဲတွင် ချထားလိုက်ပါ။

၃ နောက်ထပ် စာရွက်များ ထပ်ဝေပြီး အေဒီဘီမှ ရန်ပုံငွေဖြင့် လုပ်ကိုင်နေသော အဖျက်သဘော ဆောင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ဒေသခံတို့ ၏ လိုအပ်ချက်နှင့် မကိုက်ညီသော စီမံကိန်းများကို ချရေးပါ။ ၎င်းတို့ မှာ ရှေ့ဆက်တိုးလျှင်ပိုပျက်စီးနိုင်သည့် အချက်များ ပါသည့် ကဒ်များဖြစ်သည်။ ထိုကဒ်များကို အောက်မှ စက်ဝိုင်းထဲတွင် ထည့်ပါ။

၄ တတိယ စက်ဝိုင်းကို ပြုလုပ်ပါ။ ၎င်းကို ပထမ ပြုလုပ်ထားသော စက်ဝိုင်းနှစ်ခု၏ အလယ်တွင် ထားပြီး ပုံတွင် ပြထားသကဲ့သို့ထပ်နေအောင် လုပ်လိုက်ပါ။ စာရွက်များကို တတိယ အကြိမ် ဝေငှပြီး အေဒီဘီနှင့်အစိုးရများက အထောက်အကူပေးနိုင်သည့် လူထုအကျိုးပြု စီမံကိန်းများ ကို ချရေးပါ။ ပထမ ရေးခဲ့သည့် ကဒ် များနှင့် မတူသည်မှာ ယခု အကြိမ်တွင် ရေးရသည့်စီမံကိန်းများမှာ လူထု အတွက်လည်း အပြုသဘော ဆောင်ပြီး အစိုးရနှင့်အေဒီဘီ အနေဖြင့်လည်း အကောင်အထည်ဖော်ရန် လက်တွေ့ ကျနိုင်သည့် စီမံကိန်း များ ဖြစ်ရန်ဖြစ်သည်။ ထိုကဒ်များကို နိုင်ငံရေးအရလက်တွေ့ ဖြစ်နိုင်မှုဟု ခေါ်ဆိုမည်။ ထိုကဒ်များကို အလယ်စက်ဝိုင်းမှ အပေါ် နှင့်အောက် စက်ဝိုင်း အသီးသီး အပေါ် တွင် ထပ်နေသည့် နေရာနှစ်ခုတို့ အထဲတွင် ထည့်ရမည်။

၅ စက်ဝိုင်းများထဲမှ နေရာတခုချင်းစီ တွင် ရှိသော စာများကို လူတယောက် စီကို ရွေ့ထွက် ဖတ်ခိုင်း ပါ။ ပြီးခဲ့သည့် စာမျက်နှာမှ ပုံကို ကြည့်ပြီး ကဒ်များမှာ ရှိသင့်သည့် နေရာတွင် ရှိမရှိ ကို စစ်ဆေးပါ။ အလယ်စက်ဝိုင်းနှင့်ထပ်နေသော နေရာ နှစ်ခုရှိ ကဒ်များမှာ အေဒီဘီ၏ စီမံကိန်း များကို ကိုယ်စားပြု ရမည် ။အပေါ် နှင့်အောက်စက်ဝိုင်းများရှိ စီမံကိန်းများမှာ ကောင်းလွန်းသဖြင့် လုပ်ဖို့ ခက်သည့် စီမံကိန်းဖြစ်သဖြင့် ဖြစ်လာနိုင်မည် မဟုတ်သလို၊ ဆိုးလွန်းသဖြင့် အေဒီဘီ အနေဖြင့်လည်း ထိုစီမံကိန်းများကို ထောက်ပံ့ခြင်းဖြင့် အမည်ဆိုး ခံချင်လိမ့်မည် မဟုတ်ပေ။ ကဒ်ထဲပါသော အချက်များ ကို လူတိုင်းအား အသံထွက် ဖတ်စေဖြင်း ဖြင့် လူတိုင်းရင်ထဲရှိ စီမံကိန်းနှင့်ပက်သက်သော ခံစားချက် များကို ပိုမို သိရှိနားလည်လာစေသည်။ ထိုကဒ်များမှာ သူ့ နေရာနဲ့သူရှိဖို့ လည်းလိုအပ်သည်။

၆ အခုကနေ စပြီး လုပ်ရမယ့် ဟာကတော့ "ကောင်းလွန်းလို့ လုပ်ဖို့ ခက်နေ"တဲ့ ကဒ်တွေ ကို "နိုင်ငံရေး အရ လက်တွေ့ဖြစ်နိုင်ချေ ရှိတဲ့" ကဒ်တွေ ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ ဆိုတဲ့ အဖြေရှာခိုင်းတဲ့ အလုပ်ပါ။ ဒါကို လုပ်ရင်းနဲ့ မူဝါဒအရလက်တွေ့ဖြစ်နိုင်တဲ့ "အဖျက်သဘောဆောင်လို့ ဆက်လုပ်ဖို့ ခက်ခဲတဲ့" စီမံကိန်းတွေဟာ လူတွေစုစုစည်းစည်းနဲ့ရပ်တန့် အောင် ကြိုးစားလိုက်တဲ့အခါမှာ ဆိုးလွန်းလို့ လုပ်ဖို့ ခက်မယ့် စီမံကိန်းမျိုးဖြစ်လာ နိုင်ပါတယ်။

အုပ်စု ၂ စု ခွဲလိုက်ပြီး တစုချင်းစီက ပြီးခဲ့တဲ့ စာမျက်နှာက စက်ဝိုင်းတွေ ပုံ နားက မြှားပြထားတဲ့ နေရာတွေမှာ နေရာချထားပါ။ အုပ်စု တခု ကို အပေါ်နဲ့ အလယ်က စက်ဝန်း ဆုံတွေ့တဲ့ နေရာမှာ ( "ကျွန်ုပ်တို့ လိုအပ်တဲ့ စီမံကိန်းဖြစ်အောင်လုပ်ဖို့

မဟာဗျူဟာများ” မြှား) မှာ ရပ်နေစေပြီး ကျန်တစု ကို အလယ်နဲ့ အောက်က စက်ဝန်း တွေ ဆုံတဲ့ နေရာမှာ (“ကျွန်ုပ်တို့ မလိုလားတဲ့ စီမံကိန်းများရပ်တန့်ရန် မဟာဗျူဟာများ” မြှား) မှာ နေရာချပါ။ ပြီးတာနဲ အုပ်စုထဲပါတဲ့ လူတိုင်းကို စာရွက်အလွတ်တွေ ပေးလိုက်ပါ။

၇ အောက်ဆုံး စက်ဝိုင်းကနေ ပြီးတော့ လူတယောက်ချင်းစီကို အဖျက်သဘောဆောင်တဲ့စီမံကိန်း တွေကို ရပ်တန့်ဖို့ နည်းဗျူဟာ တခု ကို စဉ်းစားအမည်ပေးခိုင်းပါ။ ခေါင်းစဉ်ကို “ဘယ်လို နည်းဗျူဟာ တွေက စီမံကိန်းတွေကို ရပ်တန့်ဖို့အထောက်အကူဖြစ်မှာလဲ” လို့ ပေးနိုင်ပါတယ်။ ပြီးတော့ ဒီနည်းဗျူဟာ ကောင်းမွန်ကြောင်းကို အားလုံးနဲ့သဘောတူညီမှု ရသည်အထိဆွေးနွေးပြီး စာရွက်ပေါ်မှာ ချရေးပါ။ ကဒ် တချို့ ပြီးသွားချိန်မှာ ကိုယ်ဖြစ်ချင်တဲ့စီမံကိန်းကို ရဖို့ ဘယ်လို နည်းဗျူဟာတွေသုံးရမလဲဆိုတဲ့ လေ့ကျင့်ခန်းကို ဆက်ပါမယ်။ အဲဒါကို “ ဘယ်လိုနည်းဗျူဟာတွေက အေဒီဘီနဲ့ အစိုးရ တွေ အနေနဲ့ စီ မံကိန်း စိတ်ကူးစိတ်သန်းတွေကို ထောက်ခံအတည်ပြုလာအောင် ဘယ်လိုအထောက်အပံ့ပြုမလဲ “ လို့ ခေါ်ပါမယ်။ ခုနက လိုပဲ အားလုံးက ကောင်းပါတယ် လို့လက်ခံလာတဲ့ အထိ လူတိုင်းနဲ့ လိုက်တိုင်ပင် ပါ။ ပြီးတော့ စာရွက်ပေါ်မှာ ချရေးလိုက်ပါ။

၈ ကဒ်ပြား(စာရွက်တွေ)အပေါ်မှာ ရေးထားတဲ့ အကြောင်းအရာ တွေကို အားလုံးကြားအောင် အော်ဖတ်ပြီး ရင်တော့ ဒီလေ့ကျင့်ခန်း အဆုံးသတ်ပါပြီ။ ကဒ်ပြားပေါ်မှာရေးထားတဲ့ နည်းဗျူဟာ တွေ သာ အောင်မြင်ခဲ့မယ်ဆိုရင် အဖျက်သဘောဆောင်တဲ့စီမံကိန်းတွေကို နိုင်ငံရေးအရ မဖြစ်နိုင်အောင် တားဆီးနိုင်မှာ ဖြစ်ပြီး အပြုသဘောဆောင်တဲ့ စီမံကိန်းတွေကိုတော့ နိုင်ငံရေးအရ လက်တွေ့ကျ ကျဖြစ်လာအောင် လုပ်ပေးနိုင်မှာပါ။ နောက် တဆင့် အနေနဲ့ အခု နည်းဗျူဟာတွေကို အကောင်အထည် ဖော်တဲ့ အဆင့်ကို လုပ်ကြပါမယ်။

**နားလည်မှုစစ်ဆေးခြင်း**

၄င်းမှာ အားလုံးကိုခြုံငုံလေ့လာသည့် လေ့ကျင့်ခန်းမျိုးဖြစ်ပြီး ပါဝင်သည့် လူတိုင်းအနေဖြင့် ၄င်းတို့ ဆန္ဒရှိသည့်အရာများနှင့်လိုအပ်ချက်များ အပေါ် ဖြစ်နိုင်သည်၊မဖြစ်နိုင်သည် ဖြစ်စေ အမြင်အာရုံမြင့်မားကျယ်ပြန့်စွာ ပုံဖော် နိုင်မှုကို လေ့ကျင့်ခိုင်းခြင်းဖြစ်သည်။ အေဒီဘီ **စီမံကိန်းလုပ်ငန်း လည်ပတ်ပုံ** ကို ပမာထား ပြောရလျှင် ကြီးမားသည့် အကြောင်းရင်းမှာ **နိုင်ငံတော်အဆင့်ပူးပေါင်း ဆောင်ရွက်ခြင်းမဟာဗျူဟာ** ဖြစ်သည်။ ၄င်းမှာ နိုင်ငံအတွင်းဦးစားပေးလုပ်ရမည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ နှင့် အေဒီဘီမှ ရန်ပုံငွေပေးထားသော စီမံကိန်းများ၏ရည်မှန်းချက်တို့ ကို ချရေးဆွဲ ထားသော အစီအစဉ်ဖြစ်သည်။

ကူညီဆောင်ရွက်ပေးသူ တယောက် အကူအညီဖြင့် ယခု လေ့ကျင့်ခန်းကို နိုင်ငံတော်အဆင့်ပူးပေါင်း ဆောင်ရွက်ခြင်းမဟာဗျူဟာ အပေါ် သဘောထားအမြင်ဆွေးနွေးခြင်း သို့ ခေါ်ဆောင်သွားနိုင်သည်။ လေ့ကျင့်ခန်း မစမီတွင် နိုင်ငံတော်အဆင့်ပူးပေါင်း ဆောင်ရွက်ခြင်းမဟာဗျူဟာ ၏ အခြေခံ အချက်များကို နားလည်သဘောပေါက်အောင် အတူတကွ ဖတ်ရှုကြရမည်။ ဒေသခံတွေရဲ့ အခွင့်အရေး နဲ့ သူတို့ရဲ့ ဂုဏ်သိက္ခာရှိတဲ့ လူနေမှုဘဝကို လေးစားပြီး အပြုသဘောဆောင်တဲ့အမြင်တွေပါတဲ့ ဖွံ့ ဖြိုးရေး လုပ်ငန်း အဖြစ် စီပီအက်စ က ရေးဆွဲထားတာလား။ ဒါမှမဟုတ် စီပီအက်စ က လူ့ အခွင့်အရေးချိုးဖောက်ပြီး သယံဇာတတွေကို တူးထုတ်သွားမယ့် **မဟာစီမံကိန်းကြီးတွေ** အတွက်ပဲ သီးသန့်ရည်ရွယ်ထားတာလား

အခြေအနေခြင်းရာအပေါ် နားလည်မှုအပေါ် မူတည်လို့ သင်တန်းသားတွေအနေနဲ့ ကိုယ့်ဒေသ ဖွံ့ ဖြိုးတိုးတက်ရေး အတွက် မျှော်မှန်းချက်တွေ ရေးသားနိုင်ပြီး အဲဒါတွေကို အကောင်အထည်ဖော်ဖို့ သူတို့ လုပ်ကိုင် မယ့် လူထုထောက်ခံမှု ရရှိရေးအတွက်လှုံ့ ဆော်တိုက်တွန်းတဲ့လုပ်ငန်းတွေမှာ ထည့်သွင်းနိုင်ပါတယ်။ တကယ်လို့ သာ သင်တန်းသားတွေကသာ ဆန္ဒပြင်းပြခဲ့မယ်ဆိုရင် အခုလုပ်ခဲ့တဲ့ လေ့ကျင့်ခန်းနဲ့ လမ်းညွှန်ပါ တခြားလေးကျင့်ခန်း တွေက အခြားရွေးချယ်စရာ လူထုအခြေပြုဖွံ့ ဖြိုးရေး မဟာဗျူဟာ တစ်ခု ရေးဆွဲနိုင်ရေးအတွက် အထောက်အကူဖြစ်စေနိုင်ပြီး ဒါကိုလည်း အေဒီဘီနဲ့ အစိုးရကို တင်ပြနိုင်မှာ ဖြစ်ပါတယ်။

# လေ့ကျင့်ခန်း

## ဖွံ့ဖြိုးတိုးတက်မှု အပေါ် စုံစမ်းထောက်လှမ်းသူများ

**ရည်ရွယ်ချက်။** ဒီလေ့ကျင့်ခန်း က ဒေသခံလူထုအနေနဲ့ စီမံကိန်းအပေါ် ဘယ်လိုပြန်ပြီး တုန့်ပြန်လွှမ်းမိုးနိုင်သလဲ ဆိုတာနဲ့ တကယ်လို့ သူတို့ သာ အဲဒီလို လုပ်နိုင်ခဲ့ရင် ဒါမှမဟုတ် မလုပ်ခဲ့ရင် ဘယ်လိုဖြစ်နိုင်သလဲ ဆိုတဲ့အပေါ် တွေးကြည့်နိုင်ဖို့ ပါ။

**ပေးထားချိန် ။** မိနစ် ၆၀ မှ ၉၀

**သုံးစွဲမည့် အရာများ ။** ပုံဆွဲစက္ကူစာရွက်အကြီး၊ မာကာဘောပင်များ၊ ယခုလမ်းညွှန်ရဲ့ နောက်စာမျက်နှာပါမှာ ပါတဲ့ ပုံ သုံးပုံ

၁ - ပထမဦးစွာ အရင်ကအနေအထား အတိုင်းရှိတဲ့ ဒေသလေးရဲ့ ပုံကို သင်တန်းသားတွေကို ပြပါ။ ဒါဟာ သာမန်ရွာလေးတရွာသာဖြစ်ပြီး သူ့ မှာလည်း သူ့ ဒုက္ခအခက်အခဲ တွေနဲ့ ဖြစ်ကြောင်း ပြောပြပါ။ ဒီရွာလေးထဲက လူနေမှု ဘဝနဲ့ ပုံရိပ်တွေကို ကိုယ့်အတွေးထဲမှာ အသက်ဝင်လာအောင် စိတ်ကူး ပုံဖော်ကြည့်ပါ။ အသက်ရှင်နေထိုင်မှုဘဝ အတွက် ဒီလူတွေ ဘယ်လို ရှာဖွေ စားသောက်နေကြလဲ။ အပန်းဖြေပျော်ရွှင် ဖို့ ရောဘယ်လို လုပ်နေကြလဲ။ ဘယ်လို အခက်အခဲတွေနဲ့ရင်ဆိုင်နေရလဲ။ အခုလို တွေးခိုင်းတဲ့ ရည်ရွယ်ချက် က ဒီရွာလေးဟာ တကယ် အသက်ဝင်နေတဲ့ရွာလေးတရွာ ဖြစ်လာဖို့ ပါ။ ပြီးရင်တော့ သင်တန်းသားတွေကို ရွာနာမည်လေး တခု ရွေးခိုင်းပါ။

၂ - ပြီးရင်တော့ ပြောင်းလဲသွားတဲ့ ရွာလေးရဲ့ ပုံ (နံပတ် တစ်) ကို ပြပါ။ ဘာမြင်သလဲ ဆိုတာကို သင်တန်းသားတွေကို ပုံဖော်ခိုင်းပါ။ အရင်က အနေအထားနဲ့ နောက်ပိုင်း အနေအထား ကြားမှာ အပြောင်းအလဲတွေ အများကြီးဖြစ်ခဲ့တယ်ဆိုတာ ပြောပြပါ။ အခုအချိန်ကစပြီး သူတို့ ဟာ ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ စုံထောက်တွေ ဖြစ်ပြီး ဒီကျေးရွာလေးဟာအပြောင်းအလဲ ကြောင့်ဘယ်လို ဆိုးရွား သွားတယ်ဆိုတာကို ရှာဖွေရမှာ ဖြစ်ပါတယ်။

၃ - ငါးယောက်ထက် မပိုတဲ့ အုပ်စုလေးတွေ ခွဲလိုက်ပြီး တယောက်ချင်းစီကို ပုံဆွဲစာရွက်တွေပေးပါ။ ပြီးတော့ ဒီရွာလေးမှာ ဘာတွေဖြစ်ခဲ့သလဲ ဆိုတာကို သူတို့ ကို ဆွေးနွေးခိုင်းပါ။ မူလ အခြေ အနေ ကနေ ပြောင်းလဲသွားတဲ့ အနေအထားအထိ ရွာလေးမှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို တယောက်ချင်း စီကို အကြောင်းအရာ တခုစီ ရေးဆွဲခိုင်းပါ။

၄ - အုပ်စုအားလုံးကို ပြန်စုလိုက်ပြီး တယောက်ချင်းစီရဲ့ ပုံနဲ့ ဇာတ်လမ်းလေးတွေကို အချင်းချင်း ပြန်ပြောခိုင်းပါ။

၅ - ပြောင်းလဲသွားတဲ့ရွာလေး(ပုံ နံပတ် နှစ်) ကို ပြပါ။ ဒါက ခုနက ရွာလေးပါပဲ။ ဒါပေမယ့် အပြုသဘော ဘက်ကို ဆောင်တဲ့အပြောင်းအလဲတွေက ဒီရွာမှာ ဖြစ်ခဲ့တာပါ။ သင်တန်းသား တွေ အားလုံးအနေနဲ ပုံကိုနားလည်သဘောပေါက်အောင် ကြည့်ရှုပြီး ပုံထဲမှာ ဘာတွေ တွေ့ သလဲဆိုတာကို သူတို့ ကို မေးမြန်းပါ။

၆ - ငါးယောက်ထက် မပိုတဲ့အုပ်စုလေးတွေ ခွဲပြီး တယောက်ချင်းစီကို ပုံဆွဲစာရွက်တွေပေးပါ။ ပြီးတော့ ရွာကလေးမှာ ဘယ်လိုအပြောင်းအလဲတွေ ဖြစ်ခဲ့တယ်ဆိုတာကို အုပ်စုထဲမှာ ဆွေးနွေးခိုင်းပါ။ မူလ အခြေ အနေ ကနေ ပြောင်းလဲသွားတဲ့ အနေအထားအထိ ရွာလေးမှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို တယောက်ချင်း စီကို အကြောင်းအရာ တခုစီ ရေးဆွဲခိုင်းပါ။

**နားလည်မှုစစ်ဆေးခြင်း။** အုပ်စုအားလုံးကို ပြန်စုစည်းပြီး တယောက်ချင်းစီရဲ့ ပုံရဲ့ ဇာတ်လမ်းတွေကို အချင်းချင်း မျှဝေပါ။ ပြီးရင် သင်တန်းသားတွေရဲ့ တကယ့်ဘဝ အမှန်ထဲက လူနေမှုဘဝတွေ၊ဒေသခံ တွေရဲ့ အကြောင်း နဲ့ လက်ရှိအခြေအနေတွေကို မေးမြန်းပြီး သူတို့ အနေနဲ့ အပျက်သဘောဆောင်မယ့် အပြောင်းအလဲ ကို ရှောင်ရှားပြီး အပြုသဘော ဆောင်မယ့် အပြောင်းအလဲ ကို ဘယ်လို လုပ်နိုင်မယ်ဆိုတာကို မေးမြန်းပါ။

မူလက။



ပြောင်းလဲသွား ပြီး။



ပြောင်းလဲသောမြို့။



## ၃-၂ လူထုလုပ်ရှားမှု အတွက် နည်းနာများ

အေဒီဘီ အနေဖြင့် **တာဝန်ခံမှု** ရှိလာစေရန် ဒေသခံလူထုအနေဖြင့်အသုံးပြုနိုင်သော အဓိကကျသည့် **နည်းလမ်း**များကို ယခုအခန်းတွင် ဖော်ပြမည်ဖြစ်ပါသည်။ အေဒီဘီ အပေါ် ဖိအားအမှန်တကယ် ပေးနိုင်သည့် စုပေါင်းလှုပ်ရှားမှု တခု ဖော်ဆောင်မည် ဆိုလျှင် တတ်နိုင်သမျှ နည်းလမ်းများကို အသုံးပြု ရမည်ဖြစ်သည်။

### သင့်ရဲ့ အခွင့်အရေး တွေကို သိရှိနားလည်ပါ။

**ကိုယ်ရဲ့ ရပ်ရွာထဲမှာ စည်းရုံးပါ။**

အေဒီဘီ၊ အစိုးရ တွေနဲ့ ကုမ္ပဏီတွေကို အံတုဖို့ အဓိက ကျတဲ့ အချက် ကတော့ ကိုယ့်ရပ်ရွာ ထဲမှာ စည်းရုံးရေး ဆင်းပြီး **လူထု အင်အား** တည်ဆောက်ခြင်း (စာမျက်နှာ ၁၁၇ ကို ကြည့်ပါ) ဖြစ်ပါတယ်။

**မဟာမိတ်များတည်ဆောက်ခြင်း**

ခိုင်မာအားကောင်းသည့် မဟာမိတ် များ မရှိဘဲ မည်သည့် **ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တရားမျှတမှု** စည်းရုံးလှုပ်ရှားမှု မျှ အောင်မြင်နိုင်မည် မဟုတ်။(စာမျက်နှာ ၁၁၉ ကြည့်ပါ

**ဥပဒေကြောင်းဆိုင်ရာ အထောက်အပံ့ရယူပါ။**

ဥပဒေဆိုင်ရာ ကျွမ်းကျင်သူတွေ ကိုယ့်ဘက်မှာ ရှိခြင်းဖြင့် တရားစွဲဆိုတာတွေ၊စီမံကိန်းကိုအရှိန်လျော့ ဖို့ လုပ်တာတွေ၊ ကိုယ့်ရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးဖို့ ကြိုးပမ်းတဲ့ နေရာတွေမှာ အထောက် အကူ ဖြစ်ပါတယ်။ (စာမျက်နှာ ၁၁၂ /ကို ကြည့်ပါ)

**အေဒီဘီ နဲ့ အစိုးရ တာဝန်ရှိသူတွေနဲ့ တွေ့ ပါ။**

ကိုယ့်ဒေသရဲ့ စိုးရိမ်ပူပင်မှုတွေ ကို သူတို့ တွေ အသေအချာသိရှိဖို့ လုပ်ပါ။ ပြီးတော့ တခုခု တုံ့ပြန် လုပ်ပေးဖို့ လည်း သူတို့ မှာ ဖိအားတခုလို အမြဲ ခံစားနေရအောင် လုပ်ပါ။ (စာမျက်နှာ ၁၂၄ /ကို ကြည့်ပါ)

**လူထုအခြေခံ သုတေသန လုပ်ငန်းတွေ လုပ်ပါ။**

သတင်းအချက်အလက်တွေ စုစည်းတာဟာ စကားစစ်ထိုးပွဲတွေ နဲ့ ကျွန်တော်တို့ ထိခိုက်မှု ရှိမယ့် ဆုံးဖြတ်ချက်တွေကို ပြန် လွှမ်းမိုးအောင် လုပ်တဲ့နေရာမှာ အခရာ ကျပါတယ်။(စာမျက်နှာ ၁၂၈ ကို ကြည့်ပါ)

**မီဒီယာ ကို အသုံးချပါ။**

သင်တို့ရဲ့အကြောင်းအရာ တွေကို ရှင်းရှင်းလင်းလင်း ပီပီသသ နဲ့ ကျယ်ကျယ်လောင်လောင် ပြောနိုင် ခြင်းဖြင့်လည်း မဟာမိတ်တွေ ကို ဆွဲဆောင်နိုင်ပြီး အထောက်အပံ့တွေလည်း ရနိုင်ပါတယ်။(စာမျက်နှာ ၁၃၅ ကို ကြည့်ပါ)

**တီထွင်ဆန်းသစ်တဲ့ဆန္ဒပြပွဲတွေ လုပ်ပါ။**

စာရွက်ပေါ်မှာ လုပ်နေတာနဲ့ စာရင် လက်တွေ့ထလုပ် လိုက်တာက ပို ပြီး အလုပ် ဖြစ်ပါတယ်။(စာမျက်နှာ ၁၄၁ /ကို ကြည့်ပါ)

**တခြားရွေးချယ်စရာ နည်းလမ်းများကိုလည်း လုပ်ထားပါ။**

ကိုယ်ဖြစ်စေချင်တဲ့ နည်းလမ်းပုံစံ ကို တင်ပြခြင်းကလည်း အေဒီဘီကို နဲ့ယှဉ်ပြိုင်တဲ့နေရာမှာ အရေးကြီးတဲ့ နည်းလမ်းတခု ဖြစ်ရုံမက ကျွန်တော်တို့ လိုအပ်တာတွေ ရဖို့ လုပ်တဲ့နေရာမှာ ရှေ့ဆက်ဖို့ အရေးကြီးတဲ့ အဆင့်တခု ဖြစ်ပါတယ်။ (စာမျက်နှာ ၁၄၆ ကို ကြည့်ပါ)

---

### *အန္တရာယ်ကင်းကင်းနေဖို့ အရေးကြီးကြောင်း ဒေသခံလူထု အားလုံးက သိကြသည်။*



ဩဇာအာဏာကြီးမားသော လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား ထိပ်တိုက်ရင်ဆိုင်ခြင်းသည် အန္တရာယ် များလှသည်။ ဒေသခံလူထုနှင့်အတူ အခြားမိတ်ဖက် များနှင့် လက်တွဲပြီး ဘေးကင်းလုံခြုံရေးအစီအမံ တခုကို ရေးဆွဲရန် အရေးကြီးသည်။

ဗီဒီယို မှတ်တမ်းတင် ရိုက်ကူးခြင်း သည် ပိုမို စိတ်ဝင်စားစရာ ဖြစ်ပြီး တက်ကြွလှုပ်ရှားသူများ အတွက် လည်း ပိုပြီး အန္တရယ်ကင်းသည်။ တတ်နိုင်သမျှ လက်ထဲတွင် အလွယ်တကူကိုင်နိုင်သော ကင်မရာ ငယ်များကို မည်ကဲ့သို့ သုံးရမည်ကို လေ့လာပါ။ ရသမျှ အားလုံးကို ဗီဒီယို ရိုက်ပါ။ အထူးသဖြင့် အာဏာပိုင်များနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းမျိုးကို ပါအောင် ရိုက်ပါ။

နိုင်ငံတကာမှာ ရှိတဲ့ မိတ်ဆွေတွေ နဲ့ **လူ့ အခွင့်အရေး**လေ့လာစောင့်ကြည့် သူတွေ က အကာအကွယ် တစုံတရာကို ဖန်တီးပေးနိုင်ပြီး သင်နဲ့ သင့်တို့ရဲ့ မိတ်ဆွေတွေကြုံရနိုင်တဲ့ ဘေးအန္တရယ်တွေ အပေါ် အများက အာရုံစိုက်လာအောင် လုပ်ပေးနိုင်ပါတယ်။

အစည်းအဝေးတွေကို လူစုလူဝေး နဲ့ သွားတက်ရောက် ခြင်း က တယောက်တည်း ထီးထီးဖြစ်နေတာ မျိုး နဲ့ တိုက်ခိုက်ခံရမယ့်ဘေးက လည်း ကာကွယ်ပြီးသား ဖြစ်ပါတယ်။

နိုင်ငံတိုင်း၊ လူထုအဖွဲ့ အစည်းတိုင်း၊ ဖြစ်စဉ် တိုင်းဟာ ကွဲပြားခြားနားကြပါတယ်။ သင် နဲ့ သင်ရဲ့ မဟာမိတ် တွေ သာ အခြေအနေကို အသိဆုံးဖြစ်ပြီး ဘယ်လိုနည်းကဉာဏ်ရှိရှိနဲ့ ဘေးကင်းမယ် ဆိုတာ ကိုယ်ဘာသာ ဆုံးဖြတ်ဖို့ လိုပါတယ်။

ဒါတွေနဲ့ ပက်သက်လို့ ပိုသိချင်တယ်ဆိုရင် "နယ်ခြားများ တစ်ဖက်သို့ တံတားများ ကမ္ဘောဒီးယား" Bridges Across Borders Cambodia ဆိုတဲ့ အဖွဲ့နဲ့ နဲ့ အပြည်ပြည် ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီး နဲ့ လူ့အခွင့်အရေး ကို ရှေ့တန်းမှကာကွယ်သူတွေ ရဲ့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် ဘေးကင်းလုံခြုံရေးလမ်းညွှန်ကို ဖတ်ရှုပါ။

## ကိုယ့်ရဲ့ ဒေသထဲမှာ စည်းရုံးရေးလုပ်ပါ။

**အဖျက်သဘောဆောင်တဲ့ ဖွံ့ဖြိုးရေး** စီမံကိန်းတွေကို ထိပ်တိုက်ရင်ဆိုင်ရာမှာ အဓိက ကျတာကတော့ **လူထု အင်အား** တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ဒေသတွင်းလူထုစည်းရုံးမှု ဟာ ဘုံကြုံတွေ့ နေရတဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့ အခါမှာ လူတွေကို အတူတကွ လက်တွဲဆောင်ရွက်ဖို့ ဖြစ်လာစေပါတယ်။

ဒေသခံလူထုအပေါ် အခြေပြုတည်ဆောက်ထားတဲ့ အင်အားကောင်းတဲ့ အစုအဖွဲ့ တခုဟာ လူပုဂ္ဂိုလ်တဦးတယောက်ချင်းနဲ့အဖွဲ့ငယ်လေးတွေထက် ပိုပြီး နိုင်ငံရေး သမား တွေနဲ့ အေဒီဘီ အပေါ် ဩဇာလွှမ်းမိုး နိုင်ပါတယ်။ လူထုစည်းရုံးရေးသမား တွေဟာ ကိုယ့်ဒေသတွင်းခေါင်းဆောင်မှုစိတ်ဓာတ် ဖွံ့ ဖြိုးအောင်လုပ်တာတွေ၊ ပတ်ဝန်းကျင်ကလူတွေနဲ့ မဟာမိတ် ဖွဲ့ တာတွေ နဲ့ ဒေသခံလူထုအားလုံးရဲ့ အကျိုးအမြတ်အတွက် တင်ပြတဲ့ အခါ ယုံကြည်မှုရအောင်လုပ်တာမျိုး တွေကို ပြုလုပ်ကြပါတယ်။

အလုပ်သမားအဖွဲ့ အစည်းတွေက အလုပ်သမားတွေရဲ့ တောင်းဆိုမှုတွေကို ကိုယ်စားပြုနိုင်သလို၊ စုစု စည်းစည်း ရှိတဲ့လူထုအဖွဲ့အစည်းတွေအနေနဲ့ လည်း လူထုကို ကိုယ်စားပြုနိုင်ပါတယ်။ ဒီအဖွဲ့ လေး တွေက လူအများကြီးရဲ့ယုံကြည်ကိုးစားမှုကိုထပ်ရခဲ့မယ် ဆိုရင် သူတွေရဲ့ ဩဇာ ဟာ အေဒီဘီ နဲ့ အစိုးရ ကိုပါ လွှမ်းမိုးဖို့ ဖြစ်နိုင်ပါတယ်။ ဒေသခံလူထုအဖွဲ့ အစည်းတွေကို ကိုယ်စားပြုသူတွေဟာ ရံဖန်ရံခါ ဆိုသလို အဓိက ကျတဲ့ အစိုးရတာဝန်ရှိသူတွေ နဲ့ စီးပွားရေးခေါင်းဆောင်တွေနဲ့ တွေ့ ဆုံ ညှိနှိုင်းခွင့် ရလေ့ ရှိပါတယ်။ဒါ့ဘာကြောင့်လဲ ဆိုတော့ သူတို့ ရဲ့ ထင်ပေါ်ကျော်ကြားမှုနဲ့ တခုခုလုပ်ရင် အများပါလာအောင် လုပ်နိုင်လို့ဖြစ်ပါတယ်။




**လူထုစည်းရုံးရေးလုပ်ငန်း ရဲ့အခရာ ကတော့ ယုံကြည်မှု တည်ဆောက်ခြင်း နဲ့ လူတွေ အားလုံး ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ကြိုးပမ်းတာပါ။**

လူထုစည်းရုံးရေး ကို အောက်ပါ လှုပ်ရှားမှုတွေကို အတူတကွ လုပ်ဆောင်ခြင်းဖြင့် လုပ်နိုင်ပါတယ်။

- ↳ လူထုရဲ့ စိုးရိမ်ပူပန် မှုတွေကို နားထောင်ဖို့အစည်းအဝေးတွေကို ပြုလုပ်ပါ။ အစည်းအဝေးတွေက တဆင့် လူတွေ မသိနိုင်တဲ့ ခြိမ်းခြောက်မှု တွေနဲ့အခွင့်အလမ်း တွေကိုလည်း ပြောပြပါ။
- ↳ အတူညှိနှိုင်းဆောင်ရွက်တတ်ခြင်း အလေ့အထ နဲ့ လှုပ်ရှားမှု အစီအစဉ် ဆွဲခြင်း
- ↳ ကျွမ်းကျင်အရည်အသွေးနဲ့ယုံကြည်မှုတည် ဆောက်ဖို့၊ထိုးထွင်းစဉ်းစားတတ်တဲ့ပညာရေး တို့ ကို ပေးနိုင်ဖို့ အလုပ်ရုံ ဆွေးနွေးပွဲတွေ ကျင်းပတာ။
- ↳ လူထုရဲ့ စိတ်ဓာတ် တက်ကြွနေဖို့ အားပေးတဲ့ အလေ့အထတွေ ရှိတာ။
- ↳ လူတွေနဲ့ အချိန်ပေး နေထိုင်ပြီး သူတို့ ရဲ့ မျှော်လင့်ချက်တွေ၊ ရင်ဆိုင်နေရတာတွေ၊ စိတ်ကူး စိတ်သန်းတွေကို နားထောင်တာ
- ↳ လူထုကို ဘေးမဖြစ်အောင် ကာကွယ်ပေးတာ။ ဒေသခံတွေနဲ့ အမြဲ ဆွေးနွေးတိုင်ပင်ပြီး အဆိုပြု ထားတဲ့အကြံအစည်ဟာ ဘေးကင်းခြင်းရှိမရှိ သုံးသပ်တာ၊ ဘေးအန္တရယ် အနည်းဆုံးဖြစ်အောင်လို့ ဘယ်လိုနည်းလမ်းတွေ သုံးနိုင်မယ် ဆိုတာ တွေကို ရှာဖွေ ဖို့

လူထုအသိုင်းအဝိုင်း တိုင်းဟာ ကွဲပြားခြားနားလေ့ ရှိပြီး စည်းရုံးရေးလုပ်ရတဲ့ အခါမှာလည်း ကွဲပြားတဲ့ နည်းလမ်း တွေနဲ့လုပ်ရပါတယ်။ ဒါပေမယ့် လူ့ အဖွဲ့ အစည်းအတော်များများမှာတော့ တူညီတဲ့ အလေ့အထနဲ့ အပြုအမူတွေ ရှိခြင်းက အထောက်အကူ ပြုပါတယ်။ လူထုစည်းရုံးရေး လုပ်တဲ့ အခါမှာ လူ့ အသိုင်းအဝိုင်းထဲပါတဲ့ တဦးချင်းဆီကို လေးလေးစားစားနဲ့ဆက်ဆံလုပ်ဆောင်တတ်ဖို့ အတော် လိုပါတယ်။ သင်ရဲ့ ကြိုးပမ်းလှုပ်ရှားမှု ထဲမှာ လူများများ ဦးဆောင်ပါဝင်လေ ၊အဲဒါက ပို အားကောင်းလေပဲ ဖြစ်ပါတယ်။ ဒါတွေ ဖြစ်ဖို့ အစည်းအဝေးတွေ လုပ်တဲ့အခါမှာ မတူကွဲပြားတဲ့ လူတွေ များများပါဖို့ လိုပါတယ်၊အများလက်ခံတဲ့ ဆုံးဖြတ်ချက်တွေ ဖြစ်အောင်လုပ်ပါ၊မီဒီယာနဲ့ စကားပြောပါ၊ တာဝန်ရှိသူ တွေနဲ့ တွေ့ ရဖို့ ခရီးထွက်ပါ။

ဒီနေရာမှာ အကျိုးရလဒ်က နှစ်ခု ထွက်ပါတယ်။ ပထမ တခုကတော့ ဒေသခံအသိုင်းအဝိုင်းထဲမှာ ပါတဲ့ လူအတော်များများ က အခုလို ရှုန်းကန်လှုပ်ရှားနေမှုကို ပိုသတိထားမိလာပြီး သူတို့ ပါ ဦးဆောင်ပါဝင် လာတာမျိုး ဖြစ်နိုင်ပါတယ်။ နောက်တခုက တော့ မီဒီယာ နဲ့ဦးဆောင်ဆုံးဖြတ်အခန်းကဏ္ဍမှာ ရှိတဲ့သူ တွေ အနေနဲ့ စီမံကိန်းကို ကွန် ကွက်နေတာက လူလေးမဖြစ်စလောက် မဟုတ်ဘဲ ဒေသခံ အကုန်လုံး က ကန့်ကွက် နေတာကို ရှင်းရှင်းလင်းလင်း မြင်သွားစေတာပါ။ ဒါကြောင့်မို့ လို့ လူထုအသိုင်းအဝိုင်းထဲ မှာ လူငယ်တွေ၊သက်ကြီးရွယ်အိုတွေ၊လူနည်းစုတွေ၊အမျိုးသား၊ အမျိုးသမီး တွေ နဲ့ ပစ်ပါယ်ခံရဖို့ သို့မဟုတ် ခွဲခြားနှိမ့်ချ ဆက်ဆံခံရဖို့ လွယ်ကူနေတဲ့ အုပ်စုတွေ စသည်ဖြင့် အားလုံးပါဝင်ပက်သက်လာဖို့ အရေးအကြီးဆုံးဖြစ်တယ်ဆိုတာကို လူထုစည်းရုံးရေးသမား ကောင်းတိုင်း သိကြပါတယ်။ လူတချို့ ကို ဖယ်ထုတ်ထားခဲ့မယ် ဆိုရင်တော့ ညီညွတ်မှုကို ချိနဲ့ စေပြီး အောင်မြင်ဖို့ အခွင့် အလမ်းလည်း နည်းပါတယ်။

လူတိုင်းဘယ်သူမဆို ကိုယ့်ပါတ်ဝန်းကျင်မှာ ကိုယ် စည်းရုံးလှုပ်ရှားမှုတွေ ပြုလုပ်နိုင်ပါတယ်။ လူတွေအနေနဲ့ ထဲထဲဝင်ဝင် တွေးခေါ်တတ်လာအောင်၊ မမျှော်လင့်ထားတဲ့ပုံစံနဲ့ မေးတတ်တာ၊ အဖြေက ဘာဖြစ်နိုင်တယ် ဆိုတာ ကိုပါ ပြောနိုင်တာ တာဟာ စည်းရုံးရေးသမား ကောင်း တယောက်ရဲ့ အကောင်းဆုံး အရည်အချင်းတွေပဲ ဖြစ်ပါတယ်။ အဓိက ကျတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းဖြင့် ဒေသခံလူထုတွေ အတွက် ဘယ်လိုအကြောင်းအရာတွေ က အရေးအကြီးဆုံး စိုးရိမ် ပူပန်စရာ ဖြစ်မလဲဆိုတာကို ဆုံးဖြတ်နိုင်ပါတယ်။

ထိုးထွင်းကြံဆ တတ်တဲ့ စည်းရုံးရေးသမားကောင်း တယောက်ဟာ လူထုရဲ့ ဘုံအကျိုးစီးပွားဘာလဲ ဆိုတာ အမြဲ ကြိုးပမ်းရှာဖွေ နေလေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါက နိုင်ငံရေးအသင်းအဖွဲ့ တွေနဲ့ လှုပ်ရှားမှုတွေ အကြားမှာ တသားတည်းရှိအောင်ကပ် ပေးတဲ့ ကော် လို ဖြစ်နေလို့ ပါပဲ။ လူထုရဲ့ ဘုံအကျိုးစီးပွားက ဘာလဲဆိုတာကို သေချာကွဲပြားစွာ သိပြီဆိုရင် စည်းရုံးရေးသမားရဲ့ အလုပ်က အဲဒီအကျိုးစီးပွားအတွက် ဘယ်လို ထောက်ခံမှုရအောင် လှုံ့ဆော် မလဲဆိုတာပါပဲ။

ဒေသခံတိုင်း ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်ရဖို့ သေချာလုပ်ဆောင်ပါ။ပုံမှန် အားဖြင့် စကားထွက်ပြောဖို့ နဲ့ ဦးဆောင်ဖို့အခွင့်အလမ်းသိပ်မရလေ့ ရှိသူတွေပါ ပါဝင်အောင်လုပ်ပါ။ အမျိုးသမီးတွေ၊လူကြီးသူမ တွေ အပါအဝင် လူပေါင်းစုံကို နံ့တိုင်ပင်ပြီး ဘယ်အချိန်မှာ အစည်းအဝေးလုပ်နိုင်မလဲ၊ သင့်အနေနဲ့ လည်း သူတို့တွေ အားလုံးအပြည့်အဝ ပူးပေါင်းပါဝင် လာအောင် ဘယ်လိုကူညီနိုင်မယ် ဆိုတာကို ပြောပြပါ။




စည်းရုံးရေးသမားတွေဟာ လူထု အတွက် လေ့လာသင်ကြားဖို့ နဲ့ အရည်အချင်းတွေ တည်ဆောက်ဖို့ အခွင့်အလမ်းကိုလည်း ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ဥပမာ - ပေါင်းသင်းဆက်ဆံရေးအရည်အချင်း နဲ့ ပက်သက်လို့အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ ပဋိပက္ခ ထိန်းချုပ်တားဆီးရေး၊ ကျားမတန်းတူ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံရေးအရ ထောက်ခံမှုရရှိရေး လှုပ်ရှားမှုတွေ၊ **လူ့အခွင့်အရေး** နှင့် တခြား အရေးကြီးတဲ့ အကြောင်းအရာတွေ နဲ့ ပက်သက်လို့ လည်းအလုပ်ရုံဆွေးနွေးပွဲတွေ လုပ်နိုင် ပါတယ်။ ဒီလို ပြုလုပ်တာက ဒေသခံလူထုကို တွန်းတင်ပေးလိုက်နိုင်ပြီး အဆုံးအဖြတ် ပေးနိုင်တဲ့ ဒေသခံ ခေါင်းဆောင်တွေ ကို လူထုထဲက စိုးရိမ်ပူပန်မှု တွေနဲ့ လူတွေ ကျေနပ်စေမယ့် ရလဒ်တွေထွက်လာဖို တောင်းဆိုမှုတွေလုပ်ဖို့ အသိပညာပေးတာတွေ လုပ်နိုင်ပါတယ်။

## ဒေသခံတွေ အတွက် အကြံဉာဏ်များ - စည်းရုံးရေးလုပ်ခြင်း

ကိုယ်နဲ့ ထိစပ် လုပ်ကိုင်နေတဲ့ လူထုအသိုင်းအဝိုင်း နဲ့ ပုံမှန် အဆက်အသွယ် ရှိပြီး အမြဲတမ်း တသားတည်း ရှိပါစေ။ သူတို့ရဲ့ယုံကြည် ကိုးစားမှု ကို အမြဲထိန်းထားပါ။ ခိုကိုးရာမဲ့ ဖြစ်နေတဲ့ လူတွေ၊ ဘေးထုတ်ခံထားရတဲ့ လူအုပ်စုတွေ ကိုလည်း အာရုံစိုက်ပြီး ဒေသခံတွေရဲ့ လိုအပ်ချက် တွေကို တပေါင်းတစည်းတည်း အရင်ဆုံး သိအောင်လုပ်ပါ။

ဒေသခံ လူထုအတွင်း အစည်းအဝေးတွေ မကြာခဏ ပြုလုပ်ပါ။ ပြီးတော့ ဒေသခံတွေ အတူလက်တွဲ လုပ်ကိုင် လို့ရမယ့်အခွင့်အလမ်းတွေကို ရှာဖွေပါ။ စီမံကိန်းတခုကို တားဆီးဖို့ အစီအစဉ် ရှိတယ် ဆိုရင် အဲဒီစိတ်ကူးရဲ့ **မဟာဗျူဟာ နည်းလမ်းတွေ**နဲ့ တိုးတက်မှုတွေကို လူထုအကြား ခဏခဏ သေချာရှင်းလင်း ပြဖို့ လိုပါတယ်။ ပြီးတော့ အကြံဉာဏ်တွေ ပေးရင်လည်း ကြံစီထားတဲ့ အစီအစဉ်တွေ ကို ပြောင်းလဲနိုင်ဖို့ အသင့်ဖြစ်နေရပါမယ်။




လူထုက ခေါင်းဆောင်အဖြစ် တင်မြှောက်ထားသူတွေ၊ ဒေသခံလူထု ထောက်ခံမှု ရထားသူတွေနဲ့ လူတွေကို စည်းရုံးနိုင်သူတွေ နဲ့ မိတ်ဆွေအဖြစ် တည်ဆောက်ထားပါ။

ရပ်ရွာခေါင်းဆောင်တချို့ လောက်ကပဲ ထောက်ခံတာမဟုတ်ဘဲ ရပ်ရွာလူထုတရပ်လုံး က ထောက်ခံပြီး ပိုင်းဂန်း ရေးဆွဲထားတဲ့ လှုပ်ရှားမှု အစီအစဉ် ကို ဖန်တီးပါ။ စလုပ်လုပ်ချင်း အချိန်တိုအတွင်းမှာ အောင်မြင်မှုရနိုင်တဲ့ ရည်မှန်းချက် တွေကို ထည့်ဆွဲပါ။ ဘာကြောင့်လဲ ဆိုတော့ စီမံကိန်း တခုကို ရပ်တန့်နိုင်ဖို့ ဆိုတာ တခါတလေမှာ နှစ်တွေ အများကြီး ကြာပြီးရေရှည်ရည်မှန်းချက် ပန်းတိုင် က အချိန်ပိုလိုပြီး မဆုတ်မနစ် လုပ်ကိုင်ဖို့ လည်း သန္နိဌာန် ခိုင်မာဖို့ လည်းလိုပါတယ်။ ရေတိုရည်မှန်းချက်ပန်းတိုင် အနေနဲ့ ဖြစ်နိုင်တာက

- ↳ နိုင်ငံတွင်း အဓိက ကျတဲ့ သတင်းစာတွေမှာ မိမိတို့ ရဲ့ လှုပ်ရှားမှု အကြောင်း သတင်းတွေ ပါဖို့
- ↳ နောက်ထပ် ဒေသခံလူထု အသိုင်းအဝိုင်း ၂ ခုလောက်က ကိုယ်တွေရဲ့ လှုပ်ရှားရုန်းကန် မှုမှာ ပူးပေါင်းပါဝင်လာဖို့
- ↳ မိမိတို့ ရဲ့ စည်းရုံးလှုပ်ရှားမှု ကို နိုင်ငံတကာက **အစိုးရမဟုတ်သော အဖွဲ့ အစည်း** တခုက ထောက်ခံလာအောင် လုပ်ပါ။

ရည်မှန်းချက် တခု အောင်မြောက် ပေါက်မြောက်တိုင်းမှာ အောင်ပွဲအတွက် ပိုင်းဂန်းဆင်နွှဲ ပါ! ဒီလို ဆင်နွှဲခြင်းဖြင့် လမ်းခရီးကကြာနိုင်ပေမယ့် မိမိတို့ ရဲ့ ဆန့် ကျင်ရေး လုပ်ငန်းဟာ ပိုမို ခိုင်မာ လာဖို့ အထောက်အကူ ပြုပါတယ်။

လူ့ အခွင့်အရေး အကြောင်းတွေ၊ အားပေးထောက်ခံမှုရရှိရေးလုပ်တာတွေ ၊ စည်းရုံးလှုံ့ ဆော်မှုတွေ လုပ်ဖို့ အစီအစဉ်ဆွဲတာတွေ၊ မီဒီယာနဲ့ စကားပြောတတ်တာ စတဲ့ အရည်အချင်းတွေ အတွက်လည်း သင်တန်းတွေ စီစဉ်ပါ။ ဒီအရည်အချင်းတွေကို အသုံးချပြီး လုပ်ရှားရုန်းကန်နေရမှု တွေကို ပိုမို ခိုင်မာအားကောင်းလာအောင် အသုံးချနိုင်ပါတယ်။ ဒီလိုလုပ်တာတွေဟာ လှုပ်ရှားမှု ဖြစ်စဉ် တခုလုံးကို ပိုအားကောင်းလာအောင် အထောက်အပံ့ဖြစ်ပြီး ၊လူတွေရဲ့ စိတ်ဓာတ်ကိုလည်း အမြဲ တက်ကြွနေစေပါတယ်။




ဒေသခံတွေကို သူတို့ ရဲ့ စဉ်ဆက်မပြတ် ပူးပေါင်းပါဝင် ဆောင်ရွက်မှုအတွက် အသိအမှတ် ပြုပြီး အောင်ပွဲ တွေ ရရင်လည်း ဆင်နွှဲပါ။ ဒီလို လုပ်တာဟာ လူတိုင်းရဲ့ မျှော်လင့်ချက်နဲ့ ယုံကြည်ချက် တွေကို ပိုခိုင်မာ စေပါတယ်။

## မဟာမိတ်များ တည်ဆောက်ခြင်း

မည်သည့် စည်းရုံးလှုပ်ရှားမှု မှု **မဟာမိတ်**ကောင်းများ မပါဘဲ အောင်မြင် လေ့ မရှိပေ။ အတွေ့ အကြုံ များကို ပြန်လှန် မျှဝေခြင်းဖြင့် အင်အားကိုဖြစ်စေပြီး **လူထုအင်အား**ကိုလည်း တည်ဆောက်ပြီးသားဖြစ် သည်။ အဖွဲ့အစည်း နှင့် လူထုအသိုင်းအဝိုင်းများအကြား၊အခြားအဖွဲ့ အစည်းများအကြား ပေါင်းကူးဆက်ဆံမှု ပြုလုပ်ခြင်း ဖြင့် တကိုယ်တည်းရုန်းကန်တိုက်ပွဲဝင်နေခြင်းအစား အောင်မြင်ဖို့ တိုက်ပွဲဝင်ခြင်း အတွက် ပိုမိုအလားအလာ ရှိသည်။  ထိုကဲ့သို့ မဟာမိတ်များ ရှိခြင်းကလည်း လုံခြုံရေးနှင့် ဘေးအန္တရယ်ကင်းရှင်းရေး အတွက် များစွာ အရေးကြီးသည်။ မြို့တော် နှင့် အခြားနိုင်ငံများ ရှိ မဟာမိတ် များက မိမိတို့ လှုပ်ရှားမှုများကို သတင်းထဲပါအောင် ဆောင်ကြဉ်းပေးနိုင်သည် ဆိုခြင်းက မိမိတို့ အကြောင်းကို ကမ္ဘာက စောင့်ကြည့်နေပြီ ဖြစ်ကြောင်း အာဏာပိုင်များကို ပြနိုင်သည်။

မဟာမိတ်အဖွဲ့ တိုင်းကို ကိုယ်ပိုင်ဦးစားပေးအလုပ်ကိုယ်စီနှင့် အကျိုးစီးပွား ကိုယ်စီ ရှိကြသော အုပ်စု များ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဘုံရည်မှန်းချက် တခုအတွက် ပူးပေါင်းလုပ်ကိုင်နေကြခြင်း ဖြစ်သည်။ သင့်ရဲ့ အန္တိမ ပန်းတိုင်က ရှင်းလင်းပြတ်သားပြီး အများကလည်း လက်ခံထားတယ်ဆိုရင် အင်အားကောင်းတဲ့ မဟာမိတ် အဖွဲ့ တခုအနေနဲ့ ပါဝင်တဲ့ အုပ်စုတိုင်းကို မတူကွဲပြားတဲ့ **နည်းဗျူဟာ** တွေကို သုံးဖို့ ခွင့်ပြုသင့်ပါတယ်။ (ဥပမာ အားဖြင့် - ရေတိုမှာ အခြေခိုင်အောင်လို့  ဆန္ဒပြပွဲတခု လုပ်တာ၊ ဂဘ်ဆိုဒ်တခု ရေးတာ၊ လမ်းတွေကို ပိတ်ဆို့ ထားတာ စသဖြင့်) . နောက်ပြီးတော့ (ရေရှည်မှာ အောင်ပွဲ ခံဖို့ သုံးစွဲတဲ့ )**မဟာဗျူဟာ** တွေကိုလည်း ပြောင်းလဲအသုံးပြုခွင့် ပေးသင့်ပါတယ်။




ကျွန်တော်တို့ ရဲ့ လှုပ်ရှားမှု မှာ ဒေသခံလူထုက သူတို့ ရဲ့ ကိုယ်ပိုင်ရုန်းကန် လှုပ်ရှားမှုအဖြစ် ပူးပေါင်း ဆောင်ရွက်လာ ခြင်းဟာ  ကျွန်တော်တို့ အတွက် တန်ဖိုးအရှိဆုံး အရာပါပဲ ဟု စည်းရုံးရေးမှူး တယောက် က ပြောဖူးသည်။ ကျွနုပ်တို့ အတူတကွ လက်တွဲလုပ်ဆောင်ကြခြင်းဖြင့် ကိုယ်ပိုင် အချိန်များ၊ အတွေ့ အကြုံများ၊ စိတ်ကူးစိတ်သန်းများ၊ အသိပညာများ နှင့် နောက်ဆုံး ငွေကြေး၊ အစားအစာနှင့် အခြားအရင်းအမြစ်များကိုလည်း အချင်းချင်းကြားတွင် မျှဝေ သုံးစွဲနိုင်သည်။ ထိုသို့ မျှဝေ သုံးစွဲခြင်းသည် အင်အားတည်ဆောက်မှုအတွက် အရေးကြီးသော အရင်းအမြစ် တခုဖြစ်သည်။

အရေးကြီးသော မဟာမိတ်များတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

- အထောက်အကူ မျိုးစုံ ပေးနိုင်သော **အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊** ဥပဒေ ဆိုင်ရာ အဖွဲ့ အစည်းများ နှင့် ကျောင်းသားများ
- လူအများအပြားထွက်လာအောင် လုပ်ဆောင်နိုင်သော အလုပ်သမားသမဂ္ဂ များနှင့် အဖွဲ့ အစည်းများ
- မိမိတို့ ပြောချင်တဲ့ စကားတွေကို လက်ဆင့်ကမ်းပေးနိုင်မယ့် အားပေးထောက်ခံချင်စိတ် ရှိတဲ့ နိုင်ငံရေးသမားတွေနဲ့ နာမည်ကြီးပုဂ္ဂိုလ်များ
- ကိုယ်ရဲ့ ရုန်းကန်လှုပ်ရှားမှု အကြောင်းကို သတင်းထဲ ပါအောင် ရေးပေးမယ့် စိတ်ချရတဲ့ သတင်းထောက်တွေ
- ကိုယ်နဲ့ အလားတူ အခြေအနေမျိုး ကြုံတွေ့ ဖူးပြီး အဲဒီလို ဆန့်ကျင်မှုတွေ ပြုလုပ်တဲ့ နေရာမှာ သုံးတဲ့ နည်းဗျူဟာ ကို ပြန်မျှဝေနိုင်တဲ့ တခြား လူထုအသိုင်းအဝိုင်း တွေ
- ကိုယ်တွေရဲ့ စိုးရိမ် ပူပန်မှု တွေကို လက်ခံနားလည်နိုင်တဲ့နိုင်ငံတကာ အန်ဂျီအို တွေ ( ရင်ဆိုင်နေရတဲ့ ကော်ပိုရေးရှင်း နဲ့ လုပ်ကိုင်နေတဲ့ အကြောင်း အရာက တူသည်ဖြစ်စေ က မတူသည် ဖြစ်စေ )




## ဒေသခံတွေ အတွက် အကြံဉာဏ်များ မဟာမိတ်များ တည်ဆောက်ခြင်း

မဟာမိတ်အဖွဲ့ များသည် အခြားသော ကူးလူးဆက်နွယ်မှုကဏ္ဍများကဲ့သို့ ပင်ဖြစ်သည်။ အခက်အခဲ များကို အတူတကွ ရင်ဆိုင်ဖြေရှင်းရင်း ယုံကြည်မှုကို အချင်းချင်း ကြားတွင် တည်ဆောက် ကြရသည်။ သင်တို့၏ ရုန်းကန် နေရမှုများတွင် အခြားသူများ ပါဝင်လာအောင် တိုက်တွန်းခြင်းထက် သင်တို့ လှုပ်ရှားရုန်းကန် နေမှုနှင့် အခြားအဖွဲ့ ၏ ရုန်းကန်မှုအကြား ဘုံ အခြေခံ အချက်များကို ရှာဖွေပါ။ကိုယ်နဲ့ လက်တွဲလုပ်ဖို့ ရည်ရွယ်ထားတဲ့ အဖွဲ့ အတွက် ဘယ်လို အကြောင်းအရာ တွေနဲ့ တောင်းဆိုမှုတွေက အရေးကြီးတယ်ဆိုတာကို သိအောင် အရင်လုပ်ပါ။ ကိုယ်က သူတို့ အတွက် ဘာလုပ်ပေးနိုင်တယ် ဆိုတာကို ကိုယ့်ဘာသာသိအောင် လုပ်ပြီး ကိုယ်ကလည်း သူတို့ ကဆီက ဘာပြန်လိုချင်ဆိုတာကို သေသေချာချာရှင်းရှင်းလင်းလင်း ဖြစ်အောင် လုပ်ပါ။







မိမိတို့ ၏ အဖွဲ့ အတွက် “အများပြည်သူရှေ့တွင် ကိုယ်စားပြုရတဲ့” နေရာမျိုးမှာ (ဥပမာ - ပြောရေးဆိုခွင့်ရှိသူ၊ ခေါင်းဆောင်များ) လူတွေကို သတိထားပြီး ရွေးချယ်နိုင်ပါစေ။ မိမိတို့ လုပ်ကိုင်နေရတဲ့ အကြောင်းရင်းကို လက်ခံရင်တောင်မှ မိမိတို့အဖွဲ့ ကို ကိုယ်စားပြုထားသူများနဲ့ ပက်သက်လို့ တဖက်သားက စိတ်ထဲမှာ တကယ်လို့ သက်တောင့်သက်သာ မဖြစ်ခဲ့ရင် လှုပ်ရှားမှုအတွက် အတူလက်တွဲလုပ်မှာ မဟုတ်ပါဘူး။

အုပ်စုတွေ ထဲမှာလည်း သီးခြားလက်တွဲ လုပ်လို့ ရနိုင်မယ့် မဟာမိတ်တွေကို ကြည့်ထားပါ။ အဲဒါက အုပ်စုတခုလုံးကို ကိုယ့်ရဲ့ အရေး အတွက် ပါဝင်လာအောင် ကူညီ နိုင်ပါတယ်။ မိမိတို့ရဲ့ လှုပ်ရှားမှု အပေါ် စိတ်ဝင်စား တဲ့ လူတိုင်းကို ကိုယ့်အုပ်စုထဲ ဝင်ခွင့်ပြုဖို့ မသင့်သေးပါဘူး။ တကယ်လုပ်ကိုင်ဖို့ အသင့် ဖြစ်နေတဲ့ လူတွေနဲ့အုပ်စုတွေကိုပဲ ပါဖို့ လက်ခံပါ။

မဟာမိတ်အဖွဲ့ တွေဆိုတာလည်း လူထုအသိုင်းအဝိုင်းအတွင်း လှုပ်ရှားရုန်းကန်မှုလို ပါပဲ။ အတက်အကျ ဆိုတာ ရှိပါတယ်။ ဘယ်တော့ မှ လက်မလျှော့ ပါနဲ့ ။



# လေ့ကျင့်ခန်း



## အရောင်အသွေးစုံ မဟာမိတ်များ

**ရည်ရွယ်ချက်။** မိမိ လူထုအသိုင်းအဝိုင်း ရဲ့ လှုပ်ရှားရုန်းကန် မှုကို အထောက်အကူ ပေးမယ့် အလား အလာရှိတဲ့ မဟာမိတ်တွေကို ရှာဖွေရန်

**ပေးထားချိန်** မိနစ် ၆၀ မှ ၉၀

**အသုံးပြုမည့် ပစ္စည်းများ ။** ပုံဆွဲ စက္ကူချပ်အကြီး၊ မာကာဘောပင် နှင့် အသုံးပြုမည့် အောက်ပါ ပုံများပါရှိသည့် စာရွက်များ

မှတ်ချက် - စာမျက်နှာ ၈ တွင် ဖော်ပြခဲ့သော လေ့ကျင့်ခန်း " ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြောင့် ထိခိုက်မှု များနှင့် ကောင်းကျိုးများ"ကို ကြိုလုပ်ခြင်းဖြင့် ယခုလေ့ကျင့်ခန်း အတွက် အထောက်အကူပြုနိုင်သည်။

၁ ကူညီသင်ကြားပေးမည့်သူ မှ နေပြီး အောက်ပါ အကြောင်းအရာ ကို ဒေသနဲ့ ကိုက်ညီတဲ့ ယုတ္တိ အရှိဆုံး ပုံစံနဲ့သင်တန်းသားတွေကို ရှင်းပြပါ။*တချို့ လူမှုရေး အပြောင်းအလဲ အဖြစ်အပျက် တွေမှာ အပြောင်းအလဲကို လိုချင်တဲ့သူတွေနဲ့မလိုချင်တဲ့ သူတွေ အကြားမှာ ရုန်းကန်လွန်ဆွဲပွဲတွေ ရှိတတ်ကြပါတယ်။ ဥပမာ -* ***မဟာစီမံကိန်းကြီး*** *နဲ့ပါတ်သက်တဲ့ ကိစ္စတွင်လည်း လူတချို့ က စီမံကိန်းကြောင့် ဖြစ်လာမယ့် စီးပွားရေး အကျိုးအမြတ် များကို ယုံကြည်ပြီး စီမံကိန်းကို ဖြစ်စေချင်ကြသည်။တချို့ ကလည်း အန္တရာယ် များလွန်းတာကြောင့် ဒီစီမံကိန်းကို မလိုလားကြဘူး။ အခုလုပ်မယ့် လေ့ကျင့်ခန်းက အပြောင်းအလဲကို လုပ်ဆောင်ရမှာ ဘယ်သူတွေက အကောင်းဆုံး မဟာမိတ်တွေ ဖြစ်နိုင်သလဲ ဆိုတာကို ရှာဖွေဖို့ ဖြစ်ပြီး တခြားသူတွေကိုလည်း ကိုယ့်ရဲ့အရေးကိစ္စကို ထောက်ခံလာအောင် ဘယ်လို လုပ်မလဲ ဆိုတာပါ။*

၂ စာရွက်ပေါ်တွင် ရေပြင်ညီ မျဉ်း တကြောင်းဆွဲ လိုက်ပြီး ဘယ်ဘက်ထိပ် တွင် "ကျွန်ုပ်တို့ ဘက်" ဟု ရေးပြီး ကျန်တဖက်တွင် "သူတို့ ဘက်" ဟု ရေးပါ။ မိမိတို့ သဘောထားအမြင် များနှင့် အနီးအဝေး အပေါ် မူတည်ပြီး ထိုမျဉ်းပေါ် တွင် အုပ်စုမျိုးစုံကို ချရေးနိုင်ကြောင်း ရှင်းပြပါ။ ထို့ နောက် စက်ဝိုင်းခြမ်းပုံစံ ကိုရေးဆွဲပြီး (ပုံတွင်ပြထားသကဲ့သို ) အစိတ်များ စိတ်ပါ။ (မည်သည့်စာမှ စက်ဝိုင်းစိတ်များထဲတွင် မရေးပါနဲ့ဦး)




၃ ခုနက ပြောခဲ့တဲ့ အုပ်စုတွေထဲက လူတွေ လုပ်နေ နိုင်တဲ့ အကြောင်းအရာ တခု စီကို နမူနာ အနေနဲ့ မေးမြန်းကြည့်ပါ။ အဲဒီလူတွေ တောင်းဆိုနိုင်တဲ့ အချက်တခုကို အကြံပေးပါ။ (ဥပမာ - ဆည်အကြီးကြီးဆောက်မယ့် အစား လေအားလျှပ်စစ် စွမ်းအင် ) ပြီးတော့ ကိုယ်ရဲ့ လူထုအသိုင်းအဝိုင်း ထဲမှာ ဘယ်သူက ဒါကို အထောက်ခံဆုံးဖြစ်မယ်၊ဘယ်သူက မထောက်ခံဆုံးနဲ့ ဘယ်သူက အလတ်အလတ် ရှိနိုင်သလဲ ဆိုတာကို မေးပါ။ ဥပမာ အနေဖြင့် အလုပ်သမားသမဂ္ဂတွေ၊ လယ်သမား အုပ်စုတွေ၊ ရွာအောက်ပိုင်းက အုပ်စုတွေ စတာကို သုံးနိုင်ပါတယ်။ သင်တန်းသား တွေ က အဲဒီအုပ်စုတွေ အမည်ကို ချရေးတဲ့ အခါမှာ စက်ဝိုင်းစိတ်ပုံစံ (ပုံမှာ ပြထားသလို) နဲ့ ကိုယ့်အုပ်စုရဲ့ လိုလားချက်နဲ့ ဘယ်လောက်နီးစပ်တယ်၊ဝေးတယ်ဆိုတဲ့ အပေါ် မူတည်ပြီး ရေးပါ။ လေ့ကျင့်ခန်း အစမှာ ပြောခဲ့တဲ့ စိတ်ကူးအကြောင်းအရာ ကို နားလည်ပြီဆိုရင် ရပါပြီ။

၄ မဟာမိတ် အဖွဲ့ တွေ တည်ထောင်ရခြင်းရဲ့ ကောင်းတဲ့ သတင်းအချက်အလက်တွေကို ပြန် မျှဝေပါ။ လူမှုအသိုင်းအဝိုင်းအပြောင်းအလဲ လုပ်ဆောင်တဲ့ စည်းရုံးလှုပ်ရှားမှုတွေ မှာ ကိုယ်တွေအတိုက်အခံပြုနေရတာက သြဇာအာဏာကြီးတဲ့ အေဒီဘီ လို ဒါမှမဟုတ် အစိုးရ ဖြစ်နေရင်တောင်မှ သူတို့ အပေါ် ကို လုံးဝ နိုင်လိုက်ဖို့ မလိုပါဘူး။ လိုအပ်တာက ပုံမှာ ပြထားသလို စက်ဝိုင်းစိတ်တခုစီကို တဆင့်စီ ကိုယ့်ဘက်ကို ပါလာအောင် ရွှေ့ နိုင်ဖို့ ပဲ လိုတာပါ။ အောင်မြင်မှု ဆိုတာ အာဏာရှိတဲ့သူတွေကို လက်ခံလာအောင် အတင်း လုပ်ခိုင်းတာ မျိုး မဟုတ်ဘဲ အပြောင်းအလဲကို လိုချင်တဲ့သူတွေများလာပြီးအဲဒီအခြေအနေမှာအာဏာရှိတဲ့သူတွေက မပြောင်းလဲဘဲ နေလို့မရတော့တဲ့ နေထားမျိုး ဖြစ်လာတဲ့ အခါမှာ ဖြစ်လာတာပါ။ သမိုင်းက အဲဒါကိုလည်းသက်သေပြခဲ့ပြီးပါပြီ။ ရှင်းရှင်းလင်းလင်း နားလည်မှု ရအောင်လို အချိန်ယူ ရှင်းပြပါ။

### ယခင်စာမျက်နှာရှိ လေ့ကျင့်ခန်းမှ အဆက်

၅ အခု အလှည့်မှာ ပုံကို နည်းနည်းရှုပ်ထွေးအောင် လုပ်ပါ။ တခါတရံမှာ ရုန်းကုန်လုပ်ရှားမှု တွေ ဟာ အလားအလာရှိတဲ့မဟာမိတ်တွေကို အဝေးကို ရောက်သွားစေတဲ့ အခါမျိုးလည်း ရှိပါ တယ်။ ပုံမှာ ပါသလို တချို့စက်ပိုင်းစိတ်တွေဟာ ကိုယ်နဲ့ ဝေးရာကို ရောက်သွားပြီး ကိုယ့် အတိုက်အခံပြုနေသူဘက် ရောက်သွားတတ်ပါတယ်။ ကိုယ့်ဘက်ကို လူအတော်အသင့် ပြောင်းရွှေ့ လာနေ သေးသရွေ့ သင်အောင်မြင်နေ နိုင်ပါသေးတယ်။ လူတိုင်းကိုယ့်ဘက်ကို ပါလာ အောင် လုပ်ဖို့ လိုတယ် ဒါမှမဟုတ် အာဏာရှင်တွေ အပေါ် လုံး၀ အာရုံစိုက် နေ ဖို့ လိုတယ်လို့ တက်ကြွလှုပ်ရှား သူ အများက ထင်လေ့ ရှိကြပါတယ်။ အဲဒီနည်းလမ်း နှစ်ခုလုံးဟာ အလုံးစုံ ရှုံးနိမ့်ဖို့ ဒါမှမဟုတ် မျှော်လင့်ချက်တွေကို ဖျက်စီးပစ်နိုင်ပါတယ်။ အခု လေ့ကျင့်ခန်း သွေးရောင်စုံ မဟာမိတ်များ ရဲ့ ပန်းတိုင်က မတူညီတဲ့ အုပ်စုတွေကို ကိုယ့်ဘက်ကို ပါလာအောင် ဘယ်လို လုပ်မယ် ဆိုတာ တွေးခေါ် မြော်မြင်ကြည့်ဖို့ ပါ။

၆ အကြောင်းအရာတူတဲ့ ကိစ္စ တွေကို လုပ်နေတဲ့ သင်တန်းသားတွေကို အုပ်စုငယ်လေး တွေ အဖြစ် လုပ်လိုက်ပါ။ စက်ဝိုင်းခြမ်းပုံပါ စာရွက်တွေကို ဝေလိုက်ပြီးတော့ ပုံထဲက စက်ဝိုင်းစိတ်တွေ နေရာမှာ မိမိတို့ ကိုယ်တိုင် လုပ်နေတဲ့စည်းရုံး လှုံ့ ဆော်မှုတွေ၊ အကြောင်းအရာနဲ့ ရုန်းကန်နေရမှု တွေကို ဖြည့်ရေးပေးဖို့ သင်တန်းသားတွေကို ဖိတ်ခေါ် ပါ။ သူတို့ ဖြည့်နေတုန်း မေးခွန်းတွေ ရှိရင် ဖြေပေးဖို့ ကျပန်းလှည့်နေပါ။

၇ ရေးတာဖြည့်တာတွေ လုပ်လို့ ပြီးခါနီးပြီဆိုရင် တဖွဲ့ ချင်းစီကို သူတို့ ရဲ့ အရောင်အသွေးစုံ (ဖြာ)မဟာမိတ် တွေက ဘယ်သူတွေ ဖြစ်တယ်ဆိုတာကို ကျန်သူအားလုံးကို ရှင်းပြခိုင်းပါ။ ဘယ်သူက အနီးဆုံးလဲ။ ဘယ်သူက အဝေးဆုံးလဲ၊ဘယ်သူ့ ကိုများ ကိုယ့်ဘက်ပါအောင် မဟာမိတ် ဖွဲ့ နိုင်မလဲ စ တာတွေကို ပြောခိုင်းပါ။ ဘာကြောင့်လဲ ကိုပါ မေးပါ။

၈ အဲဒီလိုမျိုး အချင်းချင်းပြောပြပြီးပြီ ဆိုရင် ပထမ အုပ်စုငယ်လေးတွေ ဖွဲ့ ထားတဲ့ အတိုင်း ပြန် သွားခိုင်းပြီး မဟာမိတ် တွေကို ကိုယ်ဘက်ပါလာအောင် ဘယ်လိုနည်းဗျူဟာ တွေ သုံးမယ် ဆိုတာကို စဉ်းစားခိုင်းပါ။ သူတို့ စဉ်းစားနေတုန်းမှာ အောင်ပွဲဆိုတာ ပုံစံမျိုးစုံနဲ့ ဖြစ်နိုင်ကြောင်းကို ရှင်းပြပါ။ တကယ်လို့ ဆက်ဆံရခက်တဲ့ အုပ်စုတခုကို ကိုယ့်ဘက်ကိုပါအောင် နည်းနည်းလေး လုပ်နိုင်ခဲ့ရင်ပဲ အဲဒါဟာ ကြီးကြီးမားမား အောင်မြင်မှု တရပ်ပါပဲ။ စက်ဝိုင်းခြမ်းရဲ့ တခြားတဖက်အစွန်ဆုံးမရောက်ခင် မှာရှိတဲ့ အုပ်စု ကို ကိုယ်ရဲ့ လှုပ်ရှားရုန်းကန်မှု ထဲကို ပါအောင်လုပ်နိုင်ခဲ့ရင်လည်း အဲဒါက အောင်မြင်မှုကြီး တခုပါပဲ။ ကိုယ်ရဲ့အတိုက်အခံက ကိုယ့်ဘက်ပါတာဟာ အောင်ပွဲဖြစ်ပြီး အကျိုးရှိပေမယ့် အမြဲတမ်းတော့ မလိုအပ်ပါဘူး။

၉ လူတွေ အားလုံးပြန်စုလိုက်ပြီး ခုနက လုပ်ခဲ့တဲ့အုပ်စု တခုချင်းအလိုက် မဟာမိတ်တွေကို ကိုယ့်ဘက် ပို ပါလာအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ နည်းလမ်းတခုမဟုတ်နှစ်ခုကို အားလုံးကြားအောင် အော်ပြော ခိုင်းပါ။

## ဥပဒေကြောင်းဆိုင်ရာ အထောက်အပံ့ကို ရယူပါ

အေဒီဘီ ရဲ့ စီမံကိန် းတွေဟာ ပြည်တွင်းပြည်ပ နိုင်ငံတကာ ဥပဒေ တွေနဲ့ လျော်ညီရမယ်လို့ (အေဒီဘီ)ဘေးကင်းလုံခြုံရေးမူဂါဒ ထဲမှာ အတိအလင်း ဖော်ပြထားပြီးသား ဖြစ်ပါတယ်။ ဥပဒေရေးရာ ကျွမ်းကျင်သူ တယောက် ကိုယ့်ဘက်မှာ ရှိခြင်းဖြင့် တရားစွဲ ဆိုမှုလုပ်တာတွေ၊ စီမံကိန်းကို အရှိန်လျော့ သွားအောင်လုပ်တာ၊ ကိုယ်ရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးဖို့ တောင်းဆိုချက်တိုကို ပို့ပြီး အထောက်အကူပြု အားပေးကူညီနိုင်ပါတယ်။ စီမံကိန်းက ဥပဒေတခုခုကို ချိုးဖောက်နေသလား ဆိုတာ ရှာဖွေ ဖို့ ဥပဒေကြောင်းအရ အကူအညီက အရမ်းအရေးကြီးပါတယ်။ တကယ်လို့ ချိုးဖောက်ခဲ့တယ်ဆိုရင် အေဒီဘီ အနေနဲ့ **တာဝန်ခံမှု** ရှိရတော့မှာ ဖြစ်ပါတယ်။ ရှေ့နေကောင်း တယောက်ရှိခြင်းဖြင့်လည်း သင့်ရဲ့ **ဝေဖန်တိုင်ကြားမှု** တွေကို **နောက်ဆက်တွဲဖြစ်ရပ် တာဝန်ခံမှုပြုတဲ့ စနစ်**(စာမျက်နှာ **၁၀၀** ကိုကြည့်ပါ) ကို ပို့ဖို့ စဉ်တဲ့နေရာမှာ အထောက်အကူပြုနိုင်ပါတယ်။

## နိုင်ငံတွင်း ဥပဒေ များ

နိုင်ငံအများစုမှာ အကြမ်းဖက်မှု၊ **အဓမ္မရွှေ့ ပြောင်းနေရာချမှု**၊ သဘာဝပတ်ဝန်းကျင်ကိုဖျက်စီးမှု တို့ ကို ကာကွယ်တားဆီးဖို့ဥပဒေတွေ နဲ့ တခြား မတော်တရား လုပ်တာတွေကို ကာကွယ်ဖို့ ဥပဒေတွေ ရှိကြပါတယ်။ နိုင်ငံတကာ **လူ့ အခွင့်အရေး**စံနှုန်းစံထား တွေကိုလည်း လိုက်နာ လေးစားဖို့ နိုင်ငံ အများစု ရဲ့ အခြေခံ ဥပဒေတွေမှာ ပြောထားပါတယ်။

အဲဒီလို ဥပဒေ တွေကို ကိုယ့်ရဲ့ ရုန်းကန်လှုပ်ရှားမှု အတွက် အသုံးဝင် ဖို့ ဆိုရင် ဥပဒေရေးရာ အကူအညီ အခမဲ့ပေးနေတဲ့အဖွဲ့အစည်းတွေကို ရှာတာ အကောင်းဆုံးနည်းလမ်းပါပဲ။ မြို့ကြီး တွေ အများစုမှာ သဘာဝပတ်ဝန်းကျင်ဆို င်ရာထိခိုက်တာတွေအတွက် လှုပ်ရှားမှု တွေကို အဲဒီလို အကူအညီ ပေးတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေ အဖွဲ့ တွေ ရှိတတ်ကြပါတယ်။ **ဌာနေ လူမျိုးစုတွေ** အတွက်ကတော့ စီမံကိန်းတွေဟာသူတို့ ရဲ ဘုံအခွင့်အရေးတွေကို ခြိမ်းခြောက် နေလား ချိုးဖောက်နေလား ဆိုတာကို ဥပဒေကြောင်းဆိုင်ရာ အကူအညီနဲ့ ဖော်ထုတ်နိုင် ပါတယ်။ ဌာနေလူနည်းစု တွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးတဲ့နိုင်ငံတကာဥပဒေ တွေကို ကိုးကားပြီးတော့လည်း လှုပ်ရှားရုန်းကန် နေမှု အတွက် အထောက်အပံ့ ယူနိုင်ပါတယ်။

ပြည်တွင်းဥပဒေတွေက အေဒီဘီ ရဲ့ **မူဂါဒတွေ** လောက် အားမကောင်းရင်၊ **စီမံကိန်း အကောင်အထည် ဖော်သူ** တွေဟာ အေဒီဘီရဲ့မူဂါဒတွေနဲ့ နိုင်ငံတကာ စံတွေကို လိုက်နာရပါတယ်။ ပြည်တွင်း ဥပဒေတွေက အေဒီဘီ ထက် အားကောင်းခဲ့ရင် တော့ အဲဒါတွေကိုပဲ လိုက်နာရမှာပါ။ နောက်တနည်း ပြောရရင် အမြင့်ဆုံး စံ တွေကိုပဲ လိုက်နာရပါမယ်။

## နိုင်ငံတကာ ဥပဒေများ

နိုင်ငံတကာဥပဒေများသည် အေဒီဘီ ၏ စီမံကိန်း များအပေါ်တွင် သက်ရောက်သော်လည်း နိုင်ငံအများစုတွင် နိုင်ငံတကာဥပဒေများကို အာဏာတည်ရေးအတွက် အခက်အခဲ ရှိသည်။ နိုင်ငံ တကာဥပဒေ ကို အသက်ဝင် အာဏာတည်အောင် လိုက်လံ လုပ်ဆောင်မည့် နိုင်ငံတကာရဲ ဌာန လိုမျိုးလည်း မရှိပေ။ နိုင်ငံတချို့ တွင် (ဥပမာ - အာရှအလယ်ပိုင်းရှိ သမ္မတစနစ် နိုင်ငံများ) နိုင်ငံတကာ ဥပဒေကို ၎င်းတို့ နိုင်ငံ၏ အခြေခံဥပဒေထဲတွင် ရေးဆွဲထားပြီး စီမံကိန်း အားလုံးမှာ ထိုဥပဒေ များကို လိုက်နာကြရသည်။ သို့ သော်လည်း ကံမကောင်းအကြောင်းမလှစွာနှင့် ပင် တာဝန်ရှိသူများ ကိုယ်တိုင် က ထို အချက်ကို သတိမမူမိကြပေ။

ဒေသဆိုင်ရာ စီမံကိန်းတာဝန်ရှိသူ များမှ နိုင်ငံတကာဥပဒေများ နှင့် အညီလုပ်ကိုင်ရမည်ကို နားမလည်ဘဲ ထိုဥပဒေ များကို ချိုးဖောက်ပါက ဘေးအန္တရာယ်ရှိသည့် စီမံကိန်းများ အရှိန်တန့် သွားစေရန် ရွှေ့ နေများ၊လူ့ အခွင့်အရေးအဖွဲ့ များက မေးခွန်းများ ထုတ်ခြင်းဖြင့် ဥပဒေ ကြောင်းအရ အရေးယူ နိုင်သည်။

နိုင်ငံတကာ ဥပဒေတွေက သင်တို့ရဲ့ တိုက်ပွဲမှာ အသုံးပြုဖို့ အဆုံးအဖြတ်တွေ၊ ဥပဒေသတွေ နဲ့ လမ်းညွှန်မှုတွေ စတာတွေကို ကိရိယာအဖြစ် ပေးထားပါတယ်။ ဒီကိရိယာတွေ က သင်တို့ရဲ့ အနေအထား ကို ပိုမို အင်အားရှိစေပြီး သင်တို့ နဲ့ တိုက်ခိုက်နေတဲ့ ကုမ္ပဏီ တွေနဲ့ အဖွဲ့အစည်းတွေကို အရှက်ရစေပါတယ်။ တစ်ဖက်မှာလည်း မီဒီယာမှာ ပိုမိုထွန်းပြောင်အောင် လုပ်ပေးပြီး သင်တို့ရဲ့ တောင်းဆိုချက်တွေကို အင်အား ပိုမိုစေပါတယ်။




### ဒေသခံတွေ အတွက် အကြံဥာဏ်များ  ဥပဒေဆိုင်ရာကောင်းမွန်သော အကြံဥာဏ် များ ရယူခြင်း

ကျောင်းသားတွေ၊ **အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ** နဲ့ တခြား ဒေသဆိုင်ရာအဖွဲ့ တွေကို ဥပဒေ အထောက်အပံ့ ကို ကူညီရှာခိုင်းပါ။

ရှေ့နေ ရွေးတဲ့ အခါမှ သတိပြုပါ။ ကိုယ့်လုပ်နေတဲ့ အကြောင်းအရာနဲ့ ပက်သက်ပြီး အတွေ့ အကြုံ များတဲ့ ရှေ့နေကို ရှာပါ။

ကိုယ်ရဲ့ လှုပ်ရှားရုန်းကန်နေမှုကို သူ တကယ်ကူညီတာ သေချာအောင်လုပ်ပါ။ ဒေသခံလူထုက အခရာ ဆိုတာ သတိရပါ။ သင့်ရဲ့လိုအပ်ချက်တွေကို ရှေ့ နေက လေးစားဖို့ လိုပါတယ်။ ဒါ့ အပြင် ဒေသခံတွေနဲ့ ပုံမှန် တွေ့ ဆုံပြီး နောက်ဆုံးအခြေအနေတွေ အမှုအခင်း နဲ့ ပက်သက်လို့ ဘယ်လိုဖြစ်ပျက်နေတယ်ဆိုတာကိုလည်း သေချာရှင်းပြခိုင်းပါ။

ဒေသခံလူထုအတွက် ရှေ့ နေက အဆုံးအဖြတ် ချပေးဖို့ မဖြစ်နိုင်ဘူး ဆိုတာ သေသေချာချာ ရှင်းရှင်းလင်းလင်း ရှိပါစေ။ သို့ပေမယ့်သူ့ရဲ့ ရွေးချယ်စရာ အချက်အလက်တွေကို ရှင်းပြနိုင်ပြီး ဒေသခံတွေက ဆုံးဖြတ်ချက် ချတဲ့ အလုပ်ကို လုပ်ပြီး ရှေ့ နေကို ဘာလုပ်ရမယ်ဆိုတာကို ပြောနိုင်ပါတယ်။



## အေဒီဘီနှင့်အစိုးရ တာဝန်ရှိသူ တွေနဲ့ တွေ့ ဆုံပါ

စီမံကိန်းနဲ့ ပက်သက်တဲ့ သတင်းအချက်အလက်တွေ(အေဒီဘီ ရဲ့ လူထုဆက်ဆံရေး မူဂါဒ အရ လုပ်ပေးရမယ့်ဟာတွေ အပါအဝင်) ကို တောင်းခံလာတဲ့ အခါမှာ အေဒီဘီ တာဝန်ရှိသူ တွေနဲ့ ဝန်ထမ်းတွေ အနေနဲ့ တုံ့ပြန်ပြောကြားဖို့ တာဝန်ရှိပါတယ်။ အေဒီဘီ ရဲ့စီမံကိန်း တွေ အပေါ်မှာ စိုးရိမ် ပူပင်မှု ရှိသူတွေ နဲ့ အခြားသူတွေနဲ့ တွေ့ ဆုံ စည်းဝေး ဖို့ ကိုလည်း လမ်းဖွင့် ပေးထားရပါမယ်။ အေဒီဘီ ဝန်ထမ်းတွေနဲ့ ဒါရိုက်တာ တွေနဲ့ ခြင်းဟာ ကိုယ့်ရဲ့ စကားကို နားထောင်ဖို့ နဲ့ စီမံကိန်း အပေါ်မှာ လွှမ်းမိုးခွင့် ရဖို့အကောင်းဆုံးနည်းလမ်း တခုပါပဲ။

### *အေဒီဘီ ပြောတာက*



ဒေသခံ တွေနဲ့ တွေ့ ဆုံဖို့ တာဝန်ရှိပြီး ပြဿနာတွေကို ဖြေရှင်းဖို့ တာဝန်ရှိတယ်လို့ အေဒီဘီ ရဲ့ လူထု ဆက်ဆံရေး မူဂါဒ ထဲမှာ သေချာလမ်းညွှန်မှု ပေးထားပြီးသား ဖြစ်တယ်လို့ ဆိုတယ်။

### *ဒေသခံလူထုက ပြောတာက*



အစည်းအဝေးတွေ တိုင်းမှာ တာဝန်ရှိသူတွေက လူတွေရဲ့ သဘောထားအမြင်တွေကို တခါမှ မမေးဘဲနဲ့ စီမံကိန်းအကြောင်းပါတဲ့ စာရွက်စာတမ်းတွေကိုပဲ ဝေပေးသွားလို့ လူတွေက အစည်းအဝေးတွေကို ရှောင်ဖယ်လာကြတယ်။ အေဒီဘီ ဆီက သတင်းအချက်အလက်တွေကို ရဖို့ အရေးကြီးတာ မှန်ပေမယ့် ဆက်ဆံရေးက နစ်လမ်းသွား ဖြစ်သင့်တယ်။ အေဒီဘီ ရဲ့လုပ်ငန်းဦးတည်ချက် အပြင် လူထုရဲ့ အခွင့်အရေးတွေနဲ့ ကိုက်ညီအောင် အေဒီဘီ တာဝန်ရှိသူတွေ အနေနဲ့ ဒေသခံတွေ့ တောင်းဆို မှုတွေကို နားဆင်ပြီး တုံ့ပြန်ဖို့ လိုသည်။

စီမံကိန်းအပေါ်မှာ တကယ့်စစ်မှန်တဲ့ သက်ရောက်မှု ရှိနိုင်ဖို့ ဆိုရင် တာဝန်ရှိသူတွေနဲ့ တွေ့ ရဖို့ အခွင့် အလမ်းတိုင်းကို ရယူဖို့ လိုပါတယ်။ အစည်းအဝေး မတိုင်ခင်မှာ သတင်းအချက်အလက်တွေ၊ မှတ်တမ်းတင်ထားတာတွေ နဲ့မေးခွန်းတွေကို ပြင်ဆင်ထားသင့်ပါတယ်။

အေဒီဘီ နဲ့ အစည်းအဝေးတခု ဖြစ်ဖို့ ဆိုရင် ကိုယ်နိုင်ငံထဲမှာ ရှိတဲ့ အေဒီဘီရုံးက တာဝန်ရှိသူတွေနဲ့ တွေ့ ဖို့ ပထမဆုံး ကြိုးစားရပါမယ်။ တကယ်လို့ မနီလာ မှာ ရှိတဲ့ အေဒီဘီ ရုံးချုပ် နဲ့ အလောသုံးဆယ်တွေ့ ဖို့ ကြိုးစား မယ်ဆိုရင်၊ ကိုယ့်တိုင်းပြည်ထဲမှာ ရှိတဲ့ အေဒီဘီ ရုံးကို ဆက်သွယ်ပြီး ကိုယ်ရဲ့ စိုးရိမ်ပူပန်မှု တွေကို အရင် ပြောပြီးပြီ လားလို့ မေးပါလိမ့်မယ်။




ကိုယ့်နိုင်ငံမှာ ရှိတဲ့ ရုံးက အကြောင်းမပြန်ခဲ့ရင် အဲဒီအခါမှ ကိုယ်ကလည်း ဒေသဆိုင်ရာ အေဒီဘီ ရုံးကို တွေ့ ဖို့ ကြိုးစားခဲ့ တဲ့ အကြောင်း ပို့ ခဲ့တဲ့ အီးမေးတွေ တခြား စာရွက်စာတမ်းတွေကိုသက်သေ အနေနဲ့ ပြသပြီး တုံ့ ပြန်မှု တခါမှ မရခဲ့တဲ့ အကြောင်း ပြောပြရပါမယ်။ ဒါက ဘာလဲဆိုရင် ပြဿနာတွေကို ကိုယ့်နိုင်ငံဒေသတွင်းမှာပဲ ပြေလည်အောင် ကိုယ်ဘက် ပထမဆုံး ကြိုးစားခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။

## တာဝန်ရှိသူတွေနဲ့ မတွေ့ ဆုံခင်မှာ ပြင်ဆင်သင့်တဲ့ အချက်တွေက

- ↳ ဒေသခံလူထုကိုယ်စားလှယ်တွေ အတွက် ဒေသခံတွေကလုပ်ပိုင်ခွင့်အပြည့်ပေးကြောင်း ထောက်ခံစာ၊ ဒါက ဘာအတွက်လဲ ဆိုတော့ တာဝန်ရှိသူတွေနဲ့ တွေ့ ဆုံစကားပြောနေတဲ့ အဖွဲ့က တောင်းဆို တင်ပြထားတဲ့ စိုးရိမ် ပူပန်မှုတွေဟာ ဒေသခံ လူထုအားလုံးရဲ့ စိုးရိမ်ပူပန်မှုတွေ ပါဘဲဆိုတာကို သက်သေပြသဖို့ပါဘဲ။
- ↳ အေဒီဘီ ဒါမှမဟုတ် အစိုးရ တာဝန်ရှိသူတွေ အပေါ် ရပ်ရွာလူထုရဲ့ တောင်းဆိုချက်တွေ အပါအဝင် အစည်းအဝေးမှာ ပြောဖို့လူထုနဲ့ တိုင်ပင်ထားတဲ့ အဓိက အချက်အလက် အချို့ ။ အစည်းအဝေး မသွား ခင်မှာ ကိုယ့်လူထု အတွင်းမှာ အဲဒါတွေနဲ့ ပက်သက်လို့ သေချာ စဉ်းစားပြီး ပြဿနာတွေနဲ့ ပက်သက်ပြီး လုပ်ချင်တဲ့ ဆန္ဒကို သေချာ ဆုံးဖြတ်ချက်ချပါ။
- ↳ ဝေဖန်အကြံချင်တဲ့ အချက်အလက်တွေစာရင်း နဲ့ အေဒီဘီနဲ့ စီမံကိန်း အကောင်အထည် ဖော်သူတွေဆီ ပို့ ခဲ့သမျှ အီးမေးတွေ စာတွေ ရဲ့မိတ္တူ တွေ

- ဒေသခံတွေရဲ့ သုတေသနတွေ (စာမျက်နှာ ၁၂၈ ကို ကြည့်ပါ) နဲ့ ပျက်စီးဆုံးရှုံး ခဲ့ရတဲ့ ဒါမှမဟုတ် ပျက်စီးဖို့ အလားအလာရှိတဲ့ အများပိုင် နဲ့ ပုဂ္ဂလိကပိုင် ပစ္စည်းတွေ စာရင်း
- စီမံကိန်းကြောင့် ထိခိုက်ခဲ့ရတဲ့ လူတွေ အမည်စာရင်းနဲ့ ဆေးမှတ်တမ်း မှတ်ရာတွေ
- စီမံကိန်း ကြောင့် ထိခိုက်ခံခဲ့ရတဲ့ လူတွေ နဲ့အန္တရာယ်ရှိတဲ့နောက်ဆက်တွဲ အကျိုး တွေရဲ့ ဓာတ်ပုံတွေ၊ စီမံကိန်း ကြောင့် ခြိမ်းခြောက် ခံနေရတဲ့ အရေးကြီးတဲ့ သဘာဝ သယံဇာတ ပစ္စည်းတွေ ရဲ့ ဓာတ်ပုံတွေ
- တခြားနေရာဒေသတွေက ပုံစံတူ အခြားစီမံကိန်းတွေ ဆီက စာရွက်စာတမ်းတွေ၊
- အရေးအကြီးဆုံးကတော့ အစည်းအဝေး အတွက် ကြိုတင် လေ့ကျင့်တာ ပါ။ တကယ့် အစည်းအဝေး ကျရင် ပြောမယ့်ပုံစံအတိုင်း သရုပ်ဆောင် လေ့ကျင့်ခန်းဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိ ရှိနဲ့အစည်းအဝေးမှာ ထိထိရောက်ရောက် ပြောနိုင်ဖို့များစွာ အထောက်အကူ ပြုပါတယ်။ (စာမျက်နှာ ၁၂၇ ပြထားတဲ့ အရေးကြီးတဲ့အစည်းအဝေး တွေ အတွက် ဇာတ်တိုက်လေ့ကျင့်တဲ့ လေ့ကျင့်ခန်းကို ကြည့်ပါ)




## သင်တို့ရဲ့ ပြောကြားတင်ပြချက်တွေကို ဖြန့်ဝေဖို့ နည်းလမ်းကောင်းများ

တကယ်လို့ သင်တို့က အရာရှိတွေနဲ့ လူချင်းသိနေတယ်ဆိုရင်၊ သူတို့နဲ့ အရင်စကားပြောကြည့်ပြီး သင်တို့တွေ့ဆုံရမယ့် သူတွေနဲ့အစည်းအဝေးမှာ သင်တို့ကို ထောက်ခံဖို့ ပြောထားပါ။

အစည်းအဝေးမှာ ပါဝင်မယ့်သူတွေကို ရွေးချယ်တဲ့အခါမှာ ဘယ်သူကဒေသခံတွေကို အကောင်းဆုံး ကိုယ်စားပြုနိုင်မယ် ဆိုတာကို ကြည့်ပြီး ဆုံးဖြတ်ပါ။ အဲဒီသူတွေက အကယ်၍ သင့်နိုင်ငံရဲ့ ဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာ နဲ့ မဟုတ်ဘူးဆိုရင်တောင်မှ သူတို့ ပြောလို့ သက်တောင့်သက်သာ အဖြစ်ဆုံး ဘာသာစကားနဲ့ ပြောသင့်ပါတယ်။ အစည်းအဝေးမှာ သူတို့ ဘယ်ဘာသာစကားနဲ့ ပြောမယ် ဆိုတာကို အာရှဖွံ့ဖြိုးရေးဘဏ်ကို ကြိုတင်အကြောင်းကြားထားပါ။

အစည်းအဝေးမတိုင်မီမှာ သင်တို့ တင်ပြမယ့် အဓိကအချက်အလက်တွေ ကို ဒေသခံတွေနဲ့ အတူတူ ဆုံးဖြတ်ပါ။ ပြီးတော့ ပြောဆိုတဲ့စကားဝိုင်းကို တတ်နိုင်သမျှ ထိရောက်မှု ရှိအောင် ခိုင်မာတဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ပါ။

သင်တို့ရဲ့ ဒေသခံလူထုရဲ့ အစီအစဉ်ကို မူတည်ပြီး အစည်းအဝေး အစီအစဉ်နဲ့ လုပ်ငန်းစဉ်ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကို တင်ပြတောင်းဆိုပါ။ အစည်းအဝေးမတိုင်မီ မှာ အရာရှိတွေကို ကြိုတင်ကြည့်ရှုလေ့လာခဲ့စေချင်တဲ့ အချက်အလက်တွေ ကို ပေးပို့ထားဖို့ မမေ့ပါနဲ့။

အစည်းအဝေးအတွင်းမှာ သင်တို့ကိုယ်သင်တို့ ယုံကြည်မှု ရှိစေမယ့် ဘာကိုမဆို ဝတ်ဆင်ပါ။ အချို့တွေကတော့ သူတို့ရဲ့ ရိုးရာဝတ်စုံကို ရွေးချယ် ဝတ်ဆင်ကြပါတယ်။

အစည်းအဝေးအစပိုင်းမှာ တာဝန်ရှိတဲ့သူတွေကို သင်တို့နဲ့ တွေ့ဆုံမှုအတွက် ကျေးဇူးတင်စကားပြောပါ။ သင်တို့လာရောက်တွေ့ဆုံရတဲ့ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်းပြောပြပါ။ စတင်ကတည်းက သင်တို့မှာ အစည်းအဝေးအတွက် အချိန်ဘယ်လောက်ပေးနိုင်တယ် ဆိုတာကို အသိပေးထားပါ။

အစည်းအဝေးကာလအတွင်းမှာ ရှင်းလင်းတိကျစွာ ယုံကြည်မှုရှိရှိနဲ့ ပြောပါ။ အဓိကကျတဲ့ မေးခွန်းတစ်ခု သို့မဟုတ် စိုးရိမ်ပူပန်မှု တစ်ခုအကြောင်းကို အာရုံစိုက်ဆွေးနွေးဖို့ ကြိုးစားပါ။ တာဝန်ရှိသူတွေက မဖြေဆိုဘဲ ရှောင်ဖယ်သွားဖို့ ကြိုးစားတာကို ခွင့်မပြုပါနဲ့။ ယေဘုယျကျတဲ့ ကန့်ကွက်မှုတွေ လုပ်မယ့်အစား အာရှဖွံ့ဖြိုးရေးဘဏ် ရဲ့ လိုအပ်တဲ့ မူဝါဒတွေကို တိတိကျကျ ရည်ညွှန်းပါ (မေးခွန်းတွေကို စဉ်းစားပြုလုပ်ဖို့ စာမျက်နှာ ၁၂၆ ကိုကြည့်ပါ)။

သင်တို့ရဲ့ လူ့အဖွဲ့အစည်းကို သတင်းပြန်ပေးပို့ဖို့ နဲ့ သင်တို့ရဲ့ လှုပ်ရှားစည်းရုံးလှုံ့ဆော်မှုကို ပြင်ဆင်ဖို့ အတွက် အစည်းအဝေးအတွင်းမှာ သင်တို့အထဲက တစ်ယောက်က မှတ်စုလိုက်ရေးဖို့ မမေ့ပါနဲ့။

စကားပြောဆို ဆွေးနွေးလို့ ပြီးသွားတဲ့အခါမှာ ဘာတွေ ပြောဆိုခဲ့ကြတယ် ဆိုတာကို ပြန်အကျဉ်းချုံးပြောပါ။ အနာဂတ်မှာ သင်တို့ ဘယ်လို အဆက်အသွယ် မပြတ်အောင် လုပ်ဆောင်ကြမယ်ဆိုတာ ပြင်ဆင်ပါ။

ပြဿနာပြေလည်သွားဖို့ အတွက် မဖြေရှင်းပေးခဲ့တဲ့ မေးခွန်းတွေ ကို ပြန်မေးဖို့ မှတ်စု သို့မဟုတ် စာပို့ပြီး ဆက်လက် ပြောဆိုပါ။

## အများပြည်သူနှင့်တွေ့ ဆုံပွဲ များတွင် မေးရန် မေးခွန်းများ




အေဒီဘီ သို့ မဟုတ် ကုမ္ပဏီ နဲ့ အစိုးရ ကိုယ်စားလှယ် တွေ က သင်ရဲ့ လူထုအသိုင်းအဝိုင်း ကြား ထဲကို လာပြီး **ဆွေးနွေးတိုင်ပင်မှုတွေ** လုပ်တဲ့ အခါ မှာ ဘယ်လို မေးခွန်းတွေကို မေးသင့်သလဲ၊

၁ ပထမ ဆုံးအနေနဲ့ မေးရမှာက ဒီစီမံကိန်းကို လုပ်ဖို့ ဆုံးဖြတ်ချက် ချတဲ့ အပိုင်း ဖြစ်ပါတယ်။ ဥပမာ - ရေနံ ပိုက်လိုင်း စီမံကိန်း( သို့ မဟုတ် မည်သည့် စီမံကိန်းဖြစ်စေ) က ဒီဒေသမှာ လိုအပ်တယ်လို့ဘယ်လို ဆုံးဖြတ်ချက် ချခဲ့တာလဲ။ တခြား နည်းလမ်းတွေကိုရော စဉ်းစားခဲ့ရဲ့ လား။

၂ နောက်မေးမယ့် မေးခွန်းတိုင်းကို ဒီလို အစပြု နိုင်ပါတယ်။ "တကယ်လို့ ဒီစီမံကိန်းကို ဆက်လုပ်ဖြစ်ရင်..." ဥပမာ - တကယ်လို့ ဒီစီမံကိန်းကို ဆက်လုပ်ဖြစ်ရင် ကျွန်တော်တို့ ရွာကလေးကို ဘယ်လို အကျိုးသက်ရောက်မှာလဲ။ တကယ်လို့ ဒီစီမံကိန်းကို ဆက်လုပ်ဖြစ်ရင် ကျွန်တော်တို့ ဘယ်နားမှာ သွားနေရမှာလဲ။ တကယ်လို့ ဒီစီမံကိန်းကို ဆက်လုပ်ဖြစ်ရင် ဆုံးသွားတဲ့ မြေတွေ လူနေမှု ဘဝတွေ အတွက် ဘယ်လို **လျော်ကြေးပေး**မှာလဲ။

**ဖွံ့ ဖြိုးရေး**စီမံကိန်း တွေ ကို ရှောင်လွဲလို့ မရဘူးလို့ အမြဲ တွေးထင် မထားအောင် အခုလို မေးခွန်းမျိုးတွေ က ပြသနေပါတယ်။

၃ မေးခွန်းထုတ်နေတဲ့ တပြိုင်တည်း မှာပဲ သင်ရဲ့ အခွင့်အရေးကို အတွက် ခိုင်ခိုင်မာမာတင်ပြပါ။

စီမံကိန်း အစီအစဉ် အစကတည်းက ကျွန်တော့်တို့ အနေနဲ့ လည်း ဆွေးနွေးတိုင်ပင်ဖို့ အခွင့်အရေး ရှိတယ်။ စီမံကိန်းက အကောင်အထည်ဖော်ဖို့ အားလုံးအသင့်နီးပါး ဖြစ်နေသလိုပဲ။အခုမှ ဘာဖြစ်လို့ ဒီစီမံကိန်း အကြောင်းကို ကျွန်တော်တို့ သိရတာလဲ။

ဒါမှမဟုတ်

အေဒီဘီ အနေနဲ့ နေရာရွှေ့ပြောင်းရမှု တွေမဖြစ်အောင် ဒါမှမဟုတ် အနည်းဆုံးဖြစ်အောင် လုပ်ဖို့ လိုတယ်လို့ ကျွန်တော်တို့ သိထားတယ်။ ကျွန်တော်တို့ **ရွှေ့ပြောင်းခံရမှု** အနည်းဆုံးဖြစ်အောင် လုပ်ဖို့ ဒီစီမံကိန်း ထဲမှာ တခြား နည်းလမ်းလုံးဝ မရှိတော့ဘူးဆိုတာ ခင်ဗျားကျွန်တော်တို့ကို သက်သေပြနိုင်လား။

သို့ မဟုတ်

အေဒီဘီ အနေနဲ့ ထိခိုက်ခံရတဲ့ လူတွေကို **ပိုပြီးဆင်းရဲသွားအောင်** မလုပ်ဖို့ လိုပြီး ကျွန်တော်တို့ ရဲ့ လူနေမှု ဘဝ အဆင့်အတန်းကိုလည်း မြှင့်တင်ပေးရမယ်လို့ ကျွန်တော်တို့ သိထားတယ်။ အဲဒါတွေ ဖြစ်ဖို့ ခင်ဗျားဘယ်လို အာမခံ မှာလဲ။

မေးခွန်းတွေရဲ့ ရည်ရွယ်ချက် ကတော့ အခွင့်အရေး နဲ့ ဒီလမ်းညွှန်ထဲမှာ ဆွေးနွေးခဲ့တဲ့ လိုအပ်ချက်တွေ ကို အထူးအလေးပြု မိစေဖို့ ပါပဲ။ ပြီးတော့ တစုတစည်းတည်းနဲ့ အင်အားကောင်းတဲ့ ဒေသခံလူထုရဲ့အသံ ကို ဖော်ဆောင် နိုင်ဖို့ ပါပဲ။ အဲဒီအသံက ပြောနေမှာကတော့ "ကျွန်တော်တို့ လူထုအဖွဲ့အစည်းက ကျွန်တော်တို့ရဲ့ ဒေသအတွက် တိုက်ခိုက်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပုံစံကျအောင် လုပ်ဖို့ အသင့်ရှိနေတယ်" လို့ ဖြစ်တယ်။

၄ မီဒီယာအနေနဲ့ ရော ရှေ့ နေတွေနဲ့ စကားပြောတဲ့ အခါ အသုံးတည့်တဲ့ မေးခွန်း တချို့ ကို မေးမြန်း ပါ။ ဥပမာ - တကယ်လို့ ဒီစီမံကိန်းကို ဆက်လုပ်ရင် လူဘယ်လောက်များ ရွှေ့ပြောင်းခံကြရမှာလဲ။ အဲဒါဆိုရင် ကျွန်တော်တို့ ကရော ရွှေ့ပြောင်းနေကြမှာလား။ နေရာသစ်၊ရွာသစ် ပေးမယ့် နေရာက ဘယ်မှာလဲ။ ကြည့်လို့ ရမှာလား။ ဆုံးရှုံးသွားတဲ့မြေယာတွေ အတွက် မြေယာအသစ် အစားပြန်ပေး မှာလား။ မြေဧက ဘယ်လောက် ပေးမှာလဲ။ အဲဒီမြေတွေကရော မြေဆီမြေနှစ်ကောင်းလား၊ဆိုးလား။ အဲဒီမြေတွေကို ပိုင်ဆိုင်ခွင့်ရှိမှာလား။ နေရာသစ်ကို ပြောင်းနေကြရမယ်ဆိုရင် ဘယ်လို အစားအသောက် မျိုးတွေကို ခင်ဗျားတို့ က ထောက်ပံ့မှာလဲ။ ကျွန်တော်တို့ အတွက် ဘယ်လို စားဝတ်နေရေး အစီအစဉ်ကို ခင်ဗျားတို့ လုပ်ပေးနိုင်မှာလဲ ။

နောက်ထပ် မေးခွန်းများအတွက် နောက်ဆက်တွဲ (ခ) ၊စာမျက်နှာ (၁၆၁) ကို ကြည့်ပါ။

# လေ့ကျင့်ခန်း



## ဇာတ်တိုက်ခြင်း

**ရည်ရွယ်ချက်။** ဒေသခံ တွေအပေါ် အကျိုးသက်ရောက်လာမယ့် စီမံကိန်း တခုနဲ့ ပက်သက်လို့ ဆွေးနွေးအကြံပေးတာတွေ လုပ်တဲ့အခါမှာ စကားပြောရန်အတွက် ပြင်ဆင်ဖို့ပါ။ တကယ့်လက်ရှိ ဘဝထဲက အခြေအနေတခုကို ကြိုတင်ပြင်ဆင်တဲ့ အနေနဲ့ အဲဒီအခြေအနေအတိုင်းအရင် လုပ်ကြည့် တာကို သရုပ်ဆောင်ဇာတ်တိုက် တယ်လို့ ခေါ်တာပါ။ လူထုကြားမှာ စကားပြောတဲ့အခါ၊ တာဝန်ရှိသူ တွေနဲ့ ရင်ဆိုင်ရတဲ့အခါ ဒါမှ မဟုတ် စိုးရိမ်ကြောက်လန့်စရာ အခြေအနေတခုကို ရင်ဆိုင်ရတဲ့အခါ မှာ ဇာတ်တိုက်သရုပ်ဆောင်ခြင်းဟာ အဲဒီလို အခြေအနေတွေကို ရင်ဆိုင်ဖို့ပြင်ဆင်ဖို့ အင်အားကောင်းတဲ့ နည်းလမ်းတခုပါပဲ။

**အချိန်။** သင့်ရဲ့ လူအုပ်စုအပေါ် မူတည်လို့ ဒီလေ့ကျင့်ခန်းက အချိန် ၁ နာရီကနေ ၂ နာရီ ကြာနိုင်ပါတယ်။

**အသုံးပြုမယ့် ပစ္စည်းများ။** စိတ်ကူးပုံဖော်မှု ၊ ဦးထုပ်၊လည်စည်း၊အပေါ်ဝတ်အကျီ စသဖြင့် မတူသည့် ဇာတ်ကောင်များကို ကိုယ်စားပြုသည့် အဝတ်အစား အချို့၊




၁ သင်တန်းသားတွေကို အခုလုပ်မယ့်လေ့ကျင့်ခန်းရဲ့ ရည်ရွယ်ချက်ကို ပြောပြပါ။ လူကြားထဲ စကား ပြောရမှာကို ကြောက်တဲ့သူရှိလား၊ အာဏာပိုင်တွေကို ခက်ခဲတဲ့ မေးခွန်းတွေ မေးဖို့ စိုးရိမ်နေလား စတဲ့ မေးခွန်း တွေကို သင်တန်းသားတွေကို မေးနိုင်ပြီး လူတိုင်းလည်း အဲဒီလို စိုးရိမ်စိတ် ရှိတတ်ကြကြောင်း ပြောပြပါ။ သရုပ်ဆောင် ဇာတ်တိုက် လေ့ကျင့်ခန်းဟာ အဲဒီလို ကြောက်ရွံ့ စိုးရိမ်စိတ်တွေကို နည်းသွား အောင် လုပ်တာဖြစ်ပြီး ၊ တဖက်ကလည်း အဲဒီ အရည်အသွေးတွေ ကို လေ့ကျင့်ပေးတာဖြစ်ပါတယ်။

၂ လူတစ်ယောက်ရွေးပါ(သင်တန်းဆရာ ကိုယ်တိုင်ဖြစ်စေ) အေဒီဘီ မှ တာဝန် ရှိသူ တယောက် ကဲ့သို့ ဝတ်စားဆင်ပါ။ ထိုတာဝန်ရှိသူမှ မိမိတို့ အေဒီဘီ အနေဖြင့် အီရပ်ရွာဒေသ အပါအဝင် ဒေသ တခုလုံး၊တနိုင်ငံလုံး အားလုံး ကောင်းစားရေးအတွက် စီမံကိန်း တခုကို မကြာခင် စတင် တော့မည် ဖြစ်ကြောင်း၊ ရွာသူရွာသားများ သိလိုသည်များကို မေးမြန်းနိုင်ပြီး ၄င်းတို့ စိုးရိမ်ပူပန်နေမှု များကိုလည်း ထုတ်ဖော်ပြောနိုင်ကြောင်း ကြေငြာလိုက်ပါ။ ဥပမာ အေဒီဘီ မှ ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံ ကြီး တခုကို တည်ဆောက်မည် ဖြစ်ပြီး ယခု နေရာမှာလည်း စက်ရုံဆောက်ရန် အသင့်တော်ဆုံး နေရာဖြစ်သဖြင့် ယခုရွာရှိ လူတိုင်းအပါအဝင် အနီးအနားဝန်းကျင်ရှိ အခြားရွာ သုံးရွာပါ ပြောင်းပေး ရမည် ဖြစ်ကြောင်း ပြောပါ။

၃ အုပ်စုငယ်လေးများ ခွဲလိုက်ပြီး အုပ်စုတအုပ်စုချင်းမှနေပြီးတော့ မေးမည့် မေးခွန်းများကို ဆွေးနွေး ပါ။ တအုပ်စုချင်း အလိုက် သင်တန်းသားတယောက်မှ တာဝန်ရှိသူအဖြစ် သရုပ်ဆောင်ပြီး ကျန်သူများ က မေးခွန်းများကို မေးနိုင်သည်။ ထိုကဲ့သို့လေ့ကျင့်ခန်းဖြင့် ရှင်းလင်းပြတ်သားသော တောင်းဆိုမှု များ ပါသည့် မေးခွန်းမျိုးထွက် လာစေရန် အလွန်တရာ မှပင် အထောက်အကူပြုသည်။ ကိုယ်ရဲ့ ဒေသခံ လူထု က အဓိက လိုအပ်ချက်က ဘာတွေလဲ။ ပြဿနာကို ပြန်အစဖော်ခြင်းထက် (ဥပမာ - ကျောက်မီးသွေး စက်ရုံအသစ် တည်တာ) ကိုယ်ရဲ့ တောင်းဆိုမှု (ဥပမာ - အရှည်တည်တံ့ တဲ့၊ ကျန်းမာ တဲ့လူနေမှုဘဝ မျိုး) အပေါ် မူတည်ပြီး မေးမယ့် မေးခွန်းကိုပဲ အဓိက အာရုံစိုက် ဖို့ ။ အဲဒီလို လေ့ကျင့် ခန်းကို အကြိမ်ကြိမ် ထပ်လေ့ကျင့်ပြီး မေးမယ့် မေးခွန်းတွေ နဲ့ တင်ပြမှု အပေါ်မှာ တတ်နိုင်သမျှ ရှင်းရှင်းလင်းလင်းဖြစ်ဖို့ နဲ့ တိုက်ရိုက် ဖြစ်အောင် အုပ်စုထဲမှာပါတဲ့ တခြားသူတွေရဲ့ အကြံဉာဏ် ကို လည်း ရယူပါ။

၄ အုပ်စုလေးတွေကို ပြန်စုလိုက်ပြီး အေဒီဘီနဲ့ တရားဝင် ဆွေးနွေးညှိနှိုင်း တဲ့ အစည်းအဝေး တခု သကဲ့သို့ အနေအထားကို ပြင်လိုက်ပါ။ တာဝန်ရှိသူ နေရာတွင် သရုပ်ဆောင်သူမှ ထိပ်တွင် ထွက်ရပ် လိုက်ပြီး ကျန်သူများမှ မတ်တပ်ရပ်ပြီး မေးခွန်းများကို တစ်ယောက်ချင်း ထပြီး မေးပါ။ မေးမြန်းရာတွင် တတ်နိုင်သမျှ အသံ ကြည်ကြည် လင်လင် နဲ့အားအင်အပြည့်နဲ့မေးပါ။ "တာဝန်ရှိသူ" အဖြစ် သရုပ်ဆောင် သူ ကလည်း တကယ့် တာဝန်ရှိသူတယောက်ဖြေကြားသကဲ့ သို့အမူအယာဖြင့် ပြန်ဖြေပါ။ ထိုမှ တဆင့် ပြန်လှန် ဆွေးနွေးမှု သော်လည်းကောင်း၊ ငြင်းခုံမှု သော်လည်းကောင်း၊ ဒါမှ မဟုတ် အဖြေကို အသာတကြည် လက်ခံ လိုက်တာမျိုးလည်း ဖြစ်နိုင်ပြီး နောက်တဦးက မေးမြန်းဖို့ ပြင်ဆင်ပါ။

၅ လူတိုင်း တကြိမ်နှစ်ကြိမ် ခန့် မေးမြန်းပြီး ပြီ ဆိုပါက လေ့ကျင့်ခန်းကို ရပ်လိုက်ပြီး သင်တန်းသား တယောက်ချင်း အနေဖြင့် ထိုလေ့ကျင့်ခန်းမှ မည်သည့် အပိုင်းက ခက်သည် ၊ မည်သည်က လွယ်သည် ကို တွေ့ရကြောင်း အချင်းချင်းကြားတွင် ဆွေးနွေးပါ။ ထို့ နောက် တာဝန်ရှိသူများ နှင့် ရင်ဆိုင် တွေ့ ဆုံရာတွင် တယောက်ချင်း အနေဖြင့် မိမိတို့ စိတ်ထဲတွင် အင်အားများ ရှိနေသည်ကို မည်သို့ တွေ့ ရှိ ခံစားရ သလဲ နှင့် **အပျက်သဘောဆောင်သည့် ဖွံ့ ဖြိုးရေး** လုပ်ငန်းများကြောင့် ဖြစ်လာသည့် ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းကို တောင်းဆိုရာတွင်လည်း မည်ကဲ့သို့ အင်အားများ ရှိလာသည် ကို ဆွေးနွေးပါ။ တကယ့် အစည်းအဝေး ချိန်ခါမှာ ကိုယ်ပြောချင်သမျှ အရာ အားလုံးကို မှတ်စု စာအုပ်နဲ့ တိတိကျကျ ရေးသားထားပါ။

## လူထုအခြေပြု သုတေသန လုပ်ငန်းများကို လုပ်ဆောင်ပါ

အောင်မြင်တဲ့ လူထုထောက်ခံမှု ရဖို့ လှုပ်ရှားမှု တွေမှာ ဒေသခံလူထု တွေ ပါဝင်ဆောင်ရွက်ဖို့ အထောက်အပံ့ဖြစ်မယ့် သတင်းအချက်အလက် တွေကို ဒေသခံလူထုတွေ ကိုယ်တိုင်က သုတေသန သမား တစ်ဦးအဖြစ် ပါဝင်ပြီး စုဆောင်းခြင်းဖြင့်လူထု အခြေပြုသုတေသန လုပ်ငန်း ဖြစ်လာပါတယ်။

အရေးကြီးတဲ့ သုတေသန တွေကို ဒေသခံတွေရဲ့ မဟာမိတ်တွေ ဖြစ်တဲ့ **အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ**၊ ဥပဒေဆိုင်ရာ အဖွဲ့ အစည်းတွေက လုပ်နိုင်ကြပါတယ်။ ဒါပေမယ့် ဒေသခံတွေ တသက်လုံးသိရှိ စုဆောင်းလာခဲ့တဲ့ အချက် အလက်နဲ့ အသိပညာဏ်တွေကိုတော့ ဘာနဲ့ မှ အစားထိုးလို့ မရပါဘူး။ လူထုအခြေပြု သုတေသန လုပ်ငန်းကို အောက်ပါ အချက်တွေကို သိနိုင်ဖို့ လုပ်နိုင်ပါတယ်။




- ↳ စီမံကိန်းကြောင့် ဖြစ်လာမယ့် နောက်ဆက်တွဲ ထိခိုက်နိုင်မှု တွေနဲ့ အကျိုးအမြတ်တွေ
- ↳ ဒေသခံလူထု ရဲ့ သမိုင်းနောက်ခံ
- ↳ ဒေသခံလူထုအတွက် ရနိုင်မယ့် မဟာမိတ်တွေ၊အရင်းအမြစ်တွေ၊ အခွင့်အလမ်းတွေ




လူထုအခြေပြု သုတေသန
လုပ်ငန်းများကို လူအများပူးပေါင်းပါဝင် ဆောင်ရွက်သည့် ပုံစံမျိုးဖြင့် လုပ်လေ့ ရှိသည်။ ရပ်ရွာထဲရှိ အင်အားနှင့် အရင်းအမြစ်များကို တည်ဆောက်သကဲ့သို့ ဖြစ်ခြင်း၊ အရှည်တည်တံ့မည့် ဆက်ဆံရေးနှင့် ယုံကြည်မှု ကို ဖန်တီးပေးခြင်း၊ အရည်အချင်း နှင့် အတွေး အခေါ် များကို မြှင့်တင် ပေးခြင်း၊ လူတဦးချင်း၏ ကောင်းကွက်များနှင့် စိတ်ဝင်စားမှု တို့ ကို ဖော်ထုတ်ပေးခြင်း တို့ ကြောင့် လူထုအခြေပြု သုတေသန လုပ်ငန်းမှာ အရေးပါသည်။ တစ်နည်းအားဖြင့် လူထုအခြေပြု သုတေသနပြုလုပ်ခြင်းသည်လည်း လူထုစည်းရုံးခြင်း အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ပြဿနာများကို ဖော်ထုတ် အဖြေရှာခြင်း များလည်း ပါဝင်သည်။ အပြင်မှ အထောက်အကူပေးမှသာ ဖြေလည်နိုင်မည့် ရပ်ရွာ၏ ပြဿနာများကိုလည်း ထိုကဲ့သို့ သုတေသန လုပ်ခြင်းဖြင့် ကူညီ ဖော်ထုတ်ပေးနိုင်သည်။ ရပ်ရွာ၏ ပြင်ပမှ လူများကို ပြန်လည် မျှဝေ ရန်အတွက် မှတ်တမ်းမှတ်ရာ များကို သေချာစွာ လုပ်ထားရန် အရေးကြီးသည်။

### ဒေသခံတို့ အတွက်အကြံဉာဏ်များ - လူထု အခြေပြုသုတေသန လုပ်ငန်းတွေကို ဘယ်လိုလုပ်မလဲ

လူထုအခြေပြု သုတေသန လုပ်ငန်းကို ပရောဂျက်တခုကဲ့သို့ သီးသန့် လုပ်နိုင်သော်လည်း အကောင်းဆုံး နည်းလမ်းမှာ အဆင့်ဆင့်ခွဲပြီး လ သို့ မဟုတ် နှစ် အတန်ကြာ အချိန်ယူပြီး လုပ်ကိုင် ခြင်းပင်ဖြစ်သည်။ သတိပြုရမည့် အချက်မှာ သုတေသနလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ သတင်းအချက် အလက် စုဆောင်းရုံ သက်သက် မဟုတ်ဘဲ၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ အတွေ့ အကြုံ မျှဝေခြင်း နှင့် တကယ့် ပြဿနာ များကို ဖြေရှင်းရန် ဖြစ်သည်။

သုတေသန တွင် လူ များနိုင်သမျှ များများ ပါဝင်နိုင်ရေး အတွက် အစည်းအဝေး ခေါ်ပြီး ရပ်ရွာလူထု၏ အကျိုးစီးပွား အတွက် နိုးဆော်ပါ၊ လူထုအခြေပြုသုတေသနလုပ်ငန်း အကြောင်းနှင့် ရည်ရွယ်ချက်ကို ပြောပြပါ၊ ရွာသားတွေ ကိုယ်တိုင် သုတေသနလုပ်မယ့်နေရာကို ကိုယ်တိုင် ဆုံးဖြတ်နိုင်ကြောင်းလည်း ပြောပါ။ သုတေသန လုပ်ငန်း မျိုးစုံကို ဖောက်ချလုပ်ကိုင်မယ့် အဖွဲ့ တဖွဲ့ သို့ မဟုတ် အဖွဲ့ တွေ အများကြီး ထွက်လာအောင် ကူညီဆောင်ရွက်ပေးသူ တဦး သို့ မဟုတ် အများဖြင့် ဖြစ်စေ ရပ်ရွာထဲက လူတွေကို တတ်နိုင်သမျှ များများထွက်လာအောင် လုပ်နိုင်ပါတယ်။

လုပ်ရမယ့်သုတေသန အပိုင်းကို ရွေးချယ်ပြီးပြီ ဆိုရင် အလုပ်ကို ဘယ်လို ခွဲဝေ လုပ်မယ် ဆိုတာကို ဆုံးဖြတ်ပါ။ လူတယောက်ချင်း သို့ မဟုတ် တဖွဲ့ ချင်းစီက သုတေသနလုပ်ငန်းကို ဘယ်လို ခွဲဝေ လုပ်ကြမယ်၊ အချိန်ဘယ်လောက် ယူမယ်ဆိုတာ တွေကိုပါ ဆုံးဖြတ်ပါ။




## လေ့ကျင့်ခန်း

### လူထုအခြေပြု သုတေသန လုပ်ငန်း

စီမံကိန်းတစ်ခု လုပ်လို့ သင့်တင့်တဲ့ လျော်ကြေး ရဖို့ နဲ့ ဒေသခံလူထု ပိုင်ဆိုင်တဲ့ အရင်းအမြစ်တွေရဲ့ တန်ဖိုး ကို အစိုးရနဲ့ **စီမံကိန်း အကောင်အထည် ဖော်သူတွေ** သိအောင် တင်ပြတဲ့ နေရာမှာ မှာ ဒီ သုတေသနလုပ်ငန်းက အထောက်အပံ့ဖြစ်ပါတယ်။ နောက်ပြီးတော့ ဘယ်လိုအရင်းအမြစ်တွေကို သင် သုံးနေတာလဲ၊ ဘယ်လိုသုံးတာလဲ၊ ဒေသခံတွေရဲ့ ဘဝမှာ ဘယ်လောက် အရေးပါတန်ဖိုးရှိလဲ စတဲ့အချက် တွေကို စုဆောင်းမှတ်တမ်း တင်တဲ့ နေရာမှာလည်း အထောက်အကူ ဖြစ်ပါတယ်။ ဒေသခံတွေ ရဲ့ပိုင်ဆိုင်မှု ကို စာနဲ့ ပေနဲ့ မှတ်တမ်းတင် ထားတာ မရှိခဲ့ဘူး ဆိုရင် အခုလို သုတေသနလုပ်ငန်းက အလွန်ကိုပဲ အသုံးတည့်ပါတယ်။ နောက်ပြီးတော့ မြေယာနဲ့ တချို့ အရင်းအမြစ်တွေဟာ ဘုံဆိုင် ပစ္စည်းတွေ ၊ဒေသပိုင် အရာတွေ ဖြစ်နေခဲ့ရင် လည်း ဒီသုတေသန လုပ်ငန်းက အသုံးဝင် ပါတယ်။

**ရည်ရွယ်ချက်။** စီမံကိန်း အား ရပ်တန့် သွားရန် အသုံးပြုနိုင်မည့် သတင်းအချက်အလက်များ စုဆည်းရန်၊ လူထုရဲ့ အကျိုးစီးပွားအားပို မို ခိုင်မာစေရန်၊ **လူ့အခွင့်အရေး**ကို မြှင့်တင်ရန် နှင့် ဒေသခံ လူထု ဦးဆောင်ပါဝင်တဲ့ ဖွံ့ဖြိုးမှု လုပ်ငန်းကို အားပေးရန်။ ဒီလုပ်ငန်းက ပုံစံ မျိုးစုံနဲ့ ဖြစ်နိုင်ပါတယ်။ ဒေသခံ တွေ မှီခိုနေရတဲ့သဘာဝရင်းမြစ်တွေ ရဲ့ မှတ်တမ်းကို ရယူတာ၊အစားအသောက်တွေကို ဘယ်နေရာတွေကနေ ဘယ်လို စိုက်ပျိုး စုဆောင်း သလဲ ဆိုတဲ့ အချက်တွေ၊ သက်ကြီးဝါကြီး တွေဆီကနေ ဒေသနဲ့ ပက်သက်တဲ့ အဖြစ်အပျက်ဟောင်း ဇာတ်လမ်း တွေကို စုစည်းတာ၊ အေဒီ ဘီ စီမံကိန်းကြောင့် ပျက်စီးသွားနိုင်တဲ့ အထွတ်အမြတ်ထားတဲ့ နေရာတွေကို မြေပုံနဲ့ မှတ်တမ်းတင်တာ၊ စသဖြင့် ပါ။



**ပေးထားချိန်။** တခြားလေ့ကျင့်ခန်းတွေနဲ့ မတူတာက ဒီဟာက တောက်လျှောက်လုပ်သွားရမယ့် လုပ်ငန်းမျိုးဖြစ်ပြီး ပြီးဖို့ ဆိုရင် ရက်တွေ လတွေ နှစ်တွေ အထိ ကြာသွားနိုင်ပါတယ်။ သုတေသနကို ဘယ်လို လုပ်သလဲ ဆိုတဲ့ အပေါ် လည်း မူတည်ပါသေးတယ်။

## ယခင်စာမျက်နှာရှိ လေ့ကျင့်ခန်းမှ အဆက်

၁ ကိုယ့်ရဲ့ လေ့လာ တွေ့ ရှိချက်တွေကို ဘယ်သူတွေကို ဘယ်လောက်အထိ ပြဖို့ ဆိုတာကို စဉ်းစားပါ။ အစိုးရ တာဝန်ရှိသူတွေကိုလား၊ အစိုးရ ရုံးတွေကိုလား၊ အေဒီဘီ ဝန်ထမ်းတွေနဲ့ အမှုဆောင် အဖွဲ့ ကိုလား၊ မီဒီယာ ကိုလား။ အဲဒါကို တိတိကျကျ ဖြစ်အောင် တတ်နိုင်သမျှ ကြိုးစားပါ။ ရပ်ရွာလူထု ရဲ့ ရည်မှန်းချက်တွေ ပေါက်မြောက် အောင်မြင်အောင်လို့ဘယ်လိုလူတွေက အရေးတယူ ဆောင်ရွက် နိုင်တယ် ဆိုတာကို စဉ်းစားပါ။ ဘယ်လို သတင်းအချက်အလက်တွေက သူတို့ ကိုယ့်ကို ထောက်ခံ လာအောင် တိုက်တွန်း နိုင်မလဲ ဆိုတာနဲ့ အဲဒီသတင်းအချက်အလက် တွေကို သူတို့ လက်ခံချင်ဖွယ် ဖြစ်အောင် ဘယ်လို တင်ပြမလဲ ဆိုတာကိုလည်း စဉ်းစားပါ။

၂ သုတေသန ထဲမှာ ပါဝင်လုပ်ကိုင်ချင်တဲ့သူအားလုံးနဲ့ အစည်းအဝေး လုပ်ပါ။ တတ်နိုင်သမျှ ထိခိုက်ခံရတဲ့ ဒေသခံတွေ အားလုံးက လူတွေ ကို ပါဝင်ဖို့ ဖိတ်ခေါ်ပါ။ စီမံကိန်းကို ရပ်တန့် သွားအောင် ဒါမှ မဟုတ် ထိခိုက်မှု နည်းနိုင်သမျှ နည်းအောင်နဲ့ အကျိုးခံစားမှု ပိုထွက်လာအောင် ဘယ်လို သတင်း အချက်အလက်တွေက အထောက်အကူ ဖြစ်မယ် ဆိုတာကို ဆွေးနွေးပါ။ ဥပမာ - စီမံကိန်းက မစရ သေးဘူး ဆိုရင် စီမံကိန်းက အရမ်း အန္တရာယ် များလွန်းတယ် ဆိုတာကို ပြဖို့ ဘယ်လို သတင်းအချက် အလက် တွေ လိုအပ်မှာလဲ။ စီမံကိန်းက လုပ်နေပြီ ဆိုရင် ထိုက်သင့်မျှတတဲ့ လျော်ကြေး ကို တောင်းဆိုဖို့ ဘယ်လို သတင်းအချက်အလက်တွေကို သုံးနိုင်မလဲ။ တကယ်လို့ **ရွှေ့ပြောင်းနေထိုင်**ကြ ရ တော့မယ် ဆိုရင် **နေရာပြန်ချပေး**ထားတဲ့ နေရာက ကိုယ့်ရပ်ရွာဒေသမှာ ရနိုင်တဲ့ အရင်းအမြစ်တွေနဲ့ အလားတူ ရှိနိုင်မယ့် နေရာသစ် ဖြစ်ဖို့ဘယ်လို သတင်းအချက်အလက် တွေက အထောက်အကူ ဖြစ်မှာလဲ။

၃ အချင်းချင်း တိုင်ပင် ဆွေးနွေးပါ။ ကိုယ်တွေ မှီခို နေရတဲ့အရင်းအမြစ် တွေ အားလုံး အကြောင်းကို ဆွေးနွေး ပြီးတော့ စီမံကိန်း ကြောင့် အဲဒါတွေ ဘယ်လို ထိခိုက်နိုင်သလဲ ဆိုတာကိုလည်း ဆွေးနွေးပါ။ ရပ်ရွာက ပိုင်ဆိုင်တဲ့ တန်ဖိုးရှိ ရင်းမြစ်ပစ္စည်းတွေ ကို အခွင့်အရေးအခြေခံ **ဖွံ့ဖြိုးရေး** အရ ကာကွယ် မြှင့်တင်ဖို့ ဆွေးနွေးပါ။ စီမံကိန်းကို အံတုဖို့ အသုံးပြုနိုင်တဲ့ ပြည်တွင်း ဥပဒေ တွေ အကြောင်းကို ဆွေးနွေး ပါ။ အဲဒီဥပဒေ တွေက ကိုယ့်အတွက် အသုံးတည့်ဖို့ ဘာတွေ လုပ်ဖို့ လိုမလဲ ဆိုတာ နဲ့ စီမံကိန်းကို ဆက်လုပ်ဖြစ်ရင် ဒါမှမဟုတ် ဆက်မလုပ်တော့ရင် ကိုယ်တွေရဲ့ ဘဝကို ဘယ်လို နောက်ဆက်တွဲ ထိခိုက်မှု တွေ ဖြစ်နိုင်တယ် ဆိုတာ တွေကို ဆွေးနွေးပါ။

၄ သုတေသန လုပ်ဖို့ ဘယ်လို အထောက်အပံ့ တွေ လိုမလဲ ဆိုတာကို ဆွေးနွေးပါ။ သုတေသနအဖွဲ့ ကို ဘယ်သူက အကောင်းဆုံးဖြစ်အောင် ဖွဲ့ နိုင်မလဲ၊ အဖွဲ့ ထဲမှာ ရပ်ရွာ ထဲက ကျောင်းသားတွေ ဒါမှမဟုတ် ကူညီနိုင်မယ့် အနီးဝန်းကျင် တက္ကသိုလ်က ကျောင်းသားတွေ ပါလား၊ အထောက်အပံ့ ပေး မယ့် အန်ဂျီအို တွေ ရှိလား၊ သူတို့ ကို ဘယ်သူတွေက ဆက်သွယ်ပေးမှာလဲ၊

၅ ဘာတွေကို သုတေသန လုပ်မယ် ဆိုတာကို ရှင်းလင်းပြတ်သားတဲ့ အစီအစဉ် ရှိပါစေ။ ကိုယ်လုပ်မယ့် သုတေသန ထဲက တချို့ဟာတွေက လုပ်ပြီးသားလား၊ ဒါဆိုရင် အဲဒါ တွေကို စုစည်း ပြီး ကိုယ့်လုပ်မယ့် သုတေသ မှာ သုံးဖို့ သိမ်းထားပါ။ (အဆင့် ၇ ကို ကြည့်ပါ။)

၆ သုတေသန လုပ်ရန် အတွက် အဖွဲ့ ငယ် များ ထပ်ခွဲပါ။ ကိုယ်လေ့လာမယ့် အကြောင်းအရာကို ကျွမ်းကျွမ်းကျင်ကျင် သိတဲ့ သူတွေ အဖွဲ့ တွေထဲမှာ ပါသင့်ပါတယ်။ ဥပမာ - ဒေသကမှီခိုနေရတဲ့ ငါး အကြောင်းကို သိဖို့ တံငါသည် တွေက အဲဒီ သုတေသန ကို လုပ်သင့်ပါတယ်၊ ဥယာဉ်ခြံမြေ တွေကိုတော့ သီးနှံစိုက်ပျိုးသူတွေက လုပ်သင့်ပါတယ်၊ ထင်းလောင်စာ၊အစားအစာ၊နဲ့ တရိစ္ဆာန်အစား အစာ တွေကို သစ်တောထဲကနေ ရှာဖွေ သူတွေ အနေနဲ့ အဲဒါတွေနဲ့ပက်သက်တဲ့သုတေသနကို ဦးဆောင် ပါဝင်သင့်ပါတယ်။

၇ အုပ်စု တစုချင်းက ဘာတွေကို ဘယ်လိုနည်းနာတွေနဲ့ လေ့လာမလဲ ဆိုတာကို ဆုံးဖြတ်ပါ။ ဖြစ်နိုင်တဲ့ အကြံဉာဏ် တချို့ကတော့

**အရင်းအမြစ်များကို မြေပုံ ဆွဲခြင်း။** မိမိတို့ အသုံးပြုနေတဲ့ အရင်းအမြစ် တွေရဲ့ အမျိုးအစား စာရင်းကို အပြည့်အစုံ ဖြစ်အောင် လုပ်ပါ။ သူတို့ တွေရဲ့ တန်ဖိုးကိုပါ ထည့်မှတ်ပါ။ ငွေ နဲ့ ပြန်လဲ ဝယ်လို့ မရ အောင် တန်ဖိုးရှိတဲ့အရာ တွေ ပါခဲ့ရင်လည်း သူတို့ရဲ့စာရင်းပါ မှတ်ပါ။ ဥပမာ အားဖြင့် တောထဲအမဲ သားကောင်များ၊ ရေအရင်းအမြစ်၊ နေအိမ်တွေ၊ဘုရားတွေ၊ကျောင်းတွေ၊ သုသန်တွေ ဆောက်ဖို့ သုံးတဲ့ ပစ္စည်းတွေ နဲ့တခြား အရင်းအမြစ်တွေ ၊ ဒေသက အထွတ်အမြတ် တန်ဖိုးထားတဲ့ ့ နေရာ တွေနဲ့အရာဝတ္ထုတွေ ။ အရင်းအမြစ် မြေပုံဆွဲတဲ့အခါမှာ ဖြစ်နိုင်တဲ့ ခေါင်းစဉ် တချို့ ကတော့ -

*ငါးလုပ်ငန်းများ* - မြစ်ကြောင်းကို အပိုင်းလိုက် ခွဲလိုက်ပါ။ တံငါသည် တဖွဲ့ စီကို တပိုင်းစီ အလိုက် လေ့လာဖို့တာဝန်ပေးပါ။ ငါးတွေ ဖမ်းမိတိုင်း အဲဒီငါးအမျိုးအစား နမူနာကို စုပါ။ အစည်းအဝေး ပြန်ထိုင် ပြီးတော့ ငါး တကောင်ချင်း ကို ကိုယ့်ဒေသထဲမှာ ဘယ်လို ခေါ်အဝေါ် တယ် ဆိုတာကို ရှာဖွေပါ။ သူတို့ တွေ မျိုးပွားပုံ၊ နေထိုင်ပုံ၊လှုပ်ရှားသွားလာ နေထိုင်ပုံ၊ အရွယ်အစား နဲ့ အလေးချိန် တို့ ကို ဆွေးနွေးပါ။ ကင်မရာ ရှိခဲ့ရင် ဖမ်းမိတဲ့ငါး တိုင်းကို ဓာတ်ပုံ မှတ်တမ်း တင်ပါ။ ဓာတ်ပုံတွေကို စာအုပ် တအုပ်ထဲမှာ ကပ်ပြီးတော့ ငါးတကောင်ချင်း အောက်မှာ သိသမျှ အချက်အလက် တွေကို ရေးပါ။

*မြစ်နံဘေးမှ ဥယျာဉ်များ*။ ။ မြစ်ကြောင်းကို အပိုင်းလိုက် ခွဲလိုက်ပါ။ အပိုင်းတခု ခြင်း စီမှာ မြစ်နံဘေး အတိုင်း လမ်းလျှောက်သွားပြီး ဥယာဉ်ခြံတခု ချင်းကို တိုင်းတာယူပါ။ဘယ်သူတွေက ပိုင်သလဲ၊ ဘာတွေ စိုက်သလဲ၊ သီးနှံတွေကို ဘယ်လို သုံးလဲ(ဥပမာ- စားဖို့ လား၊ရောင်းဖို့ လား) စတာတွေကို မှတ်သားပါ။ တကယ်လို့ သီးနှံတွေကို ဈေးမှာ ရောင်းတယ်ဆိုရင် သူတို့ ဘယ်လောက် ရောင်းရတယ် ဆိုတာကိုပါ မှတ်ပါ။

*သစ်တောထွက်ကုန် ပစ္စည်းများ*။ ။ သစ်တောထွက်ပစ္စည်းတွေ ရှာဖွေတဲ့ နေရာတွေကို အပိုင်းလိုက် ခွဲလိုက်ပါ။ ပြီးရင် တပိုင်းစီ အလိုက် လိုက်လျှောက်ကြည့်ပြီး ဘယ်လိုပစ္စည်းတွေကို ရှာဖွေတယ်၊ အဲဒါတွေကို တခုချင်းစီ အလိုက် ဘယ်လောက် အသုံးပြုတယ် ဆိုတာကိုပါ မှတ်သားပါ။ အဲဒီ ပစ္စည်း တွေကို ဈေးမှာ ရောင်းတယ် ဆိုရင်လည်း အဲဒီကနေ ဝင်ငွေဘယ်လောက် ရတယ်ဆိုတာကို မှတ်သားပါ။ တကယ်လို့ ဘာသာရေးနဲ့ ကိုးကွယ်ယုံကြည်မှု မှာသုံးတယ်၊ လောင်စာအတွက်သုံးတယ်၊ စားဖို့ ၊အိမ်ဆောက်ဖို့ သုံးတယ် ဆိုရင်လည်း အဲဒါတွေကို မှတ်သားထားပါ။

*ရပ်ရွာက ပိုင်ဆိုင်သော တန်ဖိုးရှိ အရာများ*။ ။ထိုကဲ့သို့ သုတေသန လုပ်ငန်းတွင် နေအိမ်များ၊ အများအသုံးပြုသည့် နေရာ(ဥပမာ-ဓမ္မာရုံ) များ၊ ကိရိယာ တန်ဆာပလာများနှင့် ပိုင်ဆိုင်မှုများ စသည့် ရုပ်ဂတ္တုပစ္စည်းများ ပါဝင်သကဲ့သို့ လူမှုအရင်းအမြစ် များ ဖြစ်သော အဖွဲ့ အစည်းများ၊ အသင်းအဖွဲ့ များ၊ သတင်းအချက်အလက်ရနိုင်သည့် နေရာများ လည်း ပါဝင်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် လူထုက မှီခို အားထားနေရသော ရုပ်ဝတ္ထု နှင့် ယဉ်ကျေးမှု ဆိုင်ရာ အရင်းအမြစ်များကို အရာများကို မှတ်တမ်းဖြစ်ပေါ်စေပြီး အေဒီဘီ ၏ စီမံကိန်းများကို အံတု ရာတွင် အသုံးဝင်နိုင်သည်။



**မူဝါဒများကို မြေပုံဆွဲခြင်းနှင့် ဘေးကင်းလုံခြုံရေး အစီအမံများကို သုတေသန လုပ်ခြင်း**

ထိုသုတေသနမှ အေဒီဘီ၏ **ဘေးကင်းလုံခြုံရေးမူဝါဒများ** နှင့် ပြည်တွင်းဥပဒေ များ အပေါ် နားလည်မှု ကို တိုးစေပြီး မူဝါဒများ အကြား လွတ်ဟာနေသော အချက်များနှင့် ၄င်းတို့ကို လက်တွေ့ အကောင် အထည် ဖော် သည့် နည်းလမ်းများကို သိရှိနားလည်စေသည်။

ပထမဦးစွာ ဘေးကင်းလုံခြုံရေးမူဝါဒ များကိုလေ့လာပါ။ ထို့ နောက် ထိုမူဝါဒများကို လက်တွေ့ အကောင်အထည် ဖော်ခြင်း ရှိမရှိ ကိုသိရှိရန် အတွက် အင်တာဗျူး မေးခွန်းအချို့ကို ပြင်ဆင်ပါ။ စီမံကိန်း ကြောင့် ထိခိုက်ခဲ့ရသည့် ဒေသခံလူတချို့ကို ရွေးချယ်ပြီး မေးခွန်းများ မေးပါ။ စံအဖြစ် သုံးနိုင်မည့် လေ့လာဆန်းစစ်မှု ပုံစံစာရွက် ကို ပြုလုပ်ပြီး လူတိုင်းကို မေးခွန်းတပုံစံတည်း မေးပါ။ ထိုသို့ လုပ်ခြင်းဖြင့် ဒေသအတွင်း မည်သည့်အရာများ ဖြစ်ပျက်နေကြောင်းကို ဖော်ပြမည့် အကြောင်းအရာ အဖြစ်အပျက် တခုကို ထို အဖြေများမှ ရရှိမည် ဖြစ်သည်။ နောင်တွင် ဘေးအန္တရာယ် မဖြစ်စေရန် အတွက် အင်တာဗျူး ဖြေသည့် လူများ၏ အမည်ကို ၄င်းတို့ဆန္ဒရှိပါက ထုတ်ဖော်မပြော ပါနှင့် ။

ဘေးကင်းလုံခြုံရေးအစီအမံ တခုချင်းနဲ့ ပက်သက်ပြီး မေးခွန်းတွေကို အခုလို စီစဉ်နိုင်ပါတယ်။

**စီမံကိန်းက သဘောဂပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံရေးမူဝါဒနဲ့ ကိုက်ညီလားဆိုတာကို သိဖို့ -** ရေအရင်းအမြစ်တွေ၊ သစ်ပင်တွေ၊ မြေဆီလွှာနဲ့ ငါးလုပ်ငန်းတွေကို ထိခိုက်မှု ရှိခဲ့လား။ လေထု ညစ်ညမ်းမှု ရော ရှိလား။

**စီမံကိန်း က ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ဘေးကင်းလုံခြုံရေး မူဝါဒနဲ့ ကိုက်ညီသလား ဆိုတာ သိဖို့ -** လူတွေကို နေရာ **ရွှေ့ပြောင်းမှု** လုပ်လား၊ သူတို့ ရဲ့ စားဝတ်နေရေး တွေကို ထိခိုက်မှုရှိလား၊ သူတို့ ပို ဆင်းရဲသွားကြလား၊ အဲဒါဆိုရင် လျော်ကြေးပေးတာတွေ ရှိလား၊ လူတွေကရော ရွေ့ ပေးဖို့ သဘောတူခဲ့ ရဲ့ လား။

**စီမံကိန်းက ဌာနေတိုင်းရင်းသားစု တွေ အတွက် ဘေးကင်းလုံခြုံရေးမူဝါဒ နဲ့ ကိုက်ညီသလား သိဖို့ -** ယဉ်ကျေးမှု အမွေအနှစ် နေရာတွေကို နှောင့်ယှက်ခံရလား၊ ဒါမှမဟုတ် ထုံးတမ်းစဉ်လာ တခုခုကို ထပ်မတွေ့ ရအောင် ပျောက်သွားပြီလား၊ **ဌာနေတိုင်းရင်းသား** တွေကို ဦးတည်ထားပြီး (ထိခိုက်ဖို့ ) လုပ်ကိုင်တာတွေ ရှိလား၊ လူမျိုးစုတွေကရော သဘောတူညီမှု ပေးခဲ့ရဲ့ လား။

## ယခင်စာမျက်နှာရှိ လေ့ကျင့်ခန်းမှ အဆက်

**စီမံကိန်းက အဒေဘီရဲ့ လူထုဆက်ဆံရေးမူဝါဒ တွေ နဲ့ ကိုက်ညီလား သိရအောင် -** လူထုအနေနဲ့ စီမံကိန်းနဲ့ ပက်သက်လို့သတင်းအချက်အလက် တွေ ရ ခဲ့ရဲ့ လား။ ဘယ်နေရာက နေ ရတာလဲ။ ဘယ်လို သတင်းအချက်အလက် မျိုးတွေလဲ။ စီမံကိန်း အကောင်အထည် ဖော်သူတွေ လုပ်တဲ့ အစည်းအဝေးတွေ သင်တန်းတွေကို လူတွေ တက်ခဲ့ဖူးလား၊ စီမံကိန်း အကောင်အထည် ဖော်သူတွေက ထိခိုက်ခံခဲ့ရတဲ့လူတွေရဲ့ စကားကို နားထောင်ခဲ့ရဲ့ လား။ လူထုကရော ဘေးကင်းလုံခြုံ ရေး မူဝါဒ တွေ ကို ကြားဖူးခဲ့ရဲ့ လား။

၈ သင်ရဲ့ တွေ့ ရှိချက် တွေကို မှတ်တမ်းတင်ထားပါ။ ဓာတ်ပုံ၊ဗီဒီယို၊ စာရဲ့ ရေးမှတ်ထားတာ၊ ပုံဆွဲပြီး မှတ်ထားတာ၊ မြေပုံ နှင့် တခြား မှတ်သားလို့ ရနိုင်တဲ့ နည်းလမ်း တွေကို ကိုယ်တွေ့ ရှိခဲ့သမျှကို တင်ပြဖို့ အနေနဲ့သုံးပါ ။စီမံကိန်းကို လွှမ်းမိုးဖို့လေ့လာခဲ့သမျှထဲက ဘယ်နည်းလမ်းကအကောင်းဆုံး ဖြစ်မလဲ ဆိုတာကို ဆွေးနွေးပါ။



### အဖြစ်အပျက် သာဓက ။ ကမ်ဘောဒီးယား နိုင်ငံတွင် ရွှေ့ ပြောင်း နေထိုင် ခဲ့ကြရသော ဒေသခံလူထုများမှ အေဒီဘီထံမှ တရားမျှတမှု အတွက် တိုက်ပွဲဝင်



၁၉၇၀ ကာလ စစ်ပွဲများ အတွင်းက ထိခိုက် ပျက်စီးခဲ့သော ဟောင်းနွမ်းနေသည့် မီးရထားလမ်း ကွန်ယက် တခု ကမ်ဘောဒီးယား နိုင်ငံတွင် ရှိသည်။ စစ်ပွဲပြီးနောက် ရထားလမ်းတလျှောက် လူများက အိုးအိမ် နှင့် စီးပွားရေး လုပ်ငန်းများကို ထူထောင် လုပ်ကိုင်ခဲ့ကြသည်။ နေရာတခုတွင် ဆိုလျှင် လူများက

ဂါးဖြင့်ပြုလုပ်ထားသောကိုယ်ထည် တွင် အင်ဂျင် တပ်ပြီး ကုန်ပစ္စည်းများကို ရထားလမ်းတလျှာက် သယ်ပို့ ခဲ့ကြ သည်။ မီးရထား တလျှောက်တွင် လူအများ နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ကြသည်။ ၂၀၀၆ ခုနှစ်တွင် ထိုအခြေ အနေမှာ ပြောင်းလဲသွားခဲ့သည်။ အေဒီဘီ နှင့် ဩစတေးလျ နိုင်ငံမှ အပြည်ပြည်ဆိုင်ရာဖွံ့ ဖြိုးတိုးတက်ရေး အဖွဲ့ မှ မီးရထား လမ်းကို ပြန်လည် ပြုပြင် ရန် အတွက် ချေးငွေ ပေးခဲ့သည်။ ထိုစီမံကိန်းမှာ နိုင်ငံအတွက် ကောင်းမွန်သည့် စီမံကိန်း တခု ဖြစ်ပြီး လူအများစုမှာလည်း မီးရထား လမ်းကို ပြန်အသုံးပြု နိုင်တော့မည် ဖြစ် သည့် အတွက် ဝမ်းသာခဲ့ကြသည်။

သို့ သော်လည်း မီးရထားလမ်း တလျှောက် နေထိုင်သည့် မိသားစုပေါင်း လေးထောင်ကျော်ခန့် ကို စီမံကိန်း အရ ပြောင်းရွှေ့ရန် လိုအပ်လာခဲ့သည်။ လူအများစုမှာ ပြောင်းရွှေ့ ရမည့် အကြောင်းကို မသိခဲ့ သလို ပြောင်းရွှေ့ မည့်အရေးအတွက် အစီအစဉ် ဆွဲရာတွင်လည်း ပါဝင်ခွင့် တစုံတရာ မရခဲ့ကြပေ။ မိသားစု ပေါင်းများစွာ ရွှေ့ ပြောင်းခဲ့ကြပြီး အလွန်နည်းပါးသော လျော်ကြေးငွေသာ ရရှိခဲ့ကြသည်။ နေရာသစ် တွင် သုံးစွဲစရာ ရေမရှိ သကဲ့သို့ လျှပ်စစ်မီး လည်း မရှိပေ။ လူများမှာ ၎င်းတို့ ၏ ကျောင်း များ၊အလုပ်များ မှ ဝေးရာသို့ ပြောင်းရွှေ့ ခံခဲ့ကြရသည်။ မိသားစုပေါင်း များစွာ **ပိုမိုဆင်းရဲ မွဲတေ** သွားစေ သည်။

ကောင်းမွန် သည့် စီမံကိန်း တခု ဖြစ်နိုင်သော်လည်း လုပ်ဆောင်ပုံကြောင့် ဆိုးရွားသည့် စီမံကိန်း တခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။ မီးရထားလမ်း ပြန်လည်ပြုပြင်ရေး စီမံကိန်းကြောင့် ထိခိုက်ခံခဲ့ရသည့် မိသားစုများ က ၎င်းတို့ ကို ဆင်းရဲတွင်း ထဲသို့ပို့ခံခဲ့ရသည် မှာ မျှတမှု မရှိကြောင်း းပြောကြသည်။ အေဒီဘီ နှင့် ကမ်ဘောဒီးယား အစိုးရ အနေဖြင့် ၎င်းတို့ ဘဝများ ပြန်လည် တည်ထောင်ရန်အပြည့် အဝ ကူညီသင့်ကြောင်း မိသားစု များက ယုံကြည်ခဲ့ကြသည်။

ထိုအခြေအနေကို တုံ့ပြန်ရန် အတွက် တရားမျှတမှုကို တောင်းဆိုရန် "ဘက်မလိုက်သော ကမ်ဘောဒီးယား" ဟု ခေါ်သည့် ဒေသခံ အန်ဂျီအို တခု မှ ဒေသခံလူထုများ နှင့် အတူလက်တွဲ လုပ်ကိုင်ခဲ့သည်။ ယခု သင် ဖတ်နေသည့် လမ်းညွှန် နှင့် အလားတူသည့် လမ်းညွှန်စာအုပ် တအုပ် ကို ၎င်း အဖွဲ့ မှ ထုတ်ဝေခဲ့သည်။ ထိုစာအုပ် အမည်မှာ "အလိုမတူဘဲနေရာရွှေ့ ပြောင်းမှု များအတွက် အေဒီဘီ ၏ ဘေးကင်းလုံခြုံရေးအစီအမံ အပေါ် ဒေသခံများလေ့လာနိုင်မည့် လမ်းညွှန်" ဟု ခေါ်သည်။ ဒေသခံ များနှင့် ပူးပေါင်းပြီး အေဒီဘီ ၏ **အလိုမတူဘဲပြောင်းရွှေ့မှုများ**အပေါ် မူဂါဒ နှင့် ပက်သက် သည့် သင်တန်းများကို ဖွင့်လှစ်ခဲ့သည်။ အေဒီဘီ မှ ရန်ပုံငွေ ပေးထားသည့် စီမံကိန်း များ အနေဖြင့် ဘေးကင်း လုံခြုံရေး မူဂါဒများ နှင့် ကိုက်ညီမှု ရှိမရှိ ကို **လေ့လာစောင့်ကြပ်** သည့် နည်းနာများကို သင်တန်း တွင် လေ့လာခဲ့သည်။ ကမ်ဘောဒီးယား အစိုးရ နှင့် အေဒီဘီ တို့ ကို တာဝန်ခံမှု ရှိလာစေရန် အတွက် သုံးစွဲသင့်သည့် **မဟာဗျူဟာများ**ကို လည်းလေ့လာခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကို ပြုလုပ်အပြီးတွင် ဒေသခံများသည် နေရာရွှေ့ ပြောင်းမှု ဖြစ်စဉ် များကို စောင့်ကြပ် လေ့လာပြီး မိသားစုများ အနေဖြင့် **မကျေနပ်မှုများ**ကို စီမံကိန်း၏ **တိုင်တန်းမှု များစုံစမ်းစစ်ဆေးရေး စံနစ်** သို့ ပို့ နိုင်ရန် ကူညီပေးခဲ့သည်။ လူပေါင်းများစွာကို မေးခွန်းများ မေးခဲ့ပြီး အေဒီဘီ ၏ ဘေးကင်း လုံခြုံရေး မူဂါဒကို ချိုးဖောက်မှု များစွာ တွေ့ ခဲ့သည်။ သာဓက အားဖြင့် ဆိုလျှင်

- ↳ လူထု အနေဖြင့် **အဓိပ္ပယ်ရှိသော ဆွေးနွေးတိုင်ပင်မှုများ** တွင် ပါဝင်ခွင့် မရခဲ့ခြင်း
- ↳ မကျေနပ်မှုချက်များကို ဖြေရှင်းဆွေးနွေးပေးသော ယန္တရား ရှိကြောင်း သတင်းအချက်မရခဲ့ ခြင်း
- ↳ အလွန်တရာမှ နည်းပါးသော လျော်ကြေးငွေ ကို သာ ရခဲ့ခြင်း
- ↳ နေရာသစ် မှာ လူအများ မှီခို လုပ်ကိုင် စားသောက် နေသော နေရာ များနှင့် အလှမ်းကွာဝေး လွန်းခြင်း
- ↳ ပြောင်းရွှေ့သွားကြသော လူများမှာ အလွန်အမင်းဆင်းရဲမွဲတေ လာခြင်း

ဒေသခံ လေ့လာစောင့်ကြည့်သူများက "ဘက်မလိုက်သော ကမ်ဘောဒီးယား " နှင့် ပူးပေါင်း လုပ်ကိုင် ခဲ့ပြီး တွေ့ ရှိချက်များကို ထုတ်ပြန်ခဲ့သည်။ ထို့ အပြင် ဗီဒီယို မှတ်တမ်းတခုလည်း လုပ်ခဲ့ပြီး ၎င်းကို ကမ်ဘောဒီးယား နှင့် မနီလာ ရှိ အေဒီဘီ တာဝန်ရှိသူများ ကို တင်ပြခဲ့သည်။ ပြောင်းရွှေ့ နေထိုင် ခဲ့ရသော မိသားစု များ ကိုယ့်ခြေထောက် အပေါ် ကိုယ် ရပ်တည် နိုင်ရေး အတွက် **ဝင်ငွေ ပြန်လည် ရရှိနိုင်ရေး အစီအစဉ်များ**ဆွဲရန် ကအော်စတြီးယား အစိုးရ မှ ဒေါ်လာ တသန်းကို ထောက်ပံ့ ခဲ့သည်။ ကမ်ဘောဒီးယား အစိုးရမှ ရွှေ့ပြောင်းအခြေချသူများအတွက် နေရာသစ် ကို ရေပေးဝေ ခဲ့ပြီး လျှပ်စစ်မီး ရရှိရေးအတွက်လည်း ငွေကြေး သုံးစွဲခဲ့သည်။ ကမ်ဘောဒီးယား နိုင်ငံ အတွင်းရှိ အခြား ရွှေ့ပြောင်းအခြေချ နေထိုင် ရမှု များအခြေအနေ တိုးတက် ကောင်းမွ ရေး အတွက်လည်း အေဒီဘီ သည် ကမ်ဘောဒီးယား အစိုးရ နှင့် လက်တွဲလုပ်ဆောင်ရန် ကတိကဝတ် ပြုခဲ့သည်။

ထို့ အချိန်မှစပြီး ဒေသခံ လေ့လာစောင့်ကြည့်သူ များသည် အထောက်အကူပြုခဲ့သည်။ စီမံကိန်း ၏ တိုင်တန်း မှုများအပေါ် စုံစမ်းအဖြေရှာရေး အဖွဲ့ သို့ လည်း ထိခိုက်ခံ ခဲ့ ရသော အိမ်ထောင်စုပေါင်း ငါးရာကျော်၏ တိုင်တန်းမှုများ ပေးပို့ နိုင်ရန် ကူညီခဲ့သည်။ ထို့ အပြင် စုပေါင်းတိုင်ကြားမှု ကို အေဒီဘီ ၏ **နောက်ဆက်တွဲဖြစ်ရပ် တာဝန်ခံမှု ယန္တရား** နှင့် အော်စတြီးယား လူ့ အခွင့်အရေးကော်မရှင် သို့ ပေးပို့ ခဲ့သည်။ တောင်းဆို ခဲ့ခြင်း မရှိလျှင် မရနိုင်သည့် ငွေကြေး သို့ မဟုတ် မြေယာ တို့ ကို လျော်ကြေးအဖြစ် ယခုအခါတွင် လူအများစု ရခဲ့ကြသည်။

## ဒီအဖြစ်အပျက်ကနေ ကျွန်တော်တို့ ဘာလေ့လာနိုင်သလဲ။

ဒေသခံလူထုများအနေဖြင့် သူတို့ ၏ အခွင့်အရေး နှင့် ပက်သက်သည့် သတင်း အချက်အလက် များကို သိရှိသင်ကြားပြီး ပြန်လှန် မျှဝေ ခြင်းအားဖြင့် တရားမျှတမှု ကို ထိရောက်စွာ တောင်းဆို နိုင်ပြီး လူအများကို ဘဝတွင် တကယ့် အပြောင်းအလဲကို ရယူအောင်မြင် နိုင်သည်။ ရထားလမ်း ပြန်လည်တည်ဆောက်ရေး စီမံကိန်း မှ ထို သင်ခန်းစာကို ပြောပြနေသည်။

## လေ့ကျင့်ခန်း

### မိမိရဲ့ လူထုအသိုင်းအဝိုင်းအား မြေပုံ ဆွဲကြည့်ခြင်းနှင့် အန်တုလှုပ်ရှားမှု အပေါ် တိုင်းတာခြင်း

လူထုအသိုင်းအဝိုင်းအားမြေပုံဆွဲကြည့်ခြင်းသည် တနည်းအားဖြင့် လူထုအခြေပြု သုတေသန လုပ်ငန်း တခုဖြစ်ပြီး ထိုလုပ်ငန်းမှနေပြီး လူအများအနေဖြင့် မိမိတို့ လက်ဝယ်တွင် ရှိနေသည့် အရင်းအမြစ်များ နှင့် နေ့စဉ်ဘဝ အတွက် တန်ဖိုးရှိ အရာများကို ထောက်ပံ့နေသည့် အရာများကို ရှင်းလင်းပြတ်သားစွာ ပြသနိုင်သည်။တခါတရံတွင် ဒေသခံလူထု များသည် ၎င်းတို့၏ ကိုယ်ပိုင်ရည်ရွယ်ချက် အတွက်လည်း မြေပုံဆွဲခြင်းကို လုပ်နိုင်သည်။ဥပမာ ၎င်းတို့၏ သဘာဝ အရင်းအမြစ်များကို မည်သို့ကာကွယ်ပြီး ပိုကောင်းမွန် သည့် နည်းလမ်းများဖြင့် စီမံခန့်ခွဲမည်ကို ဆုံးဖြတ်ချက် ချရန် အတွက် မြေပုံဆွဲခြင်း။ တခါတရံတွင် အပြင်လူများကို မိမိတို့ဒေသခံ များ ၏ ကြွယ်ဝ မှုကို ပြသရန် အတွက်လည်း မြေပုံကို အသုံးပြုလေ့ ရှိသည်။

**ရည်ရွယ်ချက်။** ရပ်ရွာလူထု ၏ လက်ရှိအခြေအနေကို သိရှိနားလည်ရေးအတွက် အထောက်အကူ ပြုရန်၊ အရင်းအမြစ်များ ကို သိရှိရန်၊ ပြသနာများနှင့်ဖြေရှင်းနည်းများကို ရှာဖွေရန်

**အသုံးပြုမည့် ပစ္စည်းများ။** ပုံဆွဲစက္ကူစာရွက်အကြီး နှင့် မာကာဘောပင်များ

**ပေးထားချိန်။** နာရီအနည်းငယ် မှ သည် ရက် အနည်းငယ်၊ ရက်သတ္တပတ် အနည်းငယ် ထိ လုပ်ဆောင်နိုင်မှု အပေါ် မူတည်ပြီး ဖြစ်နိုင်သည်။.



၁. သင်တန်းသားများကို အတူတကွ ထိုင်စေပြီးသက်တောင့်သက်သာ နေရန် ပြောပြီးနောက် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်း အကြောင်းကို စဉ်းစားခိုင်းပါ။ နေ့စဉ်သွားလာနေသည့် ကားလမ်းမများ သို့မဟုတ် လူသွားလမ်းငယ်များ၊ ရေအရင်းအမြစ်များ၊ အလုပ်လုပ်ကိုင်သည့် လယ်ကွင်းများ၊ကွင်းပြင်များ၊ စေတီဘုရား၊ တူးမြောင်း စသဖြင့်။

၂. စာရွက်ကြီး တရွက်ကို နံရံပေါ်မှာ ကပ်လိုက်ပါ။ သင်တန်းသားတွေကို အိမ်တွေ၊လမ်းတွေ၊ကျောင်း တွေ၊စေတီဘုရားတွေ၊ရေအရင်းအမြစ်တွေ၊ဥယာဉ်တွေ နဲ့ တခြား အရေးကြီးတဲ့နေရာ တွေကို ပြတဲ့ မြေပုံ တပုံ သို့မဟုတ် တပုံထက်ပိုပြီး ဆွဲ ခိုင်းပါ။

၃. ကိုယ့်ရပ်ရွာရဲ့ အနီးဝန်းကျင်မှာ ရှိတဲ့ ရပ်ရွာက မှီခို နေရတဲ့ ရေအရင်းအမြစ်တွေ၊ ကွင်းပြင်တွေ၊ သစ်တောတွေ၊ လူတွေ အလုပ်လုပ်ကိုင်တဲ့ နေရာတွေစသဖြင့် ပါတဲ့ ခုနက ဆွဲခိုင်းတဲ့ မြေပုံထက် ပိုကြီးတဲ့ မြေပုံကို ဆွဲခိုင်းပါ။

၄. ကိုယ့်ရပ်ရွာမှာ ရှိတဲ့ အရင်းအမြစ်တွေက ရပ်ရွာရဲ့ နယ်နမိတ် အပြင်မှာ ရှိနေတဲ့ လူတွေအတွက် ရော အကျိုးသက်ရောက်မှု ရှိလား ဆိုတာကို ဆွေးနွေးခိုင်းပါ။ မြစ် ဒါမှ မဟုတ် တခြား ရေအရင်းအမြစ်တခုခု က ရွာကို ဖြတ်ပြီး စီးဆင်းပြီး မြစ်အောက်ပိုင်းမှာ ရှိတဲ့ လူတွေအတွက် ထိခိုက်မှု ရှိလား၊ ဒီမှာ စိုက်ပျိုးမွေးမြူတဲ့ အစားအစာတွေက တခြားကို တင်ပို့ဖို့ လား ရောင်းဖို့ လား စသဖြင့်။



၅. အစိုးရ နဲ့ ကုမ္ပဏီ တခုကနေ ပြီးတော့ သင်ရဲ့ ရပ်ရွာ ကို ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံ တခု ဆောက်ဖို့ ဘူဒီဇာ တွေနဲ့ ဖျက်ဖို့ လုပ်နေတယ်လို့ ဆိုပါတော့။ "ကျွန်တော်တို့ ဒီနေရာမှာ ဓာတ်အားပေးစက်ရုံ တခု တည်ဖို့ လုပ်နေတယ်၊ ဘာလို့ လဲဆိုတော့ ဒီနေရာမှာ ဘာမှ အရေးကြီးတာ မရှိဘူးဆိုတော့ သင့်တော်တဲ့ နေရာတခု လို့ ထင်လို့ ပါ ဟု အစိုးရ ပိုင်းက ပြောသည်။"

ခုနက ဆွဲခဲ့တဲ့ မြေပုံကို အခုလို အခြေအနေမျိုးမှာ သင် ဘယ်လို အသုံးချနိုင်မလဲ။ မှန်တယ် မှားတယ် ဆိုတဲ့ အဖြေ တိတိကျကျ မရှိပါဘူး။ ဖြစ်နိုင်တဲ့ အဖြေ တချို့ ကတော့

↳ ဒီမြေဒီရေ နဲ့ ရပ်ရွာက ကျွန်တော်တို့ ကို ပေးတဲ့ တန်ဖိုးတွေ၊ ဒီရပ်ရွာရဲ့ အပြင်က လူတွေ ကို ပါ ပေးနေတဲ့ တန်ဖိုး တွေကို ပြဖို့ ၊ အဲဒါတွေဟာ ကျွန်တော်တို့ ထုတ်လုပ်နေတာ၊ ရောင်းချ နေတာ၊ မျှဝေ သုံးစွဲနေတာ၊ ကာကွယ်နေတာ စသဖြင့် တခုခု ဖြစ်နိုင်ပါတယ်။

**ယခင်စာမျက်နှာရှိ လေ့ကျင့်ခန်းမှ အဆက်**

- ↳ ဒီမှာ အရေးကြီးတဲ့ဟာတွေ အများကြီးရှိလို့ စက်ရုံကို ဒီမှာ ဆောက်ဖို့ မဖြစ်သင့်ဘူးလို့ ပြဖို့
- ↳ တကယ်လို့ စက်ရုံကို ဆက်ဆောက်မယ် ဆိုရင် ဒီရပ်ရွာမှာ ရှိသမျှ ဟာတွေကို နေရာရွှေ့ရတာ၊ပြန်တည်ဆောက်ရတာတွေ၊ လျော်ကြေးပေးဖို့ လိုတာ တွေကို ပြဖို့၊

**နားလည်မှု စစ်ဆေးခြင်း**ဒီလေ့ကျင့်ခန်းပြီးတဲ့ နောက် သင်ရဲ့ မြေပုံထဲမှာ ထည့်ဖို့ ဘာတွေ ရှိဦးမလဲ ဆိုတာကို စဉ်းစားပါ။ မြေပုံကို အသုံးဝင်တဲ့ နည်းလမ်းတခု အနေနဲ့ သုံးဖို့ သင်ရဲ့ ရပ်ရွာထဲမှာ တကယ့်လက်ရှိ အခြေအနေ ဘာရှိလဲ။ မြေပုံကို တတ်နိုင်သမျှ ပိုမို သိုင်းဝိုင်းချဲ့ ထွင်နိုင်အောင် ကြိုးစားပြီး အဲဒါကို ရပ်ရွာရဲ့ အခွင့် အရေးအတွက် လူထုထောက်ခံမှုရဖို့ စည်းရုံးလှုံ့ ဆော်တဲ့ နေရာမှာ ဘယ်လို သုံးမယ် ဆိုတာကို ဆွေးနွေးပါ။

# မီဒီယာကို အသုံးပြုပါ

နှစ်ပေါင်းများစွာ ကြာအောင် အခွင့်အရေးအတွက် တက်ကြွလှုပ်ရှားသူများသည် ၄င်းတို့၏ အကြောင်းအချက်များကို ဖြန့်ဝေရန် မျက်နှာစုံညီ အစည်းအဝေးများ၊ လူထုထံ သတင်းပေးပို့မှု နှင့် လူထုလှုံ့ဆော်မှုများကို အသုံးပြုခဲ့ကြသည်။ ယနေ့ခေတ်တွင် လူအများရှေ့သို့ ရောက်ရှိရန်အတွက် "လူမှုရေးမီဒီယာ" ဖြစ်သည့် ဖေ့ဘွက်ခ်် (Facebook)၊ တွစ်တာ (Twitter)၊ စသည်တို့ကိုလည်း အသုံးပြုနိုင်သည်။ မီဒီယာကို အသုံးပြုပြီး သင်တို့ရဲ့ ဖြစ်ရပ်တွေကို ထောက်ခံမှု ရရှိဖို့နဲ့ မိတ်ဆွေများ တိုးပွားအောင် လုပ်ဖို့ လူအများသိအောင် ဖြန့်ဝေနိုင်ပါတယ်။ ဒီလိုနည်းနဲ့ စီမံကိန်းတည်ဆောက်သူတွေ၊ အစိုးရ နဲ့ အာရှဖွံ့ ဖြိုးရေးဘဏ်ကို ဖိအားပေးနိုင်ပြီး သင်တို့ရဲ့ အခွင့်အရေးတွေကို လေးစားဖို့ နဲ့ သင်တို့ရဲ့ အခွင့်အရေးတွေကို လေးစားဖို့ အတွက် သူတို့ မှာ တာဝန်ရှိတယ် ဆိုတာ သက်သေပြနိုင်ပါတယ်။

## မီဒီယာ အစီအစဉ်ကို ပြုလုပ်ခြင်း

ပြောလိုတဲ့ အကြောင်းအရာ အချက်အလက်တွေကို ဖန်တီးတာ၊ ဒီအချက်အလက်တွေကို ဘယ်လိုတင်ပြမယ်၊ ဘယ်သူတွေဆီကို ရောက်အောင် ပို့မယ် ဆိုတာတွေက သင်တို့ရဲ့ ဆွေးနွေးတောင်းဆိုမှု အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍလည်းဖြစ်တယ်။ ဆုံးဖြတ်ချက်ချတဲ့သူတွေက ပြည်တွင်းရော ပြည်ပမှာပါ ရှိတဲ့ ပြည်သူတွေရဲ့ ထင်မြင်ယူဆချက် တွေကို အလေးထားပါတယ်။ မီဒီယာနဲ့ လှုံ့ဆော်တောင်းဆိုမှုက သင်တို့ရဲ့ တောင်းဆိုမှုကို သူတို့ လိုက်လျောဖို့၊ သူတို့ ပေးထားတဲ့ ကတိကဝတ်တွေကို တာဝန်ယူဖို့ သူတို့ကို ဖိအားပေးနိုင်ပါတယ်။ ဒီအပိုင်းမှာ သင်တို့ရဲ့ ကိုယ်ပိုင် မီဒီယာ အစီအစဉ်ကို ဘယ်လို လုပ်လို့ ရတယ် ဆိုတာကို ခြုံငုံပြီး အနည်းငယ် ပြောပါမယ်။

မီဒီယာအစီအစဉ်ကို ပြုလုပ်ဖို့ အတွက် အဓိကကျတဲ့ ပါဝင်ရမယ့် အဆင့်တွေကတော့

- ↳ ဦးတည်ထားတဲ့ ပရိတ်သတ်အတွက် တင်ပြမယ့် အကြောင်းအရာတွေ ပြုစုပါ
- ↳ အယ်ဒီတာတွေ၊ သတင်းထောက်တွေ နဲ့ ဆက်ဆံရေး တည်ဆောက်ပါ
- ↳ ပြောရမယ့် အရေးကိစ္စ တွေကို ဖြန့်ဝေပေးပါ
- ↳ မီဒီယာနဲ့ ပူးပေါင်းမှု၊ အပြန်အလှန် တုံ့ပြန်မှု ပြုပါ




## ဦးတည်ထားတဲ့ ပရိတ်သတ်အတွက် တင်ပြမယ့် အကြောင်းအရာတွေ ပြုစုပါ

ဘယ်သူတွေကို သိစေချင်တယ် ***(ဦးတည်ထားတဲ့ ပရိတ်သတ်)*** ကိုသိနေခြင်းက သင်တို့ရဲ့ ပြောလိုတဲ့ အကြောင်းအရာ တွေကို ပြုစုတဲ့အခါ မှာရော သင်တို့ ဘယ်လို တင်ပြမယ်ဆိုတာကိုပါ ဆုံးဖြတ်ဖို့ အထောက်အကူဖြစ်စေပါတယ်။ သူတို့ သတိထားမိသည်ဖြစ်စေ၊ မထားမိသည်ဖြစ်စေ လူတိုင်းက တစ်နည်းတစ်ဖုံတော့ **ဘက်လိုက်**တတ်ပါတယ်။ သင်တို့ရဲ့ အဖြစ်အပျက် ကို သေသေချာချာ ပုံဖော်ထားတဲ့ အကြောင်းအရာတင်ပြပုံ နဲ့ တင်ပြတာက ဦးတည်ထားတဲ့ ပရိတ်သတ်ကို သင်တို့ရဲ့ အဖြစ်အပျက်နဲ့ ရှုထောင့်ကို နားလည်စေဖို့ အထောက်အကူဖြစ်ပါတယ်။ မီဒီယာက အဲဒီအကြောင်းအရာကို သတင်း တင်ပြမှု မှာ ထည့်သွင်းစေဖို့ ပိုသေချာစေပါတယ်။

ရှင်းလင်းတဲ့ အချက်အလက် တစ်ခုကို ဥပမာပေးပါမယ်။ "အိမ်ရာနေထိုင်ခွင့်ဆိုတာ လူ့အခွင့်အရေးပါ။ မြို့တော်မှာ ရှိနေတဲ့ လူဦးရေရဲ့ သုံးဆယ်ရာခိုင်နှုန်းဟာ သန့်ရှင်းတဲ့ ရေကို အသုံးမပြုရတဲ့ အဆင့်မမီတဲ့ နေအိမ်တွေမှာ နေနေကြရပါတယ်။ ဒီလူတွေရဲ့ ပါတ်ဝန်းကျင်မှာ ဖြစ်ပေါ်လာမယ့် ဘယ်ဖွံ့ဖြိုးရေး လုပ်ငန်းမဆို ဒီလိုလူတွေကို ပိုဆင်းရဲစေမယ့် အစား ဒီလူတွေရဲ့ ဘဝအခြေအနေကို ပိုကောင်းအောင် လုပ်ပေးရပါမယ်။



သင်တို့ရဲ့ အရေးကိစ္စ ကို ဖော်ထုတ်တဲ့အခါမှာ သင်တို့ဦးတည်ထားတဲ့ ပရိတ်သတ်က နားလည်လက်ခံမယ့် ဘာသာစကား အသုံးအနှုန်းကို အသုံးပြုပါ။ ရှုပ်ထွေးနေတဲ့ အကြောင်းအရာကို နားလည်လွယ်မယ့် လိုရင်းကို တိုတို ရှင်းရှင်း ပြောဖို့ လိုပါတယ်။ သင်တို့ ပြောတဲ့ အချက်အလက်ကို ပိုအားကောင်းအောင် ကိန်းဂဏန်းအချက်အလက်တွေ နဲ့ ဥပမာတွေ အသုံးပြုပါ။ ဖြစ်နေတဲ့ အကြောင်းအရာ တစ်ခုလုံးကို ရှင်းပြဖို့ မကြိုးစားပါနဲ့။ အဲဒီလို လုပ်ဖို့ မလိုပါဘူး။ အဲဒီလိုလုပ်တာက ဦးတယ်ထားတဲ့ ပရိတ်သတ်ကို နားလည်ရခက်သွားစေပါတယ်။

သင်တို့ရဲ့ အသိပေးလိုတဲ့ အကြောင်းအရာအရေးကိစ္စမှာ ဦးတည်ထားတဲ့ ဆုံးဖြတ်ချက်ချသူရဲ့ အမည်ကိုလည်း ထည့်သွင်းဖို့ နဲ့ သူတို့ကို သင်တို့က ဘာကို ဆုံးဖြတ်ပေးစေချင်တယ်၊ ဘာလုပ်စေချင်တယ်ဆိုတာကို ပါဝင်ဖို့ အရေးကြီးပါတယ်။ ဒီလိုမှ မဟုတ်ရင် သင်တို့သိစေချင်တဲ့ နားထောင်သူက လွဲမှားစွာ ကောက်ချက်ချသွားတာကြောင့် ထိခိုက်ခံရသူ မှာ (ကော်ပိုရေးရှင်း သို့မဟုတ် အစိုးရဌာန ရဲ့ မူဝါဒမှာ မဟုတ်ဘဲ) တာဝန်ရှိတယ်လို့ ယူဆသွားနိုင်ပါတယ်။

လူတွေက မှတ်မိဖို့ ခက်ခဲကြတဲ့ အတွက် သင်တို့ ပြောလိုတဲ့ အကြောင်းအရာကို ဖြန့်ဝေတဲ့အခါမှာ ထိမိတဲ့ နည်းလမ်းကို သုံးပါ။ ဒီစကားစုတွေက ရှင်းလင်းအားကောင်းပြီး မှတ်မိလွယ်မယ် ဆိုရင် သတင်းထောက်တွေက အဲဒါတွေကို ကောက်နုတ် အသုံးပြုဖို့ ပိုလွယ်ပြီး ဖြစ်နိုင်ပါတယ်။

ဆုံးဖြတ်ချက်ချမှတ်သူရဲ့ အမည်ကို ဖော်ပြထားတဲ့ ပြောကြားမှုကို ဥပမာက ဒီလိုပါ။ "နေရာကနေ ဖယ်ထုတ် ရွှေ့ပြောင်းရာမှာ ရဲဝန်ထမ်းတွေရဲ့ မတရားဖိနှိပ်မှုကို တာဝန်ယူဖို့ အတွက် တရားရေး ဝန်ကြီးဌာနက အရေးယူမှုပုံစံ တစ်ခုကို အမြန်ရေးဆွဲကြေငြာသင့်ပါတယ်။"



အားကောင်းရှင်းလင်းတဲ့ စကားစုတစ်ခု ဥပမာပြောပါမယ်။ "ဖွံ့ဖြိုးရေး ဆိုတာ လူ့အခွင့်အရေးချိုးဖောက်မှု မဖြစ်စေသင့်ဘူး"

## ပြောမယ့်အကြောင်းအရာ တစ်ခုရဲ့ အဓိက အစိတ်အပိုင်း (၄) ခု

သင်တို့ပြောမယ့် အကြောင်းအရာကို တည်ဆောက်တဲ့အခါမှာ ဒီအပိုင်း (၄) ခုကို ထည့်စဉ်းစားပါ -

၁။ ဖော်ပြချက် - ပြောချင်တဲ့ အကြောင်းအရာရဲ့ အဓိက စိတ်ကူး (အိုင်ဒီယာ)။ သင့်ပြောမယ့် အကြောင်းအရာရဲ့ အဓိကအကျဆုံး အပိုင်းကို မှတ်မိလွယ်မယ့် အားကောင်းတဲ့ စာသား တစ်ကြောင်းနှစ်ကြောင်း နဲ့ တင်ပြပါ။

၂။ အထောက်အထား - သင်ပြောမယ့် အဓိက စိတ်ကူး သို့ မဟုတ် ဖော်ပြချက်ကို အထောက်အကူပြုမယ့် အချက်အလက်များ နှင့်/ သို့မဟုတ် ကိန်းဂဏန်းများ။ အဲဒီမှာ သတင်းသမားတွေနဲ့ ပရိတ်သတ်က လွယ်လွယ် နားလည်မယ့် ခိုင်မာတဲ့ အချက်အလက်အကြောင်းအရာ အနည်းငယ် ပါသင့်တယ်။

၃။ ဥပမာ - သင်တို့ရဲ့ ပရိတ်သတ်က ယှဉ်တွဲသတိမှတ်ဖို့ လွယ်ကူစေမယ့် လူတွေ နဲ့ ပါတ်သက်တဲ့ ဇာတ်လမ်းကို ထည့်ပြောပါ။ anecdote တစ်ခု သို့မဟုတ် ကိုယ်တိုင်ပါဝင်ခဲ့တဲ့ အတွေ့အကြုံ ကို အခြေခံတဲ့ ဇာတ်လမ်းတို တစ်ခု ကို ထည့်ပြောခြင်းဖြင့် အချက်အလက်တွေ၊ ကိန်းဂဏန်းတွေကို ရုပ်လုံးကြွလာအောင် ပံ့ပိုးပေးပါတယ်။

၄။ လိုချင်တဲ့ တုံ့ပြန်မှု - သင်တို့ရဲ့ ဦးတည်ထားတဲ့ ပရိတ်သတ်ကို ဘာလုပ်စေချင်တာလဲ။ သင်တို့ရဲ့ တောင်းဆိုမှု ရည်ရွယ်ချက် ဟာ တစ်ခုခုလုပ်ဖို့ ဖိတ်ခေါ်ထားသလို ရှင်းရှင်းလင်းလင်း ဖြစ်နေသင့်ပါတယ်။

## အယ်ဒီတာတွေ၊ သတင်းထောက်တွေ နဲ့ ဆက်ဆံရေး တည်ဆောက်ပါ

သတင်းထောက်တွေ နဲ့ လူချင်းသိဖို့ သိပ်အရေးကြီးပါတယ်!



သတင်းထုတ်ပြန်မှုတွေ နဲ့ သတင်းတင်ပြမှု တွေ (ရှေ့စာမျက်နှာတွင် ကြည့်ပါ) ကို သင်တို့ရဲ့ ပြောချင်တဲ့ အရေးကိစ္စတွေ ကို မီဒီယာကို ရောက်ဖို့ အဓိကကျကျ အသုံးပြုရမယ်။ ဒါပေမယ့်လို့ သင်တို့ သတင်းထုတ်ပြန်မှု တစ်ခု သို့မဟုတ် သတင်းတင်ပြမှု တစ်ခု မလုပ်မီမှာ သတင်းမီဒီယာသမားတွေ နဲ့ သိကျွမ်းဆက်ဆံမှု ရှိထားဖို့ အရေးကြီးပါတယ်။

သင်တို့ရဲ့ ရည်ရွယ်ချက်နဲ့ ညီညွတ်တဲ့ သင်တို့ အကြောင်းအရာနဲ့ ပါတ်သက်တဲ့ ဆောင်းပါးတွေကို စုစည်းထားပါ။ အဲဒီအကြောင်းအရာတွေကို ရေးသားတဲ့ သတင်းထောက်ရဲ့ အခြားဆောင်းပါးတွေကိုလည်း သိမ်းထားပါ။ ဒီလို လုပ်ခြင်းအားဖြင့် အဲဒီသတင်းထောက်တွေက ဘာတွေကို စိတ်ဝင်စားတယ် ဆိုတာကို သင်သိဖို့ အထောက်အကူ ဖြစ်ပါတယ်။ အယ်ဒီတာတွေနဲ့ သတင်းမီဒီယာတွေ ရဲ့ ဆက်သွယ်မယ့် လိပ်စာတွေကို စာရင်းပြုစုထားပြီး နောက်ဆုံး အခြေအနေကို ပုံမှန် အသိပေးထားပါ။ သင်နေ့တိုင်း သတင်းတွေကို ပုံမှန်အချိန်ပေးပြီး ဖတ်တာက အထောက်အကူ ဖြစ်ပါလိမ့်မယ်။

ပိုပြီး ကြီးမားတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခု၊ အမျိုးသားအဆင့် အဖွဲ့တစ်ခု သို့မဟုတ် ကွန်ယက်တစ်ခုခု နဲ့ ဆက်သွယ်ပြီး သူတို့ဆီကနေ အယ်ဒီတာတွေနဲ့ သတင်းမီဒီယာသမားတွေ ကို ဆက်သွယ်ဖို့ လိပ်စာ စာရင်း ("သတင်းထုတ်ပြန်ရန် စာရင်း" လို့လည်းခေါ်တယ်) ကို ပေးနိုင်မလား စုံစမ်းပါ။ အချို့တွေကတော့ ဒီသတင်း အချက်အလက် တွေကို ပေးမှာ မဟုတ်ဘူး။ အခြားသူတွေဆီကလည်း ရနိုင်ပါသေးတယ်။ အချို့တွေကတော့ သင်တို့ကို လိုလိုလားလားနဲ့ မိတ်ဆက်ပေးတာမျိုးတွေ အချို့ဂျာနယ်လစ်တွေကို ဘယ်လို ချဉ်းကပ်သင့်တယ် ဆိုတာမျိုးတွေကို အကြံပေးပါလိမ့်မယ်။




သင်တို့ရဲ့ အကြောင်းအရာကို စိတ်ဝင်စားပုံရှိတဲ့ ဂျာနယ်လစ်တွေ၊ သတင်းထောက်တွေနဲ့ တစ်ဦးချင်း စကားတွေ့ဆုံပြောတာ လည်း ကောင်းတဲ့ အကြံအစည်တစ်ခုပါ။ သူတို့ကို အပြင်မှာ နေ့လည်စာစားဖို့ သို့မဟုတ် လဘက်ရည် အတူသောက်ဖို့ ဖိတ်ခေါ်ပြီး သင်တို့ လုပ်နေတဲ့ ကိစ္စက အဖြစ်အပျက်တွေကို ပြောပြပြီး သူတို့ ရေးလို့ ရမယ့် ဖြစ်စဉ်တွေကို အကြံပေးနိုင်ပါတယ်။ တကယ်လို့ သူတို့က စိတ်ဝင်စားမယ်ဆိုရင် သူတို့ကို တွေ့ဆုံမေးမြန်းမှုတွေ၊ လေ့လာဖို့ အတွက် ခရီးသွားလာဖို့တွေကို သင်တို့က ကူညီစီစဉ်ပေးနိုင်ပါတယ်။ ဒါမှလည်း သူတို့မှာ သတင်း ကောင်းကောင်း ရေးစရာ အချက်အလက်တွေ ရှိလာမှာပေါ့။ သတင်းထောက်တွေက သတင်းအသစ်တွေကို အမြဲ ရှာဖွေနေတာပါ။ တကယ်လို့ သင်တို့ရဲ့ အကြောင်းကိစ္စကို သူတို့က စိတ်ဝင်စားတယ်ဆိုရင် သင်တို့ အကူအညီပေးတာကို သူတို့ နှစ်မြို့က်မှာပါ။




သင့်မှာ သတင်းမီဒီယာတွေကို ဆက်သွယ်ဖို့ လိပ်စာရှိရုံနဲ့ အားလုံးပြီးပြတ်သွားတာ မဟုတ်သေးပါဘူး။ သင်တို့ရဲ့ လူထုလှုပ်ရှားတောင်းဆိုမှု မှာ ဖြစ်ပေါ်လာသမျှ အပြောင်းအလဲတွေ သို့မဟုတ် အရေးကြီးတဲ့ ကိစ္စရပ်တွေကို အမြဲမပြတ် သူတို့ကို အသိပေးအကြောင်းကြားနေရမယ်။ ဥပမာ - မြေယာအခွင့်အရေး မူဝါဒ ကို ပြန်လည်စိစစ်ဆေးဖို့ အတွက် အရေးကြီးတဲ့ အစည်းအဝေး တစ်ခုရှိရင် သူတို့ကို ဖိတ်ပါ။ သူတို့ရဲ့ အချိန်ပေးနိုင်မှု အကန့်အသတ်ရှိတာ၊ အချိန်လုနေရတဲ့ ကိစ္စတွေ ရှိတာ၊ သူတို့မှာ အခြားအပြိုင်အဆိုင် စိတ်ဝင်စားစရာ ကိစ္စတွေ ရှိနေတာကိုလည်း သိထားပါ။ သင်တို့က သတင်းထောက်တွေနဲ့ ရင်းရင်းနှီးနှီးဆက်ဆံရင် သူတို့မှာ အလားတူဆက်စပ်နေတဲ့ သတင်း ရေးဖို့ ရှိပြီဆိုတာနဲ့ သူတို့က သင့်ကို လာပြီး မေးမြန်းကြလိမ့်မယ်။

တကယ်လို့ သင့်မှာ ယုံကြည်ရလောက်တဲ့ သတင်းထောက်တစ်ယောက်မျှ ဆက်သွယ်စရာ မရှိရင် ဒါမှ မဟုတ် သတင်းစာဌာနတွေကို ဆက်သွယ်ရတာ မလုံခြုံဘူးလို့ ခံစားရရင် သူတို့ စိတ်ဝင်စားနိုင်တဲ့ အကြောင်းအရာအတွက် သတင်းဌာနကို အမည်မဖော်ဘဲ ဖုန်းခေါ်လို့ ရပါတယ်။ အဲဒီလိုလုပ်တာက ပွင့်ပွင့်လင်းလင်း တိုက်ရိုက်တွေ့ဆုံတာ လောက်တော့ ထိရောက်မှု မရှိနိုင်ပါဘူး။ အတိုင်းအတာ တစ်ခုအထိတော့ သင်တို့ တွေ့ကြုံနေရတဲ့ အခွင့်အရေး ထိပါးခံရတာတွေကို မီဒီယာတွေ စိတ်ဝင်စားမှု ရလာစေနိုင်ပါတယ်။

## ပြောချင်တဲ့ အရေးကိစ္စတွေကို ဖြန့်ဝေပါ

မီဒီယာတွေအတွက် အရေးအကြီးဆုံး မှတ်တမ်းတွေထဲက တစ်ခုကတော့ သတင်းထုတ်ပြန်ကြေငြာချက်တွေ ဘဲ ဖြစ်ပါတယ်။ သတင်းထုတ်ပြန်ကြေငြာချက် တစ်ခုဆိုတာက သတင်းထောက်တွေ ထံကို သတင်းရေးသားမှာ အထောက်အကူ ဖြစ်စေဖို့ ပေးပို့တဲ့ အဖြစ်အပျက်တစ်ခုရဲ့ အဓိကကျတဲ့ အသေးစိတ်အချက်အလက်တွေ ဖြစ်ပါတယ်။ အဲဒါက သတင်းဌာနတွေ ဆီကို ဖြစ်စဉ်တွေကို ဖြန့်ဝေပေးတဲ့ ပုံမှန်နည်းလမ်း တစ်ခုဖြစ်ပါတယ်။

သတင်းထုတ်ပြန်မှု တစ်ခုကို အသုံးပြုပြီး ဒါတွေ လုပ်နိုင်ပါတယ် -

- နောက်ဆုံး အဖြစ်အပျက်/ လှုပ်ရှားမှု တစ်ခုအပေါ်မှာ သင်တို့ အဖွဲ့တွေရဲ့ တုန့်ပြန်မှုတွေ ကို သတင်းဌာနတွေ ကို အသိပေးခြင်း၊
- အဖြစ်အပျက်/လှုပ်ရှားမှု တစ်ခုအား တစ်ခု မတိုင်မီ ကြိုတင် အသိပေးခြင်း၊
- လူထုလှုပ်ရှားမှု အသစ်တစ်ခုကို ကြိုတင်ကြေငြာခြင်း၊
- အခွင့်အရေးများကို အစီရင်ခံစာ ထုတ်ပြန်ခြင်း၊
- ဟောပြောချက်များကို ကြိုတင် ဖြန့်ဝေထားခြင်း။

သတင်းထောက်တွေက နေ့တိုင်းမှာ ရာနဲ့ချီတဲ့ သတင်းထုတ်ပြန်ချက်တွေကို လက်ခံရရှိနေတာပါ။ သူတို့ရဲ့အာရုံစိုက်မှုကို သင်တို့က လိုချင်တယ် ဆိုရင် သတင်းထုတ်ပြန်မှု တစ်ခုမှာ အချက်အလက်အသစ် နဲ့ အတွင်းကျတဲ့ ပကတိအမြင် ပေးနိုင်ရပါမယ်။ အဖြစ်အပျက်တစ်ခုအတွက် ခိုင်လုံတဲ့ သတင်းအချက်အလက်၊ ကြေငြာချက်တွေ၊ ဒါမှမဟုတ် ရေးသားထုတ်ဝေမှု စတာတွေ အပြင် သတင်းထောက်တွေက သူတို့ရဲ့ သတင်းကို အသက်ဝင်အောင် ရေးနိုင်ဖို့ အတွက် ဒေသခံတွေရဲ့ တိုတိုတုပ်တုပ် မှတ်ချက်လေးတွေ ပါနိုင်ရင် ပိုကောင်းပါတယ်။ သင်တို့ရဲ့ သတင်းထုတ်ပြန်မှုကို ရေးသားထားပြီးသား ဖြစ်ဖို့ လိုပါတယ်။ ဒါမှသာ သတင်းထောက်တွေ

အတွက် အထွေအထူး အများကြီးပို လုပ်စရာမလိုဘဲ သတင်းဆောင်းပါးအတွက် ကူးယူတာ သို့မဟုတ် အလွယ်တကူယူသုံးတာတွေ လုပ်လို့ ရမှာပေါ့။ အဲဒါတွေကို ဘယ်လို လုပ်ရမယ်ဆိုတာကို လေ့လာဖို့ အတွက် ကိုယ့်နိုင်ငံရဲ့ အဓိကသတင်းဌာနကြီးတွေ ကသတင်းတွေကို သင်တို့ ဖတ်သင့်ပါတယ်။ သူတို့ရဲ့ မူဟန်တွေကို မှတ်သားပြီး သူတို့ကို ဆက်ဆံတဲ့အခါမှာ အဲဒီပုံစံနဲ့ ချဉ်းကပ်ပါ။ (သတင်းထုတ်ပြန်မှု တွေကို ဘယ်လို ရေးသားပြီး အသုံးပြုရမယ် ဆိုတာကို ပိုပြီး လေ့လာနိုင်ဖို့ အတွက် "သတင်း အချက်အလက် ရင်းမြစ်တွေ" စာမျက်နှာ **၁၈၇** နဲ့ **၁၈၈** မှာ ကြည့်ပါ။)

သတင်းစာရှင်းလင်းပွဲတွေ၊ အစည်းအဝေးတွေ သို့မဟုတ် လူထုလှုပ်ရှားတုန့်ပြန်မှုတွေ ကနေ သင်တို့ရဲ့ သတင်းပေးပို့မှုအကြောင်း အရာတွေကို သတင်းဌာနတွေဆီကို တိုက်ရိုက် ဖြန့်ဝေပေးဖို့ အခွင့်အရေးရစေ ပါတယ်။ သင်တို့က အဲဒီဖြစ်စဉ်တွေထဲက တစ်ခုခု ကို လုပ်မယ်ဆိုရင် သတင်းထောက်တွေကို ဖိတ်ပြီး သူတို့ကို နောက်ခံအကြောင်းတရားတွေ နဲ့ ပြောလိုတဲ့ ကြိုတင် မှတ်စုတွေ ကို ပေးထားပါ။ သူတို့ရဲ့ကိုယ်တွေ့ အတွေ့အကြုံတွေကို သတင်းထောက်တွေကို ပြောပြဖို့ စိတ်ပါဝင်စားတဲ့ ပုဂ္ဂိုလ် တစ်ဦးချင်း စီကို ကြိုတင်သတ်မှတ်ပေးထားပါ။ အဲဒီလူတွေကိုလည်း သူတို့ရဲ့ ကိုယ်ရေးကိုယ်တာ ဘေးကင်းရေး နဲ့ လုံခြုံရေးအတွက် ဖြစ်လာ နိုင်တဲ့ အန္တရာယ်တွေကို ပြည့်ပြည့်စုံစုံ သိအောင် သေသေချာချာပြောပြ ထား ပါ။ ပြဿနာကိစ္စရပ်ကို တကယ့်သက်ဝင်လာအောင် အချို့ ကိုယ် တွေ့ဖြစ်ရပ်တွေပါ ပါဝင်တဲ့ လူထုဆီက မှတ်ချက်အတိုလေးတွေကို ကြိုတင် ပြင်ဆင်ထားပါ။




ကိစ္စတစ်ခုကို လေ့လာသိရှိနိုင်ဖို့ အတွက်လည်း သတင်းထောက်တွေ ကိုယ်တိုင် ကွင်းဆင်းလေ့လာဖို့ သင်တို့က ဖိတ်ခေါ်နိုင်ပါတယ်။ ပြည်သူ့ဝန်ထမ်းတွေ ကိုလည်း သတင်းဌာနတွေမှာ ကြေငြာချက်တွေ ထုတ်ဖို့ ကမ်းလှမ်းခြင်းလည်း ပြုလုပ်ပါ။ ဒါမှမဟုတ်ရင် သူတို့ အရင်က ပြုလုပ်ခဲ့တဲ့ ကြေငြာချက်တွေကို ပြန်လည် အသုံးပြုခြင်းအားဖြင့် တင်ပြပြောဆိုလိုတာတွေကို အချိန်နဲ့အမျှ ပြည်သူတွေ ကြားနိုင်အောင် ပြုလုပ်ပေးဖို့ နည်းလမ်းကောင်းတွေပါ။

ရေးသား ဖေါ်ပြချက်တစ်ခုခု၊ ပွဲတစ်ခုခု၊ လှုပ်ရှားမှု တစ်ခုခု၊ သို့မဟုတ် တွေ့ဆုံမေးမြန်းမှု တစ်ခုခုကတစ်ဆင့် သတင်းစာတွေ ဆီကို သင်တို့ရဲ့ တင်ပြပြောဆိုလိုတဲ့ အချက်ကို ဖြန့်ဝေခြင်း မပြုမီမှာ ထုတ်ပြန်မယ့် သတင်းအချက်အလက် ကို သင်တို့ရဲ့ အဖွဲ့အစည်းက (နောက်ပြီးသင်တို့ရဲ့ မိတ်ဆွေ အဖွဲ့အစည်းတွေအားလုံးကရော) သဘောတူညီမှု ရှိတာသေချာပါစေ။ လူထုစည်းရုံးလှုပ်ရှားမှုမှာ ပါဝင်တဲ့ အဖွဲ့အစည်းအသီးသီးကနေ အချက်အလက်တွေ ကို ကွဲပြားစွာ တင်ပြကြမယ် ဆိုရင်တော့ ပြောရေးဆိုခွင့်ရှိတဲ့သူ အသီးသီးကနေ ကွန်ယက်ကြီး တစ်ခုလုံး ကို ကိုယ်စားမပြုဘဲ သူတို့ရဲ့ အဖွဲ့တွေကိုသာ ရှင်းရှင်းလင်းလင်း ကိုယ်စားပြုပြောဆိုတယ် ဆိုတာ ရှင်းလင်းတိကျစွာ သိနေပါစေ။ တရားဝင်ပြောရေးဆိုခွင့် ရှိသူတွေ အပြင် လူထုစည်းရုံးလှုံ့ဆော်မှုမှာ ပါဝင်တဲ့ သူအားလုံးကလည်း သတင်းထုတ်ပြန်မှု အတွက် အချက်အလက်တွေကို အတူတူပေးသင့်ပါတယ်။ ဘာတွေကို မဆွေးနွေးမငြင်းခုံရဘူး ဆိုတာကို သူတို့ သိထားအောင် လုပ်ပါ။

## သင်တို့ရဲ့ ပြောကြားတင်ပြချက်တွေကို ဖြန့်ဝေဖို့ နည်းလမ်းကောင်းများ

သတင်းထောက် တစ်ယောက်ကိုမှ မလိမ်ညာပါနဲ့။ တကယ်လို့ သတင်းထောက် တစ်ယောက်ကနေ သင့်ကို သင်မဖြေနိုင်တဲ့ မေးခွန်းတစ်ခုကို မေးတယ် ဆိုရင် သင်အဖြေကို မသိကြောင်းပြောပြီး သူ့ကို ဖုန်းပြန်ခေါ်ပါမယ် လို့ ပြောလိုက်ပါ။ သတင်းထောက်တွေကို ရှုပ်ထွေးစေတဲ့ သို့မဟုတ် ပြဿနာငြိစွန်းစေနိုင်တဲ့ အချက်အလက်တွေ မပေးပါနဲ့။ သတင်းဌာနတွေက နိုင်ငံရေးအရ ဘက်လိုက်မှုနဲ့ မကင်းကြပါဘူး။ တကယ်လို့ သင်တို့က သတင်းထောက်တွေကို မမှန်ကန်တဲ့ အချက်အလက် တစ်ခု နှစ်ခု ပေးလိုက်တယ် ဆိုရင် သင်တို့ရဲ့ လူထုလှုပ်ရှားမှု တစ်ခုလုံးကို အထင်အမြင်လွဲမှုတွေ ဖြစ်သွားစေနိုင်ပါတယ်။

သူတို့ရဲ့ အချိန်လုနေရတာနဲ့ ပါတ်သက်လို့ သတင်းထောက်တွေ ကို ကူညီဖို့အတွက် ဒီသတင်း အချက်အလက် တွေကို သူတို့ ဘယ်အချိန်နောက်ဆုံးထားပြီး ရဖို့ လိုတယ် ဆိုတာကို အတိအကျသိအောင် လုပ်ပါ။ တကယ်လို့ သင်တို့က ယုံကြည်စိတ်ချရ ပြီး အခိုင်အမာရပ်တည်တယ် ဆိုရင် သင်တို့ကို သူတို့ အားကိုးလို့ ရတယ် ဆိုတာကို သူတို့ သိသွားပြီး အခြားသတင်းတွေ အတွက် သူတို့က သင်တို့ဆီကို နောက်ထပ်ပြန်လာပါလိမ့်မယ်။

တကယ်လို့ သတင်းထောက်တစ်ယောက်က သင်တို့ကို သတင်းတစ်ပုဒ်အကြောင်းကို မှတ်ချက်ပေးဖို့ တောင်းဆိုတယ် ဆိုရင် သတင်းထောက်က မှတ်မိလွယ်ပြီး သူပြန်သုံးနိုင်အောင် တိုတို နဲ့ အချက်အလက်ကို မလွဲမှားစေဘဲ မှတ်မိလွယ်အောင် ပြောပေးပါ။ ဒီလို မတိကျ မရေရာတဲ့၊ ရှုပ်ထွေးတဲ့ စာကြောင်းတွေ ကို မသုံးမိပါစေနဲ့။ "တစ်ဖက်ကလည်း ..... ဒါပေမယ့် အခြားတစ်ဖက်မှာတော့....." စသည်ဖြင့် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အချို့သတင်းထောက်တွေက စာကြောင်းရဲ့ တစ်ပိုင်းကိုသာ ရွေးချယ် ပြီး ပြန်ပြောပြ တတ်လို့ အဲဒါက သင်တို့ တင်ပြတဲ့အကြောင်းအရာကို လွဲမှားစွာ နားလည်သွားစေပါတယ်။ နောက်ကျရင် သင်ပြောတာကို ဆန့်ကျင်ပြောဆိုဖို့ အသုံးပြုနိုင်တဲ့ အကြောင်းအရာတစ်ခုခုကို ပြောဆိုခြင်းမှ ရှောင်ကျဉ်ပါ။ သင်တို့ရဲ့ လှုပ်ရှားတောင်းဆိုမှုမှာ မလိုလားအပ်ဆုံး အရာကတော့ သင် သို့မဟုတ် သင်တို့ အဖွဲ့အစည်းကို ဒုက္ခ ဖြစ်စေမယ့် ကြေငြာချက်တစ်ခုခု ကို သတင်းမှာ ပါသွားတာပါဘဲ။

သင်တို့ ပြောဆိုတင်ပြတဲ့ အချက်အလက်တွေကို ထိန်းချုပ်ပါ။ သင်တို့က သတင်းအချက်အလက်တစ်ခုကို ပြောဖို့ ဖန်တီးလိုက်တာနဲ့ တစ်ပြိုင်နက်မှာ သတင်းမီဒီယာမှာ သင်တို့ရဲ့ အဖွဲ့ကို ကိုယ်စားပြုမယ့် ပြောရေးဆိုခွင့်ရှိသူက ဘယ်သူ ဆိုတာကို ဆုံးဖြတ်ပါ။ သတင်းမီဒီယာဌာနတွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေ မှာ ကြုံတွေ့နိုင်တဲ့ ခက်ခဲတဲ့ မေးခွန်းတစ်ချို့ အတွက် ပြောရေးဆိုခွင့်ရှိသူကို ရုံးတွင်းမှာနဲ့၊ မိတ်ဆွေတွေနဲ့ အတူ အစမ်းလေ့ကျင့် မေးမြန်း ကြည့်ပါ။ (အစမ်းလေ့ကျင့်မယ့် လုပ်ငန်းစဉ် အတွက် စာမျက်နှာ တွင် ကြည့်ပါ။) သတင်းဌာနတွေက လာတဲ့ ဘယ်လိုခေါ်ဆိုမှု မဆို တာဝန်ပေးထားတဲ့ ပြောဆိုမယ့်သူထံကိုသာ တိုက်ရိုက် ပြောဆိုခိုင်းသင့် ပါတယ်။

ပွဲတစ်ခုမှာ မိုက်တွေ၊ အသံဖမ်းစက်တွေ နဲ့ သို့မဟုတ် ကင်မရာတွေ ကိုင်ထားတဲ့ သူတွေကို တွေ့ရင် သင့်ကိုယ်ကို သင်မိတ်ဆက်ပြီး သူတို့ ဘယ်သတင်းဌာနကို ကိုယ်စားပြုတယ်ဆိုတာကို မေးမြန်းထားပါ။ သူတို့ကို ရွေးချယ်ထားတဲ့ မီဒီယာနဲ့ ပြောရေးဆိုခွင့်ရှိသူ သို့မဟုတ် တွေ့ဆုံမေးမြန်းမှုတွေကို ဖြေမယ့်သူတွေ ဆီကို လမ်းညွှန်ပေးပါ။ သူတို့ကို ဆက်သွယ်နိုင်မယ့် နေရာတွေကို မေးမြန်း ထားပြီး သင့်ထံဆက်သွယ်ရန် လိပ်စာကိုလည်း ပေးပါ။ သူတို့ကို သင်တို့ရဲ့ သတင်းထုတ်ပြန်ကြေငြာချက်တွေကို ပေးပါ။ သူတို့ အဲဒါတွေကို ဘယ်တော့ သတင်းလုပ်ရေးမလဲ မေးထားပါ။ တကယ်လို့ သူတို့က ဥပမာအားဖြင့် ဟန်ဆောင်ထားသူတွေ (ရဲတွေ သို့မဟုတ် သင်တို့ဆန့်ကျင်နေရတဲ့ သူတွေ ဘက်က လွှတ်ထားတဲ့သူတွေ) သို့မဟုတ် သင်တို့ဆန့်ကျင်နေသူတွေ ဘက်က ရှိနေ တဲ့သူတွေ ဖြစ်နေခဲ့မယ် ဆိုရင် သင့်ရဲ့ လက်ကိုင် ကင်မရာတစ်ခုနဲ့ သူတို့ကို ရိုက်ကူးမှတ်တမ်းတင်ထားပါ။

ပွဲတစ်ခု ပြီးသွားတာနဲ့ သတင်းထောက်တွေရဲ့ ရေးသားမှုကို စောင့်ကြည့်ပြီး သူတို့နဲ့ ဆက်ဆံရေးကို ဆက်ထိန်းထားပါ။ တကယ်လို့ သူတို့ရေးတဲ့ သတင်းကို ကြိုက်တယ် ဆိုရင် ကြိုက်တဲ့ အကြောင်း သတင်းထောက်တွေကို အသိပေးပါ။




## စာနယ်ဇင်းများအပေါ်တုံ့ပြန်ခြင်းနှင့် ထိတွေ့ဆောင်ရွက်ခြင်း

အချက်အလက်အမှားများထည့်သွင်းရေးသားခြင်း၊သတင်းမှားများကို ဖြန့်ဝေခြင်းတို့ဖြင့် အချို့ မီဒီယာများ၏ သတင်းများသည် သင်ရဲ့ လူမှုအသိုင်းအဝိုင်း အပေါ် အပျက်သဘောမြင်သွားစေရန် လုပ်ကောင်းလုပ်မိနိုင်သည်။ ထိုကဲ့သို့ ဖြစ်လာပါက ထို အမြင်ဆိုး ကို အပြုသဘောဆောင်သည့် စည်းရုံးလှုံ့ဆော်ရေးလှုပ်ရှားမှု အဖြစ် ပြောင်းလဲပစ်ရန် တခါတရံတွင် လုပ်ဆောင်နိုင်ပါသည်။

ပထမဆုံးလုပ်ရမယ့် အဆင့်ကတော့ သက်ဆိုင်ရာ ဂျာနယ်လစ် သို့မဟုတ် သတင်းဌာနကို တိုက်ရိုက် ဆက်သွယ်တာပါပဲ။ အယ်ဒီတာဆီကို စာရေးနိုင်ပါတယ်။ သတင်းပါတဲ့ ဝဘ်ဆိုဒ်မှာ မှတ်ချက် ဝင်ရေးတာ ဒါမှမဟုတ် ကိုယ့်ကိုထောက်ခံသူတွေကို အဲဒီမီဒီယာ ကို စာရေးဆက်သွယ်ဖို့ သို့မဟုတ် အဲဒီသတင်းကို မှတ်ချက်ဝင်ရေးဖို့ တိုက်တွန်းနိုင်ပါတယ်။

ကိုယ်အင်တာဗျူးပေးလိုက်တဲ့သတင်းကမှားနေပြီး ရေးတဲ့ ဂျာနယ်လစ် ကလည်း မှားယွင်းရေးမိတာ လို့ ယုံကြည်ရင် အဲဒီသတင်းဌာနရဲ့ အယ်ဒီတာကို ဆက်သွယ်လို့ပြီး အမှားပြင်ဆင်ချက် ထည့်သွင်း ပေးဖို့ တိုက်တွန်းနိုင်ပါတယ်။ (သတိထားရမှာက အဲဒီအတွက်ကြောင့် အဲဒီမီဒီယာက ဂျာနယ်လစ်က ကိုယ့်ကို နောက်တခါ အင်တာဗျူးလုပ်ချင်မှ လုပ်တော့မှာပါ )

အဲဒီလိုမျိုး အပျက်သဘောဆန်သွားတဲ့သတင်းကို နောက်တခါကိုယ့်သတင်းကို ပိုပြီးပါဝင်ဖို့ စတင်ဆွေးနွေးနိုင်တဲ့ အခွင့်အရေး တခု အနေနဲ့ လည်းအသုံးချနိုင်ပါတယ်။ သတင်းစာတိုက်ကို ဖြစ်စေ တီဗီဌာနကို ဖြစ်စေ ဆက်သွယ်ပြီး ကိုယ့်ရပ်ရွာလူထုက

သတင်းအသစ်အနေနဲ့ ပြန်လည်ဖော်ပြပေးချင်တဲ့ ဆန္ဒရှိနေတဲ့ အကြောင်းကို ပြောပြဖို့ အတွက် ယဉ်ယဉ်ကျေးကျေး နဲ့ တွေ့ ဆုံ ဆွေးနွေးခွင့်တောင်းပါ။ ကိုယ့်လူတွေက ဘာပြောမလဲ ကိုယ်ကိုယ်တိုင်ကလည်း ဘယ်လို ပြောမယ်ဆိုတာကို ပြင်ဆင်ပါ။ ဒီအပျက်သဘောဆောင်သွားတဲ့ သတင်းကြောင့် ရပ်ရွာလူထု အပေါ် ဘယ်လို သက်ရောက်မှု ရှိပြီး ဘယ်လို ထိခိုက်မှု ရှိတယ်ဆို တာကို ပြောပြပါ။ ကိုယ့်ကိစ္စနဲ့ ပက်သက်တဲ့ သတင်း အချက်အလက် တွေနဲ့ ပြောဆိုနိုင်မယ့် အရင်းအမြစ် တွေကို အဲဒီ ဂျာနယ်လစ် သိရအောင် မျှပေးပါ။

ကိုယ့်ကိစ္စနဲ့ ပက်သက်လို့ ဂျာနယ်လစ်တွေကို အကျဉ်းရုံးတွေ့ ဆုံရှင်းပြမှုလုပ်တာ ဒါမှမဟုတ် ကိုယ်တွေရဲ့ သဘောထား အမြင်တွေကို ပြောနိုင်ဖို့ ဒေသခံတွေထဲက ကိုယ်စားပြု ပြောဆို နိုင်သူတွေနဲ့ အင်တာဗျူးလုပ်ဖို့ အကြံပေးတာ တွေကို လုပ်နိုင်ပါတယ်။

တချို့ ကိစ္စတွေမှာတော့ ဒီလို နည်းနာတွေကို အသုံးချတာဟာ မိတ်ဆွေသစ်တွေကို ရရှိစေနိုင်သလို မီဒီယာ မှာလည်း ပါပြီး ပါဝင်ဖို့ ပို အလားအလာ ရှိပါတယ်။ တကယ်လို့ တွေ့ ဆုံညှိနှိုင်းတဲ့ နည်းလမ်းက အလုပ်မဖြစ်တော့ဘူးဆိုရင်တော့ ဖိအားပိုပေးဖို့ လုပ်ရပါမယ်။

ပုံမှန်အားဖြင့် သတင်းစာ၊တီဗွီ၊ရေဒီယို စတာတွေဟာ အမြတ်အစွန်းရဖို့ စီးပွားရေးလုပ်ငန်းတခု အနေနဲ့ လုပ်ကြရတာပါ။ ကြော်ငြာရဖို့ ပရိတ်သတ်တွေရဲ့ ထောက်ခံမှုနဲ့ ကြော်ငြာရှင်တွေကို မှီခိုကြရတာပါ။ ကိုယ့်လူထုအတွင်းနဲ့ ထောက်ခံသူ တွေကြားထဲမှာ အဲဒီမီဒီယာက မတောင်းပန် မချင်း သပိတ်မှောက်ဖို့ စည်းရုံးလုပ်ရှားမှုတွေ လုပ်နိုင်ပါတယ်။ အဲဒီ မီဒီယာမှာ ကြော်ငြာထည့်တဲ့ ကုမ္ပဏီတွေကို သပိတ်မှောက်တာမျိုးလည်း လုပ်နိုင်ပါတယ်။

ကြော်ငြာရှင်တွေကို သပိတ်မှောက်တဲ့ နည်းဟာ မီဒီယာဖြန့် ချီရေးလုပ်နေရသူတွေရဲ့ အာရုံကို ဆွဲဆောင်ဖို့ အရမ်း ကောင်းမွန်တဲ့ နည်းလမ်းတခုပါပဲ။ သပိတ်မှောက်တာတွေ မလုပ်ခင်တုန်းက ကိုယ့်ကို လက်ခံတွေ့ ဖို့ အားပုံမရတဲ့ အယ်ဒီတာ ဟာ ကြော်ငြာရှင်တွေ ထွက်သွားတဲ့အချိန်မှာပဲ သင့်ကို တွေ့ ဖို့ အချိန်ကို ချက်ချင်းပဲ ရှာတွေ့ သွားတယ် ဆိုတာကို အံ့သြဖွယ် တွေ့ ရမှာပါ။

## ဗီဒီယို နဲ့ ဓာတ်ပုံ ရိုက်ကူးခြင်း

တခါတလေကျရင် ကိုယ်ပြောချင်တဲ့ အကြောင်းအရာကို တင်ပြဖို့ မီဒီယာ တွေကလည်း အကောင်းဆုံး နည်းလမ်း မဖြစ်နိုင်ပါဘူး။ အဲဒီအခါကျရင် ကိုယ်ပိုင်မီဒီယာ တခုလုပ်ဖို့ အာရုံ စိုက်မိနိုင်ပါတယ်။ ဗီဒီယို နဲ့ ဓာတ်ပုံရိုက်ကူးတာတွေဟာ အချိန်တို အတွင်းမှာ လူတွေ အများကြီး ဆီကို ရောက်ဖို့ အလားအလာအရှိဆုံးပါ။ ကိုယ်ပြောချင်တဲ့ အကြောင်းအရာ ကိုလည်း တွေ့ ဆုံ ရှင်းပြနေမယ့် အစား ရုပ်ပုံတွေကို သုံးပြီး စာတတ်ဖို့ မလို ဘာသာစကားအတားအဆီးမလိုဘဲ ပြောပြနိုင်ပါတယ်။ ဆန္ဒပြပွဲတွေ အစည်းအဝေးတွေမှာ ဗီဒီယို နဲ့ ဓာတ်ပုံတွေ ပါတဲ့ မှတ်တမ်းတွေကို ရည်ရွယ်ထားတဲ့ ပရိတ်သတ်တွေ အတွက် ပြသနိုင်သလို အင်တာနက် လူမှုကွန်ယက် တွေမှာလည်း ပြသနိုင်ပါတယ်။

ဗီဒီယို နဲ့ ဓာတ်ပုံတွေ ရိုက်ကူးတင်ဆက်တဲ့ နေရာမှာလည်း မိမိတို့ ရဲ့ စည်းရုံးလုပ်ရှားမှုရဲ့ အန္တိမ ရည်ရွယ်ချက်ကို အောင်မြင်ပေါက်ရောက်ဖို့ အတွက် တိကျတဲ့ရည်မှန်းချက် ရှိရပါမယ်။ မဟုတ်ရင်တော့ တခြားနေရာတွေမှာ အသုံးချလိုက်ရင် ပိုအကျိုးရှိနိုင်တဲ့အချိန်နဲ့ ငွေကြေးတွေကို ဒီ မီဒီယာ ပရောဂျက် အောင်မြင်ပြီးမြောက်ဖို့ နေရာမှာ လာပြီးရင်းနှီးမြှုပ်နှံနေရပါလိမ့်မယ်။

WITNESS(ဝစ်တ်နပ်စ် - သက်သေများ) လို့ ခေါ်တဲ့ အမေရိကန် အခြေစိုက် အဖွဲ့ အစည်းတခု က ဆိုရင် ကမ္ဘာတဝှမ်းက တက်ကြွလှုပ်ရှားသူတွေကို ဗီဒီယိုကို အသုံးချပြီး အကြမ်းဖက်မှုတွေကို ရပ်တန့် သွားဖို့ မှတ်တမ်းတင်တဲ့ အလုပ်ကို သင်တန်းပေးမှုတွေ လုပ်နေပါတယ်။ အောင်မြင်တဲ့ လှုံ့ ဆော် အားပေးတဲ့ ဗီဒီယို ကောင်းတခု ဖြစ်ဖို့ အောက်ပါ အချက် အလက်တွေဟာ မရှိမဖြစ် လိုအပ်တယ်လို့ အဲဒီ အဖွဲ့ ကြီးက ယုံကြည်ထားပါတယ်။

- ➥ ကိုယ့်ရဲ့ ဗီဒီယို အတွက် တိကျတဲ့ ရည်ရွယ်ချက် ချပါ။ ဆိုလိုတာက တခုခုကို လျှောက်ရိုက် နေမယ့် အစား ကိုယ့်ရဲ့ ဗီဒီယို အတွက် ရှင်းလင်းပြတ်သားတဲ့ ရည်ရွယ်ချက် ရှိဖို့ ပါ။
- ➥ ပြသမယ့် ပရိတ်သတ်ကို လည်း သိရှိပါ။ လူဘယ်လောက် ကြည့်တယ် ဆိုတာထက် ဘယ်သူတွေ က ကြည့်မှာလဲ ဆိုတာက ပိုအရေးကြီးပါတယ်။
- ➥ ကိုယ်ရဲ့ ပရိတ်သတ်တွေကို လုပ်စေချင်တဲ့ အကြောင်းအရာ ကို သိပါ။
- ➥ ကိုယ်ရဲ့ ပရိတ်သတ်တွေ ပါဝင်လှုပ်ဆောင်လာအောင်လို့ အကောင်းဆုံး ပေးချင်တဲ့ အမှာ စကားတွေ၊ လူတွေ၊ ဇာတ်လမ်းတွေကို ရွေးချယ်ပါ။
- ➥ ကိုယ်ရဲ့ ပရိတ်သတ်တွေ ကြည့်ရအောင်လို့ အချိန်မှန် နေရာမှန် ကို ရွေးချယ်ပါ။

ဒီအခန်းမှာ ဖော်ပြခဲ့တဲ့ ဦးတည်ထားတဲ့ပရိတ်သတ်ကို ပေးဖို့ အမှာစကားကောင်းတခုကို ဘယ်လို လုပ်ရတယ် ဆိုတဲ့ အကြံဉာဏ်နဲ့ အဆင့်တွေဟာ အင်တာနက် လူမှုကွန်ရက် ပေါ်မှာ ပြမယ့် ဗီဒီယို၊ဓာတ်ပုံ တို့ အတွက် လည်း အကြုံးဝင်သလို လူအများကြီးဆီကိုရောက်ရှိဖို့ ဆွဲထားတဲ့သင့်ရဲ့ အစီအစဉ် အတွက်လည်း ပါဝင်ပါတယ်။

ကိုယ်ပြောချင်တဲ့ အမှာစကားနဲ့ ဦးတည်ထားတဲ့ပရိတ်သတ်ကို ရွေးချယ်ပြီးပြီ ဆိုရင် သူတို့ ဆီကို ဘယ်လို ရောက်မလဲဆိုတဲ့ အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ရပါမယ်။ ဗီဒီယို တိုင်းကို အင်တာနက် ပေါ်မှာ ပြသဖို့ မလိုအပ်ပါဘူး။ သင်လုပ်နေတဲ့ အကြောင်းအရာတွေ ရဲ့ လျှို့ဝှက်ချက်နဲ့ ပုဂ္ဂလလုံခြုံမှု တို့ ကို အမြဲ ကာကွယ်ထားရမယ် ဆိုတာကို မမေ့ပါနဲ့ ။ သေချာကြိုတင်ရှင်းပြပြီးမှ ကိုယ်ပိုင်သဘောဆန္ဒနဲ့ လုပ်ဆောင်ဖို့ ဆိုတဲ့ နည်းလမ်းကို ကိုင်စွဲ ဖို့ လိုသလို ကိုယ်သုံးမယ့် အရာအားလုံးအတွက်လည်း လိုပါတယ်။

## လူမှုကွန်ရက်မီဒီယာ

မတူညီတဲ့ လူမှုကွန်ရက်ကြားထဲမှာ ချိတ်ဆက်ထားတဲ့ လူတွေအများကြီး ဆီကို လျှင်လျှင်မြန်မြန်နဲ့ အကုန်အကျ မများဘဲ ရောက်ရှိနိုင်ဖို့ လူမှုကွန်ရက်မီဒီယာ တွေက လုပ်ဆောင်နိုင်ပါတယ်။ လူမှုကွန်ရက်မီဒီယာ အများစု ဟာ အင်တာနက်နဲ့ မိုဘုန်းဖုန်းတို့ ကို အသုံးချပြီး သတင်းအချက်အလက်တွေကို နည်းပေါင်းစုံနဲ့ ပြန့် နှံ့ သွားအောင် လုပ်ကြပါတယ်။ ကိုယ့်ဘာသာ ရေးသားပြီး အများကို မျှဝေခြင်းနဲ့ ဖြစ်စေ၊ မီဒီယာကြီးတွေမှာပါတဲ့ သတင်းတွေကို ပြန်လည်တင်ပြတာမျိုး ဖြစ်စေ လုပ်ပြီး ကိုယ့်သတင်းကို အမြဲစောင့်ဖတ်သူတွေနဲ့ ဆက်ဆံမှုကို တိုက်ရိုက်ပြုလုပ်နိုင်ပါတယ်။



ဖေ့စ်ဘွက်နဲ့ တွစ်တာ စတဲ့ အင်တာနက် လူမှုကွန်ရက် တွေဟာ အမာခံ ထောက်ခံသူတွေကို ထူထောင်ဖို့ နည်းလမ်းတွေ ဖြစ်ပြီး သူတို့ ကိုလည်း သတင်းအချက်အလက်တွေ ပံ့မှန်ပေးပို့ နေ နိုင်ပါတယ်။ ဖေ့စ်ဘွက်မှာဆိုရင် အုပ်စုလိုက်စာမျက်နှာ (group pages)ထူထောင်ပြီး သတင်းတွေနဲ့ လှုပ်ရှားမှုတွေကို အများသိအောင် လုပ်နိုင်ပါတယ်။ တွစ်တာကတော့ တခါ သတင်းအသစ် တခါတင်ရင် စာလုံးရေ ၁၄၀ ပဲ ခွင့်ပြုပြီး တိုတိုတုတ်တုတ်နဲ့ မြန်မြန်ဆန်ဆန် ဆက်သွယ်ဖို့ အတွက် ရည်ရွယ် ပါတယ်။ ဒီဝဘ်ဆိုဒ်နှစ်ခုစလုံးမှာ သတင်းအချက်အလက်တွေ အခမ်းအနားတွေ လုပ်ဖို့ အကြောင်း မျှဝေ တာ၊ သတင်းအချက်အလက် အပြန်အလှန်တောင်းခံတာ၊ ကိုယ့်ရဲ့ ကွန်ရက် အဖွဲ့ ဝင်တွေ ဆီကနေ အကြံဉာဏ်တွေ တောင်း တာ စတာတွေကို လုပ်နိုင်ပါတယ်။

အင်တာနက်လူမှုကွန်ရက်တွေထဲက အရေးကြီးတဲ့ နောက်ထပ် ဆိုဒ်တခုကတော့ လူအခွင့်အရေး လှုပ်ရှားသူတွေ အသုံးများ တဲ့ အွန်လိုင်းကနေ လက်မှတ်ထိုးစည်းရုံးလှုပ်ဆော်မှုတွေ လုပ်လို့ ရတဲ့ Avaaz.org ဝဘ်ဆိုဒ်ပါပဲ။ အွန်လိုင်း လက်မှတ်ထိုး လှုပ်ရှားမှု တခုဟာ ကိုယ်ပြောချင်တဲ့ အချက် အလက်တွေကို ပြောပြနိုင်ပြီး တခြားသူတွေကိုလည်း ကိုယ့်ကို လူသိ ရှင် ကြား ထောက်ခံပေးဖို့ တောင်း ဆိုနိုင်ပါတယ်။

# တီထွင်ဆန်းသစ်တဲ့ ဆန္ဒပြပွဲတွေ ပြုလုပ်ပါ

လမ်းလျှောက်ချီတက်ပွဲတွေ၊ဆန္ဒပြပွဲတွေ ကို လူတွေ စုဝေးကြတဲ့ နေရာတွေမှာ စီစဉ်တာ၊ လူစည်ကားတဲ့ ပလာဇာတွေ၊ ဈေးတွေမှာ လူစုတာ၊ လမ်းပိတ်ဆို့ တာ၊ စီမံကိန်းတည်ဆောက်နေတဲ့ နေရာတွေ စတာတွေနဲ့ စီမံကိန်း ရုံးတွေရှေ့မှာ ဆန္ဒပြခြင်းဖြင့် အေဒီဘီနဲ့ စီမံကိန်း အကောင်အထည် ဖော်သူတွေက ကိုယ်တွေရဲ့ တောင်းဆိုချက်ကို လေးစား လိုက်နာလာစေ နိုင်ပါတယ်။ကိုယ်ရဲ့ အရေးကိစ္စအတွက်အလည်း ထောက်ခံမှုတွေ ပိုရနိုင်ပြီး ကိုယ်တွေရဲ့ ပြဿနာကို ပိုပြီးတော့လည်း လူသိဖို့ ပိုလုပ်နိုင်ပါတယ်။

ဆန်းသစ်တဲ့ ဆန္ဒပြပွဲတွေ လုပ်ရခြင်းရဲ့ ရည်ရွယ်ချက် တစိတ်တဒေက မီဒီယာ ဆွဲဆောင်ဖို့ ဖြစ်ပြီး နောက်တခုကတော့ အချို့ ကိစ္စတွေမှာ စီမံကိန်းကို ကိုယ်ထိလက်ရောက် ပိတ်ဆို့ တားဆီးနိုင်ဖို့ ပါပဲ။ အဲဒါတွေ လုပ်ခြင်း ဖြင့် စီမံကိန်းအကောင်အထည်ဖော်သူကို စီမံကိန်း အတွက် ပိုကုန်ကျအောင် လုပ်စေနိုင်ပါတယ်။ ဆန္ဒ ပြပွဲတွေကို အကြမ်းမဖက်နဲ့ နည်းနဲ့ အဆင့်တိုင်းမှာ လုပ်ဆောင်ပါ။ အပြင်ကမ္ဘာကို ပြချင်တာက ဒီ စီမံကိန်းက လူတွေက အကြမ်းဖက်နေပြီး ၊ ကိုယ်တွေက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လုပ်နေတယ် ဆိုတာကို အကောင်းဆုံးနည်းလမ်း တွေနဲ့ ပြသဖို့ ပါပဲ။

## ယဉ်ကျေးမှု၊ဂီတ၊အနုပညာနဲ့ လူတွေ ကြည့်ချင်မယ့် ပွဲ တွေ ကို အသုံးချပါ

ကမ်ဘောဒီးယားနိုင်ငံ ဒိုင်ခရာဟွန်း ဒေသခံတွေအဓမ္မရွှေ့ ပြောင်းခံရတဲ့ ဘေးကနေလွတ်ဖို့ ရုန်းကန် လှုပ်ရှားနေတဲ့ အကြောင်းကို ဂီတသမားတွေနဲ့ ရုပ်ရှင်သမား တချို့ ပူးပေါင်းပြီး "မြေကြီး နဲ့ အသက်" လို့ နာမည်ပေးထားတဲ့ သီချင်းဗီဒီယို တခု လုပ်ခဲ့ပါတယ်။ ဒီသီချင်းက လူတွေ ကြားထဲမှာ အရမ်း ရေပန်းစားသွားပြီး နိုင်ငံတဝှမ်း ဒေသအသီးသီးက လူတွေ တောင် ဆိုနိုင်ကြပါတယ်။ ဒီနည်းနဲ့ ပိုမို ကြီးမား ကျယ်ပြန့် တဲ့ လှုပ်ရှားမှု ဖြစ်ဖို့ စေ့ဆော်ပေးပြီး စည်းလုံး ညီညွတ်ဖို့ ကိုလည်း အထောက်အကူ ပြုပါ တယ်။

ထိုင်းနိုင်ငံ မှာလည်း လူတွေ စုစုစည်းစည်းနဲ့ လုပ်ခဲ့လို့ အဆိုပြုထားခဲ့တဲ့ ကဲန်ခန်ဆွာတန် ဆည် ကို နှစ်သုံးဆယ် ရွှေ့ဆိုင်းဖို့ လုပ်နိုင်ခဲ့ကြပါတယ်။ လက်တလော မှာပဲ ဒီရွာကလူတွေ ဗီဒီယို တခု လုပ်ပြီး အင်တာနက် ယူကျူ မှာ ပြသခဲ့ပါတယ်။ဒီထဲမှာ ရွာသူကြီးက "ဒီဆည်ကိုရပ်တန့် ဖို့ ကျွန်တော်တို လုပ်စရာရှိတာ အကုန်လုပ်သွားမှာပါ၊ ဒါကိုခင်ဗျားတို့ ဆက်ဆောက်ဖို့ ကြိုးစားရင် ကျွန်တော်တို့ ကလည်း အဲဒါကို ရပ်ဖို့ တုံ့ ပြန်သွားမှာပါ" ပြောထားသည်။ ထိုဗီဒီယိုကို လူများ ကြည့်လာပြီး နောက် နိုင်ငံတဝန်း မီဒီယာများတွင် စိတ်ဝင်စားမှု အများအပြား ရလာခဲ့သည်။

ကိုယ့်ရဲ့ စည်းရုံးရေး အကြောင်း အမှာစကား စာတန်း ထိုးထားတဲ့ တီရှပ်တွေ အမြောက်အမြား လုပ်ပြီးတော့လည်းကိုယ်နဲ့အတူ လုပ်ရှားရှုန်းကန်နေရသူတွေ အားလုံးရဲ့ ညီညွှတ်မှုကို ပြနိုင်သလို တခြားသူတွေရဲ ့ ထောက်ခံမှုကိုလည်း ပြသနိုင်ပါတယ်။ "အဓမ္မရွှေ့ ပြောင်းမှုတွေချက်ချင်းရပ်! တို့ မြေကြီးနဲ့ တို့ ဘဝ အခုပေး" ဆိုတဲ့စာတန်းပါတဲ့ အကျီ်  တွေကို လူတစ်စုက စလိုက် ပြီးနောက် ကမ်ဘောဒီးယား နိုင်ငံ ဖနွမ်းပင် မှာ ရှိတဲ့ လူအတော်များများက အဲဒီအကျီ် ကို လိုက်ဝတ်ကြပါတယ်။




အဲဒီလိုမျိုး အမြင်အာရုံကို ဖမ်းစားနိုင်တဲ့ မြင်ကွင်းမျိုးတွေဟာ ကိုယ်ရဲ့ အရေးကိစ္စ အတွက် အထောက် အပံ့တွေ ရအောင်လုပ်တဲ့နေရာမှာ အရမ်းထိရောက်ပြီး အထူးသဖြင့် ဆန္ဒပြပွဲတွေနဲ့ အကြမ်းမဖက် အာဏာ **ဖီဆန်ရေး လုပ်ရှားမှု**တွေ ဖန်တီးတဲ့ နေရာမှာ အကျိုးရှိပါတယ်။

## အဖြစ်အပျက် - "အေဒီဘီ ကျောက်မီးသွေးစီမံကိန်း အခုထွက် "



အေဒီဘီ ၏ နှစ်ပတ်လည် ညီလာခံကို ၂၀၀၇ က ဂျပန်နိုင်ငံ တိုကျို မြို့ တွင်လုပ်ခဲ့သည်။ အခမ်းအနား ပထမ နေ့ တွင် အေဒီဘီ ဥက္ကဌ နှင့် ဂျပန်အစိုးရ တာဝန်ရှိသူများမှ အဖွင့်အမှာစကားပြောရန် ရှိပြီး အေဒီဘီ မှလည်း ဖွင့်ပွဲ အတွက် ပြင်ဆက်လျှက်ရှိသည်။ အဖွင့်အမှာစကားအပြီးတွင် ဂျပန်ရိုးရာ အက ဖြင့် တင်ဆက်ဖျော်ဖြေရန် ရှိပြီး သတင်းထောက်နှင့် ဓာတ်ပုံသမား များစွာလည်း တက်ရောက်ရန် ရှိသည်။

စိမ်းစိုငြိမ်းချမ်းရေးအဖွဲ့ (အရှေ့တောင်အာရှဌာနခွဲ)မှ တက်ကြွလှုပ်ရှားသူ တချို့ က ထိုအခမ်းအနားကို အခွင့်ကောင်းယူပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဆိုးဆိုးရွားရွား ဖြစ်စေပြီး၊လူ့ အခွင့်အရေး ထိခိုက် မှု များ ဖြစ်စေသည့် အေဒီဘီ မှ ငွေကြေးထောက်ပံ့ထားသော ကျောက်မီးသွေးတွင်းများနှင့် ကျောက်မီး သွေး စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ များ ကို လူအများ အာရုံစိုက်လာစေရန် စိတ်ကူး တခုရခဲ့သည်။

ပြန်လည်ဖြည့်တင်းနိုင်သောစွမ်းအင် အသုံးပြုရေး လှုံ့ ဆော်နေသည့် နေစွမ်းအင်မျိုးဆက် ဟုအမည်ပေးထား သည့်ကျောင်းသားအဖွဲ့ တဖွဲ့ ကို စိမ်းစိုငြိမ်းချမ်းရေးအဖွဲ့ မှ ဆက်သွယ်မိခဲ့ပြီး ဆန်းသစ်သည့် လှုပ်ရှားမှု အစီအစဉ်ပုံစံသစ် တခု ပြုလုပ်ကြရန် အကူအညီတောင်းခဲ့သည်။ အမျိုးသမီး ခြောက်ဦးမှ အေဒီဘီ အခမ်းအနားသို့ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် တက်ရောက်ပြီး လူအများအံ့သြသွားအောင် လုပ်ပြမည်ဟု ဆိုသည်။ ထိုအမျိုးသမီး များသည် ကီမိုနို (ဂျပန်ရိုးရာ ဝတ်စုံ) ကို ဝတ်ဆင်သွားကြပြီး ဂျပန်ရိုးရာယပ်တောင် တချောင်းစီ ကိုလည်း ယူသွားကြသည်။ ထိုယပ်တောင်များတွင် ဖြန့် ချလိုက်ပါက တွေ့ နိုင်မည့် အထူးစဉ်းစားထားသည့် စကားလုံး တလုံးစီလည်းပါကြသည်။ ဥပဒေဆိုင်ရာ အကူအညီများကိုလည်း ကြိုတင်ရယူထားပြီး အကယ်၍ သူတို့ အဖမ်းခံခဲ့ရပါက တုံ့ ပြန်နိုင်ရန် ဘေးကင်းလုံခြုံရေး အစီအစဉ်လည်း ဆွဲထားသည်။

အခန်းအနား ကျင်းပရာ အဆောက်အဦးထဲသို့ ရောက်ပြီးနောက် အမျိုးသမီးများသည် ကီမိုနို ဝတ်စုံ များကို လဲဝတ်ဆင်ပြီး မိတ်ကပ်လိမ်းချယ်ကာ ဖွင့်ပွဲပြုလုပ်မည့်နေရာသို့ သွားကြသည်။ အေဒီဘီ ဥက္ကဌ မှ အဖွင့် အမှာစကား ပြောရန် အတွက် မိုက်ကရိုဖုန်းဆီသို့ လှမ်းအသွားတွင် အမျိုးသမီး များ ကလည်း သူ့ နောက်တွင် အတန်းလိုက် အသာအယာ ဝင်ရပ်လိုက်ကြသည်။ သူတို့ ကိုအခမ်းအနား အစီအစဉ်တွင် ပါဝင်သည်ဟုထင်ပြီး ဘယ်သူကမှ မတားလိုက်ကြပေ။

ဥက္ကဌ မှ စကားစပြောလိုက်ချိန်တွင် အမျိုးသမီးများမှ အရှေ့သို့ ထွက်လာပြီး သူတို့ ယူလာသော ယပ်တောင် များကို ပြိုင်တူဖြန့် လိုက်ကြသည်။ ယပ်တောင် တခု ချင်းစီတွင် ရေးထားသည်မှာ  "အေဒီဘီ" "ကျောက်မီးသွေးစီမံကိန်း" "အခုရပ်" "သန့် ရှင်း" "စွမ်းအင်" "အခုပေး"

သတင်းထောက်များနဲ့ ဓာတ်ပုံဆရာများကလည်း ချက်ချင်းဆိုသလိုပင် သတင်းရယူကြပြီး ဓာတ်ပုံများ ရိုက်ကြသည်။ ထို့ နောက် အမျိုးသမီး များသည် စင်ပေါ်မှ ဆင်းပြီး အေဒီဘီ သို့ တောင်းဆိုထားသော စာရင်း ပါဝင်သည့် စာရွက်များကို လူကြားထဲ ဝေကြသည်။ လက်ကမ်းစာစောင်ပေါ်တွင် ရာသီဥတု ပြောင်းလဲမှုကြောင့် ထိခိုက်မှုများရည်ညွှန်းဖော်ပြရန် အတွက် ဂျပန်လူမျိုးတို့ ၏ အမျိုးသား သင်္ကေတ ချယ်ရီပန်းပွင့် ပုံ ပါရှိသည်။ ယခုနှစ် အစောပိုင်းက ပူနွေးလာသော ဆောင်းရာသီ ကြောင့် ချယ်ရီများ ချိန်ခါထက် အလွန်စောစီး စွာ ပွင့်ခဲ့ကြသည် ကို လူတိုင်း သိကြသည်။  အမျိုးသမီးများသည် အခမ်းအနား ကို နှောင့်ယှက်ခဲ့ကြသော်လည်း အနုပညာ ဆန်ဆန် လုပ်ခဲ့ကြသဖြင့် တာဝန်ရှိသူ များ အနေဖြင့် သဘောကျစရာ ဖြစ်ခဲ့ပြီး သူတို့ နဲ့ အတူ ဓာတ်ပုံရိုက်ခဲ့ကြသည်။

နောက်တနေ့ မနက် အာရှ တိုက် တဝန်းရှိ သတင်းစာများ၏ မျက်နှာဖုံးတွင် ထိုသတင်းနှင့် ဓာတ်ပုံ ပါလာခဲ့ သည်။ အာရှတိုက် နှင့် ကမ္ဘာတဝန်း ရှိ လူတိုင်းသို့ ဓာတ်ပုံက ပြောနေ သည့် အမှာစကား ကတော့ "အေဒီဘီ ကျောက်မီးသွေးစီမံကိန်း အခုရပ် သန့် ရှင်းစွမ်းအင် အခုပေး"




## ဒီအဖြစ်အပျက်ကနေ ဘာတွေသင်ခန်းစာရလဲ။

လူနည်းနည်းပဲ ပါဝင် ပေမယ့် အင်အားကောင်းတဲ့ လှုပ်ရှားမှု တခုကို ကျွန်တော်တို့ ဖန်တီး နိုင်စွမ်း ရှိကြောင်း ဒီ အဖြစ်အပျက်ကနေ ပြောနေပါတယ်။

ဒီ လှုပ်ရှားမှု အောင်မြင်ခဲ့တာ အကြောင်းတချို့ ရှိပါတယ်။ မီဒီယာ တွေ ရောက်နေပြီး အဆင်သင့် ဖြစ်နေတဲ့ အချိန်ကို ကွက်တိရွေးခဲ့တာ။ ဓာတ်ပုံ ဝိုင်းအရိုက်ခံ ရမယ့် အခွင့်အရေးကို စီစဉ်ခဲ့တယ်။ ဓာတ်ပုံထဲမှာလည်း သူတို့ ပြောချင်တာကသေချာ ရှင်းလင်းပြတ်သားပြီး အဓိက အကျဆုံးပဲ။ ပြီးတော့ သူတို့ လုပ်ခဲ့တာက ကစားနေသလို ပျော်စရာကောင်းပြီး လှပတယ်။ ဂျပန်ရိုးရာဝတ်စုံ နဲ့ ငယ်ရွယ်နုပျိုတဲ့ ကျောင်းသူလေးတွေပါတဲ့ ဒီလှုပ်ရှားမှုဟာ လှလှပပ နဲ့ ပျော်စရာလည်း ကောင်းပြီး ကစားပွဲတခုလိုဖြစ်ခဲ့ပါတယ်။ လူတွေအားလုံးကလည်းဒီလို တီထွင်ဆန်းသစ်တဲ့ မြင်ကွင်းမျိုးကို မြင်ရတာ နှစ်သက်သဘောကျ ကြပြီး အဖမ်းခံရဖို့ မောင်းထုတ်ခံရဖို့ အစား ဒီအမျိုးသမီးတွေက ပြကွက်ကို အောင်အောင်မြင်မြင်နဲ့ ပြီးတဲ့ အထိ လုပ်နိုင်ခဲ့ပါတယ်။

နောက်ဆုံးပေမယ့် အရေးလည်းအကြီးဆုံးကတော့ သူတို့ မှာ ဘေးကင်းလုံခြုံရေး အစီအစဉ်ရှိတာပါ။ ဂျပန်နိုင်ငံမှာလုပ်တဲ့ ဒီလို အစည်းအဝေးတွေရဲ့ အခြေအနေ နဲ့ သူတို့ လုပ်ခဲ့တာက ပါးနပ်ပြီး ဘေးလည်းကင်းပါတယ်။ ဒါပေမယ့် ဒီပြင့် အခြေအနေ တွေ ဒီပြင့် နိုင်ငံတွေမှာ ဒီလို ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြတာဟာ ဘေးကင်းလုံခြုံမှု ရှိချင်မှ ရှိမှာပါ။

မတရားမှုတွေကို လူသိအောင်လို့ တရားဥပဒေ ကို ရည်ရွယ်ချက်ရှိရှိ နဲ့ ချိုးဖောက်ပြီး **အကြမ်းမဖက် တဲ့ နည်းတွေနဲ့ တိုက်ရိုက်တုံ့ပြန်တာ နဲ့ အကြမ်းမဖက် အာဏာဖီဆန်တာ** တွေဟာ ဆန္ဒပြပွဲ တွေရဲ့ ပုံစံ တချို့ပါပဲ။ အဓိက အချက်ကတော့ အခြေအနေ တင်းမာမှုကို ဖန်တီးလိုက်တဲ့ အတွက် စီမံကိန်း ဆောင်ရွက်သူတွေ နဲ့ အစိုးရ သို့ မဟုတ် အေဒီဘီ ကို အဖြစ်အပျက်ကို ဖြေရှင်းဖို့ ဖိအားပေးလိုက်တာပါ။

တကယ်လို့ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု ကို လုပ်တော့မယ် ဆိုရင် ပါဝင်မယ့် သူတွေကို အရင်ဆုံး လေ့ကျင့်ပေးဖို့ လိုပါတယ်(စာမျက်နှာ **၁၈၈** ကိုကြည့်ပါ)။ သတိထားရမှာက ကုမ္ပဏီဘက် ကလည်း သူတို့ လူတွေကို ကိုယ့်အုပ်စုထဲကို ရောထည့်ပြီး အကြမ်းဖက်တဲ့ အပြုအမူ တွေလုပ်အောင် သွေးဆောင်နိုင်ပါတယ်။ပြီးတော့ ကိုယ်တွေကို သိက္ခာ ကျအောင်နဲ့ ကိုယ့်လူတွေကို ထောင်ထဲရောက် အောင် လုပ်ပါလိမ့်မယ်။ ဥပဒေရေးရာ အကြံပေးမယ့်သူရှိဖို့ အရေးကြီးပြီး ဥပဒေကြောင်း အရ ဘယ်ပြဿနာတွေ ရှိတယ်ဆိုတာကိုလည်း သိဖို့ လိုပါတယ်။



**အမျိုးသမီးထုရဲ့ အားကောင်းတဲ့ ဦးဆောင်မှု ရှိတဲ့ ဒေသတွေမှာ ဆိုရင် မိမိတို့ ရဲ့ အိုးအိမ်၊မြေယာတွေ၊ ဘဝတွေကို ကာကွယ်တဲ့ လှုပ်ရှားမှုတွေမှာ သူတို့ ကို တခါတရံမှာ ရှေ့ တန်းတင် ဦးဆောင်စေတာ တွေလည်း ရှိပါတယ်။**

အကြမ်းမဖက် အာဏာဖီဆန်ရေးဟာ တနိုင်ငံလုံးနဲ့ ကိုယ့်ဒေသ က လူတွေက စီမံကိန်းအပေါ် ထားတဲ့ ထောက်ခံမှု အပေါ် မူတည်ပြီး ကောင်းမွန်တဲ့ နည်းဗျူဟာ ဖြစ်နိုင်သလို၊ဖြစ်ချင်မှလည်းဖြစ်မှာပါ။ ဒီလှုပ်ရှားမှုအတွက် အန္တရာယ် အကြီးဆုံးကတော့ အစိုးရနဲ့ စစ်တပ်က ကိုယ်ရဲ့ အဖွဲ့ အစည်းကို လာပြီး ချေမှုန်း နိုင်တာပါပဲ။ ခေါင်းဆောင်တွေ အဖမ်းခံလိုက်ရရင်ပဲဖြစ်ဖြစ်၊ကိုယ့်ရဲ့ စည်းရုံးလှုပ်ရှားမှု က ထောက်ခံမှု ကျသွားရင်ပဲ ဖြစ်ဖြစ် အဲဒီအတွက် သင်အနေနဲ့ တန်ဖိုးကြီးကြီးပေးရပါလိမ့်မယ်။ မလိုလားအပ်တဲ့ ဆန့် ကျင့်ဘက် ရလဒ်လည်း ထွက်လာနိုင်ပြီး လူထုက ကိုယ့်လှုပ်ရှားမှုအပေါ် ဆန့် ကျင်တဲ့ အမြင် ဖြစ်လာနိုင်ပါတယ်။ ဥပဒေကြောင်းအရ ကုန်ကျမှုတွေကလည်း ကိုယ့်ရှိသမျှ အရင်းအမြစ် တွေကို ခန်းခြောက်သွားစေနိုင်ပါတယ်။

**ဘေးကင်းလုံခြုံရေးသာ ပထမ** - ဘာလှုပ်ရှားမှု မှ မလုပ်ခင် ပါဝင်ပက်သက်တဲ့လူတွေ အားလုံးနဲ့ ဘယ်လို အန္တရာယ်တွေ ရှိမယ်၊ ဒါကကောင်းတဲ့ အကြံလား၊ ဒါကိုတော့ မလုပ်တော့ဘူး စသဖြင့် ဆွေးနွေး ပြီးတော့ ဘေးအန္တရာယ် အနည်းဆုံးဖြစ်အောင် ဘယ်လိုလုပ်မယ်ဆိုတာကို ဆွေးနွေးပါ။

## အကြမ်းမဖက်အာဏာဖီဆန်ရေး မလုပ်ခင် စဉ်းစားသင့်တဲ့ မေးခွန်းများ

- ဒီလုပ်ရှားမှုကနေ အကျိုးအမြတ် အများဆုံးထွက်အောင် ဘယ်လို အစီအစဉ်တွေကို ကြိုတင်ပြင်ဆင် ပြီးပြီလဲ။ ဥပမာ- မီဒီယာ တွေနဲ့ **လူ့ အခွင့်အရေး** လေ့လာ စောင့်ကြည့်သူတွေ လာမှာလား။ များသော အားဖြင့် တိုက်ရိုက်တုံ့ ပြန်လှုပ်ရှားမှု တွေရဲ့ အဓိက ရည်ရွယ်ချက်က ရှုပ်ထွေးနေတဲ့ အနေအထားမှာ ပြဿနာကို ဖွင့်လှစ်ပြဖို့ နဲ့ မတရားမှုကို ထိပ်တိုက်ရင်ဆိုင်ပြီး အဲဒါကို မျက်မြင်သက်သေ တွေက သတင်းပြန်ပို့ နိုင်ဖို့ ပါ။
- ဖစ်နိုင်ခြေ ရှိတဲ့ မလိုလားအပ်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေက ဘာလဲ။ အဲဒါတွေကို ရှောင်နိုင်အောင် ဒါမှမဟုတ် ထိန်းချုပ် နိုင်အောင် ဘာတွေ လုပ်ထားရမလဲ။
- ဖြစ်နိုင်တဲ့ ရေတို၊ရေရှည်နဲ့ ကြားကာလ ရလဒ်တွေက ဘာတွေလဲ။
- အားအကောင်းဆုံး အကျိုးဖြစ်အောင်လို့ ဘယ်လို နောက်ဆက်တွဲ လှုပ်ရှားမှု တွေကို လုပ်မလဲ။




အန္တရာယ်ရှိနိုင်ပေမယ့် တိုက်ရိုက်တုံ့ ပြန်လှုပ်ရှားမှုကြောင့် ကိုယ့်ရဲ့ အရေးကိစ္စအတွက် အရေးကြီးတဲ့ အထောက်အပံ့တွေကို တည်ဆောက်နိုင်ပြီး အင်အားကောင်းတဲ့ စည်းရုံးရေး စွမ်းရည် ရလာနိုင်တဲ့ အချိန်အခါ တချို့ လည်းရှိပါတယ်။ အကြမ်းမဖက် လူထုလှုပ်ရှားမှုလုပ်ဖို့ ဆုံးဖြတ်ပြီးပြီ ဆိုရင် မလုပ်ခင် အစီအစဉ် ကြိုဆွဲပါ။ သေချာလေ့ကျင့်ပါ၊ပြီးတော့ မီဒီယာတွေနဲ့ လူ့ အခွင့်အရေး လေ့လာ စောင့်ကြည့် တဲ့သူတွေ လည်း အနားမှာ ရှိပါစေ။

## လုံခြုံဘေးကင်းပါ

ဘယ်လို လှုပ်ရှားမှု မှ မလုပ်ခင် ဘေးကင်းလုံခြုံရေးအစီအစဉ် အရင်ဆွဲထားသင့်သည်။ လှုပ်ရှားမှု မစခင်မှာ ပါမယ့်လူတွေ အားလုံးနဲ့ အစည်းအဝေးလုပ်ပြီး ဖြစ်နိုင်တဲ့ ဘေးကင်းလုံခြုံရေး အစီအစဉ် တွေ၊ပြဿနာတွေ နဲ့ ဒီအစီအစဉ်ကို လုပ်မလား မလုပ်ဘူးလား ၊ထိခိုက်ဒဏ်ရာ ရမှုတွေကို ဘယ်လို ရှောင်ရှားမလဲ စတာတွေကို ဆွေးနွေးပါ။ ဘယ်သူတွေကို ဖိတ်မလဲ၊ မဟာမိတ်တွေ၊ မီဒီယာတွေ၊နာမည် ကြီး တာဝန်ရှိသူတွေ စသဖြင့်။ ဒီလို လုပ်ခြင်းဖြင့် လူတိုင်းက လှုပ်ရှားမှု လုပ်မယ့်နေရာမှာ ရောက် နေပြီး၊ ပွဲကလည်း မထင်မရှား မဟုတ်တော့ဘဲ အားလုံးကိုလည်း အန္တရာယ်ကနေ ကာကွယ် ပေးထားပြီးသား ဖြစ်တယ်။ (စာမျက်နာ **၁၈၆**)

## ဒေသခံတို့ အတွက် လမ်းညွှန် - တီထွင်ဆန်းသစ်တဲ့ တိုက်ရိုက်တုံ့ ပြန်လှုပ်ရှားမှု

တိုက်ရိုက် တုံ့ ပြန်လှုပ်ရှားမှု တွေ ကို ကိုယ့်ရဲ့ ရပ်ရွာ ဒေသကို ကာကွယ်တဲ့ နေရာမှာပဲဖြစ်ဖြစ် ဝေးလံတဲ့ မြို့ ကြီးတွေသွားပြီး ဆန္ဒပြတာပဲဖြစ်ဖြစ် နေရာဒေသ အမျိုးမျိုးမှာ ပြုလုပ်နိုင်ပါတယ်။ အဲဒီ လှုပ်ရှားမှုတွေဟာ သင်ရဲ့ ရေရှည်ရည်မှန်းချက်၊မီဒီယာ မဟာဗျူဟာ၊သင်နဲ့ သင်ရဲ့ **မဟာမိတ်တွေ၊** ထောက်ခံသူတွေ အကြား ရှိတဲ့ နားလည်မှု တွေနဲ့အမြဲ ကိုက်ညီနေရပါမယ်။

တကယ်လို့ သင်က သင်တို့ ပိုင်ဆိုင်တဲ့ နယ်မြေကို ကာကွယ်နေရတာ ဆိုရင် သံသယဖြစ်စရာ လူတွေကို သင်ရဲ့ မြေထဲကို အဝင်မခံရဖို့ တီထွင်ဖန်တီးမှုကောင်းတဲ့ နည်းလမ်းကို စဉ်းစားပါ။

တိုက်ရိုက် တုံ့ ပြန်လှုပ်ရှားမှု ရဲ့ နောက်ထပ်ပုံစံ တခုကတော့ ရပ်ရွာရဲ့ လိုအပ်ချက်ကို ကိုယ့်ဘာသာပဲ ဖြေရှင်းလိုက်တာ မျိုးပါ၊ဒါက ဘာကိုပြသလဲ ဆိုတော့ ရပ်ရွာလူထုက **ဖွံ့ဖြိုးတိုးတက်ရေး** ကိုသူတို ဘာသာ လုပ်နေတယ် ဆိုတာပါပဲ။ သာဓက အားဖြင့် ဆိုရင်




အိန္ဒိယနိုင်ငံ အရှေ့မြောက် ဘက်ရှိ ဒေသခံများမှာ ဆည်ဆောက်မည့် အဆိုပြုချက်ကို ကြားသည်နှင့် စာသင်ကျောင်းတခုကို ထိုဆည်ဆောက်မည့် နေရာတွင် ဆောက်ခဲ့ကြသည်။ထိုသို့ လုပ်ခြင်းဖြင့် လူအများကို **နေရာမှရွှေ့ပြောင်း**ရန် ပိုခက်ခဲသွားပြီး ဒေသအတွက် တန်ဖိုးအသစ်တခုကို ဖန်တီးလိုက်သလိုဖြစ်သည်။ထို့ အပြင်လူငယ်ထု ကိုလည်း အံ့တုမှုဖြစ်စဉ်တွင် စုစည်းညီညွတ်စွာဖြင့် ပါလာစေသည်။

အစည်းအဝေးကို သိမ်းပိုက်ပါ။ ထိုင်းနိုင်ငံတွင် တစ်ခါက အစိုးက ဒေသခံလူထုနဲ့ **ဆွေးဆွေး တိုင်ပင်** ဖို့ ဖိတ်တဲ့ အခါမှာ လူသုံးဆယ်အတွက်ပဲ နေရာရှိတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒေသခံလူထု တွေက ဒီပွဲကို တက်ချင်တဲ့ သူတွေက ဖြစ်တဲ့ နည်းနဲ့ လာကြတာ လူ သုံးထောင် အထိဖြစ်သွား ပါတယ်။ ဒီလူတွေလာတဲ့ အခါမှာ ကြမ်းပြင်ပေါ်မှာ ငြိမ်ငြိမ်ဝပ်ဝပ်နဲ့ နေကြပြီး မေးခွန်းတွေစမေးကြ ပါတော့တယ်။ နောက်တော့ မိုက်ကရိုဖုန်းကိုပါ ယူထားလိုက်ပြီး သူတို့ အလေးထား စိုးရိမ်တာ တွေကို တင်ပြကြပါတယ်။

စီမံကိန်းကို ကွပ်ကဲနေတဲ့ ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူ တွေရဲ့ ရုံးကို သိမ်းပိုက်ပါ။ သာဓက အားဖြင့် ဆိုရင် ထိုင်းနိုင်ငံမှာ လူတစ်ထောင်လောက် ရှိတဲ့ လူအုပ်ကြီးက အစိုးရရုံးတစ်ခုထဲကို ငြိမ်းငြိမ်းချမ်းချမ်း နဲ့ ဝင်သွားပြီး အပြင်ကကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်ကြပါတယ်။ပြီးတော့ အစိုးရ အနေနဲ့ ဒီစီမံကိန်းကို မဖျက်သိမ်းမချင်း ရုံးထဲကနေ ထွက်သွားဖို့ ငြင်းဆန်ကြပါတယ်။

ကိုယ့်နိုင်ငံထဲမှာ ရှိတဲ့ အေဒီဘီ ရုံး အရှေ့ မှာပဲ ဖြစ်ဖြစ် ဖိလစ်ပိုင်နိုင်ငံ မနီလာ မှာ ရှိတဲ့ အေဒီဘီ ရုံး ကိုသွားပြီးတော့ပဲ ဖြစ်ဖြစ် လူပ်ရှားမှုတွေ ပြုလုပ် နိုင်ပါတယ်။ ရုံးရှေ့ မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ထိုင်ပြီး ဆိုင်းဘုတ် တခုဖြစ်ဖြစ်၊တခြားရေးသားဖော်ပြစရာ တခုခု နဲ့ အတူ ရှင်းလင်းပြတ်သားတဲ့ အမှာစကား ကို ပေးပါ။

" *ဒီစီမံကိန်းကို ကျွန်ုပ်တို့ မလိုလားဘူး။ လူတွေအတွက် ကောင်းကျိုးဖြစ်မယ့်၊ လူ့ အခွင့်အရေးနဲ့ သဘာဝ ပတ်ဝန်းကျင်အရေးကို လေးစားတဲ့ တကယ့် ဖွံ့ ဖြိုးရေး စီမံကိန်းကိုပဲ လိုချင်တယ်။*"

သင်တို့ရဲ့ အစိုးရထံကို ဒါမှမဟုတ် ဒေသခံ အာဏာပိုင်တွေထံမှာ ဆန္ဒပြခွင့် လျှောက်ထားတောင်းခံတာက ဗျူဟာတစ်ခု ဖြစ်နိုင်မလား စဉ်းစားကြည့်ပါ။ အချို့အခြေအနေတွေမှာ ဒီလိုလုပ်ခြင်းကြောင့် သင်တို့ အဖွဲ့ကို အဖမ်းမခံရအောင် အကာအကွယ်ဖြစ်နိုင်ပါတယ်။

## အခြားရွေးချယ်စရာ နည်းလမ်းများကို ပြုလုပ်ပါ

အေဒီဘီ က ယူဆောင်လာတဲ့ **ဖွံ့ ဖြိုးတိုးတက်မှု** ဆိုတဲ့ဟာနဲ့ ပက်သက်ပြီးတော့ ဝမ်းနည်းစရာ အကောင်းဆုံး အချက်တွေထဲက တခုကတော့ အဲဒီဟာ တွေက ကျွန်တော်တို့ ဒေသခံလူထု တွေကို ကောင်းမွန်တဲ့ စီမံကိန်းတွေ အတွက်ဦးတည် အလုပ်လုပ်နေရမယ့် အစား ဆိုးရွားတဲ့ စီမံကိန်း တွေကို ဆန့် ကျင်တိုက်ထုတ်ရဖို့ ပဲ တွန်းအားပေးနေတာပါ။ ကျွန်တော်တို့ တကယ်ဘာတွေလိုချင်တယ်၊ လိုအပ် နေတယ် ဆိုတာတွေကို တင်ပြခြင်းဟာ အေဒီဘီ နဲ့ ရင်ဆိုင်တိုက်တဲ့ နေရာမှာ အရေးကြီးတဲ့ နည်းလမ်းတခု ဖြစ်ရုံမက လူတိုင်းရဲ့ **လူ့အခွင့်အရေး**ကို ထိန်းသိမ်း စောင့်ရှောက်ရင်း ကျွန်တော်တို့ ဘာလိုချင်တယ်၊ ဘာလိုအပ်နေတယ် ဆိုတာတွေကို တကယ် ရဖို့ အရေးကြီးတဲ့ ရှေ့ဆက် ခြေလှမ်းလည်း ဖြစ်ပါတယ်။

ဒီလမ်းညွှန်စာအုပ်ရဲ့ အခန်း တစ် မှာ အခွင့်အရေးအခြေခံ ဖွံ့ ဖြိုးတိုးတက်မှု အကြောင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။အဲဒါက ဘာလဲဆိုရင် ဖွံ့ ဖြိုးတိုးတက်မှု ဆိုတာ လူ့ အခွင့်အရေးတွေကို ကျယ်ကျယ်ပြန့် ပြန့် နဲ့ ဖြည့်ဆည်းပေးတာ ဖြစ်ပြီး ကျန်းမာရေး နဲ့ညီညွတ်တဲ့ ဂေဟစနစ်နဲ့ သဘာဝ ပတ်ဝန်းကျင်တို့ ကို မြှင့်တင်ပေးဖို့ ဆိုတဲ့ အတွေးအခေါ်ပေါ်မှာ အခြေခံသင့်ပါတယ်။ ကုန်ကုန် ပြောရရင် အခွင့်အရေး အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်မှု ဆိုတာက မိမိတို့ရဲ့ သင့်တော်တဲ့ လမ်းကြောင်းကို အေဒီဘီ ကဖြစ်စေ အခြား ကြီးမားတဲ့ အဖွဲ့အစည်းများက ဖြစ်စေ ရွေးချယ်ပေးတာထက် မိမိတို့ဘာသာ ရွေးချယ်ခြင်းဘဲ ဖြစ်ပါတယ်

အေဒီဘီ ရဲ့ **ဘေးကင်းလုံခြုံရေးအစီအစဉ်တွေ**ထဲမှာ ဆိုရင် အေဒီဘီ နဲ့ သူနဲ့ ဆက်ဆံ လုပ်ကိုင် နေသူတွေဟာ "ရွေးချယ်စရာများကို ဆန်းစစ်ခြင်း" ကို ပြုလုပ်ရပါတယ်။ အဲဒါက ဘာကို ဆိုလိုလဲ ဆိုတော့ အေဒီဘီ နဲ့ သူ့ ဆက်ဆံလုပ်ကိုင်နေသူတွေဟာ အဆိုပြုထားတဲ့ စီမံကိန်း အပြင် တခြား ရွေးချယ်စရာတွေ ရှိမရှိကို ရှာဖွေဖို့ လိုပါတယ်။ သူတို့ အားလုံးဟာ အဲဒီ လိုအပ်ချက်ကို ချိုးဖောက်ကြပြီး တခြားဖြစ်နိုင်ခြေတွေကို အဲဒီလောက်ကြီး အသည်းအသန် မရှာကြပါဘူး။ ဒါကြောင့် သူတို့ တွေ **တာဝန်ခံမှု** ရှိအောင် ကျွန်တော်တို့ လုပ်သင့်ပြီး ကျွန်တော်တို့ ရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် (စာမျက်နှာ **၉၃** ကိုကြည့်ပါ) အခွင့်အရေး အနေနဲ့ လည်း ကျွန်တော်တို့ ရဲ့ အကြံအစည်တွေကို **စီမံကိန်း လည်ပါတ်မှု**သက်တမ်း (စာမျက်နှာ **၅၁** ကိုကြည့်ပါ) ရဲ့ အစောပိုင်း ကာလမှာပဲ အဆိုတင်သွင်း ရပါမယ်။

သဘာဝပတ်ဝန်းကျင်ကိုလည်း ဖျက်စီးပြီး လူတွေကို နှင်ထုတ်မယ့် ကြီးမားကျယ်ပြန့် ပြီး ဗဟို ဦးစီးချုပ်ကိုင်တဲ့ စီမံကိန်းတွေနဲ့ မ တူဘဲ ဆန့် ကျင်ကွဲပြားစွာနဲ့ အခွင့်အရေးတွေကို လေးစား လိုက်နာ တဲ့ တခြားရွေးချယ်စရာ စီမံကိန်းတွေကို ကျွန်တော်တို့ အ ဆိုပြုနိုင်ပါတယ်။ ဒီစီမံကိန်း တွေ က ဒေသခံလူထုတွေရဲ့ လိုအပ်ချက်တွေနဲ့ ပြဿနာတွေကို **ကိုယ့်ဘာသာ ဖြေရှင်းနိုင်စွမ်း** ကိုလည်း တည်ဆောက် ပေးပါတယ်။

**တခြားနည်းလမ်း**အနေနဲ့ အောက်ပါ ပုံစံနဲ့ စီမံကိန်းတွေကို စဉ်းစားနိုင်ပါတယ်။

- ↳ အငယ်နဲ့ အလတ်စား အရွယ် မှာ အလုပ် အကောင်းဆုံးဖြစ်တဲ့ ဟာမျိုး (ဥပမာ - ဒေသတွေ အားလုံးကို လျှပ်စစ်မီးပေးနိုင်ဖို့ ဆည်အကြီးကြီး ဆောက်တာနဲ့ စာရင် ဒေသခံတွေ လိုအပ်တဲ့ လျှပ်စစ် အတွက် ဆည်အငယ်စား တခုဆောက်တာမျိုး)
- ↳ ရိုးရာ အစဉ်အလာ အတိုင်း မြေယာနဲ့ အရင်း အမြစ်တွေကို စီမံခန့် ခွဲတာကို လေးစားတာ
- ↳ လူသားတွေရဲ့ ဘဝနဲ့ လူနေမှုအဆင့်ကို မြှင့်တင်ပေးတာ
- ↳ ညစ်ညမ်းမှုတွေနဲ့ စွန့် ပစ်ပစ္စည်းတွေ ကို မထွက်အောင် ကာကွယ်ခြင်း သို့ မဟုတ် ရပ်ပစ်ခြင်း
- ↳ ရွှေ့ ပြောင်းရမှာ ထက်စာရင် ကိုယ့်ရဲ့ ရပ်ရွာ သိုင်းဝိုင်းမှာပဲ နေထိုင်ခွင့်ရဖို့ အာမခံချက်ရှိတာ



## အပျက်သဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှု အစား အခြားရွေးချယ်စရာ နည်းလမ်းများကို တင်ပြနိုင်ရန် ဒေသခံတို့ အတွက်အကြံကောင်းများ -

သင်တို့ရဲ့ ဒေသခံတွေ နေထိုင်လိုတဲ့ ပုံစံကို ဥပမာ ပြဖို့ပါတ်ဝန်းကျင်မှာ ရှာဖွေပါ။ ဒေသခံတွေ လိုလားတဲ့ ဦးစားပေးတွေကို အခြားရွေးချယ်စရာ ဖွံ့ဖြိုးရေး အတွက်တင်ပြတောင်းဆိုပါ။

အရင်က ကိုယ့်ရဲ့ ရပ်ရွာနဲ့ ဒေသက ဘယ်လိုပုံစံ ရှိခဲ့တယ်ဆိုတာကို မှတ်တမ်းတွေကနေ လေ့လာပါ။ အဲဒီကနေပြီးတော့ လူတွေရဲ့လိုအပ်ချက်တွေကို ဘာတွေက ဖြည့်ဆည်းပေးခဲ့တယ်၊ ဘာတွေက မလုပ်ပေးနိုင်ခဲ့ဘူး ဆိုတာကို သိရှိဖို့ အထောက်အကူ ပြုပါလိမ့်မယ်။

အဆုံးအဖြတ်ပေးနိုင်တဲ့ သူတွေနဲ့ နှစ်ဦးနှစ်ဖက်တွေ့ ဆုံဆွေးနွေးပွဲတွေ လုပ်ပါ။ပြီးရင် သူတို့ တွေးပုံ ခေါ်ပုံတွေ ကို လွှမ်းမိုးနိုင်ဖို့ ကြိုးစားပါ။

ကိုယ့်တင်ပြထားတဲ့ အခြားနည်းလမ်း အပေါ်မှာ ထောက်ခံမှု ပေးနိုင်တဲ့ သိပ္ပံ ပညာရှင်တွေနဲ့ ပညာရှင် တွေကို မဟာမိတ် ဖွဲ့ ပါ။

သင်တို့ အတွက် တကယ့် "ဖွံ့ ဖြိုးတိုးတက်မှု" အစစ် ဆိုတာ ဘာလဲလို့ ဆုံးဖြတ်ချက် ပေးနိုင်အောင် အလုပ်ရုံ ဆွေးနွေးပွဲ တခု လုပ်ပါ။ (စာမျက်နှာ ၂၁ နဲ့ ၁၄၈ က လေ့ကျင့်ခန်းတို့ ကိုကြည့်ပါ) အချို့ ဒေသခံ လူထုအဖွဲ့ အစည်းတွေက ဒီလိုလုပ်ခဲ့ဖူးပြီး အဲဒီသူတို့ရဲ့ စိတ်ကူးတွေကို နံရံပေါ်မှာ ရေးဆွဲထားပြီး လူတွေအားလုံး မြင်ရအောင် ပြသထားကြတယ်။

တစ်ခါတစ်ရံမှာ အခြားသောနည်းလမ်းတစ်ခုက ရှိပြီးသားစီမံကိန်း အတွက် ဖြစ်နိုင်သည့် အခြားနည်းလမ်းကို မြှင့်တင်ပေးပါတယ်။ ရှိပြီးသား လမ်းမ၊ ရထားလမ်း သို့မဟုတ် ပိုက်လိုင်းတွေ အတွက် လမ်းကြောင်းသစ်တွေ ကို တင်ပြပြောဆိုနိုင်ပါတယ်။ အခြားအချိန်တွေမှာ သင်တို့ရဲ့ အခြားနည်းလမ်းဆိုတာတွေက ရှိနေတဲ့ စီမံကိန်း တစ်ခုကို လုံးဝဆန့်ကျင်ပြီး လုံးဝကွဲပြားခြားနားတဲ့ တစ်ခုကို တောင်းဆိုတာမျိုးလည်း ဖြစ်တတ်ပါတယ်။ ကျောက်မီးသွေး လျှပ်စစ်ဓါတ်အားရုံကို ပိတ်ခိုင်းပြီး အဲဒီအစား လေအားလျှပ်စစ်စက်ရုံ တည်ခိုင်းနေတာမျိုးပေါ့။



# သင်တို့၏ ဒေသခံလူထုကို စိတ်ကူးပုံဖော်ပေးပါ

**ရည်ရွယ်ချက်။** ။ ဒေသခံလူထုကို ၎င်းတို့ လိုလားသော အနာဂတ် ကို ပုံဖော်နိုင်ရန် အကူအညီပေးသည့် စကားဝိုင်း ဖြစ်ပေါ်လာစေရန် ကူညီပံ့ပိုးပေးပါ။

**အချိန်။** ။ (၃) နာရီ



**လိုအပ်သည့် ပစ္စည်းများ။** ။ စက္ကူအကြီးကြီး၊ ဆော့ပင်ကြီး ကြီးများ၊ စာရွက်၊ ကပ်ရန်တိပ်။

ဤလေ့ကျင့်ခန်းသည် အုပ်စုတစ်ခုအတွင်းတွင် ဒေသခံ လူ့အဖွဲ့အစည်းအတွက် ကောင်းမွန်သည့်အပြောင်းအလဲ များကို ဖြစ်ပေါ်စေမည့် အကြောင်းကို ပြောဆိုဆွေးနွေးရန် ရိုးရှင်းပြီး ပျော်စရာကောင်းသည့် နည်းဖြစ်ပါသည်။

## ၁။ ဖြစ်စဉ်ကို စီစဉ်ရေးဆွဲပါ

အားလုံး စကားပြောရန် နှင့် ဝေမျှအသိပေးရန် သက်တောင့်သက်သာ ရှိမည့်နေရာတစ်ခုတွင် စည်းဝေးတွေ့ဆုံရန် ကြိုတင်စီစဉ်ပါ။ စကားဝိုင်းကို ကူညီအထောက်အပံ့ပေးရန် သင့်တွင်ရှိသော ပစ္စည်းများ နှင့် နေရာကို မည်သို့ အသုံးပြုမည်ကို စဉ်းစားပါ။ ဖြစ်နိုင်ပါက လူတိုင်းရေးသားရန် နှင့် ပုံဆွဲရန် စာရွက်နှင့် ဘောပင်များ လုံလောက်အောင် ယူလာပါ။

ဆွေးနွေးပြောဆိုရန် မေးခွန်းများကို ဖော်ထုတ်သတ်မှတ်ပါ။ မေးခွန်းများသည် ဆွေးနွေးပြောဆိုမှု မှသည် လက်တွေ့ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းရန်ဦးတည်ပေးရမည်။ အချို့မေးခွန်းများအတွက် ရိုးရှင်းလွယ်ကူသော "ဟုတ်တယ်"၊ "မဟုတ်ဘူး" ဆိုသော အဖြေရှိလိမ့်မည် မဟုတ်ပါ။ သင်တို့၏ ရည်ရွယ်ချက် နှင့် ရရှိသော အချိန်ပေါ်တွင် မူတည်၍ အုပ်စုလိုက် မေးခွန်းတစ်ခုတည်းကို ရှာဖွေပြောဆိုခြင်း သို့မဟုတ် ထိုအစား မေးခွန်းများစွာကို ပြောဆိုရှာဖွေခြင်း ပြုလုပ်နိုင်သည်။

ဥပမာများ။ ။

- တို့တွေအားလုံး ကိုယ်နေချင်တဲ့ ပုံစံနဲ့ နေလို့ရတယ်ဆိုရင် ငါတို့ ဘယ်လိုများ နေကြမလဲ။
- လူတိုင်းအတွက် ပိုကောင်းတဲ့ ဘဝတွေ ဖြစ်ပေါ်စေဖို့ ငါတို့ ဒေသခံပြည်သူတွေကြားမှာ ဘာတွေ ပြောင်းလဲရမလဲ။
- တကယ်လို့ အေဒီဘီကို သူ့ရဲ့ပိုက်ဆံတွေကို ဘယ်လိုအသုံးပြုသင့်တယ် ဆိုတာငါတို့ ပြောလို့ရမယ် ဆိုရင် ငါတို့ ဘာတွေ ပြောကြမလဲ။ ငါတို့ ဒေသခံပြည်သူတွေကြားမှာ ဘယ်လို အကျိုးသက်ရောက်မှုတွေ ရှိမလဲ။

## ၂။ အခင်းအကျင်း နှင့် ကြိုဆိုမှု

ပါဝင်ဆွေးနွေးသူများကို အဖွင့်စကားပြောပေးပြီး လုပ်ငန်းစဉ်ကို ရှင်းပြကြိုဆိုပါ။ ပါဝင်သူများကို လုပ်ငန်းစဉ်ကဘာလဲ၊ ဘာတွေ မျှော်လင့်ထားသလဲ ပြောပြပါ။ သူတို့ကို လုပ်ငန်းစဉ်၏ ရည်ရွယ်ချက် သည် အစီအစဉ်တစ်ခု သို့မဟုတ် ဆုံးဖြတ်ချက် တစ်ခုဖြစ်ပေါ်လာစေရန် မဟုတ်ဘဲ မေးခွန်းကြီးကြီးများကို အဖြေရှာဖွေ စဉ်းစားပြီး ရှေ့ဆက်လုပ်ဆောင်ရန် ဖြစ်နိုင်သည့် နည်းလမ်းများ ရှာရန် ဆိုသည်ကို ပြောပြထားပါ။

## ၃။ အုပ်စုငယ်များဖွဲ့၍ ဆွေးနွေးခြင်း

ဤလုပ်ငန်းစဉ်ကို အုပ်စုငယ်များအတွင်း အကြိမ်ကြိမ်ဆွေးနွေးခြင်းဖြင့် စတင်ပါသည်။ အကြိမ်တိုင်းတွင် မိနစ် (၂၀) ခန့်ကြာမြင့်ပြီး ဆွေးနွေးရန် မေးခွန်းတစ်ခုဖြင့် စတင်သည်။ အုပ်စုတိုင်းအတွက် မေးခွန်းအတူတူ သော်လည်းကောင်း မတူညီသောမေးခွန်းများ သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိနစ် (၂၀) တိုင်းတွင် ပထမဦးစွာ ဘာတွေ ဆွေးနွေးခဲ့သည်ကို ဖြည့်စွက်ပြောဆိုရန် နှင့် နောက်အုပ်စုကို ကြိုဆိုရှင်းပြမည့် သူတစ်ဦး မှလွဲ၍ လူအားလုံးကို အခြားအုပ်စုသို့ ပြောင်းသွားပါစေ။ ဖြစ်နိုင်သော မေးခွန်းများတွင် အောက်ပါတို့ ပါဝင်သည်။

- သင်တို့သိသော သနားကြင်နာတတ်ဆုံး၊ ဉာဏ်ပညာအရှိဆုံး သူအကြောင်းကိုတွေးပါ။ ဒေသခံလူထုအတွက် သူ/သူမ က ဘယ်လိုဖွံ့ဖြိုးတိုးတက်မှု တွေ ဖြစ်စေလိုသလဲ။

- တို့တွေရဲ့ ကလေးတွေကို သူတို့ ကြီးပြင်းလာတဲ့ အခါမှာ တို့တွေ ဘယ်လိုနေစေချင်ကြသလဲ။ အဲဒါတွေ ဖြစ်နိုင်ဖို့ ကူညီတဲ့အနေနဲ့ တို့ ဘာတွေ အတူတူလုပ်နိုင်ကြသလဲ။
- တို့တွေ မလုပ်ရသေးတဲ့ လူအခွင့်အရေးအတွက် အတူတကွလက်တွဲလုပ်နိုင်တာတွေကို ဘယ်လိုလုပ်နိုင်ကြသလဲ။

### ၄။ မှတ်တမ်းပြုလုပ်ပြီး ဖြန့်ဝေပေးပါ

အုပ်စုငယ်များ ဆွေးနွေးပြီးချိန် သို့မဟုတ် ကြားချိန်များတွင် လူများကို သူတို့ ဆွေးနွေးပြောဆိုချိန်တွင် ရရှိခဲ့သော စိတ်ကူးစိတ်သန်းများ ကို အုပ်စုကြီးတစ်ဖွဲ့လုံးကို အသိပေးပြောဆိုရန် ဖိတ်ကြားပါ။ ဆွေးနွေးမှုများကို မှတ်တမ်းတင်ရန် စာပါပုံကားချပ် သို့မဟုတ် ပန်းချီကားချပ် ကို စာရွက်ပေါ်တွင် တစ်ယောက်ယောက်ကို ရေးဆွဲထားခိုင်းပါ။ စကားဝိုင်းများကို တစ်ဦးက နားထောင်ထားပြီး စိတ်ကူးများကို ရောက်စုံဆော့ပင်များဖြင့် စာရွက်ပေါ်တွင် ပုံဆွဲရေးမှတ် ထားခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

- ပါဝင်ဆွေးနွေးသူတစ်ဦးစီ၏ ပါဝင်ဆောင်ရွက်မှု ကို အားလုံးရေးမှတ်ထားခြင်းဖြင့် ပါဝင်ဆောင်ရွက်မှု တိုးတက်စေပြီး ယုံကြည်မှု ပိုရှိလာစေပါသည်။

- အတူတကွ အကြောင်းအရာအချက်အလက်များ ကို ပြသထားခြင်းဖြင့် ကွဲပြားခြားနားသည့် အတွေးအမြင်စိတ်ကူးများကို စုစေပါင်းရေးယှက်ပြုလုပ်ထားပေးပြီး တစ်ဦးအမြင်အပေါ်တစ်ဦးက ထပ်မံတည်ဆောက်ခြင်းကို အထောက်အကူဖြစ်စေသည်။

ဆွေးနွေးမှုတွင် ပေါ်လာသောပုံသဏ္ဍာန် သို့မဟုတ် သဘောတူညီမှုများကို ရှာဖွေရန်ကြိုးစားပါ။ ပေါ်ထွက်လာသော အဓိက အကြောင်းအရာခေါင်းစဉ်များ နှင့် မေးခွန်းများကို ပါဝင်ဆွေးနွေးသူများကို သတ်မှတ်ခိုင်းပါ။




### ၅။ နားလည်မှု စစ်ဆေးခြင်း

တွေ့ဆုံပွဲကို အဆုံးသတ်သည့်ပုံစံမှာ မည်သည့်မေးခွန်းများကို ဆွေးနွေးကြသည် နှင့် တစ်အုပ်စုလုံး မည်သို့ ခံစားရသည် ဆိုသည့်အပေါ်မူတည်သည်။သင်တို့၏ စိတ်ကူးများကို လက်တွေ့ ကျင့်သုံးရန် သို့မဟုတ် အစီအစဉ်များ ရေးဆွဲခြင်း သို့မဟုတ် ဆွေးနွေးပြောဆိုမှုများကို ဆက်လက်ပြုလုပ်ရန် နောက်ထပ် ပွဲတစ်ခုကို လည်း စီစဉ်နိုင်သည်။ အစီအစဉ်ကို ဂုဏ်ပြုပွဲ၊ သီချင်း၊ ကိုယ်လက်လှုပ်ရှားမှု တစ်ခု သို့မဟုတ် စားပွဲ တစ်ခုဖြင့်လည်း အဆုံးသတ်နိုင်သည်။ အရေးကြီးသည်မှာ လူအားလုံး အင်အားအပြည့်ဖြင့် သို့မဟုတ် အပြောင်းအလဲအတွက် အတူတကွရှေ့ဆက်လုပ်ဆောင်ရန် စိတ်လှုပ်ရှားမှု အပြည့်ဖြင့် ထွက်ခွာသွားရန် ဖြစ်ပါသည်။

*မှတ်ချက်။ ။ဤလေ့ကျင့်ခန်းမှာ ဝေါလ်ကဖေး မှ ပြုလုပ်ထားသော နည်းလမ်းကို အနည်းငယ် ပြုပြင်ထားခြင်း ဖြစ်သည်။ ထပ်မံ၍ အခြားအချက်အလက်များကို ပိုမိုသိရှိလိုပါက http://www.theworldcafe.com စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။*

## စည်းရုံးလှုပ်ရှားမှု လုပ်နေစဉ် အတွင်း စိတ်ဓာတ်တက်ကြွနေရန် လုပ်ပေးခြင်း

**မဟာစီမံကိန်းကြီးများ**ကို ရပ်တန့် ရန်နှင့် ဖွံ့ ဖြိုးမှု နှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များကို ဩဇာ လွှမ်းမိုးရန် အတွက် ရပ်ရွာဒေသအတွင်း စည်းရုံးလှုပ်ရှားမှု များမှာ များသောအားဖြင့် ကာလ ရှည်ကြာပြီး၊ နှစ်အတန်ကြာ လှုပ်ရှားရုန်းကန် ကြရလေ့ရှိသည်။ တခါတရံတွင် လမ်းတလျှောက်တွင် ပင်ပန်းနွမ်းနယ် နိုင်ပြီး မျှော်လင့် ချက်များလည်း ပျောက်သွားနိုင်သည်။ မိမိကိုယ်ကို အထူးဂရုစိုက်ရန်နှင့် အောင်မြင်မှု တခုခု ရတိုင်း အောင်ပွဲ ဆင်နွဲရန် အထူးပင် အရေးကြီးသည်။ မိမိတို့ ၏ လူ့ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် ဒေသခံများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းမှာ ညတွင်းချင်းဖြစ်နိုင်မည်မဟုတ်ပေ။ အချိန်များစွာ လိုသည်။ လှုပ်ရှားရုန်းကန် မှု တလျှောက် ကျွန်တော်တို့ ရဲ့ စိတ်ဓာတ်တွေကို နည်းလမ်းအသစ် တွေနဲ့ တက်ကြွ နေအောင် လုပ်ပေးနေမယ် ဆိုရင် အင်အားကောင်းတဲ့ စည်းရုံးလှုပ်ရှားမှု တွေကို တည်ဆောက်နိုင်မှာ ဖြစ်ပြီး ရေရှည်သွားရမယ့် ခရီးအတွက်လည်း အားတွေ ရှိနေစေမှာပါ။



## ၃-၃ ကောက်နှုတ်ချက်။ ။ တရားမျှတသော ပြောင်းလဲဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု ဆီသို့

နေ့စဉ်နေ့တိုင်းလိုလိုမှာပဲ ကမ္ဘာတဝန်းမှာ ရှိတဲ့ လူထုအသိုင်းအဝိုင်းတွေဟာ **လူ့အခွင့်အရေး**နဲ့ ကမ္ဘာမြေကြီး အတွက် အောင်ပွဲတွေ ရနေကြပါတယ်။ တီထွင်ဆန်းသစ်တဲ့ လှုပ်ရှားမှုတွေ နဲ့ အတူ ပိုကောင်းတဲ့ **ဖွံ့ဖြိုးရေး**လုပ်ငန်းမျိုး ဆိုတာ ဖြစ်နိုင်ကြောင်း လှုပ်ရှားသူတွေဟာ ဒေသခံ လူထုတွေကို စိတ်ဓာတ်တက်ကြွ နေအောင် လုပ်ပေးနေကြပါတယ်။ **လူထုအင်အား** ကို အသုံးပြုပြီးတော့ ဒေသခံ အသိုင်းအဝိုင်းတွေနဲ့ လူမှုလှုပ်ရှားမှုတွေဟာ အစိုးရတွေ၊ နိုင်ငံတကာဘဏ်တွေနဲ့ ကော်ပိုရေးရှင်းတွေ ကို အပြောင်းအလဲ အတွက် ဖိအားတွေ ပေးလျှက်ရှိပါတယ်။



ဆိုးရွားတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းတွေကို ရပ်တန့်ဖို့ ရာ အတော်လေးကြိုးစားလုပ်ကြရပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ချမှတ်ထားတဲ့ နည်းလမ်းတွေကို အပြောင်းအလဲ လုပ်ဖို့ ဆိုရင် ပိုပြီးတော့ တောင် အလုပ်လုပ်ဖို့ လိုပါတယ်။ အဲဒီလို အပြောင်းအလဲတွေလုပ်ဖို့ ဆိုရင် အင်အားကြီးတဲ့ အစိုးရ တွေကို အံတုနိုင်ဖို့ လိုတယ်၊ဘဏ်ကြီးတွေကို စိန်ခေါ်နိုင်ဖို့ လိုတယ်၊ နိုင်ငံတကာကော်ပိုရေးရှင်းကြီး တွေနဲ့ တိုက်ပွဲ ဝင်နိုင်ဖို့ လိုပါတယ်။ အဲဒါက တပြန့်တပြောကြီး လုပ်ရမယ့် အလုပ်ဖြစ်ပြီး ခက်ပါတယ်။ နှစ်တွေ အများကြီးကြာအောင် လုပ်နိုင်တဲ့ ခိုင်မာတဲ့ သံန္နိဌာန် လိုပါတယ်။ အောင်မြင်မှုတွေ နဲ့ ရှုံးနိမ့် မှု တွေလည်း ကြုံရနိုင်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ အတူတူ လက်တွဲ လုပ်ကြတဲ့ အခါ၊ စုပေါင်းခေါင်းဆောင်မှုကို တည်ဆောက် နိုင်တဲ့ အခါ၊ အတွေ့အကြုံတွေနဲ့ ဗဟုသုတတွေကို မျှဝေကြတဲ့ အခါ၊ ကျွန်တော်တို့ အားလုံးဟာ အပြောင်းအလဲ အတွက် အင်အားကောင်းပြီး ဘယ်အခြေအနေမဆို ကြံ့ကြံ့ ခံနိုင်တဲ့ လှုပ်ရှားမှု အဖြစ် ကြီးထွားလာနိုင်ပါတယ်။ **အပျက်သဘောဆောင်တဲ့ ဖွံ့ဖြိုးရေး**လုပ်ငန်းတွေရဲ့ နည်းလမ်း တွေ ကို ကျွန်တော်တို့ အတူတကွလက်တွဲလုပ်ကိုင်ပြီး စိန်ခေါ် ရင်းနဲ့ တဦးတယောက်ချင်းအနေနဲ့ နည်းနည်း ကျဉ်းကျဉ်းပဲ ဖြစ်ဖြစ် လူအများနဲ့ စုပေါင်းလို့ ပဲဖြစ်ဖြစ် လူ့အခွင့်အရေးတွေကို တကယ်ရရှိ လာအောင် ကျွန်တော် တို့ လုပ်နိုင်ပါတယ်။ မှန်ကန်တဲ့ အရာတွေ အတွက် ကျွန်တော်တို့ မားမား မတ်မတ် ရပ်တည်ကြရတဲ့ အခါမှာ နည်းလမ်း အနေနဲ့ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ကိုယ့်အရပ် ဒေသက နည်းလမ်းတွေနဲ့ ရော နိုင်ငံတကာ နည်းလမ်းတွေကိုပါ သုံးပြီး ဒီကမ္ဘာကို ကျွန်တော်တို့ ပြောင်းလဲ နိုင်ပါတယ်။



# နောက်ဆက်တွဲ ၁

## ပညာရပ်ဆိုင်ရာ ဝေါဟာရ များ စာရင်း

**တာဝန်ခံနိုင်မှု ရှိခြင်း** တစ်ဦးချင်း၊ စီးပွားရေး လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်း တို့မှ ၄င်းတို့၏ ပြုမူဆောင်ရွက်မှုများ အတွက် ၄င်းပြုမူမှုများကို ပြည်သူများသိအောင် အချက်အလက်များ ပေးဖို့ တာဝန်ကို လက်ခံရန် တာဝန်ရှိသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ၏ နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ယူမှု ယန္တရားက ဒေသခံလူထုအသိုက်အဝန်းများကို အေဒီဘီ၏ လုပ်ဆောင်မှုများ ကြောင့် ဖြစ်ပေါ်သော နစ်နာမှုများ အတွက် တာဝန်ခံမှုကို တောင်းဆိုရန် လမ်းကြောင်းကို ပုံဖော်ပေးသည်။

**နောက်ဆက်တွဲ ဖြစ်ရပ်များ တာဝန်ခံမှု ယန္တရား** ၄င်းမှာ အေဒီဘီ စီမံကိန်း များ ကြောင့် ဖြစ်လာသည့် ပြဿနာများနှင့် ပက်သက်သည့် အများပြည်သူများ၏ ဝေဖန်အကြံပြုချက်များ ကို  တင်ပြ ဆွေးနွေးနိုင်သည့် အေဒီဘီ ရှိ ဖိုရမ်(ဆွေးနွေးတိုင်ပင်ရာနေရာ) တခုဖြစ်ပြီး စီမံကိန်းများမှာ အေဒီဘီ ၏ မူဝါဒ များကို လိုက်နာခြင်း ရှိမရှိကို ကူညီစောင့်ကြပ်ပေးသော နေရာတခုလည်းဖြစ်သည်။

**နောက်ဆက်တွဲ ပြဿနာများကို တာဝန်ခံနိုင်ခြင်း**တစ်စုံတစ်ယောက် ၏ ပြုမူဆောင်ရွက်ချက် ကို တာဝန်သိစွာ တုံ့ပြန်ခြင်း နှင့် တစ်ဦးတစ်ယောက်၏ စိတ်ထက်သန်မှုကို လေးစားရန် ရည်ရွယ်ထားခြင်း။

**သင့်တင့်မျှတသော အိမ်ရာနေထိုင်မှု** နိုင်ငံတကာဥပဒေများတွင် သင့်တင့်မျှတသော အိမ်ရာနေထိုင်မှုကို ငြိမ်းချမ်းစွာနှင့် လူ့ဂုဏ်သိက္ခာ နှင့်အညီ နေထိုင်နိုင်ရန် အတွက် လုံခြုံစိတ်ချရမှုရှိပြီး ခိုင်မာသည့် နေအိမ်ကို ပိုင်ဆိုင်ရန် လူတိုင်းတွင် ရှိသည့်အခွင့်အရေး ဟုသတ်မှတ်ထားသည်။ သင့်တင့်မျှတသည့် အိမ် နေထိုင်မှုဆိုသည်မှာ ခိုင်မာသည့် ဥပဒေနှင့်အညီ ဝယ်ယူရန် နှင့် ပိုင်ဆိုင်ရန် တတ်နိုင်သော မြေပိုင်ဆိုင်ခွင့်ရှိခြင်း၊ ထိုနေရာတွင်လည်း အခြေခံ ဝန်ဆောင်မှုများကို ပေးထားခြင်းရှိပြီး ကျယ်ဝန်းမှု နှင့် သီးသန့်ဆန်မှု ရှိခြင်း၊ နေရာကောင်းခြင်း နှင့် အိမ်တွင်နေထိုင်မည့်သူများ ၏ ယဉ်ကျေးမှုကိုလည်း လေးစားမှုရှိခြင်း တို့နှင့် ပြည့်စုံသည့်အိမ် ကို ခေါ်သည်။

**လှုပ်ရှားတောင်းဆိုရန် နည်းဗျူဟာများ** ကော်ပိုရေးရှင်းများ၊ ဘဏ်များ နှင့် အစိုးရတို့၏ မူဝါဒများ၊ ဥပဒေများ၊ သို့မတဟုတ် ပြုမူဆောင်ရွက်ချက်များကို ဆုံးဖြတ်ချက်ချသည့် သူများကို လွှမ်းမိုးနိုင်မည့် နည်းလမ်းများ။

**စိုက်ပျိုးရေးသုံး ဓါတုပစ္စည်းများ** စက်မှုရုံများမှ ထုတ်သော ဓါတုပစ္စည်းများဖြင့် ပြုလုပ်ထားသော ပိုးသတ်ဆေးများ နှင့် ဓါတ်မြေသြဇာများ။

**မဟာမိတ်များ၊ အကျိုးတူမိတ်ဆွေများ** တူညီသော အကြောင်းရင်း အတွက် သင်တို့ နှင့် အတူ လက်တွဲ တိုက်ပွဲဝင်မည့် သို့မဟုတ် ရည်ရွယ်ချက် ချင်းတူသည့် အလုပ်ကိုလုပ်နေကြသည့် အဖွဲ့ အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များ။

**သမရိုးကျမဟုတ်သော နည်းလမ်းများ** (သို့မဟုတ်) အခြားဖြစ်နိုင်သော နည်းလမ်းများ) တရားဝင် မူဝါဒများ သို့ မဟုတ် ဖွံ့ ဖြိုးရေး စီမံကိန်း များနှင့် မတူညီဘဲ ကွဲပြားခြားနားသည့် နည်းလမ်းများဖြင့် လုပ်ကိုင် ခြင်း

**အကျိုးအမြတ်ခွဲဝေခြင်းအပေါ်** သဘောတူညီချက် စီမံကိန်း မှ တကယ့်အကျိုးအမြတ်ရရှိ ခံစားခွင့်ရရေး ခိုင်မာရေးအတွက် ဒေသခံ အစုအဖွဲ့ များနှင့် စီမံကိန်းတည်ဆောက်သူများ အကြား ထားရှိသည့် သဘောတူညီချက်

ဘက်လိုက်ခြင်း တစုံတရာ သို့ မဟုတ် တစုံတဦး နှင့် ပက်သက်ပြီး (တဖက်သက်) သဘောထားအမြင် ရှိခြင်း

**အများပြည်သူနှင့်သက်ဆိုင်သည့် အခွင့်အရေးများ** နိုင်ငံ့အရေးနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက် များတွင် လူတိုင်း အပြည့်အဝ ပါဝင် ဆုံးဖြတ်ခွင့် အခိုင်အမာ ရှိသည့် လူ့အခွင့်အရေး တရပ်ဖြစ်သည်။ နိုင်ငံတကာဥပဒေများ၊ လုပ်ထုံး လုပ်နည်း များတွင်လည်း ထို အခွင့်အရေးကို ပြဌာန်းထောက်ခံထားသည်။ နိုင်ငံတကာဥပဒေများ နှင့် ဖွဲ့ စည်းပုံဥပဒေ များအပါအဝင် အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း တွင်လည်း ထို အခွင့်အရေး ကို စွဲကိုင်ထားသည်။

**အရပ်ဖက် အဖွဲ့ အစည်းများ** မိမိတို့ ဘဝ အပေါ် လွှမ်းမိုးမှု ရှိလာမည့် ဆုံးဖြတ်ချက်အများအပေါ်တွင် တုံ့ ပြန် ထိန်းချုပ် နိုင်ရေးအတွက် လုပ်ဆောင်နေသည့် စုစည်းထားသော လူအုပ်စုများ၊ မိသားစုများ၊ အရပ်သားများ စသဖြင့်

**တွန်းအားပေးမှု ခြိမ်းခြောက်** အကြပ်ကိုင်မှု၊ ဖိအားပေးမှု ပုံစံ မျိုးစုံတို့ ဖြင့် မိမိကိုယ်ပိုင် သဘောထားဆန္ဒ မပါဘဲ လုပ်ဆောင် စေရန် တစုံတဦးကို အဓမ္မ လုပ်ဆောင်ခြင်း

**လျော်ကြေး** ပျက်စီး ဆုံးရှုံးသွားမှု အတွက် ပြန်လည် အစားပေးသည့် အရာ သို့ မဟုတ် လုပ်ဆောင်မှု

**ဝေဖန်သူ** မှားယွင်း ချွတ်ချော်မှု အတွက် ဝေဖန်ထောက်ပြမှုများ နှင့် ငြင်းဆန်မှုများ ကို စုဆောင်းတင်ပြ အသိပေးသူ။

**ဝေဖန်မှု** ထိခိုက်မှု တစုံတရာဖြစ်ပြီဟု ယုံကြည်သည့် အတွက် ထုတ်ဖော်ပြောကြားခြင်း။ ငြင်းဆန်မှုများ (grievance) ကိုလည်းကြည့်ပါ။ဝေဖန်ချက်များအပေါ်တွင် မူဝါဒစည်းကမ်း စည်းမျဉ်းများ နှင့် တိုင်းတာ သုံးသပ်ခြင်း

**အေဒီဘီ** မှ ရန်ပုံငွေ ဖြင့် လုပ်ဆောင်နေသည့် စီမံကိန်း များ အနေဖြင့် ဘေးကင်း လုံခြုံရေးမူဝါဒ များ ကို ချိုးဖောက်ခြင်း ရှိမရှိ ကို လေ့လာသုံးသပ်သည့် တရားဝင် လုပ်ငန်းစဉ် တခု

**အတိုင်ပင်ခံ အကြံပေး** ကျွမ်းကျင်အကြံဉာဏ်များ သို့ မဟုတ် လုပ်ငန်းများကို လုပ်ဆောင်ပေးသူ။ အစိုးရများ နှင့်ကုမ္ပဏီ များအနေဖြင့် အေဒီဘီ စီမံကိန်း ကာလ အတွင်း အကြံပေး များကို လုပ်ငန်းဆောင်တာ မျိုးစုံအတွက် ငှားရမ်း အသုံးချနိုင်သည်။

**ဆွေးနွေးတိုင်ပင်ခြင်း** လူတဦးချင်းဖြစ်စေ အစုအဖွဲ့ ဖြင့် ဖြစ်စေ ၎င်းတို့ ၏ သဘောထားအမြင့်နှင့် တုံ့ပြန် ချက်များကို တောင်းခံသည့် အစည်းအဝေး။ (meaningful consultation (အဓိပ္ပါယ်ရှိသော တိုင်ပင်ဆွေးနွေးမှု) ကိုလည်း ကြည့်ပါ။)

**အကျင့်ပျက်ခြစားခြင်း** ကိုယ်ပိုင်အကျိုးအမြတ်များ တရားမဝင် ရရှိရန် အတွက် ဩဇာအာဏာ ကို အသုံးချခြင်းနိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (စီပီအက်စ်)အေဒီဘီမှထောက်ပံ့ထားသော စီမံကိန်းများ၏ ရည်ရွယ်ချက် နှင့် နိုင်ငံအတွင်း မည်သည့်ကဏ္ဍများတွင် ဦးစားပေး ဖွံ့ ဖြိုးရေးလုပ်ဆောင်ရန်လိုမှု တို့ ကို အစိုးရနှင့်အေဒီဘီတို့ အကြား ထုတ်ဖော်ရေးဆွဲထားသည့် စီမံကိန်းပလန်

**စူးစူးစိုက်စိုက် စဉ်းစားတွေးခေါ်ခြင်း** သတင်းအချက်အလက်များနှင့်သဘောထားအမြင်များကို စနစ်တကျ ရယ်ရွယ်ချက် ရှိရှိဖြင့် သုံးသပ်အဖြေရှာ တတ်သည့် ယုတ္တိဗေဒ ကျကျ စဉ်းစားတွေးခေါ်ခြင်း

**ဓလေ့ထုံးတမ်းစဉ်လာ ဥပဒေများ** အများအားဖြင့် တိုင်းရင်းသား လူမျိုးစုအဖွဲ့ များအတွင်း ရှိကြသည့် ရိုးရာအစဉ်အလာ အတိုင်းဖြစ်တည်လာသော ဥပဒေများ။ ဓလေ့ထုံးတမ်းဥပဒေများမှာ အစဉ်အလာအတိုင်း လက်ခံလုပ်ကိုင်လာခဲ့ကြသည့် အချက်များအပေါ် မူတည်ပြီး ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၎င်းတို့ ကို စာဖြင့်ချရေးသားထားနိုင်သလို စာရွက်ပေါ်မတင်ထားသော အစဉ်အလာများလည်း ရှိနိုင်သည်။ နိုင်ငံလုံးဆိုင်ရာ ဥပဒေ စနစ် အနေဖြင့် ထို ဓလေ့ထုံးတမ်း ဥပဒေ များ ကို လက်ခံခြင်းရှိနိုင်သလို လက်မခံသည်လည်း ဖြစ်နိုင်သည်။

**နားလည်မှု စစ်ဆေးခြင်း** လူပ်ရှားမှု တစ်ခု သို့မဟုတ် အတွေ့အကြုံတစ်ခုကို ပြန်လည်တွေးတော ဆင်ခြင်ရန် အတိုချုပ်ပြောသည့် စကား။

**အကြွေး** ဘဏ်သို့မဟုတ် အခြားငွေချေးပေးသူ တို့ထံမှ ငွေကို ချေးယူလိုက်သောအခါ ငွေကို ပြန်လည်ပေးချေ ရမည်။ ထိုပြန်ပေးရမည့်ငွေကို အကြွေး ဟုခေါ်သည်။ အများအားဖြင့် ငွေချေးခြင်းအားဖြင့် စားရိတ်ပိုမို ကုန်ကျမှု ရှိသည် (အတိုး တွင်လည်း ကြည့်ပါ)။ ထို့အပြင် အခြားအပို ငွေကလည်း အကြွေး၏ အစိတ်အပိုင်း တစ်ခု ဖြစ်လာသည်။

**အဖျက်သဘောဆောင်သည့် ဖွံ့ ဖြိုးရေးလုပ်ငန်းများ** လူသားများနှင့်သဘာဝပတ်ဝန်းကျင် ကို ထိခိုက်အန္တရယ် ရှိနိုင်သည့် ဖွံ့ ဖြိုး ရေးလုပ်ငန်းများ

**ဖွံ့ ဖြိုးတိုးတက်ရေးလုပ်ငန်းများ** တစုံတရာ ကို တိုးတက်ကြီးထွားစေရန် လုပ်ဆောင်ခြင်း သို့ မဟုတ် အသစ် ဖန်တီးခြင်း။ "ဖွံ့ ဖြိုးရေး" ဆိုသည့်စကားလုံးကို ဆည်မြောင်း၊လမ်းတံတား၊အဆောက်အဦး စသည့် အခြေခံအဆောက်အဦးများ တည်ဆောက်ခြင်းနှင့် ပက်သက်သည့် ("ရုပ်ပိုင်းဆိုင်ရာ အဆောက်အဦများ တိုးတက်ရေး စီမံကိန်းများ") အတွက် သုံးစွဲနိုင် သကဲ့ သို့ ဝင်ငွေရနိုင်သည့် ("စီးပွားရေး ဖွံ့ ဖြိုးရေး လုပ်ငန်းများ")အတွက်လည်း သုံးနိုင်သည်။ပညာရေးကဏ္ဍကိုမြှင့်တင်ခြင်း၊ကျားမအခွင့်အရေး တန်းတူဖြစ်ရေးစသည့် ရုပ်ဝတ္ထုမဟုတ်သည့် ကဏ္ဍများ အတွက်လည်းသုံးနိုင်သည်။ သို့ သော်လည်း ဖွံ့ ဖြိုးတိုးတက်ရေး ဆိုသည့် လုပ်ငန်းအားလုံးအနေဖြင့် အပေါင်းလက္ခဏာဆောင်သည့် ပြောင်းလဲရေးကို လုပ်ပေးနိုင်သည်တော့ မဟုတ်ပေ။

**ဖွံ့ ဖြိုးရေးလုပ်ငန်းဆိုင်ရာ တရားမျှတမှု** ဖွံ့ ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွင်း ကျိုးကြောင်းဆီလျော် မျှတသော အပြုအမူ ဖြင့်ဆက်ဆံ ခံရခြင်း ၊၎င်းတို့ အထဲတွင် မိမိသဘောထားဆန္ဒအတိုင်းလုပ်ပိုင်ခွင့်ပေးခြင်း၊ ပူးပေါင်းပါဝင်လုပ်ပိုင်ခွင့်ရခြင်း၊ စီမံကိန်း ၏ ရိုက်ခတ်မှု ခံရသည့် လူအားလုံးအနေဖြင့် မည်သူတဦးတယောက်မှ ထိခိုက်ခံရခြင်း၊ ဆင်းရဲမွဲတေသွားစေခြင်းမရှိဘဲ ဖွံ့ ဖြိုးရေး စီမံကိန်းမှ သာတူညီမျှသော ရလဒ်ကို ရရှိခြင်း စသည်တို့ ပါဝင်သည်။

**လူ့ဂုဏ်သိက္ခာ** ရှိသေးလေးစားမှုကို ခံရထိုက်သော သို့မဟုတ် လေးစားမှုကို ခံရရန် ထိုက်တန်သော

**နေရာမှ ဖယ်ထုတ်ခြင်း/ရွှေ့ပြောင်းခြင်း** လူများကို ၎င်းတို့၏ မြေယာများ၊ နေအိမ်များ နှင့် ပိုင်ဆိုင်မှု ပစ္စည်းများကို သို့မဟုတ် ၎င်းတို့၏ ဘဝရပ်တည်ရေး သို့မဟုတ် သဘာဝရင်းမြစ်များ ကို အသုံးပြုခြင်းကို ဆုံးရှုံးရစေသော ဖြစ်စဉ်။ ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် လူများကို ရုပ်ပိုင်းဆိုင်ရာ (ရုပ်ပိုင်းဆိုင်ရာ ရွှေ့ပြောင်းခံရမှု တွင်လည်းကြည့်ပါ) သို့မဟုတ် စီးပွားရေးအရ (စီးပွားရေးအရ ဖယ်ထုတ်ခံရမှု ကိုလည်းကြည့်ပါ) ရွှေ့ပြောင်းရမှုများကို ဖြစ်ပေါ်စေသည်။

**အငြင်းပွားမှုများကို ဖြေရှင်းခြင်း** ပြဿနာတစ်ခုကို ဆွေးနွေးပြောဆိုခြင်း ဖြင့် အဖြေရှာခြင်း (ပြဿနာဖြေရှင်းခြင်း တွင်လည်းကြည့်ပါ)။ အေဒီဘီ၏ နောက်ဆက်တွဲဖြစ်ရပ်များကို တာဝန်ယူသည့်ယန္တရား က အငြင်းပွားမှု ပြဿနာများ ဖြစ်ပွားသည့် အခါ ဒေသခံများကို စီမံကိန်းဆောင်ရွက်သူများ နှင့် သဘောတူညီမှုရရှိအောင် အငြင်းပွားမှုများကို ဖြေရှင်းမှုများ ပြုလုပ်သည်။

**သတင်းအချက်အလက် ထုတ်ပြန်ပေးခြင်း** သတင်းအချက်အလက် တစုံတရာကို သိရှိစေရန် လုပ်ဆောင် ပေးခြင်း သို့ မဟုတ် ကူညီဖြည့်စွမ်းပေးခြင်း

**စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများ** ကောင်းမွန်သောလူနေမှုဘဝနှင့်ကျန်းမာရေးအခြေအနေကို ရပိုင်ခွင့်၊ ပညာ သင်ကြားပိုင်ခွင့်၊အိုးအိမ်ပိုင်ဆိုင်ခွင့် စသည့် လူသားများ၏ ဘဝအရည်အသွေး ပြည့်ဝမှု နှင့် အသက်ရှင်သန်နေထိုင်မှု နှင့်ပက်သက်သည့် လူအခွင့်အရေးများ။ထို စီးပွားရေး၊လူမှုရေး နှင့်ယဉ်ကျေးမှု ဆိုင်ရာ လူ့ အခွင့်အရေးများကို ICESCR (စီးပွားရေး၊လူမှုရေး နှင့်ယဉ်ကျေးမှု ဆိုင်ရာ လူ့ အခွင့်အရေးများ အပေါ်နိုင်ငံတကာသဘောတူညီချက်)ကဲ့ သို့ သော အပြည်ပြည်ဆိုင်ရာ လူ့ အခွင့်အရေး သဘောတူညီချက်များအပြင် နိုင်ငံတကာဥပဒေ အများအပြား နှင့် ဖွဲ့ စည်းပုံအခြေခံဥပဒေများ ကလည်း အသိအမှတ်ပြု ကာကွယ်ပေးထားကြသည်။

**စီးပွားရေးအရ ရွှေ့ ပြောင်းအခြေချနေထိုင်ရမှု** ဖွံ့ ဖြိုးရေးစီမံကိန်းများကြောင့် လူအချို့ ၏ အသက်ရှင်နေထိုင်မှု ဆုံးရှုံးသောအခါ ပြောင်းရွှေ့ အခြေချရမှု ဖြစ်လာသည်။ အသက်ရှင်နေထိုင်မှုအတွက် လူအများမှီခိုနေရသည့် အရင်းအမြစ်များ သည် ဖွံ့ ဖြိုးရေး စီမံကိန်းများစွာ ကြောင့် ထိခိုက်ပျက်စီးရမှုများ ဖြစ်ပေါ်လာပြီး လူများမှာ စီးပွားရေးအရ ရွှေ့ပြောင်းအခြေချရမှု ဖြစ်လာရသည်။

**စီးပွားရေး တိုးတက်ဖြစ်ထွန်းမှု** ထုတ်ကုန် နှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရေအတွက် အချိန်နှင့်အမျှ တိုးတက်များပြားလာခြင်းကို ခေါ်သည်။ ဖွံ့ ဖြိုးရေးစီမံကိန်း အများစုသည် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အပေါ်တွင်သာ အခြေခံ စဉ်းစားပြီး အခြား လူများလိုအပ်နိုင်သည့် အရာများကို လစ်လျူရှုထားလေ့ရှိသည်။

**ရပိုင်ခွင့်** တစုံတရာအား ပိုင်ဆိုင်ခွင့်၊ လုပ်ကိုင်ခွင့်၊ ရယူပိုင်ခွင့် စသည့် အခွင့်အရေးများ ကို ခေါ်သည်။

**သဘာဝပါတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ မထိခိုက်ရေး ဌာန** အေဒီဘီ ရှိ ဤရုံးသည် စီမံကိန်းလုပ်ငန်းများက လုံခြုံရေးမူဝါဒများ ကို တိကျသေချာစွာ လိုက်နာစေရန် ဆောင်ရွက်ရသည့် တာဝန်ရှိသည်။

**သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု** သဘာဝပတ်ဝန်းကျင် အတွက် အန္တရာယ်ရှိသော အပြောင်းအလဲ သို့ မဟုတ် တားဆီးနှောင့်ယှက်မှု

**သဘာဝပတ်ဝန်းကျင် အပေါ် အကျိုးသက်ရောက် မှုဆန်းစစ်လေ့လာချက်** အဆိုပြုလာသော စီမံကိန်းတခုကြောင့် သဘာဝပတ်ဝန်းကျင် အပေါ်တွင် ကောင်းကျိုး၊ဆိုးကျိုးများ မည်ကဲ့သို့ သက်ရောက်နိုင်သည်ကို ကြိုတင် လေ့လာမှု ကို ခေါ်သည်။ သဘာဝ ပတ်ဝန်းကျင် အပေါ်တွင် ထိခိုက်မှု ရှိနိုင်သည့် အေဒီဘီ ၏ ဖွံ့ ဖြိုးရေး စီမံကိန်း အားလုံးသည် သဘာဝပတ်ဝန်းကျင် အပေါ် အကျိုးသက်ရောက်မှုဆန်းစစ်လေ့လာချက် (အီးအိုင်အေ) ကို မဖြစ်မနေ လုပ်ကြရသည်။

**သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်** စီမံကိန်းဆောင်ရွက်အကောင်အထည်ဖေါ်သူ က သဘာဝပါတ်ဝန်းကျင်အပေါ်တွင် ထိခိုက်မှုများကို မည်သို့ မည်ပုံရှောင်လွှဲမည်၊ အနည်းဆုံးဖြစ်အောင် ပြုလုပ်မည် သို့မဟုတ် ထိန်းချုပ်ရန် စီမံမည်တို့ကို ရှင်းပြပြောဆိုရန် ပြင်ဆင်ထားသော စာရွက်စာတမ်းတစ်ခုဖြစ်သည်။ ဤအစီအစဉ် တွင် ထိန်းချုပ်စီမံကွပ်ကဲရသည့် အကျိုးဆက်ကို အရင်ဦးစွာ ပြီးစီးရမည့် သဘာဝပါတ်ဝန်းကျင် အပေါ် အကျိုးသက်ရောက်မှု အစီရင်ခံစာ (EIA) တွင် အစိတ်အပိုင်းတစ်ခု အဖြစ်ပါဝင်သည်။

**အကဲဖြတ်ခြင်း** စီမံကိန်း တခု ၏ အောင်မြင်မှု သို့ မဟုတ် ကျရှုံးမှု အပေါ်တွင် လေ့လာသုံးသပ်သည့် လုပ်ငန်းစဉ်

**နှင်ထုတ်ခြင်း** တစုံတဦးအား ၄င်းတို့ နေအိမ်၊ ခြံမြေ နှင့် အများအားဖြင့် အသက်မွေးရပ်တည်မှု လုပ်ငန်းများ မှ အင်အားသုံးပြီး ထွက်ခွာစေခြင်း၊

**လက်တွေ့ လုပ်ငန်းများကို လုပ်ဆောင်ရသည့် ဌာနစိတ် (အေဂျင်စီ)** စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်သည့် အဖွဲ့အစည်းဌာန တစ်ခုဖြစ်သည်။ လုပ်ငန်းကို အကောင်အထည် ဖော်သည့် အဖွဲ့ သို့မဟုတ် စီမံကိန်းကို ဆောင်ရွက်သူများ ဟုလည်း သိကြသည်။

**တွင်းထွက်သယံဇာတ တူးဖော်ရေး စက်မှုလုပ်ငန်းများ** ရေနံ နှင့် သတ္တုတွင်းတူးဖော်ဖြင်း ၊ သစ်ခုတ်လှဲခြင်း စသကဲ့သို့ မြေပေါ်မြေအောက် သယံဇာတ များကို အဓိကထား တူးဖော်ထုတ်ယူသော စီပွားရေး လုပ်ငန်းများကို ခေါ်ဆိုသည်။

**ကနဦး အခြေခံအချက်အလက်များ ရှာဖွေသည့် လုပ်ငန်း** အခြေအနေတစ်ခုကို လေ့လာရန် သို့မဟုတ် စုံစမ်းရန် အတွက် အဖွဲ့ လိုက် တရားဝင်လာရောက် လည်ပါတ်ခြင်း။ ဥပမာ - အေဒီဘီ မှ အတိုင်ပင်ခံ အကြံပေးပုဂ္ဂိုလ်များ က တင်ပြထားသည့် စီမံကိန်း ၏ လုပ်ငန်းခွင်နေရာသို့ စီမံကိန်းလုပ်ငန်း၏ အကျိုးဆက်များကို လေ့လာရန် လာရောက်ခြင်း။

**ငွေကြေးထောက်ပံ့ခြင်း** တစုံတဦး သို့ မဟုတ် တစုံတရာ အား ငွေကြေး ထောက်ပံ့ခြင်း။ အေဒီဘီ သည် အစိုးရများနှင့် ကုမ္ပဏီများအား ငွေချေးခြင်း သို့ မဟုတ် ကုမ္ပဏီများတွင် ရင်းနှီးမြုပ်နှံခြင်း အားဖြင့် ဖွံ့ ဖြိုးရေး စီမံကိန်း များအား ငွေကြေးထောက်ပံ့သည်။

**အဓမ္မ ရွှေ့ ပြောင်းအခြေချနေထိုင်ရခြင်း** ကိုယ်ပိုင် သဘောထားဆန္ဒမပါဘဲ မိမိတို ၏ မြေယာအိုးအိမ်များ၊လူနေမှုဘဝများ မှ စွန့် ခွာ နေထိုင်ရခြင်း၊

**ကြိုတင်အသိပေး ထားခြင်းခံရသော မိမိတို့** သဘောထားဆန္ဒအတိုင်းလွတ်လပ်စွာ သဘောထားပေးပိုင်ခွင့်

စီမံကိန်း နှင့်ပက်သက်သော အမြင်မတူသော သဘောထားများကို  စီမံကိန်းမစတင်ခင်တွင် ခြိမ်းခြောက်အကြပ်ကိုင်မှုဖိအားပေးမှု၊လိမ်လည်လှည့်ဖြားခံရမှုတို့ မပါဘဲ လွတ်လပ်စွာ(free) ကြိုတင်(prior)ထုတ်ဖော်ပြောပိုင်ခွင့် ရှိရမည်။ ၄င်းတို့ မှာ စီမံကိန်းနှင့်ပက်သက်ပြီး သင့်လျော် တိကျသော သတင်းအချက်အလက်များ (informed) မှ တဆင့် လာခြင်းဖြစ်ရမည်။

**ကျားမကွဲပြားမှု အတွက် အစီအစဉ်** အေဒီဘီမှ ငွေထုတ်ပေးထားသော စီမံကိန်းဆောင်ရွက်သူ တစ်ဦးမှ အမျိုးသမီးများကို မည်သို့ ပြည့်စုံစွာ ဆွေးနွေးမည် နှင့် စီမံကိန်းကို အစီအစဉ်ရေးဆွဲရာတွင် ပါဝင်အောင် ပြုလုပ်မည် စသည်တို့ကို ဖော်ပြရန် အတွက် ပြုလုပ်ရမည့် အစီအစဉ်ရေးဆွဲမှု။

**ငြင်းဆိုမှု ပြုခြင်း** တရားဝင် ဝေဖန် ကန့်ကွက်လွှာ။

**မကျေနပ်မှုများကို တိုင်ကြားသည့် စံနစ်** ဒေသခံများမှ ၄င်းတို့၏ မကျေနပ်မှုများ သို့မဟုတ် ကန့်ကွက်မှုများ ကို စီမံကိန်းဆောင်ရွက်သူ သို့မဟုတ် လွတ်လပ်သော အဖွဲ့အစည်း တစ်ခုထံသို့ တင်ပြပြီး ပြဿနာကို ဖြေရှင်းရန်/ နစ်နာမှုများကို ပြန်လည်ကုစားပေးရန် တောင်းဆိုသည့် ဖြစ်စဉ် သို့မဟုတ် နည်းနာအခွင့်အလမ်း။

**စပ်မျိုးစေ့များ** အပင်၏ အချို့သော မျိုးရိုးဗီဇကို ရရှိရန်အတွက် မျိုးစပ်ဖော်ထုတ်ထားသည့် သစ်စေ့များ။ ၄င်းတို့ကို လယ်သမားများ ထံသို့ နှစ်စဉ် ရောင်းချပေးသည်။

**လူ့အခွင့်အရေးများ** ကျား၊မ၊လူမျိုး၊ဘာသာ၊တိုင်းပြည် ခွဲခြားမှု မရှိဘဲ လူသားတိုင်း ပိုင်ဆိုင်သည့် အခြေခံ အခွင့်အရေးများကို ခေါ်သည်။ လူသားတိုင်းတွင် မွေးရာပါ တူညီသော ဂုဏ်သိက္ခာ နှင့် အခွင့်အရေးများ ရှိသည်။ ဘေးကင်းလုံခြုံစွာ အသက်ရှင်နေထိုင်ပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊လွတ်လပ်စွာလက်ထပ်ထိမ်းမြားခွင့် မိသားစုနှင့် နေထိုင်ခွင့် စသည်တို့ မှာ လူ့ အခွင့်အရေး တွင် အကျုံးဝင်သည်။

**အစုအဖွဲ့လိုက် လူ့အခွင့်အရေး** အစုအဖွဲ့လိုက် လူ့အခွင့်အရေးများက လူ့အုပ်စုလိုက်ကို အကာအကွယ်ပေးသည်။ ဥပမာ အစုအဖွဲ့လိုက် ပိုင်ဆိုင်မှုများ ရရှိခွင့်၊ အဖွဲ့တစ်ခုလုံး အလိုက် ကိုယ်ပိုင် စီရင်ဆုံးဖြတ်ခွင့်တို့ကို  စုပေါင်းအခွင့်အရေးများ အဖြစ် ပိုင်ဆိုင်သည့် ဌာနေလူမျိုးစုများ။

**ပုဂ္ဂလ လူ့ အခွင့်အရေး** ၄င်းမှာ လူသားတဦးချင်းစီကို ကာကွယ်ပေးသည့် လူ့ အခွင့်အရေးမျိုးဖြစ်သည်။ ဥပမာ အားဖြင့် ဆိုလျှင် ကလေးငယ်တဦး တစ်ယောက်အတွက်။

**လူ့အခွင့်အရေး ချိုးဖောက်ခြင်း** လူတစ်ဦးကို သူ၏ လူ့အခွင့်အရေးများကို အလုံးစုံ ပြည့်ဝစွာ ခံစားအသုံးပြုနိုင်ခွင့်မှ ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း။

**လူ့အခွင့်အရေး အက်ဥပဒေ** လူ့အခွင့်အရေးများကို ကာကွယ်ပေးသည့် နိုင်ငံအလိုက်၊ ဒေသအလိုက် နှင့် နိုင်ငံတကာ ဥပဒေများ။ လူ့အခွင့်အရေး အက်ဥပဒေများတွင် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံရေး နှင့် နိုင်ငံသားများ ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် စသည့် နိုင်ငံတကာ သဘောတူညီမှု စာချုပ်များ နှင့် သဘောတူညီထားသည့် လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။

**သက်ရောက်မှု** အင်အားကြီးမားပြီး သို့ မဟုတ် ရေရှည်သက်ရောက် နိုင်သောလွှမ်းမိုးမှု သို့ မဟုတ် အကျိုးသက်ရောက်မှု

**အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်း** စီမံကိန်းတစ်ခုကို ဆောင်ရွက်သည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။ စီမံကိန်းဆောင်ရွက်သူ (project developer) သို့မဟုတ် လက်တွေ့ ဆောင်ရွက်အကောင်အထည်ဖော်သည့် အဖွဲ့ (executing agency) ဟုလည်း အများကသိကြသည်။

**ဆင်းရဲမွဲတေစေမှု** လူအများအား ပိုမိုဆင်းရဲသွားအောင် ဖြစ်စေခြင်း သို့ မဟုတ် ပိုင်ဆိုင်မှုများကို ဖျက်စီးပစ်ခြင်း၊ယူဆောင်သွားခြင်း

**ဝင်ငွေပြန်လည်ရရှိစေမည့်အစီအမံများ** ၄င်းမှာ ရွှေ့ပြောင်းအခြေချပြီးနောက်ပိုင်းတွင် လူများအနေဖြင့် နဂိုမူလ အသက်ရှင်နေထိုင်မှု ဘဝ ကို ပြန်လည် ရောက်ရှိစေရန် ကူညီပေးမည့် ပြန်လည်ထူထောင်ရေး အစီအစဉ် ၏ တစိတ်တပိုင်း ဖြစ်သည်။

**ဌာနေတိုင်းရင်းသားများ** ဌာနေတိုင်းရင်းသားများ နှင့်ပါတ်သက်၍ လူတိုင်းအားလုံး လက်ခံထားသည့် တစ်ခုတည်းသော အဓိပ္ပါယ်ဖွင့်ဆိုချက် တစ်ခု မရှိပါ။ အဓိပ္ပါယ်သတ်မှတ်ချက် အများအပြားတွင် ဘုံတူညီချက်ရှိသည့် အချက်အချို့တွင် - မိမိတို့ကိုယ်ကို ဌာနေ လူမျိုးစုများဟု သတ်မှတ်ထားသည့် အုပ်စုအဖွဲ့၊ ဘိုးဘွားစဉ်ဆက် အစဉ်အဆက်ပိုင်ဆိုင်ကြသည့် သို့မဟုတ် ရှေးကတည်းက နေလာကြသည့် မြေယာများကို တွင် ရှိနေကြသူများ၊ သို့မဟုတ် ထူးခြားသည့် ယဉ်ကျေးမှု သို့မဟုတ် ဘာသာစကားကို ကျင့်သုံးကြသူများ စသည်တို့ပါဝင်သည်။ သမိုင်းစဉ်လာအရ ဌာနေတိုင်းရင်းသားများမှာ နိုင်ငံအစိုးရများ ၏ ဖိနှိပ်ပစ်ပယ်မှုကို ခံစားကြရပြီး၊ နိုင်ငံကို လွှမ်းမိုးခြယ်လှယ်နေကြသည့် ယဉ်ကျေးမှုကို ပိုင်ဆိုင်သော လူမျိုးများနှင့် နှိုင်းယှဉ်လျှင် ဆင်းရဲမွဲတေမှု နှင့် ဖိနှိပ်ချုပ်ချယ်မှုကို ခံရရန် ပိုမို အန္တရာယ်ရှိနေကြသည်။ ၂၀၀၇ ခု နှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ ဌာနေလူမျိုးစုများအတွက် အထူးအခွင့်အရေးများကို ဌာနေလူမျိုးစုများ၏ အခွင့်အရေး ကြေငြာစာတမ်းကို ထုတ်ပြန်ခြင်းဖြင့် အသိအမှတ်ပြုပေးခဲ့သည်။

**လူမျိုးစုတိုင်းရင်းသားများ အတွက် အစီအစဉ်** စီမံကိန်း ကြောင့် ဌာနေတိုင်းရင်းသားများ အပေါ် သက်ရောက်နိုင်သည်များကို ဖြေရှင်းရန် အေဒီဘီ မှ ရန်ပုံငွေ ပေးထားသည့် စီမံကိန်း အကောင်အထည်ဖော်သူများ ရေးဆွဲထားသည့် အစီအစဉ် တခု ဖြစ်သည်။

**အခြေခံ အဆောက်အဦးများ** ဆည်မြောင်းတာတမံများ၊ လမ်းတံတားများ၊အဆောက်အဦးများ စသဖြင့် တည်ဆောက်ထားသမျှ ကို ဆိုလိုသည်။

**ကနဦး လူနေမှုနှင့် ဆင်းရဲမွဲတေမှု လေ့လာဆန်းစစ်ချက်** စီမံကိန်းဒေသတွင်း ရှိ လူများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို သိရှိနားလည်နိုင်ရန် အေဒီဘီ နှင့် စီမံကိန်း အကောင်အထည် ဖော်သူများက စီမံကိန်း စတင်ချိန်တွင် ပထမဆုံး အနေဖြင့် လုပ်ဆောင်သည့် လေ့လာချက်

**အတိုးအကျိုးအမြတ်** ဘဏ် သို့ မဟုတ် ငွေချေးသူများ အနေဖြင့် ချေးငွေ မှ ရရှိသည့် အတိုးအမြတ်။ ငွေချေးယူပြီး ပြန်ဆပ်ရသည့် အခါတွင် ယူထားသည့်ပမာဏ နှင့် အချိန်တို့ အပေါ်တွင် မူတည်ပြီး ထပ်ဆင့် ပေးရသည့် ငွေ။

**အလိုဆန္ဒမပါဘဲ နေရာရွှေ့ပြောင်းကြရခြင်း** လူအများကို ၎င်းတို့ နေရာ ရွှေ့ပြောင်းချင်သည်၊ မရွှေ့ပြောင်းချင်သည်ကို ရွေးချယ်ခွင့်မပေးဘဲ သို့မဟုတ် ၎င်းတို့ကို ခွင့်မတောင်းဘဲ အခြားနေရာများတွင် နေထိုင်စေခြင်း သို့မဟုတ် ရွှေ့ပစ်ခြင်း။ (ပြန်လည်နေရာချထားခြင်းကိုလည်း ကြည့်ပါ။)

**ပမာဏ ကြီးမားကျယ်ပြန့်ခြင်း** ကြီးမားကျယ်ပြန့် သည့် နေရာအတိုင်းအတာ ပေါ်တွင် လုပ်ကိုင်ခြင်း၊သို့ မဟုတ် လူအများအပြား ပစ္စည်းအများအပြား သုံးပြီးလုပ်ကိုင်ခြင်း ၊ ဖွံ့ဖြိုးရေးစီမံကိန်း အများစုသည် မြေဧကနှင့်အရင်းအမြစ် အတော်များများကို သုံးပြီးလုပ်ကိုင်ကြသည့် အတွက် ကြီးမားကျယ်ပြန့် ကြသည်။

**ချေးငွေ သဘောတူညီချက်** အေဒီဘီ နှင့် စီမံကိန်းအကောင်အထည်ဖော်သူများ၊အစိုးရ အကြားတွင် အေဒီဘီက စီမံကိန်းအား ချေးငွေပေးမည့် အကြောင်း သဘောတူညီချက်

**အနှစ်သာရ ရှိသည့် ဆွေးနွေးတိုင်ပင်မှု** ၎င်းမှာ အေဒီဘီ နှင့် နိုင်ငံတကာ အဖွဲ့ အစည်းများ က သုံးလေ့ ရှိသည့် တရားဝင် ဝေါဟာရတခုဖြစ်သည်။ ဆွေးနွေးအကြံပေးမှုများနှင့် သတင်းအချက်အလက်များကို မျှဝေသည့် အခါတွင် ချိန်ခါကိုက်ဖြစ်ခြင်း၊ နားလည်ရှင်းလင်း သဘောပေါက်ရန် လွယ်ခြင်း၊ ခြိမ်းခြောက် အကျပ်ကိုင်မှု ဖိအားပေးမှု များ မပါခြင်း၊ အားလုံးပါဝင်နိုင်ခွင့်ရှိခြင်း၊ အကာအကွယ်မဲ့ပြီး ဖယ်ထုတ်ခံ ထားရသည့် လူအများ၏ လိုအပ်ချက်နှင့်လုပ်ကိုင်နိုင်ရည်ကို ထည့်သွင်းစဉ်းစားခြင်း၊ သက်ရောက်မှု ခံရသည့်လူအားလုံး၏ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်မှုကို အာမခံခြင်း စသည့် အချက်များကို အနှစ်သာရရှိသည့် ဆွေးနွေးတိုင်ပင်မှု ဟု ဆိုလိုခြင်းဖြစ်သည်။

**ရောမ စီမံကိန်း** ဆည် ဆောက်ခြင်း ၊သတ္တုတွင်း တူးဖော်ခြင်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း ကဲ့သို့ သော ကြီးမားသည့် အဆောက်အဦတည်ဆောက်မှု စီမံကိန်း။

**စောင့်ကြည့်လေ့လာခြင်း** တစ်စုံတစ်ခုကို အချိန်ကာလတစ်ခု အတွင်းတွင် အနီးကပ်ဆက်တိုက် စောင့်ကြည့်ခြင်း။

**အစိုးရမဟုတ်သော အဖွဲ့ အစည်းများ** အစိုးရ နှင့် မပက်သက်ဘဲ လုပ်ကိုင်သည့် အဖွဲ့ အစည်းများ၊ အန်ဂျီအို များသည် လူမှုရေးအထောက်အပံ့များပေးခြင်း၊ လူ့ အခွင့်အရေးအခြေအနေ စောင့်ကြည့်လေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး စသည်တို့ ကို လုပ်လေ့ရှိသည်။

**အစိုးရမဟုတ်သည့် တာဝန်ရှိသူများ** ကော်ပိုရေးရှင်းများ၊ အန်ဂျီအိုများ၊ပုဂ္ဂလအဖွဲ့ အစည်းများ နှင့် အေဂျင်စီ များကို ခေါ်ခြင်းဖြစ်ပြီး ၎င်းတို့ သည်လည်း လူ့ အခွင့်အရေးဆိုင်ရာ ဥပဒေ များကို လေးစားရမည့် အထဲတွင် ပါသည်။ (အစိုးရအဖွဲ့အစည်း များ State actors ကိုလည်း ကြည့်ပါ)

**အကြမ်းမဖက်သော တိုက်ရိုက်လှုပ်ရှားမှု** လူမှုရေး ကိစ္စရပ်တစ်ခု အတွက် ဖြစ်နိုင်သည့် ဖြေရှင်းနည်းတစ်ခုကို ပုံဖော်ခြင်း၊ အခြားနည်းလမ်းတစ်ခုကို မြင်သာအောင် ပြခြင်း၊ လက်ရှိပြဿနာတစ်ခုကို ဖော်ထုတ်ပြသခြင်း စသည်တို့ကို အဖွဲ့ လိုက် လှုပ်ရှားမှု ပုံစံဖြင့် ပြုလုပ်သည့် အကြမ်းမဖက်သည့် ဆန္ဒဖော်ထုတ်မှု သို့မဟုတ် ဆန္ဒပြမှု ပုံစံတစ်ခု ဖြစ်သည်။ (ပြည်သူများ၏ အာဏာဖီဆန်မှု ကိုလည်း ကြည့်ပါ။)

**လူထုအင်အား** လူအုပ်စုများအနေဖြင့် စုစည်းမှုဖြင့်အတူတကွ လုပ်ဆောင်ကြသည့် အခါတွင် လူထုအင်အား ဖြစ်ပေါ်လာသည်။ စနစ်တကျစုစည်းထားသော လူအုပ်စုအဖွဲ့ များအနေဖြင့် တသီးပုဂ္ဂလ လှုပ်ရှားနေသည့် လူများထက် ပိုမို အင်အား ကောင်းနိုင်သည်။

**ရုပ်ပိုင်းဆိုင်ရာ ရွှေ့ပြောင်းအခြေချနေထိုင်ရမှု** ၎င်းသည် အိုးအိမ်ကဲ့သို့ နေထိုင်နေသည့် မြေယာ၊အမိုးအကာ အောက်တို့ မှ ဖိအားကြောင့် ဖယ်ရှား ခံရသည့် အခါ တွင် ဖြစ်သည်။ မိမိတို့ အသက်ရှင်နေထိုင်နေသည့် မြေယာများကို အစိုးရ သို့ မဟုတ် ကော်ပိုရေးရှင်း များက လမ်းတံတား၊ သတ္တုတွင်း နှင့် အခြားစီမံကိန်းများ ဆောက်ရန်အတွက် ယူသွားသည့် အခါတွင် လူအများအနေဖြင့် ဖယ်ရှားပြောင်းရွှေ့ ပေးရမှု ဖြစ်လာသည်။ ဖွံ့ဖြိုးရေး စီမံကိန်း အများစုတွင် ဖြစ်လေ့ရှိသည်။

**ဝင်ရောက်စွက်ဖက် ရန် ရိုန်ခါ**  အပြောင်းအလဲ တခုခု ဖြစ်ရန် ဖိအားပေးနိုင်ရန် သို့ မဟုတ် အရေးတယူပြုရန် အတွက် လူအများအနေဖြင့် စီမံကိန်း လုပ်ဆောင်နေစဉ် အတွင်း ဝင်ရောက် စွက်ဖက်ခွင့် ပေါ်ပေါက်ခြင်း၊ စီမံကိန်း ၏ ပုံစံကို ပြောင်းလဲရန် အတွက် အေဒီဘီ စီမံကိန်းကာလ အတွင်း လူအများအနေဖြင့် ဝင်ရောက်စွက်ဖွက်နိုင်သည့် အခွင့်အခါ မျိုးစုံ ရှိသည်။

**မူဝါဒများ**  အစိုးရသို့ မဟုတ် အေဒီဘီ ကဲ့သို့ အဖွဲ့ အစည်းတခု အနေဖြင့် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို လမ်းကြောင်းချမှတ်ပေးထားသည့် တရားဝင်ချမှတ် လက်ခံထားသော လုပ်ထုံးလုပ်နည်းများ

**ပြဿနာများဖြေရှင်းခြင်း သို့မဟုတ် (အငြင်းပွားမှုများကို ဖြန်ဖြေခြင်း)**ဌင်းမှာ တာဝန်ခံမှုယန္တယား ၏ တစိတ်တပိုင်းဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်သူများနှင့် အကျိုးသက်ရောက်ခံရမည့် သူများ အကြား အပြန်အလှန်ဆွေးနွေးကြခြင်းဖြင့် ပြဿနာကို အဖြေရှာသော လုပ်ငန်းဖြစ်သည်။

**စီမံကိန်းစီမံခန့်ခွဲမှု သဘောတူညီချက်**  စီမံကိန်း ကို အကောင်အထည်ဖော်ရန် အတွက် အချိန်ဇယား၊ ကုန်ကျစားရိတ်များ၊ မည်သူ့ကို ဂုဏ်ရမ်း ဆောင်ရွက်စေမည် စသည့် လိုအပ်သည့် အချက်များ အားလုံးကို အသေးစိတ် ရေးသား ထားသော စီမံကိန်းစီမံဆောင်ရွက်သူ နှင့် ADB တို့မှ သဘောတူထားသည့် စာရွက်စာတမ်း။

**စီမံကိန်း လည်ပါတ်ဆောင်ရွက်မှု**  အစမှ အဆုံး တိုင် စီမံကိန်းတခု  အဆင့်ဆင့်ဖြတ်ကျော်ပြီးမြောက်သွားရမည့် ကာလ ဖြစ်သည်။

**စီမံကိန်း အကောင်အထည်ဖော်သူ**  စီမံကိန်းတခုကို လုပ်ကိုင်နေသော အေဂျင်စီ သို့ မဟုတ် ကုမ္ပဏီ ကို ခေါ်သည်။ စီမံကိန်းကို အကောင်အထည်ဖော်သည့် အေဂျင်စီ သို့မဟုတ် လက်တွေ့ဆောင်ရွက်သည့်အေဂျင်စီ ဟုလည်းခေါ်သည်။

**စီမံကိန်းအကြောင်းအစီရင်ခံစာ သို့မဟုတ် စီမံကိန်း ဆိုင်ရာ အချက်အလက်** စီမံကိန်း အကြောင်း အသေးစိတ် ဖော်ပြထားသည့် အေဒီဘီ ၏ မှတ်တမ်း။ စီမံကိန်းမှတ်တမ်း ဟုလည်း ခေါ်သည်။

**စီမံကိန်းအကြိုပြင်ဆင်မှု အဆင့်**  စီမံကိန်းကို လက်ခံရန်အတွက် ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် မဲပေးဆုံးဖြတ်ခြင်း မပြုမီ စီမံကိန်းလည်ပါတ်မှု အဆင့် အစိတ်အပိုင်း တစ်ခု။ ဤအချိန်တွင် စီမံကိန်းဆောင်ရွက်သူ၊ အစိုးရနှင့် အေဒီဘီ တို့က စီမံကိန်း တွင် အခြား ဖြစ်နိုင်သည့် နည်းလမ်းများ ကို စိစစ်ခြင်း၊ စီမံကိန်းကို အစီအစဉ်ရေးဆွဲခြင်း၊ ဒေသခံများနှင့် အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုများ ကို ပြုလုပ်ခြင်း၊ စီမံကိန်း၏ အကျိုးဆက်များကို လေ့လာသုံးသပ်ခြင်း နှင့် စီမံကိန်းစတင်ရန် သဘောတူညီမှု မရမီတွင် ပြုလုပ်ရမည့် အခြားလိုအပ်ချက်များ (သဘာဝပါတ်ဝန်းကျင် ထိခိုက်မှု အစီရင်ခံစာ EIA စသည့်) ကို ဖြည့်ဆည်းခြင်း တို့ကို ပြုလုပ်သည်။

**စီမံကိန်း အကြိုပြင်ဆင်မှု နှင့်ပါတ်သက်သော နည်းပညာ ဆိုင်ရာ အထောက်အပံ့**ဖြစ်နိုင်ချေရှိသော အေဒီဘီ စီမံကိန်းများကို သတ်မှတ် အတည်ပြုရန် ပံ့ပိုးပေးရေး အတွက် အစိုးရထံသို့ အေဒီဘီမှ ပေးသော ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေ။ စီမံကိန်းအကြိုပြင်ဆင်မှု နှင့် ပါတ်သက်သော နည်းပညာ ဆိုင်ရာ အထောက်အပံ့ ပေးမှု PPTA ပြုလုပ်နေစဉ်ကာလ အတွင်း အစိုးရမှ သို့မဟုတ် အကြံပေးပုဂ္ဂိုလ် မှ အေဒီဘီ မှ ငွေကြေးထောက်ပံ့မှု ကို လျှောက်ထားမည့် စီမံကိန်း နှင့်ပါတ်သက်၍ ကနဦး ဆင်းရဲမွဲတေမှု နှင့် လူမှုရေး ဆန်းစစ်မှု အစီရင်ခံစာ (IPSA) သို့မဟုတ် လုံခြုံရေး လေ့လာဆန်းစစ်မှု အစီရင်ခံစာ ကို ပြုစုနိုင်သည်။

**စီမံကိန်း အဆိုပြုလွှာ**  စီမံကိန်း အကောင်အထည်ဖော်မည့်သူများက တည်ဆောက်မည့်လုပ်ငန်းနှင့် ပက်သက်ပြီး အေဒီဘီ ထံမှ ထောက်ခံအတည်ပြုပြီး ရန်ပုံငွေ ရရှိရေးအတွက် ရေးသားရသည့် အဆိုပြုလွှာ။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ**  တစ်စုံတစ်ဦး သို့ မဟုတ် တစုံတရာ အား ပိုမို ကောင်းမွန်သည့် အခြေအနေကို ရောက်ရှိစေခြင်း သို့မဟုတ် ကျန်းမာပြည့်စုံသည့် ပုံမှန်အနေအထား သို့ ပြန်လည်ရောက်ရှိစေရန် ပြုလုပ်ခြင်း။

**နေရာပြောင်းရွှေ့ခြင်း**  မူလနေထိုင်နေသော နေရာမှ အခြားတနေရာသို့ လူများအား ရွှေ့ ပြောင်းခြင်း

**အမှားပြန်လည်ကုစားခွင့်**  တရားရုံးမှ ဖြစ်စေ တရားဝင်ဝေဖန်အကြံပြုလွှာပို့ခြင်း စံနစ် ဖြင့် ဖြစ်စေ မိမိတို့ ၏ပြဿနာများကို ဖြေရှင်းပေးရန် လူအများအနေဖြင့် တောင်းဆိုခွင့်၊ ထို မှတဆင့် စီးပွားရေးလုပ်ငန်းများ၊ အစိုးရများ အနေဖြင့် ပြုလုပ်ခဲ့သော ထိခိုက်မှုများအတွက် တာဝန်ယူရန်။

**ပြန်လည်ကုစားရေး ဆောင်ရွက်ချက်များ**  စီမံကိန်းတစ်ခု၏ ဆိုးကျိုးများကို လျှော့ပါးသွားစေရန် သို့မဟုတ် ပြန်လည်ကုစားပေးရန် ဆောင်ရွက်သည့် အပြုအမူ။

**ဥက္ကဌ၏ အစီရင်ခံစာနှင့် လမ်းညွှန်ချက်မှတ်စု**  စီမံကိန်းအကြောင်း၊ ၎င်း၏ ရည်ရွယ်ချက်၊ ကုန်ကျစားရိတ် နှင့် အချိန်ဇယား အပါအဝင် အေဒီဘီ၏ ဥက္ကဌမှ စီမံကိန်းကို ဒါရိုက်တာအဖွဲ့က လက်ခံမည် လက်မခံမည် တို့ကို ဖော်ပြလမ်းညွှန်ချက်ပါဝင်သည့် အေဒီဘီ ထံမှ ငွေကြေးအထောက်အပံ့ကို တင်ပြတောင်းခံသည့် အစီရင်ခံစာ အပြည့်အစုံ။ ဤအစီရင်ခံစာကို နောက်ဆုံး လမ်းညွှန်ချက်အတွက် ဥက္ကဌ နှင့် တိုင်ပင်ဆွေးနွေးကြရသည့် အေဒီဘီ ၏ ဝန်ထမ်းများနှင့် အကြီးတန်းအရာရှိများက ပြင်ဆင်ပေးသည်။

**ပြန်လည်နေရာချထားခြင်း** မလွန်ဆန်နိုင်သော အခြေအနေတွင် အိုးအိမ်သစ် သို့ မဟုတ် နေရာသစ် သို့ လူအများသို့ ပြောင်းရွှေ့ ပေးခြင်း။ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်း သို့ မဟုတ် အခြား ဖွံ့ဖြိုးရေး စီမံကိန်းတခု တည်ဆောက်ချိန်တွင် လူအများ၏ မူလနေထိုင်ရာ အိုးအိမ်များကို ယူဆောင်ဖျက်စီးသွားလေ့ ရှိပြီး လူအများမှာ ထို့အတွက်ကြောင့် ရွှေ့ပြောင်း အခြေချနေထိုင်ကြရသည်။ ပြောင်းရွှေ့ နေထိုင်ကြရမှု အများစုတွင် အိုးအိမ်သစ်များမှာ လူအများ၏ ယဉ်ကျေးမှုအားဖြင့်ဖြစ်စေ လက်တွေ့ လိုအပ်မှုအရ ဖြစ်စေ ကိုက်ညီမှုမရှိကြပေ။

**ပြန်လည်နေရာချထားရေး အစီအစဉ်** စီမံကိန်းတခု ကြောင့် လူအများ ရွှေ့ပြောင်းအခြေချရခြင်း၊အိုးအိမ်အသစ်ပြန်လည်တည်ဆောက်ရခြင်း စသည့် အခြေအနေတို့ ဖြစ်လာပါက ဖြေရှင်းရန် အေဒီဘီ နှင့် စီမံကိန်း အကောင်အထည်ဖော်သူများ ရေးဆွဲထားသည့် အစီအစဉ်

**ခံနိုင်ရည်** ထိခိုက်မှုတစုံတရာမှ မူလအခြေအနေသို့ ပြန်ရောက်နိုင်မှု သို့ မဟုတ် လိုက်လျောညီထွေ နေထိုင်မှု။ ကိုယ်ပိုင် လိုအပ်ချက်များနှင့်ပြဿနာများကို မိမိတို့ ဘာသာဖြေရှင်းနိုင်သော လူ့ အဖွဲ့ အစည်းအချို့ ၏ စွမ်းရည်

**လုံခြုံရေးဆိုင်ရာ လေ့လာဆန်းစစ်မှု အစီရင်ခံစာ** စီမံကိန်းကို လေ့လာစစ်ဆေး နေစဉ်ကာလအတွင်းတွင် စီမံကိန်းက သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ၊ အလိုဆန္ဒမပါဘဲ ရွှေ့ပြောင်းရမှုများ နှင့် ဌာနေတိုင်းရင်းသားများ အပေါ် ဖြစ်နိုင်ခြေရှိသော အကျိုးသက်ရောက်မှုများ ကို အေဒီဘီမှ ဝန်ထမ်းများက သို့မဟုတ် အကြံပေးပုဂ္ဂိုလ်များက ဖော်ထုတ်ရေးသားထားသော အစီရင်ခံစာများ။

**ဘေးကင်းလုံခြုံရေးများ သို့မဟုတ် ဘေးကင်းလုံခြုံရေး မူဝါဒများ** ဥပဒေ၊လုပ်ထုံးလုပ်နည်း နှင့် မူဝါဒ အချို့ ကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာပါက ထိုဒဏ်ကို လျှော့ချနိုင်ရန် တန်ပြန်ရေးဆွဲထားသော ဥပဒေ၊လုပ်ထုံးလုပ်နည်း သို့ မဟုတ် မူဝါဒများ ကို ခေါ်သည်။

**ဘေးကင်းလုံခြုံရေးမူဝါဒ စာတမ်းကြေငြာချက်များ** အေဒီဘီ ၏ ဘေးကင်းလုံခြုံရေး အစီအမံများကို အသေးစိတ် ဖော်ပြထားသည့် တရားဝင် မှတ်တမ်း။ အချက်သုံးချက်ပါ ဘေးကင်းလုံခြုံရေးအစီအမံများ သည် သဘာဝပတ်ဝန်းကျင်၊ အလိုဆန္ဒမတူဘဲပြောင်းရွှေ့ အခြေချရမှု နှင့် ဌာနေလူမျိုးစုများ အတွက် ခြုံငုံရေးဆွဲထားသည်။

**စစ်ဆေးစိစစ်သည်** စီမံကိန်းများကို ၄င်းတို့၏ အကျိုးဆက်များက ဘာဖြစ်နိုင်သည်ကို လေ့လာသုံးသပ်ပြီး ဆုံးဖြတ်သည့် ဖြစ်စဉ်။ အေဒီဘီ၏ စီမံကိန်းလုပ်ငန်းများတွင် လူများနှင့် သဘာဝပါတ်ဝန်းကျင်အပေါ် ကျရောက်စေမည့် အကျိုးဆက်အမျိုးအစားများကို စစ်ဆေးစိစစ်ပြီး သတ်မှတ်ထားလေ့ ရှိသည်။

**မိမိတို့ဘာသာ သတ်မှတ်ဆုံးဖြတ် ထားခြင်း** လူသားအားလုံး၏ ၄င်းတို့အပေါ် အကျိုးသက်ရောက်မှု ရှိမည့် ဆုံးဖြတ်ချက်များ အား စီမံနိုင်ခွင့် အစွမ်း နှင့် အခွင့်အရေး

**လုပ်ငန်းဝေစုပိုင်ရှင်** ကုမ္ပဏီကို ငွေပေးချေထားသောကြောင့် စီးပွားရေး လုပ်ငန်းတစ်ခု သို့မဟုတ် ကုမ္ပဏီ တစ်ခု၏ အစိတ်အပိုင်းတစ်ခုကို ပိုင်ဆိုင်သည့်သူ။

**အချုပ်အခြာအာဏာ** လွတ်လပ်သည့် လုပ်ပိုင်ခွင့်အာဏာ ရှိခြင်း သို့မဟုတ် ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်

**အထူးစီမံကိန်းများ ကူညီပံ့ပိုးပေးသည့် အရာရှိ** အေဒီဘီ၏ စီမံကိန်းများကြောင့် ထိခိုက်ခံရသည့် ပြည်သူများက တိုင်တန်းမှုများကို လက်ခံရရှိပြီးသည့်အခါ ပြဿနာများကို ဖြေရှင်းသည့် သို့မဟုတ် အငြင်းပွားမှု များကို ပြေလည်အောင် ရှင်းလည်းပေးသည့် ကိစ္စရပ်များကို ဆောင်ရွက်သော အေဒီဘီ၏ တာဝန်ခံမှု ယန္တရား အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ အထူးစီမံကိန်းများ ကူညီပံ့ပိုးပေးသည့် ရုံး (OSPF) သည် နောက်ဆက်တွဲ ပြဿနာများတာဝန်ယူသည့် ယန္တယား ၏ အလုပ်များကို ဆောင်ရွက်ပေးသည့် ဌာနတစ်ခု ဖြစ်သည်။

**သက်ဆိုင်သူများ** စီမံကိန်း ကြောင့် အကျိုးသက်ရောက်ခံရသူများ သို့ မဟုတ် စီမံကိန်းအပေါ် စိတ်ဝင်စားမှု ရှိသူများ။ ၄င်းတို့ အထဲတွင် စီမံကိန်းထဲတွင်ငွေကြေး ရင်းနှီးမြုပ်နှံသူများ၊ ဝင်ရောက်လုပ်ကိုင်နေသော ကုမ္ပဏီများ၊အစိုးရများ၊ အန်ဂျီအို များနှင့် စီမံကိန်းကြောင့် အကျိုးသက်ရောက်ခံရသူ အားလုံးပါဝင်သည်။

**အစိုးရ တာဝန်ရှိသူများ** လူ့ အခွင့်အရေးဆိုင်ရာ ဥပဒေများကို ကိုင်စွဲထားရမည့် အစိုးရများ (အစိုးရမဟုတ်သော တာဝန်ရှိသူများ ကိုလည်း ကြည့်ပါ)

**ဗျူဟာများ** တရားမျှတမှု ကို ရရန်အတွက် ဒေသခံများက ရှန်းကန်တိုက်ခိုက်နေစဉ် အတွင်းတွင် အသုံးပြုသည့် နည်းလမ်းများ

**အရှည်တည်တံ့သော** သဘာဝ ရင်းမြစ်များကို အကုန်မသုံးစွဲဘဲ သို့ မဟုတ် မဖျက်စီးဘဲ ရေရှည်တည်တံ့ သွားစေမည့် စီမံကိန်း သို့ မဟုတ် အလေ့အထ

**ရေရှည်တည်တံ့သော စီမံကိန်း** အနာဂတ်လူသားများလိုအပ်မည့် ရင်းမြစ်များကို အကုန်မသုံးပစ်ဘဲ ယနေ့ ခေတ်လူသားများ၏

လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော စီမံကိန်း။ များသောအားဖြင့် ရေရှည်တည်တံ့သည်ဆိုသော စီမံကိန်း အများစုသည် တကယ်လက်တွေ့ တွင် အရှည်မတည်တံ့ကြပေ။

**နည်းဗျူဟာများ** သင်တို့၏ စည်းရုံးလှုပ်ရှားမှုများ သို့မဟုတ် ရုန်းကန်မှုများတွင် ရပ်တည်မှု အတွက် ပြုလုပ်သော ရေတို လှုပ်ရှားမှုများ။ လမ်းများကို ပိတ်ဆို့ခြင်း၊ ဝဘ်ဆိုတ်တစ်ခုကို ပြုလုပ်ခြင်း နှင့် ဆန္ဒပြပွဲ တစ်ခုကို ဖန်တီးခြင်းတို့သည် နည်းဗျူဟာများ ဖြစ်ကြသည်။

**နည်းပညာ အကူအညီ** အကြံဉာဏ် ပေးခြင်း၊ မူဝါဒ ချမှတ်ခြင်း၊ သို့ မဟုတ် အခြားရုပ်ဝတ္ထုမဟုတ်သော အကူအညီများပေးခြင်း စသည့် အေဒီဘီ ၏ အဖွဲ့ ဝင် နိုင်ငံများသို့ ပေးသည့် အကူအညီ

**နည်းပညာဆိုင်ရာ အထောက်အပံ့ အစီရင်ခံစာ** အေဒီဘီက နည်းပညာဆိုင်ရာ ကူညီထောက်ပံ့မှု စီမံကိန်းတစ်ခုကို ငွေထောက်ပံ့ပေးရန် အေဒီဘီ၏ ဝန်ထမ်းများက ရေးသားထားသော အကြံပြုစာ။ ၄င်းက စီမံကိန်း၊ ၄င်း၏ရည်ရွယ်ချက်၊ ကုန်ကျစားရိတ်၊ အချိန်ဇယား နှင့် အခြား အသေးစိတ် အချက်များကို ဖော်ပြထားသည်။

**ပွင့်လင်းမြင်သာမှု** လုပ်ငန်းစဉ်များကို မည်သို့ လုပ်ကိုင်သည်၊လုပ်ငန်းစဉ်များ၏ရလဒ်မှာ မည်သည့် ဦးတည်သည် စသည်တို့ ကို အများပြည်သူများ အလွယ်တကူ မြင်သာသော နည်းလမ်းများဖြင့် လုပ်ဆောင်မှု။ ပွင့်လင်းမှု၊ လူထုဆက်ဆံရေး၊တာဝန်ခံမှု စသည် တို့ အပေါ် အခြေခံပြီး ပွင့်လင်းမြင်သာမှု ကိုတည်ဆောက်ထားသည်။

**ထိခိုက်နစ်နာရန် လွယ်ကူသော** နစ်နာမှု၊ ထိခိုက်ခံရမှု၊ ပစ်ပယ်မှု၊ ဆင်းရဲမွဲတေမှု သို့မဟုတ် ဖိနှိပ်ခွဲခြားဆက်ဆံ ခံရရန် ဖြစ်နိုင်ချေများသည်။ (ထိခိုက်နစ်နာရန် လွယ်ကူသည့် အုပ်စုများကိုလည်း ကြည့်ပါ။)

**ထိခိုက်နစ်နာ မှု ဖြစ်ပွားရန် လွယ်ကူသော အုပ်စုများ** အခြားသူများထက် ပိုမိုပြီး အလွန်အမင်းဆင်းရဲမွဲတေ သော၊လူ့ အသိုင်း အဝိုင်းမှ ဖယ်ထုတ်ခံရသော ခွဲခြားဆက်ဆံခြင်းခံရသော အုပ်စုများကို အေဒီဘီက သုံးနှုန်းသည့် စကားလုံး။ ဥပမာ အားဖြင့်တိုင်း ရင်းသား လူနည်းစု အုပ်စုများ၊ မသန်မစွမ်းသူများ၊ အိုးမဲ့အိမ်မဲ့များ၊ သက်ကြီးရွယ်အိုများ နှင့် ကလေးသူငယ်များ မှာ ထိုကဲ့သို့ အကာအကွယ်မဲ့သည့် အုပ်စုထဲတွင် ပါဝင်သည်။

# နောက်ဆက်တွဲ - ၂

## အေဒီဘီ ၏ ဘေးကင်းလုံခြုံရေးမူဝါဒ ကြေငြာချက်များ အတွင်း မိမိတို့ အတွက် အသုံးဝင်မည့် နည်းလမ်းများ ရှာဖွေခြင်း

ဘေးကင်းလုံခြုံရေးမူဝါဒ ကြေငြာချက် (The Safeguard Policy Statement –SPS) သည် အေဒီဘီ ၏ ဘေးကင်းလုံခြုံရေး မူဝါဒများကို ရှင်းဆိုထားသည့် မှတ်တမ်း ဖြစ်သည်။ ၎င်း ကို ဘာသာ စကားပေါင်းစုံနှင့် အောက်ပါ လင့် တွင် ဖတ်ရှုနိုင်သည်။
http://www.adb.org/documents/safeguard-policy-statement

အေဒီဘီ မှ ထုတ်ဝေသည့် အခြား စာရွက်စာတမ်းများနှင့် အလားတူပင် ဘေးကင်းလုံခြုံရေးမူဝါဒကြေငြာချက် မှာ ရှည်လျားပြီး ဖတ်ရှုန် နားလည်ရခက်သည့် စာစောင်ဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့် အချက် အလက်များ တွင် စီမံကိန်းတခုကို အနီးကပ် လေ့လာ စောင့်ကြည့်သည် အခါတွင် ဆက်စပ်အသုံးပြုနိုင်သည့် ဘေးကင်းလုံခြုံရေး မူဝါကြေငြာစာတမ်း ၏ အစိတ်အပိုင်းများ ပါဝင်သည်။


| ကဏ္ဍ | စာမျက်နှာ |
|---|---|
| ဝေါဟာရများ/အရေးကြီးသည့် အသုံးအနှုန်းများ | မာတိကာ မတိုင်ခင် |
| **ဘေးကင်းလုံခြုံရေးမူဝါဒ ကြေငြာချက်** | |
| အထွေထွေ ကြေငြာချက | စာမျက်နှာ -၁၄ မှ ၁၅ |
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာဘေးကင်းလုံခြုံရေးအစီအမံများ | စာမျက်နှာ - ၁၆ |
| ဆန္ဒမပါဘဲရွှေ့ ပြောင်းနေထိုင်ရခြင်းအတွက် ဘေးကင်းလုံခြုံရေးအစီအမံများ | စာမျက်နှာ - ၁၇ |
| တိုင်းရင်းသား လူမျိုးများ ဆိုင်ရာ ဘေးကင်းလုံခြုံရေးအစီအမံများ | စာမျက်နှာ - ၁၈ |
| **မူဝါဒအားဆင့်ကဲအသုံးပြုမှု ဖြစ်စဉ်** | |
| အထွေထွေ လိုအပ်ချက်များ | စာမျက်နှာ - ၁၉ မှ ၂၂ |
| အထူးလိုအပ်ချက်များ | |
| ဘေးကင်းလုံခြုံရေးဆိုင်ရာ ထောက်ကူပြုပုံစံများ | စာမျက်နှာ ၂၂ မှ ၂၃ |
| ဘဏ္ဍာရေးဆိုင်ရာ ကြားခံဆောင်ရွက်သူများ | စာမျက်နှာ- ၂၂ မှ ၂၄ |
| နိုင်ငံတွင်းဘေးကင်းလုံခြုံရေး အစီအမံစနစ်ကို အသုံးပြုခြင်း | စာမျက်နှာ - ၂၄ မှ ၂၆ |
| စပ်တူငွေကြေးထောက်ပံ့ထားသောစီမံကိန်းများ | စာမျက်နှာ - ၂၆ |
| အေဒီဘီ နှင့် ၎င်းထံမှ ငွေချေးယူသူများ၊ဖောက်သည်များ ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ | စာမျက်နှာ - ၂၆ |


**ငွေချေးယူသူများနှင့် ဖောက်သည်များ အတွက် သီးခြားလိုအပ်ချက်များ(နောက်ဆက်တွဲ ၁ မှ ၆ )**


| | | |
|---|---|---|
| နောက်ဆက်တွဲ ၁ | ဘေးကင်းလုံခြုံရေးအစီအမံအတွက်လိုအပ်ချက်များ ၁းသဘာဝပတ်ဝန်းကျင | စာမျက်နှာ- ၃၀ မှ ၄၀ |
| နောက်ဆက်တွဲ ၁ အချပ်ပို | သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုလေ့လာဆန်းစစ်ခြင်းတခုအတွက် အခြေခံပုံစံ | စာမျက်နှာ ၄၁ မှ ၄၃ |
| နောက်ဆက်တွဲ ၂ | ဘေးကင်းလုံခြုံရေးအစီအမံအတွက်လိုအပ်ချက်များ၂ း ဆန္ဒမပါဘဲရွှေ့ပြောင်းရခြင်း | စာမျက်နှာ ၄၄ မှ ၅၀ |
| နောက်ဆက်တွဲ ၂ အချပ်ပ | ရွှေ့ ပြောင်းအခြေချခြင်း အစီအစဉ် အတွက် အခြေခံပုံစ | စာမျက်နှာ ၅၂ မှ ၅၄ |
| နောက်ဆက်တွဲ ၃ | ဘေးကင်းလုံခြုံရေးအစီအမံအတွက် လိုအပ်ချက်များ ၃ း ဌာနေတိုင်းရင်းသားများ | စာမျက်နှာ ၅၅ မှ ၆၂ |
| နောက်ဆက်တွဲ ၃ အချပ်ပ | တိုင်းရင်းသားလူမျိုးများ အတွက် အခြေခံပုံစံ | စာမျက်နှာ ၆၃ မှ ၆၅ |
| နောက်ဆက်တွဲ ၄ | ကွဲပြားခြားနားသောငွေကြေးထောက်ပံ့မှုပုံစံ အသီးသီး တို့ အတွက် သီးသန့် လိုအပ်ချက်များ | စာမျက်နှာ ၆၆ မှ ၆၉ |
| နောက်ဆက်တွဲ ၄ အချပ်ပ | သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်မှု နှင ပြန်လည်သုံးသပ်မှု မူဘောင်ဆိုင်ရာ အခြေခံပုံစံ | စာမျက်နှာ ၇၀ မှ ၇၁ |
| နောက်ဆက်တွဲ ၄ အချပ်ပို ၂ | ရွှေ့ ပြောင်းအခြေချခြင်း ဆိုင်ရာ ထောက်ကူ ပြုမှုဘောင် အတွက် အခြေခံ ပုံစံ | စာမျက်နှာ ၇၂ မှ ၇၃ |
| နောက်ဆက်တွဲ ၄ အချပ်ပို ၃ | တိုင်းရင်းသားလူမျိုးများ အတွက်အစီအစဉ်ဆွဲရန် အခြေခံ ပုံစံ | စာမျက်နှာ ၇၄ မှ ၇၅ |
| နောက်ဆက်တွဲ ၅ | အေဒီဘီမှ ကန့် သတ်ထားသော ရင်းနှီးမြုပ်နှံမှု များ စာရင်း | စာမျက်နှာ ၇၆ |
| နောက်ဆက်တွဲ ၆ သဘာဝပတ်ဝန်းကျင် | နိုင်ငံတွင်းဘေးကင်းလုံခြုံရေးအစီအမံ များကိုပိုမိုအားကောင်းလာစေရန် နှင့် နှင့်လူမှုဝန်းကျင် ဆိုင်ရာလုံခြုံရေး အစီအမံတို့ တွင်အသုံးချခြင်း | စာမျက်နှာ ၇၇ မှ ၈၂ |


**မှတ်ချက်။** ။ ယခု အညွှန်းအား အော်စတေးလျ နိုင်ငံရှိ အောက်စ်ဖန်း အဖွဲ့ မှ ထုတ်ဝေသည့် အေဒီဘီ၏ ဘေးကင်းလုံခြုံရေးမူဝါဒများကို နားလည်သဘောပေါက်ခြင်း စာအုပ်မှ ယူထားခြင်းဖြစ်သည်။

# နောက်ဆက်တွဲ - ၃

## စီမံကိန်း အကောင်အထည် ဖော်မည့် သူများသို့ မေးမြန်းရမည့် မေးခွန်းများ

ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု ရှိရေး ၊ စီမံကိန်းအကြောင်း ပိုမိုသိရှိရေး အတွက် ဒေသခံလူထုအဖွဲ့ အစည်းများအနေဖြင့် အောက်ပါ မေးခွန်းများကို စီမံကိန်း အကောင်အထည် ဖော်သူများကို မေးမြန်းလိုသောအခါ ထည့်သွင်း စဉ်းစား ထားနိုင်သည်။

## စီမံကိန်း အပေါ် နားလည်သဘောပေါက်မှု

- ↳ ဘာစီမံကိန်းလဲ။ ဘာတွေလုပ်မှာလဲ။
- ↳ စီမံကိန်းက ဘယ်လောက်ကြီးလဲ။ ဘယ်တော့စလုပ်မှာလဲ။ ဘယ်လောက်ကြာမှာလဲ။
- ↳ စီမံကိန်းအကောင်ဖော်သူတွေက ဘယ်သူတွေလဲ(ဥပမာ- ပုဂ္ဂလိက ကုမ္ပဏီလား၊အစိုးရလား)
- ↳ ကုမ္ပဏီရဲ့ သမိုင်းက ဘယ်လိုလဲ၊ သူ့ ရဲ့ အရင်က လုပ်ရည်ကိုင်ရည် ကရော ဘယ်လိုလဲ။
- ↳ ဘယ်သူတွေက ရင်းနှီးမြုပ်နှံမှု ငွေေငွေ တွေကို ပေးနေတာလဲ (ဥပမာ- စီးပွားရေး ဘဏ်တွေလား၊ကမ္ဘာ့ဘဏ်လား၊ရင်းနှီးမြုပ်နှံမှုရံပုံငွေ ကလား)
- ↳ စီမံကိန်းအကောင်အထည်ဖော်သူ တွေရဲ့ အဓိက စီးပွားရေးကဘာလဲ။
- ↳ စီမံကိန်းအကောင်အထည်ဖော်သူတွေက ဘယ်နိုင်ငံသားတွေလဲ။
- ↳ စီမံကိန်းရဲ့ အစိတ်အပိုင်းတခုအနေနဲ့ ဘာတွေ ဆောက်ဦးမှာလဲ(ဥပမာ-လမ်းတွေလား၊ဆည်တွေလား၊ ဓာတ်အားလိုင်းတွေလား)
- ↳ ကုမ္ပဏီ ဒါမှမဟုတ် အစိုးရ အပြင် စီမံကိန်းထဲမှာ ဘယ်သူတွေ ပါဝင် ပက်သက်ဦးမှာလဲ(ဥပမာ- ပစ္စည်းသွင်းသူတွေ၊ ကန်ထရိုက်တာတွေ)
- ↳ အစိုးရပိုင်းက ဘာတွေ ထောက်ပံ့မှာလဲ(ဥပမာ - စီမံကိန်း အကောင်အထည်ဖော်သူတွေ အတွက် အခွန်ပေးဖို့ မလိုတာ ဒါမှမဟုတ် အခွန်လျှော့ပေးတာ၊ မြေငှားခ သုံးစွဲခ လျှော့ပေးတာမျိုး)
- ↳ ဒေသခံအစိုးရ အနေနဲ့ ရော စီမံကိန်းကို ဘယ်လိုမြင်လဲ။
- ↳ စီမံကိန်းရဲ့ ရလဒ်က ဘယ်ကိုသွားမှာလဲ။ အဲဒီရလဒ်ကို ဘယ်သူတွေက သုံးမှာလဲ ဒါမှမဟုတ် ဘယ်သူတွေ အကျိုးရှိမှာလဲ။

## စီမံကိန်း ၏ သက်ရောက်မှုများ

- ↳ ဘယ်လို ဒေသတွေ(မြေကြီး)နဲ့ ရေတွေ (မြေပေါ်မြေအောက်) ကို သွားထိခိုက်မှာလဲ
- ↳ ထိခိုက်ခံရမယ့် မြေရေဒေသ တွေရဲ့ တည်နေရာပြ မြေပုံတွေ ရှိလား။ မြေရေသယံဇာတ တွေကို ထိခိုက်တာက တသက်လုံး ဖြစ်သွားမှာလား။
- ↳ စီမံကိန်း အကောင်အထည်ဖော်မယ့်သူတွေက လူ့ အခွင့်အရေးဆိုင်ရာ၊သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊လူမှုဝန်းကျင်နဲ့ ကျား/မ ဆိုင်ရာ လေ့လာဆန်းစစ်မှုတွေကို တင်ကြို လုပ်မှာလား။
- ↳ စီမံကိန်း ထဲကနေ ဖြစ်ဖို့ အလားအလာ အရှိဆုံး ထိခိုက်မှုတွေက ဘာလဲ။ (ဥပမာ - ညစ်ညမ်းမှု သို့ မဟုတ် အထွတ်အမြတ်ထားတဲ့ ဒေသထဲမှာ လာဆောက်လုပ်တာ)
- ↳ သီးခြားလွတ်လပ်တဲ့ အဖွဲ့ တွေက လုပ်ထားတဲ့ အန္တရာယ်ဖြစ်နိုင်ချေ သတင်းပို့ ချက်တွေ ရှိလား၊ အဲဒါတွေကို ရော ဒေသခံလူထုအသိုင်းအဝိုင်းတွေက ရနိုင်လား
- ↳ ဒေသခံလူထုအသိုင်းအဝိုင်း အတွက် ဘယ်လို အကျိုးအမြတ်တွေ ရမှာလဲ။ အဲဒီ အကျိုးအမြတ် တွေကရော အမြဲ ရမှာလား၊ခဏပဲလား။

↳ - ကုမ္ပဏီက လူထုအတွက် ဘာတွေ လုပ်ပေးမှာလဲ( ဥပမာ - လမ်းတွေ၊ကျောင်းတွေ၊ဆေးရုံတွေ နဲ့ တခြား လူမှုသိုင်းဝိုင်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေ)

↳ - ဒေသခံလူထုရဲ့ မြေယာပိုင်ဆိုင်မှုကို ခိုင်မာအောင် ကုမ္ပဏီက ဘယ်လို လုပ်ပေးမှာလဲ။ သူတို့ က မြေယာတွေကို သိမ်းယူသွားမှာလား၊ အဲဒီအတွက် မြေယာ အသစ်တွေနဲ့ ပြန်အစားထိုး လျော်ပေးမှာလား။

## ရပ်ရွာလူထုအတွင်းဆွေးနွေးတိုင်ပင်ခြင်းနှင့်ညှိနှိုင်းခြင်း

↳ - စီမံကိန်း ပုံစံ ကိုရေးဆွဲ တဲ့အခါမှာ လူထုအနေနဲ့ ပါဝင်ခွင့် ရဖို့ ဘယ်လို အခွင့်အရေးမျိုးတွေ ရှိလဲ။ အဲဒါကိုရော ဘယ်လို စီမံမှာလဲ။ လူထုအနေနဲ့ ရော တခြားဖြစ်နိုင်ချေ နည်းလမ်းတွေကို တင်ပြခွင့် ရှိလား။

↳ - လူထိုအနေနဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်မှုတွေ လုပ်တဲ့အခါ မှာ ဘယ်လို ပူးပေါင်းပါဝင်ခွင့် ရမှာလဲ။

↳ - သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်မှုတွေ ကို ဘယ်သူတွေက လုပ်မှာလဲ။ စီမံကိန်း နဲ့ ပက်သက်တဲ့စာရွက်စာတမ်းတွေကို ဒေသခံဘာသာ နဲ့ ရနိုင်မှာလား။

↳ - ကုမ္ပဏီ က ဘယ်သူတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီးပြီလဲ။ ဒေသခံတွေ က သဘောတူတယ်လို့ ကုမ္ပဏီက ထင်နေလား။

↳ - စီမံကိန်း ရဲ့ ပုံစံ အပြောင်းအလဲ ဖြစ်သွားခဲ့ရင် ဘယ်လိုနောက်ဆက်တွဲ လုပ်ဆောင်မှု တွေ လာမှာလဲ။

↳ - စီမံကိန်းရဲ့ အဆင့်တိုင်းမှာ လူထုနဲ့ ညှိနှိုင်းမှုတွေကို ကုမ္ပဏီ က လုပ်မှာလား။

↳ - လူထုရဲ့ စိုးရိမ်ပူပန်မှု တွေကို ကုမ္ပဏီဘက်က ဘယ်လောက်ကောင်းကောင်းမွန်မွန် တုံ့ပြန်လဲ။

↳ - စီမံကိန်းနဲ့ ပက်သက်လို့ အကျိုးအမြတ်နဲ့ ငွေအပေးအယူ ကိစ္စတွေကို စီမံကိန်း အကောင်အထည် ဖော်သူ တွေက ထုတ်ဖော်ပြောဖို့ ပြင်ဆင်ထားရဲ့ လား။

↳ - စီမံကိန်းရဲ့ အကျိုးအမြတ်တွေက ဘယ်တွေကို ရောက်သွားမှာလဲ။

# နောက်ဆက်တွဲ ၄

## ရုပ်ပုံများ

ဤအပိုင်းတွင်ပါရှိသော စာမျက်နှာ ၉၁၊ ၉၂၊ ၁၁၃ နှင့် ၁၁၄ တို့ရှိ စာမျက်နှာအပြည့် ရုပ်ပုံများကို ဒေသခံများ အတွက် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန် ကူးယူ အသုံးပြုနိုင်ပါသည်။ ထို့အပြင် ဤလမ်းညွှန်စာအုပ်တွင် ပါရှိသော ရုပ်ပုံအားလုံးကို အခကြေးငွေ တစ်စုံတစ်ရာပေးစရာမလိုဘဲ အောက်ပါ ဝဘ်ဆိုက် လိပ်စာတွင် ကူးယူရရှိနိုင်ပါသည်။ http://accountabilityproject.org








ADB
REPAYMENT OF
LOANS + INTEREST
LOANS
TO BUILD A PROJECT
DEBT
DEBT
DEBT






FREEDOM NOW!
JUSTICE!
RIGHTS!


VILLAGE ENERGY COMPANY
A COMMUNITY - OWNED BUSINESS
BRINGING CLEAN ENERGY TO OUR
HOMES AND OUR NATIONAL GRID






DO NOT ENTER!



နေအိမ်သည် လုံလောက်သော နေရာအကျယ်အဝန်း၊ သီးသန့်ဖြစ်မှု နှင့် လုံခြုံမှု ရှိဖို့ လိုအပ်ပါတယ်။



နေအိမ်အတွက် ကုန်ကျစားရိတ် အလွန်အမင်း ဈေးနှုန်းကြီးမြင့်နေခြင်း မဖြစ်စေရပါ။



လူသားအားလုံးသည် ၎င်းတို့၏ နေအိမ်မှ ဖယ်နှင်မောင်းထုတ်ခြင်း မခံရရန် အတွက် ၎င်းတို့နေထိုင်ရာ မြေပိုင်ဆိုင်မှု နိုင်မှုအတွက် လုံခြုံစိတ်ချရရန် လိုအပ်သည်။



တိုင်းရင်းသား လူမျိုးအရ သို့မဟုတ် မည်သည့် အခြားအကြောင်းနှင့်မျှ အိမ်ယာနေထိုင်မှု အခွင့်အရေးကို တားဆီး လျစ်လျူရှုခြင်းမပြုရ။



အိမ်သည် အခြေခံ ဝန်ဆောင်မှု လုပ်ငန်းများကိုရရှိ အသုံးပြုနိုင်ခွင့် ရှိရမည်။



အိမ်သည် သင့်တော်သည့် နေရာဒေသတွင် ရှိရမည်။



နေအိမ်ကို လူများ၏ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများကို လေးစားသည့် ပုံစံဖြင့်တည်ဆောက်ထားရမည်။


COMMUNITY PROPOSAL
FOR DEVELOPMENT THAT
RESPECTS HUMAN RIGHTS
BUILD CRAFT CENTER FOR LOCAL ARTISANS
IMPROVE ROAD TO MARKET
MICRO-HYDRO PROJECT FOR CLEAN ENERGY
TRAINING ON ORGANIC AGRICULTURE
SOLAR PANELS AND INTERNET FOR SCHOOL


ADB
QUIT
COAL
CLEAN
ENERGY
NOW



# နောက်ဆက်တွဲ - ၅

**ဆက်သွယ်နိုင်သည့် လိပ်စာများနှင့် အချက်အလက်အရင်းအမြစ်များ**

လူ့အခွင့်အရေးနှင့် ဖွံ့ ဖြိုးရေးဆိုင်ရာ တရားမျှတမှု တို့အတွက် ကူညီပေးနိုင်သည့် အဖွဲ့ အစည်းပေါင်း များစွာ နှင့် အရင်းအမြစ်များရှိကြသည်။ အောက်ပါ စာရင်းတွင် ပါသည်မှာ အနည်းငယ်မျှသာ ဖြစ်သည်။ ဤလမ်းညွှန်ဖြစ်မြောက်ရေး အတွက် ထိုအဖွဲ့အစည်းများ မှ အများစုက အထောက်အကူ ပြုခဲ့သည်။

## (အာရှဖွံ့ ဖြိုးရေးဘဏ်)

Asian Development Bank Headquarters
6 ADB Avenue, Mandaluyong City, 1550
Metro Manila, Philippines
Tel: +652 632 4444
Fax: +652 636 2444
E-mail: information@adb.org
Web site: htttp://www.adb.org/

### အေဒီဘီ လုပ်ခဲ့သော စီမံကိန်းများ အကြောင်း သတင်းအချက်အလက် ရရှိရန်

Information Resources and Services Section
Asian Development Bank
6 ADB Avenue, Mandaluyong City, 1550
Metro Manila, Philippines
Email: adblibrary@adb.org
Fax: +63 2 636 5020

### သတင်းအချက်အလက် တောင်းခံမှု အပေါ် ကိုင်တွယ်ဆောင်ရွက်မှုကို မကျေနပ်သဖြင့် ဝေဖန် ကန့်ကွက် စာပို့ ရန်

Public Disclosure Advisory Committee
Asian Development Bank
6 ADB Avenue, Mandaluyong City, 1550
Metro Manila, Philippines
Email: pdac@adb.org
Fax: +63 2 636 2640

---

# အေဒီဘီ မှ အချက်အလက် အရင်းအမြစ် များ

### တာဝန်ခံမှုယန္တရားအကြောင်း အကျဉ်း

အေဒီဘီ မှ ရေးသားသော ထို စာအုပ်ငယ်တွင် အေဒီဘီ ၏ တာဝန်ခံမှု ယန္တရား အကြောင်း အနှစ်ချုပ် နှင့် မည်ကဲ့သို့ အလုပ်လုပ်သည်ကို ရှင်းပြထားသည်။

**Download:** http://www.adb.org/sites/default/files/pub/2012/accountability-mechanism-summary-brochure.pdf

### အေဒီဘီ ၏ တာဝန်ခံမှု ယန္တရား အတွင်းမှ ဆွေးနွေးတိုင်ပင်ခြင်းအဆင့် ဆိုင်ရာ လမ်းညွှန်

အေဒီဘီမှ ရေးသားသော ထိုလမ်းညွှန်တွင် အေဒီဘီ ၏ တာဝန်ခံမှု ယန္တရား အတွင်းမှ ဆွေးနွေးတိုင်ပင်ခြင်းအဆင့် ဆိုသည်မှာ အေဒီဘီ မှ ပံ့ပိုးထားသော စီမံကိန်း များကြောင့် ထိခိုက်ခဲ့ရသည့် လူများ၏ စိုးရိမ်ပူပန်မှုကို မျှတပြီး၊ ပွင့်လင်းမြင်သာသော၊ဒေသခံများ၏သဘောထားကို အခြေခံသော ချဉ်းကပ်မှု တို့ဖြင့် တက်တက်ကြွကြွ တုံ့ပြန်သွားရန် ရည်ရွယ်သည်ဟု ဖော်ပြထားသည်။

**Download:** http://www.adb.org/documents/information-guide-consultation-phase-adb-accountability-mechanism

### ကျင့်ဝတ်ချိုးဖောက်မှုများ လေ့လာသုံးသပ်ရေး ရုံးအဖွဲ့ အကြောင်း မိတ်ဆက် စာအုပ်

အေဒီဘီ ၏ အဆိုပါ စာအုပ်ငယ်တွင် စီမံကိန်းများကြောင့်ထိခိုက်ခံခဲ့ရသော လူထုများ ထံမှ ဝေဖန်ကန့် ကွက်လွှာများ ရရှိခဲ့လျှင် အေဒီဘီ မှ ၎င်း၏မူဝါဒ များနှင့်လုပ်ထုံး လုပ်နည်း များနှင့် အညီ လုပ်ကိုင်ခြင်းရှိ မရှိ စစ်ဆေးမှု စရန် လိုအပ်သည့် အဆင့် များကို ရေးသားထားသည်။

**Download:** http://www.adb.org/publications/ocrp-case-study-primer-office-compliance-review-panel?ref=site/accountability-mechanism/publications

# ဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာရေး အထောက်အပံ့များ

**အာရှဖွံ့ဖြိုးမှု ဘဏ်အကြောင်း ဖွင့်ရှုခြင်း**
**(NGO forum on ADB နှင့် Bank Information Center**
တို့ မှ ရေးသားသည့် ထိုစာအုပ်တွင် အေဒီဘီ အကြောင်း ကောင်းစွာ မသိသေးသူများ အတွက် အေဒီဘီ အကြောင်းနှင့် လုပ်ကိုင်နေသည့် စီမံကိန်းများ မူဝါဒများ အကြောင်းတို့ ကိုရေးသားထားသည်။ ထိုစာအုပ်တွင် အေဒီဘီ၏ မူဝါဒ များနှင့် ပက်သက်ပြီး အဓိက ကျသည့် အချက်များကို တက်ကြွ လှုပ်ရှားသူများ အတွက် အထောက် အကူပြုရန် နှင့် စည်းရုံးလှုပ်ရှားမှု လုပ်ရာတွင် သုံးနိုင်ရန် ရေးထားသည်။
**Download:** http://www.bicusa.org/ or http://www.forum-adb.org/

**သဘာဝပတ်ဝန်းကျင်အတွက် ထောက်ခံမှုရရန်စည်းရုံးခြင်း**
သင့်ရဲ့ ရပ်ရွာကို သတ္တုတွင်းနှင့်သယံဇာတတူးဖော်ရေးလုပ်ငန်းများမှ ကာကွယ်ခြင်း
ထိုလမ်းညွှန် စာအုပ်တွင် သတ္တုတွင်းတူးဖော်ရေးလုပ်ငန်း အဆင့်ဖြစ်စဉ်များ၏ အလားအလာ၊ ကုမ္ပဏီများမှ ကိုယ့်ဒေသတွင်း တူးဖော်ရန် ဝင်ရောက်လာသည်နှင့်ရပ်ရွာလူထု ကြုံရနိုင်သည့် အန္တရာယ် များ၊ ၎င်းတို့ ကို ပြန်လည်တိုက်ပွဲ ဝင်နိုင်သည့် နည်းလမ်းများစွာကို ရေးသားထားသည်။
**Download:** http://www.culturalsurvival.org/

**ဒေသ ပတ်ဝန်းကျင် သန့်ရှင်း ကောင်းမွန်ရေးအတွက် လမ်းညွှန်**
ထိုစာအုပ်တွင် ကျန်းမာရေးအသိပညာပေးသူများ၊သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွ လှုပ်ရှားသူများ၊ လူထုအဖွဲ့အစည်း ခေါင်းဆောင်များ ကို အထောက်အကူ ဖြစ်စေမည့် အချက်အလက်များ၊ လှုပ်ရှားမှုများ၊ ဖြစ်စဉ်များ နှင့် ရိုးရှင်းသော နည်းပညာ လမ်းညွှန်များ ပါရှိသည်။
**Download:** http://www.hesperian.org/

**ဆည်ကြောင့်ထိခိုက်ခံရသည့် ဒေသခံများ အတွက် လမ်းညွှန်**
အပြည်ပြည်ဆိုင်ရာမြစ်ချောင်းများ အဖွဲ့ က ထိုစာအုပ်ကို ထုတ်ဝေပြီး ဆည်များနှင့် ၎င်းတို့ ၏ နောက်ဆက်တွဲ အကျိုးများနှင့် ပက်သက်တဲ့ အထွေထွေ သတင်းအချက်အလက်များကို ဖော်ပြ ထားသည်။ ဆည်များကို စိန်ခေါ်နိုင်မည့် ခိုင်မာသည့်အကြံဉာဏ်များကိုလည်း ပေးထား သည်။
**Download:** http://www.internationalrivers.org/

**လူ့အခွင့်အရေး ခုခံကာကွယ်သူများ အတွက် လုံခြုံရေး**
လူ့အခွင့်အရေး ခုခံကာကွယ်သူများ အတွက် ပုဂ္ဂိုလ်ရေး လုံခြုံရေး လမ်းညွှန်
ဤလမ်းညွှန်ကို ကမ္ဘောဒီးယားအခြေစိုက် Bridges Across Borders (နယ်ခြားဖြတ်ကျော် တံတားများ) အဖွဲ့ နှင့် နိုင်ငံတကာလွတ်မြောက်ရေး အဖွဲ့ (Amnesty International) မှ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးကို ပိုမိုကောင်းမွန်စေမည့် အခြေခံကျသော လက်တွေ့ အသုံးပြုနိုင်သည့် အချက်များကို ပေးထားပါသည်။ ထို့အပြင် အန္တရာယ်ကို မည်သို့ သတ်မှတ်နိုင်သည်၊ မည်သို့ အနည်းဆုံးဖြစ်အောင် ပြုလုပ်နိုင်သည် နှင့် ခြိမ်းခြောက်မှုတစ်ခုသည် လက်တွေ့ဖြစ်လာပါက မည်သို့ တုန့်ပြန်ရမည်တို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။
Download: http://www.babcambodia.org/

**လုံခြုံရေး အတွက် အထူးလေ့ကျင့်ခန်း။ ။ အန္တရာယ်ကြုံတွေ့နေရသော လူ့အခွင့်အရေး ခုခံကာကွယ်သူများ အတွက် လက်တွေ့ နည်းလမ်းများ**
This guide by Frontline Defenders provides strategies human rights defenders can use to protect their security. It identifies situations, risks and threats and seeks to prevent problems and manage stress.
ရှေ့တန်းမှ ခုခံကာကွယ်သူများ (Frontline Defenders) မှ ပေးထားသော ဤလမ်းညွှန်သည် လူ့အခွင့်အရေး ခုခံကာကွယ်သူများ အသုံးပြုနိုင်သည့် နည်းလမ်းဗျူဟာများကို ဖော်ပြထားပါသည်။ ၎င်းက အခြေအနေများ၊ အန္တရာယ်များ နှင့် ခြိမ်းခြောက်မှုများကို

ခွဲခြားဖော်ပြထားပြီး ပြဿနာများကို ကာကွယ်ရန် နှင့် စိတ်ပင်ပန်းမှုလျော့ချရန် နည်းလမ်းများကို ထုတ်ဖော်ပေးထားပါသည်။
Download: http://frontlinedefenders.org/

## (ကြိုတင်အသိပေးမှု၊ အနှောင့်အဖွဲ့ ကင်းမှု ရှိသော လူထုဆန္ဒပါဝင်မှု)

**"ကြိုတင်အသိပေးမှု၊အနှောင့်အဖွဲ့ ကင်းမှုလူထု ဆန္ဒပါဝင်မှု" အကြောင်း လမ်းညွှန်**
အောက်စဖန်း (ဩစတေးလျ)
**Download:** http://resources.oxfam.org.au/

**ဌာနေတိုင်းရင်းသားလူနည်းစုများ**
နှင့် REDD အတွက် "တင်ကြိုအသိပေးမှု၊အနှောင့် အဖွဲ့ ကင်းမှု၊လူထု ဆန္ဒပါဝင်မှု" အကြောင်း သင်တန်းလမ်းညွှန်
အာရှိတိုက်ရှိ ဌာနေတိုင်းရင်းသားများ ဆိုင်ရာ သဘောတူညီချက်
**Download:** http://www.aippnet.org/

## အေဒီဘီ ၏ တိုင်းရင်းသားများ ဆိုင်ရာ မူဝါဒ

**ငါတို့မှာ အခွင့်အရေးတွေ ရှိတယ်။**
အေဒီဘီ ၏ ၂၀၀၈ ခုနှစ်ထုတ် ဘေးကင်း လုံခြုံရေး မူဝါဒကြေငြာချက် နှင့် တာဝန်ယူမှုပြုခြင်း ယန္တယား အကြောင်း တိုင်းရင်းသား လူမျိုးစု များ အတွက် လူထုလမ်းညွှန်
Asia Indigenous Peoples Pact
**Download:http:**http://www.aippnet.org/

**အလိုမတူဘဲ ပြောင်းရွှေ့ ရမှု**
အလိုမတူဘဲ ပြောင်းရွှေ့ ရမှု အပေါ် အေဒီဘီ ၏ ဘေးကင်းလုံခြုံရေး မူဝါဒများ
Bridges Across Borders Cambodia
**Download:** http://www.babcambodia.org/

**ဥပဒေနှင့်တာဝန်ခံမှု ယန္တရား**
တာဝန်ခံမှုအကြောင်း လမ်းညွှန်
ထိုစာအုပ်တွင် နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့ အစည်းများ၊ ပို့ ကုန်မြှင့်တင်ရေး အေဂျင်စီ များ၊ ပုဂ္ဂလိက ကော်ပိုရေးရှင်းများ ကျူးလွန်ခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ချိုးဖောက်မှုများ နှင့် လူ့ အခွင့်အရေးတို့ ကို ပြန်လည် ကုစားပေးရန် နည်းလမ်းများကို ဖော်ပြထားသည်။
**Download:** http://www.accountabilitycounsel.org/

## မီဒီယာ အရင်းအမြစ်များ

**သတင်းထုတ်ပြန်ချက်အတွက် ပြင်ဆင်ခြင်း**
သင်ရဲ့ ရပ်ရွာက ရင်ဆိုင်နေရတဲ့ အကြောင်းအရာတွေကို သတင်းထောက်တွေနဲ့ မီဒီယာသမား တွေသိအောင်လို့သတင်းထုတ်ပြန်ချက်ကို ပြင်ဆင်တဲ့နေရာမှာ လိုအပ်တဲ့ အချက်တွေကို အောက်ပါ ဝဘ်ဆိုဒ်မှာ ဖော်ပြထားပါတယ်။
**Download:** http://www.uwsp.edu/cnr/neeap/Media/

**NGOs မီဒီယာကို နားလည်ခြင်းနှင့် ထိတွေ့ လုပ်ကိုင်ခြင်း**
ထိုလမ်းညွှန်တွင် အန်ဂျီအိုများကို မီဒီယာ နှင့် ထိတွေ့ လုပ်ဆောင်ရာတွင် ပိုမို ထိရောက် နိုင်စေရန် နှင့် မီဒီယာ ပုဂ္ဂိုလ်များနှင့် ပုံမှန် ဆက်ဆံရေးကိုထူထောင်ထား ရန် နည်းလမ်းများ ကို ဖော်ပြထားသည်။
**Download:** http://www.unac.org/

**"သတင်းထုတ်ပြန်ချက် ကို ခမ်းနားအောင် ဘယ်လို ရေးမလဲ"**
ဒီအင်တာနတ် စာမျက်နှာက သတင်းသမားတွေ စိတ်ဝင်စားမှု ရှိမယ့်၊ သတင်းမှာ သင်က ပေးပို့ အသိပေးလိုတဲ့ အကြောင်းအရာကို ရှင်းလင်းစွာ ထုတ်ဖော်ပြမယ့် သတင်းထုတ်ပြန်ချက် တစ်ခုကို ဘယ်လို ရေးမယ်ဆိုတာကို တိုတိုတုပ်တုပ် ရှင်းပြထားပါတယ်။
**Download:** http://www.publicityinsider.com/

**CAAT မီဒီယာ လမ်းညွှန်**
က ပြုလုပ်ထားတဲ့ ဒီလမ်းညွှန်က လူထုဆန့်ကျင်မှုများကို ပြုလုပ်တဲ့ သူ သို့မဟုတ် ဒေသခံ တွေကို စည်းရုံးမည့်သူ တွေက မီဒီယာကို

အသုံးပြုပြီး သူတို့ရဲ့ အကြောင်းအရာကို လူတွေ များနိုင်သလောက် များများ သိအောင် ဘယ်လို သတင်းဖြန့် ရမယ် ဆိုတာကို ဖော်ပြထားပါတယ်။

**Download:** http://www.caat.org.uk/

**မီဒီယာကို အကျိုးရှိအောင် သုံးဖို့ လူထုတက်ကြွ လှုပ်ရှားသူများရဲ့ လမ်းညွှန်**
ဒီအင်တာနက် စာမျက်နှာကတော့ မီဒီယာက သင်တို့ရဲ့ အကြောင်းအရာကို ဖော်ပြဖို့ သေချာအောင် ဘာကြောင့် ဘယ်လို လုပ်ရမယ် ဆိုတာတွေကို ဖော်ပြထားတာပါ။

**Download:** http://www.urban75.com/

## အကြမ်းမဖက်သော လူထုအာဏာဖီဆန်မှု

**အကြမ်းမဖက်လှုပ်ရှားမှု လက်စွဲ**
ဒီ အင်တာနက်ပေါ်မှာ ထုတ်ဝေထားတဲ့ စာအုပ်ကို Sanderson Beck က ပြုလုပ် ပေးထားတာပါ။ ဘယ် အခြေအနေနဲ့ ဘယ် အကြောင်းအရာ မှာ မဆို သုံးဖို့ အံဝင်အောင် ပြုပြင်နိုင်တဲ့ အကြမ်းမဖက် တိုက်ရိုက် တုန့်ပြန်လှုပ်ရှားမှုတွေ ကို လမ်းညွှန်ထားပါတယ်။
**Download:** http://www.san.beck.org/NAH1-Nonviolence.html

**ဒီမိုကရေစီ အတွက် နေရာဖွင့်ပေးခြင်း - အကြမ်းမဖက် ပါဝင်လုပ်ကိုင်မှု ကို တတိယ လူ မှလေ့ကျင့်သင်ကြားပေးသည့် သင်ရိုး**
ဤအင်တာနက် စာမျက်နှာက ပြည်သူများက အကြမ်းမဖက်သော လှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားပေးသည့် နည်းလမ်းများနှင့် တရားမျှတမှု၊ ငြိမ်းချမ်းရေး နှင့် သဘာဝပါတ်ဝန်းကျင်တို့ အတွက် ဆောင်ရွက်ရန် အခြား အကြမ်းမဖက်သော ဗျူဟာများ ကို ဖော်ပြပေးထားသည်။

**Download:** http://TrainingForChange.org

## စည်းရုံးခြင်း

**ကျွန်ုပ်တို့၏ အောင်မြင်မှုများကို ရေတွက်ခြင်း - ရေပန်းစားသည့် ပညာပေး နှင့် စည်းရုံးရေး သင်ကြားမှု လမ်းညွှန်**
သည်လမ်းညွှန်က Repeal the Deal Productions မှ Denise Nadeau က လူထုတက်ကြွ လှုပ်ရှားသူများ၊ စည်းရုံးသူများ နှင့် ပညာပေးဖြန့်ဝေသူများ ကို လူကြိုက်များသော ပညာပေးနည်းလမ်းများ၊ နည်းနာများ နှင့် ၎င်းတို့ အသုံးပြုနိုင်မည့် အချက်အလက် အရင်းမြစ် များကို မတရားမှု ကို ခံစားနေရသည့် မည်သည့် အဖွဲ့ မဆို နှင့် ပြောင်းလဲမှု ကို လိုလားသူ များ အတွက် အမျိုးအစား အတော်များများ ထုတ်ဖော်ပေးထားသည်။
**Download:** http://www.buildthewheel.org/

## ဤလမ်းညွှန်တွင် ပြောထားသော လူ့အခွင့်အရေး ကြေငြာစာတမ်း အမည်များ

**အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း**

http://www.un.org/en/documents/udhr/index.shtml

**အပြည်ပြည်ဆိုင်ရာ နိုင်ငံသားများ နှင့် နိုင်ငံရေး ဆိုင်ရာ အခွင့်အရေး စံချိန်စံညွှန်းများ**
http://www.ohchr.org/en/professionalinterest/pages/ccpr.aspx

**စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်**
http://www.ohchr.org/EN/ProfessionalInterest/Pages/CESCR.aspx

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ ADB နှင့်ပါတ်သက်သည့် အမြင်ဖလှယ်ဆွေးနွေးရာ ရင်ပြင်

အစိုးရမဟုတ်သော အဖွဲ့အစည်းများ ADB နှင့်ပါတ်သက်သည့် အမြင်ဖလှယ်ဆွေးနွေးရာ ရင်ပြင် ဆိုသည်မှာ အဖွဲ့အစည်းပေါင်း ၂၅၀ ကျော်ပါဝင်သည့် ကွန်ယက် တစ်ခုဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၏ စီမံကိန်းများ၊ အစီအစဉ်များ နှင့် မူဝါဒများကို နှစ်ပေါင်း (၂၀) ကျော် စောင့်ကြည့်စစ်ဆေးသည့် ကွန်ယက်တစ်ခု ဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အမြင်ဖလှယ်ဆွေးနွေးသည့် အဖွဲ့ဝင်များမှာ အာရှ နှင့် ပစိဖိတ်၊ ဥရောပ၊ ဂျပန်၊ ဩစတေးလျ နှင့် မြောက်အမေရိက မှ ဒေသအသီးသီးမှ ဖြစ်ကြသည်။ သင်နေထိုင်ရာ ဒေသတွင်းမှ ဆက်သွယ်ရန် အဖွဲ့အစည်း ကို ရှာဖွေရန် အောက်ပါနေရာတွင် ကြည့်နိုင်ပါသည်။

http://www.forum-adb.org/inner.php?main=4

**လိပ်စာ။** 85-A Masikap Extension Barangay
Central,Diliman, Quezon City Philippines
**အီးမေးလ်။** secretariat@forum-adb.org
**အင်တာနတ်စာမျက်နှာ။** www.forum-adb.org
**ဖုန်းနံပါတ်။** + ၆၃၂ ၄၃၆ ၁၈၅၈

---

## တာဝန်ခံနိုင်မှု အကြံပေးအဖွဲ့

ကမ္ဘာတစ်ဝန်းရှိ လူထုအဖွဲ့အစည်းများကို ၎င်းတို့၏ သဘာဝပါတ်ဝန်းကျင် ဆိုင်ရာအခွင့်အရေး နှင့် လူ့အခွင့်အရေး ကို ခုခံကာကွယ်ရန် အတွက် လူထုအဖွဲ့အစည်းသို့ တိုက်ရိုက် ပံ့ပိုးမှု နှင့် မူဝါဒဆိုင်ရာ တောင်းဆို လှုပ်ရှားမှုများ ပြုလုပ်ရန် ထောက်ပံ့သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း။

**လိပ်စာ။** 8 California Street, Suite 650
San Francisco, California 94111 USA
**အီးမေးလ်။** info@accountabilitycounsel.org
**အင်တာနတ်စာမျက်နှာ။** www.accountabilitycounsel.org
**ဖုန်းနံပါတ်။** + ၁ ၄၁၅ ၂၉၆ ၆၇၆၁

---

## အာရှ ဌာနေလူမျိုးစုများ ပဋိညာဉ်

ဌာနေလူမျိုးစုများ၏ လှုပ်ရှားမှုများ၊ မဟာမိတ်အုပ်စုများ နှင့် ဌာနေလူမျိုးစုများ၏ အခွင့်အရေးများ နှင့် လူ့အခွင့်အရေးများကို အားပေးကူညီ ပြီး ခုခံကာကွယ်သည့် အဖွဲ့အစည်း များ၏ ဒေသဆိုင်ရာ ကွန်ယက် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

**လိပ်စာ။** 108, Moo 5, T. Sanpranate, A. Sansai
Chiang Mai 50210 Thailand
**အီးမေးလ်။** aippmail@aippnet.org
**အင်တာနတ်စာမျက်နှာ။** www.aippnet.org

---

## ဘဏ်သတင်းအချက်အလက် ဌာနချုပ်

အစိုးရ ၏ ထိန်းကွပ်မှု နှင့် ကမ္ဘာ့ဘဏ် အုပ်စုများ နှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး ဘဏ်များ ၏ ဆောင်ရွက်စီမံမှု များတွင် အခွင့်အရေးများကို ကာကွယ်ရန်၊ ပူးပေါင်းပါဝင်နိုင်ခွင့်၊ ပွင့်လင်းမြင်သာမှု နှင့် ပြည်သူလူထုကို တာဝန်ခံနိုင်မှု တို့ကို လှုပ်ရှားတောင်းဆိုသည့် လွတ်လပ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း။

**လိပ်စာ။** 1100 H Street NW, Suite 650
Washington,DC 20005 USA
**အီးမေးလ်။** info@bicusa.org
**အင်တာနတ်စာမျက်နှာ။** www.bicusa.org
**ဖုန်းနံပါတ်။** + ၁ ၂၀၂ ၇၃၇ ၇၇၅၂

---

## ဘဏ့်ထရက်

ပုဂ္ဂလိက ငွေကြေး အခန်းကဏ္ဍ (စီးပွားရေးလုပ်ငန်း ဘဏ်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အာမခံ ကုမ္ပဏီများ၊ ပင်စင်စုငွေပင်ငွေရင်းများ) မှ လုပ်ကိုင်ဆောင်ရွက်မှုများ နှင့် ပြည်သူများနှင့် ကမ္ဘာမြေကြီးအပေါ်တွင် ၎င်း၏ အကျိုးသက်ရောက်မှု ကို ခြေရာခံသော တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များ နှင့် ဒေသခံလူထုအခြေပြု အဖွဲ့အစည်းများ ၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ယက် တစ်ခုဖြစ်သည်။

**လိပ်စာ။** Vismarkt 15 6511 VJ Nijmegan Netherlands
**အီးမေးလ်။** contact@banktrack.org
**အင်တာနတ်စာမျက်နှာ။** www.banktrack.org
**ဖုန်းနံပါတ်။** +၃၁ ၂၄ ၃၂၄၉၂၂၀

---

## အာ့သ်ရိုက် အင်တာနေရှင်နယ်

ကမ္ဘာမြေ အခွင့်အရေး ချိုးဖောက်မှု များကို ဖြစ်ပေါ်စေရန် ဆောင်ရွက်သူများကို ဆန့်ကျင်၍ ၎င်းတို့အကြောင်းကို ကနဦးအချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ ဥပဒေကြောင်းဆိုင်ရာ အရေးယူမှုပြုခြင်း၊ အခြေခံရေသောက်မြစ် ဖြစ်သော လူ့အဖွဲ့အစည်းငယ်များ နှင့် ဒေသခံလူထု ခေါင်းဆောင်များကို သင်တန်းများ ပေးခြင်း နှင့် လူထုကိုစည်းရုံး လှုပ်ရှားတောင်းဆိုမှု များ ပြုလုပ်ခြင်းကို အထူးကျွမ်းကျင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း။

*ထိုင်းနိုင်ငံရှိ ရုံး*

**လိပ်စာ။** P.O. Box 123 Chiang Mai University
Chiang Mai, 50202 Thailand
**အီးမေးလ်။** infoasia@earthrights.org
**အင်တာနတ်စာမျက်နှာ။** www.earthrights.org
**ဖုန်းနံပါတ်။** + ၆၆ ၈၁ ၅၃၀ ၁၂၅၆

*အမေရိကန်ပြည်ထောင်စု ရှိရုံး*

**လိပ်စာ။** 1612 K Street NW
Washington, DC 20006 USA
**အီးမေးလ်။** infousa@earthrights.org
**အင်တာနတ်စာမျက်နှာ။** www.earthrights.org
**ဖုန်းနံပါတ်။** +၁ ၂၀၂ ၄၆၆ ၅၁၈၈

## အင်ဂေ့ဂျ် မီဒီယာ

ဗွီဒီယိုများ၊ အင်တာနတ် နှင့် အခမဲ့ ဆော့ဝဲနည်းပညာများကို အသုံးပြုပြီး လူမှုရေး နှင့် သဘာဝပါတ်ဝန်းကျင် အတွက် ပြောင်းလဲမှုများ ဖြစ်ပေါ်အောင် ဖန်တီးသည့် အကျိုးအမြတ် မယူသော မီဒီယာ၊ နည်းပညာ နှင့် ယဉ်ကျေးမှု အဖွဲ့အစည်း။

*သြစတေးလျ ရှိရုံး*

**လိပ်စာ။** 6/225 Bourke Street Melbourne, 3000, Vic Australia
**အင်တာနတ်စာမျက်နှာ။** www.engagemedia.org
**ဖုန်းနံပါတ်။** +၆၁ ၀ ၃ ၉၀၁၅ ၉၇၄၄

*အင်ဒိုနီးရှားရှိရုံး*

**လိပ်စာ။** Jalan Cikatomas no. 27
Kebayoran Baru Jakarta Selatan 12180
Indonesia
**အင်တာနတ်စာမျက်နှာ။** www.engagemedia.org

## ဖိုးကပ်စ် အွန် ဂလိုဘယ်ဆောသ့်

ခေတ်သစ် လစ်ဘရယ်ဝါဒ၊ စစ်အုပ်ချုပ်ရေး ကြီးစိုးမှု နှင့် အကျိုးတူစီးပွား ပူးပေါင်းမှု ဖြင့် မောင်းနှင် တွန်းအားပေးသော ကမ္ဘာ့မူပြုခြင်း (ဂလိုဘယ်လိုင်ဇေးရှင်း) တို့ကို စိန်ခေါ်ပြီး တန်းတူညီမျှမှု ရှိသော အခြားအစားထိုး နည်းလမ်းများကို ပိုမို အင်အားကောင်းအောင် ပြုလုပ်ရန် ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော နိုင်ငံတကာအဖွဲ့အစည်း။

*ထိုင်းနိုင်ငံရှိ ရုံး*

**လိပ်စာ။** 4th Floor Wisit Prachuabmoh Building
Chulalongkorn University, Phayathai Road
Bangkok 10330 Thailand
**အင်တာနတ်စာမျက်နှာ။** www.focusweb.org
**ဖုန်းနံပါတ်။** +၆၆ ၂ ၂၁၈ ၇၃၆၃ ၆၈

## ဂရင်းန်ပိစ် အင်ဒီးယား

လတ်တလောတွင် ရာသီဥတုပုံမှန် အချိန်များပြောင်းလဲလာခြင်း၊ ရေရှည်တည်တံ့သော အနာဂတ် ကို ခိုင်မာစေသည့် စိုက်ပျိုးရေး၊ သမုဒ္ဒရာများ ကို ရေရှည်ထိန်းသိမ်းခြင်း နှင့် နောက်ထပ် အနုမြူ ကပ်ဘေး မဖြစ်ပေါ်လာစေရေး အတွက် စည်းရုံးလှုပ်ရှားသော လွတ်လပ်သည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်း။

လိပ်စာ။။ 60, Wellington Street
Richmond Town Bangalore 560025 India
**အင်တာနတ်စာမျက်နှာ။** www.greenpeace.org/india/
**ဖုန်းနံပါတ်။** +၉၁ ၈၀ ၄၂၈၂၁၀၁၀

## ဂရင်းန်ပိစ် ဆောသ့်အိစ် အေးရှား

လက်ရှိကာလတွင် သစ်တောပြုန်းတီးခြင်း၊ ဒေသခံများ ကိုယ်တိုင်ပါဝင် အုပ်ချုပ် ဆုံးဖြတ်ခွင့် ရှိသော စွမ်းအင် နှင့် ပြန်ပြည့်မြဲ စွမ်းအင်၊ မျိုးရိုးဗီဇ တည်ဆောက်ပြုပြင်ထားသော ဆန်စပါးများ၊ နှင့် ရေထုညစ်ညမ်းမှု ကို ရပ်တန့်စေမည့် အမျိုးသားရေး မူဝါဒများ အရေးအတွက် စည်းရုံးလှုပ်ရှား နေသော ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်သည့် အဖွဲ့အစည်း။

**လိပ်စာ။** 138/1, 2nd floor, Thong Building Sutthisan Road, Samsen-nai, Phayathai Bangkok 10400 Thailand
**အီးမေးလ်။** info.th@greenpeace.org
**အင်တာနတ်စာမျက်နှာ။** www.greenpeace.org/seasia/
**ဖုန်းနံပါတ်။** +၆၆ ၂ ၃၅၇၁၉၂၁

## နိုင်ငံတကာ နောက်ဆက်တွဲအကျိုးဆက်တာဝန်ခံမှု စီမံချက်

ဖွံ့ဖြိုးရေးကြောင့် ဖြစ်ပေါ်စေသော အဓမ္မ ရွှေ့ပြောင်းဖယ်ထုတ်ခံရခြင်း ကို အဆုံးသတ်ရန် နှင့် ပြည်သူများ၏ အိမ်ယာများ၊ သဘာဝပါတ်ဝန်းကျင် နှင့် လူ့အခွင့်အရေးများ ကို လေးစားသည့် ဖွံ့ဖြိုးတိုးတက်မှု ကို ကျင့်သုံးသည့် ကမ္ဘာလုံးဆိုင်ရာ မူဝါဒသစ်များ နှင့် ဖြစ်ပေါ်လာရန် ဖန်တီး လုပ်ဆောင်ရန် နည်းလမ်းများ ရှာဖွေသည့် လူ့အခွင့်အရေး တောင်းဆိုလှုပ်ရှားသည့် အဖွဲ့အစည်း။

**လိပ်စာ။** 2201 Broadway, #508
Oakland, CA 94612 USA
**အီးမေးလ်။** iap@accountabilityproject.org
**အင်တာနတ်စာမျက်နှာ။** www.accountabilityproject.org
**ဖုန်းနံပါတ်။** +၁ ၅၁၀ ၂၈၁ ၉၀၂၄

## စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေး များ အတွက် နိုင်ငံတကာကွန်ယက် (ESCR – Net)

အပြန်အလှန် သင်ယူသင်ကြားမှု နှင့် မဟာဗျူဟာ မျှဝေဖြန့်ဖြူးမှု၊ အချက်အလက် ရင်းမြစ် အသစ်များ နှင့် အသုံးပြုစရာ ကိရိယာ အသစ်များ၊ တောင်းဆိုလှုပ်ရှားမှု များတွင် အတူတကွပါဝင်မှု နှင့် သတင်းအချက်အလက်များ ဖြန့်ဝေမှုကို အထောက်အကူဖြစ် သောကြောင့် ဆက်သွယ်မှု ကွန်ယက်အသစ်များ ကို ဖြစ်ပေါ်စေရန် အခွင့်အလမ်းများကို ပြုလုပ်ပေးသည့် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများ ကို အဓိကထားသည့် အဖွဲ့အစည်းများ နှင့် လှုပ်ရှားတက်ကြွသူများ ၏ နိုင်ငံတကာ ကွန်ယက်ဖြစ်သည်။

**လိပ်စာ။** 211 East 43rd Street, #906 New York, NY 10017 USA
**အီးမေးလ်။** info@escr-net.org
**အင်တာနတ်စာမျက်နှာ။** www.escr-net.org
**ဖုန်းနံပါတ်။** +၁ ၂၁၂ ၆၈၁ ၁၂၃၆

## နိုင်ငံတကာမြစ်များ

ပျက်စီးမှုများကို ဖြစ်စေသည့် ဆည်များတည်ဆောက်မှု ကို ရပ်တန့်စေရန် ဆောင်ရွက် ပြီး ရေ နှင့် စွမ်းအင် အတွက် ပြေလည်စေမည့် နည်းလမ်းများကို ကူညီအားပေးခြင်း အားဖြင့် မြစ်များ နှင့် ၎င်းမြစ်များကို မှီခိုနေထိုင်ကြသော ဒေသခံလူထု၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း။

**လိပ်စာ။** 2150 Allston Way, Suite 300 Berkeley, CA 94704 USA
**အင်တာနက်စာမျက်နှာ။** www.internationalrivers.org
**ဖုန်းနံပါတ်။** + ၁ ၅၁၀ ၈၄၈ ၁၁၅၅

## အောက်စဖမ် ဩစတြေးလျ

စီးပွားရေး ဆိုင်ရာ တရားမျှတမှု၊ အလွန်အရေးကြီးသော ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်ကြသည့် ရေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စသည်၊ ပဋိပက္ခ ဖြစ်စဉ်အတွင်း အခွင့်အရေးများ၊ နှင့် ကျားမတန်းတူညီမျှမှု ဆိုင်ရာ တရားမျှတမှု စသည်တို့ကို အဓိကထားသည့် နိုင်ငံတကာ အဖွဲ့အစည်း။

**လိပ်စာ။** 132 Leicester Street Carlton 3053 Victoria, Australia ABN 18 055 208 636
**အင်တာနက်စာမျက်နှာ။** www.oxfam.org.au
**ဖုန်းနံပါတ်။** +၆၁ ၃ ၉၂၈၉ ၉၄၄၄

## ရက်ကက်စ် လူ့ဖွဲ့အစည်း

တိုက်ရိုက်တုန့်ပြန်မှုများ ကို စီစဉ်နိုင်ရန် အတွက် အဖွဲ့အစည်းများကို လေ့ကျင့်သင်ကြားမှု နှင့် အခြား အချက်အလက် ရင်းမြစ်များ ပံ့ပိုးပေးသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း။

**လိပ်စာ။** P.O. Box 28741 Oakland, CA 94604, USA
**အီးမေးလ်။** ruckus@ruckus.org
**အင်တာနက်စာမျက်နှာ။** www.ruckus.org
**ဖုန်းနံပါတ်။** +၁ ၅၁၀ ၇၆၃ ၇၀၇၈

## နည်းဗျူဟာဆိုင်ရာ နည်းပညာ

သတင်းအချက်အလက်များ၊ ပုံများ နှင့် နည်းပညာကို ကမ်ပိန်းပြုလုပ်ရာတွင် (လူထုစည်းရုံးလှုပ်ရှားရာတွင်) အသုံးပြုရန် အဓိကထားဆောင်ရွက်ပြီး တက်ကြွလှုပ်ရှားသူများကို ၎င်းတို့၏ ကိန်းဂဏန်း ဆိုင်ရာ လုံခြုံရေး နှင့် ပုဂ္ဂလလုံခြုံမှု အန္တရာယ် များကို နားလည်ရန် နှင့် ထိန်းသိမ်းရန် ကူညီသည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။

**လိပ်စာ။** Prenzlauer Allee 231 Berlin 10405 Germany
**အီးမေးလ်။** ttc@tacticaltech.org
**အင်တာနက်စာမျက်နှာ။** www.tacticaltech.org
**ဖုန်းနံပါတ်။** +၄၆ ၃၀ ၆၀၉၆ ၁၈၀၆

## မျက်မြင်သက်သေ

မတရားမှုများကို တိုက်ဖျက်ရန် နှင့် ပုဂ္ဂလ ဖြစ်ရပ်များကို ဗွီဒီယို ကို အသုံးပြု ပြီး ပိုမို အင်အားကောင်းသော လှုပ်ရှားတောင်းဆိုမှု ကိရိယာ အဖြစ် ပြောင်းလဲရန် အတွက် လူ့အခွင့်အရေး အတွက်ခုခံကာကွယ်သူများကို ကူညီပံ့ပိုးပေးပြီး လေ့ကျင့်ပေးသော နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း။

**လိပ်စာ။** 80 Hanson Place, Floor 5 Brooklyn, NY 11217 USA
**အင်တာနက်စာမျက်နှာ။** www.witness.org
**ဖုန်းနံပါတ်။** +၁၇၁၈၇၈၃၂၀၀၀







INTERNATIONAL ACCOUNTABILITY PROJECT